ကာလီမ၏ မာန

နှင့်

လက်ရွေးစင် ဝတ္ထုတိုများ

မောင်သိန်းဆိုင်

စိတ်ကူးချိုချို အနုပညာ

ဒုတိယအကြိမ် ဖြည့်စွက်ထုတ်ဝေခြင်း

About Author

မောင်သိန်းဆိုင် (၁၉၄၀-၂၀၀၆)သည် မြန်မာလူမျိုး စာရေးဆရာ ဖြစ်သည်။ ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၂၀ ရက်၊သောကြာနေ့တွင် ရန်ကုန်တိုင်း၊ လှည်းကူးအပိုင် ဖောင်ကြီးရွာ၌ ဦးတင့်ဆန်း၊ ဒေါ်အုန်းရီတို့က ဖွားမြင်သည်။ အမည်ရင်းမှာ သိန်းဆိုင်ဖြစ်၍ ငယ်နာမည်မှာ ပိုကာ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဖောင်ကြီးရွာအား မီးလောင်ဖုံးကျသဖြင့် လှည်းကူး၊ ရန်ကုန်နှင့်ပဲခူးမြို့များသို့ စစ်ပြေးဘဝဖြင့် လှည့်လည်ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၉၅၀ ဝန်းကျင်၌ ပဲခူးရှိ အဖွား၊ အဒေါ်တို့နှင့် နေထိုင်လျက်၊ မဇင်းရပ်ကွက်၊ မူလတန်းကျောင်း၊ ဇိုင်းဂနိုင် (မြောက်ပိုင်း) ဆရာကြီးဦးစံအေး ကျောင်းတို့တွင် ပညာသင်ကြားသည်။ အလယ်တန်းနှင့် အထက်တန်းကို ပဲခူး အမှတ် (၁) အစိုးရအထက်တန်းကျောင်း၌ သင်ယူသည်။ ၁၉၅၉ ခုတွင် ဆယ်တန်းအောင်သည်။

အသက် (၁၃) နှစ်အရွယ်တွင် ရေးသားသည့် လည်ဆွဲရတနာ ဝတ္ထုတိုကို ၁၉၅၃ ခု၊ ဇွန်လထုတ် စုံထောက်မဂ္ဂဇင်းတွင် ဖော်ပြခံရသည်။

၁၉၆၀ ပြည့်တွင် အကောက်ခွန်ဌာန၌ တာဝန်ထမ်းသည်။ ကလေးဂျာနယ်၊ သွေးသောက်မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပုံပြင်၊ ဘာသာပြန်များ ရေးသားသည်။ လျှို့ဝှက်သဲဖို မဂ္ဂဇင်း၌ ပင်တိုင်စာရေးဆရာ ဖြစ်လာသည်။ ၁၉၆၄ ခုတွင် အကောက်ခွန်မှ ထွက်ကာ အချိန်ပြည့် စာရေးဆရာဘဝကို ခံယူသည်။

ဇာတ်ညွှန်းလည်း ရေးသည်။ နှလုံးသား ရေအလျဉ်၊ ရမ္မက်ဇော၊ ညမင်းသား စသည့် ဇာတ်ညွှန်းများမှာ ထင်ရှားသည်။ လုံးချင်း (၁၀၀) ကျော်၊ ဇာတ်ညွှန်း (၇၀)ကျော် ရှိခဲ့သည်။

လျှို့ဝှက်သဲဖို မဂ္ဂဇင်း၊ ပန် မဂ္ဂဇင်းတို့တွင် စာတည်း၊ သည်းထိတ်ဖို မဂ္ဂဇင်း၊ ဇော်ဂျီ မဂ္ဂဇင်းတို့တွင် စာတည်းချုပ် အဖြစ် လုပ်ခဲ့သည်။

၂၀၀၆ခု၊ နိုဝင်ဘာလ၂၅ရက်၊စနေနေ့ မွန်းလွဲ ၁၂နာရီ၊ ၂၀မိနစ်တွင် ကွယ်လွန်ခဲ့သည်။

ဇနီးဒေါ်ကြည်ကြည်စမ်းနှင့် သားသမီး(၅)ဦး ကျန်ရစ်ခဲ့သည်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်းများပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ကာလီမဇင်္ဂါမာနနှင့်အခြားလက်ရွေးစင်ဝတ္ထုတိုများ၊ မောင်သိန်းဆိုင်
စာမျက်နှာ ၄၇၆ + + မျက်နှာ၊ ၁၃ စင်တီ x ၂၁ -၅ စင်ဘီ
ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊
တာမွေ၊ ရန်ကုန်။ ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ ၂၀၁၇၊ ဩဂုတ်လ၊
ဒုတိယအကြိမ်ဖြည့်စွက်ထုတ်ဝေခြင်း၊ အုပ်ရေ ၅၀၀၊
ရောင်းဈေး ၅၅၀၀ ကျပ်
Ocr - Nan Koko Oo
Ebook Creator - Whisper Of Words

ဂုဏ်ယူပါတယ် မောင်သိန်းဆိုင်ရယ်

လင်းယုန်မောင်မောင်

ကြာတော့ကြာပြီ၊ နှစ်ပေါင်း နှစ်ဆယ်နီးပါးမျှပင် ရှိခဲ့ပြီ။ သို့သော် ထိုနေ့ ထိုရက်ကို ကောင်းကောင်းကြီး မှတ်မိနေသည်။ ၁၉၆၁ ခုနှစ်အတွင်း တစ်ခုသော နေ့တစ်နေ့။

"စာရေးဆရာ သမဂ္ဂ"မှ ကြီးမှူး၍ စာရေးဆရာတစ်စု ပဲခူးသို့ ပျော်ပွဲစား လေ့လာရေးခရီးထွက်သည်။ စာရေးဆရာသမဂ္ဂဝင် နာမည်ကြီး၊ နာမည်ကျော် စာရေးဆရာ တော်တော်များများ ပါဝင်ကြသည်။ ဒဂုန်တာရာ၊ ပါရဂူ၊ တင့်ဆန်း၊ မင်းကျော်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်နေဝင်း၊ နတ်နွယ် စသည်တို့အပြင် ဂျာနယ်ကျော်မမလေး၊ နယဥ် စသော စာရေး ဆရာမကြီးများပင် ပါလာကြသည်။

ယင်းသို့ နာမည်ကျော်၊ နာမည်ကြီး စာရေးဆရာများအကြားတွင် မထင်မရှား အညတရလူငယ်လူရွယ် နှစ်ယောက် ပါလာသည်။ တစ်ယောက်မှာ ထိုစဉ်က အယ်ဒီတာယောင်ယောင်၊ စာရေးဆရာယောင်ယောင်၊ သတင်း ထောက်ယောင်ယောင်ဖြစ်သော ကျွန်တော်။ နောက်တစ်ယောက်မှာ လျှို့ဝှက်သည်းဖို စာရေးဆရာပေါက်စ မောင်သိန်းဆိုင်။

မောင်သိန်းဆိုင်ကို သည့်အရင်က စုံထောက်မဂ္ဂဇင်းတိုက်နှင့် လျှို့ဝှက်သည်းဖို မဂ္ဂဇင်းတိုက်များတွင် တစ်ခါနှစ်ခါ မြင်ဖူး၊ တွေ့ဖူးသည်။ သို့သော် တွေ့ရသည်မှာလည်း ခဏတစ်ဖြုတ်၊ မိတ်ဆက်ပေးသူကလည်း မရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် ဘယ်သူဘယ်ဝါဟူ၍ မသိကြ။ တကယ်တော့ ထိုစဉ်က ကျွန်တော်တို့နှစ်ယောက်စလုံးမှာ အရေးတယူ မိတ်ဆက်ပေးရလောက်အောင် ကြီးကျယ်ထင်ရှားနေကြသူများလည်း မဟုတ်ကြ။ ထားပါတော့...။သည်လိုနှင့်ပင် ပဲခူးလေ့လာရေးခရီးတွင် မောင်သိန်းဆိုင်နှင့် ကျွန် တော် စတင်သိကျွမ်း ရင်းနှီးခဲ့ရသည်။

သူနှင့်ကျွန်တော် ပထမဆုံး စတင်သိကျွမ်းခဲ့ရသည့် ထိုနေ့က ဘာကောင်မှမဟုတ်ဘဲ 'ယောင်သုံးယောင်သမား (အယ်ဒီတာယောင်ယောင်၊ စာရေးဆရာယောင်ယောင်၊ သတင်းထောက်ယောင်ယောင်)မျှသာဖြစ်သော ကျွန်တော့်အပေါ် မောင်သိန်းဆိုင်အနေဖြင့် တစ်စုံတစ်ရာ ထူးထူးခြားခြား မှတ်မှတ်သားသား ရှိမည်မဟုတ်သော်လည်း ကျွန်တော်ကမူ မောင်သိန်းဆိုင်နှင့် ပတ်သက်၍ စိတ်ထဲတွင် မှတ်မှတ်ရရ သတိပြုမိသောအချက်နှစ် ချက် ရှိနေခဲ့သည်။

ပထမအချက်မှာ မောင်သိန်းဆိုင်သည် 'စာရေးဆရာတင့်ဆန်း၏ သား'ဟူ၍ သိလိုက်ရသောကြောင့် ဖြစ်သည်။ ဆရာတင့်ဆန်းမှာ ကျွန်တော် တောထဲထောင်ထဲ (တောထဲ တောင်ထဲမဟုတ်ပါ။ တောထဲ ထောင်ထဲ ဖြစ်ပါသည်) ဆယ့်လေးငါးနှစ်ခန့် နေခဲ့စဉ်ကတည်းကပင် ကျွန်တော် လေးစားလာခဲ့သည့်

စာရေးဆရာဖြစ်သည်။ သည့်နောက် ကျွန်တော် မြို့ပေါ် ပြန်ရောက်ခဲ့ပြီး စာနယ်ဇင်းတိုက်အချို့ (လင်းယုန်ဂျာနယ်၊ လမ်းစဉ်သတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ မော်ကွန်းသတင်းမဂ္ဂဇင်း စသည်တို့)တွင် မတောက်တခေါက် အယ်ဒီတာဘဝဖြင့် စာပေနယ်ထဲသို့ မယောင်မလည် ရောက်လာ ခဲ့ရာမှ ဆရာတင့်ဆန်းနှင့် အတော်ကလေး ရင်းနှီးလာခဲ့သည်။ သို့သော် သူ့မှာ သည်အရွယ် သားကြီးတစ်ယောက် ရှိနေလိမ့်မည်ဟု မထင်ခဲ့၊ မသိခဲ့။

သည့်ထက်ပို၍ သတိပြုမိသောအချက်မှာ မောင်သိန်းဆိုင်၏ ဥပဓိ ရုပ်ပင် ဖြစ်သည်။ ထိုစဉ်က မောင်သိန်းဆိုင်မှာ အသက်၂၀ပတ်ဝန်းကျင်မျှသာ ရှိသေးသည်ဖြစ်ရာ သူ့ကို 'ဥပဓိရုပ်ကောင်းသည့်လူတစ်ယောက်'ဟု ဆိုခြင်းထက် 'ရုပ်ချောသည့်လူငယ်တစ်ယောက်'ဟူ၍ ဆိုခြင်းက ပို၍မှန်ပေလိမ့်မည်။ အထူးသဖြင့် သူ့မျက်နှာနှင့် သူ့အပြုံးသည် ခင်မင်နှစ်လိုဖွယ်ကောင်းလှသည်ကို သတိပြုမိသည်။

သို့ဖြင့် စာရေးဆရာကြီးများအကြားတွင် မထင်မရှား ခပ်ကုပ်ကုပ်ကလေး လိုက်ပါလာခဲ့ရသော ကျွန်တော်သည် ထိုစဉ်က အသက်အငယ်ဆုံး စာရေးဆရာပေါက်စတစ်ယောက်အဖြစ် မဝင့်မဝါ ခပ်ယို့ယို့ကလေး လိုက်ပါလာသော မောင်သိန်းဆိုင်အား ဘဝတူချင်း စာနာစိတ်ဖြင့် တွေ့လျှင် တွေ့ချင်း ခင်မင်မိသည်။ ပြီး ပါးစပ်က ဖွင့်မပြောသော်လည်း စိတ်ထဲက တအံ့တသြဖြစ်ခဲ့ရသည်။

"အော်...ဒါ ကိုတင့်ဆန်းရဲ့သားကိုး၊ တော်တော်ချောတဲ့ချာတိတ်ပဲ"

(၂)

တိုင်းပြည်တစ်ပြည်နှင့် လူမျိုးတစ်မျိုး၏ သမိုင်းဖြစ်စဉ်တွင် အနှစ်နှစ်ဆယ်ဟူသော အချိန်ကာလသည် ဘာမျှပြောပလောက်သည်မဟုတ်။ မည်သို့မျှ ထူးခြားလှသည် မဆိုနိုင်။

သို့သော် လူတစ်ယောက်၏ သက်တမ်းတွင်မူ သူ့ဘဝ သူ့အခြေအနေသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း သိသိသာသာ ပြောင်းလဲနိုင်သည်။ ထူးထူးခြားခြားဖြစ်လာနိုင်သည်။

၁၉၆၀မှ ၁၉၈၀အတွင်း မောင်သိန်းဆိုင်၏ ဘဝသည် သိသိသာသာကြီး ပြောင်းလဲလာခဲ့သလို ကျွန်တော့် အခြေအနေသည်လည်း ထူးထူးခြားခြား ဖြစ်လာခဲ့သည်။ သည်အနှစ် နှစ်ဆယ်အတွင်း 'မောင်သိန်းဆိုင်' ဟူ၍ လျှို့ဝှက်သည်းဖို အချစ်ဝတ္ထုစာရေးဆရာ တစ်ယောက်အဖြစ် နယ်တွင် ထင်ရှားကျော်ကြားလာသည့်နည်းတူ 'လင်းယုန်မောင်မောင်'ဟူသော အမည်ကိုလည်း အတ္ထုပ္ပတ္တိ စာရေးဆရာတစ်ယောက်ဟူ၍ စာဖတ်ပရိသတ်က အသိအမှတ်ပြုလာခဲ့ကြသည်။

ပြီးသည့် အနှစ်နှစ်ဆယ်အတွင်းမှာပင် သူနှင့် ကျွန်တော်သည် ငယ်ပေါင်းမဟုတ်သော်လည်း ကြီးဖော်များ ဖြစ်လာခဲ့ကြသည်။ အထူးသဖြင့်

စာပေအခမ်းအနား၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ စသော စာပေလှုပ်ရှားမှုများကို အကြောင်းပြု၍ သူနှင့် ကျွန်တော့်အကြား ခင်မင်ရင်းနှီးမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမားလာခဲ့သည်။ ခိုင်မာလာခဲ့သည်။

စာဆိုတော်ဟောပြောပွဲများအတွက် မဟာရန်ကုန်အတွင်းသာမက မြန်မာပြည်အလယ်ပိုင်း ချောက်၊ ရေနံချောင်းမြို့များဆီသို့လည်းကောင်း၊ တောင်ပိုင်း ရှမ်းပြည် အင်းလေး၊ ညောင်ရွှေ ဒေသများတွင်လည်းကောင်း၊ မိုးညှင်း၊ မိုးကောင်းတစ်ခွင် ကချင်ပြည်နယ်တစ်ဝိုက်သို့ လည်းကောင်း၊ ရက်ပေါင်းများစွာ လှည့်လည်ကာ အတူသွား၊ အတူလာခဲ့ကြသည်။ အတူ သောက်၍ အတူအိပ်ခဲ့ကြသည်။

တစ်ဖန် ရန်ကုန်မြို့ထဲတွင် ဆုံမိကြပြန်လျှင်လည်း ၃၃လမ်း ဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ်သို့ နှစ်ယောက်သား ခေါက်တုံ့ခေါက်ပြန် အတူလျှောက်တတ်ကြသည်။ အချိန်တန်လျှင် အိမ်မပြန်မီ ဆူးလေဘုရားလမ်းကိုဖြတ်ကာ ပဲခူးကလပ်ပေါ်သို့ အတူတက်ခဲ့ကြသည်။

သို့ဖြင့် ယခုဆိုလျှင် သူနှင့်ကျွန်တော် အသက်ချင်းနှစ်ဆယ်ကျော်မျှကွာသော်လည်း ညီအစ်ကိုပေါင်း ပေါင်းနေကြသည်။ ကျောင်းနေဖက်လို ခင်နေကြသည်။ ငယ်သူငယ်ချင်းပမာ ပြောမနာဆိုမနာရှိနေကြသည်။ လူချင်းရင်းနှီးလာကြသည့်အလျောက် သူရေးသမျှ၊ ထုတ်သမျှ စာအုပ်တိုင်း ကျွန်တော့်ကိုပေးသည်။ ကျွန်တော်ရေးသည့် စာအုပ်အားလုံး သူ့အိမ်မှ စာအုပ်စင်တွင် ရှိနေသည်။

သည်နေရာတွင် သူနှင့်ကျွန်တော် ထူးထူးခြားခြား တိုက်ဆိုင်နေသည့် အချက်တစ်ခုကို အမှတ်မထင် သွားတွေ့ မိသည်။ တကယ်တော့ သူက စိတ်ကူးယဉ်အချစ်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများရေးသည့် စာရေးဆရာ၊ ကျွန်တော်က တကယ့်ဖြစ်ရပ် အတ္ထုပ္ပတ္တိများ ရေးသူ။ လိုင်းချင်းမတူ။

သို့သော် တစ်ခါက ပဲခူး လေ့လာရေးခရီးတွင် အညာတရ အယ်ဒီတာ တစ်ယောက်နှင့် မထင်ရှားသည့် စာရေးဆရာပေါက်စတစ်ယောက်အဖြစ် မယောင်မလည် လိုက်ပါသွားခဲ့ကြဖူးသော ကျွန်တော်နှင့်သူ ဘဝတူနှစ်ယောက်သည် စာပေနယ်၌ ကျော်ကြားလာပြန်ရာတွင်လည်း တိုက်တိုက် ဆိုင်ဆိုင် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ဖြစ်နေကြသည်ကို တွေ့ ရသည်။ မှန်သည်။ သူနှင့်ကျွန်တော်သည် ၁၉၆၅မှ ၁၉၇၅(ဆယ်နှစ်)အတွင်း စာပေနယ်တွင် (သူ့လိုင်းနှင့်သူ) ပြိုင်တူတက်လာကြခြင်းဖြစ်သည်။

သည်ဆယ်နှစ်အတွင်း ကျွန်တော်တို့နှစ်ယောက်စလုံး စာအုပ်အများဆုံး ရေးနိုင်ခဲ့ကြသည်။ အကောင်းဆုံးစာအုပ်များ ထွက်နိုင်ခဲ့ကြသည်။ ယင်း စာအုပ်များဖြင့် နာမည်ကြီးခဲ့ကြရသည်။

ပို၍ တိကျအောင်ပြောရလျှင် ယနေ့ ၁၉၉၀ အထိ မောင်သိန်းဆိုင် ရေးခဲ့သော လုံးချင်းဝတ္ထုပေါင်း ၇၀ ကျော်မျှ ရှိခဲ့သည့်အနက် ၁၉၆၅ မှ ၁၉၇၅

(ဆယ်နှစ်)အတွင်း ရေးခဲ့သော ဝတ္ထုအရေအတွက်မှာ ၅၀ ကျော်မျှ ရှိခဲ့သည်။ သည်အထဲတွင် ရေနံ့သာခင်ခင်ကြီး (၁၉၆၉-၇၁)၊ ပုစ္ဆာဆန်သော မိန်းကလေး (၁၉၆၉)၊ မိန်းမဆန်လွန်းသော မိန်းမ (၁၉၆၂)၊ မြသီတာ အလွမ်းပြေ (၁၉၇၃) စသည်တို့ ပါဝင်သည်။

ယနေ့အထိ စာအုပ်ပေါင်း ၂၆ အုပ်မျှသာ ရေးသားနိုင်ခဲ့သော ကျွန်တော်သည်လည်း အဆိုပါဆယ်နှစ် (၁၉၆၅-၇၅)အတွင်း အုပ်ရေ ၂၀ ခန့် ရေးနိုင်ခဲ့၍ ယင်းစာအုပ်များထဲတွင် ဟစ်တလာ (၁၉၆၅)၊ ကပ်စထရို (၁၉၆၆)၊ သွေးစွန်းသောနေ့ရက်များ (၁၉၆၆)၊ ချေဂွေဗားရား (၁၉၆၈)၊ တောင်ကုန်းအမှတ် ၁၉၂ (၁၉၇၂)တို့ အပါအဝင်ဖြစ်သည်။

ဤတွင် သူနှင့်ကျွန်တော် ဤရွေ့ဤမျှ ဘဝတူအခြေအနေတူများ အဖြစ် တရင်းတနှီးဖြစ်လာခဲ့ရာ သူနှင့်ပတ်သက်၍ အများအမြင်နှင့် ကျွန်တော့်အမြင်သည် အတော်များများ မတူကွဲပြား ခြားနားလာခဲ့ကြသည်။ အလွယ်ဆုံးနှင့် အရှင်းဆုံးစကားကိုသုံးရလျှင် မောင်သိန်းဆိုင်ကို အများက မြင်ကြသည်မှာ အဝေးမှမြင်ကြခြင်း ဖြစ်၍ ကျွန်တော်ကမူ သူ့ကို အနီးကပ် ကြည့်ခဲ့ရပြီး အနီးကပ်မြင်ခဲ့ရသည်။

အထူးသဖြင့် သူရေးသောဝတ္ထုများနှင့် ပတ်သက်၍၊ တစ်နည်းပြောရလျှင် သူ့စာပေနှင့် ပတ်သက်၍ အများနှင့် ကျွန်တော် အမြင်ချင်းမတူကြ။ ဤအချက်သည်ပင်လျှင် ဤစာအုပ် ဖြစ်ပေါ်လာရခြင်း၏ အခြေခံ အကြောင်းရင်း ဖြစ်လာခဲ့သည်။

(၃)

'မောင်သိန်းဆိုင်'ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အားလုံး၏ မျက်စိထဲတွင် 'ရေနံ့သာခင်ခင်ကြီး'ကို ပြေးမြင်မိကြသည်။ သူ့အကြောင်းကို ပြောကြပြီဆိုလျှင် သူနှင့်မိတ်ဆက်ပေးရပြီဆိုလျှင် 'ရေနံ့သာခင်ခင်ကြီး'မပါ၍မဖြစ်၊ ရှေ့ဆုံးမှပါစမြဲ။

မှန်သည်။ 'ရေနံ့သာခင်ခင်ကြီး'သည် မောင်သိန်းဆိုင်၏ အကျော် ကြားဆုံး၊ အအောင်မြင်ဆုံး ဝတ္ထုရှည်ကြီး သုံးအုပ်တွဲဖြစ်သည်။ 'ရေနံ့သာခင်ခင်ကြီး'၏ အရှိန်အဝါ မည်မျှကြီးမားသနည်းဟူမူ မောင်သိန်းဆိုင်သည် ရေနံ့သာခင်ခင်ကြီး ထွက်ပြီး တစ်နှစ်ခန့် နောက်ထပ် ဘာစာအုပ်မျှမရေးနိုင်ဘဲ ဖြစ်ခဲ့ရသည်။ (ဤသည်မှာ နာမည်ကြီးသည့် စာအုပ်တစ်အုပ်ထွက်ပြီးနောက် စာရေးဆရာတိုင်း ကြုံတတ်သည့် ဓမ္မတာ ဖြစ်ပါသည်။)

သို့ဖြင့် မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီးကို တသသစွဲနေကြသူတွေ ဒုနဲ့ဒေးရှိကြသည်။ သို့သော် သည်အထဲတွင် ကျွန်တော်မပါ။ ရေနံ့သာခင်ခင်ကြီးကို ကျွန်တော် မကြိုက်ဟု မဆိုလို။ ခင်ခင်ကြီး ကျွန်တော်ကြိုက်သည်။ သို့သော် အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရလျှင်

ခင်ခင်ကြီးသည် ကျွန်တော့်မျက်စိထဲတွင် အနောက်တိုင်းဆန်သည့် အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေသည်။ ခင်ခင်ကြီး၏အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုများသည် နိုင်ငံခြားအငွေ့အသက်တွေ ရောယှက်နေသည်ဟု ကျွန်တော် ခံစားမိသည်။

သို့မို့ကြောင့် ကျွန်တော်သည် 'ခင်ခင်ကြီး'ကို ကြိုက်သော်လည်း မစွဲ။ ကျွန်တော်စွဲနေသည့်အမျိုးသမီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်ပိုင်း ရှမ်းပြည်မှ "စောမာလာ'အမည်ရှိ ကျောင်းဆရာမကလေး ဖြစ်သည်။ 'မော၏သမီးပျို စော'ကို မောင်သိန်းဆိုင်၏ 'စောတို့ရဲ့ မော'တွင် ကျွန်တော်တွေ့ခဲ့ရခြင်းဖြစ်သည်။

"စောတို့ရဲ့မော'သည် 'ရေနံ့သာခင်ခင်ကြီး'လို ထင်ရှားသည့်ဝတ္ထုရှည် ကြီးမဟုတ်။ သာမန်မထင်မရှား ဝတ္ထုတိုကလေးတစ်ပုဒ်မျှသာ ဖြစ်သည်။ ၁၉၆၅ ခုနှစ်က ကျွန်တော် အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရသော 'ချင်းတွင်း ဂျာနယ်'တွင် ပါဝင်ခဲ့သည့် ဝတ္ထုတိုကလေးဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော်နှင့် လူချင်းအတော်အတန် ရင်းနှီးနေပြီဖြစ်သော မောင်သိန်းဆိုင်အား ဝတ္ထုတိုတစ်ပုဒ် ရေးပေးရန် တောင်းခဲ့ရာမှ သူက 'စောတို့ရဲ့မော'ကို ရေးပေးခဲ့ခြင်းဖြစ်သည်။ အယ်ဒီတာအကြိုက် (ဝါ)၊ ကျွန်တော့်အကြိုက် ရေးလာခဲ့၍လားမသိ။ 'စော'ကို ကျွန်တော်သိပ်ကြိုက်သွားသည်။ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် အဘက် ဘက်မှ ခေတ်နောက်ကျနေသည့် ရှမ်းအမျိုးသားများ၏ တကယ့်ဘဝကို လျစ်လျူရှုကာ ပါးအို့နီနီပန်းချယ်ရီများနှင့်သာ ရှမ်းပြည်၏အလှကို ဖွဲ့ဆို ရေးသားနေကြသည့် ပြည်ပမှ စိတ်ကူးယဉ်စာရေးဆရာတစ်ယောက်အား ပညာပေးဆုံးမလိုက်သော ရှမ်းပြည်နယ် ခေတ်သစ်ကျောင်းဆရာမလေး စော မာလာ၏ ပွင့်လင်းမှုကို ကျွန်တော် သဘောကျမဆုံးအောင် ဖြစ်ခဲ့ရသည်။

သို့ဖြင့် ကျွန်တော်သည် ရေနံမြေမှ မျိုးကြီးရိုးကြီး လူကုံထံအသိုင်း အဝိုင်းမှ ခင်ခင်ကြီးထက် မောမြေမှ အညတရကျောင်းဆရာမကလေး'စော' ကို ပို၍စွဲလမ်းနှစ်သက်မိခဲ့သည်။

'စောတို့ရဲ့မော'ကို သဘောအကျကြီးကျလှသဖြင့် မောင်သိန်းဆိုင် ထံမှ နောက်ထပ်ဝတ္ထုတိုတစ်ပုဒ် 'အသင်မိန်းမကောင်းတကား'ကို ချင်းတွင်း ဂျာနယ်တွင် ကျွန်တော် ဖော်ပြခဲ့သည်။

ဤတွင်လည်း မိန်းမကောင်းပီသသော နီနီမာကို ကျွန်တော် ချီးကျူးခဲ့ရပြန်သည်။ မိမိနှင့် လွန်လွန်ကျူးကျူးဖြစ်ပြီးမှ သစ္စာဖောက်ကာ ပစ်ပြေးသော လူယုတ်မာအပေါ် အာဃာတထားရေးထက် လင်ကောင်မပေါ်ဘဲ မွေးလာခဲ့ရသည့် ရင်သွေးကို အများတကာ၏ တံတွေးခွက်တွင် ပက်လက် မမျောရလေအောင် မိခင်ကောင်းပီပီ သုတ်သင်ကျွေးမွေး ပြုစုလာခဲ့သော နီနီမာ၏မာနသည် ရေနံ့သာခင်ခင်ကြီး၏မာနထက် ပိုမိုသန့်စင်မွန်မြတ်သည်ဟု

ကျွန်တော်ထင်မိသည်။

သို့ဖြစ်၍ မထင်ရှားလှသည့် ဝတ္ထုတိုလေးနှစ်ပုဒ်ကို အကြောင်းပြု၍ ကျွန်တော်သည် မောင်သိန်းဆိုင်၏ ဝတ္ထုတိုများကို (ဝတ္ထုရှည်များထက် ပို၍) ဂရုတစိုက် ဖတ်ခဲ့မိသည်။

၁၉၇၇ ခုနှစ်အကုန် ၁၉၇၈ ခုနှစ်ဆန်းတွင် သူနှင့်ကျွန်တော် (ဆရာကောက်လှိုင်း၊ ပန်းချီစံတိုး၊ ကဗျာဆရာမောင်သွေးသစ်တို့နှင့်အတူ) မိုးကောင်းတစ်ခွင် ကချင်ပြည်နယ်ဒေသသို့ စာပေဟောပြောပွဲ ခရီးထွက်ခဲ့ကြသည်။ ထိုနှစ်က မိုးကောင်းစာဆိုတော် ကော်မတီမှ မိုးကောင်းမဂ္ဂဇင်း' ထုတ်ဝေခဲ့ရာ ယင်းမဂ္ဂဇင်းကို မန္တလေး၊ မြစ်ကြီးနား အမြန်ရထားပေါ်မှာပင်ကျွန်တော် ဖတ်ခဲ့ရသည်။ သည်တွင် မမျှော်လင့်ဘဲ မောင်သိန်းဆိုင်၏ လက်ရာကောင်းတစ်ပုဒ်ကို ဘွားခနဲတွေ့လိုက်ရပြန်သည်။ ဝတ္ထုတိုကလေးပင် ဖြစ်သည်။ သို့သော် နာမည်က "အကြီးကျယ်ဆုံး အချစ်ဝတ္ထု'။

ကျွန်တော့်မှာ ထိုဝတ္ထုကလေးကိုဖတ်ပြီး မောင်သိန်းဆိုင်၏အတွေးနှင့် အရေးကို လက်ဖျားခါမိသည်အထိ ဖြစ်ခဲ့ရသည်။ "အကြီးကျယ်ဆုံး အချစ်ဝတ္ထု'သည် ကျွန်တော်၏ အကြိုက်ဆုံး မောင်သိန်းဆိုင်၏ဝတ္ထုဟူ၍ ပင် ပြောလိုသည်။

မှောင်ကြီးမည်းကြီးထဲတွင် အပြေးအလွှား ခုတ်မောင်းသွားသော အမြန်ရထားကြီး၏ နောက်ဘက်တွင် မီးရောင်မှိတ်တုတ်မှိတ်တုတ်ဖြင့် ကျန်ရစ်ခဲ့သည့် မထင်မရှား ဘူတာငယ်ကလေးတစ်ခုမှ ကောင်မလေးတစ်ယောက် (ခွေးညို(မ)၏အဖြစ်မှာ ရင်နာစရာကောင်းလှသည်။

နောက်ဆုံး၌ ကျွန်တော်သည် မောင်သိန်းဆိုင်၏ 'အကြီးကျယ်ဆုံး အချစ်ဝတ္ထု'ကို အကြောင်းပြု၍ မောင်သိန်းဆိုင်၏ မြောက်မြားလှစွာသော ဝတ္ထုတိုများထဲမှ ဘဝနှင့်နီးစပ်သော၊ ဘဝကိုအခြေခံသော၊ ဘဝကိုသရုပ်ဖော်သော လက်ရွေးစင်ဝတ္ထုတိုများကို သီးသန့်စုပေါင်း၍ စာတစ်အုပ်ဖြစ်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိသည်။

သုံးနှစ်မျှ ကြာသောအခါ၌ ကျွန်တော့်ဆုံးဖြတ်ချက်သည် ယခု ဤစာအုပ်အဖြစ် အကောင်အထည်ပေါ်လာခဲ့သည်။

ဤတွင် ချစ်စွာသော စာဖတ်သူများအား ပွင့်လင်းရိုးသားစွာ အစီရင်ခံလိုသည်မှာ ဤစာအုပ်ပါ မောင်သိန်းဆိုင်၏ ဝတ္ထုများသည် ကျွန်တော့် စိတ်ကြိုက် ကြိုးစားပမ်းစား ရွေးချယ်ထားသည့် ဝတ္ထုများသာဖြစ်ပါသည်။ တစ်နည်းပြောရလျှင် မောင်သိန်းဆိုင်ကို အများမြင်နေကြသည့်ဘက်မှ မဟုတ်ဘဲ ကျွန်တော်မြင်သည့် အခြားတစ်ဖက်မှ တင်ပြထားခြင်းဖြစ်ပါသည်။ (The Other Side of Maung Thein Saing)ဟူ၍ပင် ဆိုနိုင်ပါသည်။

ကျွန်တော့်စိတ်ကြိုက် ဝတ္ထုများဟု ဆိုရာ၌လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မောင်သိန်းဆိုင်၏ ဝတ္ထုတိုပေါင်းမြောက်မြားစွာထဲမှ

ဘဝကိုအခြေခံသော၊ ဘဝနှင့်နီးစပ်သော ဘဝကို သရုပ်ဖော်သော ဝတ္ထုများကို ကျွန်တော် လက်လှမ်းမီသလောက် ရှာဖွေစုပေါင်းထားခြင်း ဖြစ်ပါသည်။

အထူးသဖြင့် အချစ်နှင့် လျှို့ဝှက်သည်းဖို စာရေးဆရာဟူ၍ သတ်မှတ်ထားကြသော မောင်သိန်းဆိုင်အား ဘဝသရုပ်ဖော် စာရေးဆရာတစ်ယောက်အဖြစ် ကျွန်တော်မြင်သည့်ဘက်မှ တင်ပြလိုက်ခြင်းပင် ဖြစ်သည်။ ကျွန်တော်သည် ဝတ္ထုတို၏အင်္ဂါရပ်၊ ဝတ္ထုရှည်၏ လိုအပ်ချက်၊ ဝတ္ထု၏သဘောတရား စသည်များကို မတင်ပြတတ်ပါ။ တင်ပြရန်လည်း လိုမည်မထင်ပါ။ ထိုထိုသော သဘောတရားများမှာ စာရေးဆရာတစ်ယောက်၏ အလုပ်မဟုတ်။ စာပေသုတေသီ၊ စာပေပညာရှင်၊ စာပေဝေဖန် ရေးဆရာများ တတ်အပ်သော အတတ်ပညာဟု ခံယူထားပါသည်။

သို့ဖြစ်ရာ မောင်သိန်းဆိုင်၏ ဤစာအုပ်ပါ ဝတ္ထုတိုများသည် သရုပ်ဖော်စာပေ ပီသ မပီသ၊ သရုပ်မှန်စာပေ စာရင်းဝင် မဝင်၊ သရုပ်ပျက်စာပေ ဘောင်မှ လွတ် မလွတ် စသည်ဖြင့် စာပေသဘောတရား၊ စာပေအယူအဆများကို ကြီးကြီးကျယ်ကျယ် မတင်ပြ၊ မဆွေးနွေးလိုပါ။ သို့သော်...

"အပစ်အခတ်၊ အသွစ်အသတ်၊ အညစ်အပတ်"ဝတ္ထုများကိုသာ ရေးသားလေ့ရှိသည်ဟု သတ်မှတ်ယူဆထားကြသော မောင်သိန်းဆိုင် သည်...

တစ်ခါက ပြည်မမှ စိတ်ကူးယဉ်စာရေးဆရာကြီးတစ်ယောက်အား ရှမ်းပြည်၏အပေါ်ယံအလှနှင့် ရှမ်းပြည်နယ်မှ ပြည်သူများ၏ တကယ့်ဘဝကို ခွဲခြားပြသလိုက်သည့် မောမြေမှ မူလတန်းဆရာမကလေးတစ်ယောက် အကြောင်း (စောတို့ရဲ့မော)။

ချစ်သူ၏သစ္စာဖောက်မှုကြောင့် ဖအေမပေါ်ဘဲ မွေးလာခဲ့ရသော ကလေးကို အများက ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုနေသည့်ကြားမှ မိခင်ကောင်းပီသစွာ ကျွေးမွေးသုတ်သင်ခဲ့သည့် အမျိုးသမီးတစ်ယောက်အကြောင်း (အသင်မိန်းမကောင်းတကား)။

ညကြီးသန်းခေါင် မှောင်ကြီးမည်းမည်းတွင် မီးကလေးမှိတ်တုတ် မှိတ်တုတ်ဖြင့် မထင်ရှားသည့် ဘူတာရုံကလေးတစ်ရုံမှ ကြေးအထပ်ထပ်ဖြင့်ညစ်ပတ်ပေရေနေသည့် ကောင်မလေးတစ်ယောက်အကြောင်း (အကြီး ကျယ်ဆုံး အချစ်ဝတ္ထု)။

အနေစုတ်သော်လည်း ရွှေထုပ်သည့်မြပဝါလို အိမ်တကာလှည့်၍ အဝတ်လျှော်နေရသော်လည်း ရိုးသားဖြောင့်မတ်လှသည့် ကုလားမ တစ်ယောက်အကြောင်း (ကာလီမ၏ မာန)။

ရန်ကုန်ဆင်ခြေဖုံးမှ တစ်ခုသော ဆင်းရဲသားရပ်ကွက်တွင် 'မွေးစာရင်း'မသွင်းဘဲ အမှတ်မထင် လူ့ဘဝသို့ရောက်လာခဲ့ပြီး 'သေစာရင်း'မတိုင်ဘဲ လူ့ပြည်မှ တိတ်တဆိတ် ထွက်ခွာသွားရရှာသော ကလေးငယ်တစ် ယောက်အကြောင်း (လူကလေးမောင်သက်ပြင်း)။

စသည်၊စသည်ဖြင့် ဘဝနှင့်အနီးစပ်ဆုံး သရုပ်ဖော်ထားသည့် ဝတ္ထုများကို ရေးသားခဲ့သည့် စာရေးဆရာတစ်ယောက် ဖြစ်ကြောင်း ဤစာအုပ်ဖြင့် စာပေမှတ်တိုင် စိုက်ထူလိုပါသည်။

ဤစာအုပ်ပါ ဝတ္ထုတိုကလေးများမှာ "ရေနံ့သာခင်ခင်ကြီး'လို မကျော်ကြားပါ။ 'နွယ် သို့မဟုတ် အနတ္တရာယ်'လို စွဲမက်ဖွယ်မရှိပါ။ 'အမေ နှင့် သားသမီးများ'လို မထင်ရှားပါ။

သို့သော် ဤဝတ္ထုတိုကလေးများကို အကာလ ညအခါ အဇဋာတစ်ခွင် ထက်ကောင်းကင်တွင် မှိတ်တုတ်မှိတ်တုတ်ဖြင့် တလက်လက် တောက်ပနေကြသည့် ချစ်စရာကြယ်ပွင့်ကလေးများနှင့် ခိုင်းနှိုင်းလိုပါသည်။ မှန်ပါသည်၊ ဤကြယ်ပွင့်ကလေးများသည် မြန်မာစာပေထက်ကောင်းကင်တွင် ထည်ဝါထွန်းလင်းခြင်း မရှိသော်လည်း လသာသည့်ညများတွင်လည်းကောင်း၊ လမိုက်သည့်ညများတွင်လည်းကောင်း မထင်မရှားမှုန်မွှားသော အလင်းရောင်ကိုမူ အမြဲတစေ ပေးနေလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသည်။

ကျွန်တော်သည် စာနယ်ဇင်း အယ်ဒီတာဘဝမှ လာသူဖြစ်ပါသည်။ သို့ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာမူ မှန်သမျှကို ခေါင်းစဉ်တပ်သည့် အလေ့ဝါသနာပါနေပါသည်။ နောက်ဆုံးတွင် ကျွန်တော်ရေးသည့် အမှာစာများကိုပင် 'လင်းယုန်မောင်မောင်၏အမှာစာ'ဟူ၍ ရိုးရိုးစင်းစင်းကြီး ရေးလေ့မရှိဘဲ တစ်စုံတစ်ခုသောခေါင်းစီးကို တပ်ပေးလေ့ရှိပါသည်။

ယခု ဤအမှာစာကိုလည်း ကျွန်တော် ခေါင်းစဉ်တပ်ရန် စိတ်ကူး စဉ်းစားရင်း စာရေးဆရာ မောင်သိန်းဆိုင်နှင့်အတူ စာရေးဆရာ ဒါရိုက်တာ သုခကို ပြေး၍သတိရမိပါသည်။

လွန်ခဲ့သော တစ်လကျော်ခန့်က ရန်ကုန်မြို့တွင် ရုံတင်ပြသသွားသော ဆရာသုခရိုက်ကူးသည့် 'စိတ်စေတသိက်'ဇာတ်ကား၏ မူရင်းဝတ္ထု ရေးသူ မောင်သိန်းဆိုင်ထံ (ကျွန်တော် တစ်ဖက်တစ်လမ်းမှ တာဝန်ယူနေ ရသည့် ရုပ်ရှင်သတင်းစဉ်တွင် အသုံးပြုရန်)ယင်းဇာတ်ကားနှင့်ပတ်သက် ၍ ဆောင်းပါးတစ်ပုဒ်တောင်းခဲ့ပါသည်။

သို့ဖြင့် ရုပ်ရှင်သတင်းစဉ်တွင် မောင်သိန်းဆိုင်၏ဆောင်းပါး ပါသွားခဲ့ပြီးနောက် နှစ်ရက်ခန့်အကြာတွင် ကျွန်တော့်ထံသို့ ဆရာသုခကိုယ်တိုင် ဆောင်းပါးတစ်ပုဒ် လာ၍ပို့သွားသည်။ ယင်းဆောင်းပါးမှာ မောင်သိန်းဆိုင်၏ဆောင်းပါးကို ဆရာသုခက ထပ်မံဖြည့်စွက် ထောက်ခံရေးသားထားခြင်းဖြစ်သည်။

ဆောင်းပါးကို ဆရာသုခကိုယ်တိုင် "ဝမ်းသာပါတယ်မောင်သိန်းဆိုင်"ရယ် ဟူ၍ ခေါင်းစီးတပ်ပေးထားသည်။ ယင်း ခေါင်းစီးအတိုင်းပင် ရုပ်ရှင်သတင်းစဉ်တွင် ကျွန်တော်ထည့်၍ သုံးလိုက်သည်။

ယခု ကျွန်တော့်အမှာစာအတွက် အစဉ်အလာ ဝါသနာအရ ထုံးစံအတိုင်း

ခေါင်းစီးတပ်ရန် စဉ်းစားလိုက်သောအခါ ဆရာသုခ၏ အထက်ပါ ခေါင်းစီးကို ကွက်ခနဲပြေးသတိရမိသည်။ သို့ဖြစ်ရာ ယခုဤစာအုပ်ပါ ဝတ္ထုများကို ကြိုးစားပမ်းစား ရှာဖွေစုဆောင်း၍ တစ်ဖက်တစ်လမ်းမှ ကူညီလိုက်ရသည့်အတွက် မောင်သိန်းဆိုင်အား တစ်ခွန်းတည်းသော အမှာစကား ပြောကြားလိုသည်မှာ...

"ဂုဏ်ယူပါတယ် မောင်သိန်းဆိုင်ရယ်"

လင်းယုန်မောင်မောင် ၈-၄-၈၀

စင်စစ် သူသည် စာတတန်ပေတဖွဲ့ ရေးသားချီးပရလောက်အောင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တဦးကား မဟုတ်ပါချေ။ မစ္စက် "အင်ဒီရာဂန္ဒီ" လို လူဦးရေ သန်းငါးရာရှိသော တိုင်းပြည်တပြည်၏ ခေါင်းဆောင်လည်းမဟုတ်။ "ရှာမေလာတဂိုး" လူကြိုက်များလှသော ရုပ်ရှင်မင်းသမီးချောလည်း မဟုတ်။ သူကား တလ ဆယ့်ငါးကျပ်မျှသော အသပြာဖြင့် အိမ်တကာလည်၍ အဝတ်ဖွပ်လျှော်ရသော ကုလားမတယောက်သာတည်း။

သည်အကြောင်းချင်းတသည် သူ၏ အတ္ထုပ္ပတ္တိမဟုတ်။ သူ၏ ချစ်ဇာတ်လမ်းမဟုတ်။

လူသားတယောက်တွင်ရှိအပ်သော အရည်အချင်းနှင့် အတွင်းစိတ်သန္တာန်ကို တင်ပြချီးပလိုခြင်းသာ အဓိကတည်း။

အိမ်ဖော်ခေါ်ထားသော မိန်းကလေး တောသို့ ပြန်သည်ဆိုလျှင်ပင် အိမ်တွင် ကသီလင်တဖြစ်ကုန်တော့သည်။ ကမောက်ကမဖြစ်ကုန်တော့သည်။ အိမ်တာဝန်၊ ကလေးတာဝန်၊ ချက်ရေးပြုတ်ရေးတာဝန်များ အိမ်ရှင်မအပေါ် ပိကျလာတော့သည်။ သည်တော့ အိမ်မှီးနားချင်းတယောက်က မရှုရက်နိုင်သည့်အလား အကြံတခုပေးလာသည်။ အဝတ်လျှော်သော ကုလားမတယောက်ငှားဖို့။ သို့ဖြင့် "ကာလီမ" သည် အိမ်သို့ ရောက်လာရတော့သည်။

ကာလီမသည် အသက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိပြီး လုံးကျစ်ပြည့်တင်းသော ကိုယ်နှင့် သနားကမား ရုပ်ရည်ကို ပိုင်ဆိုင်သည်။ အကယ်၍ အသားမှာ ညစ်ထေးမနေဘူးဆိုလျှင်၊ အဝတ်အစားတို့ စုတ်ချာမနေဘူးဆိုလျှင် ကာလီမသည် ကြည့်ပျော် ရှုပျော်ရှိသော မိန်းမတယောက်ဖြစ်မည်မှာ သေချာသည်။

"နာမည်ဘယ်လိုခေါ်သလဲ"

"ကာလီမ ပါ"

"နေတော့ကော"

"သာကေတ"

"တလ ဘယ်လောက်ပေးရမှာလဲ"

"တဆယ့်ငါးကျပ်"

"အဝတ်တွေ ကောင်းကောင်း လျှော်ပေးရမယ်နော်"

"စိတ်ချပါ အစ်ကို"

သည်လိုဖြင့် အိမ်တွင် ကာလီမအလုပ်ဝင်သည်။ အလုပ်ဝင်သည်ဆိုသော်လည်း မှတ်ပုံ မတင်ရပါ။ ခန့်စာမပေးရပါ။ ချက်ချင်းဆိုသလိုပင် အဝတ်ပုံကြီးတပုံနှင့် ဆပ်ပြာတတောင့် ထိုးအပ်လိုက်သည်။

ကာလီမသည် ရေချိုးခန်းသို့ ဝင်ကာ တဗုန်းဗုန်း၊ တဒိုင်းဒိုင်းနှင့် ဖွပ်လျှော်လေတော့သည်။

အလုပ်ဝင်လျှင်ဝင်ချင်းပင် အိမ်ရှင်မက ကာလီမကို သဘောကျသွားတော့သည်။

"သိပ်မြန်တဲ့ကုလားမ၊ ကြည့်ပါဦး၊ အဝတ်တပုံကြီးကို ဗျပ်ကယ်ဗျပ်ကယ်နဲ့ လျှော်သွားလိုက်တာ အဝတ်တွေလည်း သိပ်ဖြူတာပဲ။ ဆပ်ပြာကုန်လည်း သိပ်သက်သာတာပဲ"

ကာလီမသည် အဝတ်လျှော်ပေးရုံသာမက ကြမ်းတိုက်ပေးသွားသည်။ ပန်းကန် ဆေးပေးသွားသည်။ အိမ်ရှင်မအတွက် သနပ်ခါးသွေးပေးသွားသည်။ သန်းရှာပေးသွားသည်။ ကာလီမသည် ကလေးတွေနှင့်လည်း ရယ်ရယ်မောမော ဆက်ဆံသွားသည်။ အားလုံးက သဘောကျသည်။ ကလေးတွေကပင် "နာမည်က ကာလီမ၊ နေတာက သာကေတ" ဟု ရွတ် နောက်လိုက်ကြသေးသည်။

ပထမ ရက်သတ္တပတ်မှာတော့ ကာလီမသည် အားလုံး၏ အလိုကျဖြစ်နေသည်။ သည်အတွင်း ကာလီမ၏ဘဝကို စစ်ဆေးစေ့ငုံကြသည်။ ကာလီမတွင် ယောကျ်ားရှိသည်။ ကလေးငယ် ရှိသည်။

"သူ ဘာကောင်းသလဲ အစ်မ။ ကာလီမနော် အဝတ်လျှော်ပြီး ပိုက်ဆံရှာပေးတယ်။ သူက အရက်သောက်ပစ်တယ်။ မယားငယ်ယူတယ်။ ဒါကြောင့် ကာလီမ စိတ်ဆိုးဆိုးနဲ့ သူ့ကို အိမ်ပေါ်က မောင်းချပစ်လိုက်တယ်"

ရက်သတ္တပတ်လွန်မြောက်၍ ရှစ်ရက်မြောက်သောနေ့မှာမူ ကာလီမဇွဲဖောက်လာသည်။ အဝတ်တွေ ကောင်းစွာမဖြူ၊ ဆပ်ပြာတိုက်ပြီး နာနာမဖွပ်ဘဲ ရေထဲနှစ်ဆေးကာ ရေညှစ်ပြီး လှန်းပေးခဲ့သည်။ ထို့ကြောင့် ရှပ်အင်္ကျီလက်ခေါက်လို၊ လည်ကုပ်လို၊ ကော်လံလို နေရာများမှာ ချေးတို့ ပေကျံဆဲ ပေကျံနေသည်။

ဤသည်နှင့် ပတ်သက်၍ ကာလီမ ဖြေရှင်းချက်ထုတ်သည်။

"မနက်ကတည်းက ကာလီမ ဘာမှ မစားခဲ့ရဘူး အစ်မ၊ ဗိုက်ထဲမှာ အစာမရှိဘူးနော်၊ အလုပ်မလုပ်နိုင်ဘူး အစ်မရယ်"

သည်တော့လည်း ကာလီမကို ဝိုင်း၍သနားကြသည်။

"စောစောက ပြောရောပေါ့ ကာလီမရယ်။ တို့အိမ်မှာက လူတယောက်စာ ထမင်းဟင်းဆိုတာ အမြဲပိုနေတာ။ နောက်ကျရင် ပြောမနေနဲ့ ကိုယ့်ဘာသာ တခါတည်း ခူးခပ်စား သိလား"

သည်အထိ ကာလီမကို အခွင့်အရေးပေးလိုက်ကြသည်။

သို့တိုင်အောင်လည်း ကာလီမသည် တခါတရံ အိမ်မှာ ထမင်းစားရပါလျက် အဝတ်တို့ကို ပြီးစလွယ် ဖွပ်လျှော်သွားတတ်ခြင်းမျိုး ရှိသည်။ ပြောလျှင် ဟုတ်ကဲ့၊ ဟုတ်ကဲ့နှင့် ခေါင်းညိတ်သွားတတ်သော်လည်း လက်တွေ့တွင်မူ ပြီးစလွယ်လုပ်သွားလေ့ရှိသည်။ ထို့ကြောင့် သူအဝတ်လျှော်ပြီဆိုလျှင် အိမ်ရှင်မက

နံဘေးမှ ထိုင်စောင့်ရသည်။ ထိုင် စောင့်နေစဉ်တွင် လျှော်သောအဝတ်သာ ဖြူသည်။ မျက်စိလစ်သည်နှင့် တပြိုင်နက် ပြီးစလွယ်လုပ်မြဲ။ ကြာတော့လည်း ကာလီမအပေါ် စိတ်ပျက်လာရသည်။ ချော့တလီ ချောက်တခါနှင့်ပင် ပထမလကုန်လွန်သွားခဲ့သည်။ ဒုတိယလသို့ ရောက်လာသည်။

ပထမလအတွက် ငွေရှင်းပေးစဉ်ကပင် အိမ်ရှင်မက ရာဇသံပေးသည်။

"ဒီမယ် ကာလီမ၊ ညည်း ဒီအချိုးအတိုင်းဆိုရင်တော့ အစ်မတို့နဲ့ ကြာရှည်မဖြစ်ဘူး။ အခုအချိုးအတိုင်း ချိုးမယ်ဆိုရင် မနက်ဖြန်ကစပြီး မလာနဲ့တော့။ အချိုးကို ပြင်မယ်ဆိုရင် လာခဲ့။ ဒါပဲ"

ကာလီမသည် နောက်တနေ့တွင် ရောက်လာသည်။ ကောင်းကောင်း ဖွပ်လျှော်ပေးမည် ဟူသော ဝန်ခံချက်ဖြင့် ဖြစ်သည်။ အစပထမတရက် နှစ်ရက်တွင်သာ ဟန်ကျသည်။ နောက်ရက်များတွင် ကာလီမ ယိုးဒယားဟန်မပျက်၊ တခါတရံ ရေကိုပင် စင်အောင်မညှစ်သဖြင့် အဝတ်တွေမှာ ရေစော်နံလျက် မာခေါက်ခေါက်ကြီး ဖြစ်နေတတ်သည်။

"မဖြစ်ဘူး၊ ဒီကုလားမ တော်မလိုလိုနဲ့ အတော်ဆိုးတဲ့ဟာမ။ သူ့အစား တခြားတယောက်ရှာမှ ဖြစ်မယ်"

ကာလီမ၏ နေ့တွက်ကို တွက်ကြည့်သည်။ တနေ့ ငါးမူးနှုန်းနှင့် ကျသမျှကို ရှင်း ပေးလိုက်သည်။

"ဒီမယ် ကာလီမ"

"ဟုတ်ကဲ့အစ်မ"

"မနက်ဖြန်ကစပြီး တို့များအိမ်ကို အလုပ်ဆင်းဖို့ မလိုတော့ဘူး သိလား"

"ဘာဖြစ်လို့လဲ အစ်မရယ်"

"ဘာဖြစ်ရမှာလဲ၊ ညည်းလျှော်တဲ့အဝတ်တွေက စင်မှမစင်ဘဲ၊ ပြောင်မှ မပြောင်ဘဲ။ ငါ့မှာ ညည်းလျှော်ပြီးသားတွေ ထပ်ထပ်ချည်း လျှော်နေရတယ်။ ဒီတော့ မထူးဘူးအေ။ ညည်း နေ့တွက်တွေယူ။ မနက်ဖြန်ကစပြီး အလုပ်မဆင်းနဲ့တော့ သိလား"

အလုပ်ခန့်တုန်းကလိုပင်ဖြစ်သည်။ နို့တစ်မပေး၊ ဘာမပေးနှင့် ကာလီမကို အလုပ်ဖြုတ်လိုက်သည်။ သို့တိုင် နောက်တနေ့ အချိန်တန်လျှင် ကာလီမရောက်လာသည်။ တားနေသည့်ကြားမှပင် သူ့ဘာသာ အဝတ်ဟောင်းများကို ရေဘုံဘိုင်အောက် ပုံချပြီး ဖွပ်လျှော်ပေးသွားသည်။ နောက်နေ့၊ နောက်နေ့တွေမှာလည်း ဝတ္တရားမပျက်၊ ကာလီမသည် အလုပ်က ထုတ်သော်လည်းမထွက်။ ပိုက်ဆံလည်းမတောင်း။ ကြာတော့ သနားလာကာ ငွေရှင်းပေးရပြန်သည်။

"ကာလီမပြောမယ် အစ်မ၊ ဒီလို ဒီလို ရှိတယ်။ ကာလီမလေ အစ်မတို့တအိမ်တည်းမှာ အဝတ်လျှော်ရတာမဟုတ်ဘူး။ တအိမ်တည်းဆိုရင်လည်း မစားလောက်ဘူး အစ်မ။ ဒါကြောင့် တနေ့တနေ့မှာ သုံးလေးအိမ် လျှော်ရတယ်။

ဒါမှ ထမင်းဝတယ် အစ်မ။ အစ်မ စဉ်းစား ကြည့်ပါ။ အဝတ်တွေ ဒီလောက်၊ ဒီလောက် သုံးလေးအိမ် လျှော်ရတယ်နော်၊ မောတယ် အစ်မ။ တခါတလေ အစ်မတို့အိမ်ရောက်ရင် လက်တောင်မမြှောက်ချင်တော့ဘူး။ ဒါကြောင့် အဝတ် မဖြူတာပါ အစ်မရယ်”

ကာလိမ၏ ဖြေရှင်းချက်ကို ကြားရပြန်တော့ ခါးတိုင်းလိုပင် ခွင့်လွှတ်ရပြန်သည်။ ကျေနပ်လိုက်ရပြန်သည်။

“ဒီလိုလုပ်အေ၊ ညည်း အစ်ကိုရှိတယ် မဟုတ်လား။ သူက ရုံးပြင်ကနားသွားရတယ်။ လူကြီးလူကောင်းတွေနဲ့ တွေ့ ရတယ်။ ဒီတော့ သူ့အဝတ်ကဖြူမှ ဖြစ်မယ်။ သူ့အဝတ်ကို ဂရုစိုက်လျှော်။ ကျန်တဲ့ ကလေးအင်္ကျီတွေ ဘာတွေကိုတော့ သိပ်ဂရုမစိုက်ချင်နေ။ ဒါပေမဲ့ အိမ် တွေကို အလှည့်ကျနဲ့သွား။ သုံးရက်မှာ တကြိမ်လောက် တို့အိမ်ကို စောစောလာ၊ တို့အိမ်က ပြီးမှ သူများအိမ်သွား ဟုတ်လား”

သည်လိုဖြင့် ပြေလည်မှုရကာ ကာလိမ တတိယလ မြဲပြန်သည်။ သို့တိုင်အောင်လည်း အဝတ်တွေက ပေကျံပြီ။ တခါတရံ ရက်ပျက်တတ်သေးသည်။ သုံးလေးရက်ကြာအောင် မလာဘဲ နေချင်နေတတ်သည်။ မေးပြန်တော့လည်း ဆင်ခြေဆင်လက်အပြည့်နှင့်။ ညက ကလေးနေမကောင်း၍ အိပ်ရေးပျက်ပြီး မလှုပ်ချင်တာနှင့်၊ ပင်ပန်းတာနှင့်၊ ဆာတာနှင့်။

“ညည်းနဲ့ငါတော့ မဖြစ်ပါဘူး ကာလိမရယ်။ ရှိကြီးခိုးပါရဲ့။ ငါ တခြားလူခေါ်ပါရစေ။ ညည်း မလာပါနဲ့တော့”

အဘယ်သို့ပင်ပြောပြော၊ ကာလိမ မလာဘဲမနေ။ အဝတ်တွေ ကြိုပြီးလျှော်ထားလျှင် အိုးတိုက်ပေးသွားသည်။ အိုးကြိုတိုက်ထားလျှင် စကားစမြည် ပြောပြီး ပြန်သွားတတ်သည်။ ကာလိမနှင့် ပတ်သက်၍ အခြားပြဿနာများ ရှိသေးသည်။ ငွေကို လကုန်မှ ရှင်းခိုင်း၍မရ။ ကြိုတောင်းတတ်သည်။ တောင်း၍ မရလျှင် ချေးသည်။ တခါတရံ ကြိုယူငွေက လစာထက်ပင် နှစ်ဆလောက်များနေတတ်သည်။ မပေး၍လည်းမရ။ အမေ အသည်းအသန်ဖြစ်၍၊ ကလေးဆေးထိုးချင်၍နှင့်။ တခါတရံ စားစရာမရှိ ဆိုသဖြင့် ဆန်ပေးလိုက်ရသေးသည်။ ဆေးလိပ်အစ၊ မီးခြစ် အစ၊ သကြားအစ၊ ဆားအစ ထောက်ပံ့ရသေးသည်။

မလာနှင့်ပြောလည်း လာသည်။ နှင်လျှင်လည်း ပြုံးပြုံး ပြုံးပြုံးနှင့် ပေကပ်နေတတ်သည်။ ကာလိမ၏ တာဝန်သည် တနေ့ထက်တနေ့ ပိလာသည်၊ လေးလာသည်၊ ခက်သည်က သည်အကြားမှာ မကြာခဏဆိုသလို အဝတ်အစားများ ပျောက်ပျောက်သွားတတ်ခြင်းပင်။ ကလေးဘောင်းဘီ၊ ဂါဝန်၊ လုံချည် စသည့် အဝတ်အစားဟောင်းများ ပျောက်ပျောက်သွားတတ်သည်။ ပျောက်စက ပျောက်မှန်းမသိ။ ဝတ်မည်ကြံကာမှ မရှိဘဲ ဖြစ်နေတတ်သည်။

ဤသည်နှင့် ပတ်သက်၍လည်း အိမ်ရှင်မက ကာလီမကို စွပ်စွဲသည်။

သည်လိုနှင့် တနေ့ကျတော့ အကြီးမားဆုံး ပြဿနာပေါ်လာသည်။ ကလေးဆွဲကြိုး ပျောက်ခြင်းတည်း။

ရွှေက ဘာမျှမဖြစ်လောက် အဖိုးမတန်။ သို့သော် ကလေးအား အမှတ်တရလက်ဆောင် ပေးထားသည့်ပစ္စည်းဖြစ်၍ နှမြောကြသည်။

အဲသည်နေ့က ကာလီမတို့သားအမိ အစောကြီး ရောက်နေသည်။ ကြိုတင်ငွေတောင်းသည်။ အိမ်ရှင်မက မပေးနိုင်ဟု တင်းနေသည်။ ကာလီမသည် ဆွဲကြိုးရှင်သမီးငယ်အား ရေချိုးပေးခဲ့သည်။ သူပြန်သွားပြီး ခဏကြာတော့ ဆွဲကြိုးပျောက်ကြောင်း သိရသည်။ အိမ်မှာ နေရာအနှံ့ရှာသည်။ မတွေ့။ အဆုံးမတော့ ကာလီမကို ယိုးစွပ်တော့သည်။ ကာလိမ ခိုးသည်ဟု စွပ်စွဲသည်။

"ညည်း မယူလို့ ဘယ်သူယူမှာလဲ။ ညည်းပဲရှိတာ၊ ညည်းပဲ သမီးကို ရေချိုးပေးတာ။ ပစ္စည်းကတန်ဖိုးမရှိပေမဲ့ အမှတ်တရ ပေးထားတာအေ့။ ယူထားရင်ပြန်ပေး။ ညည်းတောင်းတဲ့ ပိုက်ဆံလည်း ပေးမယ်"

အိမ်ရှင်မက ချော့တခါ၊ ချောက်တလှည့်ဖြင့် တောင်းသည်။

"ကာလီမ မယူဘူး အစ်မ၊ ကာလီမ ဒါမျိုး မလုပ်ဘူး"

ကာလီမက ခါးခါးသီးငြင်းသည်။

"အိမ်မှာ လုံချည်တွေ၊ ဂါဝန်တွေ၊ ဘောင်းဘီတွေ မကြာခဏပျောက်တယ်၊ ညည်းပဲ နေမှာပဲ။ တို့ကတော့ သနားလိုက်ရတာ၊ ထောက်ပံ့လိုက်ရတာ။ ညည်း ဒါမျိုးလုပ်တာ ဘာ ကောင်းသလဲ"

မည်သို့ပင် ပြောပြော ကာလီမသည် မျက်ရည်ကလယ်ကလယ်နှင့် ငြင်းသည်။

"ကာလီမ မယူဘူး အစ်မ"

သို့ဖြင့် အဆုံးမှာတော့ ပစ္စည်းကို နိဗ္ဗာနပစ္စယော ဟောတု သဘောထားလိုက်ရတော့သည်။ လက်လျှော့လိုက်ရတော့သည်။ ကာလီမတို့ သားအမိလည်း ပြန်ကြတော့သည်။ အဲသည် ညနေမှာပဲ ပျောက်သော ဆွဲကြိုးကို အိပ်ရာထဲမှ ပြန်တွေ့ရသည်။ အမှန်က သမီးသည် ညက အိပ်ရာထဲမှာ လူးရင်းလှိမ့်ရင်း ဆွဲကြိုးပြုတ်ကျခဲ့ပုံရသည်။ ခေါင်းအုံးအောက်မှာ ပိနေသည်။ မနက်ထတော့ ဆွဲကြိုးမရှိသည်ကို သတိမထားမိ၊ ရေချိုးပြီးမှ သတိထားမိခြင်း ဖြစ်သည်။

ပြီး အဝတ်များ ပျောက်ဆုံးခြင်းနှင့် စပ်လျဉ်း၍လည်း လက်သည်ကို ရှာတွေ့ ကြပြန်သည်။ စင်စစ် အဝတ်ကို တန်းမှာ လှန်းစဉ်၌ ကလစ်ကို ကောင်းစွာမညှပ်၊ လေတိုးသောအခါ အဝတ်လွင့်ကျသွားသည်။ အိမ်နောက်ဖေး လမ်းကြားမှာက ပလတ်စတစ်ကောက်သူ၊ ဘူးခွံကောက်သူတို့ ဒုနှင့်ဒေး ဖြတ်သန်းသွားလာနေကြသည်။ ပိုင်ရှင်မမြင်လျှင် သူတို့က ကောက်ယူသွားကြသည်သာ ဖြစ်သည်။

သည့်အကြောင်းတွေ သိလာရတော့ တအိမ်လုံး စိတ်မကောင်း။ အထူးသဖြင့် ကာလီမ နှင့် ပတ်သက်၍ဖြစ်သည်။ ကာလီမအား အမျိုးမျိုးစွပ်စွဲကာ နှင်ပဲဆော ပြောခဲ့မိသော အိမ်ရှင်မသည် ပို၍စိတ်မကောင်းဖြစ်ရသည်။ နောင်တရနေသည်။

"ကာလီမကို အုန်းပွဲ ငှက်ပျောပွဲနဲ့ လိုက်တောင်းပန်ရပုံပေါ်နေပြီ။ အေးလေ မနက်ဖြန် သူလာမှ တွေ့ ရတော့မှာပဲ"

သို့သော် နောက်တနေ့တွင် အခါတိုင်းလို ကာလီမ ပေါ်မလာ။ နောက်နေ့ နောက်နေ့တွေမှာလည်း ကာလီမ ရောက်မလာတော့။ ကာလီမ၏ အရိပ်အယောင်ကိုသော်မှ မတွေ့ရတော့။ သည်လိုနှင့် ရက်အတန်ကြာခဲ့သည်။

တနေ့မှာတော့ ကာလီမနှင့် လမ်းမှာ အမှတ်မထင်ဆုံးရသည်။ သည်ကပင်စ၍ နှုတ် ဆက်ရသည်။

"ဟေ့ ကာလီမ၊ အံမာ ပျောက်ချက်သား ကောင်းလှချည်လား၊ နင့်အစ်မ နင့်ကို ခဏခဏမေးနေတယ်၊ အိမ်ဘက်လှည့်ဝင်လိုက်ဦး"

ကာလီမသည် မျက်လွှာချထားသည်။ မြေကြီးကို စိုက်ကြည့်ရင်းက စကားဆိုးသည်။

"အစ်ကိုတို့အိမ်ကို ကာလီမ ဘယ်တော့မှ မလာဘူးလို့ ဆုံးဖြတ်ထားတယ် အစ်ကို"

"အိုဟို တယ်ကြီးကျယ်ပါလား၊ ဆိုစမ်းပါဦး ဘာဖြစ်လို့"

ကာလီမ၏မျက်နှာမော့လာသည်။ မျက်နှာရှိ အကြောစိုင်တို့မှာ ဆုံးဖြတ်ချက်ဖြင့် တင်းမာလာသည်။ မျက်ဝန်းတို့သည်လည်း စူးရှတောက်ပနေသည်ဟု ထင်နေရသည်။ ကာလီမထံမှ စကားသံများ ထွက်ပေါ်လာသည်။

"အစ်ကိုသိတဲ့အတိုင်း ကာလီမဆင်းရဲတယ်၊ စားစရာမရှိဘူး။ ဒါပေမဲ့ ကာလီမမှာ လက်နှစ်ဖက်ရှိတယ် အစ်ကို၊ ကာလီမ လက်နဲ့ လုပ်စားတယ်၊ အဝတ်မဖြူဘူးနော်၊ ကာလီမ အပြစ်ပါ၊ ကာလီမ အမှားပါ။ အဝတ်မဖြူလို့ အစ်ကိုတို့ စိတ်ဆိုးတယ်နော် ကာလီမ ခံပါတယ်။ ရိုက်ရင်လည်း ခံမှာပဲ အစ်ကို။ ဒါကြောင့် အဝတ်တွေ မဖြူလို့ အစ်ကိုတို့ စိတ်ဆိုးပြီး မလာနဲ့ပြောတယ်နော်၊ ကာလီမ စိတ်မနာဘူး၊ လာပါတယ်။ ဒါပေမဲ့ အခုဟာက ကာလီမ မယူဘဲ ယူတယ်ပြောတယ်။ ကာလီမ မခိုးဘဲ ခိုးတယ်ပြောတယ်။ ကာလီမ ဝတ်သေချင်သေပါစေ၊ သူတပါးပစ္စည်း ဘယ်တော့မှ မခိုးဘူး စိတ်ချ။ အစ်ကို လူကြီးပဲ၊ စဉ်းစားကြည့်ပါ၊ လက်နဲ့ လုပ်စားတဲ့လူကို အစ်ကိုတို့ သူခိုးစွပ်စွဲတယ်၊ မကောင်းဘူးရှိတယ် အစ်ကို။ ကာလီမသိက္ခာ အများကြီးကျတယ်။ ဒါကြောင့် ကာလီမ အများကြီးစိတ်ဆိုးတယ်။ အခု ကာလီမမှာ အလုပ် မရှိဘူး၊ စားစရာမရှိဘူး၊ ဒါပေမဲ့ အစ်ကိုတို့အိမ်ကို တသက်လုံး ပြန်မလာဘူး၊ ဒါပါပဲအစ်ကို ကာလီမ သွားမယ်"

ကာလိမသည် မျက်စိအောက်မှ ထွက်ခွာသွားသည်။ အရည်ပျော်ဆင်းမတတ် ပူပြင်းနေသော ကတ္တရာလမ်းကို ဖိနပ်မဲ့ ခြေဖဝါးဖြင့် နင်းကာ ဖြတ်ကျော်သွားသည်။

အံ့ဩသည်လား ထူးခြားဆန်းကျယ်သည်လား၊ ဝမ်းသာကျေနပ်မိသည်လားမသိ၊ တစုံတခုသော ခံစားချက်ဖြင့် ကြက်သီးမြမြထကာ ကာလီမ၏ ကျောပြင်ကို ငေးစိုက်ကြည့် နေမိသည်။

“ဩော်... ကာလီမ”

ရင်ထဲမှ ယင်းသို့လည်း ဥဒါန်းကျူးလိုက်မိပါသည်။

ရွှေတူဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၊ ၁၉၇၂၊ မေလ။

ပုံခိုင်းကတော့ အရိုင်းသား။

"သူ့ဒွေး သဘော်နစ်တာက အကြောင်းမဟုတ်၊ သူတောင်းစားခွက်ပျောက်တာက ဆိုးလှပါသည်"တဲ့။

ယခုတော့လည်း ပုံကို ခပ်ရိုင်းရိုင်းပင် ခိုင်းရတော့မည်ထင်သည်။ စင်စစ်ကိုကြည်ဖြိုး အသည်းကွဲရသည်ဆိုခြင်းက မထောင်းတာလှ။ မိထား တို့နှပ်ပစ်ခြင်းခံရခြင်းက ဆိုးလှသည်။

သူတကာတွေ စောင်းမှာမြောင်းမှာ၊ ကဲ့ရဲ့မှာ၊ အပြစ်တင်မှာကို မိထားမကြောက်။ ပတ်ဝန်းကျင်ကို မိထား မမှု။ သည်အရာတွေနှင့် ပတ်သက်၍ မည်သို့ဥပေက္ခာပြုရမည်ဆိုခြင်းကို မိထား သိသည်။ ဤသည်က မွေးရာပါအရည်အချင်း။ ထုသားပေသား ကျခဲ့ပြီဆိုလျှင်လည်း မှန်သည်။

ကိုကြည်ဖြိုးအား လက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုခြင်းနှင့် စပ်လျဉ်း၍လည်း မိထား၏အသည်းမှာ တစ်စုံတစ်ရာ မလှုပ်ရှား၊ စိုးစဉ်းမျှ နာကြည်း ခြင်းလည်း မဖြစ်မိ။

နောက်ဆုံး ကိုကြည်ဖြိုး လက်ထပ်တော့မည်ဆိုခြင်းသည်ပင်လျှင် မိထားအဖို့ နေ့စဉ်သတင်းစာတွေထဲက မင်္ဂလာသတင်းတစ်ပုဒ် ဖတ်ရသည့်နှယ်သာ ခံစားရသည်။

သို့တိုင် ကိုကြည်ဖြိုးက မိမိအား မျက်နှာများသူမို့ စွန့်ပစ်လိုက်ရပါသည်ဆိုခြင်းနှင့်ပတ်သက်၍မူ မိထားမှာ အငိုရခက်၊ အရှိုက်ရခက်၊ အပြုံး ရခက်၊ အမဲ့ရခက်။

မိထား ဘာမျှလည်း မပြောချင်။

စင်စစ် ဘာမျှလည်း မပြောတတ်တော့။

မိထားကလည်း မိထားပင်။

မိမိကိုယ်ကိုယ် လှသည်ဟုသိနေသော မိန်းကလေးတစ်ယောက်၊ လှသည်ဟု သိနေသည်မှာလည်း အထင်သက်သက်ချည်းကြောင့်မဟုတ်။ လူတကာ၏နှုတ်မှ မိထားကို လှသည်ဟုပြောကြသည်။ ယောကျာ်းကလေးတွေသာမက မိန်းမချင်းကပင် အဘယ်မျှ ဝန်တိုမစ္ဆရိယစိတ် ရှိသည်ပင်ဆိုစေ မိထားကို လှသည်ဟုဝန်ခံရတတ်မြဲ။

ထားပါ။ မိထားလှသည်ဟု ယေဘုယျဆိုကြပါစို့။

ခက်သည်က မိထားသည် မိမိကိုယ်ကိုယ် လှသည်ဟုသိထားပြီး ယင်းအလှကို မည်သို့မည်ပုံ အသုံးချရမည်ကိုလည်း သိနေခြင်းဖြစ်သည်။

မိထားသည် မိမိ၏အလှဖြင့် မိမိ၏ဘဝကို တည်ဆောက်ခဲ့သည် ဆိုလျှင် အပိုမပါတန်စကောင်း။

မှန်သည်။

မိထားသည် လှ၏။ သို့သော် ဆင်းရဲ၏။

မိန်းကလေးတစ်ယောက်မှာ လှလျက် ဆင်းရဲသည်ဆိုသောအခါ ကြောကွဲစရာကောင်းလောက်အောင် အန္တရာယ်များသည်။ မလှမပနှင့် ဆင်းရဲသည်ဆိုခြင်းမှာ များစွာတော်သေးသည်။ ဆင်းရဲ၍ ကရုဏာသက်ကြမည် ဆိုလျှင်လည်း တကယ့်စေတနာအရင်းခံသာ ဖြစ်ပေလိမ့်မည်။ လှလျက် ဆင်းရဲသည်ဆိုသောအခါ စေတနာသည် ရိုးသားမှုထက် မရိုးသားသည့် ဘက်သို့ အလေးသာသွားတတ်သည်။

သည်လိုနှင့် မိထားသည် ဦးအောင်ခိုင်နှင့်ပတ်သက်လာရလေသည်။

သည်တုန်းက မိထား ရှစ်တန်းကျောင်းသူ။

ကျောင်းစာအုပ်ဖိုးမျှ အနိုင်နိုင်၊ ကျောင်းလုံချည်စိမ်းကိုပင် တစ်ထည်ထက် နှစ်ထည်ထား၍ မဝတ်နိုင်သောဘဝ၌ ဦးအောင်ခိုင်နှင့် မိထားတို့ တွေ့ကြသည်။

ဦးအောင်ခိုင်သည် မေမေ၏မုန့်ဟင်းခါးကို ခံတွင်းတွေ့လှ၍တော့ ဟုတ်ဟန်မတူ၊ ဖြစ်ခြင်းဖြစ်လျှင် မေမေ့ဆိုင်မှာ ကျောင်းမသွားမီ ဝိုင်းဝန်း ကူညီလေ့ရှိသော မိထား၏အလှကို ခံတွင်းတွေ့၍ပဲဖြစ်မည်။

အစသော် ဦးအောင်ခိုင်သည် မေမေ့ကို မျက်စိကျနေသည်ဟု မိထားတို့ ထင်ကြသည်။ မေမေသည် အသက်သုံးဆယ့်ငါးနှစ်တွင် မုဆိုးမဖြစ်ရသည်။ သားသမီးငါးယောက်၏တာဝန်ကို ထမ်းဆောင်နေရသည်။ မုန့်ဟင်းခါးသည် ဆိုပေမယ့် မေမေ့၏သိက္ခာက မသေး။ မေမေ့အလှကလည်း ကြွင်းကျန်ရစ်သေးသည်။ ဦးအောင်ခိုင်က လူပျိုကြီး။ စစ်စီသူပီပီ စုမိဆောင်းမိ ရှိလှသည်။ ဦးအောင်ခိုင်အနေနှင့် မှန်းချင်းမှန်းလျှင် အသက်ဆယ့်ခြောက်နှစ်သမီး ရှစ်တန်းကျောင်းသူ မိထားကိုမှန်းမည်ဟု မည်သူကမျှ ထင်မည် မဟုတ်။

သို့တိုင် ဦးအောင်ခိုင်သည် မိထားကို မှန်းခဲ့သည်။ မိထားနှင့်ပတ်သက်၍ ကျခဲ့သည်။ သည်တုန်းက မိထား၏ကျောင်းစရိတ်၊ အဝတ်အစားဖိုး၊ စာအုပ်ဖိုးတွေ ဦးအောင်ခိုင်၏စုငွေထဲမှ၊ လစာထဲမှ ရခဲ့သည်။

မိထားက "အန်ကယ်ကြီး၊ အန်ကယ်ကြီး"နှင့် ဦးအောင်ခိုင်၏ ငွေစုလက်မှတ်မှ ငွေစာရင်းကို တတ်နိုင်သမျှ လျှော့စေခဲ့မိသည်မှာ အမှန်ပင်။ သည်လိုမလုပ်၍လည်း မဖြစ်။

မေမေ့မုန့်ဟင်းခါးဆိုင်မှ အမြတ်အစွန်းသည် မိထားတို့ပါးစပ်ပေါက်ကို လောက်ငစေနိုင်သည်မဟုတ်။ မိထား တို့ ဝမ်းကို ဝစေနိုင်သည်မဟုတ်။ ဘာပဲပြောပြော ဦးအောင်ခိုင်၏ကျေးဇူးဖြင့် မိထား ဆယ်တန်းအောင်ခဲ့သည်။ အရပ်ကတော့ အမျိုးမျိုးပြောကြသည်။ ကဲ့ရဲ့သင့်ဂြိုဟ် စကားတင်း ဆိုကြသည်။ မိထား မမှုခဲ့။ အရေးမစိုက်ခဲ့။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆို မဟုတ်လား။ ဦးအောင်ခိုင်က မိထား ဆယ်တန်းအောင်လျှင် လက်ထပ်ချင်သည်။ မိထားသည် ဆယ်တန်း အောင်သည်နှင့်တစ်ပြိုင်နက် မြို့မှခွာခဲ့လေသည်။ ဦးအောင်ခိုင်နှင့် ယတိပြတ်ဖြတ်ခဲ့လေသည်။

မိထား ရုံးတစ်ရုံးမှာ အောက်တန်းစာရေး ရသည်။ စင်စစ်သည်အလုပ်ကိုရသည်မှာလည်း မိထား ရင်းနှီးရသည်။ အလှ ဖြင့် ရင်းခဲ့ရသည်။ မိထားက ခပ်ညှံ့ညှံ့။ ဖော်ကာဖရင်းရှစ်ဆိုသည်ကိုလည်း နိုင်ငံတစ်နိုင်ငံမှ ဝန်ကြီးချုပ်ဟု ထင်ချင်ထင်တတ်သည်။ အပိုလိုဆိုတာ စီးကရက်ဘူးနာမည်ဟု ဖြေချင်လည်း ဖြေမိတတ်သည်။ သည်လိုနှင့် ရုံးသုံးရုံးတွင် အင်တာဗျူးသုံးခုဝင်ခဲ့ရာ တတိယရုံးကျမှ အောက်တန်းစာရေးအဖြစ် ခန့်စာရသည်။ တစ်နှစ်နီးပါး စောင့်ခဲ့ရသည်။ တတိယရုံးမှာက အင်တာဗျူးထိုင်သော နဖူးပြောင်ပြောင်၊ မျက်နှာအစ်အစ်၊ အဆီရွှဲရွှဲ၊ မေးနှစ်ထပ်နှင့်ပုဂ္ဂိုလ်တစ်ဦးရှိသည်။ မင်းကြီးဟု ဆိုသည်။ ယင်းပုဂ္ဂိုလ်၏ ကျေးဇူးမကင်း။ ဝိဇ္ဇာဒုတိယနှစ်တွေ၊ တတိယနှစ်တွေအကြားမှ မိထား အလုပ်ရခဲ့ခြင်းဖြစ်သည်။

ပြန်ပြောလျှင်တော့ ရယ်စရာပင် ကောင်းသေးတော့သည်။ မေးခွန်းမေးသည့် ပုဂ္ဂိုလ်တွေကလည်း ပေါက်ကရ။ မိထား၏အဖြေတွေကလည်း ပေါက်ကရ။ သို့တိုင် ယင်းနဖူးပြောင်ပြောင်နှင့် ပုဂ္ဂိုလ်ကိုကား မိထားသည် အင်အားရှိလှသော မျက်လုံးညိုကြီးများဖြင့် မကြာမကြာ စိုက်ကြည့်ခဲ့သည်။ ပင်ကိုက မောက်မို့သောရင်ကို ပိုမိုတင်းစေကာ စားပွဲစောင်းမှာ ခပ်ထင်းထင်း တင်ပြခဲ့ရသည်။အဆုံးမှာတော့ မိထား အလုပ်ရခဲ့လေသည်။

အလုပ်ရပြီး နှစ်ပတ်လောက်အကြာမှာ ယင်းပုဂ္ဂိုလ်နှင့် မိထားတို့ တစ်ကြိမ် ထမင်းလက်ဆုံစားခဲ့ကြသည်။ ရုပ်ရှင်ကြည့်ရန် ဖိတ်ခေါ်ခြင်းကိုမူ မိထား ငြင်းလိုက်သည်။ သူနှင့်အဆက်အသွယ်ပြုဖို့က အလုပ်ရရုံပဲဖြစ်သည်။ အလုပ်ရပြီဆိုလျှင် သူသည် မိထားအတွက် ဘာမျှမဟုတ်တော့။ ထမင်းလိုက်စားခြင်းက ကျေးဇူးဆပ်ခြင်းပဲပေါ့။

မိထားသည် အလုပ်၌ ငါးနှစ်ကြာခဲ့ပြီ။သည်အတွင်းမှာ လူအတော်များများနှင့် တွေ့ခဲ့သည်ကို မိထား မငြင်းလို။ မိထား၏လစာသည် မိထား ဘော်ဒါနေခ၊ အဝတ်အစားဖိုးနှင့်ပင်ကောင်းစွာမလုံလောက်ချင်။ သည်အကြားမှ မိခင်နှင့် မောင်ငယ်၊ ညီမငယ်များအတွက် အနည်းဆုံး တစ်လသုံးဆယ် ထောက်ပံ့ရသေးသည်။ မိထား ချို့တဲ့ပါသည်။ အဝတ်အစားပင် ပြောင်ပြောင်ရောင်ရောင် မရှိခဲ့။

အသက်နှစ်ဆယ်ဝန်းကျင် မိန်းကလေးတစ်ယောက်အနေနှင့် သူတစ်ပါးနည်းတူ ဝတ်ချင်စားချင်သည်။ သွားချင်လာချင်သည်။ လျှပ်ပေါ်လော်လည်သည်မဟုတ်သော်လည်း သည်နေရာမျိုးမှာက အပြိုင်အဆိုင်ဆိုတာ ရှိသည်။ နိုင်လျှင်နိုင်၊ မနိုင်လျှင်တော့ တစ်သက်တာ ဦးကျိုးရတော့သည်။ သည်မှာ မိထား အလှကိုအသုံးပြုရပြန်သည်။

ဦးကျော်ဇလို အရာရှိမျိုး၊ ဦးညွှန့်လွင်လို အရာရှိမျိုး၊ ဦးတင်မောင်ဝင်းလို အရာရှိမျိုးများသည် မိထားအတွက် သားကောင်များဖြစ်လာရပြန်သည်။ သူတို့ဆီက တက်ထရွန်လုံချည်ဖိုး၊ ခရစ်စဖိုးထွက်လာသည်။ သူတို့အဖို့က

ပုတ်ဟယ်၊ ခတ်ဟယ်၊ မထိတထိ ပြောဟယ် လုပ်ရလျှင်ပင် ကျေနပ်တတ်သူများ ဖြစ်ကြသည်။

မိထားသည် ကောင်းကောင်းဆင်းရဲခဲ့သည်။ ထို့ကြောင့် ဆင်းရဲခြင်း ဒုက္ခကို လှလှကြီးသိသည်။

ဆန်စျေးတွေကြီးစဉ်က အမေနှင့်အတူ ကလေးတစ်သိုက်နှင့်တကွ ဆန်ပြုတ်သောက်ခဲ့ရသည်ကိုလည်း မှတ်မိသည်။ ဟင်းလျာမဝယ်နိုင်၍ ဘူးရိုးပြုတ်ကို ဟင်းလုပ်ပြီးစားခဲ့ရဖူးသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အမျိုးမျိုးကြံစည်သည်။ မိထားက အခြားအရည်အချင်း မရှိ၊ လှတာတစ်ခုတည်းရှိသည်။ အလှသည်ပင် မိထား၏ ကုန်ကြမ်း၊ အလှသည်ပင် မိထား၏ကုန်ချော။ အရည်အချင်းနှင့် အတတ်ပညာသည်လည်း အလှသာပင်။

သို့ပေမယ့် မိထားပြောရပါသည်။ မိထား ကျိန်ဆိုရပါသည်။ ကိုကြည်ဖြိုးအား ချစ်ခဲ့ခြင်းမှာတော့ ဘဝ၏လွတ်မြောက်မှုအတွက် မဟုတ်၊ အလှဖြင့်ဖမ်းစားရန်မဟုတ်။ မိထားသည် အချစ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုဝံ့လောက်အောင် သတ္တိရှိသူတစ်ယောက်တော့ မဟုတ်။ အချစ်ဖြင့် လောင်းကစားရဲအောင် သတ္တိမကောင်းလှ။

ကိုကြည်ဖြိုးကို မိထား တကယ်ချစ်ပါသည်။ တကယ်မြတ်နိုးပါသည်။ တကယ်တွယ်တာပါသည်။ အသည်းနှလုံး၏ နက်ရှိုင်းလှသော အပိုင်းမှ သန့်သန့်စင်စင် ချစ်ခဲ့ပါသည်။ ကိုကြည်ဖြိုးသည် ရုံးသို့ အရာရှိငယ်အဖြစ် မိထားတို့ထက် များစွာ နောက်ကျပြီးမှ ရောက်လာသည်။ ဘွဲ့ရ၊ အရာရှိ စသည်တို့ထက် ကိုကြည်ဖြိုး၏ အသွင်အပြင်၊ အနေအထိုင်၊ အပြောအဆိုတို့ကို မိထား ပိုမိုနှစ်ခြိုက်မိသည်။ ပြီးလျှင် တစ်ယောက်အကြောင်း တစ်ယောက် ရင်းရင်းနှီးနှီး သိလာရချိန်၌ ကိုကြည်ဖြိုးမှာ မိမိနှင့် ဘဝချင်းများစွာ နီးကပ်သည့်အကြောင်းကို သိခဲ့ရကာ ပိုမိုသံယောဇဉ်ဖြစ်ရသည်။

ကိုကြည်ဖြိုးသည် တစ်ဦးတည်းသောသားဖြစ်သည်။ မိခင်မုဆိုးမ နှင့်အတူ နေရသည်။ ကိုယ်ထူးကိုယ်ချွန်ဘဝဖြင့် ကြိုးစားလာခဲ့ရာမှ ဘွဲ့ရခဲ့သည်။ နောက်တော့ ရုံးမှာ အရာရှိငယ်လာဖြစ်သည်။ သည်အကြောင်းများကြောင့် မိထားသည် ကိုကြည်ဖြိုးအား သူတကာတွေထက် အာရုံစိုက်မိသည်။ ခင်ခဲ့ မင်ခဲ့သည်။ သူက ချစ်ရေးဆိုသောအခါတွင်လည်း မိထားသည် ရက်အတန်ကြာမျှသာ စဉ်းစားပြီး အဖြေပေးခဲ့သည်။ ချစ်ကြောင်း ပြန်ကြားခဲ့သည်။

တကယ်တမ်း ပြောမည်ဆိုလျှင် အတည်ကြံသည် မကြံသည်ထား၊ မိထားကို ချစ်ရေးဆိုသူတွေ များစွာရှိသည်။ မိထားသည်လည်း မိထား အတိုင်းအတာနှင့် မိထား။ "ငါ ဆရာတော်ကျောင်းပေါ်က ကြွမ်းဆော်ချရ မတတ်"ချစ်ရေးဆိုသူတွေ များပြားခဲ့ဘိသည်။ ဆိုခဲ့သည့်အတိုင်း အချို့ကို မိထားသည် စီးပွားရေးကဏ္ဍလောက်မှာ အသုံးချဖို့ထားရုံမှအပ ငြင်းခဲ့သည်။ ပယ်ခဲ့သည်။ မိထား၏နှလုံးသားမှ ချစ်ရသူဟူ၍ တစ်ယောက်သာရှိသည်။ သူက

ကိုကြည်ဖြူ။ ကိုကြည်ဖြူကိုတော့ မိထား အသည်းနှလုံးပမာ မြတ်နိုးချစ်ခင်ခဲ့သည် အမှန်ပင်။

ဤသည်နှင့် စပ်လျဉ်း၍ ကျိန်စေချင်လျှင်လည်း ယခုအထိ ကျိန်ဆို ဖို့ မိထား ဝန်မလေး။ "အလျား ယူဇနာတစ်ထောင်၊ အနံ ယူဇနာတစ်ထောင်၊ စောက် ယူဇနာတစ်ထောင်သော အတိုင်းအတာကိုဆောင်သည့် ကျောက်ဗျာအလယ်ဝယ် စူးနစ်လျက် ကမ္ဘာတစ်သိန်းတိုင် မလွတ်နိုင်အောင် ခံရစေ သတည်း"ဟူသော ရှေးဟောင်းကျိန်စာအတိုင်း ကျိန်ဆိုပါဆိုလျှင်လည်း မိထား ကျိန်ဝံ့သည်ပင်။ "အဝီစိငရဲ၌ သံမှိုစွဲသကဲ့သို့ မြဲရပါစေသတည်း" ဟု ကျိန်ပါဆိုလျှင်လည်း မိထား ကျိန်ဝံ့သည်ပင်။ ကိုကြည်ဖြူအပေါ်၌ ချစ်ရသောအချစ်နှင့်ပတ်သက်၍ မိမိကိုယ်မိမိ တစ်ခါရုံမျှ သံသယစိတ် မရှိခဲ့စဖူး ဖြစ်ချေသည်။

သည်လိုနှင့် မိထားနှင့် ကိုကြည်ဖြူတို့ ချစ်ခဲ့ကြသည်။ နှစ်အတန်ပင် ကြာခဲ့ပြီ။ အများ၏အမြင်တွင်လည်း ဝင့်ထည်စွာနေခဲ့သည်။ ချစ်သူ သဘာဝ နေထိုင်ခဲ့ကြသည်။ နောင်ရေးအတွက် အစီအစဉ်ချခဲ့ကြသည်။ စိတ်ကူးယဉ်ခဲ့ကြသည်။ ငွေစုကြသည်။ စိတ်ကူးယဉ်အိပ်မက်ကမ္ဘာသည် မိထားတို့အဖို့ သာတောင့်သာယာရှိခဲ့သည်။ အများကလည်း ကိုကြည်ဖြူ နှင့် မိထားတို့ တကယ်တမ်း လက်ထပ်ဖြစ်ကြလိမ့်မည် ထင်သည်။ သည် အတိုင်း ယုံကြည်ကြသည်။ သို့စဉ်လျက် ကိုကြည်ဖြူသည် 'ငြိမ်'နှင့် အလျင်စလို လက်ထပ်သွားခဲ့ပေသည်။ ထားပါ။ မိထား အပြစ်မဆိုလိုပါ။ သူ မကြင်လျှင် ကိုယ်က စိမ်းစတမ်း။

မည်သို့ဆိုစေ သည်တစ်ကြိမ်မှာ အချစ်ရေး၌ ဆုံးရှုံးရသော်လည်း တစ်နေ့သောအခါ သူ့လိုချစ်ရသူမျိုး မိထားဘဝ၌ ပေါ်ပေါက်နိုင်သည်။ မိထား၏အသက်က ခုနစ်ဆယ်၊ ရှစ်ဆယ်မဟုတ်။ မိထား၏အလှက မီးလောင်သစ်ငုတ်ပေါ်မှ မျောက်မပုံမျိုးမဟုတ်။

ငြိမ် ဆိုသူကလည်း အခြားသူမဟုတ်။ မိထားနှင့် ရင်းနှီးသူပင်။ တစ်ရုံးတည်းသူချင်း အတူတူပင်။ မိထားထက်မပိုသည့်တိုင် အောက်မကျသော အလှပိုင်ရှင်။ ထူးခြားသည်က ငြိမ်သည် ကိုကြည်ဖြူနှယ်ပင် ဘွဲ့ရ၊ အရာရှိငယ်။

ရုံးမှာလည်း သတင်းမွှေးပါသည်။ ငြိမ်ဆိုသည့်အမည်နှင့် လိုက်ဖက်စွာ တည်ငြိမ်သည်။ ဣန္ဒြေရသည်။ ဗိုင်းကောင်းကျောက်ဖိနေသည်။ ငြိမ်တို့ ရုံးခန်းထဲဝင်လာပြီဆိုလျှင် မျက်လွှာကလေးချထားတတ်သည်။ ကိုယ်ပိုင်ကားနှင့် ရုံးတက်သူမို့ မိထားတို့လို လမ်းအလယ်မှာ ဣန္ဒြေပျက်ရခြင်းမျိုး မရှိခဲ့။ ရုံးမှာဆိုလျှင်လည်း လေသံမျှပင် စကားပြောတတ်သူ။ မိမိ၏ ပတ်ဝန်းကျင်ကို ဆယ်ပေပတ်လည်ထက်ပို၍ မျက်စိမထားတတ်သူ။ အေးလေ၊ သူနေရသည့်အခန်းကလည်း ဆယ်ပေပတ်လည်အခန်းမဟုတ်လား။

ကိုကြည်ဖြူနှင့် ငြိမ်ဆိုတော့ အလှချင်း နတ်ဖက်ပါသည်။ တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့် ဆိုရပါမည်။ မိမိကိုစွန့်ပစ်ကာ

ငြိမ်နှင့်လက်ထပ်သွားခြင်းအတွက် ကိုကြည်ဖြူ အပေါ် မိထား စိုးစဉ်းမျှ မနာကြည်း။ ဝမ်းမနည်း။

သို့ပေမယ့် ကိုကြည်ဖြူရေးလိုက်သော မိထားအတွက်စာကမူ မိထား၏ မာနကိုလည်း ပုတ်ခတ်သည်။ မိထား၏ရင်ကိုလည်း နာကျင်စေသည်။ မိထားမှာ အရယ်ရခက်၊ အငိုရခက်၊ အပြုံးရခက်၊ အမဲ့ရခက် ဖြစ်ရသည်။

ကိုယ်က တစ်မျိုးကောင်၊ ကိုယ်ချစ်ရတဲ့သူဟာ သန့်ရှင်းစေချင်တယ်။ စင်ကြယ်စေချင်တယ်။ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်လို့ ခွင့်လွှတ်နိုင်တဲ့အင်အား ကိုယ့်မှာမရှိဘူး။ ငယ်ငယ်ကတည်းကပဲ သူငယ်ချင်းတွေနဲ့ စကားနိုင်လုပြောတဲ့နေရာမှာတောင် "ကိုယ်ချစ်တဲ့သူဟာ စစ်စစ်မြည်တဲ့ အပျိုဖြစ်ရမယ်"လို့ ပြောခဲ့တယ်။ ဒီအတိုင်း သန္နိဋ္ဌာန်ချခဲ့တယ်။

ထားကို ကိုယ် ဘယ်လိုယုံရမလဲ။ ထားရဲ့စကားတွေကို ကိုယ် ဘယ်လိုလက်ခံရမလဲ။ ထားရဲ့သတင်းတွေက ပတ်ဝန်းကျင်မှာ မွှေးလှတယ် ထား။ ဒဿဂီရိလို မျက်နှာများလှတဲ့မိန်းမတစ်ယောက် ဟာ ကိုယ်ဖြစ်စေချင်တဲ့ အမျိုးအစားလို့ ဘယ်သူက အာမခံနိုင်မှာလဲ။ ထားနဲ့ပတ်သက်တဲ့ သတင်းတွေကြားရချိန်မှာ ကိုယ့်အသည်းဟာ ရှစ်စိတ်ရှစ်မွှာကွဲခဲ့ရတယ် ထား။

ဤသည်မှာ ကိုကြည်ဖြူက မိထားထံ သူ ငြိမ်နှင့်လက်ထပ်မည့်နေ့က ရေးလိုက်သောစာဖြစ်သည်။ မိထားအား အဘယ်ကြောင့်စွန့်ပစ်ရကြောင်း ပြန်တမ်းလည်းမည်မည်ထင်သည်။ သည်စာအတွက် မိထားတို့ နေမထိထိုင်မသာ ဖြစ်ရခြင်းဖြစ်သည်။

မိထား မျက်နှာများခဲ့သည်ကို မငြင်းလိုပါ။ မိထားမှာ ရည်းစားတစ်ပုံ တစ်ပင် ရှိချင်လည်း ရှိနိုင်ပါသည်။ သို့ပေမယ့် မိထားသည် မိမိကိုယ်မိမိအဘယ်သို့ထိန်းသိမ်းရမည်ဆိုခြင်းကို နားလည်သောမိန်းကလေး တစ်ယောက် ဖြစ်သည်။

သည်ဘက်မှာ မိထားတို့ ပါးသည်။ မေမေသည် အသက်သုံးဆယ့်ငါးနှစ် မုဆိုးမဘဝသို့ ရောက်ခဲ့သော်လည်း သူ့ကိုယ်သူထိန်းခဲ့သည်။ မိထားအတွက် မေမေသည် စံပြဖြစ်ခဲ့သည်။ မိထားသည် မေမေ့လမ်းစဉ်ကိုလိုက်ခဲ့သည်။ မေမေ့အဆုံးအမဥ္စ တည်ခဲ့သည်။

မိမိ၏အလှဖြင့် ဘဝကိုတည်ဆောက်ခဲ့သည်ဆိုသော်လည်း မိထားသည် မိမိကိုယ်နှင့်ပတ်သက်၍မူ ထိန်းခဲ့သည်။ မဲ့တစ်ပေါက်မစွန်းခဲ့ကြောင်း ကျိန်ဆိုဝံ့ပါသည်။ ကိုကြည်ဖြူအား ချစ်သည်ဆိုခြင်းနှင့် ထပ်တူထပ်မျှ ကျိန်ဝံ့ပါသည်။ ကိုကြည်ဖြူရှေ့မှာလည်း တစ်ခါတစ်ခါ ကျိန်ခဲ့ဖူးပြီကော။ မယုံနိုင်သည်ကို မိထား မတတ်နိုင်။ သည်အရာမျိုးက သက်သေ ပြရန်လည်း ခဲယဉ်းခက်ခဲလှသည်မဟုတ်လား။ မိထားအနေနှင့် သူ ယုံသည် မယုံသည်ကို ဂရုစိုက်လှသည်လည်း မဟုတ်ပါ။

သို့ပေမယ့် မိထား၏အူထဲက တလိပ်လိပ်တက်လာသည်။

ပြောချင်သောစကားတို့သည် နှုတ်ဖျားမှ တရွရွရှိလာသည်။ အသည်းယားလာသည်။ အကယ်၍ ပြောနိုင်ခွင့်သာကြုံမည်ဆိုပါက မိထားသည် ကိုကြည်ဖြူအား သူငယ်ချင်းမ တစ်ယောက်အကြောင်းကို ပြောပြချင်သည်။ ဒဏ္ဍာရီ ကားမဟုတ်ပါ။

တစ်ခါက မိထားမှာ အရင်းနှီးဆုံး သူငယ်ချင်းမတစ်ယောက်ရှိသည်။ အမည်ကိုတော့ မပြောပါရစေနှင့်။ သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအား ဖြင့် ချန်ထားပါရစေဦး။

ယင်းသူငယ်ချင်းမသည် မိထားနှယ်ပင် လှ၏။ မိထားနှယ်မူ မဆင်းရဲ၊ သူက ချမ်းသာသည်။ မိဘအရှိန်အဝါ တောင့်တင်းသည်။ သူနှင့်မိထားတို့ သူငယ်တန်းမှသည် ကိုးတန်းအထိ တစ်တန်းတည်း၊ တစ်ကျောင်းတည်း၊ တစ်ခန်းတည်းမှာ အတူနေလာကြသည်။ သူသည် မိထားကို များစွာ ညှာတာသည်။ မုန့်စားချိန်၌ မိထားအတွက် မုန့်ဝယ်လာတတ်သည်။ အခမ်းအနား အလှူမင်္ဂလာဆောင် စသည်တို့ရှိလျှင် သူ့အဝတ်အစားများကို မိထားအား ပေးဝတ်သည်။ မိထားကို လက်ဝတ်လက်စား ဆင်တတ်သည်။

မိထားတို့ ကိုးတန်းအရောက်၌ သူသည် အတန်းထဲက ကျောင်းသား တစ်ယောက်နှင့် ချစ်ကြသည်။ မိထားတို့ အသိ၊ အမြင်၊ အကြား။ မိထား တားနေသည့်ကြားမှပင် ကိုးတန်းစာမေးပွဲဖြေအပြီးမှာ သူ ခိုးရာလိုက်သွား ခဲ့သည်။

သူသည် အချစ်ရေး၌ ကံဆိုးရှာသည်။ သုံးလမျှ တိတ်တဆိတ် ပေါင်းသင်းပြီးနောက် သူ့အိမ်မှ မိဘများက ရှာဖွေတွေ့ရှိသွားပြီး သူတို့ချင်း ကို ခွဲထားလိုက်သည်။ ငွေနှင့် ဂုဏ်ရှိန်ကို အသုံးပြုပြီး အမျိုးသားအား ထောင်ချလိုက်ကြသည်။ သဘောမတူဘဲ ခိုးယူပေါင်းသင်းမှု၊ အမျိုးသမီးကို တစ်နှစ်တိတိ အိမ်မှာ အကျယ်ချုပ်ထားသည်။

မိထား ဆယ်တန်းအောင်လျက် ရန်ကုန်သို့ပြောင်းခဲ့သောအခါ သူသည် ဆယ်တန်း၌ စာပြန်သင်ရင်း မြို့၌ကျန်ခဲ့သည်။ သူ့အမျိုးသားကတော့ တစ်ရပ်တစ်ရွာပြောင်းသွားရရှာသည်။

မိထား အလုပ်ရချိန်၌ သူ တက္ကသိုလ်ရောက်သည်။ တက္ကသိုလ် ရောက်တော့လည်း သူ့သတင်းက အမွှေးသား။ တစ်မြို့တည်းသူ တစ်မြို့တည်းသားချင်းတို့ ဆုံမိကြပြီဆိုလျှင် သူ့အကြောင်းပြောဖြစ်ကြသည်။ သူသည် မိဘအပေါ် စိတ်နာနာနှင့် ထင်ရာစိုင်းခဲ့ပုံရသည်။ လူတကာနှင့်တွဲသည်။ ရည်စားထားသည်ဆိုခြင်းမှာ သူ့အတွက် ခြင်ကိုက်ဖုကို ပရုတ်ဆီ တို့သည်လောက်ပင် အလေးအနက်မရှိဟု သတင်းစကားဖြစ်သည်။

မိထား မှတ်မိသေးသည်။ တစ်နေ့ သူ မိထားအိမ်သို့ရောက်လာသည်။ အခြေအနေ ဆိုးဆိုးရွားရွားနှင့် ဖြစ်သည်။ အဖြစ်ကတော့ ကလေးပျက်ကျခြင်း။ မိထားထံမှာ ခုနစ်ရက်လောက် သောင်တင်သွားခဲ့သေးသည်။ မိထား သူ့ကို ပြုစုလိုက်ရသေးသည်။ သူ တတိယနှစ်အရောက်မှာဖြစ်သည်။

နောက်တော့ နှစ်နှစ်လောက် လူချင်းမဆုံဖြစ်ခဲ့။လူချင်းဆုံမိသည့်အချိန်၌ သူသည် ဘွဲ့ရခဲ့ပြီ။ အရာရှိဖြစ်ခဲ့ပြီ။ ငွေ၊ ဂုဏ်၊ ရာထူးတို့က သူ့ဘဝအပြစ်အနာ၊ အကျိုးအပဲ့တို့ကို ဖုံးလွှမ်းပစ်လိုက်သည်။ အတိတ်သည် အတိတ်မှာသာ ကျန်ခဲ့သည်။

သူ့ကို လူတကာက အလေးထားသည်။ ဂရုစိုက်သည်။ နှစ်သက်ဟန်ပြသည်။ သည်လိုနှင့် သူသည် ဘဝတစ်ဖြစ်လဲခဲ့သည်။ သူ့ကို ပစ္စုပ္ပန်၏ သမီးပျိုအဖြစ် မိထားတို့ မြင်တွေ့ဆက်ဆံခဲ့ရသည်။

မိထားအနေဖြင့်ဆိုခဲ့သော "သူ"သည် စင်စစ် ကိုကြည်ဖြူ လက်ထပ်ခဲ့သည့် 'ငြိမ်' ဖြစ်ကြောင်း အဘယ်သို့လျှင် ထုတ်ဖော်ကြေညာနိုင်ပါအံ့နည်း။

ဝတ်မှုန်မဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၃၊ မေလ ၁၉၇၂။

ကျွန်တော်ကား အမှားများခဲ့သူဖြစ်သည်။ ထို့ကြောင့် တစ်နေ့သောအခါ ဒေါ်ကြီး ဒေါ်မမဆင့်က သူမတို့၏ အဘိုး လက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော ဆောင်ဓားဖြင့် ကျွန်တော့်အား အသေသတ်ရန် ကြိုးစားသည်ကိုလည်းကောင်း၊ ဒေါ်လေး ဒေါ်မမတင့်သည် ရဲတင်းတစ်လက်ဖြင့် စန္ဒရားအပါအဝင် အိမ်၏အဖိုးတန်ပရိ ဘောဂများ၊ မှိုင်းလုံးကော်ဇောများ၊ ခန်းဆီးများအား ခုတ်ပိုင်းဖျက်ဆီးလိုက်သည်ကို လည်းကောင်း အပြစ်တစ်စုံတစ်ရာ ပြောရန်မရှိပါ။ သူတို့တွင် သူတို့အကြောင်းနှင့် သူတို့ရှိကြသည်။ ပြောရလျှင်တော့ ကျွန်တော့်မှာလည်း ကျွန်တော့်အကြောင်းနှင့် ကျွန်တော်ပင်။

သည်အဖြစ်များ မဖြစ်မီ ခြောက်လက ကျွန်တော်သည် ညိုဝါရည် နှင့် လက်ထပ်ခဲ့သည်။ ဤသည်မှာ ပထမအမှား မဟုတ်သေးပါ။ သည့်အရင်က မှားခဲ့သောအမှား ရှိသေးသည်။ ၎င်းမှာ ကျွန်တော့် မိဘများက စိတ်ရှည်သည်းခံစွာ ကျောင်းထားပေးသည့်ကြားမှ ဆယ်တန်း စာမေးပွဲကို တတိယတစ်ကြိမ်တွင် ဖြေဆိုရန် ငြင်းပယ်လိုက်ခြင်းဖြစ်သည်။

ကျွန်တော့်ဖခင်၏ ရောင်းဝယ်ရေးလုပ်ငန်းမှာ ကျွန်တော့်အဖို့ အထင် ကြီးစရာမရှိ။ ပွဲရုံလုပ်ငန်းသည် ကုန်သည်များနှင့် စကားအချီအချပြောရပြီး အာပေါက်မတတ်လျှော်မှ ခြောက်ပြားတစ်ပဲ မြတ်သည်ဟု အထင်ရှိသည်။ မေမေ၏ ဆေးလိပ်ခုံလုပ်ငန်းမှာလည်း အများအားဖြင့် လုပ်သား မိန်းကလေးများနှင့် ဆက်ဆံရသဖြင့် မေမေသည် သည်အထဲက တစ်စုံ တစ်ယောက်နှင့် ငြိစွန်းမှာစိုးရိမ်ကာ ဝင်မလုပ်စေခဲ့။

သည်လိုနှင့် ဂစ်တာကလေးခေါက်လိုက်၊ အပေါင်းအသင်းများနှင့် လည်လိုက်ပတ်လိုက်၊ စားလိုက်သောက်လိုက် အခြေအနေတွင် ညိုဝါရည် နှင့် ကျွန်တော် ဆုံမိသည်။

ညိုဝါရည်သည် ကျွန်တော်တို့မြို့ရှိ သူ့မမ အိမ်ထောင်သည့်ထံ ကျောင်းပိတ်ရက်မှာ အလည်လာခြင်းဖြစ်သည်။ သူမသည်လည်း ကျွန်တော့်လို နှစ်ကြီးသမားဖြစ်သည်။ ဆယ်တန်းကို နှစ်နှစ်ဖြေဖူးပြီ။

ညိုဝါရည်က လှသည်။ အဝတ်အစားများမှာ ကျွန်တော်တို့မြို့အနေနှင့် ခေတ်ဆန်သည်ဆိုရမည်။ ညိုဝါရည်အပြင်ထွက်လျှင် မြို့မှ သက်တူရွယ်တူ မိန်းကလေးတို့ ငေးကြည့်ရမြဲ။ သူမ၏နောက်ကျောဆီမှာ ဝေဖန်သံများ ကျန်ရစ်မြဲ။

ညိုဝါရည်၏ ခဲအိုမှာ တစ်ဖက်မှရုံးအလုပ်လုပ်ရင်း တစ်ဖက်က ကျွန်တော်တို့ကို စေတနာအလျောက် အင်္ဂလိပ်စာသင်ပေးသည်။ သူက ဘွဲ့ရတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ လူငယ်တစ်သိုက်နှင့် ခင်မင်ရင်းစွဲရှိသည်။ ကျွန်တော့်အဖို့ကတော့ စားသောက်အိမ်ပင်။

ညိုဝါရည် ရောက်လာပြီး နှစ်ပတ်အကြာတွင် ကျွန်တော် စာပေး

ဖြစ်သည်။ သုံးပတ်အကြာ၌ ချစ်တုံ့ပြန်ခြင်း ခံရပြီး လေးပတ်၊ သို့မဟုတ် တစ်လအကြာတွင် ကျွန်တော်တို့ ရုံးတက်ကာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြသည်။

ကျွန်တော်၏ ဒုတိယအမှားသည် စတင်ခဲ့သည်။

အကြောင်းမှု ကျွန်တော်ရော ညိုဝါရည်ပါ ဆယ့်ရှစ်နှစ်ကို သီသီမျှသာ ကျော်ခဲ့ကြသေးသည်။

အသက်မွေးဝမ်းကျောင်းမှုကို မသိ။ ပတ်ဝန်း ကျင်ကို မသိ။ လောကကို မသိ၊ ဘဝကိုမသိ။

ယခုအခါကျတော့လည်း ဆင်ခြင်စရာတွေ အမြောက်အမြားရှိလာသည်။ ထိုအခါကမူ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ အချစ်သူရဲကောင်း များအသွင် အထင်ရောက်ခဲ့ကြလေသည်။

ညိုဝါရည်သည် ချစ်ဖို့ကောင်းပြီး ချစ်ဖို့လောက်သာ နားလည်သည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် သိရှိလာသည်။ လက်ထပ်ပြီး သုံးလအကြာမှာဖြစ်သည်။ ထိုအခါ ညိုဝါရည်တွင် ပဋိသန္ဓေရှိနေခဲ့ပေပြီ။

ကျွန်တော်၏ တတိယအမှားပင်ဖြစ်သည်။

ကိုယ်ဝန်သုံးလအရွယ်၌ ညိုဝါရည်က သူမ၏မိဘရပ်ထံ ပြန်လိုသည် ဟု ဆိုသည်။

စင်စစ် သူမ၏မိဘများမှာ မရှိကြတော့ပါ။ ကွယ်လွန်ပြီးဖြစ်သည်။ မွေးစားအမေများဟု ခေါ်ဆို၍ရသော အပျိုကြီး အဒေါ်နှစ်ယောက်ရှိသည်။ တစ်ယောက်မှာ ဒေါ်မမဆင့်ဖြစ်ပြီး ကျန်တစ်ယောက်မှာ ဒေါ်မမတင့်ဖြစ်သည်။ ညိုဝါရည်တို့ ညီအစ်မကို ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့ကြသည်ဟု သိရသည်။

“သူတို့ကတော့ ရည့်ကို သူတို့လိုပဲ အပျိုကြီးတွေ ဖြစ်စေချင်ကြတာပေါ့ မောင်ရယ်၊ ဒါပေမဲ့” “ဒါပေမဲ့ ရည်တို့က မနေနိုင်ကြဘူး မဟုတ်လား”

ညိုဝါရည်သည် လက်ထပ်ခဲ့ခြင်းအပေါ် လုံးဝနောင်တမရဘဲ ကျွန်တော့်ကိုလည်း လက်ထပ်ရပါမို့လားဟု ဘယ်အခါကမှ အပြစ်မတင်ခဲ့ပေ။

သို့နှင့်ပင် မေမေက ခြစ်ခြုတ်ပေးကမ်းလိုက်သော ငွေကလေးဖြင့် ကျွန်တော်တို့လင်မယား ရန်ကုန်သို့ ရောက်ခဲ့ကြသည်။ မလာမီတစ်ပတ်ကပင် ကြိုတင်ကာ ကျွန်တော်တို့ သံကြိုးရိုက်ခဲ့ ကြသည်။ သို့သော် ကျွန်တော်တို့ ဘူတာသို့ ရောက်လာသောအခါ ကြိုဆိုသူ တစ်ယောက်မျှမရှိခဲ့။

တက္ကစီဖြင့် ညိုဝါရည်၏ အဒေါ်များနေထိုင်ရာ သမိုင်းအိမ်သို့ လာရောက်ခဲ့သောအခါ အိမ်ရှိရာလမ်းသို့ ဝင်လာသောလမ်းက ကြမ်းလှသဖြင့် ညိုဝါရည်၏ဝမ်းဗိုက်ထဲမှ ကလေးအတွက် ကျွန်တော့်မှာ စိုးရိမ်ကြောင့်ကြခဲ့ရသည်။

အိမ်နှင့် ခြံဝိုင်းကို မြင်ရသောအခါ စိတ်ပျက်လက်ပျက်ဖြစ်ရခြင်းကို

ဖုံးကွယ်၍မရနိုင်အောင် ရှိရသည်။ ခြံဝိုင်းကျယ်ကျယ်တွင် ကံ့ကော်၊ ပိန္နဲ၊ သရက်၊ မရန်းလို အပင်ကြီးတွေဖြင့် အုံ့ဆိုင်း ဝေမှိုင်းနေသည်ကို တွေ့ရသည်။ ခြံအလယ်ရှိ အိမ်ကြီးမှာလည်း အိုမင်းဟောင်းနွမ်းကာ ပုံစံရိုးလှသည်။ ရေနံ့ဝနေသည့် နှစ်ထပ်အိမ်မည်းမည်းကြီးသာ ဖြစ်သည်။

ခြံဝိုင်းအတွင်း ဝင်လာမိလျှင်ပင် စိတ်မှာ မွန်းကျပ်သွားသလို ခံစားရသည်။

ညိုဝါရည်၏အဒေါ်များကို မြင်ရစေချင်သည်။ သူတို့က ကျွန်တော်တို့ကို လှိုက်လှဲပျူငှာ ကြိုဆိုခြင်းမရှိကြပါ။ သာမန်အိမ်သားတစ်ယောက် အပြင်ခဏထွက်ပြီး ပြန်လာသလို ခပ်အေးအေးပင် ကြည့်နေကြသည်။

မြင်ရုံနှင့်ပင် အစ်မကြီးဟု သိသာသည့် ဒေါ်မမဆင့်သည် ဝရှဲသော ကိုယ်ရှိသည်။ သို့သော် မိန်းမတစ်ယောက်၏ ဝရှဲမှုမျိုးမဟုတ်ဘဲ ယောကျ်ား တစ်ယောက်၏ တောင့်တင်းသန်မာပုံလို ခန့်ထည်နေသည်။

သူမသည် အညာဖျင်ကြမ်းလုံချည်ကို ခပ်တိုတိုဝတ်ထားသည်။ အနားပြာလို ပေါ်ပလင်လိုအင်္ကျီကို ရင်စေ့ချုပ်ဝတ်ထားသည်။ ငယ်ထိပ် တည့်တည့်တွင် ဆံထုံးကိုထုံးထားသည်။

သူမသည် ဆေးပြင်းလိပ်ကိုကိုက်ချီးကာ ပါးစောင်မှာ ငုံလေ့ရှိကြောင်း၊ စိတ်တိုင်းမကျမှုနှင့် ကြုံတွေ့ရလျှင် ပစ်ခနဲတံတွေးထွေးလေ့ရှိကြောင်း နောင်တွင် ကျွန်တော်သိရှိခဲ့ရသည်။

ဒေါ်မမတင့်ကား ဒေါ်မမဆင့်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သူမကား ပိုးသားပိုးဥလို ပျော့ပျောင်းကာ လေတိုးလျှင် လဲမတတ် သွဲ့သွဲ့နွဲ့နွဲ့ ဖြစ်သည်။ ရှံသားပါးပါးနှင့် ပါတိတ်လုံချည်ကို နှစ်ခြိုက်သည်။ အသက်ငါးဆယ်သီသီ ကျော်ပြီဆိုသည့်တိုင် နှုတ်ခမ်းနီရေးရေးဆိုးဆဲ၊ မိတ်ကပ်ပါးပါး ခြယ်သဆဲ။

ကျွန်တော်တို့သည် လှိုက်လှဲပျူငှာ ကြိုဆိုခြင်းမခံခဲ့ရပါ။ ညိုဝါရည်ကတော့ အဒေါ်များကို မျက်နှာချိုသွေးဖို့ ကြိုးစားခဲ့သေးသည်။

"အန်တီ၊ ဒါ ညို့ခင်ပွန်းလေ၊ ကိုသန်းဝင်းအောင်တဲ့။ မောင် ဒါ ညိုပြောနေတဲ့ အန်တီဆင့်နဲ့ အန်တီတင့်"

ကျွန်တော်၏အပြုံးသည် သူတို့၏ တည်ကြည်တင်းမာသော မျက်နှာထားများကြောင့် လျှပ်ပြက်လိုက်သလောက်ပင် မကြာလိုက်။ ပျောက်ကွယ် သွားရချေသည်။

"မိညိုဝါရည်၊ ညည်းကိုယ်ညည်းတော့ ဟုတ်လှပြီထင်သပေါ့လေ"

ဒေါ်မမဆင့်၏အသံ။

"ဘာကိုလဲ အန်တီ"

"ညည်းကိုယ်ညည်း ကမ္ဘာပေါ်မှာ အတော်ဆုံးလင်တစ်ယောက်ကို ရှာလာနိုင်ပြီ ထင်နေတယ်မဟုတ်လား"

"အို..အန်တီရယ်၊ ဒီလိုလည်းမဟုတ်ပါဘူး"

ဒေါ်မမဆင့်က ကျွန်တော့်ဘက်သို့လှည့်ကာ-

"ဒီမယ်ကွယ် သူငယ်၊ တစ်ဆိတ်လောက် ဟိုဘက်လှည့်လိုက်စမ်း

ကျွန်တော်သည် စိတ်အနှောင့်အယှက်ပြင်းစွာဖြင့်ပင် တစ်ဖက်သို့ လှည့်လိုက်ရသည်။

"အဲ...အဲ၊ ဟုတ်ပါပြီ၊ ဒီဘက်ပြန်လှည့်တော့။

ဒီမယ် ညို့ဝါရည် ယောကျ်ားဆိုတာ ပခုံးတောင့်မှ ခိုင်းလို့ကောင်းတာကွယ့်။ နွားများမှာတော့ ဘို့ကောင်းလေ အရုန်းကောင်းလေ့ဆိုတာလို"

ကျွန်တော်၏ဒေါသမှာ ပေါက်ကွဲလုနီးအခြေသို့ ရောက်သွားသည်။ ညို့ဝါရည်က ဝင်ပြောလိုက်ပါသည်။

"အို...အန်တီရယ်၊ ခုမှမြင်ရတွေ့ရတဲ့လူတစ်ယောက်ကို ဒီလောက်တောင် မနှိမ်ပါနဲ့။ သူဟာ ညို့ခင်ပွန်းဖြစ်တယ်။ မမွေးသေးတဲ့ ညို့ကလေး ရဲ့ ဖအေဖြစ်တယ်ဆိုတာကိုလည်း သတိထားပါဦး"

ဒေါ်မမဆင့်သည် တံတွေးကို ပစ်ခနဲထွေးလိုက်ကာ-

"သူ့ကြည့်ရတာ ခါးချိကလေးနဲ့ မိန်းမလျာကျနေတာပဲ ဒါကြောင့် ငါက ပြောမိတာပါ"

"လာ...မောင် "ဟုဆိုပြီး ညို့ဝါရည်က ကျွန်တော့်လက်ကိုဆွဲကာ အိမ်ထဲသို့ဝင်သည်။ ညို့ဝါရည်၏အခန်းကိုပင် ကျွန်တော်တို့ အပိုင်စား ရကြမည်ဖြစ်သည်။ ပစ္စည်းများကို နေရာမချသေးမီမှာပင် ကျွန်တော် ဆိုမိသည်။

"ဒီကိုလာတာ ကိုယ်တို့မှားတာပဲ ညို။ ကိုယ်တို့ ပြန်ကြရအောင်"

"အို...မောင်ရယ်၊ အန်တီဆင့်နဲ့ပတ်သက်လို့ သိပ်အမှတ်ထားမနေစမ်းပါနဲ့။ သူက ဒီလိုပဲ ပြောလွယ်၊ ဆိုလွယ်၊ မေ့လွယ်၊ ပျောက်လွယ်ပါ။ စိတ်ရင်းကတော့ ကောင်းတယ်ဆိုတာ နောက်တော့ မောင်သိလာမှာပါ"

တစ်အိမ်လုံးတွင် ကျွန်တော် စိတ်အဝင်စားဆုံးမှာ စန္ဒရားဖြစ်သည်။ ဂစ်တာကို တီးခတ်ဖူးသည်ဖြစ်၍ ဂီတမှာ ကျွန်တော်နှင့် မစိမ်းလှချေ။

တစ်နေ့သောအခါ ကျွန်တော် စန္ဒရားခုံမှာထိုင်သည်။ အဖုံးကိုဖွင့်ကာ စမ်းသပ်တီးကြည့်မိသည်။ စန္ဒရားမှာ အရှည်အကြာကပင် ပစ်ထားသဖြင့် အသံများကြောင်နေသည်ဟု ထင်သည်။ သိပ်တော့ ရေရေရာရာ မသိလှ။

နောက်ကျောဘက်သို့ ဒေါ်မမတင့်ရောက်လာသည်။

"ဟော့ ဟော့..မောင်သန်းဝင်းအောင်၊ ကျေးဇူးပြုပြီး မင်းရဲ့ဒေါင် ဒေါင်ဒင်ဒင်အသံကို ရပ်လိုက်စမ်းပါ။ နားအေးပါးအေး နေချင်လို့ ခုလို ချောင်ကျတဲ့နေရာမှာ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ လာနေတယ်ဆိုတာလည်း သတိပြုပါဦး"

ကျွန်တော်သည် စန္ဒရားအဖုံးကိုပစ်ချကာ ထိုင်ရာမှထခဲ့သည်။ ညို့ဝါရည်ကို မေးမိပါသည်။

"စန္ဒရားက ဧည့်ခန်းမှာ သက်သက် လူအထင်ကြီးအောင် အလှပြ

ထားတာလား ညို”

“မဟုတ်ဘူး မောင်ရဲ့၊ သေသွားတဲ့ ညို့ဦးလေးကြီးတီးတာ၊ သူက အငြိမ့်မင်းသမီးတစ်ယောက်နဲ့ ယူလိုက်တယ်။ အမွေဖြုတ်ခံရပြီး ဆင်းဆင်းရဲရဲနဲ့ သေသွားတယ်။ အမွေဆိုလို့ ဒီစန္ဒရားပဲကျန်တယ်”

စန္ဒရားသည် ကျွန်တော်တို့ထိအပ်သော အရာမဟုတ်ကြောင်း သဘောပေါက်ခဲ့ရသည်။

“ဒီလောက်အငြိုးအတေးကြီးရင်တော့လည်း ရောင်းပစ်လိုက်ဖို့ ကောင်းပါတယ်ကွယ်”

“သူတို့က ရှေးဟောင်းပစ္စည်းတွေကိုတော့ ထိန်းသိမ်းထားတတ်ကြတယ်။

ဥပမာ-ညှော်ခန်းမှာချိတ်ထားတဲ့ ဆောင်ဓားကြီးဆိုပါတော့။ ဂျပန် စစ်ဗိုလ်တစ်ယောက်ရဲ့ ဓား။

ဓားမှာ နာမည်ထိုးထားတယ်။ ဂျပန်လူမျိုးဟာ ဗမာတွေလိုပဲ ဓားကို အလွန်မြတ်နိုးကြတယ်မဟုတ်လား။ တစ်နေ့တော့ ဂျပန်တိုးရစ်တွေ သတင်းကြားတာနဲ့ ဓားကိုလာကြည့်ကြတယ်။ သူတို့ အဘိုးရဲ့ဓားပဲဆိုတာ သေချာသွားတယ်။ ရောင်းဖို့ပြောတော့ အဖိုးစားနားကတော့ မက်မောစရာပေါ့မောင်။ ဒါပေမဲ့ သူတို့က ခါးခါးသီးသီး ငြင်းလိုက်ကြတယ်။ တိုးရစ်တွေဆိုတာ လိုချင်လွန်းလို့ ဆွေ့ဆွေ့ခုန်နေတာပဲ”

“သူတို့က သတ္တိလည်း သိပ်ရှိတယ်မောင်။ အရင်က ဒီနေရာမှာ ဒီလောက် လူနေအိမ်ခြေမများသေးဘူး။ တစ်အိမ်တည်းလို အထီးတည်းပေါ့။ တစ်နေ့ ဓားပြလာတိုက်တော့ သူတို့ကိုယ်တိုင် ဓားပြနဲ့ဖက်လုံးပြီး ဓားပြတစ်ယောက်ကို ဓားနဲ့ခုတ်လွှတ်လိုက်သေးတယ်”

သည်မှာ အမှန်ပင်မပျော်ပိုက်နိုင်ခဲ့ပါ။

ညိုဝါရည်ကတော့ သူမဇာတိမို့ သူမအသိုင်းအဝိုင်းမို့ အကြောင်းသိတွေလိုဖြစ်နေကာ အဆင်ပြေအောင် နေတတ်သည်။ ပြီး သူမက အဒေါ်များကို အောက်ကျနောက်ကျခံကာ ဆက်ဆံသည်မဟုတ်။ ပြောစရာရှိ ရဲရဲပြော၊ လုပ်စရာရှိ ရဲရဲလုပ်ဆိုသည့် ပုံစံမျိုး။

တစ်နေ့တွင်တော့ ဒေါ်မမဆင့်က ကျွန်တော့်ကိုမေးလာသည်။

“မင်း ဘာအလုပ်လုပ်တတ်သလဲ မောင်သန်းဝင်းအောင်”

"ခင်ဗျာ"

“မင်းမှာ သားကျွေးမှု၊ မယားကျွေးမှုအတွက် ကြိုတင်ပြင်ဆင်ထားတာ ဘာမှမရှိဘူးလား”

“ကျွန်တော် ကျောင်းသားပါ”

“ဘုရားရေ၊ မင်းကို တို့က အခုထိကျောင်းတက်ခိုင်းပြီး စာမေးပွဲအောင်တာ စောင့်နေရဦးမှာလား”

“ရန်ကုန်နဲ့ကလည်း သိပ်မကျွမ်းတော့”

"ဒီမယ့် ယောက်ျားဆိုတာ မိန်းမထဘီရေသိနား ခိုစားဖို့ ဘယ်တော့မှ စိတ်မကူးရဘူးကွဲ့။ မင်းမှာ အဲဒီစိတ်ထားမျိုး ရှိမယ်ဆိုရင် မင်းရဲ့မိန်းမရော မွေးလာတဲ့ကလေးပါ မျက်နှာငယ်ရမှာပဲ"

"ကျွန်တော် အလုပ်တစ်ခုခုတော့ လုပ်ချင်ပါတယ်"

"မင်း ကားမောင်းတတ်သလား"

"ဟုတ်ကဲ့ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ်"

"ငါတို့မှာ ကားရှိတယ်။ ဒီကနေ့ ကြားကားတွေ ပရိုက်ဗိတ်တက္ကစီတွေ စားသာနေတယ်၊ မင်း မောင်းမလား"

"မောင်းပါ့မယ်"

"ကောင်းပြီ"

နောက်တစ်နေ့တွင် ကားဂိုဒေါင်ကို ဖွင့်ပြသည်။ အနက်ရောင်'ဖြို'ကားကြီးတစ်စီးကို တွေ့ရသည်။

"အဲဒီကားကို မောင်းပေတော့"

ကားမှာ ကြာရှည်အသုံးမပြုဘဲထားသဖြင့် စက်နှိုးဖို့ကိုပင် မနည်းကြိုးစားရသည်။ မကျွင်းနစ်ခေါ်ကာ ပြုပြင်ဆေးကြောခိုင်းရသည်။ ဘက်ထရီနှစ်လုံးပူးပြီးနှိုးမှ နိုးတော့သည်။

နောက်နေ့များတွင် ကျွန်တော့်ကို လူသူရှုပ်ထွေးသောဈေးများ၊ ရုပ်ရှင်ရုံများအနီးတွင် ကားတစ်စီးနှင့် တွေ့နိုင်သည်။

သည်မှာ ကျွန်တော်၏မေမေ ဆင်ပေးလိုက်သော နီလာလက်စွပ်ကလေး ဆုံးပါးခဲ့ရသည်။ ငါးရက်မျှ အကြာတွင်ပင် ကျွန်တော်သည် ကား ကို ဂိုဒေါင်ထဲသို့ ပြန်ထိုးထည့်ကာ သော့ကို ဒေါ်မမဆင့်ရှေ့သို့ ပစ်ချပေး လိုက်သည်။

"ဘာဖြစ်လာရတာလဲ၊ ဒါက"

"ဒီကားနဲ့သာဆိုရင် မီလျံနာတောင် ငွေလိုက်ရလွန်းလို့ မွဲသွားနိုင်တယ်။ ကားက ဓာတ်ဆီကျတော့ နွားငတ်ရေကျသလို အုပ်လိုက်တာ အလွန်ပဲ။ ပြီး ကားက ပုံစံအောက်နေတော့ ဘယ်သူကမှ မစီးချင်ဘူး။ အငှားကားလို့လည်း မထင်ကြဘူး။ ကားပြင်တာနဲ့ ဓာတ်ဆီဖိုးနဲ့ ကျွန်တော့်နီလာလက်စွပ် ရောင်းတဲ့ငွေ ကုန်သွားပြီ"

ဒေါ်မမဆင့်သည် အခန်းတွင်းဘက်သို့ လှမ်းအော်သည်။

"ညိုဝါရည်၊ အစက ငါမပြောဘူးလားဟဲ့။ ညည်းယောက်ျားက လက်ကြောမတင်းပါဘူးလို့။ ဘာအလုပ်မှ လုပ်မယ့်လူစားမျိုး မဟုတ်ပါဘူးလို့"

ညိုဝါရည်ကတော့ ကျွန်တော့်ကိုကြည့်ကာ ရယ်မောနေသည်။

"မင်းသား နွားလိုက်ခိုင်းသလို မောင့်လိုလူမှ ဒီကားမျိုးကြီး မောင်းခိုင်းတာ အန်တီဆင့်ရဲ့အမှားပဲ။ အလုပ်လုပ်စေချင်ရင် ဒါကြီးရောင်းပြီး မာဇဒါလို၊ ဖယ်မလီယာလိုကားမျိုး ဝယ်ပေးလိုက်ပေါ့ အန်တီဆင့်ရဲ့"

"အဲ့လိုဝယ်နိုင်ရင် ညည်းယောက်ျားကိုတောင် ကားမောင်းခိုင်း မနေတော့ဘူးအေ့။ တစ်သက်လုံး ထိုင်စားနေမယ်"

"အမယ်လေး၊ သိပါတယ်နော်။ အန်တီဆင့် ဘယ်သူမှမသိအောင် ငွေတွေကျိတ်စုထားတယ်ဆိုတာ"

သည်အခါမှာတော့ ဒေါ်မမဆင့် မျက်စိမျက်နှာပျက်ဖြစ်သည်။

"ညိုဝါရည်နော် ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့။ တကယ်မရှိပါဘူးအေ၊ ဘုရားစူး မိုးကြိုးပစ်ရပါစေရဲ့"

သို့သော် သူမတွင် စုငွေအချို့ရှိသည်ကို ကျွန်တော်သိသည်။ သူတို့ အိမ်ထောင်စု၏ အဓိကဝင်ငွေမှာ မြို့လယ်ရှိ ရှစ်ခန်းတွဲတိုက်ကြီးမှ တိုက်လခများဖြစ်သည်။ ထိုငွေသည် မိသားစုနေ့စဉ် စားသုံးစရိတ် ကာမိအောင်တော့ ရပေသည်။

ဒေါ်မမဆင့်တွင် လျှို့ဝှက်စုထားသော ငွေရှိသည်ကို ကျွန်တော်သိရသည်မှာ မတော်တဆဖြစ်သည်။

ရှေးဆန်သောသူများဖြစ်၍ ဘဏ်စနစ်ကို ယုံကြည်ဟန်မရှိ။ တစ်နေ့ ကျွန်တော် ရွက်လှပန်းအိုးတစ်လုံးကို နေရာရွှေ့မည်ပြုသောအခါ ပန်းအိုးအောက်မှာ ပလတ်စတစ်ဖြင့် အသေအချာထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရသည်။ ထိုအထုပ်ထဲတွင် ငွေအမြောက်အမြား ရှိနေခဲ့သည်။

ပန်းအိုးကို မရွှေ့တော့ဘဲ အသာစောင့်ကြည့်နေခဲ့ရာ ဒေါ်မမဆင့်သည် တစ်နေ့တွင် ပန်းအိုးအောက်မှ အထုပ်ကို လာယူကြောင်း တွေ့ရသည်။ အခြားတစ်နေရာတွင် ရွှေ့ထားမည်ထင်ရသည်။ သည်လိုပဲ နေရာရွှေ့ပြောင်းထားနေကျ ဖြစ်ပုံရသည်။

သည်လိုနှင့်ပင် ခြောက်လဟူသော အချိန်ကာလသည် ကျော်လွန် လာသည်။

ညိုဝါရည်သည် ကိုယ်ဝန်ရင့်မာခဲ့ပြီ။ နေ့လား၊ညလား မသိ။ မွေးဖွားတော့မည်ဖြစ်သည်။ ကျွန်တော့်သဘောကတော့ ဆေးရုံ၊ ဆေးခန်း ပြချင်သည်။ သို့သော် သူမ၏အဒေါ်များကား ဆေးရုံ၊ ဆေးခန်းကို ကြောက်ရွံ့ကြသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ ဆေးမထိုးဖူးသူများ ဖြစ်ကြသည်။

"ငါတို့အဘိုးတွေ၊ အဖေတွေလည်း လက်သည်နဲ့ပဲ မွေးခဲ့တာပဲ။ ညိုဝါရည့်အမေရော၊ ညိုဝါရည်ကိုယ်တိုင်ရော လက်သည်ကြောင့် လူ့ဘဝ ရောက်လာတာချည်းပဲ။ ဘာမှရှည်မနေနဲ့ အိမ်မှာတင်မွေး"

စိတ်ထဲမှာ မကျေနပ်လှသော်လည်း ကျွန်တော် ဘာမျှမတတ်နိုင်ပါ။ ကျွန်တော့်လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မျှ မရှိ။ သို့သော် ညိုဝါရည်ကလည်း သူတို့မိသားစုမှာ မွေးဖွားရာတွင် လွယ်ကူသူချည်းဖြစ်ကြောင်းနှင့် နှစ်သိမ့်သည်။

ကျွန်တော့်တွင် စိတ်သက်သာရာ တစ်ရပ်သာရှိသည်။ ယင်းမှာ ညိုဝါရည်၏ အဒေါ်များသည် ကျွန်တော့်အပေါ် ကျေနပ်ဟန် မပြသော်လည်း

ညို့ဝါရည်ကို လက်ထပ်ခဲ့ခြင်းကိုမူ တစ်ခါမျှ အပြစ်မဆို ခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်သည် ဒေါ်မမတင့်၏ ထူးခြားသောအမူအကျင့်ကို ရိပ်စားမိလာသည်။ သူမက ကျွန်တော့်ကို အိမ်တစ်အိမ်သို့ ကားမောင်းပို့ခိုင်းသည်။ ထိုအိမ်တွင် ကြေးကြီးဝိုင်းတစ်ဝိုင်းရှိနေကာ ဒေါ်မမတင့်သည် ထိုဝိုင်း၌ ပါဝင်ကစားခဲ့ပေသည်။

"မမဆင့်ကို ပြန်မပြောနဲ့နော်"

ဒေါ်မမတင့် နှုတ်ပိတ်ခဲ့သည်။

ညို့ဝါရည် နေ့လား ညလား မွေးဖွားတော့မည့်အချိန်တွင် ကျွန်တော်သည် ငွေကိုကြိုးစားရှာဖွေရန်အတွက် မြို့ထဲသို့ နေ့စဉ်နှင့်အမျှ ထွက်သည်။ အလုပ်ရှာဖို့ကား မဟုတ်ပါ။ မိတ်ဆွေများကို ရှာဖွေပြီး အကူအညီ တောင်းရန်ဖြစ်သည်။

ဖြစ်ချင်တော့လည်း ဖေဖေနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တိုးသည်။ ဖေဖေက ကုန်လာဝယ်ရာမှ အပြန်ဖြစ်သည်။ မြို့တွင်ရှိစဉ်က စောစီးစွာ အိမ်ထောင်ပြုခြင်းအတွက် ဖေဖေက မကျေနပ်ခဲ့။ စကားမပြောဘဲနေသည်။ ညို့ဝါရည်မြို့တွင် မနေလိုသည်မှာ ဤအကြောင်းကလည်း တစ်ကြောင်း အနေနှင့် ပါဝင်သည်။

ဖေဖေသည် အဝတ်များ ညစ်နွမ်းနေသော ပိန်လှီညှိုးချုံးနေသော ကျွန်တော့်ကိုကြည့်ကာ-

"ဘယ်လိုလဲဟေ့၊ နှာခေါင်းကျည်ပွေ့ တွေ့နေပြီလား ငါ့သား"

"ဟုတ်ကဲ့ ဖေဖေ၊ သားမှားပါတယ်၊ သိပ်ကိုမှားခဲ့ပါတယ်"

"အေး...လူဆိုတာ လက်တွေ့မပါဘဲ ပညာချည်းပေးနေလို့လည်း အလကားပဲကွ။ လက်တွေ့ပါလာတော့မှ ဘဝဆိုတာ ထင်သလောက် မလွယ်ဘူးဆိုတာ သဘောပေါက်လာကြတာပဲ။ ခုတော့ ငါ့သား အတန်းစာမေးပွဲ မအောင်ပေမယ့် ဘဝစာမေးပွဲတော့ အောင်ပြီဆိုပါတော့ကွာ"

ကျွန်တော်သည် ဖေဖေ့ကို ဘူတာသို့လိုက်ပို့သည်။ ဖေဖေ့အား စကားပြောလိုသော်လည်း လည်ချောင်းမှာ တစ်ဆို့နေသလိုရှိသည်။ ပြော မထွက်ဘဲရှိနေသည်။

ရထားထွက်ခါနီးတွင် ဖေဖေက အလိုက်သိစွာမေးလာသည်။

"မင်းမှာ ငွေမလိုဘူးလား"

"လိုပါတယ် ဖေဖေ၊ သိပ်ကိုလိုပါတယ်။ ညို့ဝါရည်ကလည်း မွေးခါနီး ဖွားခါနီး ဖြစ်နေတော့"

"ဟား ဟား...ခလုတ်ထိတော့ အမိတပြီပေါ့ကွာ။ ငါလည်း ကုန် တွေဝယ်လိုက်လို့ ငွေသိပ်မပါတော့ဘူး။ ဒါပဲရှိတယ်၊ ဒါပဲယူထားလိုက်"

ဖေဖေက ငွေတစ်ထပ်ကို လက်ထဲထိုးထည့်ပေးသွားသည်။

ရထားထွက်သွားသည်ကိုကြည့်ရင်း အရေးအကြောင်းဆိုတော့လည်း

မိဘဟူသည် မစိမ်းကားရက်ပါလားဟု တွေးမိသည်။

ငွေစက္ကူကို ရေတွက်ကြည့်တော့ တစ်ထောင်ကို အစိတ်သာလျော့သည်။ ဝမ်းသာအားရနှင့်ပင် ဖြစ်ပါသည်။

အဝတ်အစားဆိုင်များသို့ ပြေးသည်။ ကလေးအတွက် အဝတ်အစား အချို့ဝယ်သည်။ အလှကုန်ဆိုင်မှ ဝိုင်အိုလက်ပေါင်ဒါ၊ ဂရိုက်မစ်ချာ စသည်၊ သစ်သီးတန်းမှ စပျစ်သီး၊ လိမ္မော်သီးတပွေ့တပိုက်ကြီးဝယ်သည်။ တက္ကစီငှားပြီး အိမ်သို့ပြန်လာခဲ့သည်။

သည်မှာ ပြဿနာသည် ကျွန်တော့်ကိုဆီးကြိုနေသည်။ အိမ်အတွင်းမှ အသံဗလံအချို့ ထွက်ပေါ်လာနေသည်။

အိမ်နီးနားချင်းမိန်းမတစ်ယောက်သည် မျက်နှာပျက်ပျက်နှင့် အိမ်ထဲမှ ထွက်လာသည်။

"ဘာဖြစ်သလဲ ဒေါ်ဖွားခင်၊ ညိုဝါရည်..."

"ညိုဝါရည် မွေးတော့မယ်၊ ဒါပေမဲ့ သူ့အဒေါ်တွေကတော့ ဒေါသူပုန် ထနေကြလေရဲ့"

"ဘာအတွက်လဲ"

"မမဆင့်စုထားတဲ့ ငွေတွေ ပျောက်သွားတယ်"

စိတ်လက်လေးလံစွာ အိမ်အတွင်းဝင်လိုက်သည်။ ပိုးသားလိုနုနယ်ပျော့ပျောင်းသော ဒေါ်မမတင့်၏လက်မှာ ရဲတင်းကို ကိုင်ထားသည်။ စန္ဒရားမှာ ရဲတင်းဖြင့်အခုတ်ခံထားရသည်။ ပရိဘောဂအချို့ ကျိုးပဲ့နေသည်။ ခန်းဆီးစများ စုတ်ပြဲနေသည်။

"ဒီမယ် မိဆင့်၊ ညည်းမှာ မာနရှိသလို ငါ့မှာလည်း မာနရှိတာပဲ။

ကိုယ်နဲ့မဆိုင်တဲ့ပိုက်ဆံကို ခြူးတစ်ပြားတောင်မယူဘူးမှတ်ပါ။ ငါ့ကို မစမ်းနဲ့နော်၊ လူပျော့ပေမယ့် ငါ့စိတ်က သံမဏိထက်မာတယ်"

ဒေါ်မမတင့်သည် ဒေါသတကြီးပြောရင်း ရဲတင်းဖြင့် မြင်ကရာကို ခုတ်နေသည်။

ဒေါ်မမဆင့်သည် နတ်ဝင်သလိုတုန်နေသည်။ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖျော့နေသည်။ မျက်ဝန်းမှာလည်း မျက်ရည်စတွေနှင့်။ "ဒီပိုက်ဆံကို ငါ့ဘဝတစ်ခုလုံးအတွက် သိမ်းထားတာ၊ ငါ အိုမင်းတဲ့အထိ၊ ငါသေတဲ့အထိ သုံးသွားဖို့ အနှစ်နှစ်အလလက စုထားရတာ။ နင် ခိုးပြီး ဖဲဝိုင်းမှာရှုံးပစ်တာနေမှာပဲ"

"ငါမယူဘူး"

"နင်မယူရင် ဘယ်သူယူမလဲ"

သည်အခိုက် ကျွန်တော်သည် အခန်းဝသို့ရောက်လာသည်။ လက်ထဲမှာ ပစ္စည်းတစ်ပွေ့တစ်ပိုက်ကြီးနှင့် ဖြစ်သည်။ ညီအစ်မနှစ်ယောက်အကြည့်သည် ကျွန်တော့်ကိုယ်ပေါ်သို့ တိုက်ရိုက် ကျရောက်လာသည်။ ကျွန်တော်သည်

ဘာပြောရမည်မသိသလို ကြောင်အမ်းနေသည်။

"သူနေမှာပဲ"

ဒေါ်မမတင့်၏အသံ။

"ဟုတ်တယ်၊ သူပဲနေမှာပဲ။ သူ ညည်းရဲ့ပိုက်ဆံတွေခိုးပြီး သူ့မယား အတွက် ပစ္စည်းတွေဝယ်လာတာ မတွေ့ဘူးလား"

ဒေါ်မမဆင့်သည် ထိုင်ရာမှထရပ်လိုက်သည်။ သူ၏အကြည့်သည် ကျွန်တော့်ကို ဖောက်ထွင်းသွားတော့မလိုရှိသည်။

"ဟုတ်တယ်၊ နင်ပဲ။ နင်ပဲ ငါ့ငွေတွေခိုးမှာ။ ခုတော့ လက်ပူးလက် ကြပ်မိပြီ။ ရောက်ကတည်းက ဖြုံဖြုံမှ့တဲ့အကောင် နင့်ကို အရှင်မထားဘူး"

ကျွန်တော်သည် မင်သက်မိနေသလိုဖြစ်သည်။ ပါးစပ်မှာ အာစေး ထည့်ထားခြင်း ခံရသလိုဖြစ်သည်။

ဒေါ်မမဆင့်သည် နံရံမှ ဆောင်ဓားကြီးကို ဖြုတ်ယူလိုက်သည်။ သူမ၏ဗလကြီးဖြင့် ဓားကို ခေါင်းပေါ်သို့မြှောက်ကာ ကျွန်တော့်ထံ ပြေးဝင် လာသည်။

ကျွန်တော်၏မျက်လုံးများ ပြာသွားသည်။ ဦးနှောက်သည် အရာရာ ကို လိုက်မမီနိုင်အောင် ရှုပ်ထွေးတုံ့ဆိုင်းသွားသည်။

သည်အခိုက် ကျွန်တော့်နားမှာ အသံတစ်သံ ကြားရသည်။

"အူဝဲ... အူဝဲ... အူဝဲ"

ကလေးငိုသံ။

ဒေါ်မမဆင့်သည် ဓားကြီး မြှောက်ကိုင်ထားရင်းတန်းလန်း ခြေလှမ်းတုံ့သွားသည်။

ရုတ်ချည်းမှာပင် ကျောက်ရုပ်ကြီးလိုဖြစ်သွားသည်။

နောက်ကျောဆီမှ အသံကြားရသည်။

မွေးဖွားပေးနေရတဲ့အထဲ "အမယ်လေးဟဲ့ ဒီမှာ သေရေးရှင်ရေးတမျှ မွေးဖွားပေးနေရတဲ့အထဲ အိမ်ရှေ့ခန်းမှာ သူတို့က တစ်မှောင့်၊ ညိုဝါရည်မွေးပြီ၊ ယောက်ျားကလေးပဲ"

"ဟယ် .. ယောက်ျားလေး"

ဒေါ်မမဆင့်နှင့် ဒေါ်မမတင့်တို့ အိပ်မက်ထဲမှာ ရေရွတ်သလို ပြိုင်တူ ရေရွတ်လိုက်ကြသည်။ ဓားကိုလည်းကောင်း၊ ရဲတင်းကိုလည်းကောင်း ပစ်ချ လိုက်ကြသည်။

ညိုဝါရည်ရှိသည့် အိမ်အတွင်းခန်းဆီသို့ အလုအယက် ပြေးဝင်သွားကြသည်။ နောက်တစ်နေ့တွင် ဒေါ်မမဆင့်၏ငွေကို သူမထားနေကျနေရာများ အနက် တစ်နေရာမှ ပြန်လည်ရှာတွေ့သည်။

ကျွန်တော့်သားကို ကျွန်တော်က"ချိုး"(ဂျိုး)ဟု အမည်မှည့်ခေါ်သည်ကိုလည်း မည်သူကမျှ ဆန့်ကျင်ကန့်ကွက်ခြင်း မပြုခဲ့ကြပါ။

ငွေတာရည်မဂ္ဂဇင်း၊ ၁၉၇၉၊ (နိုင်ငံတကာကလေးများနှစ်)။

"ရှုမဆုံးတော့သည်၊ စိမ်းလဲ့လဲ့နှစ်စဉ်၊ လယ်ကွင်းတွေက တမျှော်တခေါ် စိုပြည်လွင်၊ ရိတ်သိမ်းချိန် ဆိုပြန်လျှင်၊ ဝင်းမှည့်ရွှေစင်အိသို့ပင်၊ စပါးနှံတွေနဲ့ အသီးတွေ သန်မြန်အောင်မြင်"

အလှူအိမ် အသံချဲ့စက်ဆီမှ သီချင်းသံသည် လေတွင် ဝေ့ဝဲလိုက်ပါလာသည်။

ပုလဲမသည် တေးသံကို နားစွင့်ရန် ကိုယ်ကိုမတ်လိုက်သည်။ ခါးထဲမှ ဂျွတ်ခနဲမြည်သွားသည်။ ခါးသည် ကိုက်ခဲနာကျင်နေသည်။ သို့အတွက် ခါးကို လက်နှစ်ဖက်နှင့် နာနာလေးဖိထားလိုက်ရသည်။

ရှေ့တူရူတွင် စိမ်းမြသောလယ်ကွင်းပြင်ကြီးရှိသည်။ ပီဘိ မြကတ္တီပါ ကော်ဇောကြီး ဖြန့်ခင်းထားသည့်နှယ်ဖြစ်သည်။ သို့မဟုတ် မြစိမ်းရောင် ပင်လယ်ပြင်ကြီး။ ရှု၍မဆုံးနိုင်ပါ။ ကြည့်၍မဝနိုင်ပါ။

ပုလဲမတို့၏ လက်ရာဆိုလျှင်လည်း ဖြစ်နိုင်သည်။ တစ်မိုးလုံး ရုန်းကန်စိုက်ပျိုးခဲ့ရသည့် လယ်ကွင်းပြင်။ ယခုတော့လည်း သန်မြန်အောင်မြင်ကာ မြရည်အသွေးဖြင့် တင့်တယ်လွန်းနေသည်။

လတ်ဆတ်သန့်ရှင်းသောလေကို တစ်ဝကြီး ရှိုက်သွင်းလိုက်သည်။

သက်ပြင်းချခြင်းနှင့်အတူ လေကိုပြန်မှုတ်ထုတ်လိုက်မိသည်။

အော်၊ ဘာလိုလိုနှင့် "ဆပ်သွားတော"သို့ ပြန်ရောက်ခဲ့သည်မှာ ခြောက်လမျှ ရှိပါပကော။

"ပုလဲမရေ၊ ပုလဲမ"

နောက်ကျောဘက် ခပ်လှမ်းလှမ်းဆီမှ ခေါ်သံကြားရသည်။

လှည့်ကြည့်လိုက်သောအခါ ရွာထိပ်စမ်းချောင်း ရေစပ်စပ်ကို ဖြတ်ကျော်လာသည့်အမေ့ကို တွေ့ရသည်။

"ဘာလဲ၊ အမေ"

"စာတစ်စောင် လာတယ်"

"ဟုတ်တယ်"

"ဘယ်ကစာလဲ၊ ကျွန်မဆီ ဘယ်ကစာမှ လာ စရာမရှိပါဘူး"

"ညည်းနာမည်နဲ့လာတာပဲ၊ ညည်းကလွဲလို့ တို့ဆီကို စာလာစရာ အကြောင်း မရှိပါဘူးအေ"

ကိုဇော်ဆီကများလား။

ပုလဲမ၏ရင်သည် ခုန်သွားသည်။ နွေးသွားသည်။

"စာပါသလား အမေ"

"မပါခဲ့ဘူး၊ အိမ်မှာပဲ။ ညည်း ထမင်းစားပြန်လိုက်ဦးလေ။ ဒီမှာ ဘာတွေဆက်လုပ်ရမလဲဆိုတာ ပြောခဲ့ပေါ့"

“ကန်စွန်းတွေ ချနေတယ်အမေ၊ ဆက်ချလိုက်ပေါ့။ ပြီးရင်တော့ စည်းရိုးမှာ အာဒါလွတ်ကိုင်းတွေ လျှောက်ထိုးမယ်လို့ စိတ်ကူးတယ်”

“ကောင်းပါပြီအေ”

စမ်းချောင်းရေစပ်စပ်ကိုဖြတ်ပြီး ရွာထဲသို့ ဝင်လာခဲ့သည်။ ဘဲအုပ်သည် ပုလဲမကိုလန့်ပြီး တိမ်းရှောင်သွားကြသည်။ ရင်မှာ ပူနွေးကာ ခုန်နေလင့်ကစား မမျှော်လင့်ရဲ။ မမျှော်လင့်ဝံ့သည့် စာတစ်စောင် ဖြစ်နေမလားဟုသော တောင့်တချက်ကို ထားနေမိသည်တော့ အမှန်။

အိမ်သို့ရောက်သောအခါ ဖိနပ်ချွတ်သို့ တင်ပါးလွှဲခုန်တက်လိုက်သည်။

“ဟဲ့...ဘယ်သူလဲ”

မျက်စိမမြင်ရသော အဘွားက လှမ်းမေးသည်။

“ကျွန်မပါ အဘွား”

“ပုလဲမလား”

"အင်း..."

“စာတစ်စောင်လာဆို”

“အမေပြောတာပဲ”

“ညည်း ဦးဦးတို့ဆီကနဲ့ တူပါတယ်”

“ဟုတ်မယ်ထင်တာပဲ”

စာကို အလွယ်ပင်တွေ့ရသည်။ ကွမ်းအစ်ဘေးတွင် ထုံးဘူးဖြင့် ဖိထားသည်။ စာကိုဆွဲယူသည်။ တကယ်ပင် ရင်ခုန်ရပါပြီ။

လက်ရေးက ကိုဇော်လက်ရေး။

ပုလဲမ စာကို အလျင်စလိုဖောက်လိုက်သည်။

ချစ်တဲ့ ပုလဲမ

ရက်စက်စိမ်းကားလှချည်လားကွယ်။

ကိုဇော်ရောက်လာတော့ ပုလဲမ အိမ်ကထွက်သွားပြီဆိုတာ သိရတယ်။

လိပ်စာလည်း ပေးမထားခဲ့ဘူး။

လိုက်လည်းမလာခဲ့ပါနဲ့လို့ မှာထားတဲ့အကြောင်းလည်း သိရတယ်။

ပုလဲမက ပြတ်နိုင်ပေမယ့် ကိုဇော် ပုလဲမကို မပြတ်နိုင်ဘူး။

မင်းကို ကိုဇော် တကယ်ချစ်တာပါ။

ဘယ်သူတွေဘာပြောပြော၊ ကိုဇော် ဂရုမစိုက်ဘူး။

ပတ်ဝန်းကျင်ကိုလည်း ရင်ဆိုင်ရဲတယ် ပုလဲမ။

အကောင်းဆုံးကတော့ ပုလဲမ ပြန်လာခဲ့ပါ။

ကိုဇော်ကိုယ်တိုင်လာခေါ်ပါဆိုရင်လည်း လာခဲ့မယ်။

ဒီစာကို ရင်တထိတ်ထိတ်နဲ့ ရေးလိုက်ရတယ်။

ပုလဲမလက်ထဲ ရောက်မှ ရောက်ပါ့မလားလို့။
ပုလဲမ ပြောတာကို မှန်းပြီး လိပ်စာ တပ်လိုက်ရတယ်။

ပုလဲမသည် စာမှကျော်ကာ အဝေးသို့ငေးနေလိုက်မိသည်။

ရင်ဝယ် ဝမ်းသာရခြင်းအစား ဝမ်းနည်းကြေကွဲရခြင်းက နေရာယူလာသည်။

ဪ...ကိုဇော်ရယ်။

ရင်ထဲက လှိုက်လှဲစွာ မြည်တမ်းလိုက်မိသည်။ လေတိုးခံနေသော ဝါးရုံပင်ထိပ်ဖျားများသည် နွဲ့ကာ၊ တိမ်းကာ၊ ယိမ်းကာ၊ ညွတ်ကာနှင့်။

“ညည်းသိတဲ့အတိုင်းပါပဲ ပုလဲမရယ် အမေလည်း ဘယ်မှာ ခွဲချင်ပါ့မလဲ။ ဒါပေမဲ့ ညည်းရဲ့အဘွားကလည်း မမာ၊ အမေ့မှာလည်း ကိုယ်လေး လက်ဝန်နဲ့။ အိမ်မှာလည်း ညည်းအဖေတစ်ယောက်တည်း လုပ်စာနဲ့ မဝလင်တော့ဘူး။ ဒါကြောင့် ခွဲရမှာပါ”

အဝေးပြေးဘတ်စ်ကားပေါ်မှာ ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်ဘဲ ငိုရှိုက်လိုက်ပါလာသည့် ပုလဲမကို အမေက တတွတ်တွတ်ချော့မော့နေသည်။ ဆပ်သွားတောမှ အထွက်ကတည်းက ပုလဲမမှာ မျက်ရည်မထိန်းနိုင်။ ဝါးရုံတို့ဖြင့် စိမ်းမြိုင်အုပ်ဆိုင်းနေသည့် ဇာတိရွာကလေးသည် ဝေး၍ ဝေး၍ ကျန်ခဲ့သည်။ အဘွား၊ အဖေ၊ အမေနှင့်မောင်ငယ်၊ ညီမငယ်များကိုသာမက ကစားဖော်လှရီ၊ ငွေယုံ၊ နှင်းနုတို့နှင့်လည်း ခွဲခဲ့ရပြီဆိုခြင်းကို သဘောပေါက် လာသည်။

“ညည်း သွားနေရမယ့်အိမ်ရှင်တွေကလည်း သဘောကောင်းတယ်လို့ ပြောပါတယ်အေ။ ပြီး ရန်ကုန်နဲ့ ဆပ်သွားတော ဘာဝေးတာမှတ်လို့၊ အမေလည်း မကြာခဏ လာမေးမှာပေါ့” အမေက နှစ်သိမ့်ပေမယ့် ပုလဲမမှာ မပြေနိုင်။ လွမ်းရခြင်းထက် သူစိမ်းတစ်ရံဆံတို့ထံမှာ နေရမည်ကို စိုးထိတ်ကြောက်ရွံ့နေမိသည်။ သည်စဉ်က ပုလဲမ၏အသက်မှာ ဆယ့်နှစ်နှစ်။ ဆယ်နှစ်အရွယ် ကျောင်းထွက်ခဲ့ရစဉ်ကလည်း သည်သို့ တစ်ကြိမ် ငိုခဲ့မိသေးသည်။ သည်တုန်းကလည်း အမေပဲအပြောကောင်းခဲ့သည်မဟုတ် လား။ အကြောင်းအမျိုးမျိုးပြခဲ့သည်မဟုတ်လား။

“မိန်းကလေးပဲအေ၊ သေစာရှင်စာ တတ်ရင် တော်ရောပေါ့”

အဘွားကလည်း ဝင်၍ပြောခဲ့သေးသည်။ စာတစ်လုံးမျှမတတ်သည့် အဘွားကတော့ ပြောအားရှိမှာပေါ့။ ခုတော့ ရွာနှင့် မိသားစုနှင့်ခွဲခွာကာ ထွက်လာခဲ့ရပြန်ပြီ။ အမေကတော့ “ပုလဲမကို ရန်ကုန်မှာ ခဏသွားထားမလို့”ဟု ဆိုခဲ့သေးသည်။

သို့သော် နှင်းနုက...

“ပုလဲမ၊ နင့်ကို နင့်အမေက အိမ်ဖော်အဖြစ်နဲ့ ရန်ကုန်ပို့မလို့ဆို” မေးခဲ့သည်။ သည်စဉ်ကတည်းက 'အိမ်ဖော်'ဆိုသော စကားလုံးသည် ပုလဲမ၏ နားသို့ ခါးသီးပူလောင်စွာ ဝင်ရောက်သွားသည်။ အိမ်ဖော်၊ အိမ်ဖော်။

အစေခံဆိုသည်ကို နားခံသာအောင် တစ်ဖက်လှည့် ပြောင်းလဲထားသော စကားလုံး။ မထူးပါဘူး၊ အစေခံဆိုတာလည်း အစေခံ၊ အိမ်ဖော်ဆိုတာလည်း အစေခံပါပဲ။ ပုလဲမ ထင်ထားခဲ့သည်။

မိမိအား အိမ်ဖော်အဖြစ် ရန်ကုန်ရှိ အိမ်တစ်အိမ်သို့ ပို့တော့မည်ဆိုခြင်းကို အလွန်နီးကပ်သောရက်ကျမှ အမေက ဖွင့်ပြောခဲ့သည်။ ငွေရမည် ဆိုခြင်းထက် အမေသည် မိမိကို မကျွေးမမွေးနိုင်၍ အဝတ်အစားမဆင်နိုင်၍ ပို့ခဲ့လေသလား၊ ပုလဲမ တွေးသည်။ ဆယ့်နှစ်နှစ်သမီး ရှိလာပြီဖြစ်သော ပုလဲမသည် ရွာလမ်းမမှာ သူငယ်ချင်းတွေနှင့် ပြေးလွှားဆော့ကစားရင်း အစားအသောက် ကြမ်းလာသည်အမှန်။ အဝတ်အစားကိုလည်း တပ်မက်လာတတ်ပြီ။ "အမေ ဘယ်သူကဖြင့် ဘယ်လုံချည်ဝယ်ပြန်ပြီ။ ဘယ်သူကဖြင့် ဘယ်အင်္ကျီချုပ်ပြန်ပြီ။ သမီးဖို့လည်း ဝယ်ပေးနော်'ပူဆာတတ်မြဲ။ ထိုအခါ ဝယ်ခြမ်းပေးနိုင်စွမ်း မရှိသောအမေသည် ပုလဲမ၏ အလိုက်ကမ်းဆိုးမသိတတ်မှုအတွက် စိတ် အနှောင့်အယှက် ဖြစ်ရမြဲပင်။ ထို့ကြောင့်လည်း မိမိကို ရန်ကုန်သို့ အိမ်ဖော်အဖြစ်ပို့တော့မည် ဆိုသောအခါ ပုလဲမသည် -

"သမီး ထမင်းတွေလည်း သိပ်မစားတော့ပါဘူး အမေ၊ အဝတ်အစားလည်း မပူဆာတော့ပါဘူး။ သမီးကို မပို့ပါနဲ့နော်" ငိုယိုတောင်းပန်မိသေးသည်။

"ဒါကြောင့် မဟုတ်ဘူး ပုလဲမ။ ဒါကြောင့် မဟုတ်ဘူး"

အမေကိုယ်တိုင်သည်လည်း စိတ်မကောင်းနိုင်။ သို့သော် အခြေအနေက ရှောင်လွှဲ၍လည်း မဖြစ်။

ကောက်စိုက်ပျိုးနုတ်ရာသီ၊ စပါးရိတ်သိမ်းသည့်ရာသီတို့အကြားတွင် လက်ခစားသာဖြစ်သော မိမိတို့မှာ အလုပ်လက်မဲ့ဖြစ်ရသည်။ ဝင်ငွေ မရှိ။ အကယ်၍ ပုလဲမသွားထားမည့်အိမ်က စပေါ်ငွေကလေးဘာကလေး ရလျှင် ဤအလုပ်လက်မဲ့ရာသီ၌ ခုသာခံသာရှိမည်။ အိမ်ကလူက လူအေး။ မရှိလျှင် ရှိသမျှနှင့်စားမည်၊ နေမည်။ သူတတ်ကျွမ်းသမျှ လယ်ယာအလုပ်ကလွဲလျှင် သားရှာငါးရှာပင် ထွက်ခွာလေ့မရှိ။ ကိုယ်ပိုင်လယ်ယာ ချောင်းမြောင်းရှိသူ၊ ကျွဲနွားရှိသူ မဟုတ်တော့လည်း ရွာမှာ မျက်နှာငယ်သည်ပင်။ ပြီး ပုလဲမကို ရွာမှ အခြားသူများလို ချောင်းကြိုချောင်းကြားမှာ ဝမ်းစာရှာရမည့်အဖြစ်ကိုလည်း အမေ မလိုလား။ ပုလဲမက မွေးလာကတည်းက မျှစ်စို့ပေါက်လို ထွားထွားကြိုင်းကြိုင်း၊ ဖြိုးဖြိုးသန့်သန့်။ ထို့ကြောင့် နေ့သင့်နံသင့်မဟုတ်ပါဘဲလျက် အဘွားခေါ်နေကျ ပုလဲ အမည်ပင် တွင်နေခဲ့သေးသည်မဟုတ်လား။

အိမ်အရိပ်ထဲမှာ၊ အမိုးအောက်မှာ အလုပ်လုပ်ရသည်က နေပူစပ်ခါး ချောင်းကြိုချောင်းကြားမှာထက် သက်သာမည်ထင်သည်။ ပုလဲမက ကျောင်းစာနှစ်တန်းသာ တတ်သည်ဆိုသော်လည်း ကာတွန်း၊ ဝတ္ထုတွေ ဖတ်တတ်သည်။ အ,သုံးလုံးတွေ ရွာသို့ဝင်မလာခင်က အထိ အဘွားသည်လည်းကောင်း၊ အမေသည်လည်းကောင်း စာမတတ်ခဲ့ကြ။

အ,သုံးလုံးတွေ ရှာသို့ဝင်လာတော့ မျက်စိမကောင်းသည့်အဘွားမှာ စာသင်ခွင့်မရရှာ။ အမေကတော့ အချိန်မီ သေစာရှင်စာလေး ဖတ်တတ်ခဲ့ရသည်။

ပုလဲမက ရုပ်ရှင်ဆိုလျှင်လည်း ကြည့်လိုက်ချင်သည်။ သီချင်းဆို ဝါသနာပါသည်။ မြို့ပြသို့ရောက်လျှင် တစ်စုံတစ်ခုတော့ ထူးခြားလာလိမ့်မည်ဟု အမေ မျှော်လင့်သည်။ အမေကိုယ်တိုင်လည်း ရင်နာနာနှင့် ပို့ရတာပါ ပုလဲမရယ်။ မျှော်လင့်ထားသလို တိုက်ကြီး၊ တာကြီး၊ ဝန်းကြီး၊ ခြံကြီးနှင့် ထည်ထည်ဝါဝါ အိမ်ကြီးတစ်ဆောင်မဟုတ်ခဲ့ပါ။

ပုလဲမ ရောက်ရှိလာရသည်မှာ လူလတ်တန်းစား အိမ်တစ်ဆောင်မျှသာ ဖြစ်ပါသည်။ သို့သော် ပုလဲမစိတ်ထဲမှာ ပျော်သလိုလိုရှိသွားသည်။ အကြောင်းမူ သည်အိမ်မှာ စာအုပ်တွေ တစ်ပုံတစ်ပင်ကြီး ရှိနေသောကြောင့် ဖြစ်သည်။

အိမ်ရှင်ဦးဦးသည် စာရေးဆရာ။

ကြည့်စမ်း၊ ဦးဦး၏ ဝတ္ထုအချို့ကိုပင် ပုလဲမမှာ ဖတ်ဖူးနေခဲ့သည်။ အိမ်မှာ လူများများစားစားလည်း မရှိ။ ဦးဦး၊ အန်တီ၊ လေးနှစ်သား နှင့် နှစ်နှစ်သား ကလေးငယ်နှစ်ယောက်။

အန်တီက

“သြော်..ငါ့နှယ်၊ အားကိုးချင်လို့ လူရှာပါမှ ဘယ့်နှယ် ကလေးတွေနဲ့ ကစားဖော်ကို ရလာပါလိမ့်။ သားတို့နဲ့အတူရောပြီး ကလေးထိန်းရမယ့် အဖြစ်ပါလား”ညည်းခဲ့သေးသည်။

မှန်တော့လည်း မှန်သည်။ ရောက်စရက်များကဆိုလျှင်တော့ ပုလဲမမှာ ကလေးထိန်းကာ ကလေးတွေနှင့်သူပါ ရောကစားဖို့လောက်သာ အရေး ပါသည်။

ပထမရက်များတွင် အဘွားနှင့် အမေ့ကိုလွမ်းသည်နှင့် မောင်ညီမများနှင့် ကစားဖော်တို့ကို အောက်မေ့သည်နှင့် ညဘက်အိပ်ရာထဲမှာ မျက်ရည်စီးကြောင်းများ ပါးတွင်သွယ်ကျကာ အိပ်စက်ခဲ့ရမြဲ။ အမေနှင့်ရွာကို လွမ်းသည်ဆိုသလိုပဲပေါ့။

သို့သော် ရက်အတန်ကြာလာသောအခါ ပုလဲမ ပျော်သလိုလို ရှိလာသည်။ ဝဝလင်လင်စား လှလှပပဝတ်ရသည်ကိုထား။ စာဖတ်ဖို့ အခွင့်အရေးရသည်ကို ပုလဲမ ကျေနပ်သည်။ ကလေးတွေကို မြန်မြန်အိပ်အောင် ပုခက်ကို တရမန်းကြိမ်းလွှဲ၊ အိပ်ပြီဆိုသည်နှင့်တစ်ပြိုင်နက် ပုခက်ဘေးမှာ ပုလဲမ စာတစ်အုပ်နှင့် မွေ့ပျော်တော့သည်။ စာရေးဆရာအိမ်ဆိုတော့ စာဖတ် ဝါသနာပါသည်ဆိုခြင်းကိုပင် သဘောကျပုံရသည်။ လိုလိုချင်ချင် ခွင့်ပြုသည်။

ပြီး ပုလဲမ အနှစ်ခြိုက်ဆုံး စာရေးဆရာများဖြစ်ကြသည့် တက္ကသိုလ်ဘုန်းနိုင်၊ ယုဝတီခင်စိန်လှိုင်၊ ကလျာ(ဝိဇ္ဇာသိပ္ပံ)တို့၏ စာအုပ်တွေ အစမှသည် အဆုံးရှိနေသည်။ လဆန်းရက်စာအုပ်တွေထွက်သော ကာလမှာ မဂ္ဂဇင်းတွေ တောင်ပုံရာပုံ၊ လုံးချင်းဝတ္ထုတွေ အများအပြား ဦးဦး၏စာအုပ်စင်သည် အမြဲတမ်း စာအုပ်များနှင့် ပြည့်မောက်နေတတ်သည်။ ဖတ်ချင်သလောက်

ဖတ်ပါလေရော့။

အိမ်သို့ နာမည်ကြီးစာရေးဆရာ၊ ပန်းချီဆရာ၊ ထုတ်ဝေသူတို့ ရောက်တတ်မြဲ။ ဝိုင်းဖွဲ့တတ်ကြမြဲ။ တစ်ခါတရံ ရုပ်ရှင်နှင့် ဂီတဘက်မှ ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ သူတို့ကို လူကိုယ်တိုင်မြင်တွေ့ခွင့်ရသည်မှာ ရွာအပြန်တွင် ကြွားချင်စရာ။

သူတို့က "ဒါ သမီးအကြီးဆုံးလား"မေးလာသံကြားရတော့ ကျေနပ်သလို ခံစားရသည်။

ရုပ်ရှင် ပရက်ရှိုးတွေမှာ ကျော်ဟိန်း၊ ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနုလို ထိပ်တန်းစား ပညာသည်များကိုလည်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသည်။ နှစ်သိမ့်မှုကို ခံစားရသည်။

အန်တီသည် တတိယကလေးကို မွေးဖွားခဲ့သည်။ သည်အခါမှာတော့ ပုလဲမ၏ အခန်းကဏ္ဍသည် မသေးငယ်တော့ပေ။ မီးဖိုချောင်သို့ ဝင်ရသည်။ ထမင်းအိုးကို မနိုင့်တနိုင် ငှဲ့ရသည့်ကာလမျိုးမှာ ထွက်ပြေးချင်စိတ် ပေါက်လာသည်။

အနှီးတွေ၊ ကလေးအဝတ်တွေ လျှော်ရသည်။ ပုလဲမ၏လက်ဖဝါး နီနီဖောင်းဖောင်းကလေးများ အရေခွံလန်ကာ အသားမာတက်ခဲ့ရသည်။ အိုးတိုက်ကြမ်းတိုက်နှင့် ကြမ်းတမ်း၍လည်းလာသည်။ စောင်တွေ၊ ခြင်ထောင်တွေ လျှော်ရသောကာလမှာတော့ တိတ်တခိုး မျက်ရည်ကျရသေးသည်။

သို့ပေမယ့် ပုလဲမမှာ ဝမ်းသာရသည်။ အန်တီက မိန်းကလေး မွေးဖွားပေးခဲ့၍ဖြစ်သည်။ မျောက်နှစ်ကောင်ဟု တင်စားရမည့် ယောကျ်ားကလေး နှစ်ယောက်အကြားမှာ ပုလဲမအတွက် မိန်းကလေးအဖော်ရသည်။ ညီမငယ်ကို အစားထိုးချစ်ရသည်။ အန်တီသည် နှစ်နှစ် တစ်ယောက်ဆိုသလို နောက်ထပ် ကလေးနှစ်ယောက်ကို ပုံမှန်မွေးဖွားခဲ့သည်။ ကလေးငါးယောက် လူကြီးသုံးယောက်၊ ဧည့်သည်စောင်သည်တွေနှင့်ဆိုတော့ ပုလဲမ သိပ်အနေမချောင်လှ။ အန်တီ့ကိုကူညီရင်းနှင့်ပင် ပုလဲမသည် အစားအစာကို အဆင်ပြေပြေချက်တတ် ပြုတ်တတ်လာသည်။ အဝတ်အစားကို ဖြူစင်အောင် လျှော်ဖွပ်တတ်လာပြီ။ အိမ်သို့ရောက်စက ဓာတ်မီးပူကို သေချင်ပက်ကျိ ကြောက်မိခဲ့သည့် ပုလဲမ၊ ယခုတော့ တစ်နေ့တစ်ခါဝတ်သည့် အဝတ်ပုံကြီးကို ညတိုင်း ဓာတ်မီးပူတစ်လုံးဖြင့် မီးပူထိုးရသည်။ ဦးဦးက ကလေးတွေကို အလိုလိုက်သည်။ သည်တော့ ကလေးတွေက နွဲ့ဆိုး ဆိုးကြသည်။ အထူးသဖြင့် ပုလဲမအပေါ်မှာ ဖြစ်သည်။ ထမင်းခွံ့လျှင်လည်း ပုလဲမ၊ အိပ်ရာထဲဝင်သိပ်တော့လည်း ပုလဲမ၊ ကျောင်းပို့ ကျောင်းကြိုဆိုလျှင်လည်း ပုလဲမမှတစ်ပါး အခြားသူကို လက်မခံ။ ဒီအိမ်မှာ အရေးပါဆုံးလူကို ပြပါဆိုလျှင် ပုလဲမပဲ တစ်အိမ်သားလုံးက မှတ်ချက်ချကြမြဲ။

ရက်တွေ၊ လတွေ၊ နှစ်တွေ ဘယ်လိုကုန်သွားသည်မသိလိုက်။ အမေ ကတော့ တစ်လတစ်ခါ လခလာတောင်းသည်။ အမေနှင့် တစ်လတစ်ခါ ဆုံရသည်။

သူငယ်ချင်းတွေအနက် တချို့က တစ်ရွာတစ်ကျေး ပြောင်းကြသည်။ အချို့က အိမ်ထောင်ရက်သားပင် ကျကုန်ကြပြီ။ စင်စစ် ပုလဲမ၏ အသက်ကို တွက်စစ်မည်ဆိုလျှင်ပင် အသက်နှစ်ဆယ်။

ဘာလိုလိုနှင့် သည်အိမ်မှာ သောင်တင်နေခဲ့ရတာ ရှစ်နှစ်ပင် ကျော်ပါပကော။

သည်အတွင်း ရွာသို့ အကြောင်းကြီးငယ်ကြောင့် သုံးခေါက်တော့ ရောက်ခဲ့သေးသည်။ ငွေရုံမင်္ဂလာဆောင်စဉ်က တစ်ခေါက်၊ ဒေါ်လေးပန်းအိဆုံးတုန်းက တစ်ခေါက်၊ နောက် အမေနေမကောင်း၍ တစ်ခေါက်။ ရွာကို ရောက်တော့လည်း မြို့သို့ မပြန်ချင်။ ငယ်စဉ်ကလို သူငယ်ချင်းတွေနှင့် ရွာလမ်းမပေါ်မှာ ပြေးကာလွှားကာ ဆော့ကစားခွင့် မရလင့်ကစား လသာသာမှာ ဖျာကြမ်းခင်းပြီး ထွေရာလေးပါး စကားပြောရတာ ပျော်စရာ။

သည်အခါ ဝတ္ထုဇာတ်ကြောင်းတွေ၊ ရုပ်ရှင်ဇာတ်လမ်းတွေကို ပုလဲမက ဒိုင်ခံပြောရသည်။ ရုပ်ရှင်ဇာတ်ဆောင်တွေကို အပြင်မှာ ပကတိအသွင်နှင့် မြင်ရသည်ဆိုတော့ သူငယ်ချင်းများက အထင်ကြီးကြသည်။

ဘာပဲပြောပြော ကောက်စိုက်၊ ပျိုးနုတ် အလုပ်လုပ်ကြသူတွေနှင့် စာလျှင်တော့ ပုလဲမသည် ပို၍ငြိမ်းသည်ဆိုရမည်။ အသားကို နေမလောင်၊ ခြေသလုံးမွဲရိုးမှာ သမန်းရှရာမရှိ။ အဝတ်အစားတွေ၊ ဆံပင်ပုံစံတွေ၊ အလှပြင်ပစ္စည်းတွေကြောင့် ပုလဲမ သည် လှနေသည်။ မြို့ကြီးပြကြီး ဆန်နေသည်။ အားကျသူတွေက ကျကြသည်။

သို့သော် သည်စဉ်ကပင် ပုလဲမက မိမိအား အားကျနေသည့်အဖြစ်ကို မလိုလားမိ။

ရွာအပြင် ထွက်လိုက်လျှင် တမျှော်တခေါ်မြင်ရသည့် လယ်ကွင်းမရှိ၊ တိုက်တာအိမ်ခြေနှင့် ကျပ်ညပ်ကာ အနံ့အသက်တို့ ညှီဟောက်စော် နံနေသည့် မြို့ပြလူနေမှုစနစ်အကြောင်းကို သူငယ်ချင်းများအား ရှင်းပြရသည်။

အမေ နေမကောင်းစဉ်က ပုလဲမရွာမှာ ဆယ်ရက်လောက်ကြာသွားသည်။

သည်တော့ ဦးဦးနှင့် အန်တီတို့ လိုက်လာကြသည်။ ပုလဲမ၏အခြေအနေကို သိသွားကြပြီ။

စလူမိုး အိမ်ငယ်ယိုင်နဲ့နဲ့၊ အခန်းဟူ၍ ဖွဲ့ထားခြင်းမရှိ။ ဝါးကြမ်းခင်း၊ လျှပ်စစ်မီးမရှိ၊ မွေ့ရာခုတင်မရှိ။

မိုးအခါမို့ ရွာလမ်းမှာလည်း ဗွက်အတန်ထူသည်။ အမေလည်း နေကောင်းစပြုပြီမို့ ပြန်လိုက်ခဲ့ဖို့ခေါ်သည်။

ဦးဦးက

"ပုလဲမရယ်၊ ဒီမှာ နင်မို့နေနိုင်တယ်။ ရွှံ့တွေ၊ ဗွက်တွေနဲ့ လျှပ်စစ်မီးလည်း မရှိ၊ ရေဒီယိုမရှိ။ ကက်ဆက်သံမကြားရ၊ စာအုပ်ဝေး၊ ရုပ်ရှင်ဝေးနဲ့"

သည်တော့ ပုလဲမ ပြန်ပြောမိသည်။

"ပုလဲမလည်း ဒီမှာ ဆယ့်နှစ်နှစ်အထိ နေလာတာပါ ဦးရယ်။

အမေတို့ဆို ဒီအတိုင်းနေလာတာ အနှစ်လေးဆယ်ကျော်ပါပြီ"

အန်တီက

"ပုလဲမရေ အိမ်မှာ ညည်းမရှိလို့ မဖြစ်တာတော့ အမှန်ပဲ။ ညည်း မရှိတဲ့ရက်မှာ ငါတော့ သေချင်စော်ကို နံသွားတာပဲ။ ကျောင်းချိန်မီအောင် ချက်ရပြုတ်ရ လျှော်ရဖွပ်ရနဲ့။ အကြီးမခများကတော့ အကူညီသားပါ။ ဒါပေမဲ့ သူ့မှာလည်း ကျူူရှင်တစ်ဖက်နဲ့မဟုတ်လား။ အကြီးနှစ်ကောင်ကတော့ သိပ်သုံးလို့မရပါဘူးအေ။ ဒါပေမဲ့ သူတို့လည်း ခုမှပဲ သောက်ရေအိုး ကို ရေထည့်ဖော်ရတော့တာ"

"အေး၊ တို့များရဲ့အိမ်မှာ ပုလဲမရဲ့အခန်းကဏ္ဍက မသေးဘူးကွ။ မင်း ရွာပြန်နေတဲ့ဆယ်ရက်မှာ အန်တီတောင် ကိုယ်အလေးချိန်တွေ အတော် ကျသွားရှာတာ"

သည်တစ်ခေါက် ရွာမှပြန်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးခံစားရသည်။ ရွှံ့ဗွက်ရေအိုင် ထူပြောသော်လည်း ရေဒီယိုသံ၊ ကက်ဆက်သံ မကြားရသော်လည်း၊ စာအုပ်ရုပ်ရှင် ရှားပါးသော်လည်း ရွာ၏ပတ်ဝန်းကျင်၊ ရွာ၏အရိပ်၊ ရွာ၏လေ၊ ရွာ၏အခြေကို ပုလဲမ ငြိတွယ်မိသည့် သံယောဇဉ်က မသေးလှပါ။

ကိုဇော့်ကို တရားခံဟူ၍တော့ မစွပ်စွဲလိုပါ။ သို့သော် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ပင်ဖြစ်မည်။ ငိုချင်ရဲ့ လက်တို့ ဆိုသည့်မျိုး။ ကိုဇော်နှင့် ပုလဲမတို့ တွေ့ဆုံကြုံကြိုက်နေသည်မှာ ကြာပြီ။ ကိုဇော်သည် အန်တီ၏တူ။ သူက နယ်မှာနေသည်။ ယခင်ကတော့ နွေရာသီကျောင်းပိတ်ရက်များတွင် ရောက်လာမြဲ။ ပုလဲမထက် လေးနှစ်လောက်ကြီးသည်။ ဟိုစဉ်ကတော့ပီဘိ မောင်နှမတွေလိုပင်။ စကြဲ၊ ငြင်းကြဲ၊ ရန်ဖြစ်ကြဲ၊ ရယ်မောကြဲနှင့်။ ကိုဇော် စိတ်လေခဲ့သည်မှာ သုံးလေးနှစ်ရှိပြီ။ ဆယ်တန်းစာမေးပွဲကို ဒုတိယအကြိမ် ကျရှုံးအပြီးမှာဖြစ်သည်။ ဆက်လက်၍ စာမေးပွဲဖြေရန် ငြင်းဆိုသည်။ အလုပ်တစ်ခုခုတလေ ရလိုရငြားဟူသော မျှော်လင့်ချက်ဖြင့် ရန်ကုန်သို့ ရောက်လာသည်။ ဦးဦးတို့အိမ်မှာ သောင်တင်နေသည်။

သည်တော့လည်း အနေနီးကြသည်။ သံယောဇဉ်သည် အလွယ်နှင့် တွယ်မိသည်ထင်ရဲ့။ ပုလဲမပင် အသက်နှစ်ဆယ်ရှိလာပြီဆိုတော့ ကိုဇော်က နှစ်ဆယ့်လေးနှစ်လောက် ရှိမည်။ ကိုဇော့်မေမေက ကိုဇော့်ကို ခြေငြိမ်အောင် အိမ်ထောင်ချပေးရ ကောင်းမလား၊ တွေးသည်ဟုဆိုသည်။ ပြီး ပုလဲမ၏လုပ်ရည်ကိုင်ရည်၊ အိမ်ထောင်ထိန်းသိမ်းမှု၊ မီးဖိုချောင်နိုင်နင်းမှု၊ ရိုးသားမှုကို ရှေးဆန်သော မြန်မာအမျိုးသမီးကြီးပီပီ ကိုဇော့်မေမေက သဘောတွေ့နေသည်မှာ ကြာပြီ။ ကိုဇော်နှင့် ပုလဲမတို့ ဖြစ်သွားကြလျှင်လည်း မထူးဆန်းဘူးဆိုသည့် သဘော။ ပြောရလျှင်တော့ ပုလဲမကိုယ်၌ကလည်း ကိုဇော့်အပေါ် ငြိတွယ်ခဲ့သည်မှာ ကြာပြီပဲ။ ဇွတ်တရွတ်ဆန်စွာ စာမေးပွဲကို

ဆက်၍မဖြေတော့သည့် ခေါင်းမာမှုကလွဲလျှင်တော့ ကိုဇော်သည် ရုပ်ရည်အရရော၊ အကျင့်စာရိတ္တအရပါ ပြောစရာမရှိသည်မှာ အမှန်။

စင်စစ် စာမေးပွဲမဖြေတော့သည်မှာလည်း အိမ်၏စီးပွားရေးကို ကူညီဖြည့်တင်းရန် သို့မဟုတ် မိဘကို ကူညီပေးရန်အတွက် အသက်မွေးဝမ်းကျောင်းမှု တစ်ခုခုရှာဖို့သာဖြစ်သည်။

သည်နှစ် သင်္ကြန်တွင် ကိုဇော်နှင့်အတူ ရေပက်ခံထွက်ကြသည်က ပွင့်လင်းကြဖို့ ဖြစ်လာသည်ပဲထင်သည်။

ဦးဦးတို့၊ အန်တီတို့က မျှတစိတ်ထားရှိကြပါသည်။ ပုလဲမသည် ဦးဦး၊ အန်တီတို့နှင့် ထမင်းတစ်စားပွဲတည်း ဝင်စားနိုင်ခွင့်ရှိသည်။ ရုပ်ရှင်ကို ပုလဲမသည် လေးကျပ်တန်းနှင့် ငါးကျပ်တန်းမှ လွဲ၍ မကြည့်စဖူး။ ပျော်ရွှင်မှုအတွက် သူတို့နှင့် တန်းတူခံစားခွင့်ရှိသည်။

ဥပမာ သင်္ကြန်လည်သည်ဆိုပါစို့။ ကားတစ်စီးငှားကာ သူတို့က နေ့တစ်ဝက်လည်သည်။ ပုလဲမတို့က နေ့တစ်ဝက်လည်ခွင့်ရှိသည်။ မစွမ်းရင်းက ရှိနေသော ပုလဲမနှင့် ကိုဇော်တို့ သင်္ကြန်ရေပက်ခံထွက်ရာမှာ အနေနီးစပ်သည်။ အကြိမ်းပတမ်း ကစားသောနေရာများတွင် ပုလဲမသည် ကိုဇော်၏ရင်ခွင်၌ ပုန်းကွယ်ရရှာမြဲ။ ကိုဇော်ကလည်း ကာကွယ်မှုပေးသည်ပင်။ သည်လိုနှင့် အင်းလျားမှာ ခေတ္တနားကြတော့ ရေစပ်သစ်မြစ်ဆုံမှာ အထီးတည်းထိုင်နေသော ပုလဲမထံ ကိုဇော် ရောက်လာသည်။

“ပုလဲမ”

“ဟင်”

“ကိုဇော် စကားတစ်ခွန်းပြောမလို့”

“အမယ်လေး၊ စကားပြောမှာများ အချီးတွေ၊ နိဒါန်းတွေနဲ့ ဘာပြောမှာလဲ ပြော"

“နင့်ကိုလေ၊ ကိုဇော် ချစ်နေမိပြီ”

ပုလဲမ ရေစပ်သို့ ပြေးဆင်းခဲ့သည်။ ခြေတွေလက်တွေတုန်လို့၊ ရင်တွေပန်းတွေ ခုန်လို့။

ပါးပြင်နှစ်ဖက်မှာ မီးစရဲရဲဖြင့် အကပ်ခံရသလို ပူထူရှိန်းမြနေသည်။ အမှန်ပင် ပြဿနာသည် သည်မှာစသည်ဟု ပုလဲမ မထင်မိသေး။ နောက်ရက်တွေမှာတော့ တစ်အိမ်တည်းနေ၊ တစ်စားပွဲတည်းထမင်းစားလျက် စာတိုစာရှည်ကမ်းရသည့်အဖြစ်သို့ ရောက်ခဲ့ရသည်။ လူအများ၏ ဆိတ်ကွယ်ရာကို ရှာဝံ့သည့်သတ္တိမျိုး ပုလဲမမှာ မရှိပါ။ နှုတ်မှ လှစ်ဟဝံ့လောက်သောသတ္တိ မရှိပါ။ သည်တော့ စာတိုကလေးတွေရေးကာ မျက်ရိပ်မျက်ခြည်ပြကာ သမီးရည်းစားဘဝကို စတင်ခဲ့ရသည်ဆိုရမည်။

သည်မှာ ကိုဇော့်မေမေက ပုလဲမကို ငြင်းပယ်လိမ့်မည်မဟုတ်ကြောင်းသိခွင့်ရခဲ့သည်။ သို့ပေမယ့် ဦးဦးနှင့် အန်တီက

ရှိသေးသည်။ တကယ်တော့လည်း လောလောဆယ်တွင်မူ ပုလဲမ၏ပိုင်ဆိုင်သူများမှာ အမေနှင့် အဖေထက် အိမ်ရှင်ဆိုသည်က အသာစီးယူထားသည်အမှန်၊ ကိုဇော်ကိုယ်တိုင်လည်း သည်အရိပ်မှာ ခိုရဆဲ။ သည်တော့လည်း အိမ်ဖော်ဆိုသည့် စကားသံသည် ပုလဲမ၏နားမှာ ခါးသီးစွာပေါ်လာပြန်သည်။

“ကိုဇော်ရေ၊ ဦးဦးနဲ့ အန်တီကိုတော့ ဒီအကြောင်းကို လုံးဝမသိပါစေနဲ့နော်” ပိတ်ရသည်မှာ အမော။

သည်အထဲမှာ ဘယ်တာက ပေါက်လေသည်မသိ။ တစ်နေ့တော့ အန်တီ၏ဒေါသကို ပုလဲမ မြင်ရပြီ။

အန်တီ၏မျက်နှာထားသည် တင်းမာနေသည်။ အန်တီ၏မျက်ဝန်းများသည် မီးတောက်နေသလား။ အန်တီ၏လေသံမှာ ခက်ထန်မာကျော နေလေသလား။ စကားလုံးများကတော့ ပုလဲမ၏ နားသို့ ပူလောင်ပြင်းပြစွာ တိုးဝင်လာသည်။

“အမယ်၊ ဒီအကောင် ငဇော်တော့လား ငါနဲ့တွေ့မယ်။ သင်းက ဒီလိုကလေကချေ ပေါက်လွှတ်ပဲစား အောက်တန်းနောက်တန်းကျတဲ့ မိန်းမ မျိုးကို မှန်းရသတဲ့လား။ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်မပေးစားဘူး။ ဘယ်ကမ္ဘာမှာမှ သဘောမတူနိုင်ဘူးမှတ်"

တော်သေးသည်မှာ သည်အချိန်တွင် အိမ်၌ ကိုဇော်မရှိ။ မြို့သို့ ခေတ္တပြန်ခိုက်ဖြစ်သည်။ ပုလဲမအဖို့ကတော့ မုန်တိုင်းနှင့် ရင်ဆိုင်လိုက်ရပြီပေါ့။ ကမ္ဘာပျက်ရလေပြီပေါ့။ စိတ်ကူးယဉ်အတွေးကြောမှာ လွင့်မျောသွားခဲ့ရသည့် လေထဲက တိုက်အိမ်ကလေး။

အန်တီ၏မျက်နှာ မကြည်သာပါ။

တစ်သက်နှင့်တစ်ကိုယ်တွင် ခက်ထန်ခြင်း၊ မာကျောခြင်းကိုသည် တစ်ခါ ပထမဆုံးမြင်ရခြင်းဖြစ်သည်။ ဒေါသတရားနှင့် ဝမ်းနည်းကြေကွဲစရာကောင်းသော မိမိဘဝကို အလုံးစုံသိနားလည်လိုက်ရခြင်းဖြစ်သည်။ အမေ့ထံသို့ စာရေးလိုက်သည်။

“ပုလဲမကို ပြန်လာခေါ်ပါတော့ အမေရယ်"

ပြန်ရမည်ဆိုသည့်ရက်ကတော့ ပုလဲမ အမှန်ပင်စိတ်မကောင်းနိုင်။

ရှစ်နှစ်တာလုံးလုံး ကျင်လည်ခဲ့ရသည့် သည်အသိုင်းအဝိုင်းသည် ပတ်ဝန်းကျင်ကို လွယ်လွယ်နှင့် မေ့ပျောက်၍လည်း ရတော့မည်မထင်ပါ။

မိမိအပေါ် တွယ်တာလှသည့် ကလေးများကို ရုတ်တရက် ခွဲခွာထားရမည့်အဖြစ်ကလည်း စင်စစ်တော့ စိတ်ကောင်းဖွယ်မရှိ။

အမေရောက်လာသည်။

မိမိ ဆပ်သွားတောသို့ ပြန်တော့မည့်အကြောင်း ကြေညာလိုက်သောအခါ တစ်အိမ်လုံး အံ့အားသင့်သွားသည်။ အခါတိုင်းကလို ခဏတစ်ဖြုတ် ပြန်လိုက်သွားမည်ထင်နေရာက အိမ်ရှင်များ ဆင်ပေးထားသော နားကပ် စသည့်

လက်ဝတ်လက်စားတွေပြန်အပ်မှ အပြီးပြန်တော့မည်ကို သိသွားသည်။

အန်တီကိုယ်တိုင် အံ့အားတသင့်ဖြစ်နေသည်။

အငယ်မကတော့ ပထမ "မပြန်ရဘူး မမပုလဲမ မပြန်ရဘူး"ဆိုနေရာမှ တကယ်ပြန်တော့မည်ဖြစ်ကြောင်း သိသွားကာ တစ်နေရာမှာ သွား၍ ငိုနေသည်။ သည်ကလေးက ပုလဲမ၏လက်ပေါ်မှာကြီးလာသည်။ ဖအေ မအေပြီးလျှင် ပုလဲမကို အခင်ဆုံး။

"အဝတ်အစားတွေလည်း ထားခဲ့ပါတယ်"

"အို မဟုတ်တာပုလဲမရယ်၊ ငါတို့က ဒီလောက်မကုတ်ကပ်ပါဘူး။ နားကပ်လည်း ဝတ်သွား၊ အဝတ်အစားတွေလည်း ညည်းနဲ့ဆိုင်တာ အားလုံး ယူသွား။ ရုတ်တရက်ကြီးပြန်တော့မယ်ဆိုတော့ တို့လည်း အံ့အားသင့်သွားကြတယ်။ တကယ်တော့ အပြီးပြန်မယ်ဆိုရင် စောစောကကြိုပြောခဲ့ဖို့ကောင်းတာပေါ့။ ဒါမှ တို့လည်း လူထပ်ရှာနိုင်မှာပေါ့"

အမေက အန်တီကို အဖြေစကားပြောပါသေးသည်။

"သူ့အဘွားကလည်း နေမကောင်းဘူးလေ၊ သူ့အစ်မကလည်း မျက်နှာမြင်ခါနီးမို့ပါ"

"မနေချင်လို့ ပြန်မှာဆိုရင်လည်း မတားတော့ပါဘူးလေ။

ခုတော့ ပုလဲမကိုယ်တိုင်ကလည်း အသက်နှစ်ဆယ်ရှိလာပြီဆိုတော့ သူ့အခ်ပ္ပာယ်နဲ့သူ သူ့ဘဝလမ်းကို ရွေးချယ်တာနေမှာပါ။ နှစ်ပေါင်းများစွာ အတူနေလာပြီး အိမ်သားတစ်ယောက်လို ဖြစ်နေရာက ရုတ်တရက်ခွဲရတဲ့အတွက်ပဲ စိတ် မကောင်းဖြစ်မိတာပါ" သို့ဖြင့် အန်တီနှင့်ဦးဦးကို ဦးချကာ လက်ဆွဲအိတ်ကို ကောက်ယူလိုက်သည်။ ကလေးတွေကို တစ်ယောက်ချင်း နှုတ်ဆက်သည်။ အငယ်ဆုံးမက စိတ်နာသလို ပြန်၍နှုတ်မဆက်ခဲ့။ မျက်ရည်က ဝဲချင်လာသည်။ ရင်ထဲတွင် နာကျင်ဆို့နင့်သွားသည်။ သို့ပေမယ့် အံကို တင်းတင်းကိုက်ကာ မျက်နှာလွှဲလိုက်သည်။

"မမလည်း စိတ်မကောင်းပါဘူး ညီမလေးရယ်"ရင်ထဲက ပြောနေမိသည်။ ကားပေါ်ရောက်တော့ မရှက်နိုင်တော့ဘဲ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ညည်း ဘယ်လိုဖြစ်ပြီး ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်တယ်ဆိုတာ ငါတော့ စဉ်းစားလို့မရဘူးအေ"

အမေက ဘေးမှပြောနေသည်။

"တစ်ခုတော့ရှိတယ်၊ ခုဆိုရင် တို့ဆီမှာလည်း အလုပ်အကိုင်က မရှားလှတော့ပါဘူး။ အထူးအထွက်တိုးစပါးစိုက်ကွက်တွေ မြစိမ်းရောင်၊ ရွှေဝါရောင် စစ်ဆင်ရေးတွေနဲ့ဆိုတော့ တစ်မိုးလုံး တစ်နွေလုံး အလုပ်ရှိနေမှာပါ။ အဲ... ညည်းသာလုပ်နိုင်မယ်ဆိုရင်ပေါ့လေ"

"လုပ်မယ် အမေ၊ ကျွန်မ ဘာမဆိုလုပ်မယ်။ ကျွန်မကိုသာ အိမ်တစ်အိမ်ကို အိမ်ဖော်အဖြစ်နဲ့ ပြန်မပို့ပါနဲ့။ အိမ်ဖော်အလုပ်ကလွဲရင်

ဘယ်လယ်ကွင်းမှာပဲဖြစ်ဖြစ် ပုလဲမ အလုပ်လုပ်ပါ့မယ်"

သို့ဖြင့်...

ယခုတော့လည်း ပုလဲမသည် ခြောက်လအတွင်းလောက်မှာ သိသိသာသာကြီး ပြောင်းလဲလာခဲ့ပြီ။ ရွှံ့နွံ့ဗွက်တောမှာလည်း ပျော်မောတတ်ပြီ။ တီကောင်၊ကျွတ်နှင့် မျှော့ဆိုလျှင် သေကောင်ပေါင်းလဲ ကြောက်တတ်သော ပုလဲမ မဟုတ်တော့။ နေလောင်ထားသော အသား။ သမန်းရှထားသော ခြေသလုံးနှင့်။ ပျိုးနုတ်ကောက်စိုက်အပြီးမှာ အအားရခိုက် အိမ်နံဘေးမှ စမ်းချောင်း ရေသွယ်ပြီး အိမ်ဘေးကအခင်းမှာ စိုက်ရပျိုးရဦးမည် အနည်းဆုံး ကန်စွန်းတော့ ဖြစ်ထွန်းမည်။

ထား။ စင်စစ် ပုလဲမမှာ စိုက်ပျိုးရေးဗဟုသုတ နည်းလှသေးသည်။ အဖေအမေတို့မှာက ကြွယ်ကြွယ်ဝဝရှိသည်။ မလုပ်ကြ၍သာ။ ဆောင်းမှာတော့ ဈေးကောင်းရသည့် ပန်းဂေါ်ဖီလို၊ နိုကိုလိုအပင်မျိုး စိုက်မည်။ နွေမှာ ချဉ်ပေါင်၊ သည်အရပ်မှာ သမားရိုးကျအနေနှင့် သခွား စိုက်ကြသည်။ ပစ်ထားသည့် သံပရာပင်ကို ပြန်လည်၍ရှင်သန်အောင် ပြုစုရဦးမည်။ နွေအခါမှာ သံပရာက ဈေးကောင်းရတတ်သည်။ သည်အပင်သည် အရင်ကတော့ အသီးဝေဆာတတ်မြဲ။

သည်လိုနှင့် ကိုယ့်အတွေးနှင့်ကိုယ် ပျော်နေခိုက် "နတ်သျှင်သူ့ကြောင့် တစ်ရေးမှောင့်"ဆိုသလို ကိုဇော့ထံမှ စာကိုရခဲ့သည်။ ရင်ဝယ်ပူနွေးကာ နှလုံးသားတို့ လှုပ်ရှားခဲ့ရသည်။

ပုလဲမသည် စာကိုဆက်၍ဖတ်သည်။

"ဝမ်းသာစရာပြောရဦးမယ်။
တကယ်တော့ ပုလဲမက အလျှင်စလိုနိုင်သွားခဲ့လို့ပါ။
အန်တီကိုယ်တိုင်က ကိုယ်နဲ့ပုလဲမဆိုရင်
ကန့်ကွက်စရာဘာမှမရှိပါဘူးတဲ့။
ဘာကြောင့်လဲဆိုတော့
ပုလဲမဟာ ဆယ့်နှစ်နှစ်သမီးကတည်းက အိမ်ကိုရောက်လာခဲ့ပြီး
နှစ်ပေါင်းများစွာနေလာတာဆိုတော့ သားသမီးစာရင်း
ဝင်နေခဲ့ပါပြီတဲ့။
အန်တီပြောခဲ့တဲ့ မိန်းကလေးက တစ်ယောက်ပါ။
အဲဒီ မိန်းကလေးနဲ့ကိုယ်နဲ့က ရိုးရိုးခင်ကြတာ။
သူကတော့ မေသူဇာလေ။
မေသူဇာက သိတဲ့အတိုင်း စာရိတ္တအရရော
မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့ ဣန္ဒြေသိက္ခာပါ
မရှိလေတော့
အန်တီ့အနေနဲ့ စိုးရိမ်ခဲ့ရတာပေါ့။
ကိုယ့်ကို သူနဲ့ငြိစွန်းတယ်ဆိုပြီး ဘယ်ကမ္ဘာမှာ မှ
သဘောမတူနိုင်ဘူးလို့ ပြောခဲ့တာပါ ပုလဲမရယ်။

ဒီတော့ ပုလဲမ ပြန်လာခဲ့ပါ။
ကိုယ်တို့ ရင်ဖွင့်ပြီး အသင့်ကြိုနေကြမယ်။
ချစ်တဲ့
ကို ဇော်

ပုလဲမသည် စာကိုကိုင်ပြီး ငေးနေသည်။ အတွေးသည် နက်ရှိုင်း၍လာသည်။ မိမိနေခဲ့ရာ အိမ်အနီးအနားမှ မေသူဇာကို မြင်ယောင်လာသည်။ ရုပ်ရှင် ဆိုက်ပတ်လိုလို၊ စာရေးမလိုလို၊ ကောလိပ်ကျောင်းသူလိုလိုနှင့် အားလုံး 'လိုလို'သာဖြစ်ပြီး အစစ်အမှန်တစ်ခုမျှ မဟုတ်ခဲ့လေသော မေသူဇာ၊ သူက ကိုဇော်ကိုလိုက်လျောဆက်ဆံခဲ့သည် အမှန်ပင်။ ပုလဲမသည် ထရံကြားမှာ ညှပ်ထားသော ခဲတံတိုကို ယူသည်။ မောင်လေး၏စာအုပ်ထဲက ဗလာစာရွက်ကိုပင် ဖြဲရသည်။ အတန် ကသီကရီနိုင်သော လက်ရေးနှင့် စာများကို ရေးချသည်။

ကို ဇော်
ပထမပြောချင်တာက စာပေသိပ်မတတ်တဲ့ ပုလဲမရဲ့လက်ရေးကို
သည်းခံဖတ်ဖို့ပါ။
ကိုဇော့်စာဖတ်ရပြီး အန်တီရဲ့စိတ်ထားကို သိနားလည်ရလို့ ပုလဲမ
ဝမ်းသာပါတယ်။
ဒါပေမဲ့ ပုလဲမမှာ ရုတ်တရက်ပြန်လာဖို့ စိတ်ကူးမရှိတဲ့
အကြောင်းကို ဝမ်းနည်းစွာနဲ့ပဲ ပြောပါရစေ။
နှုတ်ခမ်းပဲ့ချင်း မီးမှုတ်သလို အိမ်ဖော်တစ်ယောက်နဲ့
ဆယ်တန်းမအောင်သေးတဲ့ အလုပ်လက်မဲ့တစ်ယောက်တို့ရဲ့
ဘဝရှေ့ရေး ဟာ...
ရင်လေးစရာကောင်းမယ်လို့ ပုလဲမ ခုတော့ တွေးတတ်ခဲ့ပါပြီ။
အာမခံချက်မရှိတဲ့ဘဝကို ပိုးဖလံလိုတိုးဝင်ပြီး
အိမ်ထောင်တစ်ခု တည်ဆောက်နိုင်လောက်အောင်
သတ္တိမရှိတဲ့ ပုလဲမကို ခွင့်လွှတ်ပါ။
ပုလဲမကိုချစ်ရင် စာဆက်သင်ပါ။
သို့မဟုတ် ထိုက်ထိုက်တန်တန် အလုပ်တစ်ခုကို ရအောင်လုပ်ပါ။
တစ်နေ့တော့ ပုလဲမ ပြန်လာမှာပါ ကိုဇော်။
အဲဒီတစ်နေ့ဆိုတာဟာ
ကိုဇော်ကိုယ်တိုင် တည်ငြိမ်တဲ့အချိန် အခါမျိုး၊
သို့မဟုတ်
ပုလဲမကို 'အိမ်ဖော်အစား သာမန်တောသူ တောင်သား
လယ်ယာအလုပ်သမားလို့
လူတွေက လက်ခံနားလည်လာနိုင်တဲ့ အချိန်မျိုးမှာပါ။
ပုလဲမ သည်မျှသာပြောပါရစေ ကိုဇော်။

အလိုမကျခဲ့ရင်လည်း ခွင့်လွှတ်စိတ်နဲ့ ဖြေသိမ့်နိုင်ပါစေလို့သာ။
ပုလဲမ

မြဝတီမဂ္ဂဇင်း၊ ၁၉၈၀ ပြည့်နှစ်၊ မေလ။

စပါးကုန်သည်နှင့် သားရေကုန်သည်

အခါတစ်ပါးတွင် စပါးကုန်သည်နှင့် သားရေကုန်သည်တို့သည် အဆွေခင်ပွန်းဖွဲ့လျက် ကုန်ဝယ်ရန်အလို့ငှာ တစ်မြို့တစ်ရွာသို့ သွားကြ၏။

လမ်းခုလပ်တွင် မိုးချုပ်လာသောကြောင့် ကျောင်းသင်္ခမ်းတစ်ခုသို့ ဝင်၍တည်းခို၏။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီးသည် အလုပ်အကိုင်အကြောင်းခြင်းရာကို မေးကာ စပါးကုန်သည်အား မြင့်သောအိပ်ရာနေရာကိုပေးပြီး ဖွယ်ဖွယ်ရာရာ ပြုစုစေ၏။ သားရေကုန်သည်အား နိမ့်သောနေရာကိုပေးပြီး သင့်တင့်ရုံသာ ပြုစုစေ၏။

ကုန်သည်တို့လည်း နောက်တစ်နေ့တွင် ခရီးဆက်ကာ အလိုရှိသော ကုန်ပစ္စည်းများကို ဝယ်ယူ၍ ပြန်လာကြကုန်၏။ လမ်းတွင် မိုးချုပ်၍ ယခင် ကျောင်းသင်္ခမ်း၌ပင် ဝင်ရောက်တည်းခိုးကြ၏။

ထိုအခါ ဆရာတော်သည် သားရေကုန်သည်အား မြင့်သောနေရာ ပေး၍ ဖွယ်ဖွယ်ရာရာပြုစုစေပြီး စပါးကုန်သည်အား နိမ့်သောနေရာပေးကာ သင့်ရုံသာ ပြုစုစေ၏။

အကြောင်းခြင်းရာကို စေ့ငုကြသောအခါ ဆရာတော်က ဤသို့မိန့်၏။

"အလာခရီးတွင် ကုန်များ ကျဈေးမိရန်အလို့ငှာ စပါးကုန်သည်သည် ဆန်ရေစပါး ပေါများပါစေဟု ဆုတောင်း၏။ သတ္တဝါအများ ချမ်းသာရန်ဖြစ်၏။ သားရေကုန်သည်မူကား သားရေပေါများပါစေဟု ဆုတောင်းသဖြင့် သတ္တဝါများ ဆင်းရဲရန်အကြောင်းရှိချေ၏။ ထို့ကြောင့် စပါးကုန်သည်အား မြင့်ရာပေးသည်။

"အပြန်ခရီးတွင် ကုန်များ တက်ဈေးမိရန်အလို့ငှာ စပါးကုန်သည်သည် ဆန်ရေစပါး ရှားပါးပါစေဟု ဆုတောင်း၏။ ဝေနေယျသတ္တဝါများ ဆင်းရဲရန်ဖြစ်၏။ သားရေကုန်သည်မူကား သားရေရှားပါးပါစေ ဆုတောင်းသောကြောင့် သတ္တဝါအများ သေကျေခြင်းမှ သက်သာချမ်းသာရာဖြစ်၏။ ယင်းကြောင့် စပါးကုန်သည်အား နိမ့်ရာပေး၍ သားရေကုန်သည်အား မြင့်ရာ ပေးရခြင်းဖြစ်ဘိ၏"

ငယ်စဉ်တောင်ကျေး ကလေးဘဝ ဖတ်စာ၌ ယင်းသို့ဖတ်ခဲ့ရဖူးချေသည်။

သည်တစ်ခါမှာတော့ ထွန်းအောင်ကျော်ကို ပြတ်ပြတ်သားသား ဆုံးမမှဖြစ်ချေတော့မည်ဟု ဆုံးဖြတ်သည်။

သည်ကာလမတိုင်ခင်တုန်းကတော့ တစ်စထက်တစ်စ အရွယ်ရောက် လူလားမြောက်လာသော သူ့ကိုကြည့်ကာ ရင်မှာကြည်နူးနှစ်ခြိုက်ခြင်း ဖြစ်ခဲ့သည်။ ကျေနပ်နှစ်သိမ့်ခြင်း ရှိခဲ့သည်။

သူ ဂစ်တာတီးခတ်သည်ကို နောက်ကျောဘက်မှ ကြာမြင့်စွာ စောင့်ကြည့်နေခဲ့ဖူးသည်။ သူ့အပေါင်းအသင်း သူငယ်ချင်းများနှင့် ရယ်မော...

နောက်ပြောင်ကာ ရှင်လန်းအားရရယ်သည်ကို နားထောင်ခဲ့ဖူးသည်။

ယခုတော့ သူသည် ဂစ်တာကိုပစ်ပယ်ထားခဲ့သည်မှာ ကြာပြီ။ အပေါင်းအသင်း သူငယ်ချင်းများနှင့် မရောနှောဘဲ တစ်ကိုယ်တည်းနေကျင့်ရှိလာသည်ကို တွေ့ရသည်။ ရယ်မောခြင်းအစား မှိုင်တွေ၍နေသည်။ အထီးတည်းနေရသည်ကို ပိုမိုနှစ်ခြိုက်ကြောင်း တွေ့ရသည်။

တစ်ခုတော့ တစ်ခုပဲ။ "မေ"ကို မေးရသည်။

"ဟေ့ မေ၊ မင့်သားဟာ အခုရက်အတွင်းမှာ ထူးခြားမနေဘူးလား"

"ဘာဖြစ်လို့လဲ ကိုကို"

"သူ အင်မတန်ခုံမင်တဲ့ ဂစ်တာကိုပစ်ထားတယ်။ သူငယ်ချင်းတွေ နဲ့လည်း ခွဲခွာနေတယ်။ ကြက်တောင်ရိုက်ကွင်းထဲကို မဆင်းတာတော ကြာပြီ။ တမှိုင်မှိုင်တတွေတွေနဲ့။ သူ ဘာဖြစ်နေသလဲ"

"ဟိုဟာပေ့ါ ကိုကိုရယ်၊ ကုရာနတ္ထိ ဆေးမရှိတဲ့ရောဂါပေ့ါ"

"ဘာရယ်၊ သူ ဆေးစွဲနေပြီ ဟုတ်လား၊ ဘုရား...ဘုရား၊ ဆေးခြောက်လား၊ ဟီးရိုးအင်းလား" ရင်မကာ မေးလိုက်မိသည်။

"မဟုတ်ပါဘူး ကိုကိုရယ်၊ သားက ဆေးလိပ်တောင်သောက်တာ မဟုတ်ဘူး။ ရည်းစားပူမိနေတာ ကိုကိုရေ။ ရည်းစားပူမိနေတာ"

"ဟ…ကြားသားမိုးကြိုး၊ ရည်းစားထားရအောင် သူ့အသက်က ဘယ်လောက်ရှိသေးလို့လဲ"

"ဘယ်လောက်ရှိရမှာလဲ၊ ကိုယ့်သားအသက်တောင် ကိုယ်မမှတ်မိဘူးလား။ သားက ဆယ့်ရှစ်နှစ်ကျော်ပြီ။ လာမယ့်ဧပြီလမှာ ဆယ့်ကိုးပြည့် မယ်" "သြော်၊ ဟုတ်ပေသားပဲ"

ဘာလိုလိုနှင့် ကိုယ်ကိုယ်တိုင်ပင် လေးဆယ်နှစ်ကို သီသီကျော်ခဲ့ပြီ။ အနောက်တိုင်းအယူအဆနှင့်ဆိုလျှင် လူ့ဘဝအစသည် လေးဆယ်နှစ်မှာဟု ဆိုသည်။ လက်တွေ့မှာတော့ လေးဆယ်နှစ်တွင် ဘဝနှင့် နပန်း လုံးနေရသည်။ လူမှုရေး၊ စီးပွားရေး၊ သားရေး သမီးရေးတွေနှင့် မျက်ဖြူ ဆိုက်ခမန်း ဖြစ်နေရသည်။ တော်သေးတာပေ့ါ။ သားတစ်ယောက် သမီးတစ်ယောက်တည်းနှင့် ရပ်ထားလိုက်မိပေလို့။

ထွန်းအောင်ကျော်နှင့် ချမ်းမြဲကျော်။

ထွန်းအောင်ကျော်နှင့်ပတ်သက်သော ပြဿနာတွေ စတွေ့ခဲ့သည်မှာ ကြာပြီ။

ပထမ ဆံပင်ကိစ္စ။ ဒုတိယ ဂစ်တာကိစ္စ။ တတိယ ကြက်တောင်ရိုက်ကွင်းက မတက်သည့်ကိစ္စ။ ကိစ္စရပ်တိုင်းတွင်ပင် အနည်းနှင့်အများဆိုသလို လိုက်လျောခဲ့ရ သည်ချည်း ဖြစ်သည်။

"ကိုကို့သားခေါင်းကို ဘီးစိပ်တိုက်ချလိုက်တာ သန်းအကောင် တစ်ရာရတယ်"

"ဒီလောက်ဆံပင်ရှည်နေမှတော့ အကောင်တစ်ရာဆိုတာ နည်းသေးတာပေါ့ကွာ"

"သားက ဂစ်တာဝယ်ပေးပါတဲ့"

"ပထမ ဂစ်တာခေါက်မယ်၊ နောက် ဆေးခြောက်ရှူမယ်၊ ဒီလို မဟုတ်လား"

"သား ဆေးလိပ်မကြိုက်ပါဘူး ဖေဖေ၊ တစ်ခါမှလည်း မသောက်ကြည့်ဖူးဘူး။ ဆေးခြောက်ကတော့ ဝေလာဝေးပါ။ ဂစ်တာကတော့ ဝါသနာ အလျောက် တီးတတ်ချင်လို့ပါ"

အစကတော့ စည်းနှင့် ကမ်းနှင့် ကလနားနှင့် ဖြစ်သည်။ ဂစ်တာကို ကျောင်းပိတ်ရက်မှာသာ တီးရမည်။ ည ခုနစ်နာရီထက် မစောရ။ ကိုးနာရီ ထက် မကျော်ရ။ သို့သော် တစ်ခါတစ်ရံ တစ်ရေးနိုးမှာ လန့်နိုးလာလျှင် သူ၏ဂစ်တာ သံကို အိမ်ရှေ့ရေမြောင်းကူး တံတားထိုင်ခုံဆီမှ ကြားရသည်။

"ဟေ့ကောင် အိမ်ထဲဝင်မလား၊ မဝင်ဘူးလား။ အိပ်မလား မအိပ် ဘူးလား"

"ဟာဗျာ၊ ဖေဖေကလဲ၊ တစ်နေ့လုံးရှာထားတဲ့ကော့ဒ်တွေ အလကား ဖြစ်ကုန်ပါပြီ" ညည်းညူရင်း အိမ်ထဲဝင်လာတတ်သည်။ ကြိုက်တောင်ရိုက်ပြီဆိုတော့လည်း ဂစ်တာကို လှည့်မကြည့်တော့။ တစ်နေ့တည်းမှာ ပွဲငါးဆယ်ရိုက်သည်တဲ့။ သတင်းရသည်။

"အားကစားလုပ်တယ်ဆိုတာ အပင်ပန်းခံဖို့ချည်း မဟုတ်ဘူးကွ နားရသေးတယ်။ မနားရင် အင်အားကုန်ပြီး အားကစားရာမကျဘဲ ကိုယ့် သေတွင်းကိုယ်တူးသလို ဖြစ်နေမယ်"

သည်ကောင်က သည်လိုအလွန်အကျွံသမား။ ကျောင်းမှာလည်း ရှစ်တန်းမတိုင်မီက အတန်းတိုင်းမှာ ပထမချည်း စွဲသည်။ စာတော်သော ကျောင်းသားအဖြစ် ဆရာ၊ဆရာမတို့၏ မျက်နှာသာပေးခြင်းခံရသည်။ စစ်ဗိုလ်ဖြစ်လာမလား၊ ဆရာဝန်ဖြစ်လာမလား၊ အင်ဂျင်နီယာ ဖြစ်လာမလား။ မျှော်လင့်ချက်ကြီးတစ်ခွဲသားဖြင့် ကြိုးစားဖို့အားပေးရသည်မှာ အခါခါ။ ရှစ်တန်းနှစ်မှာ ဂစ်တာကိစ္စ ဝင်လာသည်။ အပေါင်းအသင်း မင်လာသည်။ လည်တတ်ပတ်တတ်စ ပြုသည်။ သည်လိုနှင့် ရှစ်တန်းကျသည်။ တစ်ခါတလေ ခြေချော်လက်ချော်ပဲ ထင်ခဲ့သည်။ ဒုတိယနှစ်မှာ ထပ်ကာကျတော့မှ စာတွင် စိတ်မဝင်စားကြောင်း သဘောပေါက်မိသည်။ အတင်းအကျပ် ကျပ်သွပ်သင်ကြား၍ ရှစ်တန်းအောင်လာသည်။ သည်အခါမှာ နှစ်နှစ်ကြီး နှစ်နှစ်ငယ်သာ ဖြစ်သည့် ညီမဖြစ်သူက သူ့ကို မီလာသည်။ ရှက်သည်ဆိုပြီး ကျောင်းပြောင်းနေသည်။ သည်အခါမှာ လှောင်ထားသောမြင်းကို ဖောင်းမှလွှတ်သည့်နှယ် ရှိချေသည်။ ဆယ်တန်းမှာတော့ ဘယ်နည်းနှင့်မှ အောင်မည့်ကိန်း မပေါ်တော့ ထင်သည်။ သို့သော် 'ခ'နှင့်တော့ အောင်သေးသည်။ ဒုတိယနှစ်တွင် လုံးဝ ကျရှုံးသည်။

"သားက ကိုကို့ကားကို တောင်းနေတယ်"

"ဟေ ဘာကိစ္စ"

“ကျောင်းမတက်ချင်တော့ဘူးတဲ့၊ ပရိုက်ဗိတ်တက္ကစီမောင်းချင်တယ်တဲ့။ ဟုတ်သားပဲကိုကိုရယ်၊ ကိုကို့ရုံးက ဖယ်ရီတွေလည်း ရှိသားပဲ။ စက်ဆီဖိုး၊ ကားပြင်ခတွေကလည်း တစ်လတစ်လ နည်းသလား။ မေတို့မှာလည်း အပိုဝင်ငွေရတာပေါ့။ သားလည်း ခြေငြိမ်သွားတာပေါ့ "

သည်လိုနှင့် သင်း တက္ကစီမောင်းသမား ဖြစ်လာသည်။ စစ်ဗိုလ်ဖြစ်မလား၊ ဆရာဝန်ဖြစ်မလား၊ အင်ဂျင်နီယာဖြစ်မလားဟူသော မျှော်လင့်ချက်တိမ်တောင်တိမ်လိပ်ကြီးများ လွင့်ပါးသွားသည်။

ရှိစေတော့။

ပထမနေ့က တစ်ရာကျော်ရသည်။ ဓာတ်ဆီထည့်ပန်ကာကြိုးလဲ၊ လက်ဖက်ရည်သောက်နှင့် မအေကို ငွေခုနစ်ဆယ် အပ်သည်။

ဘယ်ဆိုးလို့လဲ။

မအေကလည်း ကျေနပ်နေသည်။

သို့သော် လေးရက်မြောက်မှာတော့ တစ်နေရာမှ ဖုန်းလာသည်။

ကားချင်းတိုက်မိသတဲ့။

လင်မယားနှစ်ယောက် ရင်မကာ လိုက်သွားရသည်။

ဘုရား ဘုရား။ လက်ထဲရောက်ကတည်းက သားသမီးလို အရိပ်တကြည့်ကြည့် တသသနေခဲ့သည့်ကားကလေး။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ ကား၏မျက်နှာတည့်တည့်မှာ ချိုင့်ခွက်နေသည်။ ရှဲလ်တွေ တစ်စစီ ပြုတ်နေသည်။ ရေတိုင်ကီမှာ ထိုးခွဲခံထားရသည်။ တစ်ဖက်က လမ်းမှား၍ပါဆိုပေမယ့် ခမျာမလဲ အဝှားသဲတင်လော်ရီ ကား မောင်းစားရသူ။ ကလေးတစ်ပြုံတမနှင့် တစ်နေ့ရမှ တစ်နေ့စားရသူ။ မလျော်နိုင်။ အမှုလုပ်လျှင်လည်း ထောင်ကျခံရုံပါပဲတဲ့။ သူထောင်ထဲသွားနေတာက ကိစ္စမရှိ၊ နောက်ပိုင်းက သားမယားနှင့် ကလေးတွေကို ဘယ်သူက ကျွေးထားမလဲ။

“ဒုက္ခပါပဲလား ကိုကိုရယ်”

“ညည်းမနေနဲ့တော့ မရွှေမေ၊ မင့်စိန်နားကပ်ဖြုတ်။ ကိုယ့်ကား ကိုယ်ပြင်ရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ အေး၊ ဒါပေမဲ့ ထွန်းအောင်ကျော် ကို ကိုယ့်ကား ထိတောင်မထိစေနဲ့တော့”သည်လိုနှင့် သည်ကောင် ကျောင်းလည်းမတက်။ အလုပ်လည်းမရှာ အိမ်မှာလည်း အဖော်မရ။ တစ်နေကုန် ကျောပြောင်ကြီးနှင့် အိပ်လိုက် စားလိုက် လုပ်နေသည်။ ယခုတော့ ရည်းစားသန့်ပင် ရှိနေပြန်ပြီတဲ့။

"သူ့ရည်းစားကို မေသိသလား၊ ဘယ်သူ့သမီးလဲ”

"တစ်လမ်းကျော်ကလေ၊ မဆိုးပါဘူး ကိုကိုရယ်။ ကောင်မလေးက ဆင်းရဲပေမယ့် ရိုးရိုးသားသားထဲကပါ”

"ဩော်...လက်စသတ်တော့ မေတို့သားအမိက တစ်ကျိတ်တည်းတစ်ဉာဏ်တည်းတွေပါလား။ မေ အကဲခတ်ပြီးပြီလား”

“အင်း…စာကတော့ ရှစ်တန်းလောက်ပဲတတ်တယ်၊ အိမ်မှုကိစ္စတော်တယ်"

"ကိုယ့်ကို ပြုပါဦးကွာ”

မိန်းကလေးက တကယ်ဆင်းရဲရှာသည်။ မိဘတွေကလည်း လက်လုပ်လက်စား။ ရုပ်ရည်ကတော့ အသင့်သား။

သည်တော့ ထွန်းအောင်ကျော်နှင့် မျက်နှာချင်းဆိုင်ရသည်။

“ဘယ်လိုလဲ ကိုယ့်လူ၊ ဒါနဲ့ အစကတော့ သားက မာစီဒီးကားပါတဲ့ မိန်းမကိုမှ ယူမယ်ဆိုကွ။ ခုတော့ ငါမပြောလိုက်ချင်ဘူး” သူကတော့ ဘာမျှပြန်မပြော။

မေက- “ဖူးစာပေါ့ ကိုကိုရယ်”

“အသက်တွေက ဘာမှရှိသေးတာမဟုတ်ဘူးကွ”

“ကိုကိုကလည်း ဒါတော့ ကိုယ်ချင်းမစာတာ၊ မေနဲ့ကိုကိုယူတုန်းက ကိုကိုက နှစ်ဆယ့်တစ်နှစ်၊ မေက ဆယ့်ရှစ်နှစ်”

“တော်ပြီ မရွှေမေ။ မင့်သဘော ကိုယ်သိတယ်။ မင်းမှာ ကူဖော်လောင်ဖက် လိုတယ်မဟုတ်လား။ အလိမ္မာ အိမ်ပါမယ့်ချွေးမမျိုး လိုချင်တယ်မဟုတ်လား။ ကောင်းမယ်ထင်ရင်လုပ် ဒါပဲ” သည်လိုနှင့် သားအမိတစ်တွေ တကျိတ်ကျိတ်။

“ကိုကို”

“ဟင်”

“မိန်းကလေးဘက်ကပြောတယ်၊ သိပ်ခမ်းခမ်းနားနားမဟုတ်တောင် မင်္ဂလာတော့ ဆောင်ချင်တယ်တဲ့။ အရပ်ထဲမှာတင်ပါပဲ။ လေးငါးထောင် ကုန်လောက် "

“တော်ပြီ မရွှေမေ၊ ရှေ့ဆက်ပြီး ဘာမှမပြောနဲ့။ သင်းနဲ့ပတ်သက် ပြီး ခြူးတစ်ပြားတောင် အကုန်မခံနိုင်ဘူး။ ယူချင်ယူ မယူချင်နေ။ အသိသက်သေ လေးငါးယောက်ခေါ်သွားပြီး ရုံးမှာပဲ လက်ထပ်ပေစေ"

သူ့အား အာရုံမှထုတ်ပယ်ထားပြီးပြီဆိုတော့ သမီးသည်သာ တွယ်တာစရာဖြစ်ခဲ့သည်။

သမီးကို အရိပ်တကြည့်ကြည့်နေသည်။ သမီးသည် လျင်မြန်စွာဖွံ့ထွားလာသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ လွန်ခဲ့သည့်နှစ်နှစ်ကပင် လမ်းပေါ်မှာ မိန်းမဖော်တွေနှင့် ထုပ်ဆီး တိုးတမ်း၊ ကုလားမစည်းခုန်တမ်း ကစားနေခဲ့သေးသည်။

စကတ်နှင့် မအေ့ထဘီတွေကို ဖိုသီဖတ်သီဝတ်ပြီး ပေါင်ပေါ် ဒူးပေါ် နေတတ်သည်။လှုရုပရမှန်းလည်း မသိတတ်သေး။ သည်ကနေ တစ်စတစ်စ ပြောင်းလဲလာသည်။ လမ်းမှာ ဆင်းဆော့မည့်အစား စာတစ်အုပ်ဖတ်နေတတ်သည်။ ဟိုးဟိုး ဟီဟီ ခိုးခိုးခစ်ခစ် မရယ်မောတတ်တော့။ ဣန္ဒြေသိက္ခာနှင့်။ ယခင်က ဖအေ့ရင်ခွင်ထဲဝင်ကာ အင်္ကျီအိတ်ထဲမှ

မုန့်ဖိုးနှိုက်တတ်သည်။ အိမ်သို့လာသော ရင်းနှီးသည့်ဧည့်သည်များနှင့် ရောရောနှောနှော နေတတ်သည်။ ယခုမူ ဖအေ့ကို ယခင်ကလို ရင်းရင်းနှီးနှီးမနေ။ ဖက်လှဲတကင်းမပြု။ ဧည့်သည်တွေနှင့်လည်း စိမ်းသည်။ ပွဲလမ်းသဘင် သွားမည်ဆိုလျှင် အဝတ်အဆင်ရွေးရသည်ကို စိတ်တိုင်းမကျတတ်။

"မေ့သမီး ဘယ်လိုဖြစ်နေသလဲ"

"ဘာဖြစ်နေလို့လဲ ကိုကို"

"အချိုးပြောင်းနေတယ်"

"ဩော် ကိုကိုရယ်၊ မိန်းကလေးတွေအကြောင်း ကိုကိုမသိပါဘူး၊ အခု သမီးက အပျိုဖြစ်နေပြီ"

ထိုအခါ စိုးရိမ်စိတ်သည် ရင်ထဲမှာပေါ်လာသည်။ လမ်းထွက်သွားလျှင် ယောက်ျားကလေးတွေက နောက်မှာစမှာ၊ ကျောင်းသွားကျောင်းပြန် ဘတ်စ်ကားပေါ်မှာ စော်ကားမော်ကား အပြုခံရမှာ။ ယခုအခါ ကားကိုလည်း ရောင်းပစ်ခဲ့ရပြီဖြစ်၍ သမီးအတွက် လိုအပ်နေချိန်မှာ ကားထပ်မဝယ်နိုင်သည့် ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့မဆုံး။ တဖြည်းဖြည်းနှင့် ပြုတတ်ပြင်တတ်လာကာ လှသွေးကြွယ်လာသည့် သမီးကလေးကို ဖန်ပေါင်းချောင်ထဲက ကြွေရုပ်ကလေးလို တမြတ်တနိုးအရိပ်ကြည့်နေရသည်က ကြည်နူးစရာ နှစ်သိမ့်စရာ။ သမီးက လိမ္မာတော့ ပို၍ပင်ကျေနပ်မဆုံး။ စာအတော်ကြီးမဟုတ်သော်လည်း တစ်နှစ်တစ်တန်းတော့ မှန်မှန် အောင်သည်။ အမှတ်စာရင်းတွေကိုကြည့်ကာ သမီးသည် ဆရာဝန်သော်လည်း ကောင်း၊ စက်မှုသိပ္ပံဘက်မှာသော်လည်းကောင်း ထူးချွန်မည် မဟုတ်သည် ကို သိရသည်။ ကိစ္စမရှိ။ ကျောင်းဆရာမလောက်ဆိုလျှင်ပင် တော်လောက်ပြီ။ သမီး၏ ဣန္ဒြေသိက္ခာနှင့် ကျောင်းအုပ်ဆရာမကြီးအဖြစ်၊ အပျိုကြီးအဖြစ် အရိုးထုတ်သွားနိုင်လျှင် အကောင်းဆုံးဖြစ်မည်ထင်သည်။ သည်အကြားကပဲ တစ်နေ့တွင်တော့ မေက ဆိုင်းမပါတုံ့မဆင့် ဆို လာသည်။

"ဒေါသမဖြစ်နဲ့နော် ကိုကို ၊ ကိုကို့ကို ပြောစရာရှိတယ်"

"ဘာလဲ မေ ၊ ဘာစကားမို့ နိဒါန်းတွေ အချီးတွေ ပျိုးနေရတာလဲ"

"သမီးအကြောင်းပါ"

သည်တော့ ရင်ထဲမှာ ထိတ်လာသည်။

"သမီး၊ သမီးက ဘာဖြစ်လို့လဲ"

"သမီးက သူ့မှာချစ်သူရှိနေပြီတဲ့"

ရုတ်တရက် ဒေါသသည် ပေါက်ကွဲသွားတော့မည်သို့ရှိသည်။ မေ၏ ကြိုတင်တောင်းပန်ထားမှုကြောင့် မနည်းကျိတ်မှိတ်မျိုသိပ်လိုက်ရသည်။ တစ်ကိုယ်လုံး နုံးခွေသွားမိသလို သက်ပြင်းရှိုက်လိုက်သည်။

"ကောင်ကလေးက တော်ပါတယ်။ မိကောင်းဖခင်သားသမီးပါ။ ပညာတတ်ထဲကပါ"

"မင့်မှာတော့ တစ်ခါမှ မတော်တာမရှိဘူး"

"သမီးက ဖွင့်ပြောထားတာကြာပြီ။ သူတို့ကျောင်းမှာ တွေ့ကြတာပဲ။ သိပ်စိမ်းတဲ့လူတွေလည်း မဟုတ်ပါဘူး ကိုကို။ ကိုကို့သူငယ်ချင်း ကိုထွန်းဖုံကြီးရဲ့သားပဲ။ ဒါက နောက်မှသိရတာ။ ဒီတော့..."

"ဒီတော့"

"ဒီတော့ မေက နေရာချပေးလိုက်ချင်ပြီလေ။ လူဆိုတာ သီးချိန်တန် သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာလို"

"သွားစမ်းပါကွာ"

"သမီးက ဒီနှစ် နောက်ဆုံးနှစ်ပဲ။ ဟိုကလေးကတော့ ကျောင်းက ပြီးသွားတာ နှစ်နှစ်ရှိနေပြီ"

"မရွှေမေ၊ မင်းဟာ နေရာတကာ ဒါရိုက်တာပဲ။ မင်းဟာမင်း သဘောကျ စီမံ၊ ချည်ပြီးတုပ်ပြီးကျမှ ကိုယ့်ကို ခေါင်းညိတ်ခိုင်းတာပဲ။ ဆိုစမ်းပါဦး မင်းတို့မှာ ဘာအစီအစဉ်တွေ လုပ်ပြီးပြီလဲ"

"သိပ်ခမ်းခမ်းနားနားလုပ်ဖို့တော့ မရည်ရွယ်ပါဘူး ကိုကို။ ကိုကို ကလည်း ဂုဏ်ပကာသနကို မကြိုက်ဘူးမဟုတ်လား။ စထရင်းက မင်းသား ခန်းမလောက်မှာပဲ မင်္ဂလာအခမ်းအနားကို ခပ်ကျဉ်းကျဉ်းလုပ်လိုက်မလား လို့"

ဝုန်းခနဲ ထရပ်လိုက်သည်။ ခါးထောက်ပြီး မေ့ကို ခပ်စိန်းစိန်းကြည့်လိုက်တော့ မေသည် မျက်နှာပျက်သွားသည်။

"တော် တော်...။ ထွန်းဖုံကြီးအကြောင်း ငါသိတယ်။ ဒီကောင်တွေ အဘိုးက တို့မြို့မှာ အချမ်းသာဆုံးပဲ။ ချမ်းသာသလောက် ကပ်စေးနဲတဲ့ ဟာတွေ။ တယ်လေ၊ ငါဝင်ပါလိုက်ရရင် အကုန်ရှုပ်ကုန်တော့မှာပဲ။ ဒီမှာ မရွှေမေ၊ မင်း အခုပဲ ထွန်းဖုံကြီးဆီဖုန်းဆက်လိုက်စမ်း။ ဒါဟာ ငါးပိငါးချဉ် ရောင်းတဲ့ကိစ္စမဟုတ်ဘူးလို့။ ဟင်းရွက်ကန်စွန်း ရောင်းတဲ့ကိစ္စ မဟုတ်ဘူး လို့။ ကရဝိက်နဲ့ အင်းလျားလိပ်ကနေ တစ်ပြားမှမလျှော့နိုင်ဘူးလို့ ပြော လိုက်စမ်း"

ငယ်စဉ်တောင်ကျေး ကလေးဘဝ ဖတ်စာတစ်ခုမှာ "စပါးကုန်သည် နှင့် သားရေကုန်သည်"တို့၏အကြောင်းကို ဖတ်ဖူးရင်းစွဲတော့ ရှိခဲ့ချေသည်။

သပြေ တေးမဂ္ဂဇင်း၊ အမှတ် ၇၀၊ စက်တင်ဘာလ ၁၉၈၀ ခုနှစ်။

သည်အရပ်မှာ ဒေါ်ဇာယုကို မသိသူမရှိ။ မလေးစားသူ မရှိ။ မခင်မင်သူ မရှိ။ သို့ရာတွင် ဒေါ်ဇာယုကား သာမန်လက်သည်တစ်ယောက်သာ ဖြစ်သည်။ သာမန်ဝမ်းဆွဲတစ်ယောက်သာ ဖြစ်သည်။ ဝမ်းဆွဲဆိုရာ၌ပင် လက် မှတ်ရမဟုတ်။ အစိုးရအသိအမှတ်ပြုခံရသူမဟုတ်။ ဘာသင်တန်းမျှလည်း တက်ဖူးသူလည်း မဟုတ်။

ဒေါ်ဇာယုကို လူတိုင်းက သိကြသည်မှာ၊ လေးစားခင်မင်ကြသည် မှာ ဒေါ်ဇာယုနှင့် တစ်နည်းမဟုတ် တစ်နည်းဖြင့် ပတ်သက်နေကြသော ကြောင့်မဟုတ်။ သည်အရပ်ရှိ ကိုးဆယ်ရာခိုင်နှုန်းမျှသော ကလေးများမှာ ဒေါ်ဇာယု အကူအညီဖြင့် လူ့လောကအတွင်း ရောက်ရှိလာကြခြင်း အကြောင်းတစ်ခုတည်းဖြင့် မဟုတ်။ သားသမီးဝေးလိုသော အိမ်ထောင် သည်များ၊ လုံးဝ ရယူလိုခြင်းမရှိသော သူများအတွက်လည်း ဒေါ်ဇာယုကို အားကိုးအားထား ပြုနိုင်သောကြောင့် ဖြစ်သည်။

သည်အရပ်ရှိ ကလေးတိုင်းလိုလိုက ဒေါ်ဇာယုကို အမေယု၊ အမေယုနှင့် မြင်သည့်အရပ်က ပြေးလာကာ ကြိုဆိုလေ့ရှိကြသည်။ အိမ်ထောင်သည် အမျိုးသမီးတိုင်းက ဒေါ်ဇာယုအတွက် စားဦးစားဖျား ပေးပို့တတ်မြဲဖြစ်သည်။ ယုတ်စွအဆုံး လင်မယားရန်ဖြစ်နေသည်ဆိုလျှင်ပင် ဒေါ်ဇာယုကို မြင်သည်နှင့်တစ်ပြိုင်နက် ရပ်စဲသွားလေ့ရှိသည်။ သည်အထိ သူမ၏ ဩဇာအာဏာသည်အရပ်မှာ ထိရောက်စူးရှခြင်းရှိသည်။

သည်အရပ်ကို သံလမ်းကွက်သစ်ဟု ခပ်လွယ်လွယ် နာမည်ပေးထားသည်။ စင်စစ်တွင်မူ သည်ရပ်ကွက်သည် မဟာရန်ကုန်နယ်နိမိတ်အတွင်း၌ ရှိနေစေကာမူ ရပ်ကွက်တစ်ခု၏ အင်္ဂါရပ်နှင့် ပြည့်စုံလှသည်မဟုတ်ပေ။ လျှပ်စစ်မီးမရ၊ ဓာတ်တိုင်မရှိ။ ကတ္တရာလမ်းမရှိ။ ရေပိုက်လိုင်း မသွယ်ရသေး။

ပြည်လမ်းမနှင့် ရန်ကုန်ပြည် မီးရထားလမ်းအကြား ကြက်လျှာစွန်းသဖွယ် မြေကွက်လပ်တွင် သံလမ်းကွက်သစ်ကို တည်ဆောက်ထားသည်။ အိမ်ခြေ ငါးဆယ်ကျော်မျှ ရှိမည်ဟု ခန့်မှန်းရသည်။ အမှန်တော့လည်း ယင်းအိမ်ခြေငါးဆယ်တည်ရှိသော မြေနေရာမှာ သူဌေးတစ်ဦး၏ ဝင်းခြံ တစ်ခုစာမျှပင် မကျယ်ပြန့်ချေ။

အိမ်တို့မှာလည်း နတ်စင်သာသာမျှသာ ဖြစ်ကြသည်။ လင်ကိုယ် မယားလှည့်သာပဲ့သာလောက်သာဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ် ဖင်ချင်း ပေါက်ချင် ပေါက်မည်။ တစ်ဦး၏အိမ်ရှေ့သည် အခြားတစ်ဦး၏ ရေကပြင် ဖြစ်ချင်ဖြစ်မည်။ တစ်ဦး၏အိမ်ထရံသည် အခြားတစ်ဦးအတွက်လည်း အိမ်ထရံပင် ဖြစ်နေတတ်သည်။ အားလုံး ဖြစ်ကတတ်ဆန်းဆောက်ထားသော အိမ်တို့ချည်းဖြစ်သည်။ သက်ငယ်နှင့် ဝါးထရံအိမ်ချည်း ဖြစ်ကြသည်။

တစ်ခါတုန်းကတော့ သွပ်မိုးအိမ်ကလေးများကို ကြိုးကြား တွေ့နိုင် သေးသည်။ ယခုမူ သွပ်ဈေးကောင်းလှသဖြင့် ခွာရောင်းချလိုက်ပေပြီ။ လမ်းဟူ၍ မည်မည်ရရမရှိ။ သည်ရပ်ကွက်ထဲ ဝင်ဖူးသူသည် ဝက်ပါထဲသို့ ဝင်ဖူးပြီးသား ဖြစ်ပေလိမ့်မည်။

ကြောင်လိမ်လှေကားကို အံ့ဩစရာမရှိတော့။ ရေဆိုးမြောင်းတစ်သွယ်သည် သည်ရပ်ကွက်ကိုဖြတ်သန်းစီးဆင်းသည်။ လေကောင်းလေသန့် မရ၊ ရေဆိုးမြောင်းပုပ်နံ့အတွက် စိတ်အနှောင့်အယှက် မဖြစ်မိကြတော့။ နောက်တစ်ကြောင်းကလည်း သည်ရပ်ကွက်၌ အိမ်သာဟူ၍ မည်မည်ရရ မရှိ။ သည်မြောင်းကိုပင် အားကိုးရသည်။ အချို့ကတော့ ညအခါ မီးရထားလမ်းကို အားထားကြသည်။

သည်ရပ်ကွက်တွင် တစ်ယောက်အကြောင်း တစ်ယောက်မသိသူခပ်ရှားရှား။ မသိချင်၍လည်း မဖြစ်။ မမြင်ချင်၍လည်း မရ။ မကြားချင်၍လည်း မနေနိုင်။ တစ်ယောက်အိမ်မှ ညှော်နံ့ရသည်ကအစ သည်အိမ်မှာ ညအိပ်ညှော်သည်လာသည်အထိ။ ရုပ်မြင်သံကြားနှင့် ဂန္ဓာရုံ ရုပ်ရှင်ကြည့်ရသည်သို့ ရှိဘိ၏။ စင်စစ်သည် ရပ်ကွက်ကား နှစ်ဆယ်ရာစုနှစ် မဟာရန်ကုန်၏ မေ့လျော့ခြင်းခံထားရသော ကျူးကျော်ရပ်ကွက်ကလေး တစ်ခုသာတည်း။

အိမ်ခြေငါးဆယ်မျှရှိသော်လည်း သည်ရပ်ကွက်၏ လူဦးရေဇယားမှာ ကြောက်ခမန်းလိလိရှိလောက်အောင် သုံးရာကျော်မျှ ညွှန်ပြနေလေသည်။ ထို့ကြောင့်လည်း သည်ရပ်ကွက်အဖို့ ဒေါ်ဇာယုသည် အထူးလိုအပ်သော၊ အထူးအရေးပါသော ရောမပုဂ္ဂိုလ်ကြီး ဖြစ်နေလေသည်။ ထို့ကြောင့်ပင် ဖြစ်မည်ထင်သည်။ ဒေါ်ဇာယုတစ်ယောက် ဝမ်းဆွဲ၊ သို့မဟုတ် လက်သည်အလုပ်ကို သည်တစ်သက် လုပ်မစားတော့ပါ ဆိုသောအခါ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက် ဆူသွားလေသည်။ ပွက်စီ ညံသွားလေသည်။ သာခွေးတို့အမေ အေးပုသည်လည်း မျက်ရည်လည်လာသည်။ ဖိုးထင်၏မယား မထွားသည်လည်း ငိုကြီးချက်မ ဖြစ်သွားရှာသည်ဟု အဆိုပြုကြသည်။

သည်ရပ်ကွက်တွင် နေထိုင်ကြသူများမှာ အများအားဖြင့် လက်လုပ် လက်စားများ ဖြစ်ကြသည်။ ပျံကျများဖြစ်ကြသည်။ အချို့က ဆိပ်ကမ်း ဘူတာရုံ စသည်တို့မှ ပျံကျအလုပ်သမား။ အချို့က လက်မှတ်မှောင်ခို၊ အချို့က လမ်းဘေးဈေးသည်။ အချို့က ဆိုက်ကားနင်း။ သည်မှာ ရာထူးအမြင့်ဆုံးနှင့် ဂုဏ်ရှိအရှိဆုံး အလုပ်သမားဆိုလျှင် ဒေါ်ဇာယု၏ယောက်ျား ကိုသံချောင်းသာ ရှိသည်။ သူက ရုံးတစ်ရုံးမှ မင်းစေ။

ထို့ကြောင့်ပင် သည်ရပ်ကွက်မှာ ခန့်ခန့်ညားညား မီးဖွားနိုင်သူ မရှိသလောက်ပင်။ အများအားဖြင့် ဈေးတောင်းခေါင်းရွက် ရောင်းနေရင်း ဗိုက်နာလာမှ အိမ်ပြန်မွေးဖွားသူများသည်။ ကိုယ်ဝန်ကို တယုတယထိန်းသိမ်းနိုင်သူ၊

စောင့်ရှောက်နိုင်သူ မရှိ။

အစကတော့ ဒေါ်ဇာယုလည်း ဝမ်းဆွဲမဟုတ်။ အိမ်နီးနားချင်းကိုကူညီရင်းမှ တတ်မြောက်ကျွမ်းကျင်လာခြင်း ဖြစ်သည်။ အခကြေးငွေဆိုသည်ကို သတ်သတ်မှတ်မှတ်ရတတ်သည်လည်း မဟုတ်။ ကုသိုလ်ဖြစ်ကသာ များသည်။ ဒေါ်ဇာယုသည် တစ်စတစ်စနှင့် မွေးဖွားသောအတတ်ပညာ ကိုသာမက တားဆီးသောလုပ်ငန်းရပ်များကိုပါ တတ်မြောက်လာသည်။ သည်အရပ်မှာက သည်အလုပ်မျိုးတို့လည်း လိုအပ်သည်ဟု ထင်သည်။ အကြောင်းမှု ပါးစပ်တစ်ပေါက် တိုးလာမည့်အရေး မစဉ်းစားဝံ့သူတွေ ဒုနှင့် ဒေး ရှိသောကြောင့် ဖြစ်သည်။ သည်ကိစ္စတွင်မူ ဒေါ်ဇာယုသည် ငွေကြေး ယူသည်။ အခယူသည်။

"ညည်းတို့ဒိမ်ကျတာ ကိစ္စမရှိဘူး၊ ကျုပ်မှာက ငရဲနဲ့အရင်းတည်းရတာတော့။ ဒီတော့ ဒီကိစ္စကိုတော့ မေတ္တာရိလုပ်မပေးနိုင်ဘူး" ဒေါ်ဇာယုက ပြောပြီဆိုလျှင် တစ်တစ်ခွခွ ကြမ်းကြမ်းတမ်းတမ်းပင်ပြောတတ်သည်။ ဒေါ်ဇာယု၏ရုပ်အသွင်ကလည်း တကယ့်ဒေါင်းနီမောင်းနီပုံစံမျိုး။ ညိုညို့တုတ်တုတ်၊ ထွားထွားအိအိနှင့်။ သူမ၏ယောကျ်ား ကိုသံချောင်းကမူ အမည်နှင့်လိုက်လျောညီထွေမရှိလှ။ ပုပုပျပ်ပျပ်၊ သေးသေးကွေးကွေးပင်။ သူက လူအေးလူရိုး။ တစ်နေကုန်၍မျှ စကားတစ်ခွန်းတလေ ပြောဖို့ မနည်း ကြိုးစားရသူ။ အရပ်ထဲတွင် အချင်းချင်းကူညီသည့်အနေနှင့် တားသော၊ ဖျက်ချသောအလုပ်မျိုး လုပ်နေခဲ့ရာမှ ဒေါ်ဇာယု၏သတင်းသည် တစ်စထက်တစ်စ ကျော်ဇောခြင်းရှိလာသည်။ ဒေါ်ဇာယုအား မတွေ့ တွေ့အောင်ရှာသူတို့ ပေါ်ပေါက်လာသည်။ အရွယ်အသီးသီး၊ အတန်းအစားအထွေထွေပင် ဖြစ်တော့သည်။ ပထမပိုင်းကတော့ လင်ရှိမယားအချို့။ လင်လုပ်သူ နိုင်ငံရပ်ခြားသို့ကြာမြင့်စွာသွားနေစဉ်မှာ ကိုယ်ဝန်ရှိနှင့်သူ။ လင်လုပ်သူက သင်းထားပါလျက် သန္ဓေတည်သူ စသည်များဖြစ်ကြသည်။ အခက်အခဲတစ်ပုံတစ်ပင်ကြီးနှင့် ဖြစ်ကြသည်။ ဒေါ်ဇာယုသည် တစ်ဦးစနှစ်ဦးစကို ငြင်းပယ်မိသေးသည်။ သည်အထဲက မိန်းမတစ်ယောက် သူ့ကိုယ်သူ သတ်သေသွားဖူးသည်နှင့် "တစ် သက်သာသေစေ၊ နှစ်သက်တော့ အသေမခံ"ဆိုကာ သေချာစွာမေးမြန်းစေ့ငု၍ လုပ်တန်သူကို လုပ်ပေးခဲ့သည်။

နောက်တော့ ကလေးများမှာကြောက်သော အရာရှိကတော်များ၊ သူဌေးကတော်များကို တွေ့ရတတ်သည်။ ကားကြီးကားငယ်ဖြင့် ရောက်လာတတ်သည်။ သည်လူတွေကိုတော့ ဒေါ်ဇာယု တတ်နိုင်သမျှ ငြင်းသည်။ "ရှင်တို့မှာ စားနိုင်သောက်နိုင်ပဲဥစ္စာတော်၊ သူ့ဟာသူစားရမယ့် ကံ ကြမ္မာပါလို့ ရောက်လာတဲ့ဥစ္စာ။ မတားဆီးစကောင်းပါဘူး"ဆိုခဲ့သည်။ သည်အကြားက တစ်ခါတစ်ရံ အကျပ်ကိုင်လာသူများကို ဒေါ်ဇာယုက အိမ်ပေါ်မှ ကိုင်လွှင့်မပစ်ရုံတစ်မယ် အမူအရာမျိုးဖြင့် ပြောင်ပြောင်ပင် နှင်ချပစ်တတ်သည်။ တစ်ခါတစ်ရံမှာ ကြေကွဲဖွယ်လည်းကောင်း၊ ဒေါသဖြစ်ဖွယ်လည်း ကောင်းသော

ကိစ္စမျိုးနှင့် ကြုံတွေ့ရတတ်သေးသည်။ ရောက်လာပြီဆိုလျှင် ငိုကြီးချက်မနှင့်။ မိဇာယုမှမကယ်လျှင် သေဖွယ် ရာသာရှိတော့သူတွေ။ စိန်နားကပ်ပဲပေးရပေးရ၊ နီလာလက်စွပ်ပဲ ကန်တော့ရ ကန်တော့ရ ဆိုသူတွေ။

ဒေါ်ဇာယုသည် သည်ကိစ္စမျိုးဖြင့် မိမိကိုယ်မိမိ ကျော်စောနေသည် ကို မလိုလားမိ။ တစ်ခါတစ်ရံ သည်အရပ်ကပင် ပြောင်း၍ပြေးမည်ကြံသည်။ ကိုသံချောင်း ညှံ့လို့ပေါ့။ သူသာ ညနေတိုင်း တစ်အာတာလောက် မသောက်ဘူးဆိုလျှင် တစ်လ အစိပ်ဖြစ်ဖြစ်၊ သုံးဆယ်ဖြစ်ဖြစ် ပေး၍ငှားနေနိုင်မည် ဆိုလျှင် သည်အရပ်ကို ခွာပါရဲ့။ ယခုတော့လည်း မလွှဲမကင်းသာ၍ သည်အရပ်မှာ နေရသည်။ မတတ်သာ၍ သည်အလုပ်မျိုး လုပ်ရသည်။ အိမ်မှာက တစ်ခါတစ်ရံ ခနိမိုး ဖို့ကအစ၊ ဘာပစ္စည်း ညာပစ္စည်းကလေးတွေ ပြည်သူ့ဆိုင်မှ ထုတ်ဖို့ကအစ ငွေကလည်း လိုတတ်သေးသည်မဟုတ်လား။ သည်အလုပ်ဖြင့် ပိုက်ဆံရသည်ဆိုစေကာမူ ငွေက မမြဲလှ။ ငွေရပြန်တော့ ဘဝကူးကောင်းရန်ဆိုကာ လှူရတန်းရသေးသည်။ ကုသိုလ်လုပ် ရသေးသည်။ အတော်ကြာ အဝီစိ၌ ချိုးကပ်နေမှ ခက်ရချည့်ရဲ့။ ဒေါ်ဇာယုသည် သားဖျက်ခြင်းလုပ်ငန်းကို လုပ်ရသော်လည်း ငွေ အတွက်မဟုတ်ဟု အစဉ်သဘောပိုက်သည်။ သူတစ်ပါးအခက်အခဲကိုတတ်နိုင်သမျှ ဝင်ရောက်ကူညီဖြေရှင်းရခြင်းဟု အစဉ်သဘောထားသည်။ သည်သဘောကိုလည်း အရပ်အတွင်းရှိ လူတကာက နားလည်သည်၊ ခွင့်လွှတ်ကြသည်။ အပြစ်ပြောကြပြီဆိုလျှင်တော့ လင့်ကွယ်ရာမှာ ကမြင်းကြောထသူတွေ၊ မိမိ၏ဂုဏ်သိန်နှင့် မိဘအရှိန်အဝါ စသည်တို့ကို လျစ်လျူရှုကာ နန့်ကြောဆွဲသူတွေကိုသာ အပြစ်ဖို့တတ်ကြသည်။ ယခုတော့လည်း ဒေါ်ဇာယုက ကြေညာပေပြီ။ သူမ၏လုပ်ငန်းကို စွန့်တော့မည်။ စစ်ဖြစ်စကတည်းက ပြေးလာပြီးနောက် တစ်ခေါက်မျှ ပြန်မရောက်တော့သော တောသို့ပြန်မည်ဟု။ စင်စစ် သည်အဖြစ်ကို အစပျိုးခဲ့သူမှာ ‘သက်ပြင်း’ပဲဖြစ်မည်ထင်သည်။ သက်ပြင်းကြောင့်သာလျှင် ဒေါ်ဇာယု၏ကြေညာချက် ထွက်လာခြင်း ဖြစ်မည်ဟု အောက်မေ့ကြသည်။

သည်ရပ်ကွက်သို့ သက်ပြင်းရောက်လာခဲ့ပုံကို မမေ့ကြသေး။ အဲသည်နေ့က မိုးကလေးတဖွဲဖွဲရွာနေသည်ကို သတိထားသူများ မှတ်မိနေကြသေးသည်။ အချိန်မဟုတ်ဘဲ ရွာသောမိုးပြေးကလေး ဖြစ်သည်။ ဖုန်သိပ်အောင်ပင်မရွာဘဲ ချက်ချင်းစဲသွားသည်။ မိုးမစဲမီကလေးတွင်ပင် သူတို့သည် ရပ်ကွက်၏ ဝင်္ကပါလမ်းထဲ သို့ ဝင်လာကြသည်။ သူတို့ဆိုသည်က ကောင်မကလေးတစ်ယောက်နှင့် ကောင်လေးတစ်ယောက်။ သူတို့ကို တစ်ရပ်ကွက်လုံးမှာရှိသော လူတိုင်းက သတိထားမိကြသည်။ ကလေးအစ ခွေးအဆုံး အားလုံးက သတိပြုမိကြသည်။ ဤသည်မှာလည်း လမ်းဝ၌ရပ်ထားခဲ့သော သူတို့၏မော်တော်ကား ကြောင့်ချည်းမဟုတ်။ သူတို့ကိုယ်မှာ ဝတ်ဆင်ထားသော တောက်ပသစ်လွင်သည့်

အဝတ်အစားကြောင့်ချည်း မဟုတ်။ သူတို့က ဒေါ်ဇာယု၏အိမ် ကို မေးမြန်းစုံစမ်းနေလေသောကြောင့်လည်း ဖြစ်သည်။

မိန်းကလေးသည် အသက်နှစ်ဆယ့်လေးနှစ်လောက်ပင် ရှိဦးမည်။ ယောကျ်ားကလေးလုပ်သူကလည်း အသက်မတိမ်းမယိမ်း၊ ကြီးလှမှ တစ်နှစ်၊နှစ်နှစ်။ မိန်းကလေးက စတော်ဘယ်ရီရောင် အထက်အောက်ဖက်ရှင်။ ယောကျ်ားကလေးက ရခိုင်လုံချည်အနီကွက်။ တိုက်ပုံအဖြူနှင့်။ ရုတ်တရက် ကြည့်ရုံနှင့်ပင် အလွန် ရှေ့သွားနောက်လိုက် ညီသော စုံတွဲဖြစ်ကြောင်း သိသာသည်။ ကားထဲမှဆင်း၍ မိုးဖွဲကလေးများထဲသို့ လျှောက်ရတော့မည်ဆိုသောအခါ ယောကျ်ားကလေးလုပ်သူက သူ့လက်ကိုင်ပဝါကို အမျိုးသမီးခေါင်းပေါ်သို့ တယုတယ ဖြန့်တင်ပေးသည်။ ရေဆိုးမြောင်းကို ကျော်မည်ပြုသောအခါ လက်ကိုင်တွဲလျက် ခုန်ကျော်စေသေးသည်။

သူတို့ကိုကြည့်ရသည်မှာ ညားခါစဇနီးမောင်နှံလို ဖြစ်သည်။ ဒေါ်ဇာယုသည်လည်း သူတို့ကို အကဲခတ်သလို ကြည့်နေရာမှ မိမိ၏အမည်ကို မေးမြန်းခြင်းခံလိုက်ရသည်။

“ဒီမှာဟေ့”ဆိုရင်း သူတို့ကို လှမ်းခေါ်လိုက်ရသည်။

သူတို့ အိမ်ကလေးပေါ် တက်လာသည်။ ကိုသံချောင်း ထိုင်လေ့ရှိသော ပက်လက်ကုလားထိုင်မှာ ယောကျ်ားကလေးလုပ်သူကို ထိုင်စေရသည်။ မိန်းကလေးအတွက် နေရာထိုင်ဖျာခင်းပေးရသည်။ အကြောင်းတစ်ခုကြောင့် မိမိထံ သူတို့ရောက်လာကြောင်း ဒေါ်ဇာယု သိသည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံး ယင်းအကြောင်းကိုပြောရန် နှုတ်လေးနေကြသည်။ မျက်စိမျက်နှာပျက်နေကြသည်။

“ဆိုပါဦး…ကိစ္စ”

မစိန်ညွှန့်ဆေးပေါ့လိပ်ကို ရှိုက်ဖွာရင်း မီးခိုးကြားမှ သူတို့အကဲကို ခိုးကြည့်ကာမေးရသည်။ အမျိုးသားက ချွေးပြန်သောမျက်နှာကို လက်ကိုင်ပဝါဖြင့်သုတ်သည်။ အမျိုးသမီးက ရှက်ရွံ့အားနာသောမျက်နှာဖြင့်ပင် စကားဆိုသည်။

“အဒေါ်ဆီကို ကျွန်မသူငယ်ချင်းက ညွှန်လိုက်လို့ပါ”

“ဘယ်သူပါလိမ့်”

“အေးအေးဝင်းပါ"

“အေးအေးဝင်း၊ ဒီနာမည် မကြားဖူးပါကလား”

သည်စကားကိုဆိုလျှင် အမျိုးသမီး၏မျက်နှာ ပျက်သွားသည်။ အား လျော့သွားသလိုရှိသည်။

"ဒီလိုလေ၊ ဒီကိုလာတဲ့လူတွေက နာမည်မှန်ကို မပြောတတ်ကြဘူး။ ပြောလေ့မရှိဘူး။ ပုံပန်းသဏ္ဌာန်ကို ပြောပါဦး”

"အသားညိုညို၊ အသက်က အစိတ်လောက်၊ ပါးမှာ အမှတ်ကလေးနဲ့"

"ဪ...သိပြီ၊ သိပြီ။ သူလာသွားတာ သိပ်မှမကြာသေးဘဲ"

ထိုအခါကျမှ အမျိုးသမီး၏မျက်နှာမှာ အားတက်ဟန်ပေါ်လာသည်။

"ကျုပ်ကသာ ဘာမှလုပ်မပေးရင် အင်းယားကန်ထဲ ဆင်းသေမယ် ဆိုတဲ့သူငယ်မပေါ့။ ဆိုစမ်းပါဦး၊ ညည်းကကော ဒီလိုပဲလား"

ဒေါ်ဇာယုက အမျိုးသမီး၏ ပင်ကိုထက်သိသိသာသာဖောင်းနေသော ဝမ်းဗိုက်ကိုကြည့်ကာ မေးလိုက်သည်။ အမျိုးသမီးသည် အမျိုးသား၏မျက်နှာကို လှမ်းကြည့်သည်။ မျက်ရည်လည်လာသည်။ အမျိုးသား၏မျက်နှာမှာ နီမြန်းနေသည်။

"ကျုပ်အဖို့ကတော့ ဒါမျိုးတွေ သိပ်မဆန်းလှပါဘူးအေ။ ရဲရဲတင်းတင်းသာ ပြောစမ်းပါ။ ကျုပ်အိမ်ကိုရောက်လာတာ အလည်အပတ်မဟုတ် ဘူးဆိုတာ သိပါတယ်။ ပြောစမ်းပါဦး ဘယ်နှစ်လရပြီလဲ"

"ကျွန်မ၊ ကျွန်မ မသိဘူး အဒေါ်"

အမျိုးသမီး၏မျက်နှာသည် ငုံ့သွားသည်။ အသံက ဆို့နင့်တိမ်ဝင်သွားသည်။

"အောင်မာ၊ တယ်လည်းခက်ပါလားကရို့။ ကိုယ်စီးတဲ့မြင်းက အထီးလား၊ အမလား မသိဘူးဆိုတာ ကျနေပြီ"

ဒေါ်ဇာယုက ပြောရင်းမှ ခြောက်ကပ်စွာရယ်လိုက်သည်။ ဒေါ်ဇာယုသည် သူတို့ကိုကြည့်ရင်း ရင်ထုမနာဖြစ်နေသည်။ ငါ့သားသမီးတွေသာဆိုရင် သင်းတို့ကို ထထောင်းမိရဲ့။ ကြည့်စမ်း အသက် ကလေးတွေက ငယ်ငယ်ရွယ်ရွယ်၊ ရုပ်ကလေးတွေက လှလှပပ။

မိဘက ကောင်းစေချင်တဲ့စေတနာနဲ့ ငွေကုန်ကြေးကျခံ၊ ပညာတွေသင်။ သူတို့က ဒီမှာကမြင်းထနေလိုက်ကြတာ။ မိဘရဲ့မျက်နှာမှမထောက်၊ အခုပဲ အရှက်တကွဲအကျိုးနည်း ဖြစ်တော့မယ်။ ငါ့မှာ သားသမီးအဖတ်မတင်တာပဲ ကောင်းပါတယ်။ နို့မဟုတ်ရင် ဒါတွေမြင်ပြီး ဘယ်လောက်သောကရောက်ရမယ်မသိ။ ခေတ်ကိုကဆိုးတာ။ အတုမြင် အတတ်သင်လိုက်ကြတာ လွန်ပါရော။ ယောကျ်ားလေးတစ်ယောက်နဲ့ တွဲလျှောက်ရတာကိုပဲ မိုးမမြင် လေမမြင် ထင်သူကထင်။ ရုပ်ရှင်ရုံမှာလည်း သင်းတို့၊ ပန်းခြံမှာလည်း သင်းတို့။ တကတဲ ဟီရိုသြတ္တပ္ပတရား သင်းတို့မှာခေါင်းပါးလိုက်ကြတာ။ ဒေါ်ဇာယုသည် ရင်ထဲမှာ ညည်းညူသလိုဆိုနေသည်။

သို့ပေမင့် ဒေါ်ဇာယု စဉ်းစားမိသောအရာတစ်ခု ရှိလာသည်။ သူတို့ စုံတွဲ ရောက်လာခြင်းနှင့် ပတ်သက်သည်။ အခါတိုင်းက လာကြပြီဆိုလျှင် မိန်းမသားတစ်ယောက်တည်း ဖြစ်ချင်ဖြစ်မည်။ မိန်းမသားချင်း အဖော်ပြု၍ ဖြစ်ချင်ဖြစ်မည်။ ယောကျ်ားသနာ မပါခဲ့။ ယခုအခါ ယောကျ်ားကလေးကိုပါ ခေါ်လာနိုင်သည်။ အခြားသူတွေက ယောကျ်ားကလေးလုပ်သူက ကိစ္စပြီးလျှင်

ပြီးစတမ်းဆိုကာ ခေါင်းရှောင်သွားသူတွေရှိသည်။ ပြဿနာနှင့် ချန်ထားရစ်ခဲ့တတ်သည်။ ယခုမူ… အခြေအနေက ဆိုးလှပုံမရ။

"မင်းတို့ကို အိမ်ကသဘောမတူဘူးလား" အမျိုးသမီးက ခေါင်းခါသည်။

"အိမ်ကလူကြီးတွေ မသိကြပါဘူး။ သိရင် မိုးမီးလောင်ကုန်မှာပေါ့"

"အော…အော၊ ဒါပေမဲ့ကွယ် ဒီကနေ့ခေတ်မှာ လူကြီးတွေ အသိမပေးဘဲ ကိုယ့်ဘာသာကိုယ် လက်ထပ်လိုက်ကြတာတွေ တစ်ပုံကြီး။ ရုံးတက် လက်မှတ်ထိုး၊ သတင်းစာက ကြော်ငြာ။ ဒါဆိုရင် လင်ခန်းမယားခန်း မြောက်တာပဲမဟုတ်လား"

"ကျွန်မတို့အခြေအနေက ဒီလိုမဟုတ်ပါဘူး အဒေါ်၊ ဒီလိုလုပ်လို့ မဖြစ်ပါဘူး"

"ဒါပေမဲ့ လူ့အသက်တစ်ချောင်းဆိုတာ ရခဲပါတယ် ကလေးမရယ်" အမျိုးသားသည် ဒေါ်ဇာယု၏ စကားကြောရှည်မှုကို နှစ်သက်ပုံ မရ။ သဘောကျပုံမပြ။

"ဒါမျိုးလုပ်ရင် ဘယ်လောက်ပေးရမလဲ အဒေါ်"

သည်မှာ ဒေါ်ဇာယု၏မျက်နှာရှိ အကြောစိုင်များ တင်းလာသည်။ ရင်ထဲမှ မာနက ကြွလာသည်။

"ဒီမယ် ငါ့တူ၊ အဒေါ်က ဒါနဲ့အသက်မွေးနေတာမဟုတ်ဘူး။ အဒေါ့ကို ငွေနဲ့စကားပြောလို့မရဘူး"

အမျိုးသမီးသည် သူတို့နှစ်ယောက်အကြားသို့ ဝင်လာသည်။

"နေပါဦး မောင်၊ ဒက်ဖနီပြောမယ်"ဆိုကာ ဒေါ်ဇာယုဘက်သို့ လှည့်သည်။ "ကျွန်မတို့ရဲ့အခြေအနေက ယူဖို့ ဘယ်လိုမှမဖြစ်လို့ပါ အဒေါ်ရယ်။ နို့မဟုတ်ရင် ဒီကိုတောင် ရောက်မလာပါဘူး။ ကျွန်မကို ကူညီပါ၊ ကယ်ပါ၊ သိပ်ကို အခက်အခဲတွေ့နေလို့ပါ"

"ကျုပ်က ဒီလိုမှလုပ်မပေးရင် ရေထဲဆင်းသေတာတွေ ဘာတွေ ဖြစ်ကုန်မယ်ဆိုပါတော့"

"အဲဒီထက်ဆိုးတာ ဖြစ်ကုန်မှာပေါ့။ အို၊ ဘယ်သူမှ မမျှော်မှန်းနိုင် လောက်အောင် ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်မှာပဲ…။ ကျွန်မတို့ ဆွေမျိုး အသိုင်းအဝိုင်းတစ်ခုလုံး မျက်နှာပျက်ရတော့မှာပဲ"

"အေးပေါ့လေ၊ ကျုပ်နားလည်ပါတယ်။ ဒီလိုပြောတာချည်းပါပဲ။ အမှန်တော့ ညည်းတို့ကိုယ်ဝှ်ကိုက စောစောစီးစီးကတည်းက နားလည်ဖို့ ကောင်းတယ်။ ဒီအဖြစ်မျိုးတွေ ဖြစ်တတ်တယ်ဆိုတာကို သတိထားဖို့ ကောင်းတယ်"

"ကျွန်မတို့လည်း…"

"ဟိုတစ်ကွေ့ချောင်၊ ပျို့အတွေ့မရှောင်နိုင်လို့ဆိုတဲ့ ဇာတ်ထဲက စကားလို ဖြစ်နေပြီဆိုပါတော့ ဟုတ်စ"

မိန်းကလေး၏မျက်နှာမှာ ညိုးသည်ထက် ညှိုးလာသည်။

မျက်ဝန်းနက်နက်ရွှန်းရွှန်းကလေးမှာ မျက်ရည်ဝေ့လာသည်။ အံကလေးကို တင်းတင်း ကြိတ်ကာ မျက်ရည်ကို ကြိုးစားထိန်းချုပ်နေရပုံပေါ်သည်။

"ကျွန်မကိုကယ်ပါ အဒေါ်ရယ်"

အသံတုန်တုန်ကလေးဖြင့် တောင်းပန်လာသည်။

ဒေါ်ဇာယုသည် အမျိုးသမီးကိုကြည့်ရင်း ရင်မှာနာကျင်လာသည်။ စင်စစ် ဒေါ်ဇာယုကား ကြံ့ခိုင်သလောက်၊ အာကြမ်းသလောက် အသည်းမာသူမဟုတ်။ စိတ်ဓာတ်က ပျော့ညံ့တတ်သည်။ အထူးသဖြင့် မိန်းမချင်း ဖြစ်နေတော့လည်း မာချင်သလောက်မမာနိုင်။

ကိုယ်ကိုယ်တိုင်ကလည်း ခဲမှန်ဖူးသည့် စာသူငယ်လိုပင်ဖြစ်သည်။ ကိုသံချောင်းနှင့်ယူမည်ဆိုတုန်းကအဖြစ်ကို သတိရသည်။ မိဘမောင်ဖွားတို့၏ တုတ်တွေ၊ ဓားတွေအကြား မှ ခိုးရာလိုက်ခဲ့ရသည်ပင်ဖြစ်သည်။ သူတို့ကျတော့ ပိုဆိုးမှာပေ့ါ။ မိဘဂုဏ် ရှိန်တွေ၊ ပညာဂုဏ်ရှိန်တွေနှင့်။ အေးလေ၊ အဆင်မပြေလွန်းလို့သာ ဖြစ်မှာပါ။ မိဇာယုဆီလာလျှင် အဆင်မပြေ၍သာပဲ ဖြစ်ရမည်မဟုတ်လား။ ဒေါ်ဇာယု သက်ပြင်းရှိုက်လိုက်သည်။

"ကဲလေ၊ စမ်းသပ်ကြည့်သေးတာပေ့ါ ဟုတ်လား"

ဒေါ်ဇာယုက အမျိုးသမီးကို အိပ်ခန်းထဲသို့ခေါ်ရသည်။ ညစ်ထေးထေး ပေကျံနေသောအိပ်ရာမှာ အိပ်စေရသည်။ စမ်းသပ်ကြည့်ရသည်။

"နောက်ဆုံးလာတဲ့ရက်ကို သိသလားဟင်"

"ဟင့်အင်း၊ မှတ်မထားမိဘူး၊ ရက်ကျော်နေတာတော့ ကြာပြီ။ ကျွန်မ ဘာမှလည်းမသိတာအမှန်ပါ အဒေါ်ရယ်။ ဒီလိုဖြစ်ရလိမ့်မယ်ကို မထင်ဘူး။ ခုတော့ သရိုးသရီနဲ့"

"ခက်ပါလားအေ၊ ဘာမှမသိဘဲနဲ့များ"

"မသိလို့ပေ့ါအဒေါ်ရယ်"

"ဒါဖြင့် အခုတော့သိပြီပေ့ါလေ"

ဒေါ်ဇာယုက ရယ်ရင်းဆိုသည်။ အမျိုးသမီးခမျာ မရယ်နိုင်ရှာ။ သို့ပေမယ့် စမ်းသပ်ချက်အရ အမျိုးသမီးသည် မိမိအားညာခဲ့ကြောင်း ဒေါ်ဇာယု သိသည်။ သူမသည် သည်ကိစ္စမျိုးကို အကြိမ်ကြိမ်ကျူးလွန်ခဲ့သည်။ အကြိမ်ကြိမ်ဖျက်ချခဲ့သည်။ ယခင်အခါများက ခေတ်ပေါ်ဆေးဝါးများကြောင့်လည်းကောင်း၊ ကံကြမ္မာကြောင့်လည်းကောင်း လွယ်ကူခဲ့ဟန် တူသည်။ ယခုတစ်ကြိမ်ကျခါမှ ခက်ခဲနေဟန်တူသည်။ တစ်စထက်တစ်စ ကြီးထွားလာခဲ့ပုံရသည်။ သူတို့ဘာသာ လုပ်၍မရခါမှ သည်နေရာသို့ ရောက်ခဲ့ကြောင်းကို ဒေါ်ဇာယု တွေးတတ်လာသည်။

"ညည်းဥစ္စာက ရင့်လှပါပကော။ စိတ်အထင် ခြောက်လ ခုနစ်လထက် မလျော့ဘူး"

ဒေါ်ဇာယုစကားကြောင့် အမျိုးသမီး မျက်လုံးပြူးနေသည်။

“ရသေးတယ်မဟုတ်လားဟင်”

“ရတော့ရတာပေါ့၊ အဆင်သင့်ရင်တော်ပါရဲ့ မသင့်ရင် မကောင်းဘူး။ ခံရမယ်။ စဉ်းစားပါဦး”

“ဘာပဲဖြစ်ဖြစ် အဒေါ်၊ ကျွန်မအတွက် ဒီလိုလုပ်တာထက် ကောင်းတဲ့လမ်းကို ရွေးလို့မရတော့ဘူး”

အမျိုးသမီး၏မျက်နှာမှာ တင်းမာနေသည်။ ယခုလိုကျပြန်တော့လည်း သတ္တိရှိနေသလိုဖြစ်သည်။

“ဆုံးဖြတ်ပြီးပြီနော်”

"အင်း"

“ညည်းလူကို မေးပါဦးလား”

“ကိစ္စမရှိပါဘူး၊ ကျွန်မသာ မူလပါ”

ဒေါ်ဇာယုသည် အိမ်နီးပါးချင်းတစ်ယောက်ကို အဖော်ခေါ်ရသည်။ သူမ၏ တစ်သက်တာ၌ သည်မျှ ရင့်မာနေပြီဖြစ်သော ကိုယ်ဝန်မျိုးကို မဖျက်ဖူးခဲ့။ နုနုနယ်နယ်များသာဖြစ်သည်။ အခက်အခဲနှင့်လည်း များစွာမကြုံခဲ့ရ။ အများအားဖြင့် လွယ်ကူသည်ချည်းပင်။ ယခုမူ အတော်ကြီး စိတ်မှာလေးလံနေသည်။

သည်သို့ဖြင့် သူမလုပ်ငန်းကို စသည်။ အခြေအနေက ထင်သလို မလွယ်။ အခက်အခဲနှင့် ကြုံတွေ့ရပြုသည်။ မိန်းကလေးမှာလည်း ထိုးထိုး ထွန့်ထွန့်နှင့် အံတကြိတ်ကြိတ် တညည်းညည်း တညူညူနှင့်။ နေ့လယ်ကစသောကိစ္စမှာ ညမီးထွန်းချိန်တိုင်အောင် မပြီးသေး။ သို့သော်-

သန်းခေါင်ယံတွင် “သက်ပြင်း”ကို မွေးဖွားခဲ့ပါသည်။

သို့ဖြင့် သက်ပြင်း လူ့လောကထဲသို့ ခဲခဲယဉ်းယဉ်း ရောက်လာရသည်။

အချိန်မတန်ဘဲ မွေးရစေကာမူ ခုနစ်လမျှ ရင့်နေပြီဖြစ်၍ သက်ပြင်းမှာ အသက်ပါလာသည်။ ခြေလက်အင်္ဂါစုံသည်။ သို့တိုင်အောင် သူ၏ လက်ကလေးများမှာ မီးခြစ်ဆံပမာမျှသာ ရှိသည်။ သူ၏ကိုယ်မှာ ကျုံလှီသေးကွေးလှသည်။ သူငိုသောအသံမှာ ကြောင်ပေါက်စကလေးတစ်ကောင်အော်သံလောက်ပင် ကျယ်လောင်ခြင်းမရှိ။ မွေးစက အသက်ပါလာသည် ဟုပင် မထင်။ အစကတော့ တစ်ခဏနှင့်ပင် သူသေဆုံးသွားလိမ့်မည် ထင်သည်။ နာရီပိုင်းမျှသာခံမည်ဟု ယူဆကြသည်။ သက်ပြင်းထက် ဒက်ဖနီကိုသာ ဂရုစိုက်ကြသည်။ ဒက်ဖနီကို ဆေးခန်းတစ်ခုသို့ပို့ကာ ကုသစေမည်ဟု သိရသည်။ သက်ပြင်းအတွက် မည်သူကမျှ မစဉ်းစားခဲ့။

သူတို့သည် နံနက်မလင်းမီ သည်ရပ်ကွက်မှ ထွက်သွားကြသည်။ ဒေါ်ဇာယုကို ငွေတစ်ရာပေးသည်။ ကလေးကိုကြည့်လိုက်ပါဆိုကာ ငွေတစ်ရာထပ်ပေးသည်။ သူတို့ပေးသော ငွေတစ်ရာကား သက်ပြင်းအတွက်

အသုဘစရိတ်သာ ဖြစ်လိမ့်မည်ထင်သည်။

သူတို့၏အရိပ်အယောင် ပျောက်ကွယ်သွားပြီးနောက် သူတို့နှင့်ပတ်သက်၍ ဘာမျှမကြားရတော့။

သက်ပြင်းတစ်ယောက် လူ့လောက၌ ဆက်လက်အသက်ရှင်နေရသည့်အဖြစ်ကို သိရလေလျှင် သူတို့၏ရင်မှာ မည်သို့ခံစားရမည်မပြောတတ်။ သက်ပြင်းကား ဆက်လက်၍ အသက်ရှင်နေလေသည်။ လူ့လောကသို့ ခဲယဉ်းစွာ ဝင်ရောက်လာရပြီးနောက် အလွယ်တကူ ထွက်ခွာသွားရမည်ကို ဝန်လေးနေပုံရသည်။

သူ့ကို သက်ပြင်းဟု မည်သူကစ၍ အမည်ပေးခဲ့ကြောင်း မမှတ်မိတော့။ အလွန်အင်မတန် သေသင့်ပါလျက် သေကံမရောက် သက်မပျောက်ခဲ့ဘဲ ဆက်လက်၍ သက်ဆိုးရှည်နေသည်ကို အကြောင်းပြု၍ သက်ပြင်းဟု တညီတညွတ်တည်းခေါ်မိခဲ့ကြဲဟန် တူသည်။

သက်ပြင်းသည် လူ့လောက၌ အသက်ဆက်လက်ရှင်သန်ခွင့်ရသော်လည်း သူသည် လူစာရင်းဝင်သည်မဟုတ်။ အကြောင်းမူ သူ့အတွက် မည်သူကမျှ သန်းခေါင်စာရင်းမတိုင်ခဲ့။ ဖွားစာရင်း မတိုင်ခဲ့။ အကြောင်းမကြားခဲ့။ သူသည် အိမ်ထောင်စုစာရင်းဝင်လည်း မဟုတ်။ ဆီလက်မှတ်မှာလည်း သူ့အမည်မပါဝင်။

သက်ပြင်း၏ အသုဘအတွက် ပေးခဲ့သော ငွေတစ်ရာရှိသည်ဖြစ်၍ ယင်းငွေကို ယင်းကိစ္စ၌ မသုံးရသောအခါ အခြားကိစ္စအတွက် သုံးရသည်။

အနှီးဝယ်ရသည်။ နို့မှုန့်ဝယ်ရသည်။ နို့သီးခေါင်းဝယ်ရသည်။ အစပိုင်းကတော့ အားဆေး စသည်တို့လည်း ဝယ်သည်။ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားသော ဆရာဝန်ထံမှာပင် ဆေးထိုးခဲ့သေးသည်။

သက်ပြင်းသည် သည်ရပ်ကွက်၌ ကျော်စောသည်။ ထင်ရှားသည်။ သူ၏ သေးကွေးကျုံလှီသော ကိုယ်ခန္ဓာကလေးကြောင့်ချည်းမဟုတ်။ သူ၏ ချစ်ဖွယ်ကောင်းသော မျက်နှာကလေးကြောင့်ချည်း မဟုတ်။ လူကုံထံ လူ့မလိုင်အလွှာမှာ ကံကောင်းလှစွာဖြင့် သန္ဓေတည်ရပြီးခါမှ သည်ဆင်းရဲသားရပ်ကွက်သို့ ကံမျက်စိလည်ကာ ရောက်ရှိလာရခြင်းအတွက် အံ့သြမိကြသောကြောင့်လည်း ဖြစ်သည်။

မွေးမေမေ မစိမ်းကားက သနားမဖက်ရက်စက်နိုင်စွမ်းသည်နှင့်အမျှ သူ့အပေါ် အကြင်နာပိုမိကြလေသောကြောင့် လည်း ဖြစ်သည်။

ကလေးတွေက တစ်ခါတစ်ရံ သက်ပြင်းငိုပြီဆိုလျှင် ကစားလက်စကို ရပ်ကာ သက်ပြင်းကို ချော့မြူဖို့ ဝန်မလေးကြ။ နို့ရှင်သော သားသည်မိခင်တို့က သက်ပြင်းအတွက် နို့ထိန်းသည်အဖြစ် ခံယူဖို့ဝန်မလေးကြ။

ညနေတိုင်း တအာတာသောက်နေကျ ကိုသံချောင်းပင် သက်ပြင်း အတွက် နို့မှုန့်ဖိုးပိုထွက်အောင်ဆိုကာ အရက်ဖြတ်လိုက်လေသည်။

ဒေါ်ဇာယုသည်လည်း သက်ပြင်းကို မွေးစားခွင့်ရလိုက်သဖြင့် ဝမ်းသာသည်။ စင်စစ် သူမကိုယ်၌က ကလေးအဖတ်မတင်ဘဲရှိခဲ့သည်။ သားသမီးမရနိုင်တော့ပြီဖြစ်သော သွေးဆုံးအရွယ်သို့ ရောက်ရသည်။ ကလေးရှူးစိတ်ကား မကုန်ခန်းသေး။ သက်ပြင်းကို ရင်နှစ်သည်းချာပမာ ပြုစုသည်။ ယုယသည်။ ယခုတော့လည်း သူစိမ်းတစ်ရံဆံများကို "ကျွန်မရဲ့ နွားအိုနောက်ကျသားကလေး"ဟု ပြောဝံ့စပြုလာသည်။

သက်ပြင်း တစ်လသားအရွယ်မှာတော့ စိတ်လှုပ်ရှားစရာနှင့် တွေ့ရပါသေးသည်။

ကိုသံချောင်းက သတင်းစကားပြောကြားခဲ့သည်။

"ဒီကနေ့ ငါကြည့်ခဲ့တဲ့ သတင်းစာမျက်နှာဖုံးမှာ သက်ပြင်းရဲ့အမေလို့ ထင်ရတဲ့မိန်းကလေးပုံတစ်ပုံ တွေ့ရတယ်။ ဘွဲ့ယူနေတဲ့ပုံပဲဟ။ ဘွဲ့ဝတ်စုံဝတ်ထားတာတော့ ဟုတ်မဟုတ် မသေချာဘူး။ ပြုံးလို့ ရယ်လို့"

သည်စကားကိုကြားရတော့လည်း ဒေါ်ဇာယုစိတ်မှာ စိုးရိမ်သလိုလိုခံစားရသည်။ တစ်နေ့တွင် သက်ပြင်းအား သူ့မိဘက လာခေါ်လေမလား အထင်နှင့်ဖြစ်သည်။

"အေးလေ၊ သူ့အမေနဲ့ သူ့သားပဲ။ လာခေါ်တော့ ထည့်ပေးလိုက် ရုံအပြင်ဘာတတ်နိုင်မှာလဲ"

သည်သို့လျှင် စိတ်ကိုဖြေရသည်။ သို့ဖြင့် သက်ပြင်းသည် မြို့မေတ္တာခံယူရင်း တစ်စထက်တစ်စ ဖွံ့ထွားလာသည်။ သူတစ်ပါးကလေး တစ်လသားအရွယ်ကို သူက သုံးလဖြင့် ယူရသည်။

သူ သုံးလပြည့်သည်မှစ၍ ပြဿနာပေါ်လာရသည်ဟု ဆိုရလိမ့်မည် ထင်သည်။ ပထမအခက်အခဲက နို့မှုန့်၊ ဒုတိယအခက်အခဲက နို့သီးခေါင်း၊ သူ့အတွက် နို့မှုန့်ကို ပြည်သူ့ဆိုင်မှမရနိုင်။ အပြင်မှဝယ်ရသည်။ ဈေးကခေါင်ခိုက်နေသည်။ မတတ်နိုင်တော့ နို့မှုန့်အစား နို့ဆီကို ပြောင်းတိုက်ရသည်။ စို့လွန်း၍လည်းကောင်း၊ ရေနွေးဖြင့်စိမ်လွန်း၍လည်းကောင်း ပိန် ရှုံ့နေသောနို့သီးခေါင်းကလေးကိုပင် ထပ်တလဲလဲသုံးရသည်။

ကိုသံချောင်း၏ ဝင်ငွေမှာ ကလေးတစ်ယောက်ကို နို့မှုန့်၊ သို့မဟုတ် နို့ဆီတိုက်၍ မွေးနိုင်လောက်အောင် မကောင်း။ ထမင်းစားဖို့ပင် အနိုင်နိုင်။ ကလေးကိစ္စနှင့်မို့ ဒေါ်ဇာယုသည်လည်း အလုပ်ကို ကောင်းစွာမလုပ်နိုင်။

သည်မှာ ကိုသံချောင်းလည်း ညည်းညူစပြုလာသည်။ ဒေါ်ဇာယု လည်း ညည်းချင်လာသည်။

သက်ပြင်းကလည်း လူသာ သေးကွေးသည်၊ အစားကတော့ အကြီးသား။ နို့ဆီတစ်ဘူးကို နှစ်ရက်ထက်ပို၍မတိုက်ရ။ မလိုင်နုတ်ထားသော နို့ဆီကိုတော့ မတိုက်ရက်။ အာဟာရမဖြစ်ဟု သိရသည်။ မလိုင်ပါသော နို့ဆီကလည်း ရှားပါဘိခြင်း။ ဈေးကြီးပါဘိခြင်း။

သက်ပြင်းအတွက် ထမင်းကို ပိတ်စိမ်းပါးနှင့် တိုက်ကျွေးသည်။ ကလေးက ငယ်လွန်း၍မစားတတ်။ အခက်ကြုံလာပြီကို သိသည်။ တစ်ယောက်ယောက်သို့ လက်ပြောင်းပေးလိုက်ရန် အကြံရလာကြသည်။ သို့တိုင် ပိုးမွေးသလို မွေးရသောကလေးမျိုးကို အလွယ်တကူ လက်ခံချင်သူမရှိ။

တစ်လောက ဒေါ်ဇာယု ဘတ်စ်ကားပေါ်မှာ အေးအေးဝင်းကို တွေ့ရသည်။ အေးအေးဝင်းကို မှတ်မိနေသည်မှာ သူမ၏ပါးပြင်ပေါ်မှ အမာရွတ်ကလေးကြောင့်ဖြစ်သည်။ ဒေါ်ဇာယုက နှုတ်ဆက်ပေမယ့် အေးအေးဝင်းက အစပိုင်းတွင် မသိချင်ယောင်ဆောင်နေသေးသည်။

"သောက်ကောင်မ၊ ကိုယ့်ကိစ္စပြီးရင် မေ့ရောလား”ဟု ဆိုလေမှ မှတ်မိသည့်လက္ခဏာ ပြသည်။

“ညည်းညွှန်လိုက်လို့ လာတဲ့ ကလေးမလေးတစ်ယောက်လေ သူ့နာမည်က ဘာနီဆိုလဲမသိဘူး”

“ဒက်ဖနီလား"

“အေးအေး၊ သူ့ကိုတွေ့ရင် ပြောလိုက်စမ်းပါအေ။

“သက်ပြင်းကိုခေါ်ဖို့ စိတ်မကူးတောင် တစ်ခါလောက်လာကြည့်လှည့်ပါဦးလို့”

“ဘယ်သူလဲ သက်ပြင်းဆိုတာ”

“အော်...သူ့ကလေးလေ။ သူတို့က သေပြီထင်ချင်ထင်နေမှာ။ အဲဒါ မသေဘူးလို့။ တို့မွေးထားတယ်လို့ ပြောဖြစ်အောင်ပြောလိုက်စမ်းပါ”

ဒေါ်ဇာယုစကားအတွက် အေးအေးဝင်း စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်။ သက်ပြင်းရှိုက်လိုက်သည်။

“သူလာမှာမဟုတ်ပါဘူး”

“ဘာဖြစ်လို့”

“သူ လက်ထပ်လိုက်ပြီ”

“ဟုတ်လား၊ သူ့အဆက် ခပ်ချောချောကောင်လေးနဲ့ပဲ မဟုတ်လား”

“ဟင့်အင်း၊ သူ့ထက်အသက်အများကြီးကြီးတဲ့ လူတစ်ယောက်၊ အရာရှိတစ်ယောက်နဲ့”

ဒေါ်ဇာယု ဘာပြန်ပြောရမည်မသိတတ်နိုင်တော့ပေ။ ကလေးကို မခေါ်ချင်သည့်တိုင် နို့မှုန့်ဖိုးကလေးများ ထောက်လေမလားအထင်နှင့် ဒေါ်ဇာယု ဆတ်ဆော့လိုက်မိခြင်းဖြစ်သည်။ ယခုမူ ရည်မှန်းချက်အားလုံး ပျောက်ပျက်ရလေပြီ။

အဲသည်နေ့မှာပဲ သက်ပြင်း စ၍ဝမ်းပျက်သည်။

ဒေါ်ဇာယု အပြင်မှာ ငွေထွက်ရှာနေတုန်း အိမ်ဘေးက မိန်းမတစ်ယောက်ကို သက်ပြင်းအား ကြည့်ရှုဖို့မှာခဲ့ရသည်။ ယင်းမိန်းမက နို့သီးခေါင်းနှင့် ဖန်ပုလင်းကို ရေနွေးဖြင့်ဆေးကြောခဲ့ဟန်မတူ။

သည်အတိုင်းနို့ဖျော်တိုက်ခဲ့ဟန်တူသည်။ ထို့ကြောင့်ပင် သက်ပြင်း ဝမ်းပျက်ရသည်။ ဝမ်းပျက်စက ဆေးတိုက်တွင် ဆေးစားမည်ဆိုလျှင်တော့ တော်ပါသေးသည်။ ယခုမူ ငွေအခက်အခဲကြောင့် သွားမပြနိုင်ခဲ့။ သည်လိုနှင့် သက်ပြင်းသည် ဝမ်းပျက်မြဲပျက်ကာ ယူပစ်သလို ချုံးကျသွားသည်။

ဒုတိယနေ့မှာ ဆေးတိုက်မပြနိုင်လျှင် အစိုးရဆေးခန်းသို့ ပြမည် စိတ်ကူးသည်။ ကိုသံချောင်းအတွက် ထမင်းချက်ပေးရ၊ ထမင်းချိုင့်ပြင်ပေး ရနှင့် မမီပြန်။ ဆေးမြီးတိုဖြင့်ပင် ကုသရသည်။ သက်သာပုံမရ။ သက်ပြင်း၏ မျက်ကွင်းကလေးများမှာ ညိုလာသည်။ နှုတ်ခမ်း ကလေးများ ဖြူလာသည်။ လက်ဖဝါး ခြေဖဝါးလေးများ ဝါလာသည်။ တစ်ကိုယ်လုံးအနက် လှုပ်ရှားနိုင်သောအရာဟူ၍ မျက်လုံးများသာဖြစ်သည်။ နို့မစို့တော့။ ရေကို ဇွန်းစကလေးဖြင့် ချပေးရသည်။ ရေသောက်ရသည်ကို ပင် သူ့မှာ ဝေဒနာခံစားရသည့်နှယ် ဖြစ်သည်။

ဒေါ်ဇာယုတို့မောင်နှံ အဲသည်ညတစ်ညလုံးမအိပ်ဘဲ စောင့်ကြည့်နေကြသည်။ ဒေါ်ဇာယုသည် တစ်ခါတစ်ရံ မကြည့်ရက်တော့သလို မျက်နှာ လွှဲနေမိသည်။

"မဖြစ်တော့ဘူး ကိုသံချောင်း၊ ရှင် မနက်ဖြန် ရုံးကခွင့်ယူ၊ သက်ပြင်း ကို ကလေးဆေးရုံပို့မှဖြစ်တော့မယ်"

သို့ရာတွင် သက်ပြင်းကား ကလေးဆေးရုံပို့သည်အထိ မခံတော့။ အရုဏ်တက်ချိန်မှာပင် ကွယ်လွန်ရှာသည်။ သူသည် ညင်ညင်သာသာ ငြိမ်ငြိမ်သက်သက်ကလေးပင် အသက်ထွက်သွားသည်။

လူ့ဘဝအတွင်းသို့ လိုလားခြင်းမရှိပါဘဲလျက် အတင်းတိုးဝင်လာခဲ့သည်။ သုံးလတာမျှ လူ့ဘဝအရသာကို မြည်းစမ်းကြည့်သည်။ ထို့နောက် သူ့အား များစွာလိုလားလက်ခံလိုခြင်းမရှိသော လူ့လောကကို ကျောခိုင်းသွားခဲ့သည်။ မခေါ်ဘဲလာပြီး မနှင်ဘဲပြန်သွားသည့် ဧည့်သည်ဟူ၍သာ ဆိုရန်ရှိတော့သည်။ တမလွန်ဘဝမှ သက်ပြင်း၏ဝိညာဉ်သည်သာ အတေး အမှတ်ရှိမည်ဆိုလျှင် နောက်တစ်ကြိမ် လူ့ဘဝ၌ ပြန်ဝင်စားရန် ကြိုးစားတော့မည်မထင်။ ယင်းသည် လူ့ဘဝကို ထာဝရစိတ်နာစကောင်းမည် ထင်ပါသည်။

သက်ပြင်းလာစဉ်က လူစာရင်းမဝင်ခဲ့။ ထိုနည်းတူ သက်ပြင်းပြန်သောအခါတွင်လည်း လူစာရင်းတွင် တစ်စုံတစ်ရာ ဆုတ်ယုတ်ခြင်းမရှိခဲ့ချေ။ သူလာစဉ်က သန်းခေါင်စာရင်း မသွင်းခဲ့သလို သူပြန်သောအခါတွင်လည်း စာရင်းမှ နုတ်ပယ်စရာမလိုခဲ့။ အိမ်ထောင်စုစာရင်း၌လည်း အပြောင်းအလွဲ မဖြစ်။ ဆီလက်မှတ်မှာလည်း ရေးစရာမလိုခဲ့ချေ။

သက်ပြင်း၏ ကိုယ်ခန္ဓာကလေးကို နေရာထိုင် ဖျာဖြင့်ပတ်သည်။ ကိုသံချောင်းက ချီပိုးသည်။ အိမ်နီးနားချင်း ယောက်ျားတစ်ယောက်က

မီးအုပ်ဆောင်းကိုင်သည်။ အခြားတစ်ယောက်က ပေါက်တူးထမ်းသည်။ သက်ပြင်းကို သူတို့ရပ်ကွက်နှင့် များစွာအလှမ်းမဝေးကွာလှသော မီးရထားသံလမ်း၏ ချောင်းကူးတံတားနံဘေးမှ ဗျိုက်တောထဲမှာ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ အသုဘအခမ်းအနားမှာ လွယ်လွယ်ကူကူ တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် ပြီးစီးသွားသည်။

အဲသည်ညက ဒေါ်ဇာယု ရင်ထုထုပြီးငိုသည်ကို တစ်ရပ်ကွက်လုံးက ကြားကြရသည်။ သူမသည် နာကြည်းဆို့နင့်စွာဖြင့်ပင် စကားများစွာကို ပြောခဲ့သည်။ သို့တိုင်အောင် ရပ်ကွက်ရှိလူများက စကားတစ်လုံးကိုမူ ရင်နင့်စွာဖြင့် အမှတ်ထားမိခဲ့ကြသည်။

"လူကလေး မောင်သက်ပြင်း၊ အမေ့သား မောင်သက်ပြင်း၊ မင်းအသက်ဟာ လူ့အသက်ဖြစ်ရက်နဲ့ ခွေးတစ်ကောင်ရဲ့အသက်လောက်မှ တန်ဖိုးမရှိခဲ့ပါလား ငါ့သားရယ်"

မိုးဝေမဂ္ဂဇင်း၊ အမှတ် ၄၅၊ အောက်တိုဘာလ ၁၉၇၁။

ဆောင်းရာသီသို့ ဝင်စပြုလာပြီဖြစ်သဖြင့် တစ်စထက်တစ်စ အေးမြလာခြင်းကို အကြောင်းပြုကာ စာရေးဆရာကိုနန္ဒာသည် ရှမ်းပြည်ကို အထူးတလည် သတိရတမ်းတနေမိလေသည်။ အမှန်ဆိုသော် ကိုနန္ဒာ ရှမ်းပြည်သို့မရောက်ခဲ့သည်မှာကြာပြီ။ အနည်းဆုံး ငါးနှစ်လောက်တော့ ရှိပြီဖြစ်သည်။ သို့ရာတွင် ရှမ်းပြည်နှင့် ပတ်သက်လျက် ယနေ့တိုင်အောင် သူသည် ရေးနိုင်စွမ်းရှိဆဲဖြစ်သည်။ သူသည် တဒင်္ဂမျှ မြင်တွေ့ခဲ့ရသော ရှမ်းပြည်၏အလှအပကို ခြစ်ခြစ်ကုတ် ကုတ် ပြန်ပြောင်းစဉ်းစားကာ ဝတ္ထုများအတွင်း ထည့်သွင်းရေးသားခြင်း ပြုလေသည်။

ရန်ကုန်မြို့ရှိ စာရေးစားပွဲမှာထိုင်ကာ ကာလအတန်ကြာမျှ ကွဲကွာနေခဲ့သော ရှမ်းပြည်ရှုခင်းများကို ပြန်ပြောင်းစဉ်းစားလိုက်သည်ဆိုလျှင်ပင် သည်ရှုခင်းတွေက ပေါ်လာတော့သည်။ သူ၏နှာခေါင်းဝတွင် ထင်းရှူးနှင့် ယူကလစ်နံ့များ သင်းလာတော့သည်။

သူရေးသမျှ ဝတ္ထုတိုင်းတွင် ရှမ်းပြည်အကြောင်းနှင့်ပတ်သက်၍ တစ်ခုမဟုတ်တစ်ခု ပါဝင်နေတတ်သည်ဖြစ်ရာ အချို့က သူ့ကို ရှမ်းပြည်၌ မွေးဖွားကြီးပြင်းသူ၊ သို့မဟုတ် ကာလရှည်မြင့်စွာ နေထိုင်ဖူးသူဟု ယူဆကြသည်။ စင်စစ်တွင်မူ ကိုနန္ဒာသည် စစ်စစ်ပေါက်ပေါက် ရှမ်းပြည်သို့ နှစ်ခေါက်မျှသာ ရောက်ဖူးသူဖြစ်လေသည်။

ရှမ်းပြည်သို့ သည်မျှသာ ရောက်ဖူးပါလျက် သူ့ကလောင်သွားမှ ရှမ်းပြည်အကြောင်းတွေ တောင်ကျစမ်းပမာ ယိုစီးကျလာပုံမှာ အံ့သြချီးမွမ်းဖွယ် ကောင်းလှသည်ဟု ရေးဖော်အချို့ကဆိုလေသည်။ ရှမ်းပြည်နှင့်ပတ် သက်၍ ရေးဖွဲ့နိုင်စွမ်းရှိလွန်းသော စာရေးဆရာတစ်ယောက်ဟု ချီးကျူး လာလျှင် သူ ကျေနပ်သည်။ နှစ်သိမ့်ခြင်းဖြစ်မိလေသည်။

နွေဦးပေါက်လေတိုင်း ရှမ်းပြည်သို့ သွားရောက်လိုသော စိတ်ဆန္ဒ ပေါ်လာတတ်သည်မှာ နှစ်တိုင်းပင်ဖြစ်တော့သည်။ သို့ရာတွင် ကိုနန္ဒာသည် စာရေးခြင်းအလုပ်သာမက တစ်ဖက်မှလည်း နာမည်ကျော်မဂ္ဂဇင်းကြီးတစ်စောင်၌ တည်းဖြတ်ခြင်းအလုပ်ကို လုပ်ကိုင်နေရလေရာ စိတ်ထင်တိုင်း မပေါက်ရောက်နိုင်ဘဲ ရှိချေသည်။ နှစ်စဉ်လိုပင် ကိုနန္ဒာ၏ ရည်မှန်းချက်သည် မည်မည်ရရမရှိဘဲ ပျောက်ပျက်ခဲ့ရသည်ချည်း ဖြစ်လေသည်။

ယခုနှစ်တွင်လည်း ကိုနန္ဒာသည် အခါတိုင်းနှစ်တွေကလိုပင် နွေဦးပေါက်၌ ရှမ်းပြည်သို့သွားရောက်ရန် ဆန္ဒရှိနေပြန်ပေသည်။ လောလောဆယ် ကာလမို့ပဲလားမသိ။ သည်တစ်ခါ ရှမ်းပြည်သို့သွားရောက်လိုသော ချင်ခြင်းသည် အခါတိုင်းနှစ်များကထက် ပိုမိုပြင်းပြသည်ဟု ကိုနန္ဒာယူဆ ထားလေသည်။

ကိုနန္ဒာ၏ဇနီး မသီတာသည် စာရေးစားပွဲ၌လာ၍ ရပ်လေသည်။

ကိုနန္ဒာ၏အတွေး ပြတ်သွားသည်။ ဇနီးသည်ကို မျက်မှန်ကိုင်းမှ ကျော်၍ မော့ကြည့်လိုက်သည်။

ကိုနန္ဒာ၏ဇနီးသည် ဝမ်းဗိုက်အတွင်းမှ သန္ဓေသားကို သယ်ပိုးထားရပေသည်။ အရပ်ပုပျပ်သော မိန်းကလေးဖြစ်၍ ကိုယ်ဝန်ဆောင်ထားရ စဉ်အခါ၌ ကြည့်မကောင်းလှပေ။ ဆောင်းအခါဖြစ်၍လည်း မသီတာ၏ နှုတ်ခမ်းများမှာ ခြောက်သွေ့ကွဲအက်နေသည်။ မျက်နှာမှ အသားသည် အအေးပတ်လျက် ပပ်ကြားအက်များ ထင်နေသည်။ ပါးမို့စုံစုံမှာလည်း စုတ်ဖွားဖွားဖြစ်နေသည်။

"ရှမ်းမကလေးတွေရဲ့ ပါးအို့သာဆိုရင် ရဲနေတာပဲ။ တကယ့်ကို စတော်ဘယ်ရီသီး ကျနေတာပဲ"

ကိုနန္ဒာက ဇနီးသည်၏မျက်နှာကို မော့ကြည့်ရင်း မဆီမဆိုင် ပြောလိုက်လေသည်။

ကိုနန္ဒာ၏စကားကို မသီတာက အပြည့်အစုံနားလည်နိုင်ဟန်မတူ ဘဲ 'ဘာရယ်'ဟု လှမ်းမေးလေသည်။ ကိုနန္ဒာသည် စောစောကစကားကို ဇနီးသည်အား ထပ်မံပြောကြားလိုစိတ် မရှိသဖြင့် အခြားသော "ဘာမှ မဟုတ်ပါဘူးကွာ၊ ကိုယ်လည်း ရှမ်းပြည်မရောက်တာ အတော်ကြာပြီမဟုတ်လား။ ဒီနှစ် နွေဦးပေါက်လောက်ကျရင် သွားရကောင်းမလားလို့"ဟု အဆက်အစပ်မရှိသောစကားကို ဆိုလိုက်ပြန်၏။

"အကောင်းသားပဲ၊ ကိုသွားရင် သီတာလည်းလိုက်မယ်လေ။ သီတာ လည်း ရှမ်းပြည်ရောက်ဖူးချင်တာနဲ့ အတော်ပဲ"

မသီတာ၏စကားကြောင့် ကိုနန္ဒာသည် ခပ်တွေတွေဖြစ်သွားသည်။ စင်စစ်တွင် သူသည် ခရီးသွားလိုသောဆန္ဒ ပေါ်ပေါက်စဉ်က မသီတာကို အပါခေါ်ရန် တွေးတောထားခြင်းမရှိချေ။ လိုက်ပါစေလိုခြင်းလည်းမရှိပေ။ တစ်ကိုယ်ရေတစ်ကာယ လွတ်လွတ်လပ်လပ် ခရီးသွားလိုစိတ်သာ ရှိပေသည်။ အသက်အရွယ် များစွာကြီးရင့်ခြင်းမရှိသေးသော ကိုနန္ဒာသည် တစ်ကိုယ်တည်းခရီးသွားရခြင်း၌ ကြုံတွေ့ရတတ်သော နှလုံးသားနှင့်ပတ်သက်သည့် ရင်ခုန်ရခြင်း အတွေ့အကြုံမျိုးကို လိုလားတောင့်တလျက်ပင် ရှိပေသေးသည်။

"အမိလိုက်လို့ ဘယ်ဖြစ်မှာလဲ၊ အဲဒီအချိန်လောက်ကျရင် အမိက မွေးချင်မွေးနေမှာ"

ကိုနန္ဒာ၏ ကန့်ကွက်စကားကြောင့် မသီတာ မကျေမနပ်ဖြစ်မိသည် အမှန်ပင်။

"အဲဒီလိုဆိုရင် အိမ်ကမိန်းမ ကလေးမီးဖွားနေတုန်း ယောကျ်ားလုပ်တဲ့လူက တစ်ရပ်တစ်ကျေးကို သွားနေတယ်ဆိုတာက ဘယ်မှာအဓိပ္ပာယ်ရှိတော့မှာလဲ။ မသီတာမလိုက်ရရင် ကိုလည်း မသွားနဲ့ပေါ့"

ကိုနန္ဒာ၏ဇနီး ဝမ်းကြီးသည် မသိတာသည် လင်ဖြစ်သူအား မြည်တွန်တောက်တီးရုံမျှဖြင့် အားမရနိုင်ဘဲ ရှမ်းမကလေးများမှာ ရိုးသားသည်ဆိုသည့်တိုင် အနည်းဆုံး လင်ကိုးယောက်တော့ ယူလေ့ရှိသည့် "ရှမ်းရိုး

လင်ကိုးယောက်'ဟူသော စကားပုံခြေတပေါင်ကျိုးဖြင့် သူမတစ်ခါဖူးမျှ မရောက်ဖူးသောဒေသရှိ ဘဝတူမိန်းမသားများ၏ အကျင့်စာရိတ္တကို မရောက်နိုင်သည်မဟုတ်ပါဘဲ နှိမ့်ချပုတ်ခတ်သညာဆိုခြင်းလေသည်။ ကိုနန္ဒာသည် ရှမ်းရိုးလင်ကိုး"ဟူသည့် စကားပုံမှန်ဖြင့် ရိုးသားသော ရှမ်းအမျိုးသမီးတို့ လင်ယောက်ျားကို ဘုရားတစ်ဆူ ၇ တစ်လုံးသဖွယ် ကိုးကွယ်ခြင်းအကြောင်း ရှင်းပြမည်ပြုသေး၏။ သို့ရာတွင် ဇနီးသည်၏စကားကို ကြားဝင်ပြောဆိုနိုင်စွမ်းမရှိသောကြောင့် ထိုနေ့နံနက်က နံနက်စာအလွတ်ခံကာ မင်္ဂဇင်းတိုက်သို့ စောစောစီးစီး ထွက်လာခဲ့လေသည်။

စာတည်းစားပွဲ၌ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သောအခါ စားပွဲပေါ်မှ စာတစ်စောင်ကို ကိုနန္ဒာတွေ့ရလေသည်။ သူ၏အမည်လိပ်စာကို စာအိတ်ပေါ်၌ ရေးထားကြောင်း မြင်ရ၏။ ကိုနန္ဒာက လက်ရေးကို အသေအချာ စူးစမ်းကြည့်ရှုမိ၏။

လက်ရေးမှာ လှသည်ဟုမဆိုသာသော်လည်း ညီညာ၏။ သပ်ရပ်၏။ သေချာ၏။

သို့
ဦးနန္ဒာ(စာရေးဆရာ)
ငွေတာရာမဂ္ဂဇင်းတိုက်၊
၄၆ လမ်း၊ ရန်ကုန်မြို့။

ကိုနန္ဒာထံ စာရေးလေ့ရှိသော အသိအကျွမ်းထဲမှ ဟုတ်ဟန်မတူဘဲ စာဖတ်သူတစ်ဦးဦးထံမှ မိတ်ဆက်စာ သော်လည်းကောင်း၊ သူ၏ဝတ္ထုတစ်ပုဒ်ပုဒ်ကို ဝေဖန်စာသော်လည်းကောင်း ဖြစ်မည်ထင်၏။

ကိုနန္ဒာ၏ မျက်စိအစုံသည် စာအိတ်ထောင့်ရှိ ပေးပို့သူအမည်သို့ ရောက်ရှိသွား၏။ ထိုအခါ ကိုနန္ဒာ၏လက်သည် ဆုပ်ကိုင်ထားသော စာအိတ်ကို လွှတ်ချမိတော့မတတ်ရှိလေသည်။ ကြောက်မက်ရွံ့ရှာဖွယ်ရာ အရာဝတ္ထုတစ်ခုခုကို ဆုပ်ကိုင်ထားမိသည့်နှယ် ခံစားလိုက်ရလေသည်။

စာအိတ်၏ လက်ဝဲဘက်ထောင့်၌ -

မှ
စောမာလာ
ခေတ္တ၊ ပန်ကြိုင်းစခန်း၊
လင်းခေးမြို့။

ဟူသော စာလုံးများကို ကိုနန္ဒာတွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။ ကိုနန္ဒာသည် ရုတ်တရက် မှင်တက်မိသလိုရှိရာမှ သတိပြန်ဝင်လာကာ စောစောက

ကြောက်ရွံ့သလိုခံစားရမှုအတွက် ရှက်မိလေသည်။

သို့တိုင်အောင် သူသည် စာအိတ်ကို စားပွဲပေါ်သို့မှောက်လျက် ပြန်ချထားလိုက်ကာ စက္ကူဖိသော ဖန်လုံးကလေးဖြင့် ဖိထားလိုက်လေသည်။ သူသည် မလှုပ်မရှားနိုင်တော့ပြီဖြစ်သော စာအိတ်ကိုပင် ရုတ်တရက်ထ၍ ရန်ပြုလာမည့် ရန်သူသဖွယ် မျက်ခြည်မပြတ် ငေးကြည့်နေလေ၏။

"မောင်ခင်နိုင်၊ မောင်ခင်နိုင်"

ကိုနန္ဒာက သူ၏အခန်းအပြင်ဘက်မှာရှိသော လက်ထောက်စာတည်းကို ကျယ်လောင်စွာ လှမ်း၍ခေါ်လိုက်သည်။ မမျှော်လင့်ဘဲ အသံက ကျယ်လောင်သွားသည်ဖြစ်ရာ သူ၏အသံက အခန်းနံရံများနှင့် ရိုက်ခတ်မိပြီး သူ့ထံ ပဲ့တင်သံအဖြစ် ပြန်ရောက်လာသည်။

အပြင်ဘက်မှ "ခင်ဗျာ၊ လာပြီဆရာ"အသံနှင့်အတူ လက်ထောက်စာတည်း မောင်ခင်နိုင်သည် အခန်းတွင်းမှ ပျာပျာသလဲ ဝင်လာသည်။

"ဒီစာ ဘယ်တုန်းကရောက်လာတာလဲ၊ မောင်ခင်နိုင်"

"မနေ့ညနေ ဆရာပြန်သွားပြီးမှ ရောက်လာတာပါ။ ညနေ စာဝေ ချိန်မှာပါ ဆရာ"

ကိုနန္ဒာသည် ခေတ္တမျှ တွေ၍စဉ်းစားပြီးနောက် "အေး ဒါပဲ သွားတော့"ဟု ဆိုလိုက်လေသည်။ မောင်ခင်နိုင်သည် ကိုနန္ဒာကို အထူးအဆန်း လို စူးစိုက်ကြည့်ပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

မောင်ခင်နိုင်ထွက်သွားလျှင် ကိုနန္ဒာသည် စာအိတ်ကို ပြန်လည်ကောက်ယူသည်။ ဝဲဘက်ထောင့်မှ လိပ်စာကိုကြည့်မိပြန်လေသည်။ သူသည် စာကိုဖောက်၍ဖတ်ရန် မဝံ့မရဲရှိနေမိသလို စာအိတ်ကို စားပွဲပေါ်သို့ ပြန်၍ချလိုက်ပြန်သည်။ ထို့နောက် သူသည် ပျံ့လွင့်သော စိတ်သန္တာန်ကို လွှတ်ပေးလိုက်လေသည်။

ရှမ်းပြည်သို့ ဒုတိယအကြိမ် ပြန်ရောက်သောအခေါက်မှာ စောမာ လာနှင့် ဆုံရသည်ကို သူ အမှတ်ရမိသည်။ ထိုစဉ်က အိမ်ထောင်မပြုရ သေးသော ကိုနန္ဒာသည် ရှမ်းပြည်သို့အရောက်လာပြီးနောက် တောင်ကြီးမြို့၏ သာယာလှပလွန်းသော နွေဦးရက်များတွင် နှလုံးသားနှင့်ပတ်သက်သော စွန့်စားခန်းကလေးများနှင့် ကြုံဆုံရန် တောင့်တခဲ့မိလေသည်။

မည်သို့ပင်ဆိုစေ ရှမ်းအမျိုးသမီးကလေးတစ်ယောက်လောက်နှင့် သိကျွမ်းရကာ သံယောဇဉ်အနှောင်အဖွဲ့ကို ထားပစ်ခဲ့ချင်လေသည်။ ယစ်မူးဖွယ်ကောင်းသော တောင်ကြီး၏ နွေဦးရက်များ၌ ကမ္ဘောဇအနွယ်ကလေး နှင့် ရင်ခွေးဖွယ်ရာများ ကြုံဆုံခဲ့ရပါသည်ဟု ပြောစမှတ်တွင်စေလိုသော ဆန္ဒ ကိုနန္ဒာမှာရှိခဲ့သည်။ နှင်းငွေ့ရီသည်လည်းကောင်း၊ ချယ်ရီပန်းသည် လည်းကောင်း၊ တောင်တန်းပြာသည်လည်းကောင်း၊ မမေ့အပ်သော သင်္ကေတများအဖြစ် နှစ်ဦးစလုံး၏ အသည်းနှလုံးမှာ စွဲမြဲကျန်ရစ်စေလိုသော အဖြစ်ကို သူ

ဖန်တီးလိုခဲ့သည်။

ယင်းအခေါက်က ကိုနန္ဒာသည် မြို့တော် တည်းခိုခန်း၌ တည်းခိုလေ၏။ တည်းခိုခန်းသည် ရုပ်ရှင်ရုံနှင့် တွဲလျက်ပင် တည်ရှိသည်ဖြစ်ရာ တစ်ခါတစ်ရံ အားလပ်သောအချိန်၌ ကိုနန္ဒာသည် ရုပ်ရှင်ရုံအတွင်း ဝင်ရောက် အပျင်းဖြေလေသည်။

ထိုရုပ်ရှင်ရုံအတွင်းမှာပင် စောမာလာနှင့် ကိုနန္ဒာတို့ ဆုံမိကြသည်။ အထူးတန်းတစ်နေရာ၌ ထိုင်ခုံချင်းယှဉ်ကျသည်ကို အကြောင်းပြုလျက် မုဆိုး ကိုနန္ဒာသည် သားကောင်ကို အမိအရဖမ်းလေသည်။ ထိုစဉ်ကမူ သူကိုယ်တိုင် သားကောင်ဖြစ်လာရလိမ့်မည်ဟု စိုးစဉ်းမျှ မတွေးခဲ့ပေ။

စောမာလာကို ရုပ်ရှင်ရုံအတွင်း၌ မြင်ဖူးခဲ့ပြီးနောက် ဈေးနေ့၌ ဈေးတွင် တစ်ဖန်မြင်ရပြန်သည်။ ထိုစဉ်က ကိုနန္ဒာ့ဘေးတွင် စာအုပ်ကိုယ်စား လှယ်တစ်ဦးက အသင့်ရှိနေရာ စောမာလာနှင့်ပတ်သက်သော သိကောင်းရာရာကို မေးမြန်းမိလေသည်။

"ခင်ဗျား သူ့ကို စိတ်ဝင်စားနေပြီထင်တယ်။ လွယ်ပါတယ်ဗျာ။ သူဟာ ကျွန်တော်တို့ဆိုင်က ဖောက်သည်ပါပဲ။ ကျွန်တော်နဲ့ မျက်မှန်းတန်းမိနေသူပါပဲ။ ၊ ခင်ဗျားရေးတဲ့ စာအုပ်တချို့တောင် ဝယ်သွားဖူးပါသေးတယ်။ အသိဖြစ်ချင်ရင် ညနေကျစောင့်နေ၊ ကျွန်တော်လာခေါ်မယ်။ သူတို့ သူနဲ့ အသိဖြစ် အိမ်ကို အတူတူသွားကြမယ်"" အလိုက်သိသော၊ ပါးနပ်သော စာအုပ်ကိုယ်စားလှယ်ကြောင့် ထိုနေ့ညနေဘက် မှောင်ရီသန်းချိန်၌ စောတို့အိမ်သို့ ကိုနန္ဒာရောက်ရှိလာခဲ့ရသည်။ စောတို့နှင့် အသိအကျွမ်းဖြစ်ရလေသည်။

"ဆရာ့စာအုပ်တွေ စောတို့ညီအစ်မ ကြိုက်ပါတယ် ဆရာ"ဆိုစဉ်က ကိုနန္ဒာ့တွင် ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်ရသည်။ စောမာလာတွင် ညီအစ်မ နှစ်ယောက် အစ်မတစ်ယောက်ရှိသည်။ စောမာလာက တောင်ကြီး ဥပစာကောလိပ်တွင် တက်ရောက်သင်ကြားနေသည်။ ကျန်ညီအစ်မနှစ်ယောက်က တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိကြပေပြီ။

" "ဆရာ တောင်ကြီးကိုလာတာ ကိစ္စနဲ့လား၊ အလည်သက်သက်ပဲလား "

စောမာလာ အမေးစကားကြောင့် အလည်လာခြင်းဖြစ်ကြောင်း ဖြေရသည်။

"ပြီးတော့ ရန်ကုန်မှာချည်းနေပြီး ရန်ကုန်အကြောင်းချည်း ရေးရတာလည်း ငြီးငွေ့လာပြီလေ။ ဒါကြောင့် ရှမ်းပြည်လာပြီး ရှမ်းပြည်အကြောင်း ကလေး ဘာလေးရေးဖို့ စိတ်ကူးထားတယ်"

ကိုနန္ဒာက ဆိုသည်။ ထိုအခါ စောမာလာက ကောက်ကာငင်ကာမေးသည်။

"ရှမ်းပြည်နဲ့ပတ်သက်ပြီး ရေးမယ်ဆိုရင်တော့ ရှမ်းပြည်ကို အတော်စိတ်ဝင်စားမယ်ထင်တယ်။ အတော်ကလေး ရှမ်းပြည်အကြောင်း သိထား လေ့လာခဲ့တယ်ထင်ပါတယ်"

စောမာလာက မေးလာသည့်တွင် ကိုနန္ဒာက ရှမ်းပြည်အပေါ် စိတ်ဝင်စားကြောင်း ပြောပြခဲ့သည်။ ထိုအခါ စောမာလာက စကားဆက်သည်။
“ဒါထက် ဆရာ ရှမ်းပြည်ရယ်လို့ ဖြစ်တည်မလာခင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း အနှစ်တစ်ထောင်လောက်က တရုတ်ပြည် ရှမ်စီနယ်မှာ ထိုင်းအမည်နဲ့ ရှမ်းအနွယ်တွေနေခဲ့တာ ဆရာသိမယ်ထင်ပါရဲ့” ကိုနန္ဒာသည် စောမာလာ၏ အမေးကို ခေါင်းခါ၍ အဖြေပေးမိသည်။ မသိကြောင်းပြောရသည်။

"ထားပါတော့ ဆရာ၊ ခရစ်သက္ကရာဇ် ဆယ့်သုံးရာစုနှစ်လောက်မှာ တာတာဘုရင် ဂျင်ဂစ်ခန်က တရုတ်ပြည်ကို သိမ်းပိုက်ပြီး နန်ကျောက်နိုင်ငံကိုပါ ထိပါးလာတော့ ထိုင်းတွေက သူ့ကျွန်မခံလိုစိတ်နဲ့ ယူနန်နယ်က ထွက်လာပြီး အာသံ၊ မြန်မာ၊ အင်ဒိုချိုင်းနားဒေသများမှာ အကွဲကွဲ အပြားပြား နေထိုင်လာကြတာကိုရော ဆရာလေ့လာဖူးပါသလား၊ ဖတ်ဖူးပါ သလား။ အဲဒီလို ကွဲပြားလာရာက သံလွင်မြစ်အနီးအပါးမှာ နေလာသူတွေကို ရှမ်း'လို့ တစ်စထက်တစ်စ ခေါ်လာတာကို ဆရာသိပါသလား”

စောမာလာ၏အမေးစကားကို ကိုနန္ဒာ တစ်လုံးတစ်ပါဒမျှမဖြေနိုင်။ သည်သို့သော ရာဇဝင်သမိုင်းကြောင်းနှင့် ချီလာလိမ့်မည်ဟုလည်း သူ မထင်စဖူး။ သည်အမေးမျိုး မေးလာလိမ့်မည်ဟုလည်း မတွေးစဖူးဖြစ်ချေသောကြောင့် ကိုနန္ဒာသည် စောမာလာရှေ့၌ တောက်တဲ့လှည်းနင်းသည် ထက်ပင် အခံရခက်နေလေတော့သည်။ ရှက်ရွံ့ခြင်းဖြင့် ကိုနန္ဒာမှာ မျက်နှာ မထားတတ်အောင် ရှိတော့သည်။

“ထားပါတော့ ဆရာ၊ စော ကျွမ်းကျင်တဲ့ သမိုင်းဘာသာရပ်မို့ ဆရာမသိရင်လည်း ဖြစ်နိုင်ပါတယ်။ ပစ္စုပ္ပန်ကာလအနေနဲ့ကော ဆရာ ရှမ်းပြည်အကြောင်း ဘယ်ရွေ့ဘယ်မျှ သိထားပြီးပါပြီလဲ။ ရှမ်းပြည်ရဲ့ဘယ် နယ်တွေကို ဆရာ ရောက်ခဲ့ပါသလဲ”

သည်အခါတွင်တော့ ကိုနန္ဒာသည် ပထမအခေါက်က ကလောသို့ ရောက်ခဲ့ပုံ၊ ပင်းတယမှ ရွှေဥမင်ဘုရားဖူးခဲ့ပုံများကိုလည်းကောင်း၊ တောင်ကြီးမြို့နှင့် အင်းလေးကန်အကြောင်းကိုလည်းကောင်း၊ သွက်လက်ချက်ချာစွာ ပြောနိုင်သည်။ ပြောရင်းမှလည်း မိမိအဖြစ်ကို မိမိ သတိထားမိလာသည်။ ဆရာမရှေ့တွင် စာအံပြနေရသော ကလေးငယ်တစ်ယောက်အသွင် ထင်လာမိသည်။

သို့ရာတွင် ဆရာမသည် တပည့်ဖြစ်သူ၏အဖြေကို နှစ်ခြိုက်လက်ခံနိုင်ဟန်မတူဘဲ အလိုမကျသောအသွင်အပြင်သို့ တစ်စထက်တစ်စ ကူး ပြောင်းလာသည်ကို မြင်ရလေသည်။

“ရှမ်းပြည်အကြောင်း ရေးချင်တာနဲ့ ရှမ်းပြည်ကို လေ့လာဖို့ လာပါတယ်ဆိုပြီး ကလော၊ တောင်ကြီးလောက်ကနေ လှည့်ပြန်ရင် ဆရာ့စာဟာ ရှမ်းပြည်သူတွေကို ကိုယ်စားပြုတဲ့စာလို့ ဘယ်လိုခေါ်နိုင်တော့မှာလဲ ဆရာ။ ဆရာ

စဉ်းစားကြည့်စမ်းပါ။ ရှမ်းပြည်သူတွေဟာ ဆရာပြောတဲ့ ကလော၊ တောင်ကြီးမှာချည်း နေကြတာမဟုတ်ပါဘူး။ အရှေ့ဘက်ဆိုရင် ယိုးဒယား နဲ့ တရုတ်နယ်စပ်။ မြောက်ဘက်ဆိုရင် တိဘက်နယ်စပ်။ သံလွင်မြစ်တစ်လျှောက်နဲ့ ရှမ်းရိုးမတစ်လျှောက် နေနေကြတဲ့ ရှမ်းလူမျိုးတွေအကြောင်းကို ကလော၊ တောင်ကြီးမှာတင် လေ့လာလို့ရပ့ါမလား။ ကလောမြို့ဆိုရင် နယ်ချဲ့အရင်းရှင်တွေရဲ့ တည်းခိုအနားယူစခန်းတွေကြောင့် သာယာတယ်လို့ ထင်ရတယ်။ ဥရောပမြို့တစ်မြို့လို့ ထင်ရလောက်အောင်ပဲ ကိုယ်ဟန်ပျောက်နေတယ်။ တောင်ကြီးဆိုပြန်ရင်လည်း ရန်ကုန်မြို့နဲ့မခြား ဝတ်စား သွားလာနေကြတာ ဆရာတွေ့မှာပေ့ါ။ ဆင်ယင်ထုံးဖွဲ့မှုနဲ့ပတ်သက်ရင် ရန်ကုန်မြို့နီးပါး ခေတ်မီနေတာ မြင်ရမှာပေ့ါ ဆရာ"

"ဒီမြို့ကလူတွေကိုကြည့်ပြီး ရေးခဲ့ရင် ရှမ်းလူမျိုးတစ်စုရဲ့အကြောင်းသာ ဖြစ်ပါလိမ့်မယ်။ ရှမ်းပြည်သူတွေရဲ့အကြောင်း မဟုတ်ပါဘူး။ အလွယ်ဆုံးဉပမာကို ပြောပြပါမယ်။ ချယ်ရီပင်ပဲဆိုပါတော့။ တောင်ကြီးမှာ ချယ်ရီပင် ရှိပေမဲ့ ရှမ်းပြည်ရဲ့နေရာတကာတိုင်းမှာ ချယ်ရီပင်မရှိပါဘူး။ ကလော၊ တောင်ကြီးက ရှမ်းလူမျိုးတွေဟာလည်း ရှမ်းပြည်အနှံ့မှာ မရှိနိုင် ပါဘူး ဆရာ။ တောင်ကြီးမှာ လူအတော်များများ အနွေးထည်ဝတ် နိုင်ကြပေမဲ့ အနွေးထည်မဝတ်နိုင်ရှာကြတဲ့ ရှမ်းလူမျိုးတွေ တခြားဒေသမှာ တစ်ပုံတစ်ပင်ကြီးပါပဲ။ စာရေးဆရာဆိုသူတွေ၊ သီချင်းရေးဆရာတွေ ဟာ ရှမ်းပြည်နဲ့ပတ်သက်ပြီး ရေးလိုက်ရင် ချယ်ရီတို့၊ တောင်တန်းပြာတို့ နဲ့ပဲ ပြီးနေတာပဲ။ ပဒေသရာဇ်အနွယ် ဧကရီနဲ့ တွေ့ဆုံရတာတို့ကိုသာ ရေးဖွဲ့လေ့ရှိကြတာပဲ။ ဝတ္ထုတွေ၊ သီချင်းတွေကိုကြည့်လိုက်ရင် ရှမ်းပြည်ဟာ တကယ့်အိပ်မက်ဘုံနိဗ္ဗာန်ကြီးလိုပဲ။ တကယ်တမ်း ရှမ်းပြည်သူတွေ ကျတော့ ဒီလိုမဟုတ်ကြပါဘူး ဆရာ၊

ဆရာတို့ဟာ ဘုံခန်းကို ချဲ့နိုင်ကြသလောက် ငရဲခန်းကို ဖျောက်ထားကြတယ်။ ဆရာတို့စာတွေဟာ ရှမ်းတစ်စု ရဲ့ အကြောင်းသာဖြစ်ပြီး ရှမ်းပြည်သူတွေရဲ့အကြောင်း မဟုတ်တော့ဘူး။ ပညာရေးဘက်ကကြည့်ရင်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးဘက်ကပဲဖြစ်ဖြစ်၊ လူမှုရေးဘက်ကပဲဖြစ်ဖြစ်၊ အဖက်ဖက်က အောက်ကျနောက်ကျဖြစ်နေတဲ့ ရှမ်းပြည်သူအကြောင်း မျက်ကွယ်ပြုပြီး ခေတ်သစ်သိုဟန်ဘွားတွေကို မွေးထုတ်ဖို့ ကြိုးစားလာကြတယ်။ ရှမ်းပြည်အကြောင်း ဝတ္ထုစပြီဆိုတာနဲ့ တစ်ပြိုင်နက် ရှမ်းမကလေးနဲ့ ဗမာယောက်ျားတို့ ချစ်ကြိုက်ကြတာတွေပဲ ဖြစ်နေတယ်။ ရှမ်းမကလေးတွေကို ခေတ်သစ်စောမွန်လှအဖြစ်မျိုး တွန်းပို့နေတယ် ဆရာ။ သိုဟန်ဘွားနဲ့ စောမွန်လှအကြောင်းတော့ သိတန်ကောင်းပါရဲ့နော်"

ကိုနန္ဒာ၏မျက်နှာမှာ ပူထူလာသည်ထင်ရ၏။ ထူအမ်းအမ်းဖြစ်လာသည် ထင်မိ၏။ စောမာလာ၏ စကားများကြောင့် ဦးနှောက်အတွင်းမှ စိတ်ကူးယဉ်အိပ်မက်သည် တစ်ဝက်တစ်ပျက်နှင့်ပင် ပျောက်ပျက်လွင့်ပြေး

လေသည်။

“စောပြောတဲ့ စာရေးဆရာတွေထဲ ကျွန်တော်မပါသေးဘူးထင်ပါတယ် စော။

ကျွန်တော်ဟာ ရှမ်းပြည်နဲ့ပတ်သက်တဲ့အကြောင်း ခုထိ မရေး သေးပါဘူး”

ကိုနန္ဒာသည် စောမာလာ၏ အမေးစကားကို မဖြေသေးဘဲ သူ့ကိုယ် ကို ဦးစွာခုခံကာကွယ်ခြင်း ပြုလေသည်။

“ဟုတ်ပါတယ်၊ ဆရာမပါသေးပါဘူး။ ဆရာ့ကို စော ဒီအကြောင်း ပြောနေတာက စောဟာ ဆရာကလွဲပြီး တခြားစာရေးဆရာတွေနဲ့ မသိလို့ပါ ပဲ။ မကြုံမဆုံဖူးလို့ပါပဲ။ ရှမ်းပြည်အကြောင်း ရေးမယ်ဆိုရင် ချယ်ရီပွင့်လောက်၊ ကလော၊ တောင်ကြီးလောက်ကို လေ့လာပြီးမရေးဘဲ တကယ့် ရှမ်းတွေအကြားမှာ ဝင်ဆံ့အောင် ကြိုးစားပါလို့ ဆရာ့ကို စော ပြောချင်ပါ တယ်။ ရှမ်းပြည်သူတွေအထဲကို ဆင်းပြီး သူတို့ခံစားရတဲ့ဒုက္ခ၊ သုခကို လေ့လာပါလို့ စော တိုက်တွန်းလိုပါတယ် ဆရာ။ ဆရာလေ့လာချင်တယ် ဆိုရင် တစ်နေ့နေ့မှာ စောကိုယ်တိုင် ဆရာ့အတွက် စီစဉ်ပေးပါမယ်"

ထိုသို့ဖြင့် ကိုနန္ဒာသည် မထင်မှတ်ဘဲ စောမာလာနှင့် ဆုံရကာ မမျှော်လင့်သောစကားများကို ကြားခဲ့ရသည်ဖြစ်ပြီး စောမာလာတို့အိမ်မှအောင်မြင်စွာပင် ပြန်လည်ဆုတ်ခွာလာခဲ့ရလေသည်။ သူ မျှော်မှန်းထားခဲ့သော ကမ္ဘောဇ အနွယ်နှင့်ပတ်သက်သည့် ရင်ခုန်ရခြင်းမှာ နှလုံးသားပြဿနာကြောင့်မဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ဖြစ်နေခဲ့လေသည်။

ကိုနန္ဒာသည် စားပွဲပေါ်မှစာကို ကောက်ကိုင်လိုက်ပြန်လေသည်။ စာကို ဖွင့်ဖောက်ဖတ်ရှုရန်ကား မဝံ့မရဲရှိနေမိဆဲ ဖြစ်လေသည်။

ရှမ်းပြည်သို့ ငါးနှစ်တာမျှ မရောက်ရှိခဲ့ရသည့်နောက်ပိုင်းတွင် ရှမ်းပြည်နှင့်ပတ်သက်သော ဝတ္ထုအတော်များများကို ရေးသားခဲ့လေသည်။ ထိုဝတ္ထုများနှင့် ပတ်သက်လျက် စောမာလာက ဝေဖန်ခြင်းပြုလာလေသည်လား၊ အပြစ်တင်ခြင်းပြုလာလေသည်လားဟု ကိုနန္ဒာ တွေးတောနေသည်။

ကိုနန္ဒာက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

ဆုံးဖြတ်ချက်ချလိုက်သလို စောမာလာ၏စာကို ဖွင့်ဖောက်ဖတ်ရှု လိုက်လေသည်။

စာမှာ သူကြိုတင်တွေးဆခဲ့သလို ဝေဖန်စာ၊ ပြစ်တင်စာမျိုးမဟုတ်ပေ။

စောမာလာက သူ့ကိုသတိရနေကြောင်း၊ သူရေးသောဝတ္ထုများကို လည်း ဖတ်ရှုရကြောင်း၊ ယခုအခါ ပန်ကြိုင်းစခန်းနှင့် အတန်ဝေးသော နေရာသို့ ရောက်နေကြောင်း၊ ထိုဒေသရှိ ကလေးများကို စာပြနေကြောင်း၊ ချယ်ရီပင်မရှိသော အရပ်ဒေသ ရှမ်းလူမျိုးတို့၏ အစစနိမ့်ကျသော ဒေသ ဖြစ်၍ ပြည်သူနှင့်နီးစပ်သောဒေသဟု ဆိုနိုင်ကြောင်း။ ကိုနန္ဒာအနေနှင့် ဖြစ်နိုင်မည်ဆိုလျှင် ထိုဒေသသို့ ယခုနှစ်နွေဦးပေါက်တွင်

လာရောက်လည်ပတ်စေလိုကြောင်းများ ရေးသားထားလေသည်။

စော အခုရောက်နေတဲ့ဒေသမှာ ချယ်ရီပန်းမရှိပါဘူး ဆရာ။
စိန်ပန်းပြာကိုလည်း မမြင်ရပါဘူး။
ဆရာတို့ဝတ္ထုတွေထဲမှာ ပါဝင်လေ့ရှိတဲ့
ပါးအိုနီနဲ့ မောရဲ့အလှကေရီဆိုသူတွေကိုလည်း တွေ့ရမှာ
မဟုတ်ပါဘူး။
ထင်းရှူးနဲ့ ယူကလစ်တပ်အနံ့လည်း မသင်းပါဘူး။
ဒါပေမဲ့ သိမ်းချောင်း ရေကြည်ကြည်ကိုလည်း ဆရာ သောက်
နိုင်ပါတယ်။
ပဲပုပ်ဟင်းနဲ့ ဆရာ့ကို တည်ခင်းနိုင်ပါတယ်။
အပြန့်အပြော ကျယ်ဝန်းလှတဲ့ ဆေးခင်းတွေ၊ ပဲခင်းတွေကို ဆရာ
မြင်ရပါစေမယ်။ လက်ဖက်ခူးကြတဲ့ ပလောင်၊ တောင်သူ၊ ခနုနဲ့ ဝ
စတဲ့ လူမျိုးစုံတွေကိုလည်း လေ့လာနိုင်ပါတယ်။
ဆရာလာရင် စောရဲ့တပည့်ကလေးတွေက ရှမ်းအိုးစည်၊ ကိန္နရာ
အကတွေနဲ့ ဆီးကြိုဖို့အသင့်ရှိကြပါတယ်။

ဟု စောမာလာစာတွင် ကြည်နူးဆွတ်ပျံ့ဖွယ် ရေးသားထားသည်။

အိမ်သို့ပြန်ရောက်သောအခါတွင်လည်း ကိုနန္ဒာသည် ခြေကုန်လက်ပန်းကျသကဲ့သို့ ရှိနေလေသည်။ မလှုပ်မရှားချင်၊ စကားမပြောချင်လောက်အောင်ဖြစ်နေသည်။ ဘာရယ်ဟု တိတိကျကျမသိရဘဲ စိတ်ပျက်လက်ပျက်ဖြစ်နေခဲ့လေသည်။

မသီတာက ကိုနန္ဒာထိုင်နေသော ပက်လက်ကုလားထိုင်အနီးမှ ကြမ်းပြင်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်သည်။

“ဒီနှစ်နွေမှာ ကို ရှမ်းပြည်သွားချင်သွားပေါ့။ သီတာလည်း ကလေးမွေးရင် မေမေတို့ဆီပြန်နေမယ် စိတ်ကူးထားတယ်”ဟု လင်ကို မျက်နှာချို သွေး၍ ပြောလေသည်။

ကိုနန္ဒာသည် အတန်ကြာမျှ ခပ်မဆိပ်နေပြီးနောက် ရုတ်ခြည်းဆို ◌သလို ထိုင်ရာမှထ၍ ရပ်လိုက်သည်။ သူသည် စိတ်ရှုပ်သည့်အဟန်ဖြင့် ဇနီးကိုမကြည့်ဘဲ ပြောလိုက်သည်။

“မသွားပါဘူးကွာ၊ ကိုယ် ဘယ်မှမသွားပါဘူး”

ထို့နောက် နိုင်ငံကျော်စာရေးဆရာ ကိုနန္ဒာသည် စာရေးစားပွဲသို့ သွားရောက်ထိုင်ချလျက် ရေးလက်စဖြစ်သော “ချယ်ရီပွင့်ချိန်မောင်ပြန်လာမယ်”ဝတ္ထုကို ဆက်လက်ရေးသားခြင်း ပြုလေသတည်း။

ချင်းတွင်းဂျာနယ်၊ အမှတ် ၁၀၉။

ထိုပင်ငုတ်တို ပျဉ်းမအိုသည် စစ်ကိုလည်းကြုံ ခြံအုံလည်းဖြစ်
စားထစ်လည်းခံ နေလျှံလည်းတိုက်
လေပြင်းခိုက်လျက် မငိုက်ဦးခေါင်း
နွေသစ်လောင်းသော် ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေ၍
လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်။
အသင် ယောက်ျားကောင်းတကား။

အကြောင်းတစ်ရပ်ရပ်ကြောင့်ဟု ရေရာသည်မဟုတ်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် နီနီမာ့ကို ကျွန်တော် ရှောင်ခဲ့မိ၏။ ပထမအကြိမ်က သန်းထွန်း မြစ်ကြီးနားသို့ထွက်သွားပြီး တစ်လ၊ နှစ်လလောက်အကြာတွင် ဖြစ်မည်ထင်သည်။

ထိုစဉ်က နေပြည်တော်ရုပ်ရှင်ရုံရှေ့မှ ဘတ်စ်ကားမှတ်တိုင်တွင် နီနီမာ ကားစောင့်နေသည်ကို တွေ့ရ၏။ ကျွန်တော်သည် နီနီမာစောင့်နေသော မှတ်တိုင်မှပင် ကားစီးရမည်ဖြစ်၏။ နီနီမာ့ကို ရုတ်တရက်တွေ့သောအခါ ကျွန်တော် ခြေလှမ်းတုံ့သွားမိသည်။ မှတ်တိုင်ကို ရှောင်ကွင်းလျက် ဆက်လက်လျှောက်လာခဲ့မိသည်။ နီနီမာနှင့် မျက်စိချင်းဆုံခဲ့မိသည့်တိုင် ကျွန်တော် မမြင်ယောင်ဆောင်ခဲ့မိသည်။ ဒုတိယအကြိမ်က နီနီမာသည် ကိုယ်လေးလက်ဝန်ကြီးနှင့် ဖြစ်၏။

ကျွန်တော်နှင့် ဘတ်စ်ကားတစ်စီးတည်းတွင် အတူစီးလာသော နီနီမာ့ကို တွေ့ရသောအခါ ကျွန်တော်သည် ဆင်းရမည့်မှတ်တိုင်မဟုတ်ပါဘဲလျက် ကားပေါ်မှဆင်းခဲ့မိ၏။ နီနီမာသည် ကားပေါ်မှနေ၍ ကျွန်တော့်ကို မျက်စိတစ်ဆုံး ကြည့်သွား၏။

တစ်ခါမဟုတ်တစ်ခါ၊ တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကြိမ်မဟုတ် တစ်ကြိမ် ဆုံရမည်မှန်း၊ ကြုံရမည်မှန်းသိလျက် ရှောင်ကွင်းခဲ့မိခြင်းများကို ယခုအခါ ကျွန်တော် နောင်တရမိ၏။ အကြောင်းမူ သည်တစ်ကြိမ်၌ နီနီမာ့ကို မည်သို့မှရှောင်ကွင်းနိုင်ခွင့် မရဘဲ မျက်နှာချင်းဆိုင်ပိတ်မိခြင်းကြောင့် ဖြစ်လေသည်။

ဂေါ်လီနို့အေးဘားသို့ ကျွန်တော်သည် မိတ်ဆွေတစ်ယောက်နှင့် အတူ အရင်ရောက်နှင့်၏။ နီနီမာလည်း မိန်းကလေးအဖော်တစ်သိုက်နှင့် ရောက်လာ၏။ ပူအိုက်သောနွေ၏ နေ့လယ်ခင်းဖြစ်လေရာ နို့အေးဆိုင်မှာလူကျ၏။ နေရာလွတ်မရှိတော့သလောက် ဖြစ်နေ၏။ ထိုင်စရာနေရာရှာရင်းမှပင် ကျွန်တော့်ကို နီနီမာ မြင်သွား၏။

ကျွန်တော်သည် မည်သို့မှရှောင်ကွင်းရန် အချိန်မရလိုက်တော့ဘဲ နီနီမာ၏ နှုတ်ဆက်ခြင်းကို တုံ့ပြန်လိုက်ရပါတော့သည်။ ကျွန်တော်တို့စားပွဲတွင်

ခုံလွတ်အနည်းအပါးရှိရာ နီနီမာတို့လူသိုက် သည် မျှ၍ထိုင်ကြရသည်။ နီနီမာသည် ကျွန်တော်နှင့်ကပ်လျက်ရှိသော ခုံတွင် ထိုင်၏။

ယခုအခါ နီနီမာသည် ကိုယ်ဝန်ကို သယ်ပိုးထားရခြင်းမရှိလေတော့။

သူမ၏ တင်းတင်းရစ်ရစ်ရှိသော အသားအရေတို့ မသိမသာလျော့ပါးနေခြင်းကလွဲလျှင် သူမ၌ သိသာသောအပြောင်းအလဲ ရှိအံ့မထင်ပေ။ ကွမ်းရွှေရင်ရကလေး လှပနေဆဲသာလျှင် ဖြစ်ပါ၏။ ကျွန်တော်သည် နီနီမာ့ကိုယ်ခန္ဓာကို မသိမသာ အကဲခတ်ကြည့်ရင်း သူမ၏ကိုယ်ဝန်ကို သတိရ၏။ နီနီမာသည် သန္ဓေသားနှင့်ပတ်သက်လျှင် အခက်အခဲများစွာ ကြုံရမည်ကို တွေးမိ၏။ သည်တော့လည်း သန်းထွန်းအပေါ် ဒေါမနဿဖြစ်ရသောစိတ်က ရင်ထဲမှာကြွလာသည်။ နီနီမာနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးသောစိတ်တို့ ပေါ်လာပြန်သည်။ ယခင်က ရှောင်ခဲ့မိသည်များနှင့် ပတ်သက်လျက် နောင်တရမိသည်လည်း အမှန်ပါပင်။

"ရှင့်သူငယ်ချင်းတစ်ယောက် အခု ဘယ်ရောက်နေလဲ ကိုကြည်လင်"

နီနီမာ့အမေးသည် ကျွန်တော့်အဖို့ အံ့အားသင့်စရာကောင်း၏။ အကြောင်းမူ "ရှင့်သူငယ်ချင်း'ဆိုသည်မှာ သန်းထွန်းကို ရည်ညွှန်းခြင်းပင် ဖြစ်၏။ နီနီမာသည် မည်သည့်နည်းနှင့်မဆို သန်းထွန်း၏အကြောင်းကို ကြားလိုမည်မဟုတ်ဟူသော ကျွန်တော့်အတွေးမှာ လွဲမှား၍သွားရသည်။

"ဒီကောင် ဘယ်ရောက်နေသလဲဆိုတာ ကိုယ်မသိဘူး အမာ။ သိအောင်လည်း မကြိုးစားဘူးဆိုပါတော့။ တစ်လောက စစ်တွေမှာလိုလို ကြားလိုက်မိတယ်"

နီနီမာသည် မဲ့ပြုံးပြုံးလျက် ကျွန်တော့်ကိုကြည့်သည်။

"ရှင့်သူငယ်ချင်း ဘယ်မှာရှိတယ်ဆိုတာ ဖုံးမနေပါနဲ့ ကိုကြည်လင်ရယ်။

အမှန်သိရရင်တောင်မှ အမာ ကလေးစရိတ်လိုက်မတောင်းပါဘူး"

ကျွန်တော်က အမှန်ကိုပြောခဲ့သည်ပင်ဖြစ်စေကာမူ နီနီမာ ယုံဟန် မတူ။ ယခင်ကလိုပင် သန်းထွန်းဘက်တော်သားဟု ထင်ကောင်းထင်နေမည် ဖြစ်ပါသည်။ ထို့အတွက် ကျွန်တော့်အနေနှင့် စောဒကမတက်လိုလှပါ။

သန်းထွန်းနှင့် ကျွန်တော်တို့ မတွေ့ကြသည်မှာ သူ မြစ်ကြီးနားသို့ ပြောင်းရွှေ့၍သွားရကတည်းကဖြစ်၏။ သူ့အကြောင်း မကြားရသည်မှာ လည်း ထိုစဉ်ကတည်းကပင် ဖြစ်ပါ၏။ သူ့အကြောင်းမကြားရသည်မှာဆိုသည်ထက် သူ့အကြောင်းမကြားချင်သည်ဆိုလျှင် ပိုမိုမှန်ကန်မည်ထင်၏။ အကြောင်းမူ သူ မြစ်ကြီးနားသို့ထွက်သွားသည်မှာပင် နီနီမာ့ကို ရှောင် ကွင်းခြင်း ဖြစ်လေသောကြောင့်တည်း။

သူ့အကြောင်း မကြားလိုသော်လည်း သူ့အကြောင်းကို မတွေးဘဲ နေနိုင်သည်ကား မဟုတ်ပါပေ။ နီနီမာနှင့် ဆုံရလေသောအခါတိုင်း သူ့ကို သတိရ၏။ သူ့အကြောင်း တွေးမိ၏။ တွေးမိလေတိုင်း ရင်မှာ ဒေါမနဿ

ဖြစ်ရသောစိတ်တို့ လှိုင်းနှယ် ကြွမိသည်ချည်းပင်။

နီနီမာလို မိန်းကလေးတစ်ယောက်ကို သူမဟုတ်သော အခြားသူတစ်ယောက်သာဆိုလျှင် မည်သည့်နည်းနှင့်မှ ပစ်၍ပြေးမည်မဟုတ်ဟု ကျွန်တော်ထင်သည်။

နီနီမာသည် ဆင်းရဲသည်ကလွဲ၍ အဖက်ဖက်မှပြည့်စုံသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ အလှအပနှင့်လည်း ပြည့်စုံသည်။ လိမ္မာရေးခြားနှင့်လည်း ပြည့်စုံသည်။ ဆင်းရဲမှုသည်ပင် နီနီမာနှင့်ပတ်သက်၍ ကရုဏာသက်စရာကောင်းသော အချက်တစ်ချက်ဖြစ်သည်။

အကယ်၍ ကျွန်တော်ကိုယ်၌ကသာ သန်းထွန်းထက်စောပြီး နီနီမာ့ကိုတွေ့ခဲ့မည်၊ နီနီမာ၏အခွင့်အရေးပေးခြင်းမျိုးကို ကြုံကြိုက်ရမည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ ပစ်ပြေးမည်မဟုတ်ဟု ကတိပေးလိုပါသည်။ ကတိပေးနိုင်ပါသည်။

သန်းထွန်းလိုလူနှင့် ဆုံရသည့်အတွက် နီနီမာ ကံဆိုးသည်ဟု ဆိုရပါတော့မည်။

သန်းထွန်းတွင် မိန်းကလေးမိတ်ဆွေသစ်တစ်ယောက် တိုးလာသည်ဆိုကတည်းကပင် ထိုမိန်းကလေးအတွက် ကျွန်တော် ကြိုတင်ပူပန်နေမိသည်။ အခါတိုင်းလိုပင် ထိုမိန်းကလေးထံ သွားရောက်လည်ပတ်သောအခါ သန်းထွန်းက ကျွန်တော့်ကို အဖော်ခေါ်သည်။

ယင်းနည်းဖြင့် ကျွန်တော်သည် နီနီမာ့ကို ကြုံဆုံသိကျွမ်းရသည်။ နီနီမာသည် ရုံးတစ်ရုံးမှ လက်နှိပ်စက်စာရေးမကလေးဖြစ်သည်။ ဆယ်တန်းပင် မအောင်သေး။ နီနီမာနှင့် သန်းထွန်းတို့သည် မမျှော်လင့်ဘဲ အသိအကျွမ်းဖြစ်လာခဲ့ကြခြင်းသည် ကျွန်တော်ထင်သည်ကား သန်းထွန်းသည် သူ၏ထုံးစံအတိုင်း နီနီမာ့ကို တွေ့ရှိပြီးနောက် မမျှော်လင့်သော သိကျွမ်းနည်းမျိုးဖြင့် သိကျွမ်းအောင် ကြိုးစားခဲ့လေမည်ဟူ၍ပင်။

နီနီမာသည် ရိုးသားပွင့်လင်းသူဖြစ်လေရာ ကျွန်တော်တို့နှစ်ယောက် ကို သူမ၏အိမ်သို့ ဖိတ်ခေါ်ခဲ့သည်။ သူမ၏ ချို့တဲ့ဆင်းရဲသောအဖြစ်ကို မြင်စေသည်။ မအေအိုနှင့် မောင်ငယ်တစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးနေ ရသောအဖြစ်ကို သိစေသည်။ ဖခင်ဖြစ်သူ ဆုံးပါးကတည်းကပင် သည် ပါးစပ်ပေါက်တွေကို သူမက ကျွေးမွေးခဲ့ရကြောင်း ပြောပြပါသည်။

သူမ၏အသက်အရွယ်၊ သူမ၏အလှအပနှင့် သူမ ခံစားရသော ဒုက္ခ၊ သုခတို့ မျှတပုံကိုလည်း နီနီမာ့မိခင်ကြီးက ပြောပြသည်။

သို့ဖြင့် ကျွန်တော်တို့သည် နီနီမာ၏အရင်းနှီးဆုံး အနီးကပ်ဆုံးသော မိတ်ဆွေများဖြစ်လာကြသည်။ နီနီမာ၏ ရုံးနှင့်အိမ်သို့ ကူးလူးသွားလာဖြစ်ကြသည်။

သန်းထွန်းက နီနီမာနှင့် သူတို့ ချစ်နေကြပြီဖြစ်ကြောင်း ပြောသော အခါ

ကျွန်တော်က စဉ်းစဉ်းစားစားလုပ်ရန် တောင်းပန်မိသေးသည်။ နီနီမာ နှင့် ဆုံရသောအခါတွင်လည်း ကျွန်တော်သည် သန်းထွန်း၏အကျင့်စာရိတ္တ နှင့် ပတ်သက်၍ အရိပ်အမြွက်မျှ ပြောဆိုသတိပေးခဲ့သည်။

သို့ရာတွင် နှစ်ယောက်စလုံး ကျွန်တော့်စကားကို နာယူခဲ့ကြသည် မဟုတ်ပါပေ။

မည်သည့်အကြောင်းကြောင့်ဟု ထိုစဉ်က မရေရာသောအကြောင်း မျိုးဖြင့် သန်းထွန်းက သူ့အကြောင်းကို ကျွန်တော့်ရှေ့တွင် လျှို့ဝှက်စပြု လာသည်။ နီနီမာကလည်း အတိုင်အပင်၊ အပြောအဆို ဆင်ခြင်လာသည်။ သူတို့နှစ်ယောက်၏ အခြေအနေကို ကျွန်တော် အကဲခတ်ခွင့်ရမှာ စိုးရိမ် လာသည်။ သို့နှင့်ပင် သူတို့နှစ်ယောက်နှင့် ကျွန်တော် ကင်းကွာစပြုလာသည်။ သူတို့အရေးအခင်းနှင့် ပတ်သက်၍ ကျွန်တော်ကိုယ်၌ကပင် မသိကျိုးကျွန် ပြုလာမိလေသည်။

တစ်နေ့သောအခါတွင် သန်းထွန်းသည် နီနီမာနှင့်ပတ်သက်၍ စိတ်ပျက်စကား ဆိုလာသည်။ ထိုအတွက် ကျွန်တော့်အနေနှင့် အံ့သြမိသည် ကား မဟုတ်ပါပေ။ သန်းထွန်းထံမှ ကြားနေကျစကားမျိုးသာ ဖြစ်ပါသည်။ နီနီမာနှင့်ပတ်သက်နေသောကြောင့် ယခင်ကလို ခပ်မဆိတ်မနေနိုင် တော့ဘဲ ကျွန်တော်သည် သူ့အပေါ် ဝေဖန်ပြောဆိုမိသည်။ နီနီမာ့ကို အတည်တကျလက်ထပ်ယူရန် တိုက်တွန်းမိသည်။

“ခက်တာက သူတစ်ယောက်တည်းရဲ့တာဝန်မဟုတ်ဘူး၊ သူ့မအေနဲ့ သူ့မောင်က ကန့်လန့် ကန့်လန့်နဲ့ ပါနေတာက ခက်နေတာ ..”

“တော်စမ်း သန်းထွန်း၊ မင်း နီနီမာ့ကို စတွေ့တုန်းကတည်းက သူ တစ်ယောက်တည်းမဟုတ်တာ အသိပါ။ သူ့မှာ မအေအိုနဲ့ မောင်ငယ်ရှိတယ်ဆိုတာ မင်းအမြင်ပါ။ ဒီတုန်းက မင်းမျက်လုံးကန်းမနေပါဘူး” သို့ဖြင့် သန်းထွန်းသည် နီနီမာနှင့်ပတ်သက်သော စိတ်ပျက်စကား ကို ကျွန်တော့်ရှေ့တွင် မပြောတော့ချေ။ သန်းထွန်းကို ရုံးက မြစ်ကြီးနားသို့ ပြောင်းရွှေ့အမှုထမ်းရန် အမိန့်ချ မှတ်သည်။

သည်တော့လည်း တစ်မြေတစ်ရေဝေးမနေချင်ပါဆိုသော နီနီမာက သူမကိုပါခေါ်သွားရန် သန်းထွန်းကို တိုက်တွန်းပေးဖို့ အကူအညီလာ တောင်းခံသည်။

“ကိုကြည်လင့်သူငယ်ချင်းက တစ်မျိုးဖြစ်နေတယ်ရှင့်၊ အမာနဲ့ပတ် သက်လို့ သိပ်ပြီးအလေးအနက်မထားချင်ဘူး။ သူ့အချိုးက တစ်မျိုးပဲ...”

“ဒါတော့ အခုတစ်လော သူကိုယ်တိုင် မြစ်ကြီးနားပြောင်းရမှာနဲ့ပတ် သက်ပြီး စိတ်လက်မကြည်မသာဖြစ်နေလို့နဲ့လည်း တူပါတယ် အမာ”

ယင်းသို့လျှင် ကျွန်တော်သည် သူငယ်ချင်းဘက်မှ ရှေ့နေလိုက်ခဲ့ မိ၏။ ကာကွယ်ပြောဆိုခဲ့မိ၏။

“ပြီးတော့ ကိုကြည်လင့်ကို လူယုံချင်းမို့ ပြောရဦးမယ်။ အမာ ရှက် တော့

ရှက်ပါတယ် ကိုကြည်လင်။ ကိုကြည်လင့်ကို မလေးစားလို့လည်း မဟုတ်ပါဘူး။ အမာ့မှာ သူနဲ့ ကိုယ်ဝန်ရှိနေခဲ့ပြီ ....”

ထိုစဉ်က ကျွန်တော်သည် နီနီမာနှင့် မျက်နှာချင်းဆိုင်နေရသည်ကို ပင် စိတ်မှာ ကျဉ်းကျပ်သွားမိသည်။

“အမာတော့ သူဟာ ဒီအတွက်ကြောင့်ပဲ အမာ့ကို အလေးအနက် မဆက်ဆံတာထင်တာပဲ ကိုကြည်လင်”

ပြဿနာက ထင်သည်ထက်စော၍ ဖြစ်လာသည်ဟု ကျွန်တော်မှတ်ယူမိ၏။ တစ်နေ့တွင် သည်အဖြစ်မျိုး ကြားရမည်ဟူ၍ ထင်ထားခဲ့ သည်ကား အမှန်ဖြစ်သည်။ ထင်သည့်အချိန်ထက်စော၍ ဖြစ်လာခြင်းသည် ကား နီနီမာ့အနေနှင့် လိုက်လျောလွယ်လွန်းသည် ထင်မိပါသည်။

“အေးလေ၊ ဒီလိုဆိုရင်လည်း မြစ်ကြီးနားကို အမာတို့မလိုက်ရဘူး ပဲထား၊ သူက ခေါ်မသွားဘူးပဲထား၊ မြစ်ကြီးနားမသွားခင် တရားဝင်လက် ထပ်ထားသင့်တာတော့ အမှန်ပေါ့”

“အမာ့အနေနဲ့ အလိုလားဆုံးကလည်း ဒါပါပဲ ကိုကြည်လင်”

သည်အကြောင်းများနှင့် စပ်လျဉ်းကာ သန်းထွန်းနှင့် ရင်ဆိုင်မိသောအချိန်တွင် ကျွန်တော် ဆွေးနွေးပြောဆိုသည်။

“ကြည်လင်ရာ နင်ကလည်း အ,ပါပေ့။ နီနီမာက ငါ့ကို အမိဖမ်း နေတာပါ။ ဒါကြောင့် ဒီစကားမျိုးပြောတာပါ။ ငါ နီနီမာ့ကို ခုချိန်ထိ လက် ဖျားနဲ့တောင် မတို့ခဲ့သေးဘူး” သည်တော့လည်း ကျွန်တော့်မှာ နဝေတိမ်တောင်ဖြစ်ရသည်။ သန်းထွန်း၏ ရုပ်ရည်၊ ရာထူးဂုဏ်အရ နီနီမာ့ဘက်က အမိဖမ်းခြင်းမဟုတ်ဟူ ၍လည်း ပြောလို့ရမည်မထင်ပေ။ သို့ရာတွင်...နောက်တစ်နေ့ နီနီမာ ငိုကြီးချက်မနှင့် ရောက်လာသောအခါ ကျွန်တော် သန်းထွန်းကို ဒေါသဖြစ်ဖို့ ဖြစ်လာရတော့သည်။

“ရှင့်သူငယ်ချင်းလုပ်တာ ဘာကောင်းလဲ ကိုကြည်လင်၊ မနေ့က ကျွန်မကို ဆေးပြားဖြူဖြူလေးတွေပေးတယ်။ ခုနစ်လုံးလောက်တစ်ပြိုင်နက် သောက်ရမယ်လို့ပြောတယ်။ အမာက မသောက်ရဲတာနဲ့ သုံးပြားပဲသောက် တယ်။ ညဘက်ကျတော့ ဗိုက်ထဲကပူလိုက်တာ။ ဒါနဲ့ မသင်္ကာလို့ ဆေးပြား ကိုပြပြီး အသိဆရာဝန်ကိုမေးကြည့်တော့ အဲဒါ သွေးပေါ်ဆေးတဲ့။ ကိုယ်ဝန် ရှိရင် ပျက်ကျတတ်သတဲ့။ တော်သေးတာပေါ့ ခုနစ်ပြားလုံး မသောက်မိတာ။ နို့မို့ရင် ကလေးပျက်အကျပဲ ကိုကြည်လင်"

တစ်သက်တာတွင် ထိုစကားကို ကြားရစဉ်ကလောက် ဒေါသဖြစ် မိသောအချိန် မရှိပြီ။ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ်တုန်လာ မိသည်။ ကျွန်တော်သည် နီနီမာ့ကို ချော့မော့၍ အိမ်ပြန်လွှတ်ပြီးနောက် သန်းထွန်းကိုလိုက်ရှာမိသည်။ သွားတတ်သောနေရာများသို့ သုံးဘီးတစ်စီးဖြင့် ရှာမိသည်။ အဆုံးတွင်မူ ကလပ်၌ ဘိလိယက်ထိုးနေသော သန်းထွန်း ကို မြင်ရသည်။

ကျွန်တော့်ကိုမြင်ရသည့်အတွက် သူသည် အံ့သြဟန်မပြဘဲ ရှိသည်။ ဒေါသစိတ်ဖြင့် နီရဲနေသော ကျွန်တော့်မျက်နှာကိုကြည့်ကာ "ဟော့ကောင် ကြီး၊ နင်ဘာဖြစ်လာတာလဲ"ဆိုသည်။

ကျွန်တော်သည် သူနှင့် မျက်နှာချင်းဆိုင်ရပ်မိသည်။ "သန်းထွန်း၊ နင်ဟာ လူမဟုတ်ဘူး၊ ခွေး... ခွေး"

ထို့နောက် ကျွန်တော်သည် သူ၏မျက်နှာကို လက်သီးဖြင့်ထိုးခဲ့သည်။ သူ လဲကျန်ခဲ့သည်။ ကျွန်တော်သည် ချာခနဲလှည့်လျက် ထွက်လာ မိသည်ဆိုခြင်းများကို အတန်ကြာမှ ဆက်စပ်သတိရမိတော့သည်။

ထိုနေ့ကစ၍ ကျွန်တော်သည် ကျောင်းနေဘက်၊ အလုပ်အတူလုပ် ဖက်၊ ငယ်သူငယ်ချင်းတစ်ယောက်ကို အဆုံးရှုံးခံရပါတော့သည်။ သူနှင့် ပတ်သက်သော အကြောင်းအရာမှန်သမျှကို မေ့ပျောက်အောင် ကြိုးစားခဲ့ မိသည်။

ယင်းသို့ကြိုးစားရာ၌ သူနှင့်ပတ်သက်ခဲ့သော နီနီမာ့ကို မတွေ့ အောင် ရှောင်ခဲ့ခြင်းမျိုးလည်း ပါလေသည်။ တွေ့မယ့်တွေ့ပြန်တော့လည်း ပက်ပင်း ဖြစ်နေတော့သည်။ သည်တော့လည်း အကြောင်းအရာအရပ်ရပ်က တစ်ပတ် လည်လာပြန်လေသည်။

"သူ့ဆီက ကလေးစရိတ်တောင်းဖို့လည်း အမာ မကြိုးစားပါဘူး ကိုကြည်လင်၊ သူ့ကို စိတ်အနှောင့်အယှက်ပေးဖို့လည်း အမာ မကြံစည်ပါ ဘူး။ ဒါပေမဲ့ သူနဲ့ကြုံရဆုံရရင် တစ်ခုတော့ပြောချင်ပါတယ်။ သူ့သား အတွက်ပါပဲ။ သူ့သားကိုတော့ တစ်ခေါက်လောက် လာကြည့်စေချင်ပါ တယ်။ ကလေးဟာ သူနဲ့တူလွန်းလို့ပါ"

နီနီမာသည် ပရိယာယ်ပြုခြင်း အလျှဉ်းကင်းသောမျက်နှာမျိုးဖြင့် ဆိုသည်။

"သူက ရှောင်သွားတော့ အမာ သူနဲ့ပတ်သက်လို့ ဘာမျှော်လင့် ချက်မှ မထားဘူးဆိုတာ အမှန်ပါကိုကြည်လင်။ အဲ...သားကိုမွေးရစဉ်က တော့ စိတ်နာမိသပေါ့။ ကိုယ်ဝန်ရှိစကတည်းက အရပ်ထဲမှာ မျက်နှာငယ်ရပါတယ်။ လင်မရှိဘဲ ကိုယ်ဝန်ဆောင်ထားရတော့ ဟိုကမေးငေါ့၊ သည်က မေးငေါ့နဲ့ပေါ့။ ဒါပေမဲ့ အမာတော့ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုပြီး ခပ်တည်တည် မာတနီတီကုတ်ဝတ်၊ ရုံးမှန်မှန်သွားလုပ်ခဲ့တာပါပဲ။ ရုံးကဆိုရင် အလုပ်က ထုတ်ဖို့အထိ ကြိုးစားလာကြတယ်။ ဒါနဲ့ အမာ့ဟာအမာ ထွက်လိုက်ရ တယ်။ ဒီတုန်းက ငွေရေးကြေးရေးကိစ္စနဲ့ပတ်သက်ပြီး အမာ အကြီးအကျယ် အတိဒုက္ခရောက်ခဲ့ရတာပေါ့။ အမာ မရှက်မကြောက်နဲ့ပဲ ဈေးထွက်ရောင်းခဲ့ပါတယ် ကိုကြည်လင်"

"ဆေးရုံမှာမွေးရတော့ ကလေးအဖေနာမည်ပေးရတယ်။ အမာ သူ့ နာမည်မသုံးပါဘူး။ ပါးစပ်ထဲတွေ့တဲ့နာမည်တစ်လုံး ကောက်ပေးလိုက် တယ်။ ဒီလိုနဲ့ပဲ ကလေးမွေးလာတဲ့အချိန်နောက်ပိုင်းအထိ ကလေးအဖေက မျက်နှာလာပြဖော်မရတော့ မွေးဖော်တွေ၊ ဆရာမတွေက စပ်စုကြတယ်။

ကလေးအဖေ ခရီးလွန်နေတယ်လို့ ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ နောက် တော့ သူတို့ချင်း ဘယ်လိုလုပ်သိကုန်သလဲ မပြောတတ်ပါဘူး။ အမာဟာ လင်ကောင်မပေါ်ဘဲ ကလေးမွေးတယ်ဆိုပြီး ဆေးရုံထဲမှာ ကျော်ကြားသွား တော့တာပဲ။ ဒီတုန်းကတော့ သူ့ကို စိတ်နာသလိုဖြစ်မိပါတယ် ကိုကြည်လင်"

"ပြန်တွက်ကြည့်မိတော့ အမာဟာ အိမ်ထောင်တစ်ခုကို သာသာ ယာယာ ချမ်းချမ်းမြေ့မြေ့ အဖြစ်မျိုးနဲ့ တည်ဆောက်ချင်တယ်။ အမာ့ဘက် က ချွတ်ယွင်းချက်မရှိဘဲနဲ့ အမာ့ရည်မှန်းချက် ပျက်ခဲ့ရတယ်။ ဒီတော့ အမာ့မှာ ကိုယ့်ဘဝကို ကိုယ်တိုင်ပြန်ပြီး ပျိုးထောင်ဖို့ပဲ ရှိတော့တယ်မဟုတ် လား ကိုကြည်လင်။ အမာ့ကလေးကို လူလားမြောက်အောင်၊ လူတန်းစေ့ အောင် မအေတစ်ယောက်အနေနဲ့ ကျွေးမွေးသုတ်သင်ဖို့ပဲ ရှိပါတော့တယ်။ အမာ စာမေးပွဲတွေပြန်ဖြေတယ်။ အလုပ်ပြန်ရအောင် ကြိုးစားတယ်။ မေမေ က ကလေးကို လုံးဝတာဝန်ယူတော့ အမာ သက်ကြီးတက္ကသိုလ် ဆက်တက် နိုင်တယ်။ ဘဝနာလာတော့ ပိုပြီးကြိုးစားချင်စိတ်တွေကလည်း ဝင်လာ တယ် ကိုကြည်လင်။ အစကဆိုရင် ဘဝကို မကျေနပ်နိုင်တာလောက်ပဲ ရှိတယ်။ အခုတော့ မခံချင်စိတ်ရော၊ အရှုံးမပေးချင်တဲ့စိတ်နဲ့ပါ ကြိုးစား လာမိတော့တာပဲ"

နီနီမာ၏မျက်နှာသည် သွေးရောင်လွှမ်းနေသည်။ မျက်လုံးများက

လည်း တောက်ပရွှန်းလက်နေသည်ထင်ရ၏။ သတ္တိကိုသော်လည်းကောင်း၊ အားမာန်ကိုသော်လည်းကောင်း ဆောင်နေသည်ထင်ရသည့် နီနီမာကို ကျွန်တော်သည် အထင်တကြီးနှင့် တလေးတစား စူးစိုက်ကြည့်မိသည်။

အော်... နီနီမာ။ အသင် မိန်းမကောင်းပါတကား။

ချင်းတွင်းဂျာနယ်၊ အမှတ် ၁၁၁။

အကြီးကျယ်ဆုံး အချစ်ဝတ္ထု

ဓာတုကလျာနဲ့ နတ်သျှင်နောင်တို့ကဲ့သို့ ဆန်းကြယ်ခြင်းလည်း ရှိမည် မဟုတ်ပါ။ ရှင်မွေးလွန်းနှင့် မင်းနန္ဒာတို့ကဲ့သို့ ထွေပြားသောအချစ်အမျိုးအစား မျိုးလည်း မဟုတ်ပါ။ ကလီယိုပါထရာ၊ ဂျူးလီးယက်ဆီဇာနှင့် မတ်အန်ထော်နီတို့ကဲ့သို့ ခမ်းနားသောအချစ်ဇာတ်လမ်းမျိုးလည်း မဟုတ်နိုင်ပါ။ အင်နာကရယ်ညီနာ လို ဆွတ်ပျံ့ဖွယ် အချစ်ဝတ္ထုတစ်ပုဒ်လည်း မဖြစ်နိုင်ပါ။ ရိုမီယိုနှင့် ဂျူးလို ယက်လို စံထားအပ်သောအဖြစ်မျိုးလည်း ဖြစ်နိုင်လိမ့်မည်မထင်ပါ။

သို့စဉ်လျက် သည်ဇာတ်လမ်းကလေး ကျွန်တော့်ရင်တွင် ကိန်း အောင်းနေသည်မှာ ကြာပါပြီ။ ရေးသားလိုခဲ့သည်မှာကြာပါပြီ။ သို့စဉ်လျက်နှင့်ပင် မရေးဖြစ်နိုင်ခဲ့။ မတင်ပြဖြစ်နိုင်ခဲ့။ သူ့ထက်ဆန်းကြယ်သော၊ ထွေပြားသော၊ စံထားလောက်ဖွယ်သော ဝတ္ထုများ၊ ဇာတ်လမ်းများကို တင်ပြနေခဲ့သောကြောင့် ဖြစ်သည်။ ယခု သည်ဇာတ်လမ်းကို ကျွန်တော်က “အကြီးကျယ်ဆုံး အချစ်ဝတ္ထု" ဟု အမည်တပ်လိုပါသည်။

သဲ့သဲ့မျှပြုံးကြသူတွေ ရှိကောင်းရှိမည်။ မပြုံးဘဲ ဝါးလုံးကွဲရယ်ချင် သူတွေ ရှိကောင်းရှိမည်။ သို့ပေမဲ့ ကျွန်တော့်မှာ ယုံကြည်ချက်တစ်ရပ် ရှိနေခဲ့ပါသည်။ “အရိုးသားဆုံး အချစ်ဇာတ်လမ်းသည် အကြီးကျယ်ဆုံး အချစ်ဝတ္ထု ဖြစ်သည်”ဟူ၍ပင်တည်း။

ကျွန်တော့်တွင် ငယ်စဉ်ကတည်းက စွဲလမ်းခဲ့သော အစွဲကလေးတစ်ခု ရှိသည်။

ညအခါများတွင် မီးရထားခရီးသည်အဖြစ်ဖြင့် ခရီးသွားဖူးသည်။ ထိုအခါ စာပို့ရထားများ၊ ကုန်ရထားများ ဆိုက်ကပ်လေ့မရှိသော ဘူတာရုံ သိမ်သိမ်ငယ်ငယ်ကလေးများကို ဖြတ်သန်းသွားရဖူးသည်။ ရေနံဆီမီးခွက် ရောင် မှိတ်တုတ် မှိတ်တုတ်နှင့် ဘူတာအဆောက်အအုံ ပုပုကလေးများကို ဖြတ်ရသောအခါ ကျွန်တော့်ရင်မှာ မဖော်ပြတတ်သော ဝေဒနာတစ်ရပ် စွဲငြိ တတ်မြဲဖြစ်ခဲ့သည်။

ယင်းဝေဒနာမှာ လွမ်းသလိုလို၊ ဆွေးသလိုလို၊ သနားကရုဏာသက် သလိုလို ဝေဒနာမျိုးဖြစ်သည်။ မိမိတို့ ဘူတာသိမ်သိမ်ငယ်ငယ်ကလေး၌ ဆိုက်ကပ်ခြင်းမပြုဘဲ မာနကြီးစွာဖြင့် တဝေါဝေါဖြတ်သန်းခုတ်မောင်းသွားသော မီးရထားကြီးကို ငိုင်တွေကြည့်ကျန်ရစ်ခဲ့သော ထိုဘူတာရုံ သိမ်သိမ် ငယ်ငယ်ကလေးမှ လူများကိုယ်စား ခံစားရခြင်းပင်ဖြစ်သည်။

သူတို့စိတ်ထဲမှာ ဘယ်လိုနေပါလိမ့်။ အားငယ်၍များနေမလား၊ လွမ်း၍များ နေမလား၊ မိမိကိုယ်မိမိ သိမ်ငယ်သလိုလိုများ နေလိမ့်မလား စသည့် စသည့်အတွေးများသည် ဝင်ရောက်လာတတ်သည်။

တစ်ခုသော စာဆိုတော်နေ့တွင် ဟောပြောရေးခရီးစဉ်အဖြစ် ကျွန်တော် ခရီးထွက်ခဲ့ပါသည်။ အပြန်လမ်းတွင် ညအခါ ယင်းသို့သော ဘူတာရုံ သိမ်သိမ်ငယ်ငယ်ကလေးများကို ဖြတ်၍ပြန်ခဲ့ရသည်။

ညအမှောင်ထုအောက်တွင် ရေနံဆီမီးခွက်ရောင် မှိတ်တုတ်မှိတ်တုတ် ကလေးဖြင့် ကုပ်ကုပ်ကလေး ကျန်ခဲ့ရှာသော ဘူတာရုံသိမ်သိမ်ငယ်ငယ် ကလေးများကိုကြည့်ရင်း ငယ်စဉ်က အစွဲသည် ရင်ထဲမှာပြန်ပေါ်လာသည်။ သို့နှင့်အမျှ ယင်းသို့သော ဘူတာရုံကလေးတစ်ခုတွင် တာဝန်ကျခဲ့ ဖူးသည့် ကျွန်တော့်မိတ်ဆွေတစ်ယောက်၏ ဇာတ်လမ်းသည် ကျွန်တော့်ရင်၌ အမြစ်တွယ်ခဲ့သည်။ ဆန်းတော့မဆန်းပါ။ သို့သော် ကျွန်တော့်တွင် အကြွေးတင်နေသော ရေးစရာတစ်ကွက်ကား ဖြစ်ခဲ့သည်တည်း။

ဘူတာရုံအမည်၊ မြို့ရွာအမည် စသည်တို့ကို ဖော်ပြခြင်းမပြုတော့ပါ။ အကြောင်းမူ သည်ဇာတ်လမ်း၌ ယင်းတို့ကို ဖော်ပြခြင်းအတွက် ပိုမိုလေးနက်ဖွယ် အကြောင်းမရှိ။ ပိုမိုထူးခြားဖွယ်အကြောင်း မမြင်။ ထို့ကြောင့် မြန်မာပြည်ရှိ မီးရထားလမ်း အသွယ်သွယ်အနက်မှ ဝေးလံသီခေါင်သော လမ်းတစ်သွယ်ရှိ သိမ်ငယ်သော ဘူတာရုံကလေး တစ်ခုပဲ ဆိုကြပါစို့။

ဘူတာရုံ၏ ကျောထောက်နောက်ခံနယ်ပယ်မှာ သိမ်ငယ်သော ရွာကလေးတစ်ရွာသာဖြစ်သည်။ လယ်ယာကိုင်းကျွန်းများ ဝန်းရံနေလင့် ကစား ထွက်ကုန်များများစားစားမရှိပါ။ အရေးပါအရာရောက်သော လုပ် ငန်းများ မရှိပါ။ ထို့ကြောင့် ဘူတာရုံမှာ ကြီးကြီးမားမား မဟုတ်ပါ။ လေးတိုင်စင်သာသာမျှသာရှိသော အုတ်ကြွပ်မိုး အဆောက်အအုံပြားပြားကလေး မျှသာ ဖြစ်သည်။ ဘူတာရုံနှင့် မလှမ်းမကမ်းတွင် အစေခံတန်းလျားသာသာ အိမ်တစ်ဆောင်ရှိသည်။ ယင်းမှာ ရုံပိုင်နေရန် အိမ်ဖြစ်သည်။ ရေနံဝ နေသော ထရံမည်းမည်းနှင့် ရေညှိတက်လျက်ရှိသော အုတ်ကြွပ်မိုး အဆောက်အအုံဖြစ်သည်။

ဘူတာမှာ ရွာနှင့်ကွာလှမ်းသည် ချောင်းတစ်သွယ်ကလည်း ခြားလျက်ရှိသည်။ ထို့ကြောင့် လော်ကယ်ရထား ဆိုက်ကပ်ချိန်မှတစ်ပါး ဘူတာ ရုံကလေးမှာ တိတ်ဆိတ်ခြောက်သွေ့ နေတတ်သည်။

အထူးသဖြင့် ပူပြင်းသောနွေရာသီတွင် ပို၍တိတ်ဆိတ် ခြောက်သွေ့ နေတတ်သည်။ ထိုအချိန်တွင် မြို့ သို့တင်ပို့ရန် သစ်သီးဝလံနှင့် ကုန်စိမ်း ကုန်စိုများ မရှိ၍ဖြစ်သည်။

သစ်သီးဝလံများ ထွက်ရှိချိန်တွင် ဈေးရောင်း ဈေးဝယ် အနည်းအပါးရှိသည်။ အဓိကမှာတော့ ထိုရွာရှိ မြောက်မြားလှစွာသော ကလေးငယ်တို့အနက်မှ ကံကောင်းထောက်မလွန်း၍ အလယ်တန်းကျောင်းသား ကျောင်းသူ ဖြစ်လာသော ကလေးတချို့သာ အသုံးပြုရာဘူတာဖြစ်နေသည်။ ထိုစဉ်က မီးရထားလမ်းတွင် မှောင်ခိုတို့ မသောင်းကျန်းကြသေးပါ။

မီးရထားဝန်ထမ်းတို့၏ အကျင့်စာရိတ္တသည်လည်း စက္ကူဖြူတစ်ချပ်နှယ် ဖြူစင်ဆဲရှိပါသေးသည်။

သည်လမ်းတစ်ဝိုက်၌ အထူးသဖြင့် ဖြဲပာ့စိုရ်ရုံတရားထွန်းကားသည်။ လယ်ကွင်းထဲမှနေ၍ ကလေးတစ်ပြုံကြီးနှင့် တောင်းတွေ၊ ပလုံး တွေနှင့် ပြေးလာကာ "မီးရထားကြီး၊ ဟိုး ဟိုး"ဆိုပြီး အရပ်ခိုင်းလျှင်လည်း ရပ်၍တင်သည်။ တစ်ခါတစ်ရံ ပွဲတော်ရက်များ၌ လူကျပ်လျှင် စက်ခေါင်း၊ ဂတ်ဗိုလ်တွဲ စသည်တို့၌ တက်စီးလျှင် ကြည်ကြည်ဖြူဖြူ ခွင့်ပြုသည်။ မီးရထားထွက်စပြုပြီးခါမှ လူကျန်ခဲ့လို့၊ ပစ္စည်းမေ့ကျန်ခဲ့လို့ဆိုလျှင် ပြန်ဆုတ်၍ တင်ခေါ်ပေးသည်။ သည်အထိ မီးရထားနှင့်ပြည်သူ ကြည်ဖြူသည်။

ထိုခေတ်တွင် ကျွန်တော့်သူငယ်ချင်းတစ်ယောက်သည် ရုံပိုင်ဖြစ်လာပါသည်။ လက်ထောက်ရုံပိုင်ခေါ်မလား၊ အလုပ်သင်ခေါ်မလားမသိပါ။ သူတို့၏ ဝေါဟာရများနှင့် ကျွန်တော် မကျွမ်းပါ။ သည်ဝတ္ထုတွင် ထိုအလုပ်အကိုင် အခေါ်အဝေါ်အဆင့်အတန်းတို့သည် အဓိကမကျ၍ လေ့လာတင်ပြလိုခြင်းမရှိပါ။ အဓိကကတော့ သိမ်ငယ်သော ဘူတာရုံကလေး တစ်ရုံသို့ ဆယ်တန်းအောင်ပြီးစ အသက်နှစ်ဆယ်ဝန်းကျင် လုလင်တစ်ယောက်သည် တာဝန်ဖြင့် ရောက်လာသည်။ ဒါပဲဖြစ်ပါသည်။

သူသည် တစ်ကိုယ်ရေတစ်ကာယသမားဖြစ်သည်။ ရိုးသား၍ ကြိုးစားသော လူငယ်တစ်ယောက်ဖြစ်သည်။ အခွင့်သာလျှင် လုပ်သား တက္ကသိုလ်ကဲ့သို့သော ကျောင်းသို့ ဆက်လက်တက်ရောက်ကာ ပညာရှာလိုစိတ်ရှိသည်။ ထိုဘူတာရုံသို့ ရောက်စက သူသည် များစွာစိတ်ပျက်ခဲ့သည်။ ဘာပဲပြောပြော မြို့ပြ၌ အနေကြာခဲ့သူဖြစ်၍ လွင်တီးခေါင်ပြင်နှင့် ဇနပုဒ်ဆန်သော အရပ်၌ မပျော်ပိုက်နိုင်ခဲ့။

သို့တိုင်အောင် "သူ့ဆန်စားရဲမှ'ဆိုသလို တာဝန်အလျောက် ကျရာ၌ နေရမည်ကို သိသည့်အလျောက် အောင့်အည်းသည်းခံနေသည်။ ထိုဘူတာရုံကလေး၌ လော်ကယ်ရထားသည် အသွားတစ်ခါ အပြန် တစ်တန် ရပ်နားလေ့ရှိသည်။

ဘူတာနှင့် မလှမ်းမကမ်းရွာမှ ကလေးသူငယ်တို့သည် မိုးအခါ ချောင်းကြိုချောင်းကြား၌ ငါးပုစွန်ရှာသည်။ သီးနှံထွက်ချိန်၌ မိဘလုပ်ငန်းများကို ကူညီ၍ လုပ်ကိုင်သည်။ နွေကာလ၌ ကလေးအချို့သည် ရေအိုး ကလေးများရွက်၍ ဘူတာရုံ၌ ရေကုသိုလ်လုပ်သည်။အစတွင်မူ ပူပြင်းခြောက်သွေ့သော နွေရာသီ၌ ခရီးသွားလုပ်သား ပြည်သူများအတွက် တကယ်တမ်း ရေလှူခြင်းဖြစ်သည်။ ခရီးသွားများက ငွေစကြေးစကလေးများ ပစ်ချပေးရာမှတစ်ဆင့် နောင်အခါ ရေရောင်းသူများ ဖြစ်လာကြသည်။

သူတို့သည် မီးရထားတက်အလာ ဘူတာ၌ ဆိုက်ကပ်စဉ် တစ်ကြိမ် ရောင်းကြသည်။ မီးရထားပြန်ဆင်းအလာ၌ တစ်ကြိမ်ရောင်းသည်။ ထို့ နောက်

ရွာသို့ပြန်ကြလေသည်။

ဘူတာ၌ သူတို့ရှိနေချိန်မှာ မီးရထားအသွားအပြန် သုံးနာရီသာသာအထိသာ ကြာလေ့ရှိသည်။ ထိုသုံးနာရီသာသာအချိန်တွင် ဘူတာရုံကလေး မှာ သူတို့အသံဖြင့် စည်ကားသိုက်မြိုက်နေတတ်သည်။ ဖန်ခုန်ကြ၊ ခုံညင်းထိုးကြ၊ ခွေးရူးတိုင်ဦးကြ၊ သန်းရှာကြ၊ ရန်ဖြစ်ကြနှင့်။ အစသော် ရုံပိုင်ကလေးသည် ကလေးများနှင့် သဟဇာတမဖြစ်ခဲ့ပေ။ သူတို့လာလျှင် အလွန်စိတ်ညစ်သည်၊ စိတ်ရှုပ်သည်။

သူကား ခပ်အေးအေးနေတတ်သည်။ အတွေး၌ နစ်မျောတတ်သည်။ စာပေကို ခုံမင်တတ်သူဖြစ်၍ ကျောင်းစာဖတ်လျှင်ဖတ်၊ မဖတ်လျှင် ဝတ္ထုစာပေ ဖတ်နေလေ့ရှိသည်။ သူ ရောက်စက ကလေးများကလည်း သူ့ကို ခင်တွယ်ရကောင်း မှန်း မသိပါ။ အသက်အရွယ်ကလည်း မကြီးရင့်သေး၊ အေးအေးဆေးဆေး နှင့် နှုတ်နည်းနည်းနေတတ်သူမို့ စိမ်းသည်ဟု ထင်သည်။

အနေကြာလာသောအခါတွင်ကား တစ်စတစ်စနှင့် ရင်းနှီးလာသည်။ ဤသည်မှာ ကလေးများနှင့်ပတ်သက်၍ သူ့စိတ်တွင် စာနာမှုထား လာတတ်သော အချိန်မှာဖြစ်သည်။ သူတို့ကလေးတွေ၏ နိမ့်ကျသောဘဝ၊ အသိဥာဏ်ခေါင်းပါးသည့်အဖြစ်များကို မြင်ရကာ စာနာစိတ်ထားလာတတ်သည်။ သူတို့ကလေးတွေ၏ နောင်ရေးကို ရင်လေးနေမိသည်။ ဤသည် မှာလည်း သူကိုယ်တိုင်က ဆင်းဆင်းရဲရဲဘဝမှ ကြိုးစားလာရသောကြောင့် ဖြစ်သည်။

တစ်နေ့တွင် ဘူတာရုံ၌ ကလေးချင်းရန်ဖြစ်ကြသည်။ ရေလုရောင်း ရာမှ စသည်။ ကလေးတစ်ယောက် လဲကျရာမှ ခေါင်းကွဲသည်။ ရန်ဖြစ်သူနှစ်ယောက်က တွတ်နီဆိုသော သူငယ်နှင့် ခွေးညိုမြ။ ခွေးညိုမြသည် သင်းတို့အထဲ၌ အကြီးဆုံး။ အသက် ဆယ့်သုံးနှစ် ကို သီသီကျော်ရှော့မည်။

ရုံပိုင်ကလေးသည် ရန်ပွဲကို ဝင်၍ဖျန်ဖြေသည်။ ခေါင်းကွဲသွားသော တွတ်နီသည် ဒဏ်ရာကိုမမှု၊ ဖုန်တွေ ကောက်သိပ်သည်။ ရုံပိုင်ကလေးက ဖုန်တွေကို ဆေးပစ်ခိုင်းရသည် တင်ချာအိုင်အို ဒင်းဆေး ထည့်ပေးရသည်။ သည်ကစ၍ သူနှင့်ကလေးတစ်သိုက် အပြန်အလှန် လေးစားရင်းနှီး လာကြသည်။

ဘူတာရုံနှင့် ရေချိုတွင်းမှာ အတန်ဝေးကွာသည်။ ရုံပိုင်ကလေးသည် အားလပ်ချိန်များ၌ တွင်းရေကို ကိုယ်တိုင်ငင် ကိုယ်တိုင်ခပ်ခဲ့ရသည်။ ယခုတော့ ကလေးများက သူ့ကိုယ်စား ငင်ပေးကြသည်။ ရေအိုးတို့တွင် ရေမပြတ်ရှိစေသည်။

ရုံပိုင်ကလေးက ကလေးများကို ဆေးဝါးနှင့် ချောကလက်သကြား လုံး စသည်တို့ကို ပေးဝေသည်။ ကလေးများက သူတို့၏ ဉယျာဉ်သီးနှံများကို လက်ဆောင်ပေးလေ့ရှိသည်။

ခွေးညိုမြသည် သင်းတို့လူသိုက်ထဲ၌ အသက်အကြီးဆုံး၊ အမိုက်ဆုံး၊ ဂျစ်တူးတူးအနိုင်ဆုံး။

အဆဲကလည်း သန်ပါဘိသနှင့်။ စင်စစ် သွေးစုန်းမျက်မည်းအရွယ်။

သို့တိုင်အောင် သူ့ဆံပင်တွေကိုကြည့်လျှင် ပြောင်းဖူးမွေးလို နီကျဲ လိမ်ရှုပ်နေသည်။ သန်းဥသန်းဖျ တရှုရှုနှင့်ဖြစ်သည်။ အသားမှာ နေလောင်ထားသဖြင့် ကြေးညိုရောင်ပေါက်နေသည်။ ကြေးအထပ်ထပ်၊ ဖုန်အလိမ်းလိမ်း။ တစ်ခါဖူးမျှ ဖွပ်လျှော်ဟန်မတူသော ရှင်မီးအင်္ကျီ ညစ်ထပ်ထပ်သည် ဖွံ့ဖြိုးစပြုပြီဖြစ်သော ရင်ကို မလုံမခြုံနှင့် ရှိစေသည်။ အဆင်ပျောက်နေပြီ ဖြစ်သော လုံချည်မှာ ခြေသလုံးဖျန်ရိုးပေါ်စေမြဲ။ ခြေသလုံးဖျန်ရိုးမှာလည်း သမန်းရှုရာဗရပွနှင့်။

အဆော့သန်သဖြင့် လုံချည်မှာ မကြာခဏပြဲလေ့ရှိသည်။ စုတ်ပြဲ လျှင် မချုပ်ဘဲ ချည်ထုံးထားတတ်မြဲ။ ခွေးညိုမ စိတ်အထက်သန်ဆုံးမှာ အဆဲနှင့် သန်းရှာခြင်းဖြစ်သည်။ စာဆို၍ နကန်းတစ်လုံးမျှမတတ်။ ဆဲလိုက် ပြီဆိုလျှင်ကား အဆဲပိဋကတ်အိုးကွဲလို အညစ်စုတ်ဆုံးစကားကို ရွေးတတ်သည်။

ရှံပိုင်ကလေးသည် ခွေးညိုမကို မြင်စက ဘယ်လိုမှဘဝင်မကျနိုင်ခဲ့။ ဘယ်အခါမှ ပြုပြင်၍ရတော့မည်မထင်။

ခွေးညိုမမို့ အနားကပ်လာပြီလားဆိုလျှင် အော်ဂလီဆန်ချင်စရာ ကောင်းလောက်အောင် ချွေးနံ့၊ နေလောင်နံ့ နံမြဲ။ ခွေးညိုမ၏ ဝါညစ်ညစ် သွားတို့အကြားမှ ထွက်လာသော အာပုပ်နံ့သည် တထောင်းထောင်းထနေသည်။

သည်သို့သော ခွေးညိုမနှင့် အသန့်အပြန့်ကြိုက်တတ်လှသော ခေတ် ပညာတတ် ရှံပိုင်ကလေးတို့ သဟဇာတမမျှလှ။ တခြားကလေးတွေကို ခင် ၍ ရပေမယ့် ခွေးညိုမကို မခင်။

သို့ပေမဲ့ ခွေးညိုမသည် ရှံပိုင်ကလေးကို အထင်ကြီးသည်။

စာတွေ အများကြီးတတ်သည်၊ မြို့သားဖြစ်သည်။ လခတွေ အများ ကြီးရသည်။ စသည် စသည်ဖြင့် ခွေးညိုမအဖို့ အထင်ကြီးစရာတွေကလည်း ရှံပိုင်ကလေးမှာ အပြည့်။

ခွေးညိုမက ရှံပိုင်ကလေး၏အပါးသို့ ကပ်ချင်သည်။ သူ မသိတာ တွေကို မေးချင်သည်။ အထူးသဖြင့် တစ်ခါက ဘုရားပွဲမှာ သုံးကား မိုး အလင်း ကြည့်ခဲ့ရသည့် ဇာတ်ရှင်တွေအကြောင်း မေးချင်သည်။ ရွှေဘကို သူ သဘောကျသည်။ လူတွေအများကြီးနှင့် တစ်ယောက်တည်းချလျှင် ရွှေဘနိုင်မြဲ။

ကြည်ကြည်ဌေး၏ အလွမ်းမှာ သူ အသည်းခိုက်သည်။ သည်တုန်းက ငိုလိုက်ရတာ၊ အမေသေတုန်းက၊ အဘဆုံးတုန်းက သည်လောက်မငို ဖူးခဲ့။

ပညာတွေ အများကြီးတတ်သည်ဆိုလျှင်၊ မြို့ကြီးသားဖြစ်သည်ဆို လျှင် ဇာတ်ရှင်တွေ အများကြီးကြည့်ဖူးမည်။ ဇာတ်ရှင်ကြည့်ပြီး ဇာတ်တိုက် ရသည်မှာ အရသာရှိလှသည်။ ကြည်ကြည်ဌေး၏ လွမ်းခန်းရောက်လျှင် ခွေးညိုမ မျက်ရည်စက်လက်ဖြင့် ဇာတ်ကြောင်းပြန်တတ်မြဲ။

ခွေးညိုမက တပူးကပ်ကပ်လုပ်လာသောအခါ ရှံပိုင်ကလေးသည် သူ့အနံ့အသက်များကို မခံနိုင်ဖြစ်ရသည်။ သို့ဖြင့် တစ်နေ့မှာတော့ ဆပ်ပြာ တစ်တုံးပေးပြီး ခွေးညိုမကို ရေချိုးခိုင်းရသည်။ ဆားဖြင့် သွားတိုက်ခိုင်းရသည်။

အဝတ်အကျီ လျှော်ဖွပ်စေရသည်။ ခွေးညိုမအပါအဝင် အားလုံးကို တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ပညာပေးရသည်။

ပြီးလျှင် ရှံပိုင်ကလေးသည် ကလေးများကို အားလပ်ချိန်၌ တတ် အားသမျှ စာသင်ပေးသည်။ သေစာရှင်စာကလေးမျှ တတ်ဖို့ကောင်းသည် ဟု ထင်သည်။

သူ၏ စည်းရုံးမှုအောက်တွင် ကလေးများ လိမ္မာရေးခြားရှိလာသည် အမှန်။

အဆဲသန်သော ခွေးညိုမသည်ပင် နှုတ်စောင့်စည်းလာတတ်ပြီ။ ရန်ဖြစ်သန်သော တွတ်နီသည်ပင် သည်းခံလာတတ်ပြီ။ အချို့သည် ရွာရှိ မူလတန်းကျောင်းသို့ စာသင်ရန်သွားပြီ။

ရွာတွင် ရှံပိုင်ကလေး၏သတင်းသည် ကျော်စောလာသည်။ ရွာခံ လူကြီးများသည် ရှံပိုင်ကလေးထံ အလည်အပတ်လာကြသည်။ စကား စမြည် ပြောကြသည်။ ရှံပိုင်ကလေးသည်လည်း ကလေးများနှင့်အတူ ရွာ ထဲသို့ အရောက်အပေါက်များလာသည်။ ထမင်းစားအဖိတ်ခံရသည်။ ရှံပိုင် ကလေး၏အိမ်တွင် ဥယျာဉ်သီးနှံများ အလျှံပယ်ပင်။

ရှံပိုင်ကလေး၏ဘဝသည် စောစောကလို အထီးကျန်မဆန်တော့။ မခြောက်သွေ့တော့။ သူကြီးသား တာတူးသည် ရှံပိုင်ကလေးထံ အင်္ဂလိပ်စာ လာသင်သည်။

သူကြီးကတော်သည် ရှံပိုင်ကလေးကြိုက်တတ်သော ခရမ်းချဉ်သီး ငါးပိချက်၊ ချိုးသား၊ ခါသား ပို့လာသည်။ ယုန်ကင်၊ ချေသားကျပ်တိုက် ပို့သည်။

အပြောင်းလဲဆုံးကတော့ ခွေးညိုမဖြစ်မည်ပင်။

ယခုတော့လည်း ခွေးညိုမက သူ့ကို ခွေးညိုမဟုခေါ်လျှင် မကြိုက်ချင်။

ရှံပိုင်ကလေးခေါ်သလို အညိုဟုခေါ်စေချင်သည်။ ပြောင်းဖူးမွှေးလို နီကျံပွေလိမ်နေသော ဆံပင်ကို ခေါင်းထက်မှာ မတင်၊ ဖြီးသင်ထားသောဆံပင်နှင့်။ အုန်းဆီနံ့မွှေးမွှေးနှင့်။

ရွာရိုးကိုးပေါက်မလျှောက်တော့။ လူတကာနှင့် ရန်မဖြစ်တော့။ အဆဲမသန်တော့။

ယခုတော့ ဘူတာရုံတွင် ကောက်ညှင်းပေါင်း၊ ချိုးကြော်၊ စနိုက် ကျော် စသည်ဖြင့် ရောင်းသည်။

ခွေးညိုမ၏ ဘွားအေက ခွေးညိုမကို ဆရာလေးခေါ် ရှံပိုင်ကလေး က အရေခွံမှစ၍ ပြောင်းလဲပေးလိုက်သည်ဟု ဆိုစမှတ်ပြုသည်။ ထိုဘွားအေ သည် ခွေးညိုမကို မိတဆိုး ဖတဆိုးဘဝဖြင့် ငယ်စဉ်ကတည်းက ထိန်း ကျောင်းခဲ့သည်။ ငယ်စဉ်က အလိုလိုက်ထားခဲ့လွန်းအားကြီး၍ ခွေးညိုမ ပေါက်လွှတ်ပဲစားဖြစ်ခဲ့ရသည်။

ယခုတော့ ဆရာလေးကျေးဇူးကြောင့် ခွေးညိုမ လိမ္မာလာခဲ့ပြီ။

ခွေးညိုမသည် ရထားမလာမီနှင့် လာပြီးနောက် အားလပ်သည့်အချိန်တိုင်းမှာ ရှံပိုင်ကလေး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း

မမော နိုင်အောင်ရှိသည်။

အဝတ်လျှော်၊ အိမ်တိုက်၊ ကြမ်းတိုက်၊ အိုးခွက်ပန်းကန်ဆေး၊ ထမင်း ဟင်း ချက်ပြုတ်ပေးသည်။

မလုံမလဲ ရှင်မီးအင်္ကျီအပေါ်မှ အင်္ကျီထပ်ဝတ်ရကောင်းမှန်း သိပြီ။ ထုံးချည်ထားသော လုံချည်ပြဲကို အပ်-အပ်ချည်ဖြင့် ချုပ်ရကောင်းမှန်း သိပြီ။ သနပ်ခါး လူးခြယ်လျက် ကိုယ့်ကိုယ်ကိုယ် မှန်ကြည့်ရကောင်းမှန်း သိပြီ။

တစ်နေ့မှာတော့ ရှံပိုင်ကလေးသည် သေကောင်ပေါင်းလဲဖြစ်သည်။ အပြင်းအထန် ဖျားသည်။ ထိုနယ်ကို နှိပ်စက်ကလူပြုလေ့ရှိသည့် ငှက်ဖျား ရောဂါပင်ဖြစ်သည်။

ခွေးညိုမသည် ရှံပိုင်ကလေးကို ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရသည်။ သူကြီး ကတော်ကိုယ်တိုင် ရွာမှ ဗိန္ဓောဆရာကို ပင့်လာကာ ဆေးကုပေးရသည်။ ခွေးညိုမအဖို့တော့ ရှံပိုင်ကလေး ဖျားသည်ကိုပင် ကျေနပ်နေမိလေသည်။

သူ့အနေနှင့် ကိုယ်ဖိရင်ဖိ ပြုစုခွင့်ရသည်။ အပူပြန်ကာ တဟင်းဟင်း တဟဲဟဲ ညည်းညူပြီး အပူကျကာ ငြိမ်သက်အိပ်စက်သွားသောကာလများ တွင် ခွေးညိုမသည် ရှံပိုင်ကလေး၏ဘေးမှာ ထိုင်နေလေ့ရှိသည်။ ပါးရိုးနားရိုးကျလျက် မုတ်ဆိတ်ကျင်စွယ် ကျိုးကျဲရှိနေလင့်ကစား ချောမောလှပလျက်ရှိသည့် ရှံပိုင်ကလေး၏ မျက်နှာကို မျက်တောင်မခတ် တမ်း ငေးကြည့်နေလေ့ရှိသည်။ ယင်းကာလမျိုးတွင် ခေါင်းရင်းပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသည့် လပြည့်ဝန်းသည်ပင် ရှံပိုင်ကလေး၏မျက်နှာလောက် မတင့်တယ် ဟု ခွေးညိုမ အထင်ရောက်သည်။

သည်သို့ဖြင့် လပေါင်းများစွာ ကုန်လွန်လာခဲ့သည်။ တစ်နေ့တွင် ရှံပိုင်ကလေးသည် ခွေးညိုမအား မိမိသည် ဘူတာရုံ မှ ပြောင်းရတော့မည့်အကြောင်း ပြောသည်။

ထိုနေ့သည် ခွေးညိုမအဖို့ ကမ္ဘာပျက်သောနေ့တည်း။

“မပြောင်းလို့မရဘူးလားဟင် ” ခွေးညိုမ အသံတိမ်တိမ်ကလေးဖြင့် မေးခဲ့သည်။ “ဘယ်ဖြစ်မလဲကွယ့်... မပြောင်းရင် အစ်ကိုအလုပ်ပြုတ်မှာပေါ့။ အလုပ်ပြုတ်ရင် ထမင်းငတ်မှာပေါ့”

“မငတ်ပါဘူး၊ အညိုတို့ကျွေးထားမှာပေါ့။ ဒီမှာပဲနေပါ” ခွေးညိုမ၏စကားကို ရှံပိုင်ကလေးက ရယ်မောပစ်ခဲ့သည်။

ထို့နောက် ရှံပိုင်ကလေးက သူ၏ရည်မှန်းချက်များကို ရှင်းပြသည်။ လူတစ်လုံးသူတစ်လုံးဖြစ်အောင် မြို့မှာနေရမည်။ တက္ကသိုလ်ဆိုတာကို ဆက်တက်ရမည်။ သည်ထက် ရာထူးတွေမြင့်အောင်၊ ပညာတွေတတ် အောင်၊ ပိုက်ဆံတွေရအောင် လုပ်ရမည် စသည်ဖြင့်။

ခွေးညိုမ ဘာမျှမပြော၊ မပြောတတ်။

သူသိသည်မှာ ရှံပိုင်ကလေးသည် သည်မှထွက်သွားရတော့မည်၊

အားလုံးကို ခွဲခွာသွားတော့မည်။

ခွေးညိုမတို့ မီးရထားတွင် ဈေးရောင်းစဉ်က သည်မှာ ဘူတာရှိပါ လျက် အဘယ်ကြောင့် စာပို့ရထားမရပ်ရလေသနည်းဆိုကာ စာပို့ရထား ကြီးကို နားမလည်နိုင်သလို ငေးကြည့်နေကြသည့်နည်းတူ ရုံပိုင်ကလေး ကို ငေးကြည့်နေသည်။ မိမိတို့ကိုယ်ကိုယ် မိမိတို့ သိမ်ငယ်သွားသလို စာပို့ ရထားကြီးကိုပင် စိတ်မှာနာကြည်းရသလို ခံစားရမှုမျိုးကို ခွေးညိုမ ခံစား ရသည်။

ရုံပိုင်ကလေးသည် ခွေးညိုမကို နားလည်၍မရတော့ပေ။ ရုံပိုင်ကလေး ပြောင်းတော့မည်ဆိုသောအခါ သူကြီးကအစ တစ်ရွာလုံးလိုပင် ဘူတာသို့လာသည်။ နှုတ်ဆက်စကားဆိုသည်။ လက်ဆောင်များ ပေးသည်။

ထိုအထဲတွင် ခွေးညိုမတစ်ယောက် မပါဝင်။ ခွေးညိုမ၏မျက်နှာ ကို ဘယ်မှာမှ ရှာမတွေ့။

နောက်နှစ်ပေါင်း ဆယ်နှစ်ခန့်ကြာသောအခါ ရုံပိုင်ကလေးသည် ရုံပိုင်ကြီးဘဝဖြင့် ခရီးသွားရင်း ကျွန်တော်ဆိုခဲ့သော ဘူတာရုံသိမ်သိမ်ငယ် ငယ်ကလေးသို့ ခမ်းနားကြီးကျယ်စွာ ဆိုက်ရောက်လာသည်။

ထိုအခါ ရုံပိုင်ကြီးသည် သူသည် ဤဘူတာရုံကလေး၌ ရုံပိုင်လုပ် ခဲ့သည်ကို အမှတ်ရရ သူငယ်ချင်းများအား ပြန်ပြောပြသည်။ တစ်ဆက်တည်းမှာလည်း ခွေးညိုမကို မမေ့မလျော့ သတိတရဖြင့် မေးစမ်းကြည့်သည်။

လူတို့သည် ခွေးညိုမကို မေ့ပျောက်၍ပင် နေကြလေပြီ။ နှောင်းလူတို့က ခွေးညိုမကို မသိကြတော့ပြီ။ သည်မှာ ခွေးညိုမကို သိရှိမှတ်မိသူဟူ၍ ခွေးညိုမနှင့် ရန်ဖြစ်ဖက်၊ ဆဲဖက်၊ သတ်ဖက် တွတ်နီတစ်ယောက်တည်းသာ ရှိတော့သည်။ ဘူတာရုံကလေးမှာ ဘူတာရုံကြီးဖြစ်နေပြီ။ သူ၏ ကျောထောက် နောက်ခံရွာမှာလည်း မြို့ အဆင့်အတန်းသို့ ရောက်နေလေပြီ။

တွတ်နီကား သည်မှာပင် ကူလီထမ်းနေသည်။

တွတ်နီက သူ၏အရင်းနှီးဆုံး ခွေးညိုမအကြောင်းကို တဆွတ်ပုံ့ ပုံ့ ပြောပြသည်။

“အစ်ကိုပြောင်းသွားပြီးကတည်းက ခွေးညိုမတစ်ယောက် အရင်က လို သွက်သွက်လက်လက်မရှိတော့ပါဘူး။ စိတ်မှာ ဘာမှတဝင်တစားလည်း မရှိတော့ဘူး။ အမြဲလိုလို ငေးငိုင်နွေးကွေးနေတယ်။ ညဘက်တွေမှာလည်း အိပ်တယ်ရယ်လို့ မရှိတော့ပါဘူး။ ဒီလိုနဲ့ တစ်နေ့တော့ အအေးမိပြီး အပြင်း ဖျားရာက ဆုံးပါးသွားရှာပါတော့တယ်။ အင်း... အခုဆို ဆယ်နှစ်လောက် ရှိပြီပေါ့နော်”

တွတ်နီသည် ပြောရင်းမှာပင် မျက်ရည်များလည်လျက် မေးကြောများ လှုပ်ရှားနေလေသည်။

စင်စစ် တွတ်နီတွင် အခြားပြောစရာစကားတွေ ရှိပါသေးသည်။

သူ့သူငယ်ချင်းနှင့်ပတ်သက်၍ သူအသိဆုံးဖြစ်သည်။ မကောင်းတတ်သည့် ထင်၍ ယင်းစကားများကို မပြောလိုက်ရတော့ပါ။

ယင်းမှာ ခွေးညိုမသေဆုံးသောအခါ ခွေးညိုမ၏ ခေါင်းအုံးအောက် မှ စာတစ်စောင်ကို ရှာတွေ့ ကြရသည်။

ခွေးညိုမ၏ မတတ်တတတ် မညီမညာလက်ရေးကလေးဖြင့် စာ တွင် ဤသို့ရေးထားရှာသည်။

အကို…

အကိုကို အညို ခြစ်ဘာသိ။

အညို

ဤတွင် ကျွန်တော်၏ 'အကြီးကျယ်ဆုံး အချစ်ဝတ္ထု' ပြီးဆုံးပါသည်။ ရယ်လိုက ရယ်ပါ၊ မဲ့လိုက မဲ့ပါ၊ ကဲ့ရဲ့လိုက ကဲ့ရဲ့ပါ။ အဆန်းတကြယ်ဆို၍ ဘာမျှမပါပါ။ ကျွန်တော့်တွင် ယုံကြည်ချက်တစ်ရပ်ရှိသည်။ တစ်စုံတစ်ယောက်၏ အချစ်သည် အခြားတစ်ပါးသူတို့အတွက် ဆန်းကြယ်ခမ်းနားသည်မဟုတ်စေကာမူ သူကိုယ်တိုင်အတွက်ကား အကြီး ကျယ် အခမ်းနားဆုံး ဖြစ်ပေလိမ့်မည်မှချတည်း။ ။

မိုးကောင်းမဂ္ဂဇင်း။ ဒီဇင်ဘာလ၊ ၁၉၇၇။

ပြဿနာမဟုတ်ပေမဲ့ ပြဿနာလုပ်ရပေဦးမည်။ သည်အသက် သည်အရွယ် သည်အခြေ သည်အနေကျမှ သည်ပြဿနာကို တင်ရမည်ဆိုတော့လည်း အမှန်ပင် စိတ်မချမ်းမြေ့ချင်လှ။ ကိုယ်ကိုယ်တိုင် အဖို့သော်လည် ကောင်း၊ သူ့အဖို့သော်လည်းကောင်း မကောင်းမှန်းတော့ အသိသားပင်။

သို့ပေမဲ့ အပွဲပွဲနွဲခဲ့သမျှ သည်တစ်ခါကျမှ နှပ်ပစ်ခြင်းခံရသည်ဆိုခြင်းမျိုးကိုတော့ စိတ်က ခံပြင်းသည်။ တစ်ဆိတ်ကို တစ်အိတ်လုပ်သည်ပဲဆိုဆို၊ တစ်ထွာကို တစ်ယူဇနာ လုပ်သည်ပဲပြောပြော၊ ဘာပဲဖြစ်ဖြစ် သည်ပြဿနာကို အစဖော်ရဦးမည်။ ကျိတ်မှိတ်မျိုသိပ်ထားရသည်နှင့်စာလျှင်တော့ ဖွင့်ပြောလိုက်သည် ကမှ ရင်ထဲမှာ ပေါ့ပါးသွားလိမ့်ဦးမည်ထင်သည်။ သည်လို .. သည်လို

အချစ်ရေးနှင့် ပတ်သက်လာလျှင် မိမိကိုယ်ကို ကံကောင်းချည်းထဲ က မဟုတ်ပေမဲ့ ကံဆိုးလှသည်ဟု မထင်ခဲ့သည်အမှန်ပင်။ ရည်းစားပျက်တာတို့၊ အသည်းအက်တာတို့ မရှိမဟုတ်။ ရှိတော့ ရှိသည်။ မိမိက စွန့်ပစ်ခဲ့တာတို့၊ သူက စွန့်သွားတာတို့နှင့် မကြုံခဲ့မဟုတ်၊

ကြုံခဲ့သည်။ ကိုယ့်အတွက် သူက မျက်ရည်ကျရသည်လည်း ရှိသည်။ သူ့ အတွက် ကိုယ်က မျက်ရည်ကျရသည်လည်း ရှိသည်။ နှစ်ယောက်လုံး ခေါင်းချင်းဆိုင်ကာ ငိုခဲ့ရဖူးခြင်းတို့သည်လည်း ပေါ်ပေါက်ခဲ့ဖူးသည်။ သို့ပေမဲ့ဤသည်တို့ကို ဖြေသိမ့်နိုင်ခဲ့သည်။ ဖြေသိမ့်နိုင်ရန် ကြိုးစားခဲ့သည်ဆိုလျှင်လည်း မှန်မည်။

အဆုံးမှာတော့ 'လေးနှင့်တွေ့သည်။ သုံးနှစ်သုံးမိုး ချစ်ကြပြီးမှ နှစ်ဦးနှစ်ဝရော၊ လူကြီးမိဘများကပါ သဘောတူကြည်ဖြူစွာ လက်ထပ်ခဲ့ ကြသည်။ လေးနှင့် လက်ထပ်ခဲ့ခြင်းအတွက် နောင်တရစရာ မပေါ်ပေါက် ခဲ့။ ကိုယ့်ချစ်သူ ကိုယ်ရှာယူခဲ့ခြင်း ဖြစ်သည်။ ပြီး ရှေးလူကြီးသူမတို့၏ထုံး နှလုံးမူကာ သုံးနှစ်သုံးမိုး အကဲခတ်ပြီး ကျေနပ်၍ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ယခုဆိုလျှင် အိမ်ထောင်သက်သည်ပင် ခြောက်နှစ်ကျော်ခဲ့ပြီ။ အဆွယ်အပွားတွေလည်း ရခဲ့ပြီ။ အကြီးဆုံးသားပင် သည်နှစ်ကျောင်းဖွင့် ရက်မှာ ကျောင်းတက်ဖို့ ပြင်ဆင်နေပေပြီ။ လေးနှင့် စတင်ချစ်ကျွမ်းဝင်သည် မှာ ယခုအထိ ဆယ်နှစ်နီးပါးကာလအတွင်း ပြဿနာတစ်စုံတစ်ရာ မပေါ်ခဲ့ ဖူးပါဘဲလျက် ယခုမှ ပြဿနာပေါ်ရမည်ဆိုခြင်းကို စိတ်မကောင်းနိုင်သည် အမှန်။ စင်စစ် ပြဿနာဖြစ်ရလောက်အောင် ဆိုးရွားသောကိစ္စမဟုတ်ဟု မှတ်ချက်ချသူက ချကြမည်။

ကိုယ့်အကြောင်းနှင့်ကိုယ်၊ ကိုယ့်အဖြစ်နှင့်ကိုယ်မို့ သူတစ်ပါးအမြင်၌

သဲတစ်ပွင့်ပင် ဖြစ်လင့်ကစား၊ ကိုယ့်အဖို့မှာမူ မြင်းမိုရ်တောင်ထက် ကြီး မားသည်။

ကိုယ်ကလည်း ကိုယ်ပေပဲလေ။

အဘယ်သို့သော အကျိုးပေးလေလည်းမသိ။ မိန်းကလေးတစ် ယောက်ကို အပျော်တမ်းအနေမျိုး မချစ်ခဲ့ဖူးပါဘဲလျက် သည်ဘဝမှာ ရည်းစားများသူဖြစ်ခဲ့ရသည်။ မည်သူ့ကိုမဆို လက်ထပ်ရန် ရည်သန်ပြီး ပိုးပန်းခဲ့ပါလျက် မျက်နှာများသူ ဖြစ်ခဲ့ရသည်။

ပထမ မမနွယ်။

သည်တုန်းက မြီးကောင်ပေါက်အရွယ်။ ဆယ့်ခြောက်နှစ်သာသာ။ မီးကို ပူမည်ဟုမသိဘဲ ကိုင်မိသောကလေးငယ်လို အချစ်ပူနှင့် စတင်ထိတွေ့ရသည်။ ပညာကလည်း မတောက်တခေါက်။ အရွယ်ကလည်း လောက်လောက်လားလား မရှိ။

မမနွယ်က အသက်ငါးနှစ်လောက် ပို၍ကြီးသည်။ ဆွေမျိုးနီးစပ်တော်သည်။ အနေအထိုင် နီးစပ်သည်က စမည်ပဲထင်သည်။ သွားအတူ လာအတူ၊ နေအတူ ထိုင်အတူရှိရာမှ မမနွယ်ကို တစ်စက္ကန့်မမြင်ရလျှင် မနေနိုင်၊ မထိုင်နိုင်ရှိရသည်။ မမနွယ်ကိုယ်တိုင်ကလည်း သံယောဇဉ်မကင်း ခဲ့။ သည်လိုနှင့် မမနွယ်ကို စာပေးဖြစ်သည်။ ချစ်ကြောင်း ဖွင့်ဟဖြစ်သည်။ နှစ်ယောက်စလုံး အတွေ့အကြုံမရှိကြသူချည်းမို့ သိုသိုသိပ်သိပ်မရှိဘဲ အိမ်ကလူကြီးတွေ သိကုန်သည်။ တားဟယ်၊ ဆီးဟယ်၊ ရိုက်ဟယ်၊ နှက်ဟယ်နှင့်။ အဆုံးမတော့ နှစ်ယောက်ကို ခွဲထားလိုက်ကြသည်။ အစိမ်း သက်သက်တွေဖြစ်သဖြင့် အထိနာသည်။ လိမ့်နေအောင်ခံရသည်။

ဘဝဆိုသည်ကို နက်ရှိုင်းစွာ နားမလည်သေး။ သဘောမပေါက်သေး။ ဘာပဲဖြစ်ဖြစ် ချစ်တာသာ အဓိကဟုထင်ဆဲအချိန်။ မမနွယ်နှင့် ပေါင်းရဖို့သာ စိတ်စောနေသောအချိန်။

လူကြီးတွေကတော့ ချင့်ချင့်ချိန်ချိန်နှင့် နောက်သုံးနှစ်ကြာလျှင် ပေးစားမည်ဟုပြောသည်။ သုံးနှစ်အတွင်း စာကြိုးစားပါ စသည်ဖြင့် အချိန်ဟူသော တရားသူကြီး၏လက်သို့ ဝကွက်အပ်လိုက်သည်။

ပထမနှစ်၊ စာအတန်တန်ရေးရသည်ကို မမောနိုင်ခဲ့။ တစ်လလျှင် တစ်ခါ လူကြီးများရှေ့မှာပင် တွေ့ ခွင့်ရသည်။ မမနွယ်က ပွဲကြိုက်သည်။ လွတ်လွတ်လပ်လပ် စကားပြောခွင့်ရကြသည်မှာ ပွဲခင်းအလယ်၌ ဖြစ်သည်။ သည်စဉ်ကတော့ ပွဲမကြည့်ဖြစ်ဘဲ တစ်ညလုံးလိုလို တစ်ယောက်မျက်နှာ တစ်ယောက် မဝသောကြည့်ခြင်းဖြင့် အချိန်ဖြုန်းပစ်တတ်ကြသည်။

ဒုတိယနှစ်၊ တစ်ပတ်တစ်ခါ စာရေးနေကျဖြစ်ရာမှ တစ်လတစ်ခါ လောက်ပဲ စာရေးဖြစ်ကြတော့သည်။ တစ်လတစ်ကြိမ် ဆုံတွေ့ နေရာမှ သုံးလတစ်ကြိမ်လောက်သာ တွေ့ဖြစ်ကြတော့သည်။ ကိုယ့်ဘက်က အများ မပါတန်ကောင်းထင်သည်။ မမနွယ်၏စာများမှာ ရေးပါများ၍ စကားလုံး

ကုန်သွားသည်လားတော့ မပြောတတ်။ ပေါ့လျှမ်းလာသည်။ တိုလာသည်။ သည်လိုနှင့် နှစ်နှစ်ခွဲအကြာ၌ မြို့သို့တစ်ခေါက် ပြန်ရောက်သည်။

ရထားမှဆင်းလျှင်ဆင်းချင်း မမနွယ်ထံ အပြေးလာခဲ့သည်။ ရင်ဖိုဖွယ်ရာနှင့် ရောက်မဆိုက် ကြုံရသည်။

မမနွယ်၏မိခင်သည် ငိုယိုလျက်ရှိသည်။ ဖခင်၏မျက်နှာ ညှိုးပုပ် နေသည်။ လက်တစ်ဝါးစာ စာရွက်ကလေးတစ်ရွက်ကို ပြသည်။ မမနွယ် ယောကျ်ားနောက်လိုက်သွားခြင်းအကြောင်းကို သူရေးခဲ့သောစာအရ သိ လိုက်ရသည်။

သည်အခါမှာ ခံပြင်းခြင်းတော့ ဖြစ်မိသည်။ သို့တိုင်အောင် ရင်မှာ နာကြည်းကြေကွဲခြင်းမဖြစ်မိ။

သူမကြင်လျှင် ကိုယ်ကစိမ်းစတမ်းဟု သဘောပိုက်နိုင်ခဲ့သည်။ မမနွယ်ရွေးခဲ့သည့်သူက အခြားမဟုတ်၊ သူငယ်ချင်းထဲကပင်။ တစ်ကျောင်းတည်းသားချင်းပင်။ သို့ပေမဲ့ သူက အသက်ပိုကြီးသည်။ မြို့သို့မပြန်ဖြစ်ဘဲ မမနွယ်နှင့်မတွေ့ဘဲ အကြာကြီးနေခဲ့သည်။ နှစ်နှစ်လောက်ကြာမှ ပြန်တွေ့သည်။

မမနွယ်သည် ချောဆဲလှဆဲပင်။ သူ့ယောကျ်ားနှင့်လည်း ဆုံရသည်။ သူက ယခုမှလာ၍ ပြဿနာတက်နေသည်။ မမနွယ်ထံမှ စာများနှင့်ပတ် သက်၍ မကျေနပ်နိုင်အောင် ဖြစ်နေသည်။ မမနွယ်သည် စာများကို မပစ် ရက်သေးဘဲ ယခုတိုင် သိမ်းထားခဲ့ပုံရသည်။

သည်တုန်းက ခေါင်းမော့ရင်ကော့ခဲ့မိသည်။ အမှန်။

"ဒါတော့ ကိုယ်လည်းမတတ်နိုင်ဘူး သူငယ်ချင်း။ မမနွယ်နဲ့ ကိုယ်နဲ့ ချစ်ခဲ့ကြတာအမှန်ပဲ။ မောင်ရင့်မှာ နားမပါဘူးလား၊ မျက်စိမရှိဘူးလား။ အားလုံးက သိနေတဲ့ဥစ္စာ။ ရပ်ကျော်ရွာကျော်ကိစ္စပဲဥစ္စာ"

နောက်တစ်ကြောင်းက မမနွယ်အပေါ် လက်စားချေချင်သည်။ မိမိနှင့်ပတ်သက်၍ ခံစားရစေချင်သည်။ မမနွယ်အပေါ် သူ့ယောကျ်ားက သံသယဝင်လေ သည်က ကျေနပ်လေဖြစ်သည်။ မိမိနှင့်ပတ်သက်၍ သူတို့ လင်မယား ကတောက်ကဆဖြစ်သံ ကြားရလေ အိပ်ပျော်စားဝင်လေ။

မမနွယ်က ပိတောက်ပန်း ကြိုက်တတ်သည်။ ယခင်က ပိတောက် ပွင့်လေတိုင်း မမနွယ်ထံ ပိတောက်ပန်း အမှတ်တရပို့ပေးနေကျ။ ယခုလည်း ဝတ်မပျက် ပို့ပေးနေဆဲ၊ မည်သို့ဆိုစေ နှစ်စဉ် ပိတောက်ပွင့်ချိန်တိုင်း

မမနွယ်တို့ ဇနီးမောင်နှံအတွက် အတိတ်တစ္ဆေ အခြောက်ခံရမြဲဖြစ်ခဲ့။ ကြာတော့ မမနွယ်ကိုယ်တိုင်က တောင်းပန်ယူရတော့သည်။ "မောင်ငယ်၊ မမနွယ်ကိုသနားရင် မင်းရဲ့လက်စားချေမှုတွေကို ရပ်တန်းက ရပ်ပါတော့ကွယ်။ မမနွယ် လက်မြှောက်ပါပြီ... သည်စာရပြီးနောက် မမနွယ်ကို ဦးနှောက်ထဲက ဖျောက်ပစ်ထား လိုက်တော့သည်။

ဘာပဲပြောပြော သည်ပွဲတုန်းက ကိုယ်နိုင်သည်အမှန်။

ဒုတိယ ထား

ထားနှင့်ကျတော့ တစ်မျိုး။

ကျောင်းမှာ စာတော်တာတွေ၊ စကားရည်လုပွဲမှာ ဆုချတာတွေကို ကြည့်ပြီး ထားက အထင်ကြီးခဲ့ပုံရသည်။ သူငယ်ချင်းတွေနှင့် ပေါင်းသင်း စားသောက်ပျော်ပါးနိုင်ခြင်းအပေါ် ထား ကြည့်ခဲ့ပုံရသည်။ တကယ့်လူချမ်းသာသားသမီး၊ စာတော်သူ မျက်နှာပွင့်လန်းသူဆို ခြင်းများအပေါ် ထား ကောက်ချက်ချကာ ခင်မင်နိုင်ရန် ကြိုးစားခြင်းဖြစ်မည်။

ထားက အရင်မိတ်ဖွဲ့သည်။ မသိကျွမ်းချင်သူကို သိကျွမ်းနိုင်အောင် ကြိုးစားသည်။ မဆွတ်ခင်က ညွတ်ခဲ့သည့်ထား။ စင်စစ် ထားအထင်လွဲမှားခြင်းသာတည်း။

ထား ကိုယ်၌က စာမှာညံ့သည်။ ပစ္စည်းဥစ္စာ ချို့တဲ့ရှာသည်။ အလှ တစ်ခုမှလွဲလျှင် ထားမှာ ဘာမျှမရှိ။ ထို့ကြောင့်လည်း ကိုယ်မရနိုင်သည်ကို ရထားသူအပေါ် အထင်ကြီးနေခြင်းဖြစ်မည်။ ထားသည် မျှော်လင့်တကြီးနှင့် ကြိုးစားခဲ့ခြင်းဖြစ်သည်။ မျှော်လင့်သလို မဟုတ်မှန်းသိသောအခါ လမ်းခွဲသွားခြင်းပင်ဖြစ်မည်။

အမှန်က ယင်းအချိန်သည် ကိုယ့်အဖို့ အဆိုးရွားဆုံးသော နေ့ရက်များဖြစ်ခဲ့သည်။ စင်စစ် ကျောင်းတက်နေရသည်မှာ စကောလားရှစ်ရထား၍ဖြစ်သည်။ ကျောင်းစရိတ်ကို စတိုင်ပင်ဖြင့် ခုခံထားရသည်။ သူတစ်ပါးလိုဝတ်ကောင်းစားလှ ဝတ်ဖို့၊ ကျူရှင်ယူဖို့ဆိုသည်များကို ကျောင်းအားချိန်များ၌ ငွေရှာခဲ့ရသည်။ စာတော်သည်ကို အကြောင်းပြု၍ ထောက်ပံ့ခဲ့သူများ ရှိခဲ့သည်။

ထားနှင့် ရင်းနှီးသောအချိန်တွင်ပင် ဆရာတစ်ဦး၏ ညစ်ပတ်မှုကြောင့် စတိုင်ပင်ပြုတ်ခဲ့သည်။ အိမ်တွင်းရေးတွေက ကမောက်ကမဖြစ်ကုန်သည်။ သို့နှင့်အမျှ စာအုပ်ဖိုးပင် အနိုင်နိုင်ဘဝ၊ သူတစ်ပါးလက်ဝေခံအဖြစ် ဖြင့် ကျင်လည်လာရသည်။ စိတ်ဓာတ်ကျဆင်းရသည်နှင့်အမျှ စာမှာညံ့ လာသည်၊ ပွဲလမ်းသဘင် မတင့်တယ်တော့။

ထားက ပြတ်ပြတ်ရှင်းရှင်းပင်၊ သူထင်သလိုဖြစ်မလာသောအခါ အသာကလေး လက်တွဲဖြုတ်ပြေးသည်။ သံယောဇဉ်ဖြတ်လိုက်သည်။

အမှန်ပြောရလျှင်တော့ ထားကိုအချစ်ဆုံး…ထားအရင် ဆုံရသူ ထက်ရော၊ ထား၏နောက်မှာ ဆုံရသူများထက် ထားကိုပိုချစ်သည်။ ထားက အလှဆုံးလည်းဖြစ်သည်။ ထား၏မျက်ဝန်းသည် အညို့သန်သည်။ ထား၏ နှုတ်ခမ်းလွှာက အာရုံကိုဖမ်းစားနိုင်သည်။ ထားတွင် လူတွေကိုရယ်စေ၊ ငိုစေ၊ မဲ့စေနိုင်သော အတွင်းသတ္တိနှင့် ပညာလည်းရှိသည်။

ထားတစ်ယောက် ကိုချစ်အောင်နှင့် လက်ထပ်လိုက်ပြီဆိုစဉ်က တကယ်ပဲငိုခဲ့ရသည်။

ထားကို တော်တော်နှင့် မမေ့ခဲ့သည်မှာ နာကြည်းခြင်း၊ ကြေကွဲခြင်း ဖြင့် နှစ်အတန်ကြာမျှ ထား၏စိမ်းကားရက်စက်ခြင်းကိုခါးစည်း၍ခံခဲ့ရသည်။ ထို့ကြောင့်လည်း ထားကိုအချစ်ဆုံး ဆိုရစေကာမူ အမုန်းဆုံးလည်း ဖြစ်ခဲ့ရသည်။

သည်လိုနှင့် ကြာတော့လည်း ထားကိုမေ့လာရသည်။ အခြားအခြားသော အသစ်အသစ်တို့ဖြင့် တွေ့ လာလေလေ ထားသည် မှေးမှိန်ပျောက်ကွယ်သွားလေဖြစ်သည်။

ထားနှင့်ပတ်သက်၍ စိတ်ချထားမိသော အရာရှိသည်။ သို့မဟုတ် အထင်ကြီးမိခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ ထားသည် မျှော်လင့်ချက်ကြီးမားသူဖြစ်သည်။ သူ့ဘဝကို သူ့အိမ်ထောင်ရေးဖြင့် တည်ဆောက်သွားလိမ့်မည်ဟု ယုံကြည်ထားသည်။ ထားတစ်ယောက် တင့်တောင့်တင့်တယ်ရှိနေပေလိမ့်မည်ဟု အစဉ်တွေးထားသည်။

ဆယ်နှစ်တာမျှကြာပြီးနောက် ထားနှင့်ပြန်လည်ဆုံတွေ့ရသည်။ သည်အတွင်း တစ်ကြိမ်မျှ မျက်နှာချင်းမဆိုင်ဖြစ်ဘဲ ရှိခဲ့သည်။ ထားနှင့်ပြန်လည်ဆုံတွေ့ ရချိန်၌ ထားကို ထားဟုပင်မမှတ်မိ။ ထား ၏ တစ်ချိန်ကအလှအပတို့သည် ထားထံမှ ထွက်ပြေးပျောက်ဆုံးနေခဲ့ပြီ။ ထား၏အလှသည် မည်သည့်အခါမျှ ကုန်ဆုံးသွားလိမ့်မည်မထင်ဘဲ ကုန်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဤသည်၏လက်သည်ကိုလည်း တွေ့ ရသည်။ တရားခံမှာ ဆင်းရဲချို့တဲ့ခြင်းပင်ဖြစ်သည်။

ထားက တကူးတကန့်ခေါ်သဖြင့် သူ့အိမ်သို့ လိုက်ပါခဲ့မိသည်။ ထားသည် ကလေးခြောက်ယောက်မိခင်။ ယောကျ်ားဖြစ်သူက သာမန် အောက်တန်းစာရေး။ နေရေးစားရေး မချောင်လည်၊ သည်အတွင်း ထားက မကျန်းမမာလှ။ ထား နေနေရသောအိမ်ကလေးက စုတ်ချာလှသည်။ ယိုင် ယဲ့ ပေါက်ပြဲနေသည်။

အမှန်ပြောရလျှင်တော့ ထားအဖြစ်ကို မြင်ရချိန်၌ စိတ်မကောင်း။ ထား၏ခင်ပွန်း ကိုချစ်အောင်ကို ခင်ခင်မင်မင် မပေါင်းဖူးပေ။ အသိအမှတ်မပြုမိလှချေ။ သို့သော် တစ်မြို့တည်းသားချင်းများကား ဖြစ်ကြသည်။ စင်စစ်သူသည်လည်း လူပြောသူပြောနှင့် ထားနှင့်ဖြစ်ပျက်ခဲ့သည့် နောက်ကြောင်းရာဇဝင်ကို သိထားသူဖြစ်သည်။ ထားသည် ပွင့်လင်းသူဖြစ် သဖြင့် သူ့အရှေ့မှာပင် တရင်းတနှီးပြောနေသည်။

"ဟိုတုန်းက ထားသာ မင်းနဲ့ယူခဲ့ရင် ဒီလိုဖြစ်ချင်မှဖြစ်မယ်ထင်တယ်နော်" ထားကို ဘာမျှပြန်မပြောဖြစ်။ ပြုံးရုံသာ ပြုံးမိသည်။

ထား၏ခင်ပွန်း ကိုချစ်အောင်ကား မျက်နှာငယ်ကလေးဖြင့် အဝေးသို့ ငေးနေသည်။

ကိုချစ်အောင်ကို ခင်မင်အောင်ကြိုးစားရန် စိတ်မကူးမိပေ။

အကြောင်းရှိသည်။ ထားကိုသူရခဲ့စဉ်က အကြွားပိုခဲ့သည်။

သူ့စကားများကို သူငယ်ချင်းများကတစ်ဆင့် ကြားခဲ့ရသည်။ ဟိုစဉ်ကတော့ သူကနိုင်သူ။ ယခုမူ သူ့ကိုကလဲ့စားချေခွင့်ရပေပြီ။

သူ့မျက်နှာကို အဓိပ္ပာယ်ပါသောအပြုံးဖြင့် ရဲရဲစူးစူးကြည့်နိုင်ပေပြီ။ ထားတို့အိမ်မှ အပြန်တွင် စိတ်မကောင်းခြင်းတစ်ဖက်၊ အပြုံးတစ်ဝက်နှင့်။

မြိုင်သည် တတိယလူဖြစ်သည်။

မြိုင်က အငြိမ့်သမ၊ နာမည်တက်စ၊ အရှိန်ကောင်းစ။ သည်အချိန် မှာ ဆုံကြခြင်းဖြစ်သည်။

သည်တုန်းက ကိုယ်ကလည်း စိတ်လေနေသည်။ ဘာမျှမလုပ်ချင်။ ဘာမျှမကိုင်ချင်။ အကြောင်းအကြောင်းတို့ဖြင့် စိတ်ဓာတ်ကျနေသည်။

မြိုင်တို့နေသောရပ်ကွက်၊ မြိုင်တို့နေသော အိမ်တန်းလျားရှိ အခန်း တစ်ခန်းမှာ ငှားနေမိခြင်းက မြိုင်နှင့်ဆုံဆည်းဖို့ ဖြစ်လာသည်။ သဘင်သည် စရိုက်နှင့် အရပ်သားစရိုက်က အခြားနားသား။ စရိုက်ချင်းမတူကြသူတွေ မို့ အစေးမကပ်။ မြိုင်စကမူ နည်းနည်းမျှချစ်မိလိမ့်မည်မထင်။

သို့ပေမဲ့ မြိုင်တို့အနေနှင့်ကမူ ခေတ်ပညာတတ်ကို အထင်ကြီးပုံ ရသည်။ ရုံးပြင်ကန္နားမှာ လုပ်ကိုင်သည်ကို စိတ်ဝင်စားပုံရသည်။ သည်လို နှင့် သူတို့ဘက်က လိုက်လျောလာသည်။ ခင်မင်ပုံပြလာသည်။

မြိုင်တို့မှာက တစ်ဖက်သားစိတ်ဝင်စားအောင် ပြုမူရသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသည်။ ပရိသတ်အထောင် အသောင်းကိုပင် စိတ်ဝင်စားအောင် ပြုမူနိုင်သေးသည်။ တစ်ယောက် အတွက်ဆိုလျှင်တော့ ပြောမနေနှင့်။

မြိုင်သည် ပြင်ပမှာ ရုပ်ရည်အသင့်အတင့်သာ။ စင်ပေါ်မှာမှ မိတ်ကပ်နှင့် မီးနှင့်မို့လှသည်။ အပြောအဆို အငိုအလွမ်း ပိုင်သည်။

"အစ်ကို မြိုင်တို့ ဒီည ဘုန်းကြီးလမ်းမှာ ကမယ်။ လာကြည့်ပါလား"

မြိုင်က ဖိတ်ခေါ်သည်ဆိုလျှင် အစသော် အပျင်းမှပြေစေတော့၊ စိတ် အပြောင်းအလွဲမှ ရစေတော့သဘောနှင့် လိုက်ကြည့်ဖြစ်သည်။ နောက်တော့ မြိုင့်ကို မြင်ချင်သည်နှင့်ပင် ပွဲတိုင်းသို့ ရောက်ရသည်။

မြိုင့်အလှည့်မကျခင် ဖြီးလိမ်းပြင်ဆင်နေချိန်၌ ဇာတ်စင်နောက်သို့ ရောက်ရကာ စကားစမြည်ပြောကြသည်။ မိန်းကလေးက ဇာတ်ခုံပေါ်မှာသာ ဇာတ်ဟန်ပါသည်။ အပြင်မှာမူ အရပ်ဟန်။ ဤသည်ကစ၍ စွဲလမ်းသည်။ ပြီး "အစ်ကို၊ ဆေးလိပ်တစ်ဖွာလောက်" ဆေးလိပ်သောက်တတ်သူ ပီပီ သောက်လက်စ စီးကရက်ကို တောင်းသောက်တတ်သည်။ အသစ်ပေး လျှင် မကြိုက်။

"အစ်ကိုသောက်ပြီးသားပဲ ပေးပါ"

"မရွံဘူးလား၊ သူများသောက်ပြီးသားကြီး။ ရောဂါတွေဘာတွေလည်း ကူးတတ်တယ်"

"မရွံပါဘူး၊ သူများသောက်တာမှမဟုတ်ဘဲ၊ အစ်ကိုသောက်တာပဲ။

အစ်ကို့ဆီကရောဂါဆိုရင် မြိုင့်ကို ကူးချင်လည်း ကူးပလေ့စေ” တစ်ခါတစ်ရံ သည်သို့ ရောတတ် တာတတ်သည်။

သည်လိုနှင့် သည်မိန်းကလေးအပေါ် သံယောဇဉ်တွယ်သည်။ ချစ်သည်။

အစိကပြဿနာကတော့ လက်ထပ်ပြီးလျှင် အငြိမ့်ကရေး၊ မကရေး ပဲ ဖြစ်သည်။ မြိုင်က ဘယ်ဘဝရောက်ရောက် အငြိမ့်စင်ကို လက်မလွှတ် ချင်။ သည်က မကစေချင်။

“ဝါသနာဆိုတာ အခက်သားကလား အစ်ကိုရယ်၊ မြိုင့်အဖေဘက်က သည်မျိုးရိုး၊ ကိုယ်တိုင်ကလည်း ဝါသနာသိပ်ကြီးတာ။ ဆိုင်းသံကြားရင် မကဘဲမနေနိုင်ဘူး”

ဆွေးနွေး၍မရ၊ ချော့၍မရ၊ ခြောက်၍မရ။ သည်တော့လည်း စော စောကတည်းက လမ်းခွဲကြတာ ကောင်းပါရဲ့ဟု လမ်းခွဲခဲ့ ကြသည်။ လက်တွဲ ဖြုတ်ခဲ့ကြသည်။ မြိုင်နှင့်ဝေးရာသို့ အပြီးပြောင်းလိုက်သည်။ နောင်ဆိုလျှင် ဇာတ်စင်ဘေးမှာပင် မရပ်တော့။

များမကြာမီ မြိုင်တစ်ယောက် အိမ်ထောင်ပြုသွားပြီ ဟူသောသတင်း ကို ကြားရသည်။ မြိုင်သည် ဝါသနာတူကို ရွေးခဲ့သည်။ သူတို့အငြိမ့်ထဲမှ လူပြက်ကိုပင် ယူလိုက်သည်။

တစ်လောက မြိုင်တို့ဇနီးမောင်နှံနှင့် လေဟာပြင်ဈေးမှာ တွေ့ရသည်။ မြိုင့်ယောကျ်ားသည် မြိုင်နှင့် သည်ကအဖြစ်ကို သိထားသူပင်ဖြစ်သည်။ မြိုင်ရှိရာ ဇာတ်ခုံနောက်သို့ ရောက်စဉ်အခါက ဝိုင်း၍စကြ နောက်ကြရယ်ကြမောကြ ရှိခဲ့သည်။ မြိုင့်ကိုမှီကာ သူတို့ စားသောက်ခဲ့ကြသေးသည်။ ယခု တွေ့ တော့ မြိုင်က ခေါ်နိုင်၊ ပြောနိုင်၊ ရယ်နိုင်ပေမဲ့ သူက မသိချင်ယောင်ဆောင်နေသည်။ သည်ကတော့ ပြုံးပြုံးပေါ့။

စတုတ္ထ "အေး"

သည်မိန်းကလေးနှင့် တွေ့ ကြချိန်မှာ ကိုယ့်ကိုယ်ကိုယ် အချစ်ပါရဂူ လောက်နီးနီး အထင်ကြီးနေသည့်ကာလဖြစ်သည်။ ခဲမှန်ဖူးသည့် စာသူငယ် ဆိုသည်မျိုးပင်ဖြစ်မည်။ အထိနာခဲ့ပေါင်း များပြီမို့ အသိကြွယ်ခဲ့ပြီဟူ၍ လည်း ထင်သည်။

ထို့ကြောင့်လည်း မိန်းကလေးတစ်ယောက်ကို ချစ်တော့မည်ဆိုလျှင် အကယ်၍ ကွဲခဲ့ပါက ဆိုသောအချက်ကိုပါ ထည့်တွက်ထားတတ်ပြီ။ ကွဲ ကွာရပါက မိမိကိုယ်ကိုယ်မိမိ မည်သို့သက်သာအောင် နေရမည်ဆိုခြင်းကို စဉ်းစားထားမိသည်။

အေးနှင့် စတင်ဆုံတွေ့သောအချိန်မှာပင် တစ်နေ့သောအခါ အေး နှင့် ကွဲကွာရမည်ဟု အလိုလိုသိနေသည်။ အဘယ်ကြောင့်ဟူ၍တော့ မပြောတတ်နိုင်။

သို့သော် အေးနှင့်ချစ်ကြသည့်ကာလမှာ အရှည်ကြာဆုံး၊ အပွင့်လင်း ဆုံး၊ အလွတ်လပ်ဆုံး။ အေး၏ရုပ်သွင်မှာ ထူးခြားသည်၊ လှသည်လည်း

ဟုတ်ချင်မှဟုတ်မည်။ မလှသည်လည်းမဟုတ်။ တစ်မျိုးပင်။ သည်အတိုင်း ကြည့်လျှင်တော့ အေးသည် သာမန်မိန်းမတစ်ယောက်ဟု ထင်ရသည်။ သို့သော် အေး ပြုံးပြီဆိုလျှင်၊ ရယ်ပြီဆိုလျှင်၊ စကားပြောပြီဆိုလျှင် စွဲမက် ဖွယ်ကောင်းသည်။ မျက်နှာတစ်ပြင်လုံးရှိ အကြောစိုင်များ လှုပ်ရှားလာပြီး မျက်ဝန်း၊ နှုတ်ခမ်း၊ ပါးမို့များကပါ လှပလာတတ်ကြသည်။ မျက်နှာတစ် ပြင်လုံး ရွှန်းရွှန်းပပ ရှိလာတတ်သည်။

ဘုရားကိုးဆူတစ်ခုတွင် အေးနှင့် ဆုံမိကြသည်။

အေး၏အလှကို စတင်အသိအမှတ်ပြုမိသည်။ ခင်မင်ရင်းနှီးခွင့်ကိုလည်း သည်မှာပင်ရလိုက်သည်။ အဲသည်ညမှာပင် အေးထံသို့ စာရေးမိသည်။ စာမှာ ဝတ္ထုတစ်ပုဒ် နီးပါး ရှိနေကြောင်း အံ့ဩစဖွယ်တွေ့ ရသည်။ အေး၏ အလှကို ဖွဲ့နွဲ့ထားမိခြင်း ဖြစ်သည်။ ယင်းစာမှာ အေးအတွက် ပထမဆုံးနှင့် နောက်ဆုံးစာပင် ဖြစ်သည်။ ချစ်ကြသည့် လေးနှစ်တာကာလအတွင်း သည်တစ်စောင်သာ ရေးဖြစ်သည်။

ယင်းစာရှည်ကြီးကို လက်ခံရရှိသည့်အတွက် အေးကိုယ်တိုင်လည်း အံ့အားသင့်သွားပုံရသည်။ ထူးခြားဆန်းကြယ်သော လူတစ်ယောက်ဟု ထင်ပုံရသည်။

သူ့ထံမှ ပြန်စာလာသည်။ သည်က ရှည်ဝေးသလောက် သူ့စာက တိုတောင်းသည်။

"ကျွန်မကိုယ်ကျွန်မ ဒီလောက်လှမှန်း အစကမသိခဲ့ပါဘူး၊ ဟုတ်မှ လည်း လုပ်ပါရှင်..."

နောက်တော့ တယ်လီဖုန်းဖြင့် စကားပြောခွင့်ရသည်။

စကားပြောဖြစ်ကြပြီဆိုလျှင်လည်း ပြောစရာစကားတွေကများလှသည်။ တစ်ခါတစ်ရံ တစ်နာရီခွဲအထိပင် ကြာတတ်သည်။

စင်စစ် အေးကိုချစ်ရသည်ဆိုသော်လည်း ချစ်ခြင်းမည်လှ။ အေးနှင့်စတင်တွေ့ဆုံစဉ်ကပင် အေး၏အကြောင်း သိခဲ့ရပြီးဖြစ်သည်။ အေးမှာက လက်ထပ်ရန် သူ့မိဘများက ကြောင်းလမ်းစေ့စပ်ထားသူ ရှိပြီးဖြစ်နေသည်။ သို့တိုင် မိမိဘာသာ ကျေနပ်နေမိသော အရာတစ်ခုရှိသည်။ ၎င်းမှာ အေးအပေါ် ယုံကြည်စိတ်ချစွာ လက်ထပ်ခဲ့သူနှင့် ပတ်သက်၍ဖြစ်သည်။ ဘာပဲပြောပြော သူသည် ဒုတိယလူသာဖြစ်ပေလိမ့်မည်။

အေးနှင့်ပတ်သက်၍ မပြိုင်ခင်က ရှုံးနှင့်ကြောင်းသိသည်။ သိလျက် ကလည်း စိတ်ကိုကျိတ်မှိတ် မျိုသိပ်၍မရ။ မျှော်လင့်၍မရမှန်း သိလျက်က မျှော်လင့်နေမိခြင်းမှာ မိမိ၏ အမှားသာ ဖြစ်မည်ဟု ပဝေသဏီကပင် နား လည်ခဲ့သည်။

အေးနှင့်ချိန်းဆိုတွေ့ဆုံခဲ့ကြသည်။ ရုပ်ရှင်ကြည့်သည်။ နေရာအနှံ့ အပြားသို့ ရောက်သည်။ ချစ်သူတို့ နားနေရာနေရာတိုင်းသို့ မရောက်ဖူးသည်မရှိ။

သို့ပေမယ့် အေးသည် လျှို့ဝှက်တတ်သူ သိုသိပ်တတ်သူ။ ထို့ကြောင့် အေးနှင့် ချစ်ကြသည့်အဖြစ်ကို အလွန်ရင်းနှီးသော မိတ်ဆွေများကပင် မသိခဲ့ကြ။ အေး၏ လက်ထပ်ရေးအကြောင်းကို မစဉ်းစားမိလျှင် ချစ်သူများလို နေကြသည်။ စဉ်းစားမိလျှင်ကား မိတ်ဆွေအသွင် ပေါင်းသင်းကြသည်။ အေး၏အမျိုးသားက ပညာသင်ဆဲ၊ သူ ဒီဂရီရသည့်အထိ စောင့်ရ မည်။ လေးနှစ်မျှ လိုပါသေးသည်။

အေးသည် မည်သည့်အခါမျှ မိဘအရှိန်အဝါကို တော်လှန်လွန်ဆန် မည့် မိန်းကလေးမျိုးမဟုတ်ကြောင်း တစ်စထက်တစ်စ နားလည်လာရသည်။ သူမဘဝ၌ သည်တစ်ခါလို ကျူးလွန်ဖောက်ဖျက်ခြင်းမျိုး မရှိခဲ့ဟု ဝန်ခံသည်။ ယခုလို သွားလာနေသည်မှာပင် လွန်လှပြီဟုဆိုသည်။ အေးတွင် ထူးခြားသောအကျင့်ရှိသည်။

လက်ထပ်ရေးကို မစဉ်းစားမိသောကာလမျိုး၊ စိတ်လွတ်ကိုယ်လွတ် ရှိသည့်အခါမျိုးမှာ 'မောင်'ဟုခေါ်သည်။ 'အေး'ဟု တရင်းတနှီးပြောသည်။ ယင်းအကြောင်းမျိုးကို စကားစပ်ပြောမိကြသည့်အခါတွင် လေသံသည် သိသိသာသာပြောင်းသွားတတ်သည်။ သူစိမ်းဆန်လာသည်။ 'မောင်'အစား 'ရှင်'ဟု သုံးသည်။ 'အေး'အစား 'ကျွန်မ'ဟု သုံးသည်။

စင်စစ် လေးနှစ်ဟူသောကာလမှာ လူ့သက်တမ်းနှင့်တွက်လျှင် များ စွာ တိုတောင်းသည်ဟုမဆိုသာ။ ယင်းကာလကို သွားရင်းလာရင်း၊ လည် ရင်းပတ်ရင်း၊ ရယ်ရင်းမောရင်း ကုန်ဆုံးပစ်လိုက်ကြသည်။

အေးတို့မင်္ဂလာပွဲသည် နီးကပ်လာသည်။ အစီအစဉ်များပင် ပြုပြီးပြီ။ အိပ်ရာ၊ ခြင်ထောင် ဝယ်ပြီးပြီ။

သတင်းစာများ၌ မင်္ဂလာသတင်း ပါမလာခင် သတင်းရသဖြင့် တစ်ပတ်စော၍ လမ်းခွဲခဲ့ကြရသည်။

အဲသည်နေ့က အေးထံဖုန်းဆက်သည်။

သည်က'အေးလား'မေးသည်။

"ဟုတ်ကဲ့ ကျွန်မပါ"အေး ဖြေသည်။

"ဘယ်ကကျွန်မလဲ အေးရယ်၊ အခုပြောနေတာ မောင်ပါ"

" အော ရှင်လား..." အေး၏အသံသည် ပြင်ပြင်စိမ်းနေသည်။ "ဒီမယ်အေး၊ အေးနဲ့တွေ့ ချင်တယ်" "ကျွန်မ မအားဘူး၊ ဝမ်းနည်းပါတယ်" "မဟုတ်သေးပါဘူး အေးရယ်၊ ပြောစရာရှိလို့ပါ" "လေးနှစ်လုံးလုံးပြောခဲ့တာ မမောသေးဘူးလားဟင်..."အေးရဲ့ အသံက တစ်မျိုးပဲ၊ အေး ဘာဖြစ်နေသလဲ" " "ကျွန်မ အိပ်ရာကလန့်နိုးလာတာပါ။ လေးနှစ်လုံးလုံး မက်ခဲ့တဲ့ အိပ်မက်က နိုးထလာတာပါ။ ရှင်လည်း နိုးသင့်ပါပြီ" "ဘယ်လိုလဲ အေး၊ လက်ထပ်ဖြစ်တော့မယ်ပေါ့"

"ဖိတ်စာရိုက်နေပါပြီ"

"ကောင်းပါပြီ အေး၊ အေးလိုပဲ ကိုယ်လည်း အိပ်ရာမနိုးချင်သေး ပေမဲ့

ကိုယ့်ကိုယ်ကိုယ် နှိုးပြီး နိုးရတော့မှာပေါ့”

“ဒါပဲလားဟင်...”

“အေး ကိုယ်နဲ့စကားမပြောချင်တော့ဘူးမဟုတ်လား။ ဒါဟာ ကိုယ့်အသံကို အေး နောက်ဆုံးကြားရတာပဲ ဖြစ်မှာပါ”

ကြိုတင်မျှော်လင့်ထားသောအရာတို့ ဖြစ်ပေါ်လာသည်။ အေးနှင့်ခွဲရပြီဆိုကတည်းက အေးနှင့်ပတ်သက်၍ ခံစားရတော့သည်။ အေးနှင့်စေ့စပ်ထားသူကို မမြင်ဖူးခဲ့။ အေးက တမင်မမြင်ရအောင် ပြုခဲ့သည်လည်းဖြစ်မည်။

မင်္ဂလာသတင်းပါသောနေ့က အိပ်မပျော်နိုင်ခဲ့။ မိမိကိုယ်တိုင် မွေးမြူခဲ့သော မျက်နှာ၊ မိမိကိုယ်တိုင် ထွေးပွေ့ ခဲ့သော ကိုယ်ခန္ဓာပိုင်ရှင် အေးသည် တစ်ပါးသူ၏ရင်ခွင်ထဲသို့ ရောက်နေပေလိမ့်မည်။ အေးသည် ထိုသူအား မည်သို့ကြိုးစားနှစ်သိမ့်မည် မပြောတတ်။ အေး၏အသွင်သည် ယင်း အခါ၌ မည်သို့ရှိနေမည်ကို မြင်ချင်စမ်းလှသည်။

နုထွေးညံ့သက်သည့် ပါးကလေးမှာ လိပ်ပြာပိတုန်းတို့ မနားလိုဖူး သေးသည့် ပန်းဝတ်လွှာနှယ်၊ ချိုမွှေးသည့် နှုတ်ခမ်းထူတွဲတွဲကလေးတို့မှာ အနမ်းနှင့် မဆုံဖူးသေးသည့် သန့်စင်နယ်နိမိတ်အသွင်၊ အချိုးအစားကျန

လှပသည့် ကိုယ်သည်လည်း ထွေးပွေ့ခြင်းကင်းမဲ့သည့်ပမာ အေးပြောနေရမည်မှာ သေချာသည်။

မည်သို့ဆိုစေ အေးသည် သူလက်ထပ်ခဲ့သူ၏ ရှေ့တွင် ဖိုဆိုလျှင် ယင်ဖိုမှမသန်းဖူးသည့် တစ်ပင်တိုင်မြနန်းရှင် ထိပ်ထားကလေးအသွင် ကျင့်ကြံရမည်မှာ မလွဲမသွေပင်။

ယင်းသို့ပြောရင်းမှ ဝမ်းထဲရယ်နေမလား၊ မဲ့နေလေမလား၊ နောင်တရနေလေမလား မတွေးတတ်ပါ။ အေးနှင့်ပတ်သက်၍ ခံစားရသည်မှာ မှန်သည်။ ကြေကွဲဆို့နင့်ရသည်မှာ မှန်သည်။ မမနွယ်တို့၊ ထားတို့၊ မြိုင်တို့လိုပင် တစ်နေ့သောအခါမှာတော့ အေးတို့စုံတွဲနှင့် ဆုံရပေလိမ့်ဦးမည်။ မကြာမြင့်လှပါ။

လက်ထပ်သတင်းပါပြီး ၇ ရက်မြောက်နေ့မှာ အေးတို့စုံတွဲနှင့် ရုပ်ရှင်ရုံမှာဆုံရသည်။ ည ၉ နာရီခွဲပွဲ လူရှင်းချိန်မှာ သူတို့လာကြပုံရသည်။ အစသော် အေးက လှမ်းမမြင်။ သည်ကမြင်သည်။ မျက်နှာလွှဲနေလိုက်လျှင် ရပါလျက် မနေခဲ့။ သူတို့ထံ တန်းတန်းမတ်မတ် လျှောက်ခဲ့သည်။ အေး၏အမည်ကို ခေါ်လိုက်သည်။

အေး၏မျက်နှာတွင် အပြောင်းအလဲများစွာ ဖြစ်သွားသည်။ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အေးက နှုတ်ဆက်ချင်ပုံမရ၊ ရှောင်လွှဲသွားစေချင်ပုံ ပေါ်သည်။

ရှောင်လွှဲ၍မရသည့်အဆုံး အေးက ဣန္ဒြေပြန်ဆည်ကာ ပြုံးလိုက်သည်။ ငယ်ပေါင်းကြီးဖော်တစ်ယောက်ကို တွေ့ ရသလို နှုတ်ဆက်သည်။ ဤသည်ကို သူ့အမျိုးသား မြင်လိုက်ပါစေဟု ဆုတောင်းသည်။ ဆုတောင်း ပြည့်ပါသည်။

အေး၏အမျိုးသားက သူ့ဇနီးကိုတစ်လှည့်၊ သည်ကိုတစ်လှည့် ကြည့်သည်။

မျက်နှာတွင် သံသယအရိပ်ထင်နေသည်။ စူးစိုက်အကဲခတ်လာသော မျက်ဝန်းများမှာ မယုံသင်္ကာဟန်ပါသည်။

"ကိုကို၊ ဒါ အေးရဲ့ကျောင်းနေဘက်သူငယ်ချင်း"

မှသားပါသော စကားလုံးကလေးများဖြင့် အေးက မိတ်ဆက်ပေးသည်။

သည်က ကျေကျေနပ်နပ်နှင့်ပင် သူ့အမျိုးသားကို လက်ကမ်းပေးလိုက်သည်။ လက်ဆွဲနှုတ်ဆက်ရင်းကပင် အောင်နိုင်မှုသရဖူဆောင်းထားသော အပြုံးကို ကိုယ်ပြုံးခဲ့မိသည်ထင့်။

သည်လိုနှင့်ပဲ အဆုံးမှာတော့ လေးနှင့်တွေ့သည်။ သုံးနှစ်သုံးမိုး ချစ်ပြီး လက်ထပ်ခဲ့သည်။ ယခုဆိုလျှင် အိမ်ထောင်သက် ခြောက်နှစ်ကျော်ပြီ။ သားအကြီးဆုံးက ကျောင်းသားဖြစ်တော့မည်။ သားအငယ်နှင့် သမီးငယ် စသော သံယောဇဉ်တွယ်တာစရာတွေလည်း ရှိနေရပြီ။

လေးနှင့်တွေ့ ရသည့်အတွက် မိမိကိုယ်ကိုယ် အချစ်ရေးမှာ ကံမဆိုး လှဟု ကောက်ချက်ချနိုင်ခဲ့သည် ထင်ပါ၏။ လေးသည် ချစ်ဖူးခဲ့သော မိန်းကလေးများထက် မကျော်လွန်သည့်တိုင် သူတို့လောက်တော့ လှသည်။ လိမ္မာရေးခြားရှိသည်။ အိမ်ထောင်ရေးကို ချမ်းမြေ့ဖွယ်ဖြစ်အောင် ဖန်တီး နိုင်စွမ်း ရှိသည်။

လေးကိုကြည့်ရသည်မှာ မိမိကိုချစ်သည်ဟု ယုံကြည်ရသည်။ ဘာပဲပြောပြော ကိုယ်တိုင်က အကြောင်းအမျိုးမျိုးကြောင့် မျက်နှာများခဲ့ရပေမယ့် ကိုယ်ယူမည့် မိန်းကလေးကိုတော့ မျက်နှာများသူ မဖြစ် စေချင်။ ဤသည်ကို ဆန်းစစ်နေ၍ သုံးနှစ်သုံးမိုး ကြာခဲ့သည်ဟု ဆိုချင် ဆိုနိုင်သည်။ လေးကိုကြည့်ရသည်မှာ သည်ဘက်က ရှင်းပုံရသည်။ သံသယ ဝင်စရာ တစ်စွန်းတစ်စမျှ မတွေ့ ခဲ့ရ။

အချစ်ရေးမှာ ကံကောင်းပြီး အိမ်ထောင်ရေးမှာ အဆင်ပြေနေဆဲ ဖြုန်းခနဲ ပြဿနာတက်လာသည်။

စင်စစ် ပြဿနာမဟုတ်ပေမယ့် ပြဿနာလုပ်ရပေဦးတော့မည့် ကိစ္စမျိုးဖြစ်သည်။

သည်အသက်၊ သည်အရွယ်၊ သည်အခြေ၊ သည်အနေကျမှ သည် ပြဿနာကို တင်ရမည်ဆိုတော့လည်း အမှန်ပင် စိတ်မချမ်းမြေ့နိုင်လှ။

တစ်ထွာသည် တစ်ယူဇနာတာသွားသည်ကို ကိုယ့်အကြောင်းနှင့် ကိုယ် သိထားခဲ့သူမို့ တစ်ဆိတ်ကို တစ်အိတ်လုပ်ရပေဦးတော့မည်။ ပြဿနာကို စလာသူက လေးကိုယ်တိုင်ဖြစ်သည်။ သည်ကနေ့ တားနေသည့်ကြားမှ ကန်တော်ကြီးကိုသွားချင်သည်ဟု ဆိုသည်။ ကလေး တွေကို ဗိုလ်ချုပ်ပန်းခြံ လိုက်ပြချင်သည်ဟု ပူဆာသည်။

ပြောမရသည့်အဆုံး ကိုယ်တိုင်လိုက်ပါခဲ့ရသည်။ ပို့ပေးရသည်။

ပန်းခြံတစ်နေရာအရောက်မှာပေါ့။ လူတစ်ယောက်နှင့် ဆုံရသည်။ သူ့အတွဲနှင့်သူ။ သို့ပေမယ့် လေးကိုမြင်သည်နှင့်တစ်ပြိုင်နက် သူက အတွဲ ကို ဖြုတ်ထားခဲ့ပြီး သည်ဘက်သို့ လျှောက်လာသည်။

သူ့ကိုမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် လေး၏မျက်နှာမှာ အပြောင်း အလဲများစွာ ဖြစ်ပေါ်သွားသည်။ အစသော် ထိတ်လန့်တကြားဖြစ်သွားသည်။ နောက်တော့ နာကြည်းစက်ဆုပ်သွားသလိုရှိသည်။ လေးသည် ထိုသူနှင့်ဆုံရန် ဝန်လေးဟန်ပြသည် အမှန်ပင်။

ထိုသူနှင့် ရှောင်လွှဲ၍မရနိုင်မှန်း သိရချိန်၌ လေးအဖို့ ကမ္ဘာမြေပြင် သည် အလွန်အမင်း ကျဉ်းကျပ်သွားပုံရသည်။ မလွှဲမကင်းသာ ဟန်ဆောင် ပြုံးကို ပြုံးလိုက်ရဟန်တူသည်။

"မလေးခင်ပါလား၊ နေကောင်းတယ်နော်။

ကလေးတွေဘာတွေ ရနေပြီကိုး။

ကြည့်စမ်း၊ ဒါ မလေးခင်ရဲ့ခင်ပွန်းလား"စသည်ဖြင့် သူက အပြုံးဖြင့်နှုတ်ဆက်လာသည်။

သူ့ဟန်ကိုလည်း မကြိုက်၊ သူ့အသွင်သဏ္ဌာန်ကိုလည်း မနှစ်သက်။

သည်အကြား လေးက မိတ်ဆက်ပေးလိုက်ပြန်သည်။ လေး၏အသံက ထစ်ငေါ့နေသည်။

"မောင်...ဒါ...ဒါ ကိုဝေလွင်တဲ့။ လေးတို့နဲ့ တစ်မြို့တည်းသား ချင်းတွေလေ။ ငယ်သူငယ်ချင်းတွေလေ"

ကမ္ဘာကြီး တိမ်းစောင်းသွားသည်ထင်သည်။ မြင်ကွင်းသည် ချား ရဟတ်နှယ် လည်သွားသည်ဟု အောက်မေ့သည်။

"ဘုရား ဘုရား

စင်စစ် ကိုဝေလွင်ဟူသည် တခြားမဟုတ်ပါလားကရို့

ကိုယ်နှင့်မခြား တူလှပါတကား။ မိမိကို... ကလား

မှန်သည်။ သူ့အသွင်က မမန္ဒယ်၊ ထား၊ မြိုင်နှင့် အေးတို့ရှေ့မှာတုန်းက ရှိခဲ့ ဖူးသည့် မိမိကိုယ်တိုင်၏အသွင်။ သူ့အပြုံးက ကိုယ့်အပြုံး။ သူ့မျက်နှာသည်မိမိမျက်နှာကိုယ့်မျက်နှာ။ ။

မိုးဝေမဂ္ဂဇင်း၊ အမှတ် ၅၊ မေ၊ ၁၉၇၂။

(၁)

ဘာပဲပြောပြော သည်လိုအချိန်ကာလမျိုးတွင် ကျွန်တော့်အနေနှင့် သူ့အတွက် ဝတ္ထုတစ်ပုဒ်တော့ ရေးသင့်သည်ဟု ထင်ပါသည်။

(၂)

"ဒီမယ် မြင့်နိုင်။ ဒေါ်လေးပြောတာ နားထောင်စမ်း။ လူတချို့က မင်းကိုမနှစ်ခြိုက်ဘူး၊ မင်းနဲ့ဆန့်ကျင်တယ်။ မင်းအကြောင်း မကောင်းပြောတယ်ဆိုရင် သူတို့ဟာ အကြောင်းမဲ့ ဒါတွေကိုလုပ်တယ်လို့ မထင်သင့်ဘူး။ ဒီလိုဖြစ်လာအောင် ဖန်တီးခဲ့တာ မင်းကိုယ်တိုင်ပဲဆိုတာ သတိရပါ"

ရန်ကုန်မြို့သို့ အလုပ်ရှာရန် စွန့်စားထွက်ခွာတော့မည်ဆိုသောအခါ ကျွန်တော့်အဒေါ်က ပြောခဲ့သည်။ အမှန်ပြောရလျှင်တော့ သည်စဉ်က သည်စကားတွေကို ကျွန်တော် နားမလည်ရိုးအမှန်။

သည်စဉ်က ကျွန်တော်၏အခြေအနေမှာ အကျပ်တည်းဆုံး၊ အခက် ခဲဆုံး ကာလများဖြစ်သည်။ ဆယ်တန်းအောင်ပြီးစ တစ်ဖက်ကလည်း တက္ကသိုလ်ပညာကို မက်မက်မောမောသင်ယူချင်သည်။ တစ်ဖက်ကလည်း ထိုသို့သင်ကြားနိုင်လောက်အောင် ငွေကြေးမရှိ၊ အခြေအနေမရှိ။

အဒေါ်ဖြစ်သူသည် မိဘမဲ့ဖြစ်သော ကျွန်တော့်ကို ဆယ်တန်းပညာတတ်မြောက်ရုံသာ တာဝန်ယူနိုင်မည်ဟု ရှေးမဆွကတည်းက ပြောခဲ့သည်။ စင်စစ် သူမကိုယ်တိုင်မှာ စက်ချုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းရသည်။ အသောက်အစားနှင့် အကစားမကင်းသော လင်ယောကျာ်း၏ မဖြစ်စလောက် ဝင်ငွေမှာ ကလေးများသော သူမတို့မိသားစုအတွက်ပင် အနိုင်နိုင်။

အစကမှာတော့ ကျွန်တော်သည် ဦးလေးဖြစ်သူနှင့် သဟဇာတ မဖြစ်ခြင်းပင်။ ထို့ကြောင့် ရန်ကုန်သို့အလုပ်ရှာရန် စွန့်စားထွက်ခွာမည်ဆိုခြင်းမှာ သည်မြေ သည်ဒေသမှ အပြီးအပိုင်ထွက်ခွာသွားမည့် အစီအစဉ်ဟု ယူဆခြင်းကိုလည်း ဆောင်ယူသည်။ မိမိ ခြေနှစ်ချောင်းပေါ်မှာ မိမိရပ်တည်ကာ မိမိဘဝကို မိမိ အစပျိုးတော့မည့်အနက်ကိုလည်း ထင်ဟပ်သည်။

ကျွန်တော်သည် ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့ထိုင်ကာ အဒေါ်ကို ကန်တော့သည်။

အဒေါ်သည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ အသက်ရှည်ပါစေ ဆုပေးရင်း မျက်နှာကို တစ်ဖက်သို့လွှဲကာ ရှိုက်နေသည်။

"ကိုကိုလေး သမီးတို့ဆီကို စာမှန်မှန်ရေးနော်"

အကြီးဆုံးညီမလေးက မှာသည်။

ယခုတိုင် ထိုကလေးအတွက် ကျွန်တော် စာတစ်စောင်မျှ မရေးဖြစ်

သည်ကို သတိရသည်။

ဩော် ကြာတော့လည်း ကြာပြီ။ အနှစ်နှစ်ဆယ်ပင် တိုင်ပေရော့မည်။

(၃)

အဒေါ်က မိတ်ဆက်စာရေးပေးလိုက်သော အဒေါ့်မိတ်ဆွေ မိန်းမကြီးမှာ အိမ်ခန်းငှားသူဖြစ်သည်။ ဘော်ဒါဆောင်တစ်ခု ဖွင့်ထားသည်ဟု လွယ်လွယ်ခေါ်ကြပါစို့။

တစ်ယောက်စာ အခန်းကလေးများ ကန့်ပေးထားသည်။ ကွပ်ပျစ် ဆန်ဆန် ခုတင်တစ်လုံးရသည်။ စာရေးစားပွဲ ခနော်နီ ခနော်နဲ့နှင့် အိမ်သာသာ ဗီရိုတစ်လုံး။ အခန်းခမှာ တစ်လသုံးဆယ်ဖြစ်သည်။ ထမင်းချိုင့်ဆွဲစား၍ရသည်။ တစ်လခြောက်ဆယ်။ ကြိုတင်စာရေးထား၍ အခန်းအသင့်၊ ထမင်းအသင့်။ ရောက်စနေ့က လွယ်အိတ်ထဲက အဝတ်အစားကို ဗီရိုတွင်ထည့်သည်။ အိပ်ရာလိပ်ကို ဖြန့်ခင်းပြီးပြီဆိုလျှင် အခန်းကို သော့ခတ်၍ အပြင် သို့ ထွက်ခဲ့သည်။

လေဟာပြင်ဈေးသို့သွားကာ အသင့်ချုပ်ပြီးသား ရှပ်အင်္ကျီတစ်ထည် ဝယ်သည်။ ရုပ်ရှင်ရုံတစ်ဝိုက်သို့ လာကာ ပိုစတာများကို ငေးသည်။ အမေရိ ကန်ကောင်းဘွိုင် ရုပ်ရှင်ကားတစ်ကားကို ကြည့်သည်။ ‘ကင့်’စီးကရက်ဘူး တစ်ဘူးဝယ်သည်ကို သတိရနေသည်။ မှတ်မှတ်ရရ ပထမဆုံးအကြိမ် နိုင်ငံခြားစီးကရက်သောက်ဖူးခြင်း။

ညမိုးချုပ်မှ အိမ်ပြန်ရောက်သည်။

အဆောင်၏စည်းကမ်းမှာ ဆယ်နာရီကျော်လျှင် တံခါးဖွင့်ပေးလေ့ မရှိ။ ဆယ်နာရီမထိုးမီ အရောက်ပြန်ရမည်။ အဝတ်အစားလဲကာ ထမင်းချိုင့်ကို ဖွင့်လိုက်သည်။ ထမင်းချိုင့်၏ အနံ့အသက်မှာ မကောင်း။ ဟင်းက ငါးကြွင်းဆီပြန်။ ဂေါ်ဖီရွက်ကြော်၊ ငံပြာရည်နှင့် ပဲပင်ပေါက် အချဉ်အတို့။ ဘယ်အရာက အချဉ်ပေါက်သည်မသိ။ ဘယ်အရာက သိုးသည် မသိ။ ပထမတစ်လုပ်ကို ဆာဆာနှင့် ကြိုးစားမျိုရသည်။ ဒုတိယအလုပ် တွင် လည်ချောင်းယားလာသည်။ တတိယအလုပ်၌ အူထဲက လိပ်တက် လာသည်။ဝေ့ခနဲ ထိုးအန်လိုက်မိသည်။

မီးဖိုခန်းသို့လာကာ ဘုံဘိုင်တွင် ပါးစပ်ရော လက်ပါ ဆေးသည်။ ထမင်းချိုင့်ကို နောက်ဖေးလမ်းကြားသို့ သွန်ပစ်လိုက်ရသည်။ ထမင်းချိုင့် ၏အထာမှာ သည်သို့ပါကလားဟု သတိပြုမိသည်။

ဆာလောင်မွတ်သိပ်နေသည်။ သို့သော် အဆောင်တံခါးပိတ်ခဲ့ပြီ။ ဝန်းကျင်နှင့် အဆက်ပြတ်နေခဲ့ပြီ။ ခုတင်တွင် လဲလျောင်းလိုက်သည်။ မျက်စိကို မှေးမှိတ်ထားမိသည်။ ဆာလောင်သည်ကြောင့်လား၊ အိမ်ကိုလွမ်း၍လား၊ အဒေါ်နှင့် ကလေးတွေကို သတိရ၍လား မသိ။ မျက်ရည်ပူများသည် ပါးပြင်သို့ လိမ့်လျှောကျဆင်းလာသည်။ ဆယ့်နှစ်နာရီလောက်အထိ အပြင်ဘက်ဧည့်ခန်းမှာ ဆူညံတုန်း။ တံခါးဖွင့်ကြည့်သည်။ “ဟော...ဒီကနေ့ရောက်တဲ့ လူသစ်ထင်ပါရဲ့။

လာလေဗျာ၊ ပျင်းရင်”

နှုတ်ဆက်သံကြားရသည်။ သူတို့ ကိုးမီးဝိုင်းဖွဲ့နေကြခြင်းပင်။ “ဝင်ကစားမလား၊ တစ်အိမ်ဖယ်ပေးမယ်လေ” “ဟင့်အင်း၊ ကျွန်တော်မကစားတတ်ဘူး” ညာလိုက်ရခြင်းဖြစ်သည်။ ကစားတတ်သည်။ သို့သော် ခြေချော် လက်ချော် ရှုံးမှာကြောက်သည်။ လောင်းကစားနှင့် ကံမလိုက်လှ။ ကျွန်တော့်အတွက် စစ်စစ်ဖာဖာ အဒေါ်ပေးလိုက်နိုင်သည်က ငွေ ကလေး ငါးရာ။

(၄)

ဘော်ဒါဆောင်တွင် ကျောင်းသားတွေလည်း ရှိသည်။ အလုပ်သမား တွေလည်း ရှိသည်။ ရုံးသမားတွေလည်း ရှိသည်။

အများအားဖြင့် ကျောင်းသားဆိုလျှင် အစိုးရစစ်စာမေးပွဲ တဖုန်း ဖုန်း ကျရှုံးနေကြသည့် နှစ်ကြီးသမားများ၊ အလုပ်သမားဆိုလျှင် သင်္ဘော တာလီစာရေးကဲ့သို့ နေ့စားများ၊ ရုံးအလုပ်သမားဆိုလျှင် အောက်တန်း စာရေးများသာ ရှိသည်။

ကျောင်းသားများသည် နယ်မှဖြစ်ကြသည်။ အိမ်မှငွေမပို့လျှင်၊ ဖဲ ရှုံးလျှင် အဆောင်မှ ရရာပစ္စည်းကို ခိုးသည်။ သင်္ဘောမဝင်သောကာလတွင် အလုပ်သမားများကလည်း ထိုနည်းနှင်နှင်။ ရုံးစာရေးများမှာ လခ ထုတ်ရက်တွင် မီလျံနာလိုသုံးကာ လကုန်ပိုင်းရက်များ၌ ငွေလှည့်ချေးသည်။ မရလျှင် အဆောင်မှ ရရာကို အလစ်သုတ်သည်။ အချင်းချင်းပင် မရှောင်ကြ။

လခထုတ်ရက်၊ ငွေရှင်းရက်များတွင် အဆောင်ရှင်မိန်းမကြီး၏ ဖရုသဝါစာကို ကြားရမြဲ။ ကြွေးရှင်မြီရှင်တို့၏ ညစ်ညမ်းယုတ်မာသော ဆဲသံဆိုသံ ကြားရမြဲ။ အချင်းချင်းရန်ဖြစ်ကြ၊ ထိုးကြ၊ သတ်ကြနှင့် ထိပ်ပေါက်ခေါင်းကွဲမြင်ရမြဲ။

လက်ထဲတွင် ငွေအနည်းငယ်ရှိသည်။ စာမေးပွဲအောင်လက်မှတ် မူရင်းနှင့် မိတ္တူရှိသည်။ ထောက်ခံစာများရှိသည်။ ထိုအရာများသည် ထမင်း အတွက် အာမခံချက် မဟုတ်ကြသေး။

နံနက်ပိုင်း လက်ဖက်ရည်ဆိုင်မှာ သတင်းစာကို လုယူကြည့်ပြီး အလိုရှိကြောင်း ကြော်ငြာရှာရသည်က အမော။ လျှောက်လွှာရေးသည်၊ ရုံးတကာ ရောက်သည်၊ အလုပ်တကာ စုံစမ်းသည်။ ဖိနပ်အမြီးပင် ပါးလာပြီ။

ထပ်ဆင့်စာမေးပွဲတွေ ဖြေသည်။ အင်တာဗျူးတွေ ထိုင်ရသည်။ လျှောက်လွှာပါ လိပ်စာအတိုင်း အကြောင်းကြားမည်ဆို၍ စာပို့ သမားလာတိုင်း ကိုယ့်စာပါ မပါ မျှော်ရသည်မှာ အမော။ “ထား’၏ ‘စာချွန်တော်မောင်ကြီးရှင့် မေ့စာပါရင် ပေးပါလို့ မေးရ မှာများတောင် မရှက်နိုင်ပေါင်’ဆိုသည်မျိုး။

သို့သော် အရပ်ရှစ်မျက်နှာအားလုံး ငြိမ်နေသည်။

လက်ထဲမှ ငွေမှာ စိုးရိမ်ကြောင့်ကြဖွယ် အခြေအနေသို့ ရောက်လာသည်။

ရှေ့လဆိုလျှင် အခြားသူများနည်းတူ အိမ်ရှင်နှင့် ထမင်းသည်နှင့် ရန်ဖြစ်ရတော့မည်။ စကားများရတော့မည်။ အခန်းသော့ပိတ်ခြင်း၊ ထမင်း

ဖြတ်တောက်ခြင်း ခံရတော့မည်။

အဒေါ်ဆီ စာရေးလိုက်သည်။ ငွေထပ်မံပို့ပေးဖို့။

“ဝမ်းနည်းပါတယ် မြင့်နိုင်။ မင်းကို အဒေါ် ဘယ်နည်းနဲ့မှ ဆက်ပြီး မထောက်ပံ့နိုင်ဘူးဆိုတာ စိတ်မကောင်းစွာနဲ့ ပြန်ကြားလိုက်ပါတယ်။ မင်းအခြေအနေကို အဒေါ် အများကြီးစာနာပါတယ်။ ဒါပေမဲ့ အဒေါ့်မှာ မင်းကိုပေးနိုင်တာက ကရုဏာတရားကလွဲလို့ ဘာမှမရှိပါဘူးကွယ်”

အခြေအနေသည် ဆိုးရွားကျပ်တည်းလွန်းလှသည်။ အကောင်းဆုံးထားဝတ်နေသော ပိုးတွဲလုံချည်ကို အဟောင်းဆိုင် မှာ ရောင်းလိုက်ရသည်။ အသစ်သာရှိသေးသည့် ရှပ်အင်္ကျီသည် မျက်ခုံး လှုပ်နေပြီ။

သည်မှာ စိုးလွင်အောင်ကို ဖျတ်ခနဲ သတိရသည်။ သည်ကောင့်ကို သည်ထက်စောစောကတည်းက သတိရဖို့ကောင်းသည်။ စင်စစ် ရန်ကုန်တွင်ရှိနေနိုင်သည့် မိတ်ဆွေရင်းချာမှာ စိုးလွင်အောင် သာ ဖြစ်နိုင်သည်။ သူသည် ကျွန်တော့်ထက် နှစ်နှစ်ခန့်စော၍ ရန်ကုန်သို့ ရောက်နေသည်။ ဆယ်တန်းကို ရန်ကုန်မှာဖြေသည်။ အောင် မအောင် မသိရသေး။

မြို့မှာ ရှိစဉ်ကတော့ သူနှင့် ကျွန်တော်သည် အရင်းနှီး အခင်မင်ဆုံး မိတ်ဆွေများဖြစ်ကြသည်။ သူ့မိဘများက ချမ်းသာကြွယ်ဝသည်။ ကျောင်း သို့ ကိုယ်ပိုင်ကားနှင့်လာသည်။ အကော်ဒီယံဝယ်တီးသည်။ မော်တော်ဆိုင်ကယ် ဝယ်စီးသည်။ တစ်နေ့မုန့်ဖိုး ငွေနှစ်ဆယ်ရသည်။

သူ့ကို အများအားဖြင့် “ဖိုးပြုံးချို”ဟု ခေါ်ကြသည်။ မည်သူကစ၍ အမည်ပေးလိုက်သည်တော့ မသိရ။ ထိုစဉ်က နာမည်ကြီးခဲ့သော ရုပ်ရှင် ကားကို အမှီပြု၍ တွင်ခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် သူ၏မျက်နှာ သည် ထာဝစဉ် ပြုံးချိုနေ၍ ဖြစ်ကောင်းဖြစ်မည်။

ရန်ကုန်ပြောင်းစက ရေးခဲ့သောစာအရ စိုးလွင်အောင်၏လိပ်စာကို ကျွန်တော်ရခဲ့သည်။ စိုးလွင်အောင်နှင့်တွေ့ကာ အခက်အခဲကို ပြောပြသည်။ အကူအညီ တောင်းသည်။ သူက လိုလိုလားလားပင် အကူအညီပေးခဲ့သည်။ ဝိုင်အမ်စီအေ သို့ ပြောင်းရွှေ့နေထိုင်စေသည်။ ဟိုတယ်တစ်ခုတွင် လက်မှတ်ထိုး၍ စားသောက်နိုင်ရန် စီစဉ်ပေးသည်။ စိုးလွင်အောင်က ကျွန်တော့်ကို သူ၏မိတ်ဆွေများနှင့် မိတ်ဆက် ပေးသည်။ ၎င်းတို့၏ မိဘဆွေမျိုးများမှာ ကျော်ကြားသူများ၊ ချမ်းသာသူများ၊ ရာထူးရာခံတောင့်တင်းသူများချည်း ဖြစ်ကြသည်။ သည်အကြားတွင် “ခင်မာဝေ လည်း ပါလေသည်။

(၅)

ခင်မာဝေ။

သူမသည် ရုပ်ရည်အားဖြင့် ရှက်ကြမ်းရေကျိုမျှသာ ဖြစ်သည်။ အသားညိုသည်။ ကိုယ်ဟန် နွဲ့နှောင်းသည်။ မျက်နှာတွင် တောက်ပ ရွှန်းလဲ့သော

မျက်ဝန်းမှအပ ထူးထူးခြားခြားလှပသည့်အရာမရှိဟု ထင်ရသည်။

အဝတ်ကို ပွပွရောင်းရောင်း ဝတ်တတ်သည်။ နှုတ်ခမ်းနီဆိုးလျှင် သွားများတွင် ပေကျံနေတတ်သည်။

သို့သော် သူမသည် သွက်လက်ချက်ချာကာ ထက်ထက်မြက်မြက်ရှိသည်။

အလုပ်မှာ ကုမ္ပဏီတစ်ခုမှ လက်နှိပ်စက်စာရေးမကလေးမျှသာ ဖြစ်သည်။

သူမ၏လက်ချောင်းကလေးများကို စူးစိုက်ကြည့်လျှင် မကြိုက်တတ်။ အရိုးအဆစ်ကား လက်သည်းများကျိုးနေပြီး လက်ထိပ်ကလေးများ မာကြော၍ ညိုနေသောကြောင့် ဖြစ်သည်။

စိုးလွင်အောင်၏ မိတ်ဆွေများအကြားတွင် ခင်မာဝေလို မိန်းကလေး တစ်ယောက် ပါနေသောကြောင့် အံ့ဩရသေးတော့သည်။

သို့သော် တစ်ခဏအတွင်းမှာပင် ခင်မာဝေကို ကျွန်တော် ခင်မင် ရင်းနှီးလာသည်။ သူမ၏ သွက်လက်ချက်ချာမှုကြောင့်ပင် ဖြစ်မည်။ ကျွန်တော်တို့သည် ညနေပိုင်းများ၌ တစ်နေရာတွင် ဆုံဖြစ်ကြသည်။

စားသောက်ဆိုင်တစ်ခုခုတွင် အချိန်ဖြုန်းသည်။ ကန်တော်ကြီးလို၊ အင်းယား လိုနေရာမှာ ဆည်းဆာညိုသည်အထိ ထိုင်ကြသည်။ စနေနေ့များ၌ ရုပ်ရှင် ကြည့်သည်။

ကျွန်တော်တို့မှာ သုံးယောက်ပေါင်း တစ်ဘဝဖြစ်နေသည်။ စိုးလွင်အောင်သည် တက္ကသိုလ်တက်လျက်ရှိသည်။ သူ့မိဘများ သည် လိုင်စင်ခေတ်တွင် ချမ်းသာနေဆဲ။

ခင်မာဝေက ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီတစ်ခုမှ လက်နှိပ်စက် စာရေးမ ကလေး။ စိုးလွင်အောင်က တက္ကသိုလ်ကျောင်းသား။

ကျွန်တော်ကတော့ ဘာတစ်ခုမှ မရေရာသေးသည့် အထောက်အပံ့ ခံ၊ ခြေသလုံးအိမ်တိုင်။

ကျွန်တော့်ဘဝကို နားလည်လာသောအခါ ခင်မာဝေသည် လခ ထုတ်ရက်၌ လုံချည်အစ၊ အင်္ကျီပိတ်အစ ဝယ်လာသည်။ စီးကရက်ဖိုး၊ မုန့်ဖိုးအတင်းပေးလေ့ရှိသည်။

ခင်မာဝေသည် ကျွန်တော့်ကို စာနာနားလည်နိုင်စွမ်းသည်။ သူမ ကိုယ်တိုင်က မိဘမဲ့။ အဒေါ်နှင့်နေသည်။ ကိုယ့်ဝမ်းကိုယ်ကျောင်းကာ ကိုယ့် ခြေနှစ်ချောင်းပေါ်မှာ ကိုယ်ရပ်တည်နေသူ။

စိုးလွင်အောင်နှင့်ပတ်သက်၍ ကျွန်တော် သတိထားမိသောအရာမှာ သူသည် မြို့မှထွက်သွားစဉ်ကထက် ပိုမိုကြီးပြင်းလာသည်ဟု မထင်ရ ခြင်းပင်။ အစဉ်ချိုပြုံးနေသောမျက်နှာ၊ ပါး ဝဝကစ်ကစ် ငါးပေမပြည့်တတ်သည့် အရပ်ကလေးနှင့်။

"စိုးလွင်အောင်ဟာ သိပ်ချစ်စရာကောင်းတာပဲနော်၊ သူက လူတကာ ကို ချစ်တယ်၊ သူ့ကို လူတကာကလည်း ချစ်တယ်။ သူ ဝေ့ကိုချစ်နေ တယ်၊

ဝေကလည်း သူ့ကိုချစ်တယ်။ တစ်နေ့ကျရင် ဝေတို့ လက်ထပ်ကြ မှာပဲ”

စိုးလွင်အောင်မပါဘဲ နှစ်ယောက်တည်း အင်းယားကန်ပေါင်မှာ လမ်းလျှောက်ခိုက် ခင်မာဝေက ကြေညာလာသည်။ “ဒါဆိုရင် ဝေဟာ သိပ်မိုက်မဲရာကျနေမှာပဲ” ရင်ထဲက ဝေဒနာတစ်မျိုးဖြင့် မလိုတမာဆိုမိသည်။

“ဘာကြောင့်လဲဟင်”

“ဘာကြောင့်လဲဆိုတော့ စိုးလွင်အောင်ကိုမှမဟုတ်ဘူး။ ဝေ ဘယ်သူ့ကိုမှ လက်မထပ်ရစေချင်ဘူး”

“ဘာကြောင့်လဲ မြင့်နိုင်ရယ်”

“ဘာကြောင့်လဲဆိုတော့ ကိုယ် ဝေ့ကိုချစ်နေလို့ပဲ။ ကိုယ်မှတစ်ပါး လေ ဘယ်သူ့ကိုမှ လက်မထပ်စေချင်လို့ပဲ”

အသိရခက်သည့်၊ ခန့်မှန်းရခက်သည့် ရန်ကုန်မိုးနှယ် မညို့ဘဲပြို ဖြစ်သည်။ မခြိမ်းဘဲ ရွာဖြစ်သည်။

အပြန်ခရီးတွင် နှစ်ယောက်လုံး တေမိ ဝင်စားသည့်ပမာ တိတ်ဆိတ်နေသည်။

ဆည်းဆာညိုဝယ် မျက်နှာများ အိုစာနေသည်။ သို့ဖြင့် သုံးရက်လောက် လူချင်းမဆုံဖြစ်။ ခင်မာဝေသည် တွေးတောစဉ်းစားရန် အချိန်ယူဟန် တူသည်။ သို့မဟုတ် မျက်နှာပူ၍များလားမသိ။

စတုတ္ထနေ့ စနေနေ့ဖြစ်သည်။ နေ့ဝက်ရုံးဆင်းသည့်နေ့ ဖြစ်သည်။

ဆုံနေကျ ‘ဂေါ်လီနို့အေးဘား’သို့ ခင်မာဝေ ရောက်လာသည်။ ‘ဂျူ ဘောက်စ်’ခေါ် တေးသေတ္တာမှ ‘ပရက်စလေ’၏ ‘လဲဗ်မီတင်ဒါ‘ သီချင်းလာနေသည်ကို အမှတ်ရသည်။

ခင်မာဝေ၏မျက်နှာမှာ သန္နိဋ္ဌာန်ချပြီးဟန်ရှိသည်။ “မင်း ဝေ့ကိုချစ်တယ်ဆိုရင် အလုပ်လုပ်ရမှာပဲ” “ကိုယ်ကလည်း လုပ်ချင်နေတာပါပဲ။ မရနိုင်လို့သာ” “မဟုတ်ဘူးလေ၊ ခုနေခါက ကိစ္စမရှိဘူး၊ လက်ထပ်ပြီးရင် ငွေဆို တာ လိုလာမှာပဲ။ ဝေက မင်းကို မိန်းမထဘီရေသိနား ခိုစားနေတယ်ဆိုတဲ့ အဖြစ် မရောက်စေချင်ဘူး”

“ဝေ ကိုယ့်ကိုချစ်တယ်လို့ မပြောသေးဘူးနော်” “ဪ ပြောစရာလိုသေးသလား မြင့်နိုင်ရယ်”

(၆)

“ဝေတို့ကုမ္ပဏီမှာ ကြော်ငြာလက်ထောက်တစ်ယောက် လစ်လပ် နေတယ်။ မင်း လျှောက်ပါလား။ ပထမတော့ အစမ်းပါပဲ။ သဘောကျရင် အမြဲတမ်းဖြစ်မယ်။ လခက လောလောဆယ်မှာတော့ မမက်လောက်ပါဘူး။ အဲ၊ ကြော်ငြာဌာနမှူးဖြစ်လာရင်တော့ သုံးရာကျော်ရမယ်” “ဝေက လျှောက်စေချင်ရင် လျှောက်မယ်လေ”

“ဝေကိုယ်တိုင် အလုပ်လုပ်နေတဲ့နေရာဆိုတော့ မင်းကို ကူညီနိုင် တာပေါ့။

ကုမ္ပဏီဆိုတော့ ရှုံးပြင်ကန္တားလို စည်းကမ်းမကြီးလှဘူးပေါ့ကွယ်”
“ဝေကိုယ်တိုင်ကျတော့ ဘာလို့မလုပ်သလဲ”

“ဝေ ဆယ်တန်းမှ မအောင်တာ၊ ကံကောင်းလို့ လက်နှိပ်စက်နဲ့ လက်ရေးတိုနေရာ ရနေတာ။ ပညာအရည်အချင်း အောက်ဆုံးတန်းသတ်မှတ်ချက်ကိုလည်း ဆယ်တန်းအောင်တဲ့”

“ကောင်းပြီလေ”

“ကျော် ထရေဒင်”သည် ပန်းဆိုးတန်းမှာရှိသည်။ အကြီးစား စက်ပစ္စည်းနှင့်ပတ်သက်သော ကုန်စည်များရောင်းသည်။ နိုင်ငံခြားမှ တိုက်ရိုက်မှာယူတင်သွင်းသော ကုမ္ပဏီလုပ်ငန်းဖြစ်သည်။ စင်စစ် မြန်မာအမည်ခံယူထားသော လူမျိုးခြားပိုင် ကုမ္ပဏီတစ်ခု။

ခင်မာဝေကောင်းမှုဖြင့် ကျော်ထရေဒင်သို့ ရောက်ဖြစ်ရသည်။ မန်နေဂျာနှင့်တွေ့ ရသည်။ လေးထပ်တိုက်တစ်လုံး၏ အပေါ်ဆုံး ထပ်မှာ ဖြစ်လေသည်။

“အစ်ကိုကြီး၊ ဒါ ဝေပြောတဲ့ ကိုမြင့်နိုင်လေ”

မန်နေဂျာ၏အမည်မှာ ဦးပက်ထရစ်ဘသန်းဆွေဖြစ်ကြောင်း ကျွန်တော် လေ့လာထားခဲ့ပြီးပြီ။ ကပြားတစ်ယောက် ဖြစ်သည်။ အသက် လေးဆယ့်ငါး၊ လူပျိုကြီး။ အနောက်နိုင်ငံများတွင် ကြာမြင့်စွာနေထိုင်ခဲ့သူ ကျော်ထရေဒင်၏ အာဏာပိုင်။

ခေါင်းတွင် ဆံပင်ကျိုးကျဲသာရှိသည်။ မျက်လုံးပြူးသည်။ “ဆယ်တန်းအောင်ပြီးပြီနော်”

“အောင်လက်မှတ်ပါပါတယ်”

“အကျင့်စာရိတ္တအတွက် ထောက်ခံစာ”

“ပါပါတယ်”

“သူက ဝတ္ထုတွေ၊ ကဗျာတွေလည်း ရေးတယ်။ ကြော်ငြာဌာန အတွက် အသုံးဝင်ပါလိမ့်မယ်”

ခင်မာဝေ ဝင်ပြောသည်။

“ကောင်းပြီလေ၊ ဒါရိုက်တာအစည်းအဝေးမှာ တင်ပြပေးမယ်” ကျော်ထရေဒင်မှ နှစ်ယောက်အတူ ထွက်ခဲ့ကြသည်။

“ဟန်ပါ့မလား”

“ဘာဖြစ်လို့လဲ”

“မန်နေဂျာရဲ့ ပြောပုံက အေးတိအေးစက်နဲ့”

“မင်းရမှာပါ”

ခင်မာဝေက တင်းမာစွာ အာမခံလိုက်သည်။

ထို့နောက် ခင်မာဝေက သူမအဒေါ်၏ အခန်းသို့ ကျွန်တော့်ကို ခေါ်သွားသည်။ မြို့လယ်တိုက်ခန်း၊ ခပ်စုတ်စုတ်တွင် တူအရီးနှစ်ယောက် တည်း

နေသည်။ သူမအဒေါ်မှာ ဆေးရုံမှ လူနာစောင့်လုပ်ငန်းကို လုပ်သည်။ အသိအမှတ်ပြု သူနာပြုဆရာမတော့ မဟုတ်။

အခန်းအတွင်းရောက်လျှင် ခင်မာဝေသည် ကျွန်တော့်လက်နှစ်ဖက်အကြားသို့ တိုးဝင်လိုက်သည်။ လည်ပင်းကို သိုင်းဖက်လိုက်သည်။ ကျွန် တော်တို့၏ ရင်များ နွေးထွေးကာ နှလုံးသားသည် တောင့်တခြင်းများနှင့် ပြည့်သိပ်နေသည်။ နှုတ်ခမ်းများသည် မွတ်သိပ်မှုကို ဖြေဖျောက်၍မကုန်ခန်း နိုင်အောင် ရှိသည်။

အချစ်သည် မိုးကာလကောက်ပင်များလို စိမ်းလန်းရှင်သန်ခဲ့သည်။ အခန်း၏သော့မှာ မိမိတို့အချင်းချင်းသာသိသော နေရာမှာ ဝှက် ထားလေ့ရှိသည်။ ခင်မာဝေက ထိုနေရာပြထားသည်။

"နားနားနေနေ နေချင်တဲ့အခါ နေရအောင်ပေါ့"

ဝေတို့ တမင်မဟုတ်သော်လည်း ကျွန်တော်တို့သည် စိုးလွင်အောင်ကို ဖဲ ကျန်ထားခဲ့မိကြသည်ထင်၏။ စင်စစ် သည်ကာလမှာ သူကိုယ်တိုင်က လည်း စာမေးပွဲအတွက် ဗာဟီရများနေခဲ့သည်သာ ဖြစ်သည်။

ကျွန်တော်နှင့် နှစ်ယောက်တည်း အစား စားဖြစ်သည်။ ရုပ်ရှင်ကြည့်ဖြစ်သည်။ လမ်းလျှောက်ဖြစ်သည်။ ပြီးလျှင်တော့ ကျွန်တော်တို့ နားနေရာတိုက်ခန်းသို့။

ရက်သတ္တနှစ်ပတ်အကြာတွင် ကျွန်တော်သည် ကျော်ထရေဒင်တွင် အလုပ်ဝင်ရသည်။

ကုန်ပစ္စည်းများ တွင်ကျယ်စွာ ရောင်းချနိုင်ရေးအတွက် မဂ္ဂဇင်း၊ သတင်းစာ၊ စာစောင်များတွင် ကြော်ငြာရေး၊ ပွဲလမ်းသဘင်၊ အခါကြီးရက် ကြီးများ၌ ပိုစတာများ ထောင်ရေး စသည့်လုပ်ငန်းများကို စတင်ရသည်။ ကျွန်တော့်အထက်မှ ဌာနမှူးမှာ အိုမင်းလှပြီ၊ ခေတ်အမြင်မရှိ။ ပန်းချီမျက်စိ မရှိ။ ပန်းချီဒီဇိုင်းတစ်ချပ်၊ ကာတွန်းပုံတစ်ခု၊ ကြော်ငြာစာလုံး တစ်လုံးအတွက် ကျွန်တော်တို့ နာရီပေါင်းများစွာ စကားပြောရသည်။ ငြင်းခုံရသည်။ ငွေကြေးနှင့်ပတ်သက်လျှင် သူက ကုမ္ပဏီဘက်မှာရှိပြီး ကျွန်တော် က ပညာသည်များဘက်မှ ရပ်ရလေ့ရှိသည်။

"စိုးလွင်အောင်ကို အသိပေးသင့်ပြီထင်တယ်"

"ကိုယ် အလုပ်ဝင်တဲ့အကြောင်းကိုလား"

"အဲဒါရော၊ ဝေနဲ့မောင်တို့ ချစ်နေကြပြီဆိုတဲ့အကြောင်းကိုပါပေါ့"

"ဒုက္ခရှာလို့ကွယ်၊ တစ်နေ့တော့ သူ့အလိုလို သိသွားမှာပေါ့" သို့သော် ဝေက စိုးလွင်အောင်ကို အသိမပေးချင်ဘဲ ချစ်ခဲ့ကြသည့် အဖြစ်မှာ ပြစ်မှုကြီးတစ်ခုဟု ယူဆဟန်ရှိသည်။

တစ်နေ့မှာတော့ ကျွန်တော် အပြင်သွားနေခိုက် စိုးလွင်အောင်က ဖုန်းဆက်မှာသည်ဟု ဆိုသည်။ ဆုံနေကျနေရာကို လာပါဟုမှာသည်။ ဆုံနေကျနေရာမှာ "ဂေါ်လီနို့အေးဘား'ပင် ဖြစ်သည်။

ထိုနေရာသို့ ကျွန်တော်ရောက်ရှိသွားသောအခါ ဆိုင်ထဲမှာ လူကျ နေသည်။ စားပွဲများတွင် လူပြည့်ကျပ်နေသည်။ စိုးလွင်အောင်သည် ကောင်တာရှိ စားပွဲခုံမှာ အပေါက်ဝကို ကျောပေးပြီးထိုင်နေသည်။ သူ၏ တိုတောင်းသောခြေထောက်များမှာ ကြမ်းပြင်နှင့် အတော်ကြီး အလှမ်းဝေး နေသည်။

ဝေသည် ရောက်နှင့်နေသည့် စိုးလွင်အောင်ကို တစ်စုံတစ်ခု ဖျောင်းဖျပြောဆိုနေဟန်ရှိသည်။

ကျွန်တော်က ထုံးစံအတိုင်း စိုးလွင်အောင်ကို ပခုံးဖက်ကာ နှုတ် ဆက်လိုက်သည်။

စိုးလွင်အောင်က ကျွန်တော့်ကို လှည့်ကြည့်သည်။

သူ၏မျက်နှာမှာ “ဖိုးပြုံးချို’မဟုတ်တော့ချေ။ “နွားသတ်သမား’ အနေအထားမျိုး။

မျက်နှာရှိ အကြောစိုင်များတင်းနေသည်။ မျက်ဝန်းသည် နီရဲဝင်းပ နေသည်။ အစဉ်ချိုပြုံးသော နှုတ်ခမ်းများက တင်းကျပ်ပိရိနေသည်။ ပါးစုံ နှစ်ဖက်သည် ဒေါသဖြင့် တဆတ်ဆတ်တုန်နေသည်။

ကျွန်တော်တို့၏ မိတ်ဆွေဘဝသည် နိဂုံးချုပ်ပြီဆိုခြင်းကို ထိုခဏ၌ ကျွန်တော်သိလိုက်သည်။

“မင်း .. မင်း... မင်းကို ငါမုန်းတယ်...”

သူ့အသံကြောင့် စားသောက်ဝိုင်းမှလူများ ကြည့်လာသည်။ ဝေက “အို...စိုးလွင်အောင်ကလည်းကွယ်၊ ဝေ ရှင်းပြနေသားနဲ့” တစ်ဖက်ကိုပြောရင်း “မောင် ဒီအထဲကထွက်သွားရင်ကောင်းမယ်” ကျွန်တော့်ကို လှမ်း၍တောင်းပန်သည်။

ရုပ်ရှင်ထဲကလိုဖြစ်သည်။ စိုးလွင်အောင်သည် ခုံရှည်ပေါ်မှ ခုန်ဆင်း လိုက်သည်။ ခါးကြားမှ မောင်းချဓားကို ဆွဲနုတ်လိုက်သည်။ “မင်းကိုငါသတ်မယ်၊ မင်းငါသတ်ရမှအေးမယ်”

ဓားဖြင့် ကျွန်တော့်ကိုပြေးထိုးသည်။ လက်မောင်းကို ရှပ်ထိသည်။ အင်္ကျီစကို ထိုးခွဲသွားသည်။

“မရူးစမ်းပါနဲ့ စိုးလွင်အောင်”

ကျွန်တော်က ရယ်မောကာ သူ့လက်ထဲမှဓားကို လုယူထားလိုက်သည်။ စားသောက်ဆိုင်ထဲမှာတော့ ဆူညံနေသည်။ ပြေးသူပြေး၊ အော်သူ အော်။

စိုးလွင်အောင်သည် ကျွန်တော့်မျက်နှာကို နာကြည်းစွာ စိုက်ကြည့်သည်။

“မင်းကို ငါမုန်းတယ်၊ မင့်မျက်နှာကို ငါ့တစ်သက် မတွေ့ ပါရစေနဲ့”

သည်မျှ သူသည် သူရူးတယောက်လို စားသောက်ဆိုင်ထဲမှ ပြေးထွက်သည်။

ဝေ၏တိုက်ခန်းဆီသို့ လျှောက်လာသောအခါ ဝေသည် ကြိတ်၍

ငိုရှိုက်လာသည်။

"စိုးလွင်အောင်ဟာ လူကောင်းတစ်ယောက်ပါ"

"ကိုယ်လည်းသိပါတယ်၊ ဒီအထိ ကလေးဆန်လိမ့်မယ်လို့တော့ မထင်ခဲ့ဘူးလေ"

"သူ ဝေ့ကို တကယ်ချစ်တာ ထင်ရှားတယ်နော်"

ကျွန်တော် ဘာမှမပြောမိ။

"သူဟာ လူကောင်းတစ်ယောက်ဖြစ်ခဲ့ပေမယ့် နောင်တော့ ကောင်း ချင်မှ ကောင်းတော့မယ်"

"ဝေ ဘာကိုဆိုလိုတာလဲ'

"မောင်က...အဲ...မောင်ရော ဝေပါဆိုပါတော့လေ၊

သူ့ကို လောကနဲ့ လူကို ဘယ်ကိုမုန်းတီးရမယ်ဆိုတာ သင်ပေးလိုက်မိကြပြီ"

(၇)

စိုးလွင်အောင်က ထောက်ပံ့မှုကို ရပ်စဲလိုက်ပြီဆိုသောအခါ ကျွန် တော်သည် ဝိုင်အမ်စီအေထက် ဈေးပေါသော ဘော်ဒါဆောင်တစ်ခုသို့ ပြောင်းဖို့ကြိုးစားသည်။ ထမင်းချိုင့် မှာစားဖို့ စိတ်ကူးသည်။ ဝေနှင့်တိုင်ပင်တော့။

"ဝိုင်အမ်စီအေမှာ ဆက်နေပါ၊ ထမင်းလခ ကောင်းကောင်းပေးစားပါ"

"မောင့်လခနဲ့"

"ဝေလေ ရှေ့လကစပြီး လခတစ်ရာတိုးရမယ်"

"ကျောင်းလည်း ဆက်တက်ချင်သေးတယ်၊ သက်ကြီးတက္ကသိုလ်မှာ"

"တက်ပေါ့၊ ဝေ့မှာ စုထားတဲ့ငွေလည်း အနည်းအကျဉ်းရှိပါသေးတယ်"

ဝိုင်အမ်စီအေမှာ ဆက်နေဖြစ်သည်။ ကျောင်းဆက်တက်ဖြစ်သည်။

ဝေ့မှာ အဝတ်အစားရိုးလာကာ လက်ဝတ်လက်စားကလေးတွေ တစ်စစ ပျောက်ကွယ်သွားသည်ကို ကျွန်တော် မသိကျိုးကျွန်ပြုနေခဲ့မိသည်။ အလုပ်တွင် ပျော်ပိုက်လှသည်လည်း မဟုတ်ပါ။

ကြော်ငြာဌာနမှူးနှင့် သဟဇာတမဖြစ်။ ကျွန်တော်က သူ့ကို ဘာမျှ မတတ်ဘဲ လူတွင်ကျယ်လုပ်သည်ဟုထင်သည်။ သူက ကျွန်တော့်ကို သူ့ ရာဇပလ္လင်လုမည့်လူတစ်ယောက်အနေနှင့် မုန်းသည်။ ပြီး ဦးပက်ထရစ်ဘသန်းဆွေနှင့် ပတ်သက်၍လည်း စိတ်မှာ တစ်မျောင့်။

တစ်နေ့သောအခါ သူ့အိမ်မှာလုပ်သည့် သူ၏မွေးနေ့ပါတီသို့ ကျွန်တော်တို့ အဖိတ်ကြားခံရသည်။ ကျွန်တော်တို့ဆိုသည်မှာ အခြားရုံးသူ ရုံးသားများမပါဘဲ ကျွန်တော်နှင့် ဝေသာ အင်းယားကန်စောင်းရှိ ခမ်းနားသော သူ၏တိုက်ရှေ့ တင်းနစ်ကွင်းတွင် အခမ်းအနားပြုလုပ်သည်။ စားသောက်ဖွယ်ရာ အလျှံပယ်နှင့် အဖျော် ယမကာ အလျှံပယ်နှင့်။ တီးဝိုင်းပါသည်။ ကပွဲပါသည်။

ဝေသည် ဦးပက်ထရစ်ဘသန်းဆွေအပါအဝင် ယောက်ျားသုံးလေးဦး ၏

ကဖို့ဖိတ်ခေါ်ခြင်း ခံရသည်။
“ဝေ ကတတ်တယ်နော်” အံ့သြစွာမေးမိသည်။
“အင်းဟင်၊ ဘာဖြစ်လို့လဲ မောင်”
“အော်...ဝေ က,တတ်တာ အခုမှ မောင်သိရလို့ပါ”
မြင်ကွင်းများသည် စိမ်းသည်။
ဆက်ဆံမှုက တစ်ဖက်စောင်းနင်းနိုင်သည်။ ကြာတော့ စိတ်မှာ အိုက်စပ်မွန်းကျပ်လာသည်။
“ပြန်ကြရအောင်”
"ဟင်..." “ပြန်ကြရအောင်”
“ ပွဲက အခုမှစ,ကာရှိသေး...”
“ပြန်ကြရအောင်ပါ ဝေ”
အသံသည် အတန်ကျယ်လောင်သွားသည်ကို သတိပြုမိသည်။
ဝေသည် နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။
ခဏကြာတော့ ဦးပက်ထရစ်ဘသန်းဆွေအား ခွင့်တောင်းနေသည့် ဝေ့ကို တွေ့ ရသည်။
“ဝေ့အဖော် မူးနေလို့ ပြန်ခွင့်ပြုပါနော်။ ဝေလည်း ကောင်းကောင်း နေမကောင်းရက်နဲ့ လာခဲ့ရတာပါ”
သည်စဉ်က အရက်သေစာသောက်စားသော အလေ့အကျင့် ကျွန်တော့်တွင် မရှိသေးချေ။
သို့သော် ရှိပါစေလေတော့။
ကောလာဟလသည် ကိုယ့်ပါးစပ်ဖျားမှဖြစ်စေ၊ သူတစ်ပါး ပါးစပ် ဖျားမှဖြစ်စေ ထွက်လာပြီဆိုလျှင်တော့ အဆုံးသတ်ရန်မလွယ်။ တစ်ယောက် နှုတ်ဖျားမှ တစ်ယောက်နား ပျံ့နှံ့လွယ်သည်။ နောက်တော့ ကိုယ်ကလွှင့်သောသတင်းသည်ပင် ကိုယ့်ထံ သတင်းထူးအဖြစ် ပြန်ရောက်လာတတ်သည်။
ဦးပက်ထရစ်ဘသန်းဆွေနှင့် ပတ်သက်သည့် ကောလာဟလသည် ပုပ်အက်သောအနံ့အသက်သဖွယ် လွင့်နေသည်။
မွေးနေ့လို ခရစ္စမတ်လို အထူးပါတီများသာမက စနေလိုနေ့တိုင်း မှာ သာမန်ပါတီများရှိသည်။ သောက်ကြ၊ စားကြ၊ ကကြ၊ ခုန်ကြ။ ပြီးတော့။ ဦးပက်ထရစ်ဘသန်းဆွေသည် ရုံးမှ လက်ရွေးစင်အချောအလှများ ကို သူ့ပါတီသို့ လျှို့ဝှက်ဖိတ်ကြားလေ့ရှိသည်ဆိုသော သတင်းသည် မည်သူ က လွှင့်လိုက်သည်မသိဘဲ လွင့်နေသည်မှာ ကြာပြီ။
“ဦးပက်ထရစ်ဘသန်းဆွေကို သတိထားစေချင်တယ် ဝေ" ”
“ဘာဖြစ်လို့လဲ ဟင်
“သူ့ကို မောင်သဘောမကျဘူး”

"ပါတီသွားတဲ့ကိစ္စကိုပြောတာလား၊ ဝေက မောင်ပါ ပါလို့ သွားတာ ပဲဉစ္စာ၊ မောင်ပြန်ချိန် ပြန်တာပဲမဟုတ်လား။ ဝေ့အတွက် စိတ်ချပါ၊ ဝေက သူ တကူးတကန့်ဖိတ်ကြားလေ့ရှိတဲ့ မိန်းကလေးတွေလို မလှပါဘူး" "ဒါပေမဲ့ ဝေ့မှာ ဆွဲဆောင်မှုရှိတယ်၊ ဒါကို မောင်အသိဆုံး"

"ဒါကြောင့် မောင်က ဝေ့ကိုချစ်တာဆိုပါတော့"

ရယ်မောပြီး ပျောက်ခဲ့ရသည်။ ဘာပဲပြောပြော "ကျော်ကရေဒင်'တွင် မိုးခိုခဲ့ရသည်။ အရိပ်ခိုခဲ့ရသည်။ နားခဲ့ရသည်။

အေးမြသည်မဆိုနိုင်ပေမဲ့ ပူလောင်ခြင်းမှ အတန်သက်သာသည် ဆိုရမည်။ ကျွန်တော်နှင့်ဝေတို့ ချစ်ကြသည်ဆိုပေမဲ့ လက်ထပ်စကား မဆိုဖြစ်ခဲ့။ ကိုယ့်အသိနှင့်ကိုယ် မေ့ပျောက်ထားကြသည်။ ဝေက ဘွဲ့တစ်ခု ခုကို ရစေချင်သည်။ ပညာကို ဆုံးခန်းတိုင်စေချင်သည့်အကြောင်း ကျွန်တော် သိပါသည်။ အခြေစိုက်စေချင်သည့် သဘောဖြစ်သည်။

ကြော်ငြာဌာနမှူးနှင့် ထိပ်တိုက်ပြဿနာတိုးသည်။ လူအများရှေ့မှာ ခွန်းကြီးခွန်းငယ် စကားများသည်။ အမှန်တော့ ကျွန်တော့်လို ပါမွှားတစ် ယောက်က ကုမ္ပဏီ၏ နှစ်ပေါင်းများစွာ ယုံကြည်စိတ်ချထားသော ဌာနမှူး တစ်ဦးကို ဆန့်ကျင်ခြင်းမှာ ကိုယ့်သေတွင်း ကိုယ်တူးခြင်းဖြစ်သည်။ သို့သော် ငယ်ရွယ်သူတစ်ယောက်အဖို့ ဒေါသကို ချုပ်တည်းနိုင်ခြင်းမှာ အကန့် အသတ် ကျဉ်းမြောင်းလှသည်။

"ကောင်းပြီ၊ ခုနစ်ရက်အတွင်း မင်း အလုပ်ပြုတ်စေရမယ်"

သူ၏ကြိမ်းမောင်းစကား။

အဖြစ်စုံကို ဝေသိသည်၊ ဝေ နားလည်သည်။

"အလုပ်က ထွက်လိုက်တော့မယ် ဝေ"

"ဘာလို့လဲ"

"မထွက်လဲ သူတို့က အလုပ်ဖြုတ်တော့မယ့်ဉစ္စာ"

"ဒီလောက် အားမငယ်စမ်းပါနဲ့ မောင်ရယ်၊ ဒီတိုက်ပွဲမှာ မောင်နိုင်ရစေ့မယ်"

"မောင်က"

"အို…မောင့်နောက်မှာ ဝေတစ်ယောက်လုံး ရှိနေတဲ့ဉစ္စာ"

ဒါရိုက်တာအစည်းအဝေးတွင် နှစ်ယောက်လုံး နှုတ်ဖြင့်ထုချေရသည်။ ကိုယ် မှန်ကြောင်း၊ သူ မှားကြောင်း ပြောကြသည်မှာ ဓမ္မတာ။ သို့သော် ဌာနမှူးသည် ကျွန်တော့်ထက် အင်္ဂလိပ်စာတတ်သောသူ၏ လျှောက်လဲမှုသည် ကျွန်တော့်ထက် ဆယ်ဆမက ရေလည်သည် အမှန်။

ကျွန်တော်ကတော့ အလုပ်ဖြုတ်မည့်စာကို စောင့်သည်။ ဌာနမှူး ကတော့ အောင်မြင်သောအပြုံးဖြင့် မင်း ငယ်ပါသေးတယ်ကွာ အကြည့်ဖြင့် စောင့်ကြည့်နေသည်။

စာအိတ်ရှည်၊ ညိုပြာပြာနှင့် နှစ်ဦးစလုံးထံ ရောက်လာခဲ့သည်။ တုန်သောလက်၊ ခုန်သောရင်ဖြင့် ဖွင့်ဖောက်သည်။ အင်္ဂလိပ်စာဖြင့်

ဤအဖြစ်အပျက်တွင် ကြော်ငြာဌာနမှူး လက်ထောက် မောင်မြင့်နိုင်သည် လုံးဝဥဿုံမှန်ကန်သဖြင့် တစ်စုံတစ်ရာ အရေး ယူရန်မရှိကြောင်း ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်လိုက်ကြောင်း။ ၎င်း ပြင်...

ကျွန်တော်သည် နဝေတိမ်တောင်ဖြင့် ဌာနမှူးထံ လှမ်းကြည့်လိုက် မိသည်။ ဌာနမှူးသည် အံ့အားသင့်သော၊ နာကြည်းသော၊ ဝမ်းနည်းသော မျက်နှာဖြင့် အထုပ်အပိုးများ သိမ်းဆည်းပြင်ဆင်နေကြောင်း တွေ့ လိုက်ရသည်။
သူက နှစ်ပေါင်းကြာရှည် လုပ်ကိုင်လာသည့် လုပ်ဖော်ကိုင်ဖက်များကို မျက်ရည်စက်လက်နှင့် လိုက်လံနှုတ်ဆက်သောအခါ ကျွန်တော့်ရင်မှာ ခါးသီးမှုများဖြင့် ပြည့်သိပ်တင်းကျပ်နေသည်။

ဝေက -

"ဝေမပြောလား၊ ဒီပွဲမှာ မောင်နိုင်ရမယ်လို့။ ဒါတင်မကဘူး မကြာခင် မောင့်ကို ကြော်ငြာဌာနမှူးအဆင့်မှာ တိုးမြှင့်ခန့်ထားလိမ့်ဦးမယ်" ကျွန်တော် နားမလည်နိုင်။

နားလည်အောင် မကြိုးစားမိခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။

(၈)

"ဝေတော့ နယ်ကို နှစ်ပတ်လောက်သွားရလိမ့်မယ်" "ဘာအတွက်လဲ ဝေ"

"ဝေ့ ဒေါ်ဒေါ်တစ်ယောက် အသည်းအသန်ဖြစ်နေတယ်" "ဘယ်မှာ"

"မန္တလေးမှာ" "ဝေတို့က အဲဒီဘက်ကလား" "ဆိုပါတော့၊ မြို့ပေါ်ကတော့မဟုတ်ပါဘူး၊ တောပိုင်းကပါ" "မောင် လွမ်းကျန်ရစ်ခဲ့ရတော့မယ်ဆိုပါတော့" "ဝေလည်း ထိုနည်းတူပါပဲမောင်ရယ်" ကြာမြင့်စွာ တင်းတင်းကျပ်ကျပ်ဖက်ထားမိကြသည်။ ပါးချင်းအပ် ထားသည်။ နဖူးချင်းအပ်ထားကြသည်။

"ညှင်းသိုးသိုးဖြစ်နေတဲ့ ဆံပင်တွေကို ညှပ်ပစ်နော်။ ညဥ့်နက်အောင် လည်း စာမကြည့်နဲ့၊ ဝေ ခရီးမထွက်ခင် မောင့်အဝတ်တွေ လျှော်ပေးခဲ့ဦး မှာပါ"

"ဘူတာကို လိုက်မပို့နဲ့၊ နှုတ်ဆက်ရရင် ငိုချင်နေဦးမယ်" "ပြန်လာတော့ အတိုးချချစ်ကြတာပေ့ါမောင်ရယ်"

အထီးတည်းတည်း နေလေ့ရှိသူအဖို့ အထီးကျန်ဆန်ခြင်းသည် မဆန်း၊ အထီးတည်း နေလေ့မရှိသူအဖို့တော့ ဆန်းသည်။ ခါးသီးသော အတွေ့အကြုံဖြစ်သည်။

ဝေ ခရီးထွက်သွားစရက်များက နေမထိ။ လောကသည် ဆိတ်သုဉ်း နေသည့်နှယ် နာရီစက္ကန့်တံများ ဝေးလံသည်။ နေ့တာသည် ရှည်လျားလှ ချေသည်။

တစ်ပတ်ကျော်ကြာသည်အထိ ဝေ့ထံမှ စာကိုမရတော့ စိတ်မှာစနောင့်စနင်းဖြစ်ရသည်။ တောပိုင်းမို့ စာထည့်ရေးမလွယ်ကူထင့်။

တစ်နေ့သော် ကိုအေးကျော်သည် စားပွဲမှာရပ်သည်။

သူက ကုမ္ပဏီအုပ်ချုပ်ရေးပိုင်းမှဖြစ်သည်။

"ခင်ဗျား စိတ်ထိခိုက်နေသလား ကိုမြင့်နိုင်" "ဗျာ ဘာအတွက်ပါလိမ့်" "ဝေနဲ့ပတ်သက်လို့ပါ"

"ဝေက သူ့ဒေါ်ဒေါ်တစ်ယောက် အသည်းအသန်ဖြစ်လို့ မန္တလေး ကို သွားတာပဲ"

"ဒါကို ခုထိ ခင်ဗျား ယုံနေတုန်းပဲလား"

သူ၏အကြည့်က လှောင်ပြောင်သရော်ဟန် ပါနေသည်။ "ဘာကိုဆိုလိုတာလဲ ကိုအေးကျော်"

"ဘာကိုဆိုလိုရမှာလဲဗျ၊ ဝေက ခွင့်နှစ်ပတ်ယူပြီး ခရီးထွက်သွား တယ်။ မစ္စတာပက်ထရစ်ကလည်း ကုမ္ပဏီကိစ္စနဲ့ မေမြို့ကို တက်သွား တယ်။ မေမြို့နဲ့ မန္တလေးဆိုတာ ဘာဝေးတာမှတ်လို့။ မစ္စတာပက်ထရစ်က ဒါမျိုး ထွင်စားနေကျပဲ"

"တော်ဗျာ၊ ကျုပ် တစ်စုံတစ်ခုမလုပ်မိခင် ခင်ဗျား ထွက်သွားရင် ကောင်းမယ်"

နားထဲမှာ ပူလောင်နေသည်။ အသည်းနှလုံးတို့ အက်ကွဲပဲ့ကြွေကုန် ကြလေပြီထင်သည်။ ရင်ထဲမှာ လောင်ကျွမ်းသည့်မီးကြောင့် နှလုံးအိမ်သည် ကျွက်ကျွက်ဆူရလေပြီ။

ဝေသည် ဘယ်လိုမိန်းကလေးအမျိုးအစားလဲ။ ဘယ်လိုအတန်း အစားလဲ။

သို့သော် မနာလိုမရှုဆိတ်သူတို့၏စကားဖြင့် တစ်ဖက်သားအပေါ် အယူမမှားသင့်ဟုလည်း သက်သာရာရစေရန် ဖြေသိမ့်ပြန်သည်။ သို့သော် သတင်းများ ပိုမိုခိုင်မာလာသည်။

ကောလာဟလသည် လေနှယ်ပျံ့လွင့်လွယ်တကား။

မျက်နှာပူသည် ရင်ဆူသည်နှင့် ရုံးမှခွင့်တစ်လယူလိုက်သည်။ မြို့ သို့ပြန်ရန် စိတ်ကူးပေမဲ့ ဦးလေးအမူးသမားနှင့် ရင်မဆိုင်ချင်။ အခြား သွားစရာနေရာလည်း မရှိ။ လောကသည် တစ်ခါတစ်ရံတော့လည်း ကျဉ်းမြောင်းလွန်းသည့်တကား။ ခွင့်ရက်ထဲမှာ ဝေပြန်ရောက်လာသည်။ ဝေသည် အဆောင်သို့ လိုက်လာခဲ့သည်။ ဧည့်ခန်းမှာဆုံမိတော့ ဝေသည် စိုးစဉ်းမျှ ဣန္ဒြေမပျက်။ "ရုံးပြန်တက်တော့ မောင် ခွင့်ယူထားတာ သိရတယ်။ ဘာဖြစ်လို့လဲလို့ စိတ်ပူလိုက်ရတာ"အစချီကာ မောင့်အတွက် စောင်းကောက်ဖိနပ် ဝယ်ခဲ့တယ်၊ အမရပူရကျစ် ပိုးလုံချည်ကို ကြိုက်ရဲ့လားဟင်"

စကားတစ်ခွန်းမျှ မဟဖြစ်။

ဝေ့မျက်နှာကို ကြည့်ရမည်မှာလည်း နေနှယ်ပူပြင်းလှသည်။ "မောင်ဘာဖြစ်နေသလဲ"

"ဝေပြန်လာတာ ဝမ်းမသာဘူးလားဟင်"

ဝေ့အသံသည်ပင် နားမှာခါးသက်နေသည်။

သီလဝမြို့စားကို ပြုံးစေခြင်းငှာ မစွမ်းသာသလို ကျောက်ဆစ်ရုပ် မျက်နှာမှ စကားတစ်လုံးမျှထွက်မလာနိုင်မှန်း အဆုံးမှာတော့ ဝေ သဘော ပေါက်သွားဟန်တူသည်။

"မောင်ရယ် ဝေ့မှာဘာအပြစ်ရှိသလဲ၊ မောင်ဘာတွေနားလည်မှုလွဲမှားနေသလဲ။ ခုလို တုံကျိဘာဝေလုပ်နေမယ့်အစား ဝေ့ကို သတ်သာပစ်လိုက်စမ်းပါ"

ဝေ လက်လျှော့ကာပြန်တော့မည်ဆိုတော့ ကားဂိတ်ကို လိုက်ပို့ပေးသည်။ သည်အထိလည်း စကားမပြောဖြစ်။ ဝေ ဘတ်စ်ကားပေါ် ပြေးလွှား တက်ရောက်သွားသောအခါ ဝေ့အား နောက်ဆုံးတွေ့ ရခြင်းဖြစ်ပါစေဟု ဆုတောင်းသည်။

(၉)

တစ်နေ့တွင် ဝေ့အဒေါ်၏အခန်းသို့ လာခဲ့သည်။

ဝေ ရုံးမှာပင်ရှိနေပေလိမ့်မည်ဆိုခြင်းကို သိသည်။ ဝှက်ထားနေကျ နေရာမှ သော့ကိုရသည်။

ဝေ၏ သီးသန့်အခန်းသို့ လာသည်။

အဝတ်များ၊ စာအုပ်များ၊ အိပ်ရာ၊ ခုတင်၊ ဗီရို၊ မှန်တင်ခုံ အားလုံး သည် ယခင်ကလိုပင် ရှိနေသည်။

ရုံးသို့ အလျှင်စလိုထွက်သွားဟန်နှင့် အခန်းမှာ ပြန့်ကျဲကျန်ခဲ့သည်။ နှုတ်ခမ်းနီဘူးမှာ အဖုံးပွင့်လျက် မှန်တင်ခုံပေါ်မှာ ပေါင်ဒါမှုန့်များ ဖိတ်စင် ကျနေသည်။

ခုတင်တွင် ဝင်ထိုင်သည်။

ဝေ၏ကိုယ်ရနံ့သည် အိပ်ရာမှ စူးနစ်စွာစွဲနေသည်။ ဝေနှင့်ချစ်ခဲ့သမျှသည် အိပ်မက်ထဲမှာလို ဝိုးတဝါးနိုင်နေသည်။

ခေါင်းအုံးပေါ်မှာ ဆံပင်ပြန့်ကျဲစွာ လဲလျောင်းလျက်ရှိသည့် ဝေ့ကိုယ်အထက်ပိုင်းကို မြင်ယောင်သည်။ တစ်ခါတစ်ရံ ထိုပုံစံဖြင့် အိပ်ပျော်နေသည့် ဝေ့ မျက်နှာကို ကျွန်တော် အချိန်ကြာမြင့်စွာ စူးစိုက်ကြည့်နေတတ်လေ့ရှိသည်။

ဝေ၏ ထရန်စစ္စတာရေဒီယိုအငယ်စားကလေးသည် မှန်တင်ခုံမှာ ရှိသည်။ ညဥ့်နက်ခံ၍နေသောကာလများတွင် ဝေသည် အင်္ဂလိပ်ပိုင်း နောက်ဆုံးအစီအစဉ်မှ ထုတ်လွှင့်သော ငြိမ့်ညောင်းသာယာ တေးသံသာ ကို နားထောင်လေ့ရှိသည်။

ဆေးလိပ်ပြာခွက်ထဲမှာ ကျွန်တော်သောက်ခဲ့သည့် စီးကရက်တိုများ ရှိနေကြဆဲ။

ပန်းအိုးထဲမှ နှင်းဆီပန်းအနီပွင့်များမှာ နွမ်းခြောက်နေလေသည်။ ကျွန်တော်၏ ကိုယ်တစ်ပိုင်းဓာတ်ပုံကို ခေါင်းအုံးအောက်မှ ရှာတွေ့သည်။ ပထမလခရသည့်နေ့က ဝေ့အတွက် ဝယ်ပေးခဲ့သည့် ကိုတီရေမွှေး ပုလင်းမှာ

အဖုံးမဖွင့်ရသေးဘဲ သည်အတိုင်းရှိနေသည်။

ကျွန်တော်သည် ဓာတ်ပုံနှင့် ရေမွှေးပုလင်းကိုယူသည်။ အခန်းထဲမှ ပြန်ထွက်ခဲ့သည်။

နောက်တစ်နေ့တွင် ခွင့်ရက်စေ့၍ ရုံးပြန်တက်ရသည်။ အလုပ်များဟန်နှင့် မျက်နှာကို စားပွဲများဖြင့်ကာကာ ဝေ့အကြည့်ကို ရှောင်လွှဲနေလိုက်သည်။ သူစိမ်းပြင်ပြင်တွေလို နှုတ်ဆက်စကားမဆို၊ မျက်နှာအိုစာစွာဖြင့် ကိုယ့်နေရာမှာ ကိုယ်မြဲနေကြသည်။

နေ့လယ်ပိုင်း ရုံးစက်ရှိ ရေအေးတိုင်မှာ ရေသောက်တော့ ဝေသည် ကျောဘက်မှာရောက်လာသည်ကို အနံ့အသက်ဖြင့် သိနေသည်။

ငုံ့ထားရာမှ ဝေ စီးနေကျဖိနပ်၊ ဝေ ဝတ်နေကျလုံချည်ဆင်ကို မြင်ရသည်။

"မောင့်ကို သူခိုးကလေးတစ်ယောက်ဆိုတာ ခုမှပဲ ဝေသိရတော့တယ်"

ဝေသည် တဟင်းဟင်းလုပ်ရယ် ရယ်သည်။ သို့မဟုတ် ကြိုးစား၍ ရယ်ခြင်းဖြစ်နိုင်စကောင်းသည်။ မော့လိုက်သောအခါ ရှေ့မှာရပ်လာသည့် ဝေနှင့် မျက်နှာချင်းဆိုင်မိသည်။

မျက်လွှာချကာ ဝေ့ကိုကျော်လွန်လျှောက်လာခဲ့သည်။ ထိုနေ့က စားဆောင်လာခဲ့သည့်အဖြစ်ကို ပြောရဦးမည်။ ညစျေးတန်းတွင် မောင်းချစားတစ်လက် ဝယ်သည်။ ရာဇဝတ်ပြစ်မှုတွင် အကျုံးဝင်သည့် ဓားအမျိုးအစား။ မောင်းချဓားဖြစ်သည်။ အသွားရှည်သည်။ ပြတ်သည်။ မြည့်သည်။

ဓားကို ခေါင်းအုံးအောက်မှာထားအိပ်ရင်း တစ်ညလုံး စိုးလွင်အောင် ကို အိပ်မက်နေသည်။

ရုံးသို့လာတော့ တိုက်ပုံအကျီထဲမှာ ဓားပါလာသည်။ ဦးပက်ထရစ်ဘသန်းဆွေ၏ခွင့်ရက်သည် ကနေ့စေ့မည်။ လူကား ရောက်မလာခဲ့။ ကုမ္ပဏီအော်ပရေတာအခန်းသို့ သတင်း သာလျှင် ဝင်လာသည်။

ဦးပက်ထရစ်ဘသန်းဆွေ မေမြို့ ကအပြန် ကားမှောက်သည်။ ဆေး ရုံရောက်သည်။

ပုဒ်မ ၃၀၂ အမှုတစ်မှု လျော့နည်းသွားခြင်းပင်။

(၁၀)

အလိုအလျောက် ဓာတ်လှေကားအတွင်း အပြေးဝင်လိုက်သည်။ လေးထပ်မှသည် မြေညီထပ်သို့ ဆင်းရမည်။

ဓာတ်လှေကားထဲမှာ ဝေက အလျင်ရောက်နှင့်နေသည်။ အားလုံးပေါင်း နှစ်ယောက်တည်းသာ။

ရှောင်မလွတ်နိုင်ပါကလား။

နှစ်ယောက်သား မျက်နှာတည်တည်နှင့် ကိုယ်စီကိုယ်င နံရံကို မှီ ထားကြသည်။

ဝေသည် ဖျော့တော့နေသည်။ နွမ်းနယ်နေသည်။ တောက်ပလွန်းသော မျက်ဝန်းသည် မှေးမှိန်နေသည်ကိုတော့ တဒင်္ဂအမြင်နှင့် သိသည်။ တစ်ခါက တစ်မိနစ် တစ်စက္ကန့်ပင် မခွဲခွာချင်ပါဆိုခဲ့ကြပြီး ယခု တော့လည်း တဒင်္ဂဆုံတွေ့မှုသည်ပင် မွန်းကျပ်ဖွယ်ဖြစ်နေသည်။

ဝေသည် ဖျတ်ခနဲကြည့်သည်။ မျက်ဝန်းမှာ ရွှန်းလဲ့သွားသည်။ မျက်ရည်ကြည်ကြောင့် ဖြစ်သည်။ "ရင်ထဲမှာ ဝေ့ကို မောင်ချစ်ပါတယ်၊ တကယ်ချစ်ပါတယ်" ရင်ထဲမှ ပြောနေမိခြင်းဖြစ်သည်။ ဝေ၏အကြည့်သည် မျက်နှာတွင် စွဲမြဲနေသည်။ ရှောင်လွှဲမသွား။ မမှိတ်မသုန်ပင်။

တတိယထပ်ကို လွန်လာသည်။

"ဝေ ဝေ ထွက်စာလာတင်တာ "

စကားသံသည် ထော့ကျိုး ထော့ကျိုးနှင့်။ "ဟင့်အင်း၊ ဝေ အလုပ်ကမထွက်သင့်ဘူး၊ ထွက်သင့်တာက မောင်" စကားသံသည် လည်ချောင်းကို ကျော်လွန်မလာခဲ့။ "ဝေရှိရင် မောင် အနေရ ကျဉ်းကျပ်နေမယ်မဟုတ်လား" မျက်စိကိုမှိတ်ကာ သက်ပြင်းရှိုက်လိုက်မိသည်။ ဝေ၏ ကြိတ်၍ရှိုက်လိုက်သံကို ကြားရသည်။ မျက်ဝန်းအိမ်ကို လက်ကိုင်ပဝါနှင့်တို့သည်။ ဝေ၏ကျောပြင်သည် တသိမ့်သိမ့်ခါနေသည်။ ဒုတိယထပ်ကို လွန်လာသည်။

"မောင့်ကို ဝေ အပြစ်မတင်ပါဘူး"

ဝေ၏အသံသည် ဝမ်းနည်းကြေကွဲခြင်းဖြင့် မပီတော့။ "အခြေအနေက သိပ်ကိုကျဉ်းကျပ်သွားခဲ့တယ် မောင်။ သူ ဝေ့ကို နည်းမျိုးစုံနဲ့ အကျပ်ကိုင်ထားခဲ့တာ ကြာပြီ။ ဝေ အမျိုးမျိုး ရှောင်ခဲ့ပါတယ်။ မောင် အလုပ်ဝင်တုန်းကတော့ လှည့်စားပြီးထားခဲ့ရတာ"

"မပြောပါနဲ့တော့ ဝေရယ်" တောင်းပန်ချင်နေသည်။

"ဒီတစ်ခါက အဆိုးရွားဆုံးပဲ။ ဝေသာ ငြင်းလိုက်ရင် ရှုံးမှာက မောင်။ အလုပ်ပြုတ်မှာက မောင်။ ခံရမှာ မောင်ပဲ။ ဒါကို သိရဲ့လားဟင်" "ဝေရယ်၊ ဝေရယ်၊ တော်ပါတော့"အော်ဟစ်လိုက်ချင်သည်။ ရင်ထဲ မှာ ပူလောင်ကာ လည်ချောင်းမှာ ခြောက်ကပ်နေသည်။ မြေညီထပ်သည် နီးလာပြီ။

"မောင်သိစေချင်တာကတော့ မောင့်အတွက် ဝေဟာ တက်စရာငြိမ်းကလေးတစ်ဆင့် ကျောခင်းပေးခဲ့တယ်ဆိုတာပါပဲ" မြေညီထပ်မှာ ဓာတ်လှေကားရပ်သည်။ "ဝေ့ကို မောင် ဘယ်တော့မှ မမြင်စေရဘူး၊ ယုံပါ" မျက်နှာတစ်ဝက်ကို လက်ကိုင်ပဝါဖြင့်အုပ်ကာ ဝေ ပြေးထွက်သွား သည်ကို အမှတ်မဲ့ ငေးကြည့်နေလိုက်မိသည်။ ပြီးမှ အသက်ဝင်လာသလို

"ဝေ..."

ခေါ်ရင် ပြေးလိုက်ခဲ့မိသည်။

"ဝေ...၊ ဝေ..."

ဝေသည် နောက်သို့လှည့်ကြည့်သည်။ သို့သော် ချက်ချင်းမျက်နှာ လွှဲကာ

ထွက်ဆဲဘတ်စ်ကားပေါ် ပြေးတက်သွားသည်။ ဝေ့အား နောက်ဆုံးတွေ့မြင်လိုက်ခြင်းပင် ဖြစ်သည်။

ဪ...ကြာတော့လည်း ကြာချေပြီ။ အနှစ်နှစ်ဆယ်ပင် တိုင်ချေတော့မည်။ ယခုတော့ 'ကျော်ထရေဒင်'လည်း မရှိတော့။ ဦးပက်ထရစ်ဘသန်း ဆွေသည်လည်း ကွယ်လွန်ခဲ့ပြီ။ သူတို့လူစားတွေ တွင်ကျယ်ရန်နေရာဌာန တို့သည်လည်း သည်မြေမှာမရှိပြီ။

ကြာခဲ့ ဝေးခဲ့ပြီဆိုတော့လည်း ဝေသည်လည်းကောင်း၊ ဝေနှင့်ပတ်သက်သော အဖြစ်တို့သည်လည်းကောင်း စိတ်အသိဝယ် ရေးရေးပျပျသာ။

(၁၁)

တစ်နေကုန် အဝတ်အစား သစ်သစ်လွင်လွင်နှင့် လူတွေအကြားမှာ ဟန်မပျက်နေခဲ့ရသည့်အဖြစ်သည် စင်စစ် စိတ်မောဖွယ်ကောင်းလှသည်။ မင်္ဂလာအခမ်းအနားသည် ရှည်ကြာလွန်းလှသည် ထင်မိချေသည်။ မိကိုယ်တိုင်သည် ထိုနည်းနှင်နှင် ရှိရှာပေလိမ့်မည်။ အိမ်ဂေဟာအသစ်သို့ လိုက်ပို့ကြသည့် မိတ်ဆွေများ ပြန်သွားသောအခါမှ စိတ်မှာ ပေါ့ပါးသွားသလို ခံစားရသည်။ "ငြီးစီစီရှိလိုက်တာ အစ်ကိုရယ်၊ ရေချိုးလိုက်ဦးမှထင်တယ်" "ချိုးလေ၊ ဆောရီးပဲမိရယ်၊ ကိုဘသော်ကြီး မူးမူးနဲ့ ဂျီကျနေလို့။ ဒီကောင်ကြီးက မသောက်တာကြာပြီ။ ခုမှ ကိုယ် မင်္ဂလာဆောင်တယ်ဆို တာနဲ့ ပျော်ပြီးပြန်သောက်တာပါ။ ဒါကြောင့် စတာနဲ့မူးနေတာ" "မိ နားလည်နိုင်ပါတယ် အစ်ကိုရယ်"

မိက သစ်လွင်သောအဝတ်များကို ချွတ်နေစဉ် အပါးသို့ကပ်သွားခဲ့သည်။ ကျောဘက်မှ သိမ်းဖက်လိုက်သည်။ လည်ကုပ်ကို နမ်းမည်ပြုသော အခါ မိက ရှောင်လွဲလိုက်သည်။

"ချွေးတွေနဲ့ မရွံဘူးလား" မိက ရင်ခွင်မှ ရုန်းထွက်သွားသည်။

ခမ်းနားသောအိပ်ရာပေါ်မှာ ထိုင်လိုက်သည်။ ခုတင်သည် ပါလစ်ရောင် ပြောင်လက်ပြီး အနံ့အသက်ပင် မပျောက်တတ်သေး။ မွေ့ရာသည် အိစက်ညက်ညောလှပေသည်။ ခုတင်ခေါင်းရင်းတွင် ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားဖို့အကြံမှာ မိ၏အကြံဖြစ်သည်။ အိပ်ရာနံဘေးစင်ပေါ်မှာ ကြွေး စင် မီးအုပ်ဆောင်း၊ ပန်းအိုးတွင် နှင်းဆီပန်း လန်းလန်းဆတ်ဆတ် ရဲရဲနီနီ။ ပန်းရနံ့သည် ပျံ့နေသည်။ တယ်လီဖုန်းသည် သစ်လွင်သောမိုးပြာရောင်။ ရေချိုးခန်းမှ ရေကျသံကြားနေရသည်။

မိနှင့် မိုးတစ်နေ့တွင် ဆုံခဲ့သည်ကို အမှတ်ရသည်။ ည ကိုးနာရီခန့်။

ရှစ်မိုင်ခွဲမှာ ကားတစ်စီးပျက်နေသည်ကို တွေ့ ရသည်။ ကားမောင်း လာသူမှာ မိန်းကလေးတစ်ယောက်။

"ဘာအကူအညီပေးရမလဲ"ဟု ကားချင်းယှဉ်ရပ်ပြီး မေးလိုက်သည်။

“ကားက ရုတ်တရက်ဘာဖြစ်သွားမှန်းမသိဘူး။ ဖြစ်နိုင်ရင်တော့ ကျွန်မအိမ်ကိုပဲ ပို့ပေးစေချင်ပါတယ်။ ကျွန်မအိမ်က ဘာမှလည်း မဝေးတော့ ပါဘူး။ ရှစ်မိုင်လမ်းဆုံတင်ပါ”

“ကားကိုရော”

“ကားကို အိမ်ကလူတွေလွှတ်ပြီး အယူခိုင်းလိုက်ရင် ရပါတယ်”

အိမ်သို့လိုက်ပို့ပေးဖြစ်ရာမှ သိကျွမ်းကြသည်။ နာမည်မေး၊ လိပ်စာမေးနှင့်။

မိသည် တက္ကသိုလ်မှ သရုပ်ပြဆရာမတစ်ယောက် ဖြစ်လေသည်။ “အိမ်လာလည်ပါ၊ မိတို့က ခင်တတ်ပါတယ်”နှင့် ရင်းနှီးမှုစသည်။ မိသည် ခင်စရာကောင်းသည်၊ ချစ်စရာကောင်းသည်။ အခင်လွယ်သော်လည်း ကျွန်တော်နှင့်မိတို့ သုံးနှစ်သုံးမိုး တစ်ယောက် ကိုတစ်ယောက် အကဲခတ်ပြီးမှ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ ချစ်ခဲ့ရသော ကာလများသည် ကြာညောင်းမြင့်ရှည်လှချေသည်။

ရေချိုးခန်းမှ ရေကျသံ ရပ်သွားသည်။

မကြာမီ မိ၏အသွင်သည် တံခါးပေါက်ဝမှ ပေါ်လာသည်။ ကိုယ်တွင် အမွေးပွမျက်နှာသုတ်ပဝါ ရစ်ပတ်ထားသည်။ ကျွန်တော်က မိကို စူးစိုက်စွာကြည့်နေမိသည်။

လူတစ်ယောက်သည် ယမင်းရွှေစင်ရုပ်ကလေးကို ကောက်ရခဲ့ကာ အမြတ်တနိုးရှိနေမိသည့်ပုံမျိုး ဖြစ်သည်။

မိက အဝတ်လဲသည်။ မိ၏ကျောပြင်သည် ဖြူစင်ဝင်းမွတ်ကာ ရေစက်ကလေးများ မစင်တတ်သေး။

မှန်တင်ခုံမှန်မှနေ၍ ကျွန်တော့်ကိုပြန်ကြည့်သည်။ “လူကို အဲလို စိုက်ကြည့်မနေစမ်းပါနဲ့” “ချစ်လို့ပဲဟာ”

“ဟင့်အင်း၊ မကြည့်နဲ့၊ မိ မနေတတ်ဘူး”

ကျွန်တော်က တစ်စုံတစ်ခုပြောလိုက်ရာ မိသည် “အို .. သူ သိပ်ညစ်ပတ်တာပဲ'ပြောပြီး မျက်နှာကို လက်ကာဝှက်သည်။ သည်အခိုက် တယ်လီဖုန်းခေါင်းလောင်းသံကို ကြားရသည်။ တစ်ယောက်ယောက် နှောင့်ယှက်ပြန်ပြီထင့်။ မိတ်ဆွေများသည် တစ်နေ့လုံးပျော်ကာ အမျိုးမျိုး နောက်ကြ စကြသည်။ စကားပြောခွက်ကို ကောက်ယူလိုက်သည်။ “ဟယ်လို”ထူးလိုက်သည်။ “ဟယ်လို... ဦးမြင့်နိုင်လား”

အသံက မိန်းမအသံ။ “ဟုတ်ပါတယ်၊ မြင့်နိုင်ပါ၊ ဘယ်သူပါလဲ” ဖြေသံသည် အတော်နှင့်ပေါ်မလာ။ ရှိုက်သံက အရင်ပေါ်လာသည်။ “မောင်ရယ်၊ ကျွန်မပါ” အသံက ဆို့ဆို့နင့်နင့်နှင့်။ စကားပြောခွက်မှတစ်ဆင့် ကြားဖြတ်သွားသံတွေ၊ စကားပြောသံ တွေ၊ ရယ်မောသံတွေကို ကြားရသည်။ အများသုံးတယ်လီဖုန်းမှ ဆက်ခဲ့ ဟန်တူသည်။

“ဘယ်သူလဲ၊ နောက်မနေစမ်းပါနဲ့ဗျာ”

စိတ်မရှည်စွာ အော်လိုက်မိသည်။

"ကျွန်မပါ မောင်၊ မောင် ကျွန်မကို မေ့ဖို့မသင့်သေးပါဘူး။ မောင် လက်ထပ်တဲ့သတင်း ကြားရတယ်။ ကျွန်မ ဝမ်းသာပါတယ်မောင်ရယ်" စကားသံ တိတ်သွားသည်။

စကားပြောခွက်ကို ချသွားသည်။

တယ်လီဖုန်းလိုင်းကြိုးထဲမှအသံသည် သေဆုံးသွားပေပြီ။

"ဟယ်လို"

ထပ်၍ခေါ်သော်လည်း အချည်းနှီးသာ။

ပြန်လည်နိုးထမလာခဲ့။

ရင်ဝယ် ပြင်းစွာတုန်လှုပ်ရသည်။

နှလုံးသားသည် ဆုပ်နယ်ခြင်းခံရသလို နာကျင်နေမိသည်။

မိသည် အနီးသို့ရောက်လာသည်။

အသံမမြည်သောဖုန်းကို ပြန်ချထားလိုက်သည်။ "ဘယ်သူတဲ့လဲ မောင်"

"အလကားပါ၊ နံပါတ်မှားဆက်တာပါ"

"ဟုတ်ကဲ့လား မောင်ရယ်၊ တစ်ယောက်ယောက်က နှောက်တာလား"

"အို...ဒါကို မေ့လိုက်စမ်းပါ မိရယ်"

မိ၏ကိုယ်ကို ဆွဲယူကာ ရင်ခွင်မှာ ပွေ့ဖက်ထားလိုက်သည်။ မျက်နှာ ကို မိ၏ဆံပင်များအကြား၌ ဝှက်ထားလိုက်သည်။ ကျလုဆဲမျက်ရည်ကို မိ မမြင်သာစေရန် ဖြစ်ပါသည်။

(၁၂)

ဘာပဲပြောပြော သည်လိုအချိန်ကာလမျိုးတွင် ကျွန်တော့်အနေနှင့် သူမအတွက် ဝတ္ထုတစ်ပုဒ်တော့ ရေးသင့်သည်ဟု ထင်ပါသည်။ အပြစ်အနာ အညှိုးအတေးမှန်သမျှ ပြေပျောက်သည်ဖြစ်ပါစေသတည်း။

စစ်ပြိန်မဂ္ဂဇင်း၊ ၁၉၇၉၊ မေလ။

(၁)

တမင်လွှဲရှောင်နေခြင်း မဟုတ်ပါဘဲလျက် မဆုံဖြစ်ခဲ့ကြသည်မှာ ကြာချေပြီ။

အော်...ကြာဆို မေ့ပျောက်ကြစတမ်းသာဆိုပါက မေ့စကောင်းသည်မှာ ကြာပြီ။ သညာမှာ အမှတ်ထင်ထင် မရှိတော့နိုင်။ 'နေလာ နှင်းပျောက်'သဘောမျိုး ဆက်ဆံမိခဲ့ကြလေလျှင်လည်း သည့်လိုဘဝဆည်းဆာချိန်များမှာ ဖြစ်ပျက်ကြောင်းလျှားတို့ ထင်ရှားနေရန် အကြောင်းမရှိတော့ပါ။ ယခုတော့လည်း ကံမကုန်ကြသေးသည်မို့ ပြန်ဆုံရန်အကြောင်းတို့ ပေါ်ပေါက်လာချေသည်။

ရုပ်ရှင်ကားတစ်ခုတွင် နောက်ခံတီးလုံးကို ဝါးပတ္တလားသံချည်း သက်သက်ဖြင့် ထည့်သွင်းလိုပါသည်။ သူ့လက်သံလက်စွမ်းပြလို တီးလုံးမျိုးဖြစ်သည်။'ဆရာလိုက်တီးပေးလှည့်ပါ'ဟု ထိုရုပ်ရှင်ကားကို ရိုက်ကူးသော ဒါရိုက်တာလူငယ်က ဆိုသည်။ သည်မှာ ခင်သီတာနှင့် ပြန်လည်ဆုံတွေ့ ရဖို့ အကြောင်းဖန်လာသည်။

စင်စစ် ခင်သီတာနှင့် မဆုံဖြစ်ခဲ့သည်မှာသာ ကြာခဲ့ပြီမဟုတ်။ သည် လောကနှင့် အဆက်ပြတ်နေခဲ့သည်မှာပင် ကြာတောင့်ကား ကြာပါပြီကော။ စောင်းအသက် ခုနစ်ရက်ဟု ဆိုရိုးရှိသည်။ စောင်းကြိုးနှင့် လက်တို့မထိတွေ့ ရသည်မှာ ကြာပြီဆိုလျှင် အကွက်ပျက်၊ လက်ပျက် ဖြစ်ရတော့သည်။

ပတ္တလားရွက်ဆံများနှင့် ဝေးနေခဲ့သည်မှာ ဆယ်နှစ်ပင်မကတော့။ သည်တော့လည်း အားတုံ့အားနာ ငြင်းပယ်ရတော့သည်။

"ကိုယ်နဲ့ ဖြစ်မယ်မထင်ပါဘူးကွာ။ ကိုယ်က ဂီတနဲ့ဝေးနေတာ ကြာပြီ။ တခြား ဒါနဲ့အသက်မွေးဝမ်းကျောင်းနေကြတဲ့ ပညာရှင်တွေ ရှိပါ လိမ့်မယ်။ သူတို့နဲ့ပဲ လုပ်လိုက်ပါလား"

သို့ပေမယ့် သည်ကလေးတွေက ကန့်ကူလက်လှည့် တပည့်ရင်းတွေ။ လွန်ခဲ့သော ဆယ်နှစ်အထက်ကျော်ကဆိုလျှင် သူတို့သည် ကျောင်းစာသင် ခန်းမှာပင် ရှိကြသေးသည်။ ကျောင်းစာတစ်ဖက်နှင့်ပင် အနုပညာဝါသနာ ထုံကာ သီချင်းကြီး သီချင်းခံ့တွေ တက်ဖူး သင်ဖူးသည်။ "ကျွန်တော်တို့က ကြေးစားသဘောမျိုး လုပ်ချင်တာမဟုတ်ဘူး ဆရာ။ အမှတ်တရအဖြစ်နဲ့ ဆရာ့လက်သံကို လိုချင်ကြတာပါ။ ဆရာက ကျွန်တော်တို့ရဲ့ ငယ်ဆရာမဟုတ်လား။ ကျွန်တော်တို့ရဲ့ အနုပညာဝါသနာကို မြေတောင်မြှောက်ပေးခဲ့တာ ဆရာပဲမဟုတ်လား။ ဒီကနေ့ ကျွန်တော်တို့ ဒါရိုက်တာတွေ၊ ဘာတွေ ဖြစ်လာတာ ဆရာ့ကျေးဇူးတွေ အများကြီး ပါပါတယ်။ ဒါကြောင့်ပါ ဆရာ"

သို့နှင့်ပင် ငြင်းပယ်ချင်လျက် အငြင်းခက်ခဲ့သည်။

"စမ်းကြည့်သေးတာပေါ့"ဆိုကာ သူတို့ပို့လွှတ်လိုက်သော ပတ္တလား ဖြင့် စမ်းလေ့ကျင့်ရသည်။ အသံရှာရသည်။ တီးကွက်ပျိုးရသည်။ သုံးလေးရက်ကြာသောအခါ သူတို့ ရောက်လာကြပြန်သည်။ "ဘယ့်နှယ်လဲ ဆရာ၊ အိုကေပဲလား"

. "ငယ်ခြေ ငယ်လက်ကလေးတွေတော့ ပြန်ပေါ်လာတယ်ဆိုရမလား ပဲ၊ ဒါပေမဲ့ သိပ်တော့အားမရသေးပါဘူးကွာ"

"ဖြစ်ပါတယ် ဆရာ၊ ဆရာတီးရမှာက ငါးမိနစ်ပါ။ ဒါပေမဲ့ ကားထဲ မှာတော့ သုံးမိနစ်ထက် ပိုကြာမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဖြတ်တောက် ပြီး အဆင်ပြေအောင် လုပ်ယူကြမှာပါ" သို့နှင့်ပဲ ဆိုပါတော့။

နှစ်အတန်ကြာမျှ ကွဲကွာနေခဲ့သော လောကဟောင်းသို့ ပြန်လည် ခြေချမိပြန်သည်။ လောကဟောင်းဆိုသော်လည်း စင်စစ် ယခုတော့အသစ် ဖြစ်နေသည်။

ရုပ်ရှင်စတူဒီယိုတစ်ခု၏ အသံလုံခန်းမတွင် အသံသွင်းယူမည်ဖြစ်သည်။

စတူဒီယိုသို့ရောက်သောအခါ အရင်ရောက်နှင့်နေသော အဖွဲ့တစ်ဖွဲ့ရှိရာ သူတို့ကိုစောင့်ရသည်။ သည်အဖွဲ့သားတွေအကြားမှာ ခင်သီတာကို တွေ့ရခြင်းဖြစ်သည်။

ခင်သီတာသည် သီချင်းတစ်ပုဒ်ကို သီဆိုရန် လေ့ကျင့်နေသည်။ တီးဝိုင်းခေါင်းဆောင်လုပ်သူက စန္ဒရားဖြင့်အသံပြပေးသည်။ စာသားအမှား များကို ထောက်ပြသည်။

ကျွန်တော်သည် လူအုပ်ကြားမှနေကာ ခင်သီတာကို ငေးကြည့်နေမိသည်။

ခင်သီတာ။

ယခုတော့လည်း သူတစ်ပါး၏ပါးစပ်မှာ သည်အမည် ရေပန်းစားနေသည်။

ထောင်ပေါင်းများစွာသော ရုပ်ရှင်ကြည့်ပရိသတ်သည် ခင်သီတာ ၏ အဆို၊ အငို၊ အပြုံး၊ အမဲ့၊ အလွမ်း၊ အဆွေး၊ အမှိုင်အတွေ ရေယာဉ် ကြောဝယ် တသသမျောပါနေခဲ့ကြရသည်။

ခင်သီတာ၊ ရုပ်ရှင်မင်းသမီး ခင်သီတာ။

လွန်ခဲ့သော ခြောက်နှစ်လောက်မှစကာ ခင်သီတာ၏သတင်းသည် ပျံ့မွှေးကျော်စောခြင်း ရှိခဲ့သည်။ သူမ ပါသော ရုပ်ရှင်ကားတိုင်း ဝင်ငွေ ကောင်းသည်။ ပရိသတ်၏အသည်းစွဲ။ ကုမ္ပဏီပိုင်ရှင်ကြီးငယ်တို့၏ အားထားရာ၊ တစ်နှစ် တစ်နှစ် ကားပေါင်းမြောက်မြားစွာကို လက်ခံရိုက်ကူးခဲ့ ရသူ။

ရုပ်ရှင်စာစောင် မျက်နှာဖုံးတွေမှာ ခင်သီတာ၏ပုံအလှ၊ သတင်းစာ၊ ဂျာနယ်တွေမှာ ခင်သီတာ၏အကြောင်း ပလူပျံအောင် ရေးသားကြသည်။ ချီးမွမ်းသူတွေရှိသလို ဝေဖန်ကဲ့ရဲ့မှုများလည်း ရှိသည်။ သို့သော် အားလုံး သည် ခင်သီတာအတွက် ကြော်ငြာချည်း ဖြစ်ခဲ့သည်။

လူတွေက ခင်သီတာနှင့် ပတ်သက်လာလျှင် အကောင်းကိုလည်း

သိချင်သည်။ အဆိုးကိုလည်း ကြားချင်သည်။

ခင်သီတာ၏မျက်နှာမှာ ဝက်ခြံပေါက်၍ ကားတစ်ရက်လောက် မရိုက်နိုင်သည်ကိုပင် သတင်းအဖြစ် ပုံကြီးချဲ့ သူတွေက ချဲ့ကြသည်။ ခင်သီတာ အသံဝင်၍ သီချင်းမဆိုနိုင်သည်ကိုပင် ကော်လံပြည့် ရေးချင်ရေးကြသည်။

ဘာပဲပြောပြော ခင်သီတာ့သတင်း တစ်ခုမဟုတ်တစ်ခု ပါလာပြီဆို လျှင် စာစောင်မှာ ရောင်းကောင်းမြဲ။ ပရိသတ်က စောင့်မျှော်ဖတ်ရှုမြဲ။

ယခုတစ်လောကျတော့ ခင်သီတာ့သတင်းတွေက အကောင်းထက် အဆိုးဘက်ကိုနွှယ်လာသည်။ ဖဲဝိုင်းမှာမိသည့် သတင်း၊ အရက်မူးရမ်းကား သည့်သတင်း၊ လင်မယား ရန်ဖြစ်ကြသည့်သတင်း။

သည်သတင်းတွေပါလာ၍ ခင်သီတာ နာမည်ကျသွားလိမ့်မည်ထင်သည်။ သို့သော် သူမပါဝင်သောရုပ်ရှင်ကားမှာ လူတိုးမြဲ။ ပွဲတိုင်းလိုလို 'ရုံပြည့်ပြီ'စာတန်း ချိတ်ဆွဲရမြဲ။

အံ့ဩဖို့တော့ အကောင်းလေသား။

လူတစ်ယောက်၏စန်းသည် ရုံခါတွင်တော့ ထူးဆန်းစွာတက်နေတတ်သည်။ အချို့ကျတော့လည်း အကောင်းတွေလုပ်နေသည့်အကြားမှ ကျတတ်သေးသည်။ ကြိမ္မာကိုပင် ရိုးရတော့မည်လားမသိ။

ရှေ့မှာ မျက်နှာကလေးတစ်ခု ပေါ်လာသည်။

အရောင်စုံသည့် မျက်နှာကလေးပါပဲ။ အရုပ်တစ်ရုပ်နှယ် ဆေးခြယ်ထားသည့် မျက်နှာပါပဲ။

ဆံပင်ကို ပုံစံချလျက် အဆန်းတကြယ်ထုံးဖွဲ့ကာ မျက်တောင်တို့သည်လည်း ကိရိယာအကူအညီဖြင့် သာမန်ထက်ကော့ဖြူးကာ မျက်ခွံတို့ စိမ်းမြပြီး နှုတ်ခမ်းမှာလည်း ပန်းချီဆရာထက်ပင် သပ်ရပ်စွာ ဆေးဆိုးထား သည့် ဟင်္သပဒါးရောင် နီရွှေးရွှေး။ "ဆရာရယ် ကြည့်စမ်းပါဦး၊ တွေ့ ရဲ့ သားနဲ့နှုတ်မဆက်ဘူးနော်"

အပြစ်တင်သည့်လေသံ။ အားလျှော့သည့်လေသံ။ "ဪ...ခင်သီတာ"

နှုတ်မှ သည်သို့အလျင်ရေရွတ်မိသည်။

"သီတာ သီချင်းဆိုရင်း ဆရာ့ကိုလှမ်းလှမ်းကြည့်နေတာ။ နှုတ်များ ဆက်လေမလားလို့"

"အော်...ခင်သီတာရယ်၊ မင်းက နာမည်ကျော်ရုပ်ရှင်မင်းသမီးကြီး မဟုတ်လားကွာ။ ရုတ်တရက်တော့ နှုတ်မဆက်ရဲဘူးပေါ့"

"ဆရာ့မှာ ငယ်ငယ်ကလို ထေ့တဲ့ ငေါ့တဲ့အကျင့်တွေ မပျောက်သေး ဘူးနော်"

"ကိုယ် မငေါ့ပါဘူး၊ အမှန်အတိုင်းပြောတာပါ"

"တော်ပါ ဆရာရယ်၊ သီတာ့ကို နှုတ်ဆက်ဖို့တော့ ကောင်းပါတယ်"

"နှုတ်တော့အဆက်ချင်သားပါ၊ တော်ကြာ မမှတ်မိ နဝေတိမ်တောင် ဖြစ်နေမှာစိုးတာနဲ့"

"ဆရာ့လိုလူတစ်ယောက်ကို သီတာမေ့မှာတဲ့လား၊ မမှတ်မိဘဲ နေမှာတဲ့လား"

အမှန်ပင် ခင်သီတာ၏ မျက်ဝန်းဝယ် မျက်ရည်ရစ်ဝဲလာသည်။

မျက်နှာထားသည် ကြေကွဲမှုဘက်သို့ လုလာသည်။

သည်တော့လည်း စကားကို လွှဲပြောင်းကာ ဆိုရပါသည်။ "ခင်သီတာတို့ သီချင်းတိုက်ပြီးသွားကြပြီလား"

ခေါင်းညိတ်ပြသည်။ လက်ပွေ့အိတ်ထဲက စီးကရက်ဘူးကို ထုတ်ယူကာတည်သည်။ နိုင်ငံခြားစီးကရက်၊ ငါးသုံးလုံး။

"ခင်သီတာ့အသံ ပြောင်းနေတယ်။ ဆေးလိပ်တွေ သိပ်သောက်တယ် ထင်ပါရဲ့"

ခင်သီတာ ဘာမျှပြန်မပြော၊ စီးကရက်ကို မီးညှိသည်။

"အသံသမားတွေကို အများဆုံးဖျက်ဆီးနေတာ ဆေးလိပ်နဲ့ အရက်ပဲ"

"သီတာလည်း လျှော့ဖို့ကြိုးစားပါတယ်ဆရာ၊ ဒါပေမဲ့ မအောင်မြင်သေးဘူး"

သည်မှာ ခင်သီတာတို့အဖွဲ့ စတူဒီယိုထဲမှ ထွက်လာသည်။ ကျွန်တော်တို့အဖွဲ့သားများ ဝင်၍နေရာယူသည်။

မကောင်းတတ်၍ ကြည့်နေရသည်ပဲထင်သည်။ ဒါရိုက်တာလုပ်သူ က ကျွန်တော့်ကိုခေါ်ချင်နေပုံရသည်။ ဤသည်ကို ခင်သီတာကလည်း ရိပ်မိသည်။ "ဆရာရယ် စကားတွေအကြာကြီးပြောချင်လိုက်တာ" "မင်းလိုပဲပေါ့ ခင်သီတာ" "သီတာတို့ မတွေ့တာကြာပြီနော်" "အတော့်ကို ကြာပြီပေါ့ ခင်သီတာရဲ့" သည်မှာ ဒါရိုက်တာက ကြားဝင်လာသည်။ "ကျွန်တော်တို့ စကြရအောင်လား ဆရာ' ကျွန်တော်က ခင်သီတာကို အားနာသလို ကြည့်မိသည်။ "လုပ်ပါ ဆရာ၊ လုပ်စရာရှိတာ လုပ်ပါ" "တစ်နေ့တော့ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့ကွာ၊ ဟုတ်လား"

ခင်သီတာ ခေါင်းညိတ်ပြသည်။

ယခင်ကလိုသာဆိုလျှင်တော့ သူမခေါင်းမှ ဆံပင်များကို ဖွထားခဲ့ကာ နှုတ်ဆက်မိမည်ဖြစ်သည်။ ယခုတော့ မလုပ်ဖြစ်။ အခြေအနေက ကွာခဲ့ပြီကိုး။

အသံလုံအခန်းအတွင်း ဝင်ခဲ့ရသည်။ တံခါးပိတ်လိုက်သောအခါ မှောင်အတိကျသွားသည်။

ကျွန်တော့်အနေနှင့် နောက်ခံတီးပေးရမည့်အခန်းကို ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြသည်။ နာရီဖြင့် အချိန်သတ်သည်။ ဇာတ်သဘောကို ရှင်းပြသည်။

ပတ္တလားရွက်ဆံများပေါ်တွင် ကျွန်တော်၏လက်များ ပြေးလွှားနေလေသည်။

ပတ္တလားရွက်ဆံများပေါ်တွင် ကျွန်တော်၏လက်များ ပြေးလွှားနေသည်။

"သာဆန်းငယ်တည့် ရဂုံဇွေ၊ ညှင်း ပြေပြေ လေပြည်လောင်း။ ညှာခြေစိမ်းရင့်မောင်း၊ ညောင်းရွက်ကယ်တည့် ကြွေလေဟန် မြည့်ညှာ ရွှေရည်စံ၊ သင်းကျုံကျုံ လေတည့်ဝင်းတဲ့ ဝင်းလျှံ လျှံ"

"ဆရာ၊ ဆရာ "

အသံတစ်သံသည် အာရုံကို နှောင့်ယှက်သည်။ ပတ္တလားရွက်ဆံများပေါ်တွင် ပြေးလွှားနေသည့်လက်များကို ဇက်တုံ့သွားစေသည်။ ကျောဘက်သို့လှည့်ကြည့်လိုက်သောအခါ တပည့် လူငယ်တစ် ယောက်နှင့် မိန်းမငယ်တစ်ယောက်တို့ကို တွေ့ ရသည်။ လူငယ်တပည့်ကား အိမ်သို့ ဝင်ထွက်နေကျမို့ ရဲရဲတင်းတင်းရှိသည်။ မိန်းမငယ်ကား မျက်နှာ စိမ်းထဲက ဖြစ်သည်။ ကြောက်ဆုတ်ဆုတ်နှင့် မရဲတရဲပင်။

"ဘာလဲ မောင်မောင်"

"ဟောဒီက အေးသီမပေါ့ ဆရာ၊ သီချင်းဆိုချင်လို့တဲ့"

ကျွန်တော်က အေးသီမဆိုသူကို အကဲခတ်သလို ကြည့်လိုက်သည်။ အရွယ်က သွေးစုန်းမျက်မည်းအရွယ်။ အစွမ်းကုန်ပွင့်လန်းတော့မည့် ပန်းပွင့်ပမာ။ ဆံပင်ကို ရိုးရိုးနောက်တွဲထုံးသည်။ ပန်းနီနီတစ်ပွင့်ပန် ထားသည်။ ညိုပြေပြေအသားတွင် သနပ်ခါးထူထူလိမ်းသထားသည်။ ပါးကွက်တွေက ထင်ရှားလှသည်။ အဝတ်အစား ခပ်နွမ်းနွမ်းနှင့်။ အသွင် အပြင် ခပ်ညှိုးညှိုးနှင့်။

"အေးသီမ အရင်ကတော့ ဆရာတို့ကျောင်းမှာ နေခဲ့ပါတယ်ဆရာ။ အခုတော့ ကျောင်းကထွက်တာ နှစ်နှစ်ရှိပါပြီ"

လွန်ခဲ့သောနှစ်ကဆိုလျှင် ကျောင်းသို့ ကျွန်တော် မရောက်သေး။ အေးသီမနှင့် ဆုံစရာအကြောင်းမရှိခဲ့။

"မင်းက ကျောင်းသူလား၊ ကျောင်းမှာ မင်းကိုမတွေ့ ဖူးပါဘူး"

ဘွဲ့ ရပြီးနောက် အခြားအလုပ်အကိုင်တစ်ခုခု ရှာဖွေမတွေ့မီ ကျောင်း တွင် ခိုနားသည့်အနေနှင့် ကျွန်တော် ဆရာဝင်လုပ်နေခဲ့သည်။ ကျန်ခဲ့သည့် နှစ်ကဖြစ်သည်။ အစသော် အပျော်အပျက်လိုလိုနှင့် ယခုတော့ တပည့်များ အပေါ်တွင်လည်း သံယောဇဉ်တွယ်သည်။ ကျောင်းအပေါ်မှာလည်း စေတနာသက်ရောက်ခဲ့သည်။ သို့ဖြင့် ကျောင်းမှာ ကျွန်တော် အနေကြာလာခဲ့သည်။

တက္ကသိုလ်မှာတုန်းက အနုပညာအသင်းဝင်ကာ ပတ္တလားကို စနစ် တကျ သင်ယူတတ်မြောက်လာခဲ့သည်။ သီချင်းကြီး သီချင်းခံ့တွေကို တီး နိုင်ခဲ့သည်။

စင်စစ် ကျောင်းကို သံယောဇဉ်ဖြစ်မိခဲ့သည်မှာ စာသင်ခန်းကိစ္စ ကြောင့်ချည်းမဟုတ်။ သည်တွင် ဂီတကို ဝါသနာထုံသော ကျောင်းအုပ် ဆရာမကြီးနှင့်လည်း တွေ့ ရသည်။ ဆရာမကြီးသည် စောင်းတီးအတတ်ကို

ကျွမ်းသည်။ ဂီတဝါသနာရှိသည်၊ တပည့်လည်း ပေါများသည်။ ရုံခါ စု ပေါင်းတီးမှုတ်ကြသည်။ ရုံခါ ဂီတသင်ခန်းစာများကို ပို့ချသည်။

ယမန်နှစ် ဆရာမိဘ ပူဇော်ပွဲတွင် တင်ဆက်သည့် ကျောင်းကပွဲမှာ မြို့တွင် ပြောစမှတ်ပြုလောက်အောင် အောင်မြင်ခဲ့သည်။ သည်လိုနှင့် ကျောင်းတွင် ပျော်ပိုက်နေမိခြင်းဖြစ်သည်။

အေးသီမမှာ ကျောင်းသူဟောင်းတစ်ယောက်ဖြစ်နေသည့်အတွက် ထိုက်သင့်သလောက် သံယောဇဉ် ဖြစ်ရသည်။

"ဘယ်နှစ်တန်းနဲ့ ကျောင်းထွက်ခဲ့တာလဲကွ"

"ခုနစ်တန်းနဲ့ပါ ဆရာ"

"ဘာဖြစ်လို့လဲဟင်၊ စာမေးပွဲကျလို့လား"

"ဖေဖေဆုံးသွားလို့ပါ။ အေးသီမတို့က ချို့တဲ့ပါတယ်။ နောက်တစ် ကြောင်းကလည်း ကိုယ့်အကြောင်းကိုယ်သိလို့ပါ။ အေးသီမက ကျောင်းစာ နဲ့ ဖြစ်ထွန်းမှာမဟုတ်ပါဘူး"

အေးသီမသည် အနည်းငယ်ရဲရင့်လာသည်။ ပွင့်ပွင့်လင်းလင်း ပြော တတ်ပုံကလေးကိုလည်း နှစ်ခြိုက်လာမိသည်။

"မင်းက သီချင်းဆိုတတ်လို့လား"

သည်တွင် မောင်မောင်က ကြားဝင်လာသည်။

"သူလား သိပ်ဆိုတတ်တာပေါ့ ဆရာ။ ဒီလို ဆရာရဲ့ ၊ အေးသီမရဲ့ ဖေဖေက နာမည်ကြီးနှဲဆရာပဲ။ ဓာတ်ထဲမှာ နှဲလိုက်မှုတ်နေတာ"

"အော်..."

"ဒါပေမဲ့ ဖေဖေကတော့ အေးသီမ ကတာ၊ ခုန်တာ၊ ဆိုတာ၊ တီးတာ မကြိုက်ခဲ့ပါဘူး"

"အေးလေ၊ စမ်းကြည့်ကြသေးတာပေါ့။ ကိုယ် ခုနကတီးတာ ဘာ သီချင်းလဲ သိတယ်မဟုတ်လား"

"သိပါတယ်ဆရာ၊ သာဆန်းရဂုံဇွဲပါ။ မြဝတီမင်းကြီးဦးစရေးတဲ့ သီချင်းပါ"

"မင်း ရသလား"

"ရပါတယ် ဆရာ"

"ဒါဖြင့် ဆိုစမ်းကြည့်ရအောင်"

အေးသီမသည် ပတ္တလားရှေ့မှာ ကျုံ့ကျုံ့ယုံ့ယုံ့လာထိုင်သည်။ စည်း နှင့် ဗျောက်ကို ကောက်ယူသည့်အတွက် အံ့သြရသေးတော့သည်။ တွေ့ဖူး သည်ကဆိုတော့မည်ဆိုလျှင် အလွတ်သာဆိုတတ်ကြသည်။ စည်းနှင့်ဝါး ကို နိုင်နိုင်နင်းနင်း ကိုင်တတ်လေ့မရှိကြ။

အတောပိုဒ်ဆုံးလျှင် အေးသီမ၏အသံဝင်လာသည်။

"သာဆန်းယယ်တည့် ရဂုံဇွဲ၊ ညှင်းပြေပြေ လေပြည်လောင်း

ညှာခြေစိမ်းရင့်မောင်း။ ညောင်းရွက်ကယ်တည့် ကြွေလေဟန် မြည္ဟာ ရွှေရည်စ သင်းကျုံကျုံလေ တည့်ဝင်းတဲ့ ဝင်းလျှံလျှံ" အေးသီမ၏အသံသည် အေးသည်၊ နွဲ့သည်။ သို့သော် ဝေစီသည်။ မြည်သည်။ ပင်ကိုကပါသော အနုပညာပေပဲထင့်။ စာပေါင်ပုံအောင် ဆိုနိုင်စွမ်းရှိသည်။ စည်းဝါးအတိမ်းအချော်မရှိ။

နှဲ့နှင့်လေ့ကျင့်ခဲ့ရ၍ထင်သည်။

အဆွဲအငင် လေယူလေသိမ်းကောင်းလှပေသည်။

"ဟ... ဘယ်ဆိုးလို့တုန်းကွ၊ မင်းမှာ ပါရမီရှိသားပဲ။ ဟိုတုန်းက မင်း ဘယ်ရောက်နေသလဲ အေးသီမ"

"အကြောင်းမသင့်သေးလို့ပါ ဆရာ။ အေးသီမ အဝေးမှာရှိနေတာ မဟုတ်ပါဘူး။ ဆရာ့အိမ်နဲ့ သုံးအိမ်ခြားမှာတင် ရှိနေခဲ့တာပါ။ ဆရာ ပတ္တလားတီးနေသံကြားတိုင်း လာချင်နေမိတာ။ အလုပ်မအားတာနဲ့၊ ဆရာ နဲ့ စိမ်းနေတာနဲ့ မလာဖြစ်ခဲ့တာပါ။ အခုတောင် မောင်မောင်က ဆရာက သဘောကောင်းပါတယ် ငါလိုက်ပို့ပေးမယ်ဆိုလို့ လာဖြစ်တာ"

"ဆရာ ဝမ်းသာပါတယ် အေးသီမ။ နောက်ကိုလည်း လာခဲ့ပေါ့။ ဆရာက တီးတဲ့ဘက်မှာသာဖြစ်တာကွ။ အသံကတော့ ပုံမလာပါဘူးဆိုတာ လိုပဲ။ အခုတော့ တို့ဆရာတပည့်နှစ်ယောက်ပေါင်းပြီး တစ်စင်ထောင်နိုင်ပြီ ပေါ့ကွာ၊ ဟုတ်စ"

သည်လိုနှင့် အေးသီမနှင့် ရင်းနှီးခဲ့ရသည်။ ခင်မင်ခဲ့ရသည်။ အချိန်အားရလျှင် အေးသီမသည် အိမ်ဘက်သို့ကူးလာမြဲ၊ သီဆိုတတ်မြဲ။

သိကျွမ်းခင်မင်သည်နှင့်အမျှ အေးသီမ၏ဘဝကို တစ်စထက်တစ်စ နားလည်ခဲ့ရသည်။

"အေးသီမတို့ရဲ့ဘဝကတော့ ဖေဖေရှိကတည်းက မချောင်လည်ခဲ့ ပါဘူး။ နှဲသမားပါးလိုပဲပေါ့။ ပိန်ချည်တစ်လှည့် ဖောင်းချည်တစ်ခါပေါ့။ နွေဘက် ဇာတ်ထွက်တဲ့အခါမှာ ဝဝလင်လင်စားရပါရဲ့။ မိုးကျလို့ ဇာတ် ခေါင်းကွဲပြီဆိုတာနဲ့ တစ်ပြုံငနက် ထမင်းရက်ချန် ရေရက်မှန်ဖြစ်ခဲ့ရတာ ပါပဲ"

ယခုတော့ အေးသီမတို့မှာ မအေတစ်ခု သမီးတစ်ခုဆိုသလိုပင်။ ဆယ်ပေခန်းကလေးတစ်ခန်းကို ငှားရမ်းနေထိုင်ရသည်။ မိခင်ဖြစ်သူက မမာချာလှ။ ဝင်ငွေဟူ၍ တစ်ခါတစ်ရံ အေးသီမ မင်္ဂလာဆောင်တွေ၊ ညွှေ့ခံ ပွဲတွေမှာ ဆိုခ၊ ချီကောက်လိုက် က,ရ၍ ရသမျှနှင့် ရောင့်ရဲနေခဲ့ရသည်။ သည်အကြောင်းတွေသိရတော့လည်း သံယောဇဉ်ဖြစ်ရသည်။ စာနာသနားစိတ် ဝင်ရသည်။

စင်စစ် မိမိကိုယ်တိုင်ကလည်း ချမ်းသာသူမဟုတ်ခဲ့ပေ။ အေးသီမ ဘဝနှင့် ခပ်ဆင်ဆင်ပင်။ သို့ပေမဲ့ ယောကျာ်းတစ်ယောက်ဖြစ်သည်။ ခေတ်ပညာကိုလည်း ချို့ချို့တဲ့တဲ့ကြားမှပင် သင်ယူတတ်မြောက်ထားခဲ့သည်။ တစ်ကိုယ်ရေတစ်ကာယဖြစ်သည်ဆိုသည့် အချက်များကြောင့် များစွာဖြေ သာသည်။

သံယောဇဉ်ဖြစ်ခဲ့ရပြီဆိုတော့လည်း လခထုတ်ရက်မှာ စားသောက်ဖွယ်အစ၊ အဝတ်အထည်အစ၊ ငွေကြေးအစ ထောက်ပံ့မှုပေးသည်။ သည်တော့ အေးသီမ ဆိုညည်းရှာသည်။

"ဆရာလည်း အေးသီမတို့နဲ့ အသိအကျွမ်းဖြစ်ရတာ ဝဋ်ဒုက္ခတစ်မျိုးပဲနော်"

"ဘာဖြစ်လို့လဲကွ"

"အော်...ဆံထုံးလည်းထုံးပေးရ၊ ဆီလည်းစိုက်ရဆိုတာလို အနှာဘက်ကချည်းပဲ"

"တော်စမ်း အေးသီမ၊ နောက် ဒါမျိုးမပြောနဲ့"

ငေါက်ငမ်းခဲ့ရသေးသည်။

"အေးသီမလေ သီချင်းဆိုနေရ၊ ကခုန်နေရရင် ဘဝကို မေ့ပြီး သိပ်ပျော်တာပဲ ဆရာရယ်"

အေးသီမ၏စကား။

မှန်သည်။ သည်မိန်းကလေးတွင် အနုပညာဗီဇပါသည်။ ဝါသနာ လည်း ထုံပုံရသည်။

တစ်နေ့တွင် အနုပညာအကျော်အမော်ဖြစ်ရမည်ဟု ကျွန်တော် ဗေဒင်ဟောခဲ့သည်။

ယခုတော့ မမှန်ပေဘူးလား။

တစ်ချိန်က ချို့တဲ့နွမ်းပါးခဲ့သော အေးသီမ။

ယခုတော့

နိုင်ငံကျော် ရုပ်ရှင်မင်းသမီးကြီး ခင်သီတာ။

(၃)

မီးများ ဖျတ်ခနဲလင်းလာသည်။ စတူဒီယိုအတွင်းမှ အမှောင်ကို မီး အလင်းရောင်က တွန်းထုတ်ပစ်လိုက်သည်။

ဒါရိုက်တာလူငယ်သည် ကျွန်တော့်ထံရောက်လာသည်။ လက်ဆွဲနှုတ်ဆက်သည်။

"ကွန်ကရက်ကျူးလေးရှင်းပါ ဆရာ၊ ဆရာ့လက်ကျကောင်းတုန်း ရှိပါသေးတယ်။ ကျွန်တော်တို့ မျှော်လင့်တဲ့အတိုင်းပါပဲ။ ဆရာ့မှာ အနုပညာ ကုန်ခန်းမသွားသေးပါဘူး"

ဘာပဲပြောပြော မိမိအလုပ်တစ်ခုကို တစ်ပါးသူက နှစ်သက်ချီးကျူးသည်ဆိုတော့ ဝမ်းသာမိသည်။ သင်းကလေးတွေ မိမိကို မမေ့ကြသေးပါ ကလား။ ထုတ်ဖော်ဂုဏ်ပြုဖော်ရပါသေးကလား တွေးမိကာ မျက်ရည်လည် မိသေးသည်။

"ကျောင်းက ဆရာထွက်သွားတော့ တစ်ကျောင်းလုံး တိတ်ဆိတ် သွားတာပဲ ဆရာ။ ဘယ်သူက တရားတယ်၊ ဘယ်သူက မတရားဘူးဆိုတာ

အားလုံးကသိကြပါတယ်။ ဒီတုန်းက ဆရာ သက်သက်ခံလိုက်ရတာပဲ” သည့်စကားကို ဆိုလာလေတော့လည်း အတိတ်အဟောင်းပုံအကြား က အကြောင်းစုံကို ပြန်လည်သတိရဖွယ် ဖြစ်လာသည်။ နာကြည်းစွာ ပြုံးနေလိုက်ရသည်။

သည်လို နာကြည်းပြုံးကလေးကို ဟိုတုန်းကလည်း ပြုံးခဲ့ဖူးသည်။ အနက်ရောင်စွန်းခဲ့သည့် အတိတ်စွမ်းကလေးကို မတမ်းတဘူးဆို ပေမယ့် သတိရမိသေးတော့သည်။

သည်ဖြစ်စဉ်မှာ သည်သနစ်ကို မလှစ်ဟဘူးဆိုလျှင်လည်း ဖြစ်နိုင် စကောင်းသည် မှန်သော်လည်း သည်နေရာမှာ အနည်းငယ် စကားတန် ရှည် ခွင့်ပြုစေချင်သည်။

တတိယနှစ် ကျောင်းကပွဲမှာ ပြဿနာက စခဲ့သည်။ သည်မှာ ခင်မမလည်း ပါဝင်လာသည်။

ခင်မမ ဆိုသည်က ဆရာမတစ်ယောက်ပင်။ မိမိလိုပင် ဘွဲ့ရဆရာမ။ မိဘအသိုင်းအဝန်းက ကြီးသည်။ သူမ၏ဖခင်မှာ မြို့မှ အထက် တန်းစား အရာရှိကြီးတစ်ဦး၊ ချမ်းသာကြွယ်ဝသည်။

တိုက်နှင့် ကားနှင့် နေချင်သေးသလား။ ငွေဆိုသည်ကလည်း အလျှံပယ်။ သို့ပေမဲ့ သည်ခင်မမက အဆန်းသား။ ခပ်ရိုးရိုး ခပ်အေးအေးနေသည်။ အရှက်အကြောက်ကြီးသည်။

ပြီး ငွေအတွက်မဟုတ်ဘဲ ဝါသနာအရ ကျောင်းဆရာမဖြစ်လာသည်။

ခင်မမသာ လိုချင်လျှင် စိန်တစ်ဆင်စာဆိုသည်ကလည်း အရုံသင့်။

အများတကာလို ဖွဲ့ဆိုကြေးဆိုလျှင်တော့ ခင်မမ၏အလှအပက လည်း စာတစ်စောင်ပေတစ်ဖွဲ့ ဖွဲ့နွဲ့နိုင်မည်ပင်။

ရှိရှိခဲ့ဖူးသမျှ အလှဘွဲ့တို့သည်လည်း ခင်မမနှင့်သာ စပ်ဆိုသည်ဟုဆိုသော် ရစကောင်းအံ့ထင်သည်။

“ဝင်းညိုမွှေးမွတ်၊ ကြာလတ်နဲ့ချော၊ သဘောစင်ဖြူ၊ မြူသို့ဟူ၍၊ မြင်သူမူးမော်၊ တွေးခေါ်ဟမ္ဗွက်၊ ဆိုမျိုးခက်ခဲ့၊ အတတ်ကျူးလွန်၊ တင့်မောဟန်”နှင့်လည်း ခင်မမမှာ ပြည့်စုံသည်။

“ရွှေရည်သွန်း၍၊ မုတ်နန်းသစ်သစ်၊ မြခြည်ရစ်သို့၊ ပြင်တန်ဖွေနည်း၊ စွန်းမယ့်သည်ကြောင့်၊ လှရည်ပယင်း သားရွှေဝင်းနှင့်”ဟု ခိုင်းနှိုင်းမည်ဆို လျှင် ခင်မမနှင့်ပတ်သက်လျှင် အတိဝုတ္တ ဒေါသကင်းမည်ထင်သည်။ သို့ဖြင့် ခင်မမသည် ကျောင်း၌၊ မြို့၌ ကျော်စောခြင်းအတူ ရပ်တည် နေသူဖြစ်သည်။

ယခင်ကတော့ သည်ခင်မမနှင့် အရောတဝင် အကြည်အဖြူ မနေဖြစ်ခဲ့ပါ။ ခပ်မှန်မှန်၊ ခပ်တန်းတန်းပင် ဆက်ဆံခဲ့သည်။ စကားနည်းသော၊ ဂုဏ်ဒြပ်ကြီးသော ခင်မမဖြစ်၍ အနေစိမ်းခဲ့သည်လည်း အမှန်။

ကျောင်းကပွဲကို အကြောင်းပြုပြီး အနေနီးစပ်ရသည်။ ရင်းနှီးကျွမ်း

ဝင်ရသည်။

ဆရာမကြီးက "ကပွဲမှာပါတဲ့ ကျောင်းသူကျောင်းသားတွေကို ဆရာမ ဒေါ်ခင်မမကပဲ ကြီးကြပ်ပါ။ သူတို့ နေရေး၊ ထိုင်ရေး၊ သွားရေး လာရေး ကို တာဝန်ယူပါ'ဆိုသည်နှင့် ခင်မမကလည်း ပါဝင်လာခဲ့ရသည်။ သည်လိုနှင့် ဇာတ်တိုက်၊ သီချင်းတိုက်သည့် နေရာတွေမှာ ကလေးတွေ အပြန်မှာ နှစ်ယောက် ပူးတွဲတာဝန်ယူရသည်။

သည်လောက် စိမ်းလန်းနုပျိုတဲ့ မြက်ကိုမှမကြိုက်လျှင် ဘာနွားမို့လဲဟု ပြောမည်ဆိုလျှင်လည်း အပြောခံရရုံသာရှိသည်။ တကယ်စင်စစ် ခင်မမကို ကျွန်တော်မချစ်ချေ။

လူ့စိတ်ဆိုသည်က အဆန်းသား၊ လှတိုင်း၊ အနေနီးစပ်တိုင်းသာ ချစ်ကြမည်ဆိုလျှင် ချစ်သူဟူသည် တင်းတောင်းနှင့် ခြင်ရမတတ်ရှိမည်။ ထိုနည်းတူ ခင်မမကလည်း ကျွန်တော့်ကိုမချစ်ချေ။ ဤသည်ကို ကျွန်တော်အသိ။

မချစ်နိုင်သည့်အကြောင်းကလည်း မြောက်မြားစွာရှိနေသည်။ ခင်မမ နှင့် ကျွန်တော်တို့ အဆင့်အတန်းချင်း ကွာလှသည်။ ပြီး သူမမှာက ချစ်ဖူးသူနှင့်။ ချစ်ဦးသူနှင့်။ သို့သော် ကျွန်တော်တို့မှာ ထိုက်သင့်သလို သံယောဇဉ်တော့ ရှိကြသည်။

အစာအိမ်ရောဂါ စွဲကပ်စဖြစ်သော ကျွန်တော့်အတွက် အိမ်မှ တကူးတက ကော်ဖီဖျော်လာတာမျိုး၊ ဘီစကွတ်ဝယ်လာတာမျိုး၊ အဆာမခံဖို့ သတိပေးတာမျိုးတွေ ရှိသည်။ ကလေးတွေပို့ပြီး နောက်ဆုံးမှ ခင်မမကို လရောင် ကျိုးကျဲတွင် စကားစမြည်ဆိုကာ အိမ်ပေါက်ဝအထိ လိုက်ပို့တာမျိုး၊ နောက် တော့ အိမ်မှာ တစ်ခုခုဝင်စားရင်း ညဥ့်နက်ခဲ့တာမျိုးတွေ ရှိသည်။ ပြဿနာက ဖြစ်ချင်တော့ ခင်မမကို တစ်ဖက်သတ်ပိုးပန်းနေသူက ပြာလဲ့ကို ဇာချဲ့လာသည်။ တိုင်စာတွေပို့သည်၊ မြို့နယ်ပညာရေးမှူးရုံးသို့ ပို့သည့်တိုင်စာ။ ဆရာမကြီး၏လက်ထဲသို့ ရောက်ခဲ့ပုံရသည်။ ဆရာမကြီးက ကျွန်တော့်ကို ရုံးခန်းထဲသို့ ခေါ်တွေ့သည်။

"ဘယ်လိုလဲ ဆရာ"

"ဘာကိုဘယ်လိုရမှာလဲ ဆရာမကြီးရဲ့"

နီရဲတင်းမာနေသည့် ဆရာမကြီး၏ မျက်နှာအရိပ်အကဲကို မသိကျိုးကျွန်စွာ အခါတိုင်းကလို ရွှတ်နောက်နောက် ဆိုမိသည်။ "ဆရာတို့ကိစ္စကိုပြောတာ၊ ကိုယ်တိုင်က ကလေးတွေရှေ့မှာ စံပြ နေနေရမယ့်သူတွေအနေနဲ့ အခုလို စည်းဖောက်ကြတာတော့ မကောင်းဘူး" သည်တော့လည်း အရှုန်းအပြက်မလုပ်တော့နိုင်။

"ဆရာမကြီး ဘာကိုဆိုလိုတယ်ဆိုတာ ခုထိ ကျွန်တော် မသိသေးဘူး"

"မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား။ ဟော့ဒီမှာ တိုင်စာ"

သည်တော့မှ ခင်မမနှင့်ပြဿနာစသည်ကို သိရသည်။ တိုင်သူက

ကိုယ့်ထမင်းကိုယ်စားကာ ခရေစေ့တွင်းကျ လိုက်ကြည့်ထားပုံရသည်။ နေ့ ရက်၊ အချိန်နာရီနှင့် တိကျလှသည်။ သည်တော့ ဒေါသမှသည် ကြေကွဲခြင်းသို့ ရောက်ရသည်။ “ဆရာမကြီးက ယုံချင်လည်းယုံပါ။ မယုံချင်လည်းနေပါ။ ဒေါ်ခင်မမနဲ့ ကျွန်တော်တို့ တိုင်စာထဲကလို မဟုတ်ကြဘူးဆိုတာ ကာယကံရှင် အနေနဲ့လည်း သိတယ်၊ နတ်သိကြားတွေလည်း သိကြမှာပါ”

ခံပြင်းမှုသည် ရင်ထဲသို့ ဝင်ရောက်လာသည်။

“ဘာပဲပြောပြောပေါ့လေ၊ ဒီလိုတိုင်တဲ့တောတဲ့အဆင့်အထိ ရောက်ရတယ်ဆိုတာတော့ ဘယ်နည်းနဲ့မှမကောင်းဘူး။ ဒီတော့ ကျွန်တော် အခု ပဲ ပညာရေးဌာနကို ထွက်စာတင်လိုက်ပါ့မယ်။ ထွက်ခွင့်ရအောင် ဆရာမ ကြီးက ဆောင်ရွက်ပေးပါ”

သည်နောက် ရုံးခန်းကို စွန့်ခွာခဲ့သည်။

ကျောင်းနှင့် ဝေးလေတော့သည်။

ခင်မမနှင့် ဝေးလေတော့သည်။

ကျောင်းဆရာလူထွက်ဆိုသည်ကလည်း ဘုန်းကြီးလူထွက်လိုပင် ဖြစ်သည်။

ပြင်ပသို့ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် မလုပ်တတ် မကိုင်တတ်၊ မနေတတ် မထိုင်တတ်။

ယခုတော့ မြေဖြူနှင့် ဘောဖျက်ကိုပင် ကိုင်ရတုန်းရှိသေးသည်။ အလွတ်ပညာသင်ကျောင်းမှာဖြစ်သည်။ ဆရာပဲဖြစ်သည်။

မကိုင်ဖြစ်ခဲ့သည်မှာ ပတ္တလားရွက်ဆံများနှင့် လက်ခတ်တံများသာ ဖြစ်လေသည်။

အသံလုံ စတူဒီယိုအခန်းတံခါးပွင့်သွားသည်။ အပြင်သို့ ထွက်ခဲ့ သည်ဆိုလျှင်ပင်-

“ဆရာ”

နှုတ်ဆက်သံကြားလိုက်ရသည်။

“အော်...ခင်သီတာ၊ မပြန်သေးဘဲကိုး”

“ဟုတ်တယ် ဆရာ၊ ဆရာ့ကိုစောင့်နေတာ”

“ကိုယ့်ကို "

“ဟုတ်ပါတယ် ဆရာရဲ့၊ သီတာ ဆရာနဲ့စကားပြောချင်လို့ပါ”

ကျွန်တော့်စိတ်မှာ တွေဝေနေသည်။

“ဘာလဲ ဆရာ၊ ဆရာက သီတာနဲ့ စကားမပြောချင်ဘူးလားဟင်...”

“ပြောချင်ပါတယ်ကွယ်”

“ဒါဖြင့်လည်း အိမ်ကိုလိုက်ခဲ့ပါလား ဆရာ”

“အဖွဲ့က ရှိသေးတယ်”

“သူတို့ဘာသာ ပြန်ကြမှာပေါ့”

“ကောင်းပြီလေ၊ ကိုယ် မင်းနဲ့လိုက်ခဲ့မယ်ဆိုတဲ့အကြောင်း သွား ပြောလိုက်ဦးမယ်”

ဒါရိုက်တာလုပ်သူအား ခွင့်တောင်းရသည်။

ခင်သီတာက ခေါ်တာပဲ။ သည်ကနေ့ခေတ် ဒါရိုက်တာဆိုသည်က မင်းသမီး၊ မင်းသားမျက်နှာ ကြည့်နေရသည့်အမျိုး၊ ရှောရှောရှူရှူ ခွင့်ပြုသည်။ အမှန်မှာ သူတို့က ကျွန်တော့်အား ဂုဏ်ပြုသည့်အနေနှင့် ဟိုတယ် တစ်ခုခုမှာ ညစာကျွေးဖို့ စီစဉ်ထားသည်။ အစီအစဉ်ပျက်ပေတော့မည်။

ခင်သီတာမှာ မော်တော်ကားပါသည်။ ကိုယ်တိုင်မောင်းသည်။ ကျွန်တော်က နံဘေးမှပင် ဝင်ထိုင်လိုက်ရသည်။ ကားထဲမှာ နှစ်ယောက် တည်း။

ကားသည် အမှောင်လွှမ်းစ၊ လမ်းမီးများလင်းစ ပြည်လမ်းမအတိုင်း ပြေးနေသည်။

“အမေ နေကောင်းရဲ့လား ခင်သီတာ”

“မေမေဆုံးတာ သုံးနှစ်လောက်ရှိပြီ ဆရာရဲ့”

“အော်…အမေဆုံးရှာပြီကိုး”

“မေမေက ခုနစ်ဆယ်ထဲမှာ လူကြီးရောဂါနဲ့ဆုံးတာ။ ဘာလိုလိုနဲ့ သီတာတို့အသက်တွေလည်း မငယ်ကြတော့ဘူးနော်”

“ဟုတ်တယ်”

“ဆရာကတော့ သိပ်ပြောင်းမသွားသလိုပဲ”

“မင်းကတော့ သိပ်ပြောင်းသွားတယ် ခင်သီတာ။ ကျန်းမာရေးကို ဂရုစိုက်ဦး။ ဆေးလိပ်လျှော့ပေါ့”

ခင်သီတာက ရယ်လိုက်သည်။ “ဆရာကတော့ အာစရိယလေပါပဲနော်”

“ဒါပေါ့ကွာ၊ ကိုယ်တို့က ဘဝအပြောင်းအလဲက နည်းတယ်မဟုတ် လား။ စိတ်ရော၊ လူရော၊ ဘဝမှာရောပေါ့။ မင်းတို့နဲ့စာရင်တော့ ကိုယ်တို့ ဘဝက သိပ်ကို ပျင်းရိခြောက်သွေ့ စရာကောင်းနေမှာပဲ ခင်သီတာ”

“ဆရာ”

“ဟင်…”

“အရင်ကလိုပဲ အေးသီမလို့ ခေါ်ပါလား ဆရာရယ်…”

“ဒီနာမည်အရင်းကိုသုံးရင် မင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နေမလားလို့ပါ ”

“အေးသီမမှာ အခုတော့ ထိခိုက်စရာဂုဏ်သိက္ခာများ ရှိသေးလို့လား ဆရာရဲ့”

ကျွန်တော်က ဘာမျှပြန်မပြောမိဘဲ ခင်သီတာဘက်သို့ စောင်းငဲ့ ကြည့်မိသည်။

ခင်သီတာ၏မျက်နှာထားသည် ပြုံးနေသည့်ကြားမှ တင်းမာနေသယောင် ထင်ရသည်။ မျက်ဝန်းများသည် အေးစက်ဝေသီနေသည်။ “ဆရာတို့အနေနဲ့ကြည့်ရင်တော့ အေးသီမရဲ့ဘဝဟာ အားကျစရာ

ကောင်းရင်ကောင်းနေမှာပါ။ ဝင်ငွေကောင်းတယ်။ နာမည်ကျော်ကြားတယ်။ ဒါပေမဲ့ ဆရာရယ်၊ အေးသီမလေ အခုနေအခါ ဟင်းရွက် ကန်စွန်းရွက် ရောင်းရတဲ့ ဈေးသည်တစ်ယောက်လောက်တောင် ကိုယ့်ဘဝကိုယ် မပျော်ပိုက်နိုင်ဘူး”

“မင်းတို့လို လူမျိုးကတောင် ဘဝအပေါ်မကျေနပ်နိုင်ဘူးဆိုတော့ ကိုယ်တို့တစ်တွေ ဘယ်လိုနေကြရတော့မလဲကွယ်”

“ဆရာ့ကိုခေါ်လာပြီး စိတ်ဒုက္ခပေးသလို မဖြစ်စေချင်ပါဘူး။ ကဲပါ ဆရာရယ် လောလောဆယ် ဘဝအကြောင်းမပြောဘဲနေကြရအောင်ပါ”

သည်မှာ စကားပြတ်ရသည်။

ကားသည် မကြာမီ ခြံဝိုင်းတစ်ခုထဲသို့ ထိုးဝင်လိုက်သည်။

“ဒါ အေးသီမရဲ့အိမ်ပဲ ဆရာ”

အေးသီမ၏အိမ်မှာ ခေတ်မီလှပသော ကော့တေ့ချ်ဆန်ဆန် အိမ်ကလေးဖြစ်သည်။ နေချင့်စဖွယ်ရှိသည်။ အေးဆေးတိတ်ဆိတ်ကာ သစ်ပင်ပန်းမန် ဝေဝေဆာဆာနှင့်။

“ကဲ အိမ်ထဲကိုကြွပါဆရာ”

အိမ်ထဲမှာလည်း ခမ်းခမ်းနားနားပင်။ ဆိုဖာဆက်တီတွေ၊ နောက်ဆုံးပေါ် အသံသွင်း အသံထုတ်စက်တွေနှင့်။

အိမ်မှာ လူများများစားစားမတွေ့ရ။ အိမ်ဖော်မိန်းကလေး တစ်ယောက်သာ ထွက်၍ကြိုသည်။

ခင်သီတာက ထမင်းစားခန်းအထိ ဦးဆောင်ခေါ်ဝင်သွားသည်။ ရေခဲသေတ္တာထဲမှ ပုလင်းထုတ်ယူသည်။ ဂျော်နီဝါးကားအနီပတ်။ ဖန်ခွက် နှင့် ဆော်ဒါပုလင်းကို ရှေ့မှာချပေးသည်။

“သောက်တယ်မဟုတ်လား ဆရာ ”

“အာပတ်လွတ်ရုံ အနည်းအပါးတော့ သောက်ပါတယ်။ ကိုယ်က ကျောင်းဆရာကွ။ သိပ်မူးလို့မဖြစ်ဘူး”

“အေးသီမ ငြီးစီစီဖြစ်လာလို့ ရေချိုးလိုက်ဦးမယ် ဆရာ။ ဖြည်းဖြည်း သောက်ရင်း စောင့်ပါနော်”

“ဟုတ်ပါပြီ၊ ဩော်...ဒါထက် ခင်မောင်လတ်တစ်ယောက်ကော ခင်သီ အဲ...အေးသီမ ”

ခင်သီတာ၏ သေးမျှင်သောမျက်ခုံးသည် ပင့်တက်သွားသည်။ “ဆရာမသိသေးဘူးလား”

“ဘာကိုလဲ”

“ကိုလတ်နဲ့ အေးသီမတို့ လွန်ခဲ့တဲ့တစ်လလောက်ကပဲ ကွာရှင်းပြတ်စဲခဲ့ကြတယ်လေ”

“ဩော်...ပါးစပ်သတင်းလိုလိုတော့ အကြားမိသား။ ကိုယ်ကလည်း

ရုပ်ရှင်ဝါသနာအိုး လူငယ်ကလေးလို မင်းတို့အကြောင်း မစပ်စုမိဘူး။ ဒီသတင်းကြားရတာ စိတ်မကောင်းပါဘူး”

“စိတ်မကောင်းမရှိပါနဲ့ ဆရာ၊ အခုမှ အေးသီမ ဝင့်ကျွတ်ရတာပါ။ ကိုယ်တော်က ငွေသုံးသောင်းနဲ့ ကားတစ်စီးယူသွားတယ်လေ”

“ဩော်”

“ပြီးမှ ဒီအကြောင်းပြောရအောင် ဆရာ၊ အေးသီမ ရေချိုးလိုက်ဦးမယ် ”“ဟုတ်ပြီ”

ခင်သီတာထွက်သွားလျှင် ဝီစကီပုလင်းကိုဖွင့်သည်။ တစ်ပက်စာ မှန်း၍ထည့်ကာ ဆော်ဒါရောစပ်လိုက်သည်။

ဝီစကီ၏ ရှတတအရသာကို လျှာမှာခံကြည့်သည်။ အတွေးသည် နက်ရှိုင်းလာသည်။

ခင်သီတာတို့၏ဘဝတွေက အပြောင်းအလဲများသည်။ အခုတစ်မျိုး အတော်ကြာတစ်မျိုး အမျိုးမျိုးပါပဲကလား။

ခင်မောင်လတ်

စင်စစ် နာကြည်းစွာဖြင့် ပြုံးရခြင်းမျိုးသည်ဘဝ၌ တစ်ကြိမ်တစ်ခါတည်းသာ ပေါ်ပေါက်ခဲ့သည်မဟုတ်ချေ။ အကြိမ်ကြိမ် အခါခါပင်။

ခင်မောင်လတ်နှင့်ပတ်သက်၍ကား အကြိမ်ပေါင်း မြောက်မြားစွာ ပင် ဖြစ်ပါလိမ့်မည်။

(၄)

အေးသီမက ဆတ်ဆော့လာခြင်းပင် ဖြစ်သည်။ ကျောင်းဆရာ အလုပ်ကနုတ်ထွက်ပြီး အလုပ်လက်မဲ့ဘဝနှင့်ပင် ပတ္တလားတီးလိုက်၊ အိမ်လည်လိုက် လုပ်နေခဲ့သည်။ သည်အခါ တစ်လှည့် ကျွေးမွေးသူတွေက အေးသီမတို့သားအမိ။

အေးသီမက အလုပ်ဖြစ်နေသည်။ ဇာတ်တစ်ဇာတ်တွင် ချီကောက် လိုက်ကနေသည်။ ချီကောက်ဆိုသည်မှာ ပုံမှန်ငွေကြေးဖြင့် အစဉ်ကနေရသူ မဟုတ်။ ပွဲတွင် လူလစ်လပ်သည့်နေရာမှာ ဝင်ကရကာ တစ်ချီပေးစနစ် ဖြင့် အခကြေးငွေယူ ကပြရသူဖြစ်သည်။ စာချုပ်စာတမ်း ရှိသည်မဟုတ်။ ပွဲတစ်ချီကရလျှင် ထိုအချီအတွက် ညကြေးရသည်။ မကရလျှင် ဝင်ငွေမရှိ။ တံငါနားနီးတံငါဆိုသလိုပင်။ အေးသီမနှင့် ပေါင်းမိပြီဆိုတော့လည်း သူမနှင့်နီးစပ်ရာ ဇာတ်သဘင်သို့ ပါဝင်ရတော့သည်။

သည်ဇာတ်မှာ ကြေးတီးဆရာသည် ရုတ်တရက်ဆိုသလို ပွဲအကူးမှာ ဆုံးပါးခဲ့သည်။ လောလောဆယ် လူရှာဖို့မလွယ်။ သို့မဟုတ် အေးသီမကပင် အဆွယ်ကောင်း၍လားမသိ။ ဇာတ်ဆရာက ကျွန်တော့်ကို လူစားဝင် ဖို့ ပြောသည်။

စင်စစ် ကျွန်တော် ကြေးမတီးစဖူး။ ကြေးကြုံးသားရေလေလက်ခုပ် ဆိုသလို နီးစပ်နေသည့် ပညာကားမှန်သည်။ မည်သည့်တူရိယာကိုမဆို

အနည်းငယ်စမ်းသပ်လိုက်သည်နှင့် မေးတီးတီး၍ရသည်လည်း မှန်သည်။ သို့သော် ဇာတ်အာ ဇာတ်အထာကို နားမလည်။

"မဖြစ်နိုင်ပါဘူးကွာ၊ ကိုယ်က အနုပညာကို ဝါသနာအလျောက် သာ လိုက်စားတာ။ အနုပညာနဲ့ ငွေရှာတဲ့အထိတော့ စိတ်မကူးပါဘူး" ငြင်းမိသေးသည်။

"မဟုတ်သေးပါဘူး ဆရာ၊ အေးသီမက ဆရာ့ကို အနုပညာနဲ့ ငွေ ရှာစားတဲ့အဆင့်အထိ ဆွဲချတာမဟုတ်ပါဘူး။ ဗဟုသုတပေါ့ဆရာရယ်။ အတွေ့အကြုံသစ်တွေနဲ့ တွေ့ ရတာပေါ့"

အာဂ အေးသီမ။ အဆွယ်ကောင်းသည်။

"နောက်တစ်ကြောင်းကလည်း အေးသီမတို့နဲ့အတူ ခရီးသွားရတာ ပျော်စရာကောင်းမှာပါ။ အေးသီမတို့ကလည်း အားကိုးအားထားဆိုလို့ မအေနဲ့ သမီးပဲရှိတာ။ ဒီအကြားမှာ မေမေကလည်း ကောင်းကောင်းကျန်းမာ တာမဟုတ်ဘူး ဆရာရဲ့"

အဖော်ကောင်းလျှင် ငရဲအထိလိုက်ဝံ့သည် မဆိုလိုပါ။ အေးသီမ အဆွယ်ကောင်း၍ ဇာတ်ထဲသို့ကား ပါဖူးသည်။

ဇာတ်၏အထာတွေ၊ ဟန်တွေ၊ ပန်တွေ၊ ဌာန်တွေ၊ မာန်တွေကို လေ့လာခွင့်ရသည်။ ပညာတိုးသည်လည်း အမှန်။ ဇာတ်သဘင်လောကသားတွေအကြောင်း တစေ့တစောင်း အကဲခတ်ခွင့်ရသည်။

သည်ဇာတ်မှာ ခင်မောင်လတ်နှင့် ဆုံရခြင်းဖြစ်သည်။ ။

ခင်မောင်လတ်က ပြဇာတ်မင်းသား

'တက္ကသိုလ်ခင်မောင်လတ်'ဆိုလျှင် ပရိသတ်အသည်းစွဲပင်။ အကယ် စင်စစ် တက္ကသိုလ်ရောက်ဖူး၍ ရှေ့မှ တက္ကသိုလ်တပ်ခြင်းဟုတ် မဟုတ်မူ မပြောတတ်။ ဆယ်တန်းပင် အောင်ပါ့မလားမသိ။ သို့ပေမဲ့ မည်သူကမျှ ရိုက်၍စစ်မည်မဟုတ်။ ဘယ်သူကမှလည်း အောင်လက်မှတ်ကို တောင်းမကြည့်ခဲ့။

သည်စဉ်က ဇာတ်သဘင်အနေနှင့်ကြည့်လျှင်တော့ ခင်မောင်လတ် က လျှမ်းလျှမ်းတောက်ကျော်ကြားသည်။ ရုပ်ချောသည်။ အပြောကောင်းသည်။ အဆိုတွင်မူ သင့်တင့်ရုံသာရှိသည်။

နောက်ပိုင်းဇာတ်ကြီးထက် ပြဇာတ်ကို အသားပေးနေရသောကာလ မို့ ဇာတ်အဖွဲ့ အတော်များများက သူ့ကို လိုချင်ကြသည်။ ညကြေးဆိုလျှင် လည်း ဇာတ်ဆရာလည်းဖြစ်၊ ဇာတ်ပိုင်ရှင်လည်းဖြစ်သော မင်းသားကလွဲ လျှင် အဖွဲ့သားတွေထဲမှာ သူ ကြေးအရဆုံး။

ခင်မောင်လတ်က စိတ်ကလည်းမြန်သည်။ အပြောင်းအလဲကလည်း များသည်။

ဇာတ်ဆရာမှာ သူ့ကိုချော့ရသည်က အလုပ်တစ်လုပ်ဖြစ်နေသည်။ အမှန်တော့ ခင်မောင်လတ်နှင့် အေးသီမတို့ သဟဇာတမျှလှသည် မဟုတ်ပေ။ ခင်မောင်လတ်ကို အေးသီမတို့လို ယိမ်းသမသာသာ မင်းသမီး တွေက ဘုရားလို

မော်ဖူးနေကြရသည်။ အေးသီမက ကိုယ့်ဣန္ဒြေနှင့်ကိုယ် နေတတ်သည်မို့ ခင်မောင်လတ်က မကျေနပ်။ သူနှင့်အရောဝင်ပြန်လျှင် လည်း ခြေဆော့လက်ဆော့ ပရောပရီနှင့်။

သည်အကြား ပွဲတစ်ပွဲတွင် ပြဇာတ်မင်းသမီး ခင်စန်းကြည် အပြိုင်းဖျားသည်။

တန်ဆောင်မုန်းလထဲတွင် ပွဲအချီများကာ ပွဲကူးကြမ်းသည်။ ရာသီဥတုဒဏ်၊ အပင်ပန်းဒဏ်ကြောင့် လူအတော်များများ နေမကောင်းဖြစ်ကြသည်။ ခင်စန်းကြည်က အဆိုးဆုံး။

သည်မှာ ခင်စန်းကြည်နေရာကို အေးသီမ ဝင်ယူရဖို့ ဖြစ်လာသည်။ သည်မှာ ယိမ်းသမနှင့် တွဲဖက်မကနိုင်ပါဆိုသူက ခင်မောင်လတ်။ မတတ်သာ၍ ကရပြီဆိုတော့လည်း ပရိသတ်ရှေ့မှာ ခင်ရေ၊ မောင်ရေ လုပ်ရပေမယ့် ကားလိပ်ကြားမှာ တကျက်ကျက် ရန်ဖြစ်ကြရသည်။ အေးသီမဘက် မှလိုက်၍ မခံချိခဲ့သူမှာ ကျွန်တော်။

သို့သော် သည်ပွဲမှာ အေးသီမ အောင်မြင်သည်။ ပရိသတ်က ခင်စန်းကြည်ထက် လက်ခံသေးသည်။ အေးသီမက ပညာအရာတွင် မမီစေနှင့်ဦး၊ ငယ်ဂုဏ်ရှိသည်မဟုတ်လား၊ ရုပ်ပြကောင်းသည်မဟုတ်လား။ အဆိုမှာမူ ပြတ်ပြတ်သားသား သာသည်။

သည်လိုနှင့် အေးသီမသည် နောက်နှစ်တွင် ပြဇာတ်မင်းသမီး ဖြစ်လာသည်။ အေးသီမ၏အောင်ပွဲတို့ စခဲ့သည်။

သည်နှစ်မှာတော့ ကျွန်တော် အေးသီမတို့နှင့် မလိုက်ဖြစ်တော့ချေ။ စင်စစ် ဇာတ်သဘင်အလုပ်မှာ တော်ရုံတန်ရုံဖွဲ့နှင့်၊ ဝါသနာနှင့် အရင်းတည် ၍ မရ။ ဇာတ်ခုံပေါ်မှာ ညင်ညင်သာသာကပြနေသည့် မင်းသားတစ်လက် သည် ဆိပ်ကမ်းမှာ ဆန်အိတ်ထမ်းနေသူထက် ပို၍ပင်ပန်းသည်။ အိပ်ရေး ပျက်ရတာတွေ၊ အစားမမှန်တာတွေ၊ နေရာထိုင်ခင်း မပြည့်စုံတာတွေ။ ခရီး ပန်းတာတွေက ဇာတ်ခုံပေါ်မှ မင်းသားက ပိုသေးသည်။

သည်မှာပင် သူငယ်ချင်းတစ်ယောက်က ကျူရှင်ဖွင့်သည်။ ဆရာ လိုသည်နှင့် အခန့်သင့်ကြုံသည်။ ဇာတ်ရုံထဲမှသည် ကျောင်းစာသင်ခန်း သို့ ရောက်ရပြန်သည်။ အနုပညာဖန်တီးသော လက်သည် မြေဖြူနှင့် ဘောဖျက် ကိုင်ရပြန်သည်။

ဇာတ်နောက် တကောက်ကောက်လိုက်နေစဉ်တွင် ထူးခြားမှုတွေ ရှိခဲ့သည်။

အေးသီမနှင့်ပတ်သက်၍။

ရေနီသို့အရောက် ဒုတိယညမှာ ပွဲကို လေမိုးဖျက်သည်။ ဇာတ်ရုံ အမိုးတွေလန်ကာ ပွဲပျက်ခဲ့သည်။

အတော်ပင်ဖြစ်သည်။ လေမိုးကို ကျေးဇူးတင်ရသေးသည်။ ခရီး ပန်းပန်းနှင့် အနားယူကြသည်။ အိပ်စက်ကြသည်။

သန်းခေါင်ယံတွင် အေးသီမ အိပ်ရာကူးလာသည်။

မှေးခနဲရှိခိုက် နွေးထွေးသောအတွေ့ ကြောင့် လန့်နိုးခဲ့ရသည်။ "ဘယ်သူလဲ"

"ရှူး... အေးသီမပါ"

"ဟင်...အေးသီမ၊ ဘာလဲ ဘာဖြစ်လို့လဲ"

"အေးသီမ အိပ်မပျော်လို့၊ ချမ်းလည်းချမ်းလို့ "

"အော်...ကလေးရယ် "

အေးသီမ၏ နွေးထွေးတင်းရစ်သောကိုယ်ကို ထွေးပွေ့လိုက်သည်။ အေးသီမသည် ရင်ခွင်ထဲမှာ ပုဝင်နေသည်။စင်စစ် သံယောဇဉ်စခဲ့သည်က ကြာပြီ။ သွားရင်းလာရင်းနှင့်ပင် သည်မိသားစုအပေါ် တွယ်တာစိတ် လွှမ်းကဲခဲ့သည်။ ကရုဏာပိုခဲ့သည်။ တွယ်ငြိဖွယ်အဖြစ်သို့ ဒုနှင့်ဒေး ပေါ်ပေါက်ခဲ့သည်။

မနက်ကပင် လမ်းလျှောက်ထွက်ရာသို့ အေးသီမ လိုက်လာသည်။ "ဆရာနဲ့ ဒေါ်ခင်မမအကြောင်း ပြောပြစမ်းပါ"ပူဆာသည်။ သည်တော့ အဖြစ်မှန်ကို ဇာတ်လှန်ရသည်။

"အဲဒီတုန်းက သတင်းပလင်းတွေကြားရတော့ အေးသီမလေ စိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေမလို့ လုပ်မိသေးတယ်" "အို...ကလေးရယ်၊ ဘာဖြစ်လို့လဲ"

"ဟွန့် မသိဘူးလား၊ ဒီက သူ့ကိုချစ်နေတယ်ဆိုတာ တကယ်မသိဘူးလားလို့"

ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် မနာအောင်ထုရင်း အေးသီမက ညုတ္တူခဲ့သေးသည်။

ဆန်းတော့ဆန်းသည်။ ခင်မမကို မချစ်နိုင်ပေမယ့် အေးသီမကိုကား ချစ်ခဲ့သည်။

မယုံလျှင်လည်း ဒဏ္ဍာရီသာထင်ချင်ထင်လေရော့။

ယခင်က အေးသီမ။ ယခုတော့ နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး ခင်သီတာသည် အညတရကျောင်းဆရာတစ်ဦး၏ရင်ခွင်မှာ နားခိုမွေ့ ပျော်ဖူးသည့်အကြောင်း။

(၅)

ပျံ့မွှေးသောအနံ့အသက်သည် ခင်သီတာ အပါးသို့ ရောက်ရှိလာ ကြောင်း ကြေညာလိုက်သည်။

ခင်သီတာသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဆံပင်ကို ဖြေလျှော့ခဲ့ပြီ။ မိတ်ကပ်ပြယ်ခဲ့ပြီ၊ ဘလောက်စ်အင်္ကျီ လျှော့ရဲရဲနှင့်။

ယခုမှပင် ခင်သီတာ၏ပကတိအလှသည် ပေါ်လွင်လာသည်။ သုံးဆယ်ဝန်းကျင်ရှိ မိန်းမတစ်ယောက်၏အလှ။ ယခင် အေးသီမနှင့် ကွာသည်ပင်။ အခြားအရာကို ဖုံးကွယ်၍ ရချင် ရမည်။ ဇရာရိပ်ကိုတော့ ဖုံးကွယ်နိုင်စွမ်းမရှိ။

"ဟင်...ဆရာက ဘာမှလည်းမသောက်ဘူး"

"အေးသီမကို စောင့်နေတာပါ၊ အေးသီမ သောက်တတ်နေပြီ မဟုတ်လား"

"စိတ်ညစ်လို့ပါ"

"ဆေးလိပ်တွေလည်း သောက်တယ်နော်"

"စိတ်ညစ်လို့ပါ"

"အခုတော့ ပျော်စရာရှာတတ်နေပြီပေါ့"

"အေးသီမမှာ အဖော်ဆိုလို့ ဒါတွေပဲရှိပါတယ် ဆရာရယ်"

အေးသီမ ဝီစကီရောစပ်ပုံကို ကြည့်နေမိသည်။ အရက်များများ၊ ဆော်ဒါနည်းနည်း၊ ပြင်းပြင်းခါးခါး၊ စူးစူးရှရှပေါ့။

"မင်း ဘာကိုစိတ်ညစ်နေတာလဲ အေးသီမ"

"အရာရာကိုပါပဲ၊ အထူးသဖြင့်တော့ အိမ်ထောင်ရေးနဲ့ပတ်သက် လို့ပေါ့။ အေးသီမတို့ စကတည်းက မှားခဲ့တာပဲ"

သည်တော့လည်း ရင်ထဲမှာ နာကျင်သလိုခံစားရသည်။ နှလုံးသား သည် ပေါက်ကွဲထွက်ရတော့မတတ်ပင်။

"မင်းတို့ချင်း ချစ်လို့ယူခဲ့ကြတာပဲကွယ်"

အေးသီမ၏မျက်နှာသည် မာကျောသွားသည်။ မျက်ဝန်းသည် အရောင်လက်လက်ထွက်လာသည်။

"ဆရာက အေးသီမ ရှင်းပြတာတွေကို မယုံဘူးနော်"

"မယုံဘူးလို့ မပြောခဲ့ပါလားကွယ်။ မယုံရဲတာပါ"

"ဆရာ့မှာ ဒီအထွေအဝေ့ါကလေးတွေကတော့ အမြဲရှိနေတာပဲ" "ခက်ပါလား အေးသီမ။ ကိုယ်က အကောင်းပြောတာပါ" "သေသွားတဲ့သူမို့ အပြစ်တင်ဖို့တော့ မကောင်းပါဘူး။ ဒါပေမဲ့

မေမေ့ကြောင့်ပါ ဆရာ။ မေမေက မင်းဆရာက စင်ပေါ်မတက်တဲ့ မင်းသားပဲတဲ့။ သိပ်နုလွန်းတယ်တဲ့။ တို့များရဲ့လုပ်ငန်းနဲ့ ကိုက်မှာမဟုတ်ပါဘူး။ ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသလိုပဲတဲ့"

"စိတ်ကူးမလွဲနဲ့ပေါ့လေ၊ အလားအလာကောင်းတယ်ဆိုပါတော့" "ဟောကြည့်၊ ပြောရင်းက ထွေနေပြန်ပြီ"

ကျွန်တော် တိတ်တခိုး သက်ပြင်းရှိုက်လိုက်မိသည်။ တစ်ချိန်က အေးသီမပြောခဲ့သောစကားကို သတိရသည်။ "ဆရာလည်း ပိုက်ဆံစုနော်၊ အေးသီမလည်း စုမယ်။ လက်ထဲမှာ ဆုပ်ဆုပ်ခဲခဲရှိလာရင် လက်ထပ်ကြမယ်၊ ဟုတ်လား"

သို့သော် လက်ထဲမှာ ဆုပ်ဆုပ်ခဲခဲမရမီမှာပင် အေးသီမ ဖွဲဖောက်သည်။ စည်းကျော်သည်။ ခင်မောင်လတ်နှင့် လက်ထပ်လိုက်သည်။ ဖြေရှင်းချက်က သည်မျှသာပါပဲ။

ဖြေရှင်းချက်ကတော့ "သူက အေးသီမကို ကြံစည်တယ်၊ အေးသီမ က

နာမည်ရလာပြီမဟုတ်လား။ သူ လက်လွှတ်မခံနိုင်တော့ဘူးပေါ့။ ဇာတ်ပိုင်ရှင်ကလည်း သူနဲ့အေးသီမတို့အတွဲကြောင့် ဝင်ငွေဖြောင့်လာမှန်းသိတော့ ဘေးက မြှောက်ထိုးပင့်ကော်လုပ်ပေးတာပေါ့။ ဒီမှာ မေမေကပါ သူ့ဘက် ပါနေတော့ အေးသီမ သူ့စက်ကွင်းက မလွတ်နိုင်ခဲ့ဘူးပေါ့ ဆရာ ”

သူတို့လက်ထပ်ပြီးကြပြီဆိုတော့ ဘာတတ်နိုင်မည်နည်း။ မချိပြုံးသာ ပြုံးလိုက်ရတော့သည်။

သို့ပေမဲ့ နားလည်ထားသောအရာ များစွာရှိသည်။

သည်စဉ်ကတော့ သူ့အတိုင်းအတာ၊ သူ့အထွာနှင့် သူ မျှော်လင့် ချက်တွေ ထားခဲ့ကြပေလိမ့်မည်။

အေးသီမလို ယိမ်းသမသာသာအဆင့်အနေနှင့် ခင်မောင်လတ်လို နာမည်ကြီးပြဇာတ်မင်းသားတစ်လက်ကို တက်ငြမ်းတစ်ဆင့်လို အားပြုပေလိမ့်မည်။ ခင်မောင်လတ်ကလည်း တောက်မည့်မီးခဲ အလျှံနှင့်ရဲရဲဆိုသလို အေးသီမ၏ အလားအလာကို ကောင်းစွာအကဲခတ်နိုင်ပေလိမ့်မည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အပိုင်ချည်ကြခြင်းဖြစ်သည်။

အေးသီမက ချစ်သူကိုစွန့်သည်။ ခင်မောင်လတ်က မယားကြီးနှင့်သားသမီးများကို စွန့်ခဲ့သည်။

“ခင်မောင်လတ်က မင်းအပေါ်မှာ ကျေးဇူးတွေအများကြီးရှိခဲ့တယ် အေးသီမ”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့”

အမှန်ပင်၊ ရုပ်ရှင်နယ်သို့ အေးသီမကို သွတ်သွင်းပေးသူမှာ ခင်မောင်လတ်ဖြစ်သည်။

ပြဇာတ်ဖြင့် လျှမ်းလျှမ်းတောက် နာမည်ရနေချိန်တွင် ရုပ်ရှင်သမား အချို့က ခင်မောင်လတ်ကို ရုပ်ရှင်စမ်းရိုက်ကြည့်သည်။ ရုပ်ရှင်တွင်ကား ထင်သလိုဖြစ်မလာ။ သူ့ရုပ်ရည်သည် ပြဇာတ်နှင့်သာ သင့်တော်သူဖြစ်သည်။ ဖလင်ကော်ပြားပေါ်၌ အကျည်းတန်နေသည်။

သည်အဆက်အသွယ်ဖြင့် အေးသီမ ရုပ်ရှင်နယ်သို့ တိုးဝင်ကြည့်သည်။ အောင်မြင်သည်။ ယခုတော့ နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး ခင်သီတာဖြစ်လာပြီပေါ့။

“ဒါပေမဲ့ သူ့ဒဏ်တွေကို အေးသီမ ဆယ်နှစ်ဆယ်မိုး ခံခဲ့ရတယ် ဆရာ။ သူ့အကြောင်းလည်း ဆရာအသိသားပဲ။ အရက်လည်း မိုးမလင်း အောင်သောက်တယ်။ အငယ်အနှောင်းကလည်း မရေတွက်နိုင်အောင်ပဲ။ အေးသီမမျက်ကွယ်မှာဆို ထားပါတော့။ အခုတော့ အေးသီမ မျက်စိအောက် အထိ ခေါ်လာတယ်။ ငွေသုံးလိုက်တာလည်း မီးလျှံနာသူရွှေးကျနေတာပဲ။ အေးသီမ ဒီလောက်နာမည်ရပြီး ဝင်ငွေသောက်သောက်လဲရနေတာတောင် ဒီအိမ်နဲ့

ကားစုတ်နှစ်စီးလောက်သာ အနိုင်နိုင်အဖတ်တင်တယ်။ အေးသီမ မငြင်းပါဘူး။ သူ့ကြောင့် ဒီအခြေအနေရောက်ရတာဆိုတာ ဝန်ခံပါတယ်။ ဒါပေမဲ့ အေးသီမ လျှောက်ခဲ့ရတဲ့လမ်းဟာ မျက်ရည်ခင်းတဲ့လမ်းပါ ဆရာ” အမူအရာလုပ်နေသည်တော့ မထင်ပါ။ အေးသီမ၏မျက်နှာပြင်များသည် နွမ်းနယ်ညှိုးချုံးလာသည်။ အသံက လှိုက်လှဲနာကျင်လာသည်။ အလို၊ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်ပါလား။

“သူက စိတ်မထင် လူတွေရှေ့ပေမယ့် ရိုက်ချင်ရိုက်တယ်။ ပက်ပက်စက်စက်ဆဲတယ်။ တစ်ခါတလေ အေးသီမလည်း ကုမ္ပဏီကို စိတ်ဆိုးလို့၊ စိတ်မပါလို့ ကားမရိုက်ဘူးဆိုရင် ကုမ္ပဏီတွေက သူ့ကိုသွားကပ်ကြတယ်။

နေမကောင်းလို့ အိပ်ရာထဲလဲနေပေမယ့် အတင်းဆွဲထူပြီး ကင်မရာရှေ့ အရောက်ပို့ပေးတယ်။ အနုပညာလည်း ဟိုဇာတ်ညွှန်းမရိုက်နဲ့၊ ဒီဒါရိုက်တာ လက်မခံနဲ့ ဝင်ပြီးသြဇာပေးတတ်သေးတယ်။ ကုန်ကုန်ပြောရရင်တော့ ကလေးရရင် အလုပ်ပျက်မယ်၊ နာမည်ကျမှာဆိုပြီး အေးသီမကို ကလေး ယူခွင့်တောင် မပေးခဲ့ဘူး ဆရာ”

“သူက အနုပညာသည်မှမဟုတ်ဘဲ၊ အနုပညာနဲ့ ငွေရှာစားတဲ့လူပဲကွ”

“ဆရာပြောတာ မှန်ပါတယ်။ အေးသီမ လူရွေးမှားခဲ့တယ်” ကျွန်တော် သက်ပြင်းကြီး တစ်ကြိမ်ရှိုက်မိပြန်သည်။ အေးသီမ မျက်ရည်သိမ်းသည်။ မျက်နှာထားပြင်သည်။

“ဆရာ” “ဟင်”

“အတော်စိတ်ညစ်သွားပြီလား”

“အမှန်အတိုင်းပြောရရင်တော့ စိတ်ညစ်မိတယ်”

“ကောင်းပါတယ်၊ ဆရာ့ကိုထပ်ပြီး မညှဉ်းဆဲတော့ပါဘူး။ အေးသီမ ဒီညပျော်မယ်ဆရာ။ မူးအောင်သောက်မယ်။ ဆရာနဲ့ပြန်ဆုံရတဲ့အထိမ်း အမှတ်အနေနဲ့ပေါ့”

“ကိုယ်ပြန်မယ်” “ဟင်”

နှုတ်ခမ်းသို့တေ့အံ့ဆဲဆဲဖန်ခွက်သည် တစ်ဝက်တစ်ပျက်မှာပင် ရပ်တန့်သွားသည်။

“ကိုယ်ပြန်တော့မယ် အေးသီမ။ မနက်က ကျောင်းသားတွေဖြေသွား တဲ့ အဖြေစာအုပ်တွေ စစ်စရာရှိသေးတယ်”

“အေးသီမထက် ဒီသင်ခန်းစာတွေက အရေးကြီးသလားဟင်” “ဒါတွေက ဒီလိုရှိတယ်လေ။ ကိုယ့်အလုပ်က မင်းတို့လို ငွေတွေ ဖုံးပေါလအောမရပေမဲ့ ကိုယ့်ကိုထမင်းကျွေးထားတယ်ဆိုတော့ လေးစား ရမှာပဲပေါ့”

“ဆရာ့ကို အေးသီမ တစ်သက်လုံးကျွေးထားနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေမဲ့ ကိုယ်ပြန်ပါရစေ”

“မပြန်ပါနဲ့လား ဆရာရယ်”

သည့်အပြောတွေပေါ့။ သည့်အကြည့်တွေပေါ့။ ရုပ်ရှင်ပိတ်ကားပေါ် ကနေ လူပေါင်းများစွာကို ညှို့ယူထားတာ၊ ဖမ်းစားထားတာ။

"အခုတော့ အေးသီမဟာ တစ်ကောင်ကြွက်ပါ။ အထီးကျန်ပါ။ အေးသီမ နာမည်သာကြီးနေတာပါ။ တကယ်တမ်းစစ်ကြည့်တော့ မိတ်ဆွေကောင်းဆိုတာလည်း မရှိပါဘူး။ အပေါင်းအသင်း အသိုင်းအဝိုင်းလည်း မရှိပါဘူး ဆရာ"

"မင်းကို ကိုယ်နားလည်နိုင်ပါတယ်။ ကရုဏာလည်း သက်မိပါတယ်"

"ဆရာရယ်"

တုန်ခိုက်သောရင်တွင်းမှ အသံကိုပြုရင်း အေးသီမ ထိုင်ရာမှထလာသည်။

"အေးသီမရဲ့အချစ်ဦးဟာ ဆရာပါ"

ပြောပြောဆိုဆို ရှေ့မှာလာရပ်သည်။ မွှေးရနံ့တို့လည်း ပျံ့နေသည်။ "အခု အေးသီမ လွတ်လပ်နေပြီ။ ဆရာ အေးသီမကို လက်ထပ်မလား"

"ဟင့်အင်း"

"ရှင်"

"ကိုယ် မင်းကို လက်မထပ်နိုင်ပါဘူး၊ မင်းနဲ့ကိုယ်တို့ရဲ့ဘဝတွေဟာ တခြားစီပဲ။ တကွဲတပြားစီပဲ"

"ဆရာ ငြင်းရက်တယ်နော်"

"ဝမ်းနည်းစွာနှင့်ပါ အေးသီမ"

ကျွန်တော်သည် အေးသီမ၏ကိုယ်ကို ညင်သာစွာတွန်းရွှေ့လိုက်သည်။

"အမှန်ကိုဝန်ခံရရင် ကိုယ်အခုထိ လက်မထပ်ဖြစ်ခဲ့တာ မင်းကိုချစ်နေသေးလို့ပဲ။ မင်းနေရာမှာ အစားထိုးပြီးချစ်လို့မရသေးလို့ပဲ။ တစ်နည်းအားဖြင့် မင်းနဲ့ပတ်သက်လို့ ရထားတဲ့ အသည်းကဒဏ်ရာ မကျက်သေးလို့ပဲ။ ဒါပေမဲ့ မင်းကို လက်ထပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်၊ မျှော်လင့်ချက်တွေ ကတော့ ကုန်ခန်းခဲ့တာကြာပြီ။ ကိုယ့်လို ကျောင်းဆရာဆိုတာမျိုးကလည်း မကောင်းသတင်းတွေ ဟိုးလေးတကျော်ထွက်နေတဲ့ သရုပ်ဆောင်တွေနဲ့ တွဲဟယ်၊ ဖက်ဟယ်လုပ်ရတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို အိမ်ထောင်ရှင် အဖြစ် ရွေးဖို့ဆိုတာ အခက်သားကလား အေးသီမ "

"ပြောရက်လိုက်တာ ဆရာရယ်၊ ဘာပဲပြောပြော ပြန်ချင်ရင် အေးသီမ ကားနဲ့လိုက်ပို့ပေးပါ့မယ်။ ခဏတော့ နေပါဦး ဆရာ "

"ခဏလည်းမနေချင်တော့ပါဘူးကွယ်။ ကိုယ်တို့အတန်းအစားက ဘတ်စ်ကားစီးလည်း ရတယ်၊ ခြေလျင်လျှောက်လည်း ရတယ်။ ကိုယ့်ဘာသာကိုယ်ပဲ ပြန်ပါရစေတော့"

"ဆရာရယ်၊ အမိုက်မကို ပစ်ထားရက်မယ်လား။ အထီးကျန်မကို ဒီအတိုင်း ထားရစ်ခဲ့မယ်လား"

"ဝမ်းနည်းစွာနှင့်ပါ အေးသီမ။ မင်းပြောသလိုပဲ ကိုယ့်မှာ အာစရိယ

လေပါမြဲအတိုင်း တစ်ခုတော့ပြောခဲ့ချင်တယ်။ ဒီမှာ အေးသီမ။ လူဆိုတာ ကိုယ့်နောက်မှာ ပရိသတ်ရှိလာရင် ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး။ မင်းလို ပရိသတ် သိန်းပေါင်းများစွာရှိတဲ့ မင်းသမီးမပြောနဲ့ ကိုယ့်လို ကျောင်းသား လေးငါးဆယ်သာ ပရိသတ်ရှိတဲ့ ဆရာတစ်ယောက်ဟာလည်း ကိုယ့်ကိုယ် ကိုယ် မပိုင်တော့ဘူးကွ။ ကိုယ့်ရဲ့ ပုဂ္ဂလိကခံစားချက်ဟာ သာမညပဲ။ ပရိသတ်ရဲ့ခံစားချက်ဟာ အဓိကပဲ။ ဒီမှာ ကိုယ်ဟာ စံပြပုဂ္ဂိုလ်ဖြစ်ရမယ်။ ပရိသတ်မရှိတဲ့လူတစ်ယောက် လမ်းပေါ်မှာ အရက်မူးပြီးဆဲလို့ လူဝိုင်းကြည့်ရုံအပြင် ဘာမှမဖြစ်ဘူး။ ပရိသတ်ရှိတဲ့လူတစ်ယောက် မူးနေရင် သူ့ရဲ့ နာယကဂုဏ် ပျက်တော့တာပဲ။ အပြင်မှာ မင်းရဲ့သတင်းတွေ သိပ်ဆိုးနေ တယ်။ မင်းရဲ့ပရိသတ်ဟာ ဒါတွေကို စိတ်မချမ်းမသာနဲ့ ဖတ်နေကြရတယ်။ ကြားနေကြရတယ်။ စင်စစ် အဲဒီပရိသတ်ဟာ တစ်နေ့မှာ မင်းရဲ့သမိုင်းကို ရေးကြမယ့်ပရိသတ်ပဲ”

“နောက်တစ်ခုက မင်းဟာ အနုပညာသည်။ မင်းထုတ်လုပ်နေတာ အနုပညာပစ္စည်းတွေပဲ။ သွားတိုက်ဆေးဘူးမဟုတ်ဘူး။ ဆပ်ပြာမွှေးမဟုတ် ဘူး။ မင်းကိုယ်မင်း မပိုင်သလို မင်းရဲ့အနုပညာပစ္စည်းတွေဟာလည်း ဘုံပိုင်ဆိုင်ခွင့် ပေးရမှာတွေပဲ။ ဆရာကြီး လီယိုတော်စတွိုင်းဟာ မသေမီ ကတည်းက သူ့စာအုပ်စာတမ်းတွေကို ပြည်သူပိုင်အဖြစ် ပြဋ္ဌာန်းခဲ့တယ်။ တို့ဆီမှာလည်း ဦးကြင်ဥတို့၊ စလေဦးပုညတို့ဟာ ပြည်သူပိုင်တွေဖြစ်ခဲ့ပြီ။ ဆရာကြီး ပီမိုးနင်း၊ မဟာဆွေတို့ရဲ့ စာပေတွေဟာလည်း သူတို့ကွယ်လွန် လို့ နှစ်ငါးဆယ်ကြာပြီးတဲ့နောက်မှာ ပြည်သူက ပိုင်ဆိုင်လာရတော့မှာပဲ။ မင်းကိုယ်မင်း၊ မင်းအနုပညာမင်း မပိုင်ဆိုင်တဲ့ ပရိသတ်ရှိတဲ့လူတစ်ယောက် ဟာ မင်းရဲ့ဘဝအရေးအခင်းမှာလည်း မင်းရဲ့ပုဂ္ဂလိကဒုက္ခနဲ့ ပုဂ္ဂလိကခံစားချက်တွေကို တတ်နိုင်သမျှ မေ့မှိန်စေပြီး စံပြဖြစ်အောင် ကြိုးစားနေထိုင်ဖို့ လိုမယ်ထင်တယ်အေးသီမ။ ဒါမှလည်း အနုပညာနဲ့ ပရိသတ်ဟာ အပြန် အလှန် လေးစားမှုရှိမယ်။ သမိုင်းရေးထိုးမယ့်သူတွေ စိတ်ချမ်းသာကြမယ်။ ဒါပါပဲ အေးသီမ။ ကိုယ့်စေတနာကို မင်း သဘောပေါက်နိုင်လိမ့်မယ် ထင် ပါတယ်။ မင်း ဆက်လက်အောင်မြင်ပါစေလို့ ကိုယ်ဆုတောင်းခဲ့ပါတယ်”

စကားဆုံးလျှင် လှည့်ထွက်ခဲ့သည်။ အေးသီမကို ကျောခိုင်းခဲ့သည်။ ကော့တေ့ချ်ဆန်သော နေချင့်စဖွယ်အိမ်ဝိုင်းမှ ထွက်ခဲ့သည်။

“ဆရာ...ဆရာ”

အေးသီမ၏အသံက ပျံ့လွင့်လိုက်ပါလာသည်။

သို့သော် လှည့်မကြည့်ဖြစ်ခဲ့။

လတ်ဆတ်သောလေကို အဆုတ်အတွင်း ရှိုက်သွင်းလိုက်သည်။ ရင်မှာ ပေါ့ပါးသွားသလို ခံစားလိုက်ရချေသည်။ ။

သပြေတေးမဂ္ဂဇင်း၊ ၁၉၇၇၊ ဒီဇင်ဘာလ။

(၁)

ကျောင်းမှာရှိကြစဉ်တုန်းကတော့ စောလွင်လတ်နှင့် မေမေစိန်မှာ အလွန်ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြသည်။ အထက်တန်းကျောင်း၏ စာသင်နှစ်များတွင် စောလွင်လတ်သည် ထက်ထက်မြက်မြက်ရှိသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ စာတော်သည်၊ ဝီရိယရှိသည်၊ အကျင့်စာရိတ္တကောင်းသည် စသည်ဖြင့် ဆရာတို့က သတ်မှတ်ခြင်းခံရသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူ၏ ဣန္ဒြေ သိက္ခာရှိမှု၊ ရိုးသားမှုတို့ကြောင့် ကျောင်းတွင် ကျော်ကြားမှုရှိခဲ့သည်။ အထူးသဖြင့် မိန်းကလေးအသိုင်းအဝိုင်းတွင် ဖြစ်သည်။

မေမေစိန်ကား စာတွင် ထက်ထက်မြက်မြက်ရှိလှသူမဟုတ်။

သို့သော် သူမ၏ကျော်ကြားမှုကို ကျောင်းအားကစားပြိုင်ပွဲများမှ ရရှိခဲ့သည်။ သူမသည် တာတိုနှင့် အမြင့်ခုန်တွင် ဗိုလ်စွဲခဲ့သည်။ ကျောင်းပရဝုဏ်တွင် သာမကဘဲ မြို့နယ်အဆင့်အထိ တက်ရောက်ခဲ့သည်။ ဘော်လီဘောတွင် တိုင်းလက်ရွေးစင်အထိ ပါဝင်နိုင်ခဲ့သည်။

စောလွင်လတ်နှင့် မေမေစိန်မှာ အိမ်နီးနားချင်းများလည်း ဖြစ်ကြသည်။ ထို့ကြောင့် သွားအတူ၊ လာအတူဆိုသလို တပူးတွဲရှိခဲ့ကြသည်။ သိပ်မရင်းနှီးကြသူများက သူတို့ကို မောင်နှမဟု ထင်ကြသည်။ မေမေစိန်သည် လှသည်။

ဤသည်ကို စောလွင်လတ် အစောကြီးကတည်းက သတိပြုခဲ့မိသည်။

ပွင့်လင်းလွတ်လပ်သည်။ တောက်ပသောမျက်ဝန်းများနှင့် နှစ်ခြိုက်ဖွယ်အပြုံးကို ထာဝရဆောင်ယူထားတတ်သည်။

စောလွင်လတ်သည် မေမေစိန်အပေါ်မှာ စိတ်ဝင်စားခဲ့သည် အမှန်။ သာမန်အတိုင်းအတာထက် လွန်ကဲစွာ ခင်တွယ်ခဲ့သည် အမှန်။ ပြောရလျှင် တော့ မေမေစိန်ကို သူချစ်သည်။

သို့တိုင် သူ့အချစ်ကို မည်သို့လှစ်ဟရမည် မသိတတ်ခဲ့။ မည်သို့ သိသာအောင် ဖော်ပြရမည် မတွေးတတ်ခဲ့။ မိုက်မဲစွာ သရဲဘောကြောင်စွာ မျိုသိပ်ထားခဲ့သည်။

သို့ဖြင့် သူတို့နှစ်ယောက်သည် 'သူငယ်ချင်း'အဖြစ်နှင့်သာ ဆက်လက်တည်ရှိနေခဲ့သည်။

အပြင်ပန်းအနေနှင့် ကြည့်မည်ဆိုလျှင် မေမေစိန်သည် လှသည်။ ချမ်းသာကြွယ်ဝသည်။ ထို့ကြောင့် ဘဝအကျိုးပေး ကောင်းသည်ဟု ထင် နိုင်စရာရှိသည်။

သို့သော် မေမေစိန်ကား အများထင်သလောက် ကုသိုလ်ကံကောင်း

သူတစ်ယောက် မဟုတ်ခဲ့ပါ။

သူမ၏အသက် ဆယ့်တစ်နှစ်အရွယ်တွင် ဖေဖေဆုံးပါးခဲ့သည်။ သူမ၏မေမေမှာမူ သူမ ငါးနှစ်သမီးအရွယ်ကတည်းက ဆုံးပါးခဲ့သည်။ သူမသည် ဦးလေးဖြစ်သူ၏ အုပ်ထိန်းမှုအောက်၌ ကြီးပြင်းလာခဲ့ရသည်။ မေမေစိန်၏ဖခင်သည် အောင်မြင်ကျော်ကြားသော ရှေ့နေတစ်ဦး ဖြစ်သည်။ မိခင်မှာ ဆန်စက်ပိုင်မျိုးရိုးဖြစ်သည်။

နည်းပါးလှသော သတိရစရာများထဲမှပင် ဖေဖေသည် ဂီတဝါသနာရှိပုံ၊ ပန်းချီနှစ်သက်ပုံတို့ကို အမှတ်ရမိသည်။ ပန်းချီပြပွဲများသို့ မိမိအား ခေါ်သွားတတ်ပုံ၊ အိမ်တွင် ဂီတပညာရှင်များအား ခေါ်ယူကာ တီးမှုတ်စေပုံ တို့ကို သတိရသည်။ အကယ်၍ ဖေဖေသာ ယခုတိုင် အသက်ထင်ရှားရှိနေဦးမည်ဆိုလျှင် မိမိအား များစွာမြေတောင်မြှောက်ပေးနိုင်လိမ့်မည်ဟု မေမေစိန် ထင်သည်။

ဖေဖေသည် နှလုံးရောဂါဖြင့် ရုတ်တရက်ဆုံးပါးသွားခဲ့ရခြင်းဖြစ်သည်။ မေမေစိန်၏ငယ်ဘဝသည် ဖေဖေ့အား တမ်းတလွမ်းဆွတ်ရခြင်းဖြင့် ပြည့်နှက်နေခဲ့သည်။

မေမေနှင့်ပတ်သက်၍မူ ဝိုးတဝါးသာရှိခဲ့သည်။ ဘာတစ်ခုမျှ ပြိုက်ပြိုက်ထင်ထင် တွေးမရနိုင်တော့။

မေမေဆုံးပါးသွားသောအခါ နာနီတစ်ယောက်ကို ငှားထားခဲ့သည်။ မသူဇာဟုခေါ်သည်။ ကြင်နာတတ်သော ကလေးထိန်းတစ်ယောက်ပင် ဖြစ်သည်။ မသူဇာသည် အိမ်ထောင် သုံးဆက်ထူခဲ့ပြီး သားသမီးမရခဲ့။ ထို့ကြောင့် မေမေစိန်အား သားသမီးရင်းချာနှင့်မခြား ချစ်ခဲ့မည်မှာ သံသယ ရှိစရာ မလိုပါ။

ဒေါ်သူဇာသည် အယူသည်းသည်။ အစွဲအလမ်းကြီးသည်။ စိတ်ကောက်တတ်သည်။ စကားအမျှင်မပြတ် ပြောတတ်သည်။ ဝန်တိုငြူစူသည်။ သို့သော် မေမေစိန်ကတော့ ဒေါ်သူဇာကို ချစ်ပါသည်။ ဒေါ်သူဇာ မှတစ်ပါး အခြားချစ်ရမည့်သူမရှိ၍ ဖြစ်ကောင်းဖြစ်မည်။ ထားပါ။

ဖေဖေဆုံးပါးသောအခါ ဦးလေးဖြစ်သူနှင့်အတူ နေထိုင်ရဖို့ ဖြစ်လာသည်။ လူမမည်သာရှိသေးသည့် မေမေစိန်၏အမွေထိန်းအဖြစ်သို့ ဦးလေး မှာ အလိုအလျောက် ရောက်ရှိလာသည်။

အသိဉာဏ်နုံနဲ့သော ဒေါ်သူဇာနှင့် အုပ်ချုပ်မှုလျော့ရဲသော ဦးလေးတို့၏ အုပ်ထိန်းမှုအောက်တွင် မေမေစိန်သည် ဗိုင်းကောင်းကျောက်ဖိ မရှိခဲ့။ မိမိစိတ်ကြိုက်နေချင်သလို နေလာခဲ့သည်။

ဦးလေးမှာ လူပျိုကြီး၊ တစ်ကိုယ်တည်းသမား၊ စီးပွားရေးမှတစ်ပါး အခြားဘာကိုမျှ စိတ်မဝင်စားသူ။

ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ်ကျောင်း၍ ကိုယ့်လမ်းကြောင်း ကိုယ်ထွင်ရသော မေမေစိန်မှာ အပြစ်ဆိုစရာ တစိုးတစိမရှိနိုင်ထင်သည်။ အထက်တန်းကျောင်းသူဘဝမှာပင် များစွာသော ယောက်ျားကလေးများ၏

စာပေးခြင်း၊ ရည်းစားစကားပြောခြင်းကို မေမေစိန် အပျော်အပျက်နှင့် လက်ခံလာတတ်သည်။ ဆယ့်ခြောက်နှစ်အရွယ်တွင် ရည်းစားဒါဇင်ဝက်ထက်မနည်း ရှိနေခဲ့ပြီ။

သို့နှင့်ပင် တက္ကသိုလ်ရောက်လာသည်။

တက္ကသိုလ်ဝယ် မေမေစိန်သည် ရေပန်းစားခဲ့သည်။ ကိုယ်ပိုင်ကား နှင့် ကျောင်းတက်နိုင်သည်၊ အားကစားထူးချွန်သည်၊ လှသည်။ ကိုင်း ဘာလိုပါသေးသလဲ။

ထိုအခါမှာတော့ မေမေစိန်မှာ 'ချစ်သူ'တကယ်ရှိလာသည်။ တစ်ယောက်မှာ ဆေးတံသောက်ပြီး စကားကြီးစကားကျယ် ပြောတတ်သည့် ဒဿနိကကျောင်းသားတစ်ယောက်ဖြစ်သည်။ အခြားတစ် ယောက်မှာ တက္ကသိုလ် ဘတ်စကက်ဘောအသင်းမှ လက်ရွေးစင်တစ် ယောက် ဖြစ်သည်။ အခြားအခြားလည်း ရှိပါသေးသည်။ သို့သော် ပြီးပြီး ပျောက်ပျောက်ဖြစ်၍ ၎င်းတို့ကို မေမေစိန် စာဖွဲ့ မနေလိုတော့။

ကိုဆေးတံကို မေမေစိန် သဘောကျမိသည်မှာ သူနှင့်စကားပြောရ သည်ကို ပျော်၍၊ ကိုဘောလုံးကိုနှစ်ခြိုက်သည်မှာ ကိုယ်တိုင်က အားကစား ဝါသနာပါ၍-

ကိုဆေးတံသည် ပင်နီတိုက်ပုံနှင့် ယောလုံချည် ဝတ်လေ့ရှိသည်။ တစ်နေ့သောအခါ စာရေးဆရာတစ်ယောက် ဖြစ်လာစေရမည်ဟု အာမခံ ချက်ပေးသည်။ ကိုဘောလုံးကား ခေတ်အမီဆုံးအဝတ်အစားများကို ဝတ်လေ့ရှိသည်။ ဆေးလိပ်နှင့် အရက်သေစာ ရှောင်သည်။ တစ်နေ့သောအခါ အင်ဂျင်နီယာဖြစ်လာစေရမည်ဟု အာမခံချက်ပေးသည်။

မေမေစိန်သည် သူတို့နှင့်တွဲနေရာမှ ဘာမပြော ညာမပြော ရုတ်တရက် အဆက်ဖြတ်ပစ်လိုက်သည်။ ထိုအခါ မေမေစိန် တတိယနှစ်သို့ ရောက်နေပြီ။ တတိယနှစ်တွင် မေမေစိန်သည် စာကြိုးစားသောကျောင်းသူတစ်ယောက် ဖြစ်နေပြန်သည်။ ထိပ်တန်းစားအမှတ်တွေရနေခဲ့သည်။ ပြီး ကဗျာတို ကဗျာစ၊ ဝတ္ထုတို ဝတ္ထုရှည်တွေရေးဖို့ စိတ်ပါလာသည်။ အားကစားကို လုံးဝစွန့်လွှတ်လိုက်သည်။ ကဗျာနှစ်ပုဒ်မှာ မဂ္ဂဇင်းကြီးတစ်ခုတွင် ပါဝင်ခဲ့ပြီး ဝတ္ထုတိုသုံးလေးပုဒ်မှာ အမျိုးသမီးမဂ္ဂဇင်းများတွင် ပါဝင်ခဲ့သည်။ သည်အကြား မတော်တဆဆိုသလို ရုပ်ရှင်မင်းသားတစ်ယောက် နှင့် ငြိလိုက်သေးသည်။ သို့သော် နာမည်ကျော်သလောက် အောက်တန်းစား ဆန်သူဖြစ်ကြောင်း တွေ့ ရပြီး ရှောင်တိမ်းခဲ့သည်။

စောလွင်လတ်ကို အမှတ်မရဘဲမနေနိုင်ပါ။ အထူးသဖြင့် တန်ဆောင်မုန်းလပြည့်ညများသို့ရောက်လေတိုင်း ထူးထူးခြားခြား သတိရမိတတ်သည်။ မမေ့ကောင်းသော အကြောင်းကလေးတစ်ခုရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်တိုင်း မြို့တွင် ဝက်ပါကို တခမ်းတနား

တည်ဆောက်လေ့ရှိသည်။ မြို့စွန်မှ ရပ်ကွက်တစ်ခုတွင်ဖြစ်သည်။ မေမေစိန်တို့ လပြည့်ညတိုင်း ဝက်ပါသို့သွားရောက်တတ်မြဲ။ မိန်းကလေး အဖော်တွေစုပြီး ဝက်ပါသို့ လှည့်လည်တတ်မြဲ။

ဆယ်တန်းနှစ်တွင်ဖြစ်သည်။ ထုံးစံအတိုင်း သူငယ်ချင်းတွေနှင့် ဝက်ပါပွဲသို့ရောက်သည်။ ဝက်ပါလှည့်ကြသည်။ သည်မှာ မေမေစိန် အဖော်တွေနှင့် ကွဲသည်။ ဝက်ပါထဲမှာ ထွက်ပေါက်ရှာမရဘဲ တဝဲလည်လည်ရှိသည်။ ခြေညောင်းလှပြီ။ ထွက်၍လည်းမရ။ သည်မှာ မေမေစိန်ကို စောလွင်လတ်က ရုတ်တရက်ရှာတွေ့ သွားသည်။ ထွက်ပေါက်သို့ ခေါ်ယူခဲ့သည်။

အိမ်သို့ နှစ်ယောက်အတူပြန်လာကြသည်။

ညက အင်မတန်လှသည့်ည။ လပြည့်ည။ ချမ်းအေး၍လည်း နေသည်။

သည်မှာ စောလွင်လတ်သည် မေမေစိန်၏ပခုံးကို အချမ်းပြေဖက်ထားသည်။ စကားတွေ တတွတ်တွတ်ပြောလာသည်။

မေမေစိန့်စိတ်တွင် စောလွင်လတ်အား အလွန်အမင်း နှစ်ခြိုက်အားကိုးစိတ် ဖြစ်ပေါ်ခဲ့သည်။ အကယ်၍ သူကသာဖွင့်ဟ၍ ချစ်ရေးဆိုလျှင် လိုက်လျောရန် အသင့်ရှိနေမိသည်။

အိမ်ခြံပေါက်ဝသို့ ရောက်သောအခါ ခွဲခွာရမှာ ဝန်လေးသလိုရှိနေကြသည်။ စကားမပြောဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် လရောင် ဖြင့် စူးစိုက်ကြည့်နေမိကြသည်။

အကယ်၍ ထိုအချိန်က စောလွင်လတ်သာ နမ်းခဲ့လျှင် မေမေစိန်ခွင့်လွှတ်မှာအမှန်။ နမ်းပါစေဟုလည်း တောင့်တမိသည်။ သို့သော် စောလွင်လတ်သည် မနမ်းခဲ့။

သည်အဖြစ်ကိုတော့ မေမေစိန်မမေ့။ ဘယ်အခါမျှမမေ့။

တက္ကသိုလ်ဝယ် သူနှင့် မကြာခဏဆုံသည်။ မေမေစိန်ခိုင်းသမျှ မညည်းမညူ ဆောင်ရွက်ပေးသည်။

မေမေစိန့်အပါးမှာ ချစ်သူတွေဝိုင်းလည်နေပြီဆိုသောအခါတွင်မူ သူသည် တက္ကသိုလ်မှ ပျောက်ဆုံးသွားသည်။ သူသန်ရာ ပန်းချီဆရာဘဝ ကို ခံယူသွားပြီဟု သိရသည်။

ထွန်းဝင်းသန်းကို ဘာကြောင့်လက်ထပ်မိလေသလဲ။ ယခုအခါ မေမေစိန် တွေးမရနိုင်ခဲ့။ ထွန်းဝင်းသန်းနှင့် ဆုံတွေ့ ပုံမှာ အလွန်လျင်မြန်သည်။ ချစ်ကြသည်မှာလည်း မြန်သည်။ လက်ထပ်ဖို့ ဆုံးဖြတ်ရာတွင်လည်း အချိန်ဆွဲမနေခဲ့။

ဆုံမိကြပြီး တစ်လအကြာတွင် ချစ်ရေးဆိုသည်ကို လက်ခံလိုက်သည်။ သုံးလအကြာတွင် လက်ထပ်လိုက်ကြသည်။

ထွန်းဝင်းသန်းနှင့် ပေလီတွင် ဆုံမိသည်။ သူငယ်ချင်းတစ်ယောက် က မိတ်ဆက်ပေး၍ သိကျွမ်းကြသည်။ ဘန်ဂလိုသို့ အလည်လာရာမှ

ရင်းနှီးခဲ့ကြသည်။ ရန်ကုန်ရောက်တော့ မေမေစိန့်ထံ သူလာသည်။ ရုပ်ရှင်ကြည့်ကြ လျှောက်လည်ကြနှင့်ပင် ချစ်သူများဖြစ်လာသည်။ လက်ထပ်ခွင့်တောင်းသောအခါ အလွယ်တကူ ခွင့်ပေးလိုက်သည်။

ကိုင်း... ဘယ်လောက်မြန်ပါသလဲ။

ပြောစရာတစ်ခုတော့ရှိသည်။

ထိုအချိန်တွင် မေမေစိန်မှာ ကျောင်းကိစ္စများ ပြီးခဲ့ပြီ။ ဘွဲ့ရတစ် ယောက်ဖြစ်နေခဲ့ပြီ။ ဆွေမျိုးမိဘ တွယ်တာစရာမရှိလှသော၊ ကိုယ့်ဝမ်းစာကိုယ်ရှာစားရန်မလိုသော၊ အရွယ်ရောက်နေပြီဖြစ်သော မိန်းကလေးတစ်ယောက် ဘာလုပ်ဖို့ကောင်းပါသလဲ။

အဲ...လက်ထပ်လိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်မှာပါပဲ။ နောက်တစ်ခုရှိသေးသည်မှာ ထွန်းဝင်းသန်းသည် ချောမောလှပသူတစ်ယောက်ဖြစ်သည်။ မိဘအရှိန်အဝါ တောင့်တင်းသူဖြစ်သည်။

မေမေစိန်တို့၏ မင်္ဂလာပွဲမှာ ခမ်းနားကြီးကျယ်လှကာ လိုက်ဖက်ညီလှသော အတွဲဖြစ်ကြောင်း လူတကာက မှတ်ချက်ချကြသည်။

လက်ထပ်ပြီး နှစ်လအကြာလောက်တွင် မိမိလူရွေးမှားခဲ့ပြီဖြစ်ကြောင်း မေမေစိန် သဘောပေါက်လာသည်။ ထွန်းဝင်းသန်းသည် အရက်အလွန်အကျွံသောက်စားသူဖြစ်သည်။ အရက်၊ အပေါင်းအသင်းကို အလွန်အမင်းခင်သည်။

သူ့မှာ ရုပ်ချောတာ၊ အရက်မမူးလျှင် သိမ်မွေ့တာ၊ မိဘအသိုင်းအဝိုင်း တောင့်တင်းတာကလွဲ၍ အခြားဘာမျှမရှိ။ ဘာအလုပ်မျှလည်း မလုပ်ဘဲ မိဘထောက်ပံ့သမျှ လက်ဝါးဖြန့်စားချင်သူ။

သူ မေမေစိန်ကို ချစ်သည်ဆိုသည်မှာတော့ သံသယဖြစ်စရာမလိုပါ။ မေမေစိန်ကိုယ်တိုင်ကလည်း သူ့ကိုချစ်သည်အမှန်။ သို့သော် လောကတွင် ချစ်သည်ဆိုသည်တစ်ခုတည်းနှင့် အိမ်ထောင်တည်ဆောက်ရန် မလွယ်ကူလှကြောင်း မေမေစိန်တွေ့ရသည်။ အိမ်ထောင်သည်ဆိုသည်မှာ အချစ်ထက် နက်နဲသည်ကို မေမေစိန်သဘောပေါက်လာသည်။

သို့ပေမဲ့လည်း မေမေစိန် ပျော်ပျော်ပဲနေလိုက်သည်။ သူနှင့်အတူ မြန်မာပြည်အနှံ့အပြားလည်ပတ်ကာ သုံးဖြုန်းနေလိုက်သည်။

သောက်ကာစားကာနှင့်နေသော ထွန်းဝင်းသန်းမှာ မကြာမီမှာပင် ရွှေမင်းသားကလေးအသွင် ပျောက်ခဲ့သည်။ အရက်ဖောဖောသည်လားမသိ။ ဝရွဲလာသည်။ မျက်နှာမှာ အစဉ်နီမြန်းပြီး မျက်ဝန်းတွင် သွေးကြောတွေ ယှက်သန်းနေသည်။ ပုံပျက်ပန်းပျက်ဖြစ်လာသည်။

မေမေစိန်သည် ကလေးရလာမှာကို ကြောက်သည်။ ထွန်းဝင်းသန်းနှင့်ပတ်သက်သော အတွယ်အတာတစ်ခု ရှိလာမှာကို စိုးရိမ်သည်လား၊ ကလေးတွင် ထွန်းဝင်းသန်း၏ဗီဇ ပါလာမှာကို ကြောက်သည်လားမပြော တတ်။

နှစ်ခုလုံးကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ ထို့ကြောင့် ကလေး မရစေရန် ကာကွယ်ခဲ့သည်။

အိမ်ထောင်သက် နှစ်နှစ်အကြာ ထွန်းဝင်းသန်း အရက်အလွန်အကျွံသောက်ပြီး ကားမှောက်၍ မသေဆုံးခင်မှာပင် မေမေစိန်သည် သူနှင့်လမ်းခွဲ ရန် ဆုံးဖြတ်ပြီးဖြစ်သည်။ ထွန်းဝင်းသန်း သူ့ကြမ္မာ သူဖန်တီးသွားသောကာလ၌ မေမေစိန်မှာ ဘယ်လိုမျက်ရည်ကျရမည်ကိုပင် မသိတတ်အောင် ရှိသည်။

မေမေစိန်အဖို့ အလကားနေရင်း လင်တစ်ယောက်ရလိုက်ကာ အချောက်တိုက် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမအဖြစ် အဖတ်တင်ခဲ့သည်ဟု ပြောရမလိုရှိသည်။

မေမေစိန်သည် ရန်ကုန်မှခွာကာ ဇာတိမြို့ ရှိ မိမိတို့အိမ်ကြီးမှာပင် ပြန်၍နေသည်။

အများ၏အမြင်တွင်တော့ ထွန်းဝင်းသန်းအတွက် ကြေကွဲဝမ်းနည်း နေသည်ဟု ထင်စရာရှိသည်။ အကြောင်းမူ မေမေစိန်သည် အိမ်ထဲမှာပင် ကုပ်နေကာ စာအုပ်များကို အဖော်ပြုနေ၍ဖြစ်သည်။ စင်စစ် ထွန်းဝင်းသန်း အတွက် မေမေစိန် မျက်ရည်တစ်စက်မဖြိုန်းတီးခဲ့။

ဦးလေးသည် ယခုတော့ လူအိုလူမင်းဖြစ်နေပြီ၊ ဆံဖြူသွားကျိုး၍ ပါးရေနားရေ တွန့်နေသော၊ ဇီဇာကြောင်သော၊ အိမ်ဖော်များ၏ ငြိုစူခြင်း ကို ခံရသော အဘိုးအိုတစ်ယောက်အဖြစ်သို့ ရောက်နေခဲ့ပြီ။

မိမိတို့၏ ကျယ်ဝန်းသောခြံနှင့် ခြံအလယ်မှ ခန့်ထည်လှသောအိမ်ကြီးမှာလည်း ပုံစံရိုးကာ ပုံမကျပန်းမကျ ဖြစ်နေခဲ့ပေပြီ။ အရာရာသည် ဟောင်းနွမ်းခြင်း၊ အိုမင်းခြင်း၊ ဆွေးမြေ့ခြင်း စသည့် ဇရာရိပ်များလွှမ်းနေသည်။

မေမေစိန်သည် နုပျိုသော၊ တောက်ပသော၊ ရွှန်းလက်သောဘဝကို ခုံမင်သူဖြစ်သည်။ ထို့ကြောင့် မြို့တွင် ကြာရှည်မနေနိုင်ခဲ့။ ရန်ကုန်သို့ပြန် ရောက်လာသည့်အခါတွင်လည်း ဝန်းကျင်မှာ တက္ကသိုလ်ကျောင်းသူဝန်း ကျင်မျိုး မဟုတ်တော့။ သူငယ်ချင်းအပေါင်းအသင်းတို့မှာလည်း တက္ကသိုလ် ကျောင်းသူဘဝက အပေါင်းအသင်းစိတ်ထားမျိုး မရှိတော့။

အရာရာသည် အချိန်နှင့်အမျှ ပြောင်းလဲနေခဲ့သည်။

စောလွင်လတ်နှင့် ဆုံမိဖို့ကိုမူ မကြိုးစားခဲ့။ သူသည် အောင်မြင် ကျော်ကြားသော ပန်းချီဆရာတစ်ယောက်ဖြစ်နေပြီ။ သူ၏လက်ရာများကို သတင်းစာ၊ မဂ္ဂဇင်းများက ချီးကျူးရေးသားကြသည်။

လက်တစ်ကမ်းသာကွာသည့်နေရာသို့ ရောက်ခဲ့ပြီဆိုသော်လည်း သူနှင့်တွေ့ ရန် ဝန်လေးနေသည်။ သူနှင့်ကား ဘဝခြားသလိုဖြစ်နေသည်။ မေမေစိန် လက်မထပ်မီကပင် သူ လက်ထပ်ပြီးနှင့်သည်။ မုဆိုးမ ဘဝဖြင့်

သူ့ရှေ့မှာမျက်နှာပြုရမည်ကိုလည်း သိမ်ငယ်သည်ထင်သည်။ ကမ္ဘာသည် ကျဉ်းမြောင်းသည်ဆိုသော်လည်း အားထုတ်မှုမပြုကြသူများအဖို့ လှဲဖယ်စရာနေရာတွေ ရှိနေသည်ပင်ဆိုရမည်။ သူတို့ချင်း မတော်တဆပင် မဆုံဖြစ်။

သည်ကြားမှာ မေမေစိန်သည် ဦးငွေသော်နှင့် ဆုံဖြစ်ခဲ့လေသည်။ ဦးငွေသော်မှာ မေမေစိန်ထက် အသက်ငါးနှစ်လောက်တော့ကြီးသည်။ တည်ကြည်ငြိမ်သက်သည်။ နုနယ်သိမ်မွေ့သည်။ ငွေစာရင်းအရာရှိ တစ်ဦးပင်ဖြစ်သည်။ ရုပ်ရည်ကတော့ ရွက်ကြမ်းရေကျို။

သူ၏ဘဝကို သူ့ဘာသာတည်ထောင်ခဲ့သည်ဆိုသည်။ ကိုယ့်ထူး ကိုယ်ချွန်သမား။ သို့သော် မိဘအသိုင်းအဝိုင်း တောင့်တင်းသည်ကို မေမေစိန်သိသည်။ သူ့မိဘများမှာ ဦးလေးနှင့် မိတ်ရင်းဆွေချာများဖြစ်ကြသည်။ ဦးလေး၏မိတ်ဆွေဆိုသည်မှာ ပစ္စည်းအရာတွင် ထိတ်ထိတ်ကြဲချည်း ဖြစ်ကြသည်အမှန်။

မေမေစိန်သည် သူ၏တည်ငြိမ်မှုကို ကြိုက်သည်။ သိမ်မွေ့ မှုကို နှစ်ခြိုက်သည်။ အထူးသဖြင့် မိဘအားမကိုးဘဲ ကိုယ့်ထူးကိုယ်ချွန်လာမှု ကို လက်ခံကာ အကျဉ်းချုံး၍ လက်ထပ်လိုက်သည်။

ဦးငွေသော်မှာ ကောင်းတာရှိသည်။ မေမေစိန်သည် လက်ထပ်ခဲ့ဖူး သည်၊ မုဆိုးမဖြစ်သည်ဆိုခြင်းနှင့်ပတ်သက်၍ ဘယ်လိုမှ ပြဿနာမတက် ခဲ့ခြင်းဖြစ်သည်။ သဘောထားကြီးစွာဖြင့် ထိုအကြောင်းအရာကို ခွင့်လွှတ် ခဲ့သည်။

နောက်တစ်ကြောင်းမှာ မေမေစိန်ကို အထင်ကြီးခြင်းဖြစ်သည်။ မေမေစိန်လို မိန်းမမျိုးရသည့်အတွက် မိမိကိုယ်မိမိ ကမ္ဘာပေါ်မှာ ကံ အကောင်းဆုံးလူတစ်ယောက်ဟု အထင်ရှိနေသည်။ ထိုအတွက် မေမေစိန် နှစ်သိမ့်မိသည်။ မေမေစိန်ကား ပြေးပွဲပြိုင်ပွဲများ၌ လူတို့၏ လက်ခုပ်သံကို ကြည်နူးတတ်သောအကျင့် ရှိခဲ့သူမဟုတ်ပါလား။

လက်ထပ်ပြီး မကြာမီမှာပင် လားရှိုးမြို့သို့ပြောင်းရသည်။ ထိုနေ့ရက်များသည် ပျော်ရွှင်ဖွယ်ကောင်းသည်ဟု မေမေစိန်ထင်သည်။ သူတို့ သည် နှင်းမှုန်ထဲမှာ မနက်စောစောထ၍လမ်းလျှောက်သည်။ မီးလင်းဖိုအနီး မှာ ယှဉ်တွဲထိုင်ကာ စကားစမြည်ပြောရင်း ညဥ့်နက်အောင်နေကြသည်။ လွတ်လပ်စွာ ချစ်တင်းနှီးနှောကြသည်။ နိုင်ငံခြားရုပ်ရှင်တွေထဲက ပျားရည် ဆမ်းခရီးထွက်သည့် စုံတွဲသဖွယ် အထင်ရောက်မိသည်။ သည်လိုနှင့်ပင် ရက်တွေကုန်လာသည်။ လတွေညောင်းလာသည်။

နှစ်တွေပြောင်းလာသည်။

ဦးငွေသော် တစ်မြို့ပြီးတစ်မြို့ ရွှေ့ရသည်။ အများအားဖြင့်တော့ ဝေးလံသီခေါင်သောဒေသများ။ ရန်ကုန်မှာနားရသည့်ရက်ဟူ၍ များစွာမရှိလှ။

မေမေစိန်သည် အသက်သုံးဆယ်အရွယ်သို့ ရောက်လာသည်။

ဦးငွေသော်သည် တစ်စထက်တစ်စ ထုံထိုင်းလာသည်။ မေမေစိန် အပေါ် အေးတိအေးစက်နိုင်လာသည်။ အလုပ်ကိုပို၍ ဂရုစိုက်သော်လည်း အမှားမကင်းဘဲရှိသည်။

အမှန်ပင် ဦးငွေသော်လည်း သားသမီးလိုချင်ရှာပေသည်။ ကလေး တို့၏ဖခင်အဖြစ် ခံယူလိုသည်။ သို့သော် သူသည် မေမေစိန်၏လျှို့ဝှက် ချက်ကိုမသိ။ မေမေစိန်၏ဆန္ဒကို သဘောမပေါက်။ သူတို့တွင် သားသမီး မရှိခဲ့။ ကလေးမရှိခဲ့။

မေမေစိန်ကိုယ်တိုင်လည်း စိတ်တိုလွယ်သော၊ သည်းမခံတတ်သော ဇနီးအဖြစ်သို့ ကျရောက်လာသည်။ ဘဝသည် ခြောက်သွေ့ကာ ငြီးငွေ့ ဖွယ် ကောင်းသည်ဟုထင်သည်။ အရာရာအပေါ် စိတ်တိုင်းမကျခြင်း၊ အလို မပြည့်ခြင်းဖြင့် ဒေါသထွက်လွယ်လာသည်။

တစ်ခါတစ်ရံ ဦးငွေသော်ကိုထားခဲ့ကာ ကြာမြင့်စွာ ခရီးထွက်သွား တတ်သည်။ ဘယ်ရယ်လို့မဟုတ်။ အပေါင်းအသင်းဟောင်းများရှိရာသို့ ဖြစ်သည်။ ထိုနေရာတွင် ကြာရှည်မနေနိုင်ဘဲ ပြန်ခဲ့ပြန်သည်။

ခရီးလမ်းများတွင် မေမေစိန်သည် စွန့်စားပြလိုစိတ် ပေါ်ပေါက်ခဲ့ဖူးသည်။ သူစိမ်းယောကျ်ားတို့နှင့် တွေ့ဆုံချစ် စသော စိတ်ကူးယဉ်ဇာတ်လမ်း မျိုးကို တွေးမိသည်။ အကယ်၍ မေမေစိန်သာ အလိုရှိမည်ဆိုပါကလည်း ထိုဇာတ်လမ်းမျိုး ရရှိရန်မှာ အလွန်လွယ်ကူသည်။ သို့သော် လက်တွေ့၌ မေမေစိန် သည်မျှမဝံ့ရဲသည်အမှန်။

ခရီးမှပြန်လာတိုင်း မေမေစိန်သည် နုပျိုလန်းဆန်းလာသလို ရှိသည်။ အင်အားပြည့်လေဟန်ရှိသည်။ ထိုကာလမျိုး၌ သူတို့ဇနီးမောင်နှံ သည် အိမ်ထောင်ဦးရက်များကလို ရှိကြသည်။

မေမေစိန်သည် ဦးငွေသော်၏ ယုယမှု၊ ချိုသာမှု၊ အလိုလိုက်မှု စသည်တို့အကြားမှာ နစ်မျောနေမိပြန်သည်။

အကယ်၍ မေမေစိန်အနေနှင့် ခရီးလမ်းတွင် စွန့်စားမှုပြုခဲ့လျှင်လည်း ဦးငွေသော် ငြူစူမည့်သူမဟုတ်ကြောင်း တွေ့ ရသည်။ သူ၏သည်းခံခွင့်လွှတ်မှုနှင့် တည်ငြိမ်မှုတို့မှာ အံ့သြစရာကောင်းလောက်အောင် ကြီးမားသည် မှာ အမှန်။

မေမေစိန်အနေနှင့်ကလည်း သူ့ကိုပစ်ခွာသွားဖို့ခက်သည်။ အင်အား တစ်ရပ်သည် ဦးငွေသော်မှာရှိသည်။ သည်းခံခွင့်လွှတ်နိုင်စွမ်းလွန်းခြင်း ဖြစ်သည်။ ဤသည်ကပင် မေမေစိန်အား တုတ်နှောင်ဆွဲငင်နေခြင်းဖြစ်သည်။ သို့သော် ဝေးလံသီခေါင်သောဒေသမှာ ကြာမြင့်စွာနေထိုင်ရခြင်း၊ ဦးငွေသော်မှာ တစ်စထက်တစ်စ ထုံထိုင်းလာခြင်းတို့မှာ မေမေစိန်အဖို့ ခွင့် မလွှတ်နိုင်စရာများ ဖြစ်လာပြန်သည်။ နေရာတစ်ခုတွင် အတည်တကျမနေ နိုင်ခြင်းအတွက် ထာဝရမိတ်ဆွေမရှိ။ မရနိုင်။

စင်စစ် မေမေစိန်တို့မှာ ဘာအလုပ်မျှမလုပ်ဘဲနှင့်လည်း ထိုင်စားနေ

နိုင်လောက်အောင် ငွေကြေးတောင့်တင်းသည်။ အလုပ်ကထွက်ဖို့ အခါ တစ်ရာမက ပြောဖူးသည်။

ဦးငွေသော်က ခေါင်းမာသည်။ သူ့အစွမ်းအစဖြင့် ရယူနိုင်ခဲ့သော လုပ်ငန်းကို ရိုသေသည်။ သစ္စာရှိသည်။ အသက်မပြည့်မချင်း အငြိမ်းစား မယူလို။

မေမေစိန်ဘဝမှာ ငယ်စဉ်က တောက်ပခဲ့သလောက် ယခုမူ မှေးမှိန် နေသည်။ ငယ်စဉ်က လှုပ်ရှားခဲ့သလောက် ယခုအခါ ငြိမ်နေသည်။ စင်စစ် သည့်အဖြစ်ကို မေမေစိန်မလိုလား။ စောလွင်လတ်၏ သတင်းများကိုကြားရသည်။ သူ၏ဆင့်ကဲအောင်မြင်မှုများမှာ အားကျဖွယ်ဖြစ်သည်။

နိုင်ငံခြားသို့ ပန်းချီပညာတော်သင်အဖြစ် သွားရောက်ရသည်။ ပြန် လာပြီးနောက်ပိုင်းတွင် သူ၏လက်ရာများမှာ ပိုမိုအရည်အသွေးရှိလာသည်။ တောက်ပြောင်လာသည်။ သူ့နာမည်သည် ကျော်စောခြင်းနှင့်အတူ ရပ်တည် နေသည်။

ပန်းချီပြပွဲများ၊ တစ်ကိုယ်တော်ပြပွဲများ၌ ကြေးကြီးမားစွာဖြင့် ပန်းချီ ကားများ ရောင်းချနေရသည်။ ပြပွဲများက သူ့ကိုဖိတ်ခေါ်ကာ နေရာပေး အမွှန်းတင်ကြသည်။

မေမေစိန်သည် သူနှင့် အဘယ်ကြောင့်လွဲခဲ့ရသည်ကို စဉ်းစား၍မရ။ ကံဖယ်သည်ဟုပင် ဆိုရလေမလား။ သူ့ဇနီးဖြစ်လာသူသည် ကံကောင်းသူ ဖြစ်မည်ထင်သည်။

မေမေစိန်လိုချင်သောဘဝမှာ အရာရှိကတော်အဖြစ် ဝေးလံသီခေါင်သော အရပ်များသို့ ပြောင်းရွှေ့နေဖို့မဟုတ်။ ခင်ပွန်းသည်ဆိုသည်မှာ မနက် ကိုးနာရီခွဲ ရုံးသွားကာ ညနေလေးနာရီ အိမ်ပြန်လာဆိုသည်မျိုး မဟုတ်။ အောင်မြင်တောက်ပသော ခင်ပွန်းသည်၏နံဘေးမှာ လက်ခုပ်သံကို အတူနာခံရသော ဘဝမျိုး။ ခင်ပွန်းသည်၏ အောင်မြင်မှုအပေါ် ဂုဏ်ယူဝင့် ကြွားနိုင်ခြင်းမျိုး၊ ပြပွဲတွေ၊ ပရိသတ်တွေ၊ မီးမောင်းတွေရှေ့မှာ ရပ်ရခြင်းမျိုး ကို အလိုရှိသည်မှာ အမှန်။

တန်ဆောင်မုန်းလပြည့်ညက အဖြစ်မျိုးကို တွေးမိတော့လည်း မနေ့ တစ်နေ့ကလိုပင် ရင်မှာပူနွေးလာမိပြန်သည်။ သူ ငါ့ကိုချစ်တော့ချစ်နေမှာ ပါ။ ဒါပေမဲ့ အရင်းနှီးဆုံးကနေ အမုန်းဆုံးဖြစ်သွားရမှာကို မဝံ့မရဲဖြစ်နေလို့ မစတာပဲဖြစ်မှာ။ ငါကလည်း သူ့ကိုဘာကြောင့်များ ဒီထက်ပိုပြီး မဆွဲဆောင် နိုင်ပါလိမ့်။ အို...ကိုလတ်ရယ်၊ မင်းကို မေစိန်ချစ်ပါတယ်။

သူသာ ချစ်တတ်တဲ့သူတစ်ယောက် ဖြစ်ရမယ်။ သူ့မှာ အနုပညာရှိ တယ်။ စိတ်ကူးရှိတယ်။ စိတ်ကူးနဲ့ အနုပညာပေါင်းစပ်နေတဲ့ လူတစ် ယောက်ရဲ့အချစ်ဟာ ဘယ်အခါမှ အေးတိအေးစက် ရှိလိမ့်မယ်မဟုတ် ဘူး။

စောလွင်လတ်ထံ စာတစ်စောင်ရေးဖို့ မေမေစိန် ဆုံးဖြတ်သည်။

ဟေး...ကိုလတ်

တို့ကို မှတ်မိသေးရဲ့လား။ တို့ မေစိန်ပါ။ မြို့မှာအတူနေခဲ့တဲ့ မေမေစိန်ရယ်လေ။

မင်းရဲ့ကျော်ကြားတဲ့သတင်းတွေ ကြားရသိရပြီး သတိတရရှိ လွန်းတာနဲ့ စာရေးလိုက်တာပါ။ ကိုလတ်ကတော့ကွယ် တကယ့် ပန်းချီဆရာရင့်မကြီးကို ဖြစ်နေပြီနော်။ နိုင်ငံကျော် ကမ္ဘာကျော်ပေါ့ ဟုတ်စ။

မင်းအတွက် ငယ်သူငယ်ချင်းတစ်ယောက်အနေနဲ့ ဂုဏ်ယူပါ တယ် ကိုလတ်။

တို့ကတော့ ဝေးလံသီခေါင်တဲ့ မြို့ကလေးမှာ ရောက်နေတယ်။ တို့ကို မမေ့သေးဘူး။ သတိရတယ်ဆိုရင် စာပြန်နိုင်လောက်အောင် အချိန်လည်းရမယ်ဆိုရင် ပြန်နိုင်အောင် တို့ လိပ်စာပေးလိုက်ပါတယ်။

မမေ့တဲ့ ခင်တဲ့
မေစိန်

စောလွင်လတ်ထံမှ စာပြန်လာလျှင် အမှန်ပင် မေမေစိန် ဝမ်းသာသည်။ စာထဲတွင် စောလွင်လတ်က မေမေစိန်ကို မမေ့ကြောင်း၊ သတိရနေ ကြောင်း ပြန်ကြားခဲ့သည်။

သည်နောက်မှာ စာအစောင်စောင် ကူးလူးတုံ့ပြန်ခဲ့ကြသည်။ မေမေစိန်သည် ရန်ကုန်ဆင်းရန် ပြင်သည်။ စောလွင်လတ်နှင့် တွေ့ဆုံရန်မှတစ်ပါး အခြားမရှိ။ သူမ၏စိတ်ကူးယဉ်ဇာတ်လမ်းအတွက် ရင်မှာ ပူနွေးနေသည်။

သူမ ရောက်ရှိလာမည့်အကြောင်းကို စာကြိုရေးထားသည်။ လာကြိုပေးဖို့လည်း မှာလိုက်သည်။

ဦးငွေသော်အနေနှင့် ခရီးစဉ်ကို ကန့်ကွက်မှာမဟုတ်ကြောင်း သေချာသည်။ သို့သော် အမှန်ပြောရလျှင်တော့ သူမ၏စိတ်မှာ လေးလံနေသည်။ ဦးငွေသော်အနေနှင့် သံသယရှိစရာအကြောင်းမမြင်။ ယခင်ကလည်း သွား နေကျ။ ပြီး စောလွင်လတ်နှင့် အဆက်အသွယ်ဖြစ်နေသည်ဆိုခြင်းကို

သဲလွန်စမထားဘဲ ဖျောက်ဖျက်ပစ်မြဲ။

သို့စဉ်လျက် ယခုခရီးမှာ အခါတိုင်းနှင့်မတူ။ မရိုးသားသောခရီးဖြစ် နေသည်ဟု မိမိဘာသာ နားလည်သည့်အလျောက် လိပ်ပြာမသန့်။ ဦးငွေသော်အပေါ် သစ္စာဖောက်ဖျက်ရာရောက်သည်ထက် မိမိကိုယ်ကိုယ်မိမိ သစ္စာဖောက်ဖျက်နေပြီလားဟု သံသယဖွားသည်။

စဉ်းစားတွေဝေရင်းနှင့် ရက်အတန်ကြာသွားသည်။

သို့ပေမဲ့ အဆုံးတွင် သွားမည်ဟု မေမေစိန် ဆုံးဖြတ်သည်။ ထုံးစံအတိုင်းပင်ဖြစ်သည်။ အစတွင် အိမ်မှာဦးငွေ့ လာကြောင်း၊ သဘာဝသည် ပျင်းရိခြောက်သွေ့ ဖွယ်ကောင်းကြောင်း ညည်းသည်။

ထိုအခါ ဦးငွေသော်က မေမေစိန်အတွက် တစ်စုံတစ်ရာ ဖန်တီးပေး ရန် ကြိုးစားသည်။ သူ အတတ်နိုင်ဆုံးသောအရာမှာ အိမ်တွင် ဖဲဝိုင်းဖြစ်စေ ရန် လူစုပေးရုံမျှသာ ဖြစ်သည်။

ဤသည်ကို ပြင်းဆိုပြီး ခရီးထွက်မှဖြစ်မည်ဆိုသောအခါ ဦးငွေသော် ထံမှ အလွယ်တကူပင် ခွင့်ပြုချက်ကို ရရှိခဲ့သည်။ ထုံးစံအတိုင်းပင် ဖြစ်ပါသည်။

(၂)

မင်္ဂလာဒုံလေဆိပ်တွင် ဆုံမိကြသောအခါ မေမေစိန်နှင့် စောလွင် လတ်တို့ ချက်ချင်းပင် မှတ်မိကြသည်။ ဖက်လှဲတကင်းမဖြစ်ရုံတစ်မည် ဝမ်းသာအားရ နှုတ်ဆက်ကြသည်။

"ကိုလတ်က ငယ်ရုပ်မပျောက်ဘူး။ အဲ... နည်းနည်းဝလာတာတစ်ခုပဲ"

"မေစိန်လည်း ဒီအတိုင်းပဲ။ အဲ... မေစိန်ကတော့ နည်းနည်းပိန် သွားသလိုပဲ"

စောလွင်လတ်သည် ငယ်ငယ်ကလိုပင် တက်ကြွဆဲ၊ ဖျတ်လတ်ဆဲ၊ ထက်ထက်မြက်မြက်ရှိသေးဟန်ကို နုပျိုသည့် သူ၏မျက်နှာ၌ မြင်ရသည်။ လေဆိပ်ရှေ့ရှိ ကားထားရာသို့ လျှောက်လာကြသည်။ ဇောက်စ် ဝက်ဂင်းကားတစ်စီးကို ညွှန်ပြကာ-

"တက်လေ မေစိန်၊ ကားတွေဘာတွေနဲ့ဆိုပြီးတော့ အထင်ကြီးမသွားနဲ့။ သူငယ်ချင်းတစ်ယောက်ရဲ့ကားကို ဆွဲလာတာ" "သိပ်မကြွားပါနဲ့လေ၊ မေစိန်သိပါတယ်။ အနုပညာသမားတွေ နာမည်ကြီးသလောက် မချမ်းသာကြဘူးဆိုတာ နားလည်ပါတယ်" ပြောသာပြောလိုက်ရသော်လည်း ရင်ထဲ၌မကောင်းလှပါ။ မေစိန်နဲ့သာဆိုရင် ကိုလတ်က ကျော်ကြားမှုကို ရှာဖွေနိုင်ပြီး မေစိန် က ငွေနဲ့ကျောထောက်နောက်ခံပြုနိုင်မှာပဲ။ စိတ်ထဲက ဆိုမိသည်။

ရန်ကုန်မြို့တွင် မေစိန်ပိုင် တိုက်ခန်းကျယ်ကြီးတစ်ခန်းရှိသည်။ မိမိတို့ မနေဖြစ်သဖြင့် ဝမ်းကွဲညီမတစ်ယောက်ကို တင်ထားရသည်။ အခန်း တစ်ခန်းကိုသာ ရန်ကုန်လာသည့်အခါ တည်းခိုဖို့ သီးသန့်ယူထားသည်။ ထိုတိုက်ခန်းရှိရာသို့ ပို့ပေးဖို့ပြောရသည်။

လမ်းတွင် ထွေရာလေးပါးစကားပြောလာကြသည်။ စောလွင်လတ် သည် မေမေစိန်နှင့် ပြန်လည်ဆုံတွေ့ ရသည့်အတွက် ဝမ်းသာနေဟန်ပြသည်။

မေမေစိန်ကတော့ စောလွင်လတ်သည် ငယ်စဉ်ကလိုပင် ဆွဲဆောင် နိုင်သောအင်အား ရှိမြဲဟု တွေးနေသည်။

မေမေစိန်ကို တိုက်ခန်းရှေ့သို့ ပို့ပေးသည်။ မေမေစိန်က နောက်တစ် နေ့တွင် တွေ့ဖို့အတွက် ဖုန်းဆက်မည့်အကြောင်း မှာကြားကာ စောလွင်လတ် ကို ပြန်လွှတ်လိုက်သည်။ စပ်စုသော ညီမဝမ်းကွဲရှေ့သို့ စောလွင်လတ်ကို ခေါ်မသွားလို။

မိမိ၏ သီးသန့်အခန်းသို့ ရောက်သောအခါ အထီးကျန်သလိုခံစား ရသည်။ ပြီး စိတ်မှာ စနိုးစနောင့်ရှိနေမိသည်လည်း အမှန်။ အကယ်၍ စောလွင်လတ်သာ ရုပ်ရည်ရော အမူအရာပါ ပြောင်းလဲနေမည်။ ဆွဲဆောင်မှု ကင်းသော လူတစ်ယောက်ဖြစ်နေမည်ဆိုလျှင်တော့ မေမေစိန်၏ သည်ခရီး စဉ်မှာ အပျော်သက်သက်ခရီးစဉ်သာဖြစ်မည်။ ခဏတစ်ဖြုတ် တွေ့ဆုံကြကာ ရွှေယုန်နှင့် ရွှေကျားပုံပြင်လို အသီးသီး အသက အသက လမ်းခွဲပြီးပြန်ကြ ဖို့သာ ဖြစ်သည်။

ယခုတော့ သူသည် ထင်မှတ်သည်ထက် ဆွဲဆောင်မှုအားကောင်းနေသည်။ နုပျိုခြင်း၊ တက်ကြွခြင်းဖြင့် ပြည့်ဝသူတစ်ယောက်ဖြစ်နေသည်။ မိမိနှင့်စာလျှင် စောလွင်လတ်တို့မှာ တစ်စုံတစ်ခုရှိသည်။ ထိုတစ်စုံ တစ်ခုကြောင့် ဦးဝေသော်မှာ ထိခိုက်နိုင်သည်။ ကြေကွဲဝမ်းနည်းမှုကို ဖြစ် စေနိုင်သည်။ ထိုသို့ဖြစ်စေသင့်ပါသလား။ ကိုယ့်စိတ်ချမ်းသာမှုတစ်ခုတည်း အတွက် သူတစ်ပါးကို ထိခိုက်စေသင့်ပါသလား မေမေစိန်တွေးသည်။ စိတ်ထဲမှာ ရုတ်တရက် နောက်ကျိရှုပ်ထွေးသွားသည်။ ရေချိုးခန်းသို့ဝင်သည်။ မှန်မှာ မိမိမျက်နှာကို ကြည့်တော့ စိတ်ပျက် ညှိုးချုံးလျက်ရှိသည်ကို တွေ့ ရသည်။

အို...နောင်ခါလာ နောင်ခါချေးပေါ့။

ရေချိုးလိုက်သည်။ ပေါ့ပါးလန်းဆန်းလာသည်။

(၃)

နောက်တစ်နေ့ ဖုန်းဆက်သောအခါ စောလွင်လတ်သည် ဝမ်း မြောက်ဝမ်းသာ တုံ့ပြန်စကားပြောသည်။

စင်စစ် စောလွင်လတ်သည် မေမေစိန်ကို ထာဝရနှစ်ခြိုက်သည်။ ရင်မှာ နွေးထွေးပူရှိန်းရခြင်းမျိုးနှင့် အမြဲသတိတရရှိသည်။ သူကိုယ်တိုင် လည်း မေမေစိန်ကို ချစ်ရေးဆိုမကြည့်ဖြစ်ခဲ့မိသည့်အတွက် အမြဲတစေ နောင်တရနေမိသည်။

အကယ်၍ ဟိုတစ်ခါက ချစ်ရေးဆိုခဲ့မိလျှင် မေမေစိန်ငြင်းပယ်ချင် မှ ငြင်းပယ်လိမ့်မည်ဟုတော့ အထင်သား။

သို့သော် မေမေစိန်နှင့် သူတို့အကြားမှာ အတားအဆီးကြီးတစ်ခု ရှိသည်။ ယင်းမှာ မေမေစိန်က ချမ်းသာသည်။ သူက ဆင်းရဲသည်။ ထိုနံရံ တံတိုင်းသည် မေမေစိန်နှင့် သူတို့အကြားမှာ ကြီးစွာသော အတားအဆီး ကြီးဖြစ်ခဲ့သည်။

မေမေစိန်ကို သူခင်ပါသည်၊ တစ်သက်တာပတ်လုံး အခင်အမင် မပျက် နေချင်သည်။ အကယ်၍ မေမေစိန်ကသာ သူ၏အချစ်ကို ငြင်းခဲ့ လျှင် မျက်နှာပျက်ရမည်။ အရှက်ရမည်။ ခင်မင်မှု ဆိတ်သုန်းကာ အမုန်းတရားက ကြားဝင်နေရာယူလာပေလိမ့်မည်။ ထိုအဖြစ်ကို သူလက်မခံနိုင်။ မခံခဲ့။

သည်လိုနှင့် တက္ကသိုလ်စာသင်နှစ်များဝယ် မေမေစိန်အပါး၌ ချစ်သူ တွေ တွေ့လာရသည်။ မေမေစိန်သည် မိမိအဖို့ မစားကောင်းသော အသီး သာတည်းဟု ဝေးရာကို ရှဲခဲ့ရသည်။ မျှော်လင့်ချက်က ပေယျာလကန် ထားခဲ့သည်။

သည်အကြားမှာပင် မေမေစိန်ဆိုသော အသံကြားရပါက အသည်း မှာ ဆတ်ခနဲတုန်ခါလာတတ်မြဲ။

သည်လောက အောင်မြင်မှုတွေ မရမီမှာပင် သူသည် ပုံ့ပုံ့ကို လက်ထပ်ခဲ့သည်။ ပုံ့ပုံ့သည် ဇနီးကောင်းတစ်ယောက်ဖြစ်သည်။ မိခင်ကောင်း တစ်ယောက်လည်း ဖြစ်ပါသည်။ စကားနည်းကာ သိပ်ရည်မှန်းချက် ကြီး ကြီးမားမားထားတတ်သူလည်းမဟုတ်။ အလယ်တန်းစားမိသားစုမှ ပေါက် ဖွားပြီး ပညာလည်း သိပ်မတတ်။

မေမေစိန်နှင့်စာလျှင်တော့ ..

သို့သော် ပုံ့ပုံ့ကို လက်ထပ်ခဲ့ခြင်းအတွက် စောလွင်လတ် နောင်တ

မရပါ။ ပုံ့ပုံ့ကို လက်ထပ်ခဲ့ခြင်းကြောင့်သာ သည်ချစ်မြတ်နိုးစဖွယ် သမီး နှစ်ယောက်နှင့် သားတစ်ယောက်ကို ရခဲ့ခြင်းဖြစ်သည်ဟု ထင်မှတ်မြဲ။ သူသည် သည်ဘဝသို့ရောက်ရန် အတော်ပင် ရုန်းကန်ခဲ့ရသည်။ အချမ်းသာကြီးမဟုတ်သည့်တိုင် ဘဝကို တည်ငြိမ်အောင်တည်ဆောက်နိုင် ဖို့ဆိုသည်မှာ သူ့လို သုညမှစရသည့်လူတစ်ယောက်အတွက် မလွယ်ကူ လှ။ အသက်သုံးဆယ့်နှစ်နှစ်ရှိလာပြီဆိုသောအခါတွင်မှ အတန်အသင့် တန်းစေ့လမ်းစေ့ ဖြစ်လာသည်။ သူ့တွင် အနာဂတ်ရှိသည်။ လျှမ်းလျှမ်း တောက် ကျော်ကြားဖို့၊ ငွေရဖို့ဆိုသည်ထက် ရေရှည်မည့် အနုပညာလက်ရာများကို ရေးဆွဲသွားနိုင်ဖို့ဖြစ်သည်။ အနုပညာကို အသက်မွေးဝမ်းကျောင်း ဖို့ထက် ဂန္ထဝင်မြောက်ဖို့ အသုံးချချင်သည်။ ဤသည်မှာ သူ၏ရည်မှန်း ချက်ဖြစ်သည်။

မေမေစိန်၏စာကို ရသောအခါ သူ အံ့အားလည်းသင့်သည်။ ဝမ်း လည်းသာမိသည်။

ငယ်ငယ်ကအဖြစ်အပျက်တို့သည် မနေ့တစ်နေ့ကလို ပူနွေးစွာ ပြန်လည်ထင်ဟပ်လာသည်။

အို... ပီတိ မြီးကောင်ပေါက်ကလေးလို ရင်တွေ ပင် ခုန်ခဲ့ရသေးသည်။

မေမေစိန်နှင့် ပြန်လည်ဆုံတွေ့သောအခါ ထိုခံစားချက်မှာ ပို၍ပြင်း ပြလာသည်။ မေမေစိန်နှင့် သူတို့အကြောင်းကို ပြန်ပြောင်းစဉ်းစားလိုက်သော အခါ ခန့်ညားသော နော်ဗယ်ဝတ္ထုကြီးများ၏ အစပိုင်းကို ဖတ်နေရသလို ရှိသည်။

ညက အတွေးဝက်ပါမှာ ချာချာလည်နေခဲ့သည်။ မေမေစိန် အကြောင်းကို အိပ်မက်ပင် မက်မိသေးသည်။

မေမေစိန်က တယ်လီဖုန်းဖြင့်တွေ့ ဆုံဖို့ ချိန်းလိုက်သောအခါ သူ၏ ပြခန်းသို့ လာခဲ့ဖို့မှာလိုက်သည်။ လောလောဆယ်တွင် သူသည် မြို့လယ်၌ အခန်းတစ်ခုငှားကာ တစ်ကိုယ်တော်ပြပွဲတစ်ခုကို ပြနေဆဲဖြစ်သည်။ မေမေစိန် ရောက်လာသည်။

မေမေစိန်သည် အပြာရောင်ကိုနှစ်ခြိုက်သည်။ သူမ၏အဝတ်များ မှာ အပြာရောင်လွှမ်းနေသည်။

သည့်ကနေ့ ပြခန်းမှာ လူစုံသည်။

မိတ်ဆွေ ပန်းချီဆရာများ၊ စာရေးဆရာများ၊ သတင်းစာဆရာများ ရောက်နေသည်။ မေမေစိန်နှင့် မိတ်ဆက်ပေးရသည်။ ကံအားလျော်စွာပင် ပြင်သစ်သံရုံးက ဆီမီးခွက်အက ပန်းချီကားတစ်ချပ်နှင့် သာစွပုဂံပန်းချီကား တစ်ချပ်ကိုဝယ်ယူရန် စကားကမ်းလှမ်းသွားသည်။

ဆယ့်နှစ်နာရီလောက် လူရှင်းစအချိန်မှာ မေမေစိန်နှင့် အေးအေး ဆေးဆေး စကားပြောဖို့ အချိန်ရသည်။

"သိပ်ကောင်းတဲ့နေရာလေးပဲ ကိုလတ်။ ဒီမှာ ပြပွဲတွေမကြာခဏ လုပ်သလား"

"လုပ်တယ်၊ တစ်ခါတလေတော့ တစ်ကိုယ်တော်၊ တစ်ခါတလေ လည်း စုပေါင်းပေါ့"

"မေမေစိန် လာလာကြည့်ချင်လိုက်တာ၊ ဒီလိုကျော်ကြားတဲ့စာရေး ဆရာတွေလည်း လာတယ်နော်။ တချို့ ဆိုရင် စာသာဖတ်ဖူးနေတာ၊ ခုမှပဲလူကိုတွေ့ ဖူးတော့တယ်။ အနုပညာသမားတွေ ကျက်စားတဲ့နေရာပေါ့နော်"

"အဲ့လိုပြောရင်လည်း ဖြစ်နိုင်ပါတယ် မေစိန်"

"ဒါထက် မေစိန့်စာရတော့ အံ့သြမသွားဘူးလား"

"အံ့လည်းအံ့သြတယ်၊ ဝမ်းလည်းသိပ်သာသွားတယ်" "မေစိန် ကိုလတ်ကို မမေ့ပါဘူး"

"ကိုယ်လည်း မေစိန့်ကိုမမေ့ပါဘူး၊ လူကိုယ်တိုင်ပြန်တွေ့ ရတော့ သိပ်ပျော်သွားမိတယ်။ မေစိန်ဟာ နုပျိုဆဲ၊ လှဆဲပါပဲ"

"ကျေးဇူးတင်ပါတယ်၊ ကိုလတ်နဲ့တွေ့ ရရင် စိတ်ချမ်းသာရတယ်။ ဘာကြောင့်လဲဆိုတော့ ကိုလတ်က အမြဲမြှောက်တာကိုး"

"မြှောက်ပြောတာမဟုတ်ပါဘူး မေစိန်ရယ်၊ တကယ်မို့ တကယ် ပြောတာပါ"

"ဘာပဲဖြစ်ဖြစ်လေ အဲဒီအတွက် ကိုလတ်ကို မေစိန် တစ်ခုခုကျွေး ပါရစေ။ စားသောက်ဆိုင်တစ်ခုခုကို သွားကြရအောင်နော်"

"မေစိန် ထမင်းမစားရသေးဘူးလား။ ကိုယ်တော့ အိမ်က စားလာခဲ့ပြီးပြီ"

"သြော်...ဟုတ်ပါရဲ့၊ မေစိန်ကသာ ညံ့သည်ကိုး၊ ကိုလတ်က အိုးနဲ့အိမ်နဲ့ဆိုတာ မေစိန်မေ့နေတယ်"

"အိုးနဲ့အိမ်နဲ့ သားနဲ့မယားနဲ့ဆိုပါတော့ မေစိန်" "ကလေးဘယ်နှယောက်လဲဟင်"

"သုံးယောက်၊ ကျားတစ်၊ မ နှစ်လေ"

"သြော်..."

"ကိုလတ်အမျိုးသမီးက"

"ပုံ့ပုံ့တဲ့"

"ကိုလတ်တို့ အိမ်ထောင်ရေး အဆင်ပြေပါတယ်နော် .."

"ဒီလိုပါပဲ မေစိန်ရယ်၊

ဪ..ဒါထက် မေစိန်၊ ထမင်းမစားရသေးဘူးဆိုတော့ ဆာနေမှာပေါ့။ နေ့လယ်တစ်နာရီကြီးများတောင်ရှိနေပြီ။ ကိုယ်ကလည်း ညှော်သည်ကိုပစ်ထားမိသလိုဖြစ်နေတယ်။ ကိုယ်လည်း ဟောရ၊ ပြောရ ရှင်းရလင်းရနဲ့ ထမင်းပြန်ဆာလာပြီ။ ဆိုင်တစ်ဆိုင်ကိုသွားကြစို့နော်"

စောလွင်လတ်သည် မေမေစိန်ကို ချစ်တီးထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်လာသည်။ ထိုဆိုင်မှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာက ယခုတိုင်ဖွင့်လှစ်ထားသော ဆိုင်ဟောင်းတစ်ခုဖြစ်သည်။ အတိတ်ကို ပြန်ပြောင်းသတိရစေနိုင်သော ဆိုင်ဖြစ်သည်။ စောလွတ်လတ်နှင့် မေမေစိန်တို့ တက္ကသိုလ်မှာရှိကြ စဉ်က ချစ်တီးအစားအစာကြိုက်သော မေမေစိန်နှင့်အတူ သည်ဆိုင်သို့ အရောက်အပေါက်များတတ်စမြဲ။ ဆိုင်၏ ချောင်ကျသောထိုင်ခုံကလေးများ ကို မေမေစိန် သတိရနေသည်။ ထိုနေရာတွင် ထိုင်မြဲဖြစ်သည်ကို အမှတ်ရသည်။ ဘာကြောင့် စောလွင်လတ်သည် မိမိကို သည်ဆိုင်ဟောင်းသို့ ပြန် ခေါ်လာကြောင်း သဘောပေါက်လာသည်။

"အခါတိုင်းကလို ဆိတ်ဦးနှောက်ပဲ စားမယ်မဟုတ်လား မေစိန်" "ဒါပေါ့ ကိုလတ်၊ ဒါပေါ့"

ထမင်းမှာကြားခိုက် စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ဘာစကား မျှ မပြောဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် ကြာမြင့်စွာစူးစိုက်ကြည့် နေမိကြသည်။

ထိုအခါ မေစိန်၏စိတ်ထဲတွင် စောလွင်လတ်သည် မိမိနှင့်အထိုက် တန်ဆုံးလူတစ်ယောက်။ စောလွင်လတ်၏ဘဝလှုပ်ရှားမှုများမှာ မိမိလိုလား တောင့်တသော ဘဝမျိုးဖြစ်သည်ဆိုခြင်းကို လေးနက်စွာ တွေးမိလာသည်။ "မေစိန်" စောလွင်လတ်ခေါ်လိုက်သည်။

"မေစိန်ရဲ့ဘဝဟာ အခု မေစိန်ကိုမြင်နေရသလို ပျော်ပျော်ရွှင်ရွှ ပဲပေါ့နော်"

ခေတ္တမျှဆိုင်းနေပြီးနောက် 'အင်း'ဟု မေမေစိန် အဖြေပေးဖြစ်သည်။ မေမေစိန် တုံ့ဆိုင်းနေပုံကို စောလွင်လတ် သတိပြုမိသည်။ သူမ၏အဖြေမှာ ရာနှုန်းပြည့်မမှန်ကန်ကြောင်း အကဲခတ်နိုင်စွမ်းသည်။ 'တို့များဟာ ငယ်သူငယ်ချင်းတွေနော်'မေမေစိန် ပြန်မေးသည်။

"ဒါပေါ့ မေမေစိန်၊ အရင်းနှီးဆုံး ငယ်သူငယ်ချင်းတွေလေ"

"အရင်းနှီးဆုံးမို့ ပွင့်ပွင့်လင်းလင်း ပြောကြကြေးဆိုရင်တော့ အိမ်ထောင်ရေးမှာ ကံဆိုးခဲ့ပါတယ် ကိုလတ်ရယ်"

စောလွင်လတ်သည် ထိုစကားကို စလိုက်မိသည့်အတွက် နောင်တ ရမိပုံပေါ်သည်။ မေမေစိန်က မျက်နှာကလေးအိုစာသွားကာ ညည်းညူသလို

ဆိုလိုက်တော့ အမှန်ပင် သူ စိတ်မကောင်း။ မေမေစိန်၏ ပထမခင်ပွန်းအကြောင်းကိုရော၊ ဒုတိယခင်ပွန်းအကြောင်းကိုပါ အပေါင်းအသင်းများထံ မှ ကြားရပြီးဖြစ်သည်။ သူ မေမေစိန်ကို စာနာနိုင်ပါသည်။ ကံကောင်းသည်မှာ စားစရာများရောက်လာခြင်းဖြစ်သည်။

"စားပါ မေစိန်၊ ဒီဆိုင်ဟာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကတည်းက ဖွင့်ခဲ့တဲ့ဆိုင်တဲ့။ လက်ရာဟာလည်း အဲဒီက ဒီကနေ့အထိ မပြောင်းလဲဘူးတဲ့"

"ဆိုလှချည်လား"

"ဟုတ် မဟုတ်တော့ မသိဘူးလေ၊ တစ်ခုပဲပြောနိုင်တာရှိတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်က ကိုယ်တို့ထိုင်ခဲ့တဲ့စားပွဲနဲ့ ကုလားထိုင်တွေ မပြောင်းလဲသေးဘူးဆိုတာပဲ"

"ဟုတ်ပါရဲ့ နော်၊ ကိုလတ်တို့ မေစိန်တို့တောင် အများကြီးပြောင်းလဲကုန်ပြီ။ ဟိုတုန်းက ကိုလတ်ဟာ သာမန်ကျောင်းသားတစ်ယောက်၊ ခုတော့ နာမည်ကျော် ပန်းချီဆရာ"

"အဲ့ဒါနဲ့အမျှ ကြီးရင့်လာတာကိုလည်း ထည့်တွက်ရမှာပဲ" "ကိုလတ်ဟာ ထင်သလောက် မအိုစာပါဘူး မေစိန်သာ"

"ဟင့်အင်း၊ မေစိန်ဟာ လှနေဆဲပါပဲ။ နည်းနည်းရင့်ကျက်လာတာ ကလွဲလို့ လှနေဆဲပါ။ မေစိန်ကို ကိုယ် ပုံတူဆွဲချင်တယ်" "မလုပ်ပါနဲ့၊ ကိုလတ်တို့မှာ မေစိန်ထက်သာတဲ့ မော်ဒယ်တွေ အများကြီးရှိနေမှာပါ။ ပုံတူအဆွဲခံရမှာလည်း စိတ်ကမဝံ့ရဲဘူးလေ"

"ကိုယ်ပဲကွယ်၊ တခြားသူမှမဟုတ်တာ။ သူစိမ်းတွေမှမဟုတ်တာ" "ကိုလတ်နဲ့မေစိန်က တခြားသူတွေမဟုတ်ရင် ဘာလဲဟင်" "ငယ်သူငယ်ချင်းတွေလေ"

နှစ်ယောက်သား ထိုစကားကို သဘောကျမိသလို ပြုံးတူရယ်မိကြသည်။

(၄)

ယခုတော့လည်း ငယ်ဘဝအကြောင်းတွေ ပြန်ပြောင်းပြောရသည်မှာ အရသာရှိလှသည်ဟု မှတ်ယူသည်။ ငယ်စဉ်က အဆင်မပြေဖြစ်ရမှု၊ ဆရာ၏ ဒဏ်ပေးခံရမှုတို့မှာ ယခုအခါ ရယ်မောစရာများဖြစ်နေသည်။ ငယ်သူငယ်ချင်းတွေထဲက မှတ်မိသမျှသူတွေ၏အကြောင်း စုံစမ်းရသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

မေမေစိန်သည် စောလွင်လတ်၏ပြခန်းသို့ နေ့စဉ်လိုရောက်သည်။ ပြခန်း၏နောက်ဘက်တွင် သီးသန့်အခန်းတစ်ခန်းရှိသည်။ အလုပ်ခန်း၊ သို့မဟုတ် စတူဒီယို။ ထိုနေရာတွင် စောလွင်လတ် ပန်းချီကားများကို ညဥ့်နက်ခံကာ ရေးဆွဲလေ့ရှိသည်။

စောလွင်လတ်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ရက်စေ့ကာ သိမ်းလိုက်သည်။

ပန်းချီကား အတော်များများရောင်းရသည်။

ထိုအတွက် မိတ်ဆွေများကို သူ့အခန်းသို့ခေါ်ယူကာ ပွဲကလေး တစ်ပွဲပေးသည်။ အရက်ပါသည်။ စားစရာပါသည်။

စောလွင်လတ်က ဖိတ်ခေါ်သဖြင့် မေမေစိန်သည် ကူညီရန်ရောက် လာသည်။ သည်လိုနေရာမျိုးသို့ ပုံ့ပုံ့သည် ဘယ်အခါမျှ လာလေ့မရှိ။ ပုံ့ပုံ့သည် လူတောတိုးဝံ့သောသတ္တိမရှိသည်ထက် အိမ်ကိုပစ်ပယ်၍ အပြင် သို့ ထွက်လေ့မရှိခြင်းကြောင့်ဖြစ်သည်။ အိမ်မှုကိစ္စမှတစ်ပါး အခမ်းအနား များကို စိတ်မဝင်စားတတ်။

ဧည့်သည်များပြန်သွားပြီးသည့်အချိန်မှာ အတော်ညဉ့်နက်နေပြီ။ စောလွင်လတ်သည် ဧည့်ခံရင်း အနည်းအပါးသောက်ထားသည်။ "ဖားသွားပြီလား မေစိန်"

ဖန်ခွက်များ၊ ပန်းကန်များ၊ စားကြွင်းစားကျန်များကို သိမ်းဆည်း နေသော မေမေစိန်ကိုမေးသည်။

"ရပါတယ် ကိုလတ်"

"ထားလိုက်စမ်းပါ မေစိန်ရယ်၊

နောက်နေ့မှ ကောင်လေးတွေ ခေါ်သိမ်းခိုင်းလို့ရပါတယ်။ လာပါ၊ ဆိုဖာမှာလာထိုင်စမ်းပါ"

မေမေစိန်သည် စောလွင်လတ်၏နံဘေးတွင် ဝင်ထိုင်သည်။

"ကိုယ့်မှာ အစဉ်အမြဲသတိရနေတာရှိတယ် မေစိန် "

"ဘာကိုလဲဟင်" "တန်ဆောင်မုန်းလပြည့်နေ့ညတိုင်းကိုပေါ့။ မေစိန် မှတ်မိသေး သလား။ ဝက်ပါထဲမှာ မေစိန် လမ်းပျောက်နေတဲ့အဖြစ်ကိုလေ" "တိုက်ဆိုင်လိုက်တာ၊ မေစိန်လည်း ဒါကို မကြာခဏသတိရတတ် လေ့ရှိတယ်"

"ပြောရဦးမယ် မေစိန်၊ ထန်းရည်မူး ကျွဲခိုးပေါ်ဆိုသလိုတော့ မထင် စေချင်ဘူး။ အဲဒီတုန်းက ကိုယ်လေ "

"ဘာဖြစ်သလဲ ကိုလတ်"

"မေစိန့်ကို ဖွင့်ပြီး ချစ်ရေးဆိုမိမလို ဖြစ်ခဲ့တယ်" "ကိုလတ်ရယ်"

မေမေစိန်က တုန်ခိုက်စွာ ညည်းညူမိလိုက်သည်။

"အဲဒီတုန်းက မေစိန်ကိုယ်တိုင်လည်း ကိုလတ် ချစ်ရေးဆိုလေမလား လို့ မျှော်လင့်မိတယ်။ ချစ်ရေးဆိုပါစေလို့လည်း ကျိတ်ပြီးဆုတောင်းနေမိ တယ်"ဟု ပြောမိမတတ်ရှိသည်။

"မေစိန်ရယ်၊ မေစိန့်ကို ကိုယ် ငယ်ငယ်ကတည်းက ချစ်ခဲ့မိတယ်။ ခုလည်း ချစ်နေမိတယ်ဆိုရင် မေစိန်ယုံမလားဟင်"

"ယုံပါတယ်၊ ဒါပေမဲ့ ဘာကြောင့် မေစိန်တို့ လွဲခဲ့ကြပါလိမ့်နော်" "နဖူးစာလို့ပဲဆိုရမယ်ထင်ပါရဲ့ကွယ်"

သူတို့သည် ရွှန်းလဲ့သောမျက်လုံးများဖြင့် တစ်ယောက်ကိုတစ် ယောက်

ကြာမြင့်စွာစူးစိုက်ကြည့်နေမိကြသည်။ နှလုံးသားများ ပူနွေးလာ ကာ ရင်ခုန်သံမြန်လာသည်။

ဪ ‘အချစ်’ဆိုတာ ဒါပဲထင်ပါရဲ့ ။

မေမေစိန် တွေးသည်။

စောလွင်လတ်၏ လက်တစ်ဖက်သည် ပခုံးကို ထွေးပိုက်လာသည်။ ကိုယ်ကိုဆွဲယူလိုက်သည်။ မွတ်သိပ်သောနှုတ်ခမ်းလွှာများအကြားမှာ ရှည်ကြာသောအနမ်းသည် ပေါက်ပွားလာသည်။ မေမေစိန် ရှန်းကန်လိုက်သည်။

“မေစိန် ပြန်မယ်”

“ကိုယ့်ကို စိတ်ဆိုးသွားသလား”

“ဒါကြောင့်မဟုတ်ပါဘူး၊ သိပ်ညဥ့်နက်သွားမှာစိုးလို့ပါ”

“မပြန်ပါနဲ့တော့လား”

“ဟင့်အင်း .. နောက်များမှ”

“ဘယ်တော့လဲ”

“တနင်္လာနေ့ ကိုလတ်အားသလား”

“အားပါတယ်၊ အားရမှာပေါ့”

“ဒီတော့မှ အိမ်ကိုပြန်မအိပ်ဘူးလို့ ပြောပြီးလာခဲ့မယ်နော်” စောလွင်လတ်သည် မေမေစိန်ကို အိမ်သို့ကိုယ်တိုင်လိုက်ပို့ပေးသည်။ မေမေစိန် အပေါ်ရောက်ပြီး အိမ်ခန်းတံခါးပွင့်လာကာ လက်ပြနှုတ် ဆက်လေမှ ကားကိုမောင်းထွက်ခဲ့သည်။

မေမေစိန်သည် သက်ပြင်းရှိုက်သည် အာရုံဝယ် ပြင်းပြသောဆန္ဒ သည် ငြိတွယ်လာသည်။ ပင်ပန်းနွမ်းနယ်သလိုရှိသည်။ တောင့်တမွတ်သိပ်မှုကြောင့်ပင် ပင်ပန်းနွမ်းနယ်ရခြင်းဖြစ်သည်။

(၅)

နံနက်ပိုင်း အိပ်ရာမှနိုးသောအခါ စောလွင်လတ်သည် အိပ်ရာမှ မထသေးဘဲ မေမေစိန်အကြောင်းကို တွေးသည်။ သူနှင့် မေမေစိန်အကြား မှာ တစ်စုံတစ်ခုရှိလာပြီဟုထင်သည်။ သို့မဟုတ် အကြောင်းအရာတစ်ရပ် သည် မလွဲမသွေ ပေါ်ပေါက်လာမည်မှာ သေချာသည်။

ယမန်နေ့ညက တွေ့ ဆုံရမှုသည် မိမိကိုယ်မိမိ အိမ်ထောင်ရှင်တစ် ယောက်ပါလားဆိုသည့်အသိကိုမူ မှေးဖုံးကွယ်သွားစေသည်။

ယခုတော့လည်း သူ မေမေစိန်ကို နားလည်လာသည်။ မေမေစိန်၏ မျက်ဝန်းများကို စိုက်ကြည့်ကာ အသည်းနှလုံးကို နိမိတ်ဖတ်နိုင်သည်အထိ သူကလည်း ရင့်ကျက်လာခဲ့ပြီဖြစ်သည်။

မေမေစိန်ကို လိုလားတောင့်တမိသည်အမှန်။ ပြင်းပြသောစိတ်ဆန္ဒ ဖြင့် စိတ်ရှိလက်ရှိ ချစ်လိုမိသည်လည်း အမှန်။ ခုပဲကြည့်။ မိမိနံဘေးမှာအိပ်စက်နေသော ပုံ့ပုံ့နေရာတွင် မေမေစိန်ဖြစ်လိုက်စေချင်သည်။

မေမေစိန် သာဆိုပါက…ဆိုသောအတွေး ဝင်လာသည်။

ပုံ့ပုံ့သည် အိပ်ရာမှနိုးထသွားသည်။ စောလွင်လတ် ဆက်လက်လဲလျောင်းနေသည်။

"ဒက်ဒီ တူးတူးကိုဖမ်းထားလိုက်ပါ ဒက်ဒီ"

အခန်းအတွင်း တဝုန်းဝုန်းပြေးဝင်လာသံနှင့်အတူ သမီးငယ်စူးစူး ၏ အော်သံကိုကြားရသည်။ သားငယ်သည် အိပ်ခန်းအတွင်း ပြေးဝင်လာ ကာ ခုတင်ပေါ်သို့ ခုန်တက်လိုက်သည်။ ကိုယ်ကိုခွကျော်ကာ တစ်ဖက်ဘေး မှာ ဝင်ပုနေသည်။

"သားသားနဲ့မီမီး ဒက်ဒီအိပ်နေတယ်လေ၊ မနှောင့်ယှက်ကြနဲ့ကွယ်"

မီးဖိုခန်းဆီမှ ပုံ့ပုံ့၏အသံကို ကြားရသည်။

"ဒက်ဒီ တူးတူးမကောင်းဘူး၊ သမီးရဲ့ ဖဲပြားတွေ ယူပြေးတယ်" ခုတင်ပေါ်သို့ သမီးငယ်ရောက်လာကာ မောင်ဖြစ်သူ၏လက်မှ ဖဲပြားကိုလုသည်။

"ကြည့်စမ်း ဒက်ဒီ၊ သမီးရဲ့ ဖဲပြားတွေ ကြေကုန်ပြီ"

"လွှတ်ပေးလိုက်ပါကွယ်၊ ဖဲပြားက အဖိုးလည်းမတန်ဘဲနဲ့ " စောလွင်လတ် ထထိုင်လိုက်ရသည်။

"ကရဝိက်သွားရင် သမီးခေါင်းစီးမလို့ လုပ်ထားတဲ့ဖဲပြားတွေ ကြေကုန်ပြီ"

"ဟင်…ဒက်ဒီကလဲ၊ ဒက်ဒီပဲ ညက ဒီတနင်္ဂနွေကျရင် သမီးတို့ကို ဗိုလ်ချုပ်ပန်းခြံလိုက်ပို့မယ်၊ ကရဝိက်လိုက်ပြမယ်ပြောပြီး' "ဟုတ်လား၊ အဲဒီလိုပြောသလား"

"ကရဝိက်၊ ကရဝိက်ကို သမီးက ဘာသွားလုပ်မှာလဲ"

"ပြောတယ်၊ ဒက်ဒီပေါက်ပြီး လျှောက်ပြောတာတွေ မဟုတ်ပါဘူးနော်"

"အေးပါကွယ်၊ ပို့ပေးရမှာပေါ့"

"တူးတူးက မကောင်းဘူး ဒက်ဒီ၊ သူ့မှာ မနာလိုဝန်တိုစိတ်ရှိတယ်။ သမီးလှမှာကို မနာလိုလို့ ဖဲပြားကို ချေပစ်တာ"

"ဟုတ်လား စူးစူး" စူးစူးက နားနှစ်ဖက်ကို လက်နှင့်ပိတ်ကာ 'တို့နားမကြားကုလား ဘုရား'ဟု အော်နေသည်။

(၆)

စူးစူးက ခြောက်နှစ်၊ တူးတူးက လေးနှစ်၊ စူးစူးက တစ်တန်းရောက် နေပြီ။ တူးတူးက နောင်နှစ်တွင် ကျောင်းစနေရတော့မည်။ အငယ်ဆုံးက တော့ နို့စို့အရွယ်။ ကျောင်းပိတ်ရက်တိုင်းတွင်ပင် သူတို့က တစ်နေရာသို့လိုက်ပို့ရန် ပူဆာတတ်မြဲ။ အိမ်မြဲသောပုံ့ပုံ့ကတော့ဆို အလုပ်ကို အပင်ပန်းခံကာ လုပ်လေ့မရှိ။ ကလေးတွေကို ခြင်းလှောင်ကြွက်များလို မဖြစ်စေချင်၍ စောလွင်လတ်ကိုယ်တိုင် တာဝန်ယူရသည်။

သာယာသော ဆည်းဆာချိန်ဖြစ်သည်။

စောလွင်လတ်တို့ ပန်းခြံကို တစ်ပတ်ပတ်ခဲ့ပြီ။ ကရဝိက်ခန်းမဆီသို့

ဦးတည်လာခဲ့သည်။ ကလေးနှစ်ယောက်သည် လက်တစ်ဖက်စီကိုဆွဲ၍ အမေးအမြန်းထူကာ လိုက်ပါလာသည်။

"ဘာလို့ ဗိုလ်ချုပ်ပန်းခြံလို့ခေါ်တာလဲ၊ ဗိုလ်ချုပ်ဆိုတာ ဘယ်သူလဲ၊ ကရဝိက်ဆိုတာ ဘာလဲ .."

စသည်ဖြင့် မေးလာကြသည်။

"ဗိုလ်ချုပ်ပန်းခြံဆိုတာ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ အာဇာနည်ကြီးကို ဂုဏ်ပြုပြီးခေါ်တာ"

"တူးတူးကို ပြောပြပါ ဒက်ဒီ"

"ဟင့်အင်း စူးစူးကိုပဲ ပြောပြပါ" "ဒက်ဒီက နှစ်ယောက်လုံးကို ပြောပြနေတာ" "ဟင့်အင်း၊ တူးတူးကိုပဲ ပြောပြရမယ် "စူးစူးကိုပဲ ပြောပြပါ ဒက်ဒီ၊ စူးစူးတစ်ယောက်ကိုပဲ ပြောပါ" "ကြည့် ဒက်ဒီ၊ သူ သိပ်တစ်ကိုယ်ကောင်းဆန်တယ်။ စိတ်ထား ယုတ်ညံ့တယ်"

"ဟဲ့ သမီး၊ ကိုယ့်မောင်လေးကို ဒီလိုမပြောရဘူးလေ"

"ဟုတ်တာပြောတာပဲ ဒက်ဒီ၊ သမီးကျောင်းသွားနေတုန်း သမီးရဲ့ အရုပ်တွေ ထုတ်ကစားပြီး လွှင့်ပစ်ထားတယ်"

"အဲ့ဒီလိုမလုပ်ရဘူး၊ မောင်နှမဆိုတာ သင့်မြတ်ရတယ်၊ နောက်တစ်ခါလုပ်ရင် မာမီကို ရိုက်ခိုင်းမယ်"

"သားလည်း ကျောင်းတက်မယ် ဒက်ဒီ၊ သူ့လို ကားကြီးနဲ့ကျောင်း တက်မယ်"

"တက်ရမှာပေါ့ သားရယ်"

ကရဝိက်သည် ရေပြင်ပေါ်မှာ ငှက်ကြီးတစ်ကောင် နားနေသည်သို့ ဖြစ်သည်။ တောအရေးသည် စိမ်းမြနေသည်။ ရေပြင်သည် ဆည်းဆာရောင် ဟပ်နေသည်။ သပ္ပာယ်လှသော ရွှေတိဂုံစေတီတော်မြတ်သည် ရေပြင်ဝယ် အရိပ်ထင်နေသည်။

ကရဝိက်ခန်းမထဲသို့ ဝင်ခဲ့သည်။"သမီး ရေခဲမုန့်စားမယ်" "သားသား ဒက်ဒီ့လို ဘီယာသောက်ချင်တယ်" "ကြားသားမိုးကြိုး တူးတူးရယ်"

(၇)

ဆည်းဆာပြယ်ကာ မီးလုံးများထွန်းညှိစအချိန်တွင် ကရဝိက်ခန်းမမှ ထွက်ခဲ့ကြသည်။

ရှေ့မှာ ကားတစ်စီးထိုးဆိုက်လာသည်။ ကားထဲမှ အမျိုးသမီးတစ်သိုက်ဆင်းလာသည်။

"ဟင် မေစိန်"

"ဟယ် ကိုလတ်"

အမှန်တွင် မေမေစိန်သည် ညီမဝမ်းကွဲနှင့်အတူ နာမည်ကြီး ကရဝိက် ရေခဲမုန့်လာစားကြခြင်းဖြစ်သည်။ မမျှော်လင့်ဘဲ စောလွင်လတ်နှင့် ဆုံမိ

ခြင်းဖြစ်သည်။

မေမေစိန်က စောလွင်လတ်၏ လက်တစ်ဖက်စီမှ ကလေးနှစ်ယောက် ကို ငုံ့ကြည့်သည်။ စောလွင်လတ်မှာ ခိုးထုပ်ခိုးထည်နှင့် မိထားသူလို ဖြစ် နေသည်။

"ကိုလတ်ရဲ့ ပစ္စည်းတွေလား"

"ဒါပေါ့"

မေမေစိန် ထိုင်ချလိုက်သည်။

"ချစ်စရာကလေးတွေပါလား၊ သမီးရဲ့နာမည် ဘယ်လိုခေါ်သလဲ"

"ဖြိုးဝေပါ"

"သိပ်ကောင်းတဲ့နာမည်ပဲ"

"သားရဲ့နာမည်ကကော"

တူးတူးက မဖြေ။ "ပြောလိုက်လေ"

စူးစူးက ဝင်၍တိုက်တွန်းသည်။

"နင် မရှုပ်နဲ့"

"ငါက အကောင်းပြောတာ၊ နင်က သိပ်ရိုင်းတာပဲ" "သားသားက မျက်နှာကြီးလည်း စူပုပ်လို့ပါလား၊ ဘာဖြစ်လာသလဲ"

"သူက ဒက်ဒီ့လို ဘီယာမသောက်ရလို့တဲ့ အန်တီ"

"ဩော်...ဖအေတူသားပါလား၊ ကြီးလာတော့ သောက်ရမှာပေါ့ ကွယ်။ ဒက်ဒီ့လို နာမည်ကျော်ပန်းချီဆရာဖြစ်၊ ဘီယာသောက် ဟုတ်လား' မေမေစိန်သည် မတ်တတ်ရပ်လိုက်သည်။ စောလွင်လတ်နှင့် မျက်နှာချင်းဆိုင်မိသည်။

မေမေစိန်၏မျက်နှာမှာ ဟန်ဆောင်၍ပြုံးရသော်လည်း ညိုနေသည်။ မျက်ဝန်းများက စွတ်စိုကာ အသည်းတွင် ငိုကြွေးနေရခြင်းကို ထုတ်ဖော် နေသည်။

စောလွင်လတ်သည် သူမကို မည်သို့နှစ်သိမ့်ရမည်မသိဘဲ ရှိသည်။ "ကိုလတ်"

"ဟင်"

"မေစိန်...မေစိန်အဖော်တွေ စောင့်နေပြီ၊ သွားတော့မယ်"

စောလွင်လတ် ခေါင်းညိတ်ပြသည်။ ပြီးမှ...

"မနက်ဖြန် ပြခန်းကိုလာဦးမလားဟင်"

"လာဖြစ်ချင်မှ လာဖြစ်မယ်၊ မေစိန်သွားမယ်" "ကောင်းပြီလေ"

"အန်တီ တာ့တာ" "တာ့တာ"

ကလေးနှစ်ယောက်ကို လက်တွဲလျက် ကန်ပတ်လမ်းအတိုင်းလျှောက်ခဲ့သည်။

"အဲဒီအန်တီက သိပ်လှတာပဲ ဒက်ဒီ၊ ဘယ်သူလဲဟင်"

"မေမေစိန်တဲ့"

"သူနဲ့ဒက်ဒီက ဘာတော်သလဲဟင်"

"သူငယ်ချင်း၊ ကျောင်းတုန်းက အချစ်ဆုံးသူငယ်ချင်း" မေမေစိန်သည်

မှန်မှတစ်ဆင့် ခဲသားရောင်ရေပြင်ကို စူးစိုက်ကြည့် နေသည်။ အလိုလိုနေရင်း ကြေကွဲချင်သလို ဖြစ်နေသည်။ မိမိကိုယ်ကို နာကြည်းသလိုရှိသည်။

နောင်တ တရားသည် ရင်ဝယ်ဂယက်ထန်နေသည်။ ကံကောင်းလို့ပါလား၊ မိသားတစ်စု၏ဘဝများကို ဖျက်ဆီးပစ်မိ တော့မလိုရှိသည်။ တရားခံဘဝကို ခံယူလိုက်မိတော့မလိုဖြစ်သည်။ သည်ကနေ့ သူနှင့် သည်နေရာမှာဆုံမိလိုက်သည့်အတွက် ကံကောင်း သည်ဆိုရမည်။ သူ၏ ရေပေါ်ရေလျှံဘဝထဲက နက်ရှိုင်းသော ပြကတေ့ဘဝ ကို လျှပ်တစ်ပြက် သိနားလည်လိုက်ရခြင်းဖြစ်သည်။ မိမိအဖြစ်ကို မိမိပြန်ရှက်မိသည်။

မေမေစိန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ခင်ပွန်းသည်ထံ ပြန် မည်။ ချစ်သည် မချစ်သည်ထား၊ ကလေးယူရန် ဆုံးဖြတ်လိုက်သည်။ အနှောင်အဖွဲ့ အတွယ်အတာသည် မေမေစိန်၏ ဆောက်တည်ရာမဲ့ဘဝကို နှောင်တဲကြိုလိမ့်မည်။ ယင်းသို့ဖြင့် တည်ငြိမ်ခြင်းကို ရရှိနိုင်လိမ့်မည်ထင်သည်။ ကလေးရှိသည့်အတွက် ဘဝတွင် သာယာစိုပြည်လာနိုင်လိမ့်မည် ထင်သည်။

မေမေစိန်သည် တစ်ထိုင်တည်းနှင့်ပင် ကလေးငယ်တွေ၏အသံနှင့် သာယာညံစီသောဘဝကို စိတ်ကူးယဉ်ပစ်လိုက်သည်။

ပူလောင်ပြင်းပြသော ရမ္မက်ဆန္ဒများ ရေလိုခန်းခြောက်ကာ အေးငြိမ်း ချမ်းမြေ့သော မိခင်ဘဝသို့ ရောက်ရှိရပါစေကြောင်း ရွှေရောင်ဝင်းလဲ့နေသည့် ရွှေတိဂုံစေတီတော်အား စိတ်မှတိုင်တည် ဆုတောင်းလိုက်ပါသည်။

ဥက္ကလာမဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၀။

ဆက်ရန်ရှိသေးသည်

သည်သို့စခဲ့ပါသည်။ ဆောင်းနှောင်းရာသီနှင့် နွေဦးရာသီစပ်ကူး၊ မပ်ကူးကာလကလေး၌ ကျွန်တော်သည် ဆူးလေဘုရားလမ်းတစ်ခို ရုပ်ရှင်ရုံတစ်လျှောက်တွင် အထီးကျန် လမ်းလျှောက်လျှက်ရှိသည်။ ညအချိန်တွင် ဆောင်းငွေ့ မပြယ်စွာ အေးဆဲဖြစ်သော်လည်း ယခုလို နေ့လယ်ကာလ မွန်းတည့်ချိန်တွင် အပူရှိန်က စလာခဲ့ပြီ ဖြစ်သည်။

စနေနေ့ တစ်နေ့လည်း ဖြစ်ပါသည်။ စင်စစ်အများပြည်သူတို့အတွက် အားလပ်ရက်ဖြစ်သည်။ သို့သော်လည်း ကျွန်တော်သည် အနားယူခွင့်မရဘဲ အချိန်ပို ဆင်းခဲ့ရသည်။ အလုပ်တွင် စိတ်မပါလှပါ။ အခြားသူများက လတ်လျားလတ်လျားနှင့်ပျော်ပါးနေချိန်တွင် မိမိက စားပွဲတွင်ထိုင်ပြီး စာရင်း ဇယားများ ပြုစုနေရသည်မှာ အဘယ်မျှ စိတ်ဓာတ်ကျစရာကောင်းသည်ကို ခံစားဖူးသူတိုင်း သိကြမှာ အမှန်ပင်ဖြစ်သည်။

သို့ဖြင့် ကျွန်တော်သည် အထက်အရာရှိအား ခွင့်တောင်းကာ ရုံးမှ ဆင်းခဲ့သည်။ ဆူးလေဘုရားလမ်းတစ်ခို ရုပ်ရှင်ရုံတစ်လျှောက်၌ သူတစ်ပါး တွေလို လတ်လျား လတ်လျားနှင့် လမ်းလျှောက်နေမိသည်။

အပြင်းပြဆုံး ဆန္ဒတစ်ခုမှာ ယခုလိုနေပူပူတွင် အအေးရုံတစ်ရုံ၌ ရုပ်ရှင်ကြည့်ရင်း ဝင်ထိုင်နေဖို့ပင် ဖြစ်သည်။ သို့သော်လည်း ခက်သည်က ရုပ်ရှင်ကားများမှာ ကြည့်ပြီးသားချည်း ဖြစ်နေသည်။ အအေးခန်းပါသောဟိုတယ်လို ရက်စတောရင့်လို နေရာမျိုးတွင်သွားထိုင်ပြီး ဘီယာသောက်နေဖို့ ကောင်းသည်ကို ကျွန်တော်မသိမဟုတ် သိသည်။

သို့သော်လည်း ယခုလိုငွေကို စစ်စစ်စီစီ သုံးစွဲနေရချိန်တွင် ထိုသို့ အပန်းဖြေရန် မသင့်ဟု မိမိကိုယ်မိမိ ဆုံးမနေရသည်။ ဂုဏ်ရုံရှေ့မှ ပလက် ဖောင်း တစ်လျှောက် လျှောက်လာပြီး လမ်းဘေးဈေးဆိုင်များမှာ ငေးလာစဉ် နောက်ကျောဘက်မှ မိမိနာမည်ခေါ်သံ ကြားရသည်၊ လက်ခုပ်တီးလိုက်သံ ကြားရသည်။

"ပုညဦး ဟေ့ ပုညဦး" အသံလာရာသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သောအခါ တစ်ဖက် ပလက်ဖောင်းဆီမှ မိမိထံ ကသုတ်ကရက်နှင့် ပြေးလာနေသော လူနှစ်ယောက် ကို တွေ့လိုက်ရသည်။

"ဟာ ရာဇာနဲ့ဗိုက်ပူ' နှုတ်မှ အသံထွက်သွားသည်။ မှန်ပါသည်။ သူတို့နှစ်ယောက်ပင် ဖြစ်သည်။ ကျွန်တော်နှင့် ငယ်သူငယ်ချင်းများ၊ ကျောင်းနေဖက်များ။ သူတို့ရောက်လာသည်ကို ကျွန်တော်စောင့်နေလိုက်သည်။ သူတို့ သည် ကားအရှင်းကို စောင့်ပြီး ကျွန်တော်ရှိရာ ပလက်ဖောင်းသို့ ကူးလာသည်။

"ဟေ့ကောင် ပုညဦး၊ တမင်ရှာရင်တောင် လွဲချင်လွဲဦးမှာ၊ မင်းနဲ့ တွေ့

ရတာ နတ်သိကြားမတာပါပဲ”

သူတို့ ကျွန်တော့်ကို ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ “မင်း နောက်ပြောင်းသွားတဲ့ လိပ်စာ မသိလို့ ဘယ်လိုရှာရပါ့မလဲ စဉ်းစားနေတုန်း မင်းကို အငေါ်သားတွေ့ လိုက်ရတာပဲကွ”

ရာဇာက အာလုပ်သံကြီးနှင့် အားပါးတရ ပြောသည်။ စင်စစ် သူ၏ အမည်မှာ ရာဇာမဟုတ်ပါ။ ကျောင်းမှာတုန်းက တောင်ကြီးသူတစ်ဦးကို မျက်စိကျသည်။ အမျိုးသမီးကမူ သူနှင့်မျက်နှာကြော နည်းနည်းမျှ မတည့် ချေ။

ထိုအခါ သူ လွမ်းလွမ်းဆွေးဆွေး သီဆိုလေ့ရှိသော သီချင်းတစ်ပုဒ်ရှိသည်။

“ရာဇာခေါ်မလား ချစ်ရင်တကယ်၊ ငါသာစော်ဘွားဖြစ်ချင်တယ်၊ ဒေဝီလောင်းနဲ့ ပေါင်းနိုင်ပါစေကွယ်” ဟူ၍ ဖြစ်သည်။

သည်ကနေ ရာဇာအမည်တွင်လာခြင်း ဖြစ်သည်။ သူ၏အမည်မှန်က သန်းဆောင်ဖြစ်သည်။

ဗိုက်ပူ၏အမည်မှန်မှာ တင့်ဝေဖြစ်သည်။ သူ့တွင် အမြွှာညီအစ်ကို ရှိသည်။ တင့်ဆွေ ဖြစ်သည်။ ကျွန်တော်တို့ကျောင်းမှာ ရှိစဉ်က နာမည်ကြီး ကာတွန်းစာအုပ် ထွက်ခဲ့ဖူးသည်။ “ဗိုက်ပူနှင့်ချက်စူ” ဖြစ်သည်။ သူတို့ ညီအစ်ကိုကို ကျွန်တော်တို့က ထိုအမည်နှင့် ခေါ်ခဲ့ဖူးကြသည်။

“ဘယ်လိုလဲ အပေါင်းအသင်းတို့၊ ဘယ်လိုကဘယ်လို ရန်ကုန် ရောက်နေကြတာလဲ”

ကျွန်တော်က သူတို့လက်ကို ဆုပ်ကိုင်ရင်း မေးလိုက်သည်။ “တို့ချည်းမဟုတ်ဘူးကွ၊ ဂွတိုလည်းပါသေးတယ်၊ ဟိုမှာကြည့်လိုက်စမ်း”

သူတို့ညွှန်ပြရာသို့ ကျွန်တော်ကြည့်လိုက်သည်။ အခြားပလက်ဖောင်း တွင် ‘အက်စ်အီး’ ကားတစ်စီးရပ်ထားသည်။ ထိုကားအနီးတွင် ဂွတိုဟု ကျွန်တော်တို့ ခေါ်သော ထွန်းနိုင်ရပ်နေသည်ကို တွေ့ ရသည်။

ထွန်းနိုင်မှာ ပုပုညှက်ညှက် လူဖလံကလေး ဖြစ်သည်။ သူ့ ပုံပန်း သဏ္ဌာန်က ကာတွန်းဆန်သည်။

သူက ကျွန်တော့်ကို လက်ဖွေ့ယမ်းပြသည်။

“ဂွတိုက ယောက္ခမသေလို့ အမွေတွေရပြီး အက်စ်အီးကား ဝယ်စီးတာကွ။ သူ ကားလာယူတာကို တို့များအဖော်လိုက်ခဲ့ကြတာပဲ”ကြီးပွားလှချည့်လား၊ သူ့ယောက္ခမက ဘယ်တုန်းကဆုံးတာလဲ” “ခု လောလောဆယ်ဆယ်တော့ မဆုံးသေးဘူးပေါ့ကွာ၊ ဒါပေမဲ့ တစ် နေ့တော့ ဆုံးမှာမဟုတ်လား၊ ခုကတည်းက ကြိုစီးထားတာ” ကျွန်တော်တို့ ရယ်မောလိုက်မိကြသည်။

ကျွန်တော့် သူငယ်ချင်းများက သည်လို လူစားများဖြစ်ကြသည်။ “လာကွာ၊ သူ့အက်စ်အီးကားကြည့်ပြီး ဝမ်းသာတဲ့ ပုံစံကလေးဘာလေး ပြစမ်းပါဦး၊ ဒါမှ ဒီကောင် ဘဝင်လေပင့်ရကျိုးနပ်မှာ”

ကျွန်တော်တို့လမ်းကို ဖြတ်ကူးလာကြသည်။ ထွန်းနိုင်အပါးသို့

ရောက်လာသည်။

"ကိုပုညဦးလမ်းမှာ တစ်လျှောက်လုံး ခင်ဗျားအကြောင်း ကျွန်တော်တို့ပြောလာကြတာဗျာ့"

ထွန်းနိုင်က အဘိယာစက စကားဆိုသည်။ ထွန်းနိုင်သည် ကျွန်တော်တို့ထက် အသက်ငယ်ကာ အတန်းလည်းတစ်တန်းနိမ့်သည်။ သူတို့အားလုံး ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ချမ်းသာနေကြသူများ ဖြစ်သည်။ ရာဇာဟုခေါ်သော သန်းဆောင်သည် မိဘလက်ငုတ်လက်ရင်းဖြစ်သော ဆန်စက်များကို ဦးစီးလုပ်ကိုင်နေသည်။ ကျွန်တော်တို့အထဲမှာ ပထမဆုံး အိမ်ထောင်ကျသူဖြစ်ပြီး ကလေးသုံးယောက်ပင်.ရနေပြီ။

တင့်ဝေကား ဆီစက်၊ ပဲခွဲစက်များကို တည်ထောင်ထားသည်။ ထွန်းနိုင်သည် ဆေးလိပ်ခုံပိုင်ရှင်သမီးနှင့် ညားကာ ထိုလုပ်ငန်းကို လက်ပြောင်းလုပ်ကိုင်နေသူဖြစ်သည်။

အားလုံး ပဲခူးတွင် နေထိုင်ကြသည်။

ကျွန်တော်သည် သူတို့အထဲမှာ နောက်အကျဆုံး လက်ထပ်သူဖြစ်သည်။ ပြီး သည်သူငယ်ချင်းတစ်သိုက်ထဲ၌ အမှုထမ်းဖြစ်လာသူတစ်ဦးလည်း ဖြစ်သည်။ စီးပွားရေးအရ အနိမ့်ကျဆုံးဟု ပြော၍ရသည်။ ကျွန်တော် လက်မထပ်မီအထိ သည်သူငယ်ချင်းတစ်သိုက်နှင့် သိပ် အနေဝေးသည်ဟု မဆိုနိုင်ပါ။ သူတို့ ရန်ကုန်ရောက်သောအခါ ရုံးသို့လှမ်း ဖုန်းဆက်ပြီး 'ပဲခူးကလပ်"ဟု ခေါ်သော 'ပဲခူးအသင်း'၌ ဆုံမြဲဖြစ်သည်။ တစ်ခွက်တစ်ဖလား သောက်စားကြမြဲ ဖြစ်သည်။

လက်ထပ်ပြီးနောက် သူတို့နှင့်အတွေ့ ရကျဲသွားသည်။ ယခုဆိုလျှင် နှစ်နှင့်ချီ၍ မတွေ့တာကြာပြီဟုပင် ပြော၍ရသည်။ ကျွန်တော်လက်ထပ်သည် ဆိုရာမှာလည်း ခမ်းခမ်းနားနား ကျယ်ကျယ်ပြန့်ပြန့်မဟုတ်၍ သူတို့ကို ဖိတ်ခေါ်ခြင်းပင်မရှိခဲ့ချေ။

ထို့နောက် ရုံးပြောင်းသည်။

ဖုန်းနံပါတ် ပြောင်းသည်။ လိပ်စာ ပြောင်းသည်။ သို့ဖြင့် သူငယ်ချင်းများ ပိုမိုဝေးကွာသွားခဲ့ကြသည်။

"တို့များ ပဲခူးကလပ်မှာ စုံစမ်းသေးတယ်ကွ၊ မောင်ရင် မလာတာ ကြာပြီလို့ ပြောတယ်"

"မဆန်းပါဘူးကွာ၊ သားမယားရပြီဆိုတော့ ဒီကောင် ခြေချုပ်မိပြီး အရင်ကလို ဘယ်မှာ အချိန်ဖြုန်းနိုင်တော့မှာလဲ၊ အပြောကြီးတဲ့ လူဆိုတာ ဒီလိုခံရစမြဲပဲကွ"

သူတို့ချင်း အတိုင်အဖောက် ညီစွာဆိုလိုက်ကြခြင်း ဖြစ်သည်။ "မိန်းမ ရလို့ချည်း မဟုတ်ပါဘူးကွာ၊ ရုံးအလုပ်ကလည်း သိပ်များ တယ်၊ အရာရှိကလည်း ဘာခိုင်းသလဲ မမေးနဲ့၊ ခုတောင် အဒေါ်တစ်ယောက် အသည်းအသန် ဖြစ်နေလို့ပါဆိုပြီး အိုဗာတိုင်ထိုင်နေရာက လစ်ထွက်လာရ တာ"

ကျွန်တော်က မိမိဘာသာ ဖြေရှင်းချက် ထုတ်နေမိသည်။

"ဒါကြောင့် အစက ငါမပြောလား၊ ဆေးလိပ်ခုံပိုင်ရှင်သမီးကို ယူလို့ အိုဗာတိုင်လည်း မဆင်းရဘူး၊ အက်စ်အီးလဲစီးနိုင်မယ်" တင့်ဝေ၏ စကားကို ထွန်းနိုင်က ကန့်ကွက်သလို ဆိုသည်။

"ဟာ ကိုတင့်ဝေကလည်းဗျာ၊ ငိုတာရိုးရိုးမငိုဘူး၊ ပိန္နဲပင်ကြီး ထည့် ထည့်ငိုနေ"

ကျွန်တော်တို့ ရယ်မောမိကြပြန်ရာ လမ်းသွားလမ်းလာများကပင် လှည့်ကြည့်သွားသည်။

"ဘာလုပ်ကြမလဲ၊ တစ်ခုခုသောက်ကြရအောင်၊ အအေးသောက်ရရင် မကောင်းဘူးလား "

ကျွန်တော်က ပဋိသန္ဓာရစကား ဆိုလိုက်ရာ အားလုံး၏မျက်နှာများ ရှုံ့မဲ့သွားသည်။

"ဘာ အအေးသောက်မလား ဟုတ်လား၊ ဩော် ပုညဦး ပုညဦး မိန်းမရခါမှ တယ်ပြီး လိမ္မာနေပါလား၊ နေစမ်းပါဦး၊ တို့များက တက္ကသိုလ် တုန်းကလို အအေးဆိုင် ထိုင်ရမယ့် အရွယ်တွေလား စဉ်းစဉ်းစားစားလည်း ပြောပါကွာ" သန်းဆောင်၏ အပြင်းအထန် ကန့်ကွက်စကားဖြစ်သည်။

"ဒါဆို ဘာလုပ်ချင်သလဲ မင်းတို့က"

"သိပ်လျှိုမထားပါနဲ့ ပုညဦးရာ၊ မင်းရုပ်ရှင်မင်းသမီးကို ရထားတယ် ဆိုတာ တို့များကြားပြီးပါပြီ၊ မင်းအိမ်ကို ခေါ်သွားပြီး မင်းမိန်းမနဲ့ မိတ်ဆက်မ ပေးချင်ဘူးလား တို့များကို"

"ဟုတ်သားပဲကွ၊ တို့တစ်တွေဟာ ငယ်သူငယ်ချင်းတွေ၊ တေဖော် တေဖက်တွေ၊ တို့အထဲကတစ်ယောက်ကတော့ ထွန်းထွန်းပေါက်ပေါက် ရုပ်ရှင်မင်းသမီးကိုတောင် ရအောင်ယူနိုင်တယ်ဆိုပြီး ဂုဏ်ယူချင်သေးတာ ပေါ့ကွ"

တင့်ဝေ၏ စကား။

အမှန်စင်စစ်တွင် ကျွန်တော်လည်း သည်သူငယ်ချင်းများကို အိမ်သို့ ခေါ်သွားချင်သည်သာ ဖြစ်သည်။ လဲ့နွယ်နှင့် မိတ်ဆက်ပေးချင်သည်သာ ဖြစ်သည်။ သို့သော်လည်း ကျွန်တော့်ရင်ထဲမှာ သံသယမကင်းသော အချက် တချို့ရှိနေသည်။ ပထမအချက်မှာ ယခုအချိန်တွင် အိမ်၌ လဲ့နွယ်ရှိမရှိ မသေချာခြင်းဖြစ်သည်။ သူမနှင့် ကျွန်တော်သည် ဇနီးနှင့်ခင်ပွန်းဖြစ်သော် လည်း လုပ်ငန်းသဘာဝချင်း မတူချေ။ သူမ လုပ်ငန်းအတွင်း ကျွန်တော် ဝင်၍ မရှုပ်သလို ကျွန်တော့်လုပ်ငန်းခွင်ကိုလည်း သူမ စိတ်ဝင်စားမှု မရှိချေ။ သူမတွင် ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေနှင့် အချိန်းအချက်ရှိချင်ရှိနိုင်သည်။ ကားရိုက်ရက် ရှိချင်ရှိနိုင်သည်။ သူမအပြင်ထွက်သွားလာမှုကို ကျွန်တော့်မှာ တားပိုင်ခွင့်မရှိချေ။

ဒုတိယအချက်မှာ ကျွန်တော့်သူငယ်ချင်း ဆိုသူများသည် လူလတ်ပိုင်း အရွယ်တွင် သပ်ရပ်ကျနမှုကို ဂရုစိုက်နေသူများ မဟုတ်တော့ချေ။ ဖြစ်သလို

ဝတ်တတ်စားတတ်သူများ ဖြစ်လာသည်။ ထို့ကြောင့် ရုတ်တရက် အမြင်၌ သူတို့ကိုလူကုံထံများ၊ သူဌေးများဟု ထင်နိုင်စရာ မရှိချေ။ တောသူကြီးသား အသွင်ပေါက်နေကြသည်။

ပြီး သူတို့က အစသန်သည်။ အရယ်သန်သည်။ နဖူးတွေ့ ဒူးတွေ့ ဆုံရသူချင်း တစ်ယောက်အကြောင်း တစ်ယောက်မသိမီ အထင်ကြီးစရာ ဖြစ်မလာဘဲ စိတ်အနှောင့်အယှက် ဖြစ်လာကြမှာကို စိုးသည်။

"ဘာလဲကွ၊ ကိုယ့်လူက ဈေးကိုင်လှချည့်လား၊ ရုပ်ရှင်မင်းသမီး ဆိုတာ ကိုးဆယ်တစ်ရာ အကုန်ခံနိုင်ရင် မြင်ရတာပဲမောင်၊ ရုပ်ရှင်ရုံထဲ ဝင်ထိုင်လိုက်ရုံပါပဲ၊ မိတ်ဆက်မပေးချင်နေပေါ့"

"အို.. အို.. ဒီလိုမဟုတ်ပါဘူး။ ကိုယ်အခုပြောင်းနေတဲ့အိမ်က နည်း နည်းဝေးတယ်၊ မောင်ရင်တို့မှာ အချိန်ရပါ့မလားလို့"

"ဘယ်အချိန်ရှိသေးလို့လဲ၊ ပဲခူးနဲ့ရန်ကုန်ဆိုတာ အီးတစ်ပေါက်မောင်း ရတာပါကွ၊ ပြီးတော့ ကြည့်ပါဦး၊ တို့လာတာက အက်စ်အီးလိတ်တက်စ် ကားကြီးနဲ့ပါ "

"ဒါဆိုလည်း ကိုယ်က ဘာလို့မဖိတ်ခေါ်ရမှာလဲ၊ ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ပါ၏ပေါ့ သူငယ်ချင်း"

သို့ဖြင့် သူတို့ ကျွန်တော့်အိမ်သို့ လိုက်ပါလာခဲ့ကြသည်။

ကျွန်တော့်အိမ်မှာ ပါရမီရပ်ကွက် အစွန်ပိုင်းလောက်မှာ ရှိသည်။ သည်မှာ ကျွန်တော်၏ အိမ်ထောင်သည်ဘဝ အနေအထားကို အတန်အသင့်ပြောကြားရန် လိုမည်ထင်ပါသည်။

အချစ်ဆုံးဖြစ်သော ငယ်သူငယ်ချင်းများကို အိမ်သို့ဖိတ်ခေါ်ရန်၊ အိမ်ရှင်မနှင့် မိတ်ဆက်ပေးရန် ကျွန်တော့်အနေနှင့် နှောင့်နှေးတွန့်ဆုတ်နေရ သည်မှာ အကြောင်းမဲ့သော်ကား မဟုတ်ပါ။ ကျွန်တော်၏ အိမ်တွင်းရေး အခြေအနေကြောင့် ဖြစ်သည်။

မည်သူမဆို သူငယ်ချင်းဆိုသူများကို မိမိ၏ ဘဝအသစ်၊ အိုးသစ် အိမ်သစ်သို့ ဒွေးဝတ်ကျေစွာ ဖိတ်ခေါ်ပြုစုလိုမည်မှာ ဓမ္မတာဖြစ်သည်။ သည်သို့ နေသည်၊ သည်သို့ ထိုင်သည်စသည်ဖြင့် သူငယ်ချင်းများ နားလည် စေချင်သည်မှာ သဘာဝဖြစ်သည်။

သို့စင်လျက် ကျွန်တော်သည် လက်ထပ်ပြီးနောက် အပေါင်းအသင်းများနှင့် ကင်းကွာသွားသည်။ ဘယ်မိတ်ဆွေကိုမှ အိမ်သို့မခေါ်ဖြစ်ခဲ့ပါ။ ကျွန်တော်နှင့် လက်ထပ်မည်ဆိုစဉ်က လုံ့နွယ်သည် သာမန်ဝါသနာရှင် အဆင့်သာ ရှိပါသေးသည်။ ရုပ်ရှင်လောက၌ "ဆိုဒ်ပတ်' ခေါ် တစ်ခန်းစ နှစ်ခန်းစပါဝင်ရသူသာ ဖြစ်ပါသည်။ ထိုကမှတစ်ဆင့် 'ဆပို့တင်း'ဟု ခေါ်သော ဇာတ်ပို့ဇာတ်ရံအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကျွန်တော်တို့ လက်ထပ်လိုက်ပြီဆိုသော ကာလ၌ ထုံးစံအတိုင်း

အတင်းအဖျင်း စကားများ ပေါ်ပေါက်လာသည်။ အချို့ က ကျွန်တော့်ကို မိုက်မဲသည်ဟု ပြောသည်။ အချို့ကမူ လဲ့နွယ်ကို မိုက်မဲသည်ဟုဆိုသည်။ "ကြည့်ကြသေးတာပေါ့၊ ဒီအိမ်ထောင်ဘယ်လောက်ကြာကြာခံမလဲဆိုတာ" အချို့သော ပုရောဟိတ်များက နိမိတ်ဖတ်ကြသည်။ "သုံးလေးလ ခံရင်တောင် ကံကောင်း" ဆိုသူတို့ကလည်း ဆိုကြသည်။

ဤသည်မှာ ဘဝချင်းမတူသော အလွှာပြဿနာကြောင့် ပြောကြခြင်း ဖြစ်သည်ဟု ကျွန်တော် ယူဆသည်။ ကျွန်တော်သည် သာမန်အစိုးရအမှုထမ်း တစ်ဦးသာဖြစ်ပြီး လဲ့နွယ်က ရုပ်ရှင်မင်းသမီးဖြစ်နေသောကြောင့် ဖြစ်သည်။ ကျွန်တော်၏ဘဝသည် ရေသေလို လှုပ်ရှားပြောင်းလဲမှု နည်းပါးသော ဘဝ ဖြစ်သည်။ လဲ့နွယ်၏ဘဝသည်ကား ရေရှင်ဖြစ်သည်။ လှုပ်ရှားပြောင်းလဲမှု များပြားလှပါသည်။

လဲ့နွယ်သည် သူမဝါသနာပါသော လုပ်ငန်းကိုပစ်ကာ ကျွန်တော်ရသော လခဖြင့် ထိုင်စားမနေနိုင်ချေ။ ကျွန်တော်သည်လည်း ဆယ်နှစ်နီးပါးမျှ လုပ်သက်ရှိနေပြီဖြစ်သော အလုပ်မှ နုတ်ထွက်ကာ သူမရုပ်ရှင်ရိုက်ကူးရာသို့ တကောက်ကောက်လိုက်ပြီး စောင့်ကြပ်မနေနိုင်ချေ။ မိမိကိုယ်မိမိ မိန်းမထဘီ ရေသီနား ခိုစားသူ တစ်ယောက်လည်း အဖြစ်မခံနိုင်ပေ။

ထို့ကြောင့် ကျွန်တော်ရုံး၌ ရှိနေစဉ်အိမ်တွင် လဲ့နွယ်ရှိကောင်းရှိနေ နိုင်သည်။ အိမ်တွင်မရှိဘဲ 'ရှုတင်" ထွက်ချင် ထွက်နေနိုင်သည်။ ရုံးခါ အရေးကြီး၍ လာခေါ်လျှင်လည်း လိုက်ပါသွားရတတ်သည်။ သူမလို ဓာတ်ပို့ ဓာတ်ရုံတစ်ယောက်အဖို့ နာမည်ကြီး မင်းသမီးတစ်ယောက်ကဲ့သို့ ကြေးထူ မနေနိုင်။ မာနထားမနေနိုင်။ နောက်တစ်ကြောင်းမှာလည်း လဲ့နွယ်ပါဝင်သရုပ်ဆောင်ရသော အခန်းများက ကျွန်တော်တို့၏ အိမ်ထောင်ရေးကို များစွာဂယက်ရိုက်လျက် ရှိသည်။

ရုပ်ရှင်ထဲ၌ လဲ့နွယ်သည် ဗီလိန်ဟုခေါ်သော မိန်းမနောက်ပိုးခန်းများ၊ သူတစ်ပါး အချစ်ရေးတွင် ဝင်ရောက်ခလောက်ဆန်ရသော အခန်းများ၌ ပါဝင်သရုပ်ဆောင်ရလေ့ရှိသည်။ အဆိုးရွားဆုံးမှာတော့ မိန်းမပေါ့များ အခန်းမှ ပါဝင်ရခြင်းဖြစ်သည်။ လူတို့က သူမ၏ အနုပညာကို ချီးကျူးကြသော်လည်း ရုပ်ရှင်ထဲကလို ခပ်ပေါ့ပေါ့ခပ်လေလေ မိန်းမတစ်ယောက်ဟုပင် ထင်မှတ်လေ့ရှိသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် အပေါင်းအသင်း ရောင်းရင်းများနှင့်သူမကို မိတ်ဆက်ပေးရန် တွန့်ဆုတ်နေရခြင်းဖြစ်သည်။

ကျွန်တော် လဲ့နွယ်နှင့်လက်ထပ်ဖို့ ဖွင့်ဟတိုင်ပင်ခြင်းခံရသူများက သည်သို့ပြောလေ့ရှိသည်။

"ခုနေအခါမှာ အချစ်ဆိပ်မွှန်နေတော့ ဘာတစ်ခုမှ ခွဲခွဲခြားခြား စဉ်းစား မိမှာ မဟုတ်ဘူးပေါ့ကွာ၊ မင်းက သူ့ကိုချစ်တယ်၊ သူက မင်းကိုချစ်တယ်၊ တစ်ယောက်နဲ့ တစ်ယောက်ချစ်တယ်ဆိုရင် အစစအရာရာ ပြီးစတမ်းလို့

ထင်ကောင်း ထင်နေလိမ့်မယ်၊ ဒါပေမဲ့ မင်းစဉ်းစားကြည့် ပုညဦး၊ မင်းက သူ့ကို ချစ်တယ်ဆိုရာမှာတော့ သူဟာ မင်းအပေါ် အထင်ကြီးစရာ တစ်စုံတစ်ခုရှိလို့ပဲဖြစ်မယ်။ ရုပ်ရှင်မင်းသမီးဆိုတာ လှလှပပကြွကြွရွရွကလေးနေ၊ စည်းစိမ်ချမ်းသာ ခံစား၊ ဒီလိုအဖြစ်မျိုးကိုသာ တောင့်တတတ်ကြတာကလား၊ သူနေချင်တဲ့အနေအထားမျိုးကို မင်းဖန်တီးပေးနိုင်မှာ မဟုတ်ဘူးဆိုတာကို သိတဲ့တစ်နေ့မှာတော့ မင်းရင်ဘတ်ကို ခြေစုံကန်ပြီး ထွက်သွားမှာ အမှန်ပဲ” သည်လို အားပေးစကား ပြောသူများလည်း ရှိသည်။

“ရုပ်ရှင်မင်းသမီးဆိုတာ ပေါ့ပေါ့နေပေါ့ပေါ့စား၊ ပြီးတော့ မိသားစုတစ်ရာနဲ့ အလုပ်လုပ်ရတာ၊ မင်းနိုင်အောင် ထိန်းနိုင်မှာ မဟုတ်ပါဘူး၊ မင်းတို့အိမ်ထောင်သက် လေးလခံရင်တောင် ကံကောင်း”

သည်လို နိမိတ်ဖတ်သူများလည်း ရှိသည်။

သည်အကြားမှပင် ကျွန်တော်တို့ လက်ထပ်ဖြစ်ခဲ့ကြသည်။ ယခုသော် လပိုင်းဟူသော အတိုင်းအတာကို ကျော်လွန်ခဲ့ပါသည်။ နှစ်ဟူသော အတိုင်းအတာသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်တို့၏ အိမ်ထောင်ရေးမှာ ဆက်လက်တည်မြဲဆဲ ရှိသေးသည်။

လှဲ့နွယ်ကို ကျွန်တော်ချစ်သည်ဆိုခြင်းမှာ ရုပ်ရှင်မင်းသမီးတစ်ယောက်ဆိုသော အတိုင်းအတာထက် ကျော်လွန်သည်။ သူမသည် ကျွန်တော့် အတွက် တည်ကြည် ရိုးသားသော ဇနီးသည်သာ ဖြစ်သည်။ ရုပ်ရှင်ထဲတွင် သရုပ်ဆောင်နေရခြင်းမျိုးနှင့် မတူညီချေ။ ပြီး သူမသည် အများထင်မှတ်ထားသလို ပေါ့ပေါ့နေပေါ့ပေါ့စား အတန်းအစားထဲကလည်း မဟုတ်ပေ။

သူမတွင် ရည်မှန်းချက်ရှိသည်။ ဆန္ဒပြင်းပြသည်။ အလုပ်တစ်ခုကိုမဖြစ်မနေ လုပ်ဆောင်တတ်သည်။ လိမ္မာပါးနပ်မှုနှင့် ယတိပြတ်ဆုံးဖြတ် ချက်ချတတ်ခြင်းမျိုးရှိသည်။ ရဲရင့်ပြတ်သားသည်။ ရုပ်ရှင်လောကသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ အနုပညာအတွက် စွန့်စားဝင်ရောက်လာခြင်း ဖြစ်သည်။

ကျွန်တော့်အပေါ် သစ္စာရှိ ဇနီးကောင်းတစ်ယောက် ဖြစ်ခဲ့သလို သူမသည် သန့်ရှင်းသပ်ရပ်မှုကို လိုလားသော အိမ်ရှင်မကောင်းတစ်ယောက် လည်း ဖြစ်ခဲ့ပါသည်။

သို့စင်လျက် သည်အချက်တွေကို လူသိအောင် ကျွန်တော်ဘယ်လို ပြောရလေမလဲ။ ဘယ်လို ဝါဒဖြန့်ချိရလေမလဲ။ လူတွေကတော့ ရုပ်ရှင်ထဲက လှဲ့နွယ်နှင့်ပြင်ပမှ လှဲ့နွယ်ကို ခွဲခြားမမြင်တတ်ကြချေ။ ကျွန်တော်တို့ သည်နေ့ပဲ ကွဲမလား၊ နက်ဖြန်ပဲ ကွာရှင်းပြတ်စဲမှုကို ကြေညာလေမလား အထင်နှင့် စောင့်ကြည့်နေကြဆဲသာ ဖြစ်သည်။

စင်စစ်တွင်မူ သည်အနေအထားသို့ ရောက်ရှိရန် ဖန်တီးသူများထဲတွင် ကျွန်တော်လည်းတစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်ဆိုခြင်းမှာမူ ငြင်းကွယ်၍ မရနိုင်ပါ။

လဲ့နွယ်သည် ကျွန်တော်နှင့်စတင်တွေ့ ဆုံစဉ်က ရုပ်ရှင်ကား သုံးလေးကားမှာ ဆိုဒ်ပတ်ဘဝသာ ရှိပါသေးသည်။ တောက်တိုမည်ရ အခန်းကလေးတစ်ခန်းစ နှစ်ခန်းစဥ္စသာ ပါဝင်ဖူးပါသေးသည်။

ကန်တော်လေးရုပ်ကွက်ထဲတွင် ကျွန်တော့် အဒေါ်က အပ်ချုပ်လုပ်ငန်းလုပ်ကိုင်ရာ သူမအကျီလာအပ်ရင်းမှ ကျွန်တော်နှင့် ဆုံရခြင်းဖြစ်သည်။ ကျွန်တော်သည် အဒေါ်ထံ ပိုက်ဆံချေးရန် ရောက်လာတတ်ခြင်းဖြစ်သည်။

လဲ့နွယ်သည် ရုပ်ရှင်မင်းသမီးဆိုသော်လည်း ကလက်တက်တက်အစားထဲက မဟုတ်။ တည်ငြိမ်သည်။ ဣန္ဒြေရသည်။ ပြင်ပတွင် ပုံစံမှာ ခပ်ရိုးရိုးပင်ဖြစ်သည်။

လဲ့နွယ်ကို မြင်မြင်ချင်းမှာပင် ကျွန်တော်သဘောကျခဲ့သည်။ အဒေါ်ကလည်း “သည်မိန်းကလေး မဆိုးဘူး” ဟု မှတ်ချက်ချသည်။

“စိတ်ကူးမလွဲနဲ့ ပုညဦး၊ သူတစ်နေ့မှာ နာမည်ကျော်မင်းသမီး ဖြစ် လာမှာ အသေအချာပဲ၊ လက်ထပ်မယ် စိတ်ကူးရင် ခုကတည်းက ကြိုးစားထားနော်၊ အတော်ကြာ မပြောရဲ မဆိုရဲနဲ့ သူများဦးသွားလိမ့်မယ် သိရဲ့လား”

ကျွန်တော်သည် လဲ့နွယ်ကို ချစ်ရေးဆိုရန် အတန်တန်ကြိုးစားခဲ့ပါသည်။ သတ္တိများ မွေးမြူခဲ့ပါသည်။ သို့သော်လည်း တည်ငြိမ်အေးဆေးသော သူမ၏ရှေ့မှောက်သို့ ရောက်သောအခါ ကျွန်တော် ကြောက်ဒူးတုန်ခဲ့ရသည်။ သတ္တိများ အရည်ပျော်ကျခဲ့ရသည်။ သို့ဖြင့်အဆုံးတွင် အဒေါ်မှတစ်ဆင့် စာတစ်စောင် ရေးလိုက်ပါသည်။

အခြေအနေ မဆိုးလှပါ။ သူမကလည်း ကျွန်တော့်အပေါ် စိတ်ဝင်စားမှု ရှိသည်။ ထိုနောက်စာများ ဆက်လက်ရေးခဲ့ရာ သုံးစောင်မြောက်တွင် သူမ ထံမှ ပြန်စာတစ်စောင်ကို လက်ခံရရှိသည်။

လဲ့နွယ်သည် ရည်မှန်းချက်ကြီးမားစွာဖြင့် ရန်ကုန်သို့ရောက်လာသူ ဖြစ်သည်။ ရုပ်ရှင်မင်းသမီးဖြစ်ကို ဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် ထွက်လာခဲ့သူ ဖြစ်သည်။ သူမ သူငယ်ချင်းတစ်ယောက်၏ တိုက်ခန်းမှာနေကာ ရုပ်ရှင်ကုမ္ပဏီများနှင့် အဆက်အသွယ်ရရန် ကြိုးစားခဲ့သည်။

ကျွန်တော်တို့ ရံဖန်ရံခါ တွေ့ ဆုံကြသည်။ လဲ့နွယ်၏ သူငယ်ချင်းတိုက်ခန်းမှာ ဖြစ်သည်။ ထိုအခါ ကျွန်တော့်ကို ဧည့်ထောက်ခံ၍ စကားပြောလေ့ရှိသူမှာ လဲ့နွယ်၏ သူငယ်ချင်း၊ သို့မဟုတ် သူမ၏ အဒေါ်သာ ဖြစ်ပါသည်။

ရံခါတွင် လဲ့နွယ်သည် ကျွန်တော်နေသော တိုက်ခန်းသို့ ရောက်လာတတ်သည်။ ထိုအခါတွင်လည်း သူမ၏ သူငယ်ချင်းနှင့် အတူသာ ဖြစ်သည်။ ကျွန်တော်တို့တွင် ချစ်သူသဘာဝ နေထိုင်ပြောဆိုရန် အခွင့်အရေးနည်းပါးခဲ့သည်။ ကျွန်တော်တို့ချင်း ဆက်သွယ်မှုမှာ အပြန်အလှန်ရေးကြသော စာများသာ ဖြစ်သည်။

သို့သော်လည်း တစ်နေ့မှာတော့ လဲ့နွယ်သည်

မမျှော်လင့်ဘဲကျွန်တော့်အခန်းသို့ တစ်ယောက်တည်း ပေါက်ချလာသည်။ သူမရောက်လာချိန်မှာ အလွန်စောပါသေးသည်။ ကျွန်တော်အိပ်ရာမှ ထစသာရှိသေးသည်။ မုတ်ဆိတ်ပါးမြိုင်းမွေးများကို မရိတ်ပယ်ရသေး၊ ညက ဝတ်ထားသော အဝတ်ဟောင်းများကို မလဲလှယ်ရသေး။

တံခါးခေါက်သံကြားရပြီး တံခါးကို ဖွင့်ပေးလိုက်လျှင် သူမကို ရုတ်တရက် မြင်လိုက်ရသည်။

"ဘုရားရေ၊ မယုံနိုင်စရာပါလား။ နေထွက်တာနဲ့တစ်ပြိုင်နက် လမင်းကြီးသာနေဆဲပါလား"

ကျွန်တော့် စကားကို သူမ ရယ်မောလိုက်သည်။ "အစ်ကိုက ကဗျာဆန်နေပြန်ပါပြီ"

သူမ ကျွန်တော့်ရင်ဘတ်ကို လှမ်းထုပြီး ပြောလိုက်သည်။ တံခါးကို ပြန်ပိတ်လိုက်သောအခါတွင်မှ သူမနောက်မှာ ဘယ်သူမှ မပါခဲ့ကြောင်း သိရသည်။ သူမအထီးတည်း လာခဲ့ကြောင်း တွေ့ရသည်။

"ညီမ ဒီမှာ ခဏထိုင်နေဦးနော်၊ ခဏကလေးပါ။ ကိုယ်မျက်နှာသစ်လိုက်ချင်လို့ပါ။ တွေ့တယ်မဟုတ်လားဟင် ကိုယ်အိပ်ရာထစ ညစ်ပတ်နေတာ "

"ညစ်ပတ်နေတယ်၊ အစ်ကို ဘာကို ဆိုလိုတာလဲ "

"မျက်နှာ မသစ်ရသေးဘူးကွာ၊ ညီမတံခါးလာခေါက်မှ အစ်ကိုအိပ်ရာထဲနှပ်နေရာက ထလာတာ"

"ညစ်ပတ်တယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်ကိုပြောတာလဲဟင်"

"ညစ်ပတ်တယ်ဆိုတာ မသန့်ရှင်းတာကိုပြောတာပေါ့။ သိပ်မကြာပါ ဘူး ညီမ၊ သုံးလေးမိနစ်ပဲစောင့်ပါ"

"ဟင့်အင်း တစ်မိနစ်ကလေးတောင် မစောင့်နိုင်ဘူး၊ လာစမ်းပါ အစ်ကို၊ ညီမဘေးမှာ လာထိုင်စမ်းပါ"

သူမက ပြောပြောဆိုဆို ကျွန်တော့်အင်္ကျီလက်ကိုဆွဲပြီး သူမအပါးတွင် ထိုင်စေလိုက်သည်။

"ဟင့်အင်း လဲ့နွယ်၊ အစ်ကိုသွားပါရစေ၊ ညီမရဲ့မျက်နှာနား အစ်ကို့မျက်နှာကပ်ရမှာ သိပ်ပြီးညစ်ပတ်ပေကျံနေလို့ပါ"

"နေစမ်းပါဦး၊ ဘယ်သူက အစ်ကို့မျက်နှာကို ညီမမျက်နှာနား ကပ်ရမယ်ပြောနေလို့လဲ"

လဲ့နွယ်က ရယ်မောပြောဆိုလိုက်သည်။

ကျွန်တော် အံ့သြနေမိသည်။ လဲ့နွယ်သည် တစ်ခါမျှသည်လို စိတ်လှုပ်ရှားဖွယ် အနေအထားနှင့် ရောက်မလာခဲ့ဖူးချေ။ ရုပ်ရှင်ထဲကလို သရုပ်ဆောင်နေတာလား။ မဟုတ်နိုင်ပါ။ သူမ၏မျက်နှာမှာ တည်တည်ကြည်ကြည်ပင် ဖြစ်သည်။

"ထိုင်နေစမ်းပါ အစ်ကိုရယ်၊ ရုပ်ရည်ညစ်ပတ်တာဟာ စိတ်ညစ်ပတ်

တာထက်ပိုပြီး မဆိုးနိုင်ပါဘူး။ လဲ့နွယ်အခုပဲ အဲဒီအကြောင်းကို စဉ်းစားနေ တာ”

လဲ့နွယ်၏ မျက်နှာကလေးသည် ဣန္ဒြေရလာသည်။ သူမတွင် လေးနက်သောအကြောင်းအရာတစ်ခု ရှိနေပုံရသည်။ ထိုအကြောင်းအရာကို ဖွင့်လှစ်ပြောပြရမည့် လူတစ်ယောက်ကို ရှာဖွေနေပုံရသည်။

ထို့ကြောင့် ကျွန်တော် သူမ၏အပါးတွင် ငြိမ်သက်စွာထိုင်နေလိုက်ပါသည်။

“ဒီလိုပါအစ်ကို၊ လဲ့နွယ်အရေးကြီးတဲ့ ကတိစာချုပ်တစ်ခုကို ဒီနေ့ လက်မှတ်ထိုးရမယ်။ ထိုးသင့် မထိုးသင့်စဉ်းစားရင်း ညကကောင်းကောင်း အိပ်မပျော်ဘူး။ မနက်ကျတော့လည်း အစောကြီးနိုးနေတယ်။ ဒါကြောင့် အစ်ကို့ကို တိုင်ပင်ရအောင်ဆိုပြီး ထွက်လာခဲ့တာ ”

“ဘယ်လိုစာချုပ်မျိုးမို့လို့လဲ လဲ့နွယ်ရယ်”

“ရုပ်ရှင် ကန်ထရိုက်စာချုပ်ပါပဲ အစ်ကိုရယ်။ ဒါပေမဲ့ ဒီစာချုပ်ဟာ လဲ့နွယ်ဘဝအတွက် အရေးကြီးတယ်၊ တက်ချင်ရင် ကောင်းကင်အထိ တက်သွားနိုင်တယ်၊ ကျပြီဟေ့ဆိုရင်တော့ အဝီစိအထိ ရောက်သွားမှာပဲ” “ကိုယ် သိခွင့်ရှိရင် သိပါရစေလဲ့နွယ်”

“လဲ့နွယ် ပြောပြပါ့မယ်အစ်ကို၊ ကုမ္ပဏီတစ်ခုက လဲ့နွယ်ကိုစာချုပ်ဖို့ ကမ်းလှမ်းလာတယ်။ ရုပ်ရှင်ကား တစ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ပါပဲ။ ဒါပေမဲ့ ပါရမယ့်အခန်းကတော့ ခါတိုင်းပါနေကျ အခန်းမျိုးမဟုတ်ဘူး။ ဗီလိန်ခန်းက ဆိုပါတော့ အစ်ကိုရယ်၊ မင်းသားကို တစ်ဖက်သတ်ကြိုက်နေရ မယ်၊ မင်းသားနဲ့ မင်းသမီးကို မကွဲကွဲအောင် ခွဲရမယ်၊ ဇာတ်စကားနဲ့ ပြော ရင်တော့ ကုန်းရုပ်ပေါ့။ လူတွေမုန်းကြတဲ့ ဇာတ်ကောင်နေရာပေါ့။ ဒီနေရာ မျိုးက အလျဉ်းသင့်ရင် အကယ်ဒမီတွေ ဘာတွေတောင် ရနိုင်ပေမဲ့ အလျဉ်း မသင့်ရင်တော့ တစ်သက်တာ နစ်မျောရောပဲ။ ဒါကြောင့် စာချုပ်ကို လက်မှတ် ထိုးသင့်မထိုးသင့် ချီတုံချတုံဖြစ်နေမိတာ”

သူမ ဘာကြောင့် အစောကြီးရောက်လာသည်ကို သိရပြီ။ အဘယ်ကြောင့် သူမ အထီးတည်း ရောက်လာသည်ကို တွေးတတ်ပြီ။ မှန်တော့လည်း မှန်သည်။ သူမ ဖြစ်လိုသည်မှာ ခေါင်းဆောင်မင်းသမီး ဖြစ်သည်။ ထိုရည်ရွယ်ချက်ဖြင့် ရန်ကုန်သို့ စွန့်စားတက်ရောက်လာခြင်း ဖြစ်သည်။ သို့သော်လည်း သူမမှာ ဝါသနာသာရှိပြီး အပေါင်းအသင်းမရှိလှ ပါ။ နောက်ခံဘက်ဂရောင်း မတောင့်ပါ။ ထို့ကြောင့် ကျရာအခန်းများတွင် ဝင်၍ သရုပ်ဆောင်ခဲ့ရသည်။

သူမတွင် အနုပညာရှိသည်ဟု ကျွန်တော်ယုံကြည်သည်။ သူမသည် မိမိပါဝင်ရလေသော အခန်း အနည်းငယ်ကလေးကိုပင် သရုပ်ပါအောင် ကြိုးစားသရုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် နာမည်အတန်ရလာခြင်း ဖြစ်သည်။ ဗီလိန် သို့မဟုတ် လူမုန်းခံရသောအခန်းတွင် ဝင်ရောက်သရုပ်ဆောင် ကာ အကယ်ဒမီတွေဘာတွေ ရသွားသူတွေလည်းရှိသည်။ အချို့မှာမူ လူမုန်း ခံရခြင်း အဖတ်တင်ကာ မင်းသမီးနေရာ မရောက်တော့ဘဲ ခါးကျိုးသွားသည်များရှိသည်။

"အစ်ကို" "ဟင်"

"အစ်ကို ဘာတွေစဉ်းစားနေတာလဲဟင်"

"အစ်ကို စဉ်းစားနေတာ လှဲ့နွယ်အကြောင်းပေါ့"

"ဟုတ်လား၊ ဒါဆိုရင်တော့ ကျေးဇူးပါပဲ အစ်ကို။ လှဲ့နွယ်ကလည်း အစ်ကို့ကို ဝိုင်းစဉ်းစားပေးဖို့ တိုက်တွန်းမလို့"

"သည့်လိုရှိတယ် လှဲ့နွယ်"

"ဟိုလိုမရှိဘူးပေါ့"

"သွား အစ်ကိုက အကောင်းပြောမလို့ဟာ" "ဆောရီး အစ်ကို၊ ပြော ပြော၊ လှဲ့နွယ် နားထောင်နေတယ်" "လှဲ့နွယ် ကိုယ့်အနုပညာကို ကိုယ်ယုံကြည်သလားဟင်" "ယုံကြည်တာပေါ့၊ ယုံကြည်လို့ပဲ စွန့်စားထွက်လာခဲ့တဲ့ ဥစ္စာ" "အနုပညာသမားဆိုတာ အနုပညာမျက်နှာကိုပဲ ကြည့်ရမှာပဲလေ၊ ဟီးရိုးဖြစ်ဖြစ်၊ ဗီလိန်ဖြစ်ဖြစ် မိမိကျရာ ဇာတ်ရုပ်ကို ပိုင်နိုင်အောင် သရုပ်ဆောင်နိုင်ရင် အနုပညာရှင် ပီသတာပဲ"

"ဒီတော့ အစ်ကိုက ဘာပဲဖြစ်ဖြစ် လှဲ့နွယ်က ကန်ထရိုက်စာချုပ်ကို လက်မှတ်ထိုးသင့်တယ်လို့ ဆိုလိုတာလား ဟင်"

"အဲဒီအတိုင်း ဆိုလိုတာပါပဲ လှဲ့နွယ်၊ ကိုယ်ကတော့ လှဲ့နွယ်ကို အနုပညာရှင်တစ်ယောက်အနေနဲ့ မြင်ချင်နေတာပဲလေ" လှဲ့နွယ်သည် ယခုမှ သန္နိဋ္ဌာန်ချလိုက်နိုင်ဟန်တူသည်။ ဆုံးဖြတ်ချက် ကျသွားခဲ့ဟန်တူသည်။ "ကဲ ခဏနေခဲ့ဦးနော် လှဲ့နွယ်"

"အစ်ကိုက ဘာလုပ်ဦးမလို့လဲ" "အစ်ကို မျက်နှာသစ်လိုက်ဦးမယ်နော်"

"ဘာလို့လောနေရတာလဲ အစ်ကို"

"အစ်ကိုက ညစ်ပတ်နေတယ်လေ"

"ဘယ်သူက အစ်ကို့ကို ညစ်ပတ်တယ် ပြောလို့လဲ"

ကျွန်တော်က မိမိကိုယ်မိမိ မှန်ထဲတွင် ကြည့်ရန် ကြိုးစားရာ လှဲ့နွယ် က ကိုယ်ကိုဆွဲဖယ်လိုက်သည်။

"အဲဒီ မှန်ကမကောင်းပါဘူး၊ မကြည့်ပါနဲ့"

"ကိုယ့်မှာ ဒီမှန်ပဲရှိတဲ့ဥစ္စာ"

"တကယ်လား၊ အစ်ကိုက အကန်းပဲ၊ အစ်ကို့ ရှေ့မှာတင် မှန်ကလေး ရှိနေတာ မတွေ့ဘူးလား"

သူမက ကျွန်တော့် မျက်နှာရှေ့တွင် သူမ၏မျက်နှာကို ဝဲပြီး ကျွန်တော့်မျက်ဝန်းထဲသို့ စိုက်ကြည့်လိုက်သည်။

ထိုအခါ မှန်ကလေးများကို ကျွန်တော်မြင်ရပါသည်။ သူမ၏ နက်ရှိုင်းသောမျက်ဝန်းကလေးများပင် ဖြစ်သည်။ ထိုမျက်နက်ဝန်းများထဲ၌ ကျွန်တော် ၏ ရုပ်သွင် ထင်ဟပ်နေသည်။

"ဩော် ဟုတ်သားပဲနော်"

သည့်နောက်မှာတော့ ကျွန်တော်သည် လဲ့နွယ်ကိုရင်ခွင်ထဲ ထွေးပွေ့ယူလိုက်မိသည်။ ပါးနှင့်နှုတ်ခမ်းကို နွေးထွေးစွာနမ်းကာ သူမ၏နားအနီးမှာ တိုးတိုးကလေး ဆိုမိသည်။

"ကိုယ့်ကို လက်ထပ်ပါလား လဲ့နွယ်ရယ်"

လဲ့နွယ် ရယ်မောလိုက်သည်။ သူမ၏အသံမှာ ပြောင်းလဲနေသည်။ သူမ မျက်လုံး မှိတ်လိုက်သည်။ ထို့နောက် မျက်လုံးပြန်ဖွင့်ကာ ခပ်တိုးတိုး ဆိုသည်။

"နောက်တစ်ခါ ထပ်ပြောပါဦး အစ်ကိုရယ်"

"လဲ့နွယ်ကို ကိုယ်လက်ထပ်မယ်နော်"

သူမခေါင်းညိတ်ပြီး မျက်နှာကလေးကို တိုးကပ်ပေးလိုက်သည်။ ဤသည်မှာ မမျှော်လင့်ပဲနှင့် အဆင်ပြေသွားသော ကျွန်တော်တို့ အကြောင်းဖြစ်ပါသည်။ ကျွန်တော်တို့ မကြာမီမှာပင် လက်ထပ်လိုက်ကြသည်။ မိတ်ဆွေတွေက ဘဝင်မကျသည့်အကြားမှ ပတ်ဝန်းကျင်က တီးတိုး ဆိုနေသည့်ကြားမှပင် ဖြစ်ပါသည်။

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်နားလည်နိုင်အောင် ကြိုးစားသည်။ တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီဖြေရှင်းနိုင်အောင် ကြိုးစားသည်။ သဘောကွဲလွဲသည်များကို တူညီအောင် ညှိယူသည်။ သို့ဖြင့် အိမ်ထောင်သက် တစ်နှစ်ခွဲရှိလာသည်။ ထိုအခါ ကျွန်တော်တို့ တည်မြဲမှုသည် လူတကာအတွက် အံ့သြဖွယ်ရာ ဖြစ်လာသည်။ "သူတို့ပေါင်းနေကြတုန်းလား၊ ဘယ်လောက်ထူးခြားသလဲ" ဤသည်မှာ လူတို့နှုတ်ဖျားမှ ဆိုလေ့ရှိသော စကားဖြစ်သည်။ "လင်နှင့်မယားကြားမှာ ကတောက်ကဆတ်မဖြစ်ဖူးဘူးဆိုလျှင် လူသားတွေမဟုတ်ကြလို့ပဲ" ဆိုသောစကားအတိုင်းပင် ဖြစ်ပါသည်။ ကျွန်တော်နှင့် လဲ့နွယ်ကြားမှာ ကတောက်ကဆတ်ဖြစ်သည့်အခါ ဖြစ်သည်။ နားလည်မှုလွဲမှားသည့်အခါ လွဲမှားသည်။ "လင်နှင့်မယား လျှာ နှင့်သွား" ဆိုသော စကားအတိုင်းပင် ဖြစ်သည်။

အထူးသဖြင့် စီးပွားရေးကိစ္စ။ ယခုအခါ စီးပွားရေးကို ဦးဆောင်သူမှာ လဲ့နွယ်ဖြစ်လာသည်။ သူမသည် ဗီလိန်ဇာတ်ဆောင် အခန်းမှပင် အောင်မြင်မှုများရနေခဲ့သည်။ ကျွန်တော်နှင့်ဆွေးနွေးခဲ့သော ဇာတ်ကားမှပင် အစပြုခဲ့ပါသည်။ ထိုကားအတွက် သူမသည် အကယ်ဒမီတစ်ကြိမ် စာရင်းဝင်ဖြစ်ခဲ့သည်။ ၊ အကြောင်းမလှ၍ အကယ်ဒမီနှင့်လွဲခဲ့ရသော်လည်း သူမ၏သရုပ်ဆောင်မှုကို လူတို့လက်ခံကြသည်။ အနုပညာသဘောအရ လူတို့နှစ်ခြိုက်ကြသည်။

သို့ဖြင့် ထိုဇာတ်ဆောင်မျိုး နေရာတွင် သူမမှတစ်ပါး အခြားမရှိတော့သလို ဖြစ်လာကာ ဇာတ်ကားအများအပြားကို လက်ခံရိုက်ကူးနေရသည်။

ကျွန်တော်၏ လစာမှာ လင်ကိုယ်မယားနှစ်ယောက်အတွက် လုံလောက်သော်လည်း အပိုအလျှံရနိုင်သည် မဟုတ်ချေ။ ပါရမီမှ မြေကွက်ကို

လှဲနွယ် ၏ ငွေဖြင့် ဝယ်ခဲ့ရသည်။ အိမ်ပြုပြင်ဆောက်ရာ သူမ၏ လက်ဝတ်လက်စားများကို ထုခွဲခဲ့ရသည်။ စီးပွားရေးကို ဇနီးမယားက ဦးဆောင်ဦးရွက်ပြုနေခြင်း အောက်မှ လင်ယောက်ျားတစ်ယောက်၏ အနေအထားမှာ မည်သို့ရှိမည် နည်း။ စဉ်းစားကြည့်နိုင်ပါသည်။ ကျွန်တော်သည် သူမ၏ဩဇာအာဏာ ရိပ်အောက်မှာပင် ရှိနေရသည်။ သူမ၏ အပေါင်းအသင်းတို့အကြားတွင် မျက်နှာငယ်ရသည်။ လူရာသွင်းခြင်းခံရလေ့မရှိ။ သူမ၏အောင်မြင်မှုကြား တွင် နစ်မြုပ်နေခဲ့ရသည်။

လူတို့လာသည်၊ လှဲနွယ်ထံကိုသာဖြစ်သည်။ လူတို့အလုပ်အကြောင်း ပြောကြသည်။ လှဲနွယ်နှင့်သာဖြစ်သည်။ သူတို့အရေးပေးကြသည်၊ လှဲနွယ် ကိုကွက်၍ ဖြစ်သည်။ သူတို့အသိုင်းအဝိုင်းကြားမှာ ကျွန်တော်သည် လူပို တစ်ယောက်လိုသာ ရှိခဲ့ရသည်။ သူတို့စကားဝိုင်းဘေးမှ တောက်တိုမည်ရ လုပ်ကိုင်ပေးရသူသာ ဖြစ်သည်။

သည်အဖြစ်ကို ကျွန်တော်နာကြည်းနေခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့် သူတို့ လုပ်ငန်းခွင်အကြောင်း ကျွန်တော်စိတ်မဝင်စားသလို နေခဲ့သည်။ သူတို့ စကားဝိုင်းများကို ရှောင်လွဲနေခဲ့သည်။

ယင်းအပြင် အိမ်တွင်အသေးအဖွဲ့ အဆင်မပြေမှုများလည်း မကြာခဏ ဆိုသလို ပေါ်ပေါက်နေခဲ့သည်။ အသေးအဖွဲ့ဆိုသော်လည်း ဖြစ်ဖန်များလာသောအခါ အမှိုက်ကစပြာသာဒ် မီးလောင်ဆိုသလိုကြီးမားလာနိုင်သည်။ အချိန်မရွေးထ၍ ပေါက်ကွဲနိုင်သော ယမ်းအိုးကြီးဖြစ်လာသည်။

လှဲနွယ်သည် အများပြောသလိုစည်းစိမ်နှင့် သန့်ရှင်းသပ်ရပ်စွာနေထိုင် လိုသူ ဖြစ်သည်။ ရှူတင် မရှိသောရက်များတွင် သူမ၏အိမ်ကလေးကို သနေတတ်လေ့ရှိသည်။ မီးဖိုခန်းကို သန့်ရှင်းစွာထားသည်။ အိုးခွက် ပန်းကန်များပြောင်လက်နေသည်။ ကြမ်းပြင်ပေါ်တွင် ခြေရာမထင်ရ၊ အမှိုက်တစ်စ မရှိရ။ ကော်ဇောပေါ်တွင် ဖုန်တစ်မှုန် မရှိရ။ ဇာခန်းဆီးများ သစ်လွင်နေရမည်။ ဆိုဖာ ကုလားထိုင်များ နေသားတကျ ရှိရမည်။ ပန်းများ အစဉ် လန်းဆန်းနေရမည်။ ဤသည်ကိုသာ သူမအလိုရှိသည်။

သူမရုပ်ရှင်ရိုက်ရက်မရှိသောကာလ၊ ရန်ကုန်တွင် နားနေသော ကာလများတွင် ထိုအတိုင်းဖြစ်နိုင်ပါသည်။ သူမအလုပ်ရှုပ်နေသော ကာလ၊ နယ်များသို့ရိုက်ကွင်းထွက်ရသော ကာလများတွင် ထိုသို့ မဖြစ်နိုင်ပါ။

ကျွန်တော်သည် လူပျိုဘဝဖြင့် အတန်ကြာနေထိုင်လာသူဖြစ်သည်။ ထို့ကြောင့် အတန် ပစ်စလက်ခတ် နိုင်ပါသည်။ နမော်နမဲ့ နိုင်သူဖြစ်ပါသည်။ ပစ္စည်းတစ်ခုကိုယူပြီး နေရာတကျ ပြန်မထားမိတာမျိုး၊ ဆေးလိပ်ပြာကို ခြွေချင်ရာခြွေမိတတ်ခြင်းမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ကို ဆင့်တန်းများ၌ တင်ထားမိခြင်းမျိုး မကြာခဏဖြစ်တတ်ပါသည်။

ဆေးလိပ်တိုပြည့်နေသော ပြာခံခွက်ကို သွန်ဖို့မေ့နေတာ၊ စားပြီးသား ပန်းကန်ကို မဆေးမိတာ။ ညှိုးခြောက်နေသော ပန်းအိုးကို မလဲမိတာမျိုး မကြာခဏ ဖြစ်တတ်လေ့ရှိသည်။ အထူးသဖြင့်တော့ သူမ နယ်ထွက်ပြီး ကားရိုက်သောအခါမျိုးတွင် အိမ်၌ ကျွန်တော်အထီးကျန်ဆန်စွာ ကျန်ရစ် တတ်ရာ သူမ ပြန်လာသောအခါ ဖြစ်ချင်တိုင်းဖြစ်နေသောအိမ်ကို ကြည့်ပြီး စိတ်ဓာတ်ကျသွားလေ့ရှိသည်။ ထိုအခါမျိုး၌ ဟင်းအိုး ထမင်းအိုးများ သိုးနေ တတ်သည်။ မီးဖိုခန်းမှာ ထမင်းကျန် ဟင်းကျန်နှင့် ပန်းကန်အပေအကျံတို့ ပြန့်ကျဲပြီး၊ ကြွက်ပိုးဟပ်နှင့် ယင်တလှောင်းလှောင်းရှိနေတတ်သည်။ ဧည့်ခန်းမှ ပန်းအိုးများ ညှိုးခြောက်ကာ ရေခန်းနေတတ်သည်။ ကြမ်းပြင်ပေါ်တွင် ဖုန်များ ခြေရာများ ထင်နေတတ်သည်။

ထိုအခါမျိုးတွင် လဲ့နွယ် အလွန်အမင်း စိတ်ဆိုးတတ်သည်။ "ကိုကိုကလည်းကွာ ခရီးသွားရာက ပြန်လာတဲ့သူကို ရင်ဘတ်ဆောင့် ကန်သလိုပဲ၊ ကြည့်စမ်းပါဦး၊ တစ်အိမ်လုံးကြွက်သိုက်ကျနေတာပဲ၊ လဲ့နွယ် သန့်ရှင်းသပ်ရပ်တာကို လိုချင်တယ်ဆိုတာလည်း သိသားနဲ့"

သည်သို့ ညည်းညူတတ်သည်။

"ကိုကို့ကိုတော့ ဘယ်လိုမှ ပြုပြင်ယူလို့ မရနိုင်တော့ဘူး ထင်ပါရဲ့၊ စိတ်ညစ်လိုက်တာနော်" သည်သို့ အော်ဟစ် ပစ်တတ်သည်။ ကျွန်တော်လည်း တတ်အားသမျှတော့ အိမ်ကိုလှည်းကျင်းသုတ်သင်လိုပါသည်။ သို့သော် သည်လုပ်ငန်းမှာ ပုရိသယောကျ်ား ရင့်မာကြီးတို့ လုပ်အပ်သော အလုပ်မဟုတ်ဟု ကျွန်တော် ခံယူထားသည်။ ပြီး မိန်းမက အောင်မြင်မှုရနေခိုက်မှာ ယောကျ်ားက သည်အလုပ်မျိုးလုပ်နေလျှင် မိန်းမ ထဘီ ရေသီနားခိုစားနေသည်ဟု လူတွေထင်ကာ မိမိကိုယ်မိမိ သိမ်ငယ်သွားရ မှာလည်း စိုးသည်။

နောက်တစ်ကြောင်းမှာ ကျွန်တော်၏ နမော်နမဲ့နိုင်မှု၊ မေ့လျော့တတ်မှုများကြောင့် လဲ့နွယ် စိတ်ပျက်ရခြင်းမျိုးရှိသည်။ကျွန်တော်သည် ရုံးကပြန်လာပြီးနောက် အင်္ကျီလုံချည်တွေ ချွတ်ချင် ရာမှာချွတ်သည်။ အင်္ကျီအိတ်ထဲက ဖောင်တိန်ဘောလ်ပင် အပါအဝင်ငွေ စက္ကူနှင့် အကြွေတွေကိုပါ ထားချင်ရာထားသည်။ မှတ်ပုံတင် ကတ်ပြားများ၊ မီးရထားလသုံးလက်မှတ်၊ စာရွက်စာတမ်းများကို ရုံးထွက်သောအခါ ရှာရ သည်မှာ အမော။

သည်အခါ လဲ့နွယ် ဆိုတတ်သည်။

"ကိုကို့ စာရွက်စာတမ်းတွေကို တစ်နေရာမှာ စုမထားနိုင်ဘူးလားဟင်" ကျွန်တော် စုမထားသော်လည်း သူမစုထားပေးသည်။ သို့သော်လည်း တစ်ရက်နှစ်ရက်အတွင်းမှာပင် ပြန့်ကျဲသွားကာ ရုံးသွားခါနီး ရှာမတွေ့ဘဲ တဆူဆူဖြစ်ရပြန်သည်။

"ကိုကို့ စာရွက်စာတမ်းတွေကို တစ်နေရာမှာ စုထားပါလို့ ပြောသားပဲ"
"စုထားတာပဲ၊ လဲ့နွယ်က ဝင်ဝင်ရှင်းနေလို့"

“လဲ့နွယ်ကလား”

“ဟုတ်တယ်၊ ကိုယ်ထားချင်တာက တစ်နေရာ၊ မင်းထားတာက တစ်နေရာ”

“အို ဒီလိုလား၊ ကောင်းပြီ၊ နောက်ဆိုရင် ကိုကိုနဲ့ပတ်သက်တာ မှန်သမျှ လဲ့နွယ် လက်ဖျားနဲ့တောင် မတို့ဘူး သိလား၊ နောက်တော့သာ ငါ့စားပွဲ အံဆွဲသော့တွဲ ဘယ်နားမှာလဲ လှမ်းမအော်နဲ့”

“မအော်ဘူး မအော်ဘူး၊ မင်းသာ ကိုယ့်ပစ္စည်းတွေ မကိုင်နဲ့” သည်သို့ ကတောက်ကဆတ်ဖြစ်ရပြီးသည့် နောက်တွင်လည်း လဲ့နွယ်သည် ကျွန်တော်၏ပစ္စည်းများကို စုမြဲစုသည်။ တောင်းသောအခါ အသင့်ရနိုင်အောင် ရှာဖွေပေးရမြဲပင်ဖြစ်သည်။ ကျွန်တော်ကလည်း တစ်စုံ တစ်ရာ လိုအပ်ပြီဆိုလျှင် သူမထံ အကူအညီမတောင်းဘဲ မနေနိုင်ခဲ့။

“ကိုကိုရဲ့ ပစ်စလက်ခတ်နိုင်တဲ့ အကျင့်ကိုတော့ သည်တစ်သက် ပြင်လို့ရနိုင်တော့မယ် မထင်ပါဘူး”

သူမ ညည်းတွားတတ်မြဲဖြစ်သည်။

လဲ့နွယ်သည် ရုပ်ရှင်မင်းသမီး ပီပီအလှပြင် ပစ္စည်းကိရိယာများကို စုံလင်စွာ ထားရလေ့ရှိသည်။ ရေမွှေးနှင့် မိတ်ကပ်၊ ပေါင်ဒါများကို ကျွန်တော် လက်ဖျားနှင့်ပင် မတို့ပါ။ သို့သော်လည်း သူမ၏ဘီးများကိုမူ မကြာခဏ ယူ၍ဖြီးသည်။ ဖြီးလျှင် တွေ့ကရာ နေရာမှာ ချထားတတ်သည်။ သူမ အလိုရှိသောအခါ ရှာမတွေ့ တော့ချေ။

“ကိုကိုရေ လဲ့နွယ်ရဲ့ဘီး ယူဖြီးပြီး ဘယ်မှာထားလိုက်သလဲဟင်” “မပြောတတ်ဘူးလေ”

“ဒါပဲ ဒါပဲ၊ ကိုကို့ ကိုမေးလိုက်ရင် မပြောတတ်ဘူးလေဆိုတဲ့ ဂါထာပဲ ရွတ်နေတာပဲ၊ ဒီမှာ ကိုကို၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် စည်းကမ်းရှိရှိ ကိုင်စမ်းပါ”

သူမက ကျွန်တော့်အတွက် ဘီးတစ်ချောင်းသတ်သတ်ထားပေးသည်။ ထိုဘီးကို ရှာမတွေ့သောအခါ ထုံးစံအတိုင်း သူမ၏ဘီးများကို ယူဖြီးသည်။ တစ်နေ့သောအခါ လဲ့နွယ်က ကျွန်တော့်အတွက် ဘီးတစ်ဒါဇင် ဝယ်လာသည်။

“ဒီမှာကြည့်စမ်း ကိုကို၊ ဒါတွေဟာ ကိုကို့အတွက်ပဲ၊ တစ်ချောင်းကုန် ရင် တစ်ချောင်းယူဖြီးပေတော့”

သို့သော်လည်း တစ်ချောင်းမကုန်မီမှာပင် နောက်တစ်ချောင်း ထုတ်သုံးသည်။ တစ်လ မပြည့်မီမှာပင် ဘီးများဟိုရောက်သည်ရောက် ဖြစ်ကုန်သည်။ ဘီးတစ်ဒါဇင်သည် နေရာတစ်ဒါဇင်၌ ပြန့်ကျဲနေလေတော့သည်။ ထိုအခါ သူမ၏အသံကို ကျွန်တော်ကြားရပြန်သည်။

“ကိုကို လဲ့နွယ်ရဲ့ဘီး ယူဖြီးပြီး ဘယ်နေရာမှာ ထားလိုက်သလဲဟင်”

လဲ့နွယ်သည် အဆိုဝါသနာရှင် ပီသစွာ ကက်ဆက်ခွေများကို စုဆောင်း လေ့ရှိသည်။ သူ့စင်နှင့်သူ ကျနစွာ စိစစ်ထားလေ့ရှိသည်။ လဲ့နွယ်နှင့် ဝေးကွာ

ရသော ညများတွင် ကျွန်တော်သည် အလွမ်းပြေ ကက်ဆက်ဖွင့်ကာ တေးသံများကို နားထောင်တတ်မြဲဖြစ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်ညှော်ခန်း ကော်ဇောပေါ်မှာ လှဲအိပ်ကာစီးကရက် တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း နားအရသာခံလေ့ရှိသည်။ ကက်ဆက်ခွေများ ပြန့်ကျဲနေသည်။ စီးကရက်ပြာများလည်း ကော်ဇောပေါ် ကျကုန်တတ်သည်။ ဤသည်ကို လှဲနွယ်စိတ်အပျက် တတ်ဆုံး ဖြစ်လေသည်။

"ကိုကိုရေ ပန်းမြိုင်လယ်အခွေ ဘယ်မှာထားလိုက်သလဲ၊ ရီရီသန့်ရဲ့ စစ်ကိုင်းတောင် ရှာမတွေ့ တော့ဘူး" စသည်ဖြင့် ကုန်းအော်လေ့ရှိသည်။ "စိတ်ပျက်တယ် စိတ်ပျက်တယ်၊ ဘယ်လိုယောကျ်ားမျိုး ရထားသလဲ မသိပါဘူး"

ရံခါ သူမ ညည်းညူတတ်သော စကားဖြစ်သည်။ မတတ်နိုင်ပါ။ ယောကျ်ားသည် ယောကျ်ားသာဖြစ်သည်။ ယောကျ်ားသည် ထမင်းချက်ဖို့ မလိုချေ။ အဝတ်လျှော်ဖို့ မဟုတ်ချေ။ အိမ်မှုကိစ္စဟူသည်မှာ မင်းယောကျ်ားတို့၏ အလုပ်မဟုတ်ပေ။ ကိုယ်ဝန်ဆောင်ခြင်းသည် ယောကျ်ားတို့အလုပ် မဟုတ်သကဲ့သို့ အိမ်မှုကိစ္စဟူသည်လည်း ယောကျ်ားတို့နှင့် သက်ဆိုင်ခြင်း မရှိပေ။ ဤသည်မှာ မွေးရာပါအခွင့်အရေးဖြစ်သည်။ သဘာဝတရား၏ သတ်မှတ်ချက်ဖြစ်သည်။ သည်သို့သာ ကျွန်တော် ဆင်ခြေပေးလေ့ရှိသည်။ ဤသည်ကိုမှ လက်မခံနိုင်ဘူးဆိုလျှင်တော့ ကျွန်တော်တို့ လမ်းခွဲကြဖို့ပင်ဖြစ်သည်။

ခက်သည်က လှဲနွယ်သည် အိမ်ဖော်တစ်ယောက်ခေါ်ထားရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

"ကလေးငယ်မရှိဘဲ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်သာ ရှိတဲ့ အိမ်အတွက်အိမ်ဖော်မလိုပါဘူး ကိုကိုရာ၊ လှဲနွယ် အကုန်လုပ်နိုင်ပါ တယ်။ ကိုကိုသာကူညီရင် ကိုယ့်အိမ်ကို ကိုယ်မှန်တစ်ချပ်လို ကြည်လင်သန့် ရှင်းနေအောင် လှဲနွယ် လုပ်နိုင်ပါတယ်။

ယခုမှ ကျွန်တော်၏ သူငယ်ချင်းများကို အိမ်သို့ ခေါ်လာမိပေပြီ။ ကျွန်တော့် ညှော်သည်များကို ပထမဆုံးအကြိမ်အဖြစ် အိမ်သို့ ခေါ်လာမိခြင်း ဖြစ်သည်။

အိမ်တွင် လှဲနွယ်ရှိမနေပါ။ သည်ကနေ့ ရုံးတင်မရှိသော်လည်း သူမ အိမ်တွင်ရှိမနေသည်ကို ကျွန်တော်အပြစ်မပြောနိုင်ပါ။ သူတို့လုပ်ငန်းက အရေးမကြီးချင်လည်း မကြီးဘဲ နေနိုင်သည်။ အရေးကြီးချင်လည်း ဘာ မဟုတ်တာနှင့် အရေးကြီးချင် ကြီးနေတတ်သည်။

တစ်ခုပဲ စိတ်မကောင်းဖြစ်မိသည်။ ငယ်သူငယ်ချင်းများနှင့် လှဲနွယ် ကို မိတ်ဆက်ပေးနိုင်ခွင့် ဆုံးရှုံးသွားခြင်းပဲဖြစ်သည်။ သို့သော်လည်း တစ်ပြိုင် နက်တည်းမှာပင် ဝမ်းသာမိခြင်းကိုလည်း ခံစားရသည်။ ကျွန်တော့် သူငယ် ချင်းများနှင့် လှဲနွယ် ဆုံတွေ့ မသွားခြင်းကြောင့် ဖြစ်သည်။

အိမ်သစ်သို့မပြောင်းမီ တိုက်ခန်းနှင့်နေစဉ်က ကျွန်တော်၏ မိတ်ဆွေ ဆိုသူများ အိမ်သို့ရောက်လာဖူးပါသည်။ ကျွန်တော်ကလည်း ခေါ်ဆောင်လာ ခဲ့ဖူးသည်။ လှဲနွယ်က လက်ဖက်ရည်ကော်ဖီဖြင့် ညှော်ခံလိုသော်လည်း ထိုသူတို့၏

အခြေအနေမှာ လက်ဖက်ရည် ကော်ဖီသောက်နိုင်သော အခြေအနေ မဟုတ်ပါ။ တာမစူနိုင်အောင် မူးနေကြသူများ၊ လက်ဖက်ရည် ကော်ဖီ မတည့်ကြတော့သည့်သူများ ဖြစ်သည်။ သူတို့ရောက်လာချိန်မှာ သန်းခေါင် သန်းလွဲ။ အချို့က အရက်ဆက်သောက်လိုကြသည်။ ထို့ကြောင့် လဲ့နွယ် သည် အမြည်းကို ပြင်ဆင်ပေးရလေ့ရှိသည်။ အိပ်ရာမှထကာ ကြော်လှော် ပေးရခြင်းမျိုး ဖြစ်သည်။

“ဒီမှာ ကိုကို၊ ကိုကို့ မိတ်ဆွေတွေကို အိမ်ခေါ်မလာပါနဲ့လို့ လဲ့နွယ် မတားဆီးပါဘူး၊ ခေါ်လာတာကိုလည်း မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ လဲ့နွယ် ကို ကြိုပြောမထားဘဲနဲ့တော့ ခေါ်မလာပါနဲ့၊ ဘာကြောင့်လဲဆိုတော့ လဲ့နွယ်က အစားအစာကိုကြိုပြီး စီစဉ်ထားထာ မဟုတ်တော့ သိပ်ကသီတာပဲ၊ ပစ္စည်းမစုံ တော့ ဧည့်သည်တွေလည်းခံတွင်းတွေ့ကြမှာ မဟုတ်ဘူး။ ဒီတော့ လဲ့နွယ်ကို ကြိုပြောထားပြီးမှ ခေါ်လာနော်”

သို့သော်လည်း သည့်နောက်ပိုင်း ဘယ်ဧည့်သည်ကိုမျှ အိမ်သို့ ခေါ် မလာဖြစ်တော့ပါ။

“ကံဆိုးတယ်ဟေ့ အိမ်ရှင်မက အိမ်ကိုသော့ခတ်သွားတယ်” သန်းဆောင်က ဆိုလိုက်ခြင်းဖြစ်သည်။ “အိမ်ရှင်မ မရှိလည်း ဓာတ်ပုံလေးဘာလေးပဲကြည့်ပြီး ပြန်ကြတာပေါ့ကွာ ”

တင့်ဝေက အထွန့်တက်လိုက်သည်။

သို့သော်လည်း ကျွန်တော်တို့ထင်သလောက် ကံမဆိုးလှပါ။ လဲ့နွယ်က သူမနှင့် ကျွန်တော်သာသိနိုင်သော နေရာတွင် သော့ကိုထားခဲ့သည်။ သော့ကို ရှာဖွေပြီး တံခါးကို ခြေကန်ဖွင့်လိုက်ကာ-

“ဝဲလ်ကမ်းပါပဲ သူငယ်ချင်းတို့”

သူတို့ အိမ်အတွင်းဝင်ရောက်လာကြသည်။ သန့်ရှင်း သပ်ရပ်သော ဧည့်ခန်းကို မြင်သွားကာ အံ့သြသွားကြသည်။

“မင်းတို့အိမ်က တယ်ကောင်းပါလားကွ၊ အိမ်ရှင်မကလည်း တော်ပုံ ရတယ်၊ သန့်ရှင်း သန့်ရပ်နေတာပါပဲလား”

သန်းဆောင်က မှတ်ချက်ချသည်။

ကျွန်တော်တို့အိမ်ကလေးမှာ ပေ ၆၀၊ ပေ ၄၀ အကွက်ထဲတွင် ဆောက်လုပ်ထားသော သုံးပင်နှစ်ခန်း၊ တစ်ထပ်တိုက်ကလေး ဖြစ်သည်။ အမိုးနိမ့်ပျပ်ပျပ်နှင့်မို့ အမြင်တွင်သေးကွေးသည် ထင်ရသော်လည်း အတွင်းပိုင်းမှာမူ လင်ကိုယ်မယားနှစ်ယောက်တည်းအတွက် ကျယ်ပြန့်ပါသည်။ ပရိဘောဂများကို စနစ်တကျချထားနိုင်သည်။ လဲ့နွယ်က ခန်းဆီးသစ်များ လဲလှယ်တပ်ဆင်ထားကာ ထုံးစံအတိုင်း ကြမ်းပြင်ကိုလည်း မှန်ကြည့်၍ ရလောက်အောင် ဖိတ်ဖိတ်တောက်တိုက်ထားသည်။ ဆိုဖာဖုံးများမှာလည်း အသစ် ပင်ဖြစ်သည်။

အခန်းထောင့်တစ်နေရာတွင် နိုင်ငံခြားရောင်စုံရုပ်စုံမဂ္ဂဇင်းများ အစီအရီတင်ထားသည်။ ကုလားထိုင်၊ ထိုင်ဖုံ စသည်တို့ သူ့နေရာနှင့်သူ ရှိသည်။ စားပွဲပေါ်မှ ဒေစီပန်းများလည်း လန်းဆန်းလျက်ရှိသည်။

"တကယ့် စံပြအိမ်ကလေးပါပဲဗျာ"

ထွန်းနိုင် မှတ်ချက်ချသည်။

သူတို့ ဖုန်အလိမ်းလိမ်းကိုယ်ဖြင့် ဆိုဖာများပေါ်သို့ ဝင်ထိုင်လိုက်ကြသည်။ ထိုင်မိလျှင်ထိုင်မိချင်းမှာပင် သန်းဆောင်က လဲ့နွယ်၏ စာအုပ်ပုံကို လှမ်းဆွဲလိုက်သည်။ တင့်ဝေက သူ၏ လက်စွဲတော် ဆေးပြင်းလိပ်ကြီးကို ထုတ်ယူမီးညှိလိုက်သည်။

ကျွန်တော်က လဲ့နွယ်၏ အယ်လ်ဘာနစ်စာအုပ်များကို သူတို့ရှေ့သို့ ချပေးလိုက်သည်။

"ခဏနေကြဦးနော်၊ ကိုယ်စားစရာသောက်စရာ သွားရှာလိုက်ဦးမယ်" ပြောပြီး သူတို့ကို ဧည့်ခန်းတွင်ထားခဲ့ကာ ကျွန်တော်မီးဖိုခန်းသို့ ဝင်လာခဲ့သည်။ ကြောင်အိမ်ကို လှပ်လိုက်သည်။

"ဟူးရေး"

ကျွန်တော် ထခုန်ပြီး အော်လိုက်မိသည်။ ကြောင်အိမ်ထဲမှာ စားစရာတွေအဆင်သင့်ရှိနေသည်။ လဲ့နွယ်က ချက်ပြုတ်ကြော်လှော်ထားသည်။ ဧည့်သည်လာမှာ ကြိုသိနေသလို ဖွယ်ဖွယ်ရာရာနှင့် များများစားစားရှိနေသည်။

ရေခဲသေတ္တာကို ဖွင့်လိုက်သည်။

အို တိုက်ဆိုင်လိုက်ပါဘိခြင်း။ ဝီစကီအနီပတ်နှစ်လုံး၊ ဘူးဘီယာခြောက်လုံးနှင့် ဆိုဒါ တစ်ဒါဇင်ကို တွေ့ ရသည်။ ရေခဲခွက်ထဲမှာ ရေခဲကလေးတွေလည်း အဆင်သင့်။

စားပွဲခင်းမှာ မီးပူနံ့ပင် မပျောက်ချင်သေးပေ။ လည်ရှည် ပန်းအိုးတွင် ပန်းများလည်း ထိုးစိုက်ထားသည်။

ကျွန်တော် စားပွဲပေါ်သို့ ဖန်ခွက်များ ချသည်။ ဆိုဒါရေခဲနှင့် အမြည်းပန်းကန်များ ချသည်။ လဲ့နွယ် ဘာပြောမည်တော့ မသိ၊ သို့သော် သည်လူ သိုက်က ကျွန်တော့် ငယ်သူငယ်ချင်းများဖြစ်သည်။ လဲ့နွယ်နှင့် မတွေ့မီ ကတည်းက တွေ့ခဲ့ကြသူများ။ ပြီး ကျွန်တော် သိမ်သိမ်ငယ်ငယ်နှင့် တက္ကသိုလ် တက်နေစဉ်က ငွေကြေးနှင့်အဝတ်အစားက အစ ထောက်ပံ့ခဲ့ကြသူများ ဖြစ်သည်။

သည်လူတွေ အငြိုငြင် မခံလိုပါ။ ပုညဦးတစ်ယောက် နာမည်ကျော်ရုပ်ရှင်မင်းသမီးနှင့် ညားကာ ပြောင်းလဲသွားပြီဟူသော အဖြစ်မျိုး အဖြစ်မခံ လိုပါ။ လောကတွင် မိတ်ဆွေတွေထက် ပို၍ချစ်ရသောသူ မရှိနိုင်ပါ။ "သူငယ်ချင်းတို့ စားပွဲ သောက်ပွဲကလေး ကျင်းပရအောင်၊ ထမင်းစားခန်းထဲ ကြွပါ"

ကျွန်တော် ဧည့်ခန်းသို့ ပြန်လာပြီး ဖိတ်ခေါ်လိုက်သည်။

ထိုအခါတွင် ဧည့်ခန်း၏ အခြေအနေမှာ အတော်ဖရိုဖရဲ ဖြစ်စပြုနေပြီ

ဖြစ်ကြောင်း တွေ့ ရသည်။ လဲ့နွယ်၏ ရုပ်စုံစာအုပ်မှာ ဇရပ္ပဖြစ်နေခဲ့ပါပြီ။

အချို့ပြန့်ကျဲကာ အချို့ကြမ်းပေါ်သို့ကျနေသည်။ အယ်လ်ဘန် စာအုပ်ထဲမှ ဓာတ်ပုံများလည်း ကသောင်းကနင်းဖြစ်နေခဲ့ပြီ။ ကုလားထိုင်နှင့် ဆိုဖာများ ရွှဲစောင်းနေသည်။

အဆိုးဆုံးမှာတော့ မှန်တစ်ချပ်လိုကြည်လင်နေသော လဲ့နွယ်အချိန်များစွာယူ၍ တိုက်ထားသောကြမ်းပြင်ပေါ်မှာ ခြေရာများ ထင်နေခြင်းဖြစ်သည်။ စီးကရက်ပြာများ ခြွေထားခြင်းဖြစ်သည်။ ပြာခံခွက်တွင် တင့်ဝေ၏ ဆေးပြင်းလိပ်တိုက ကိန်းခန်းကြီးစွာ နေရာယူထားသည်။

လဲ့နွယ်သည် စီးကရက်အနံ့ကို ခံနိုင်သော်လည်း ဆေးပြင်းလိပ်နံ့ကိုမူ အကြောက်ဆုံးဖြစ်သည်။ ဆေးပြင်းလိပ်သောက်သူများကို အမုန်းဆုံး ဖြစ်သည်။ သို့သော်လည်း သည်အိမ်မှာဆေးပြင်းလိပ် မသောက်ပါနှင့်ဟု တင့်ဝေကို တားဆီး၍ မရနိုင်ပါ။ သည်ကောင်က သူ့ဇနီး သန်းသန်းကိုသာ ပစ်ချင်ပစ်နိုင်မှာဖြစ်သည်။ ဆေးပြင်းလိပ်ကိုကား ပစ်နိုင်မှာမဟုတ်။ အနံ့ခံ ပါးသော လဲ့နွယ်သည် ဆေးပြင်းလိပ်ကို တစ်နည်းမဟုတ်တစ်နည်းဖြင့် အနံ့ရသွားပြီး သူမ၏ ကုလားထိုင်ဖုံးအသစ်များမှာ ဆေးပြင်းလိပ်နံ့စွဲနေသည် ဆိုကာ ဖွပ်လျှော်ပစ်မှာ သေချာသည်။

သူတို့ ထမင်းစားခန်းသို့ ပြောင်းလာသည်။ သူတို့ကိုကြည့်ရသည်မှာ လူတွေနှင့်မတူဘဲ ရေမြွေကြီးများနှင့် တူနေသည်ဟု စိတ်မှာအထင်ရောက်မိသည်။ သူတို့က “စားစရာရှိတာ အကုန်စား၊ သောက်စရာရှိတာ အကုန်သောက်” ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားဟန်တူသည်။ စားပွဲပေါ်မှာ တွေ့ သမျှ အကုန် စားသည်၊ အကုန်သောက်သည်။

“ကိုယ့်သူငယ်ချင်းအိမ်ပဲကွာ ဟုတ်လား၊ ဟန်တွေ ပန်တွေ လုပ်မနေ တော့ပါဘူး” ဆိုကာ ပန်းကန်ကို လက်ဖြင့် နှိုက်သည်။ ပလုတ်ပလောင်း စားသည်။ ပြီး လက်သုတ်ပဝါတွင် လက်မသုတ်ဘဲ စားပွဲခင်းကိုအားရပါးရ သုတ်လေတော့သည်။

“မင်းဟာ ဇနီးကောင်းတစ်ယောက်ကို ရထားတာပါကွာ၊ အိမ်ကို သန့်ရှင်းသပ်ရပ်စွာထားတယ်၊ အရသာအရှိဆုံး အစားအစာကို ချက်ပြုတ်တတ်တယ် ဆိုတာ ဇနီးကောင်းတစ်ယောက်ရဲ့အရည်အချင်းပေါ့၊ မဟုတ်လား” သူတို့ ချီးကျူးစကား ဆိုကြသေးသည်။

“ဟေ့ အစားအသောက်ချည်း စားသောက်နေလို့ မဖြစ်သေးဘူးကွ၊ ဂီတသည် အစာကို ကြေညက်စေသည် ဆိုတဲ့စကား အရှိသား မဟုတ်လား” သန်းဆောင်က စသည်။ ပုညဦး” “ဒီတော့ ဘာလုပ်ချင်လဲ မင်းက၊ ကတ်ဆက်ဖွင့်ပေးရမလား” “နိုး နိုး ငါ အိမ်ရှေ့မှာ ပတ္တလားတွေ့တယ်၊ မင်း တီးတာလား”

“အိုး မဟုတ်ပါဘူး။ ငါ့မိန်းမ တီးတာပါ။ သိတယ်မဟုတ်လား၊ သူက

ရေဒီယိုကနေ သီချင်းကြီးတွေလည်း အသံလွှင့်တယ်လေ”

“ကြုံတုန်း တို့များလည်း သီချင်းလေးဘာလေး ဆိုကြရအောင်ပါ ကွာ၊ ဟား ဟား၊ ဒီတစ်ကြိမ် ပုညဦးနဲ့ ပြန်တွေ့ ရတာတော့ ငယ်မူပြန်ပဲကွ”

ပတ္တလားကို ယူပေးရသည်။ သန်းဆောင်သည် ငယ်စဉ်က ဂီတနှင့် အတန်အသင့် အကျွမ်းဝင်သော်လည်း ယခုတော့ မတီးမမှုတ်သည်မှာ ကြာပြီ ဖြစ်ဟန်ရှိသည်။ လက်ပျက်နေသည်။ သူက ပတ္တလားကို အသံထွက်ရုံ လုံးကောက်တီးသည်။ တင့်ဝေနှင့် ထွန်းနိုင်တို့က အသံကြောင်များနှင့် သီချင်းဆိုသည်။

ထိုမျှသာမက တူများ ဇွန်းများ ခက်ရင်းများနှင့် ပန်းကန်ကို ခေါက်ကာ စည်းလိုက်ခဲ့ကြရာ ကမ္ဘာပေါ်တွင် နားမခံသာစရာအကောင်းဆုံး တီးဝိုင်း တစ်ဝိုင်းဖြစ်မည်ကို တွေးကြည့်ရုံနှင့် သိသာနိုင်ပါသည်။

စင်စစ် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အလိုအလျောက် ဆိတ်ငြိမ်ရပ် ကွက်ကလေးလိုဖြစ်နေသည်။ ခြံကျယ်ကျယ် အိမ်ကျဲကျဲနှင့် သစ်ပင် ပန်းပင် များ စိုက်ထားသော ရပ်ကွက်ဖြစ်သည်။ နေထိုင်ကြသူများမှာလည်း အမှုထမ်း အရာထမ်းက အများစုဖြစ်သည်။

ကျွန်တော့်အိမ်မှာ သည်လို အသံဗလံများ ထွက်ပေါ်ဖူးသည်မဟုတ်ရာ အိမ်နီးနားချင်းများ ပြတင်းပေါက်မှ ပြူတစ်ပြူတစ်နှင့် ထွက်ကြည့်သည်။ ဘယ်လိုလဲ၊ ပုဏ္ဏက တိုက်ကုန်ပြီလားဆိုသော ပုံစံနှင့်ဖြစ်သည်။

ဘာပဲပြောပြော၊ လဲ့နွယ်ပြန်လာလျှင်တော့ သည်အဖြစ်ကို အိမ်နီးနားချင်းတို့က တိုင်ကြားကြမှာ သေချာသည်။

ကျွန်တော်လည်း စိတ်လျှော့ထားလိုက်သည်။ လုပ်ချင်ရာ လုပ်ကြပါစေတော့။ ဖြစ်ချင်ရာ ဖြစ်စေတော့။ လဲ့နွယ်ကမကျေနပ်ဘူးဆိုရင် လင်မယားကွဲရုံမှအပ အခြားဘာများရှိပါသေးသနည်း။

သို့နှင့်ပင် အနီပတ်ပုလင်းနှစ်လုံး လဲသည်။ ဘီယာဘူးခွံတွေသာ ကျန်တော့သည်။ အစားအစာတွေလည်း တကက်တက်ပြောင်ခဲ့ပြီ။ ထိုအခါကျမှ သန်းဆောင်က လက်မှ နာရီ ငုံ့ကြည့်ကာ

“ဟော့ ပြန်ဖို့ကော သတိရကြသေးရဲ့လား၊ အိမ်ကလူတွေ ကားလမ်း မှာ တစ်ခုခုဖြစ်ပြီး ပြန်ရောက်မလာတော့ဘူး ထင်နေပါဦးမယ်” လျှပ်စစ်မီးများ လင်းလာချိန်ရောက်မှ သူတို့ ပြန်စကားပြောခြင်းဖြစ်သည်။

“ဟုတ်သားပဲ၊ ဒီလိုပဲဟေ့ ငယ်သူငယ်ချင်းနဲ့များ ပြန်တွေ့ ရင် တို့များ ကတော့ သားမေ့ မယားမေ့ပဲ၊ ဩော် ဒါထက် ပုညဦး၊ မင်းရဲ့ဇနီး နာမည် ကျော် ရုပ်ရှင်မင်းသမီးနဲ့ မဆုံလိုက်ရတာတော့ စိတ်မကောင်းဘူးကွာ၊ ဒါပေမဲ့ တို့များက သူ့ကို ချီးကျူးသွားတဲ့အကြောင်း ပြောပြပါ။ ပြီးတော့ တို့များ ဆီကိုလည်း နားနားနေနေ လာလည်ဖို့ ဖိတ်ခဲ့တဲ့အကြောင်းပြောပြပါကွာ”

ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။ သို့သော်လည်း စိတ်ထဲမှာမူ သူတို့နှင့်

လဲ့နွယ်မဆုံဖြစ်ခဲ့ခြင်းကို ဝမ်းသာနေမိပါသည်။ လဲ့နွယ် အိမ်မှာ ရှိမနေခြင်းကို ကျေးဇူးတင်ပါသည်။ သူတို့ထံသို့လည်း ဘယ်အခါမှ အလည်ရောက်ဖြစ်မည် မဟုတ်။

သူတို့ကို ကျွန်တော် မော်တော်ကားဆီ အရောက်လိုက်ပို့ပေးသည်။ မော်တော်ကားဆီ လျှောက်သွားရင်း သန်းဆောင်က သူ့ ကွမ်းဘူးကို ထုတ်ယူသည်။ ကျွန်တော့်မှာ ယမ်းဘီလူးဘူးကို တွေ့ ရသလို ကျောချမ်းသွားမိသည်။ သည်ကောင်က ကွမ်းတစ်ယာပြီးတစ်ယာ ဝါးကား ပါးစပ်စည်းကမ်း မရှိစွာ ကွမ်းတံတွေးကို ထွေးချင်ရာ ထွေးတတ်သူဖြစ်သည်။

ယခုလည်း သူကွမ်းတံတွေးကို လဲ့နွယ်၏ အနှစ်ခြိုက်ဆုံး ပိန်း ပန်းအိုးထဲ ထွေးထည့်သွားသည်။

“ဂွတ်နိုက် သူငယ်ချင်း၊ ချဲရီယို”

သူတို့ ကားပေါ်တက်ကာ နှုတ်ဆက်ထွက်ခွာသွားမှ သက်ပြင်းရှိုက် လိုက်မိပါတော့သည်။

ကျွန်တော်သည် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ကာ စီးကရက်တစ်လိပ် ကို မီးညှိလိုက်သည်။

မူးရိပ်မူးရီ ရှိနေသောကြောင့်ချည်း မဟုတ်ပါ။ အရာခပ်သိမ်း အတိမ်းတိမ်းအယိမ်းယိမ်း အရွဲ့ ရွဲ့ အစောင်းစောင်း ဖြစ်နေသည်မှာ သေချာသည်။ ဆိုဖာများ၊ ကုလားထိုင်များ၊ စားပွဲများ၊ ကြမ်းပြင်ပေါ်တွင် စာအုပ်များ၊ ကက်ဆက်ခွေများ၊ စီးကရက်ပြာများ ခြေရာများ။

ထမင်းစားခန်းမှာလည်း စားကြွင်းစားကျန်များ ပြန့်ကျဲနေသည်။ စားပွဲခင်းမှာ ဆီစွန်းကာ ဝါရောင်သမ်းနေသည်။ ပုလင်းဖုံးများ၊ ဘီယာဘူးခွံများ ကြမ်းပြင်ပေါ်မှာ အစီအစဉ်မကျစွာ ရှိနေသည်။ တစ်အိမ်လုံး ပြောင်းဆန်ကျန်ရစ်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ကျွန်တော့်စိတ်ထဲမှာကား ကျေနပ်ခြင်းကို ခံစားနေခဲ့ရသည်။ သည် လို လွတ်လွတ်လပ်လပ် မနေခဲ့ရသည်မှာ ကြာပြီ။ စက်ရုပ်တစ်ရုပ်လို အရာ ရာကို ချုပ်တည်းနေခဲ့ရသည်မှာ ကြာပြီ။ တစ်ခါတလေမှာတော့ ခုလို ပစ်စလက်ခတ်နေလိုက်ခြင်းဖြင့် စိတ်မှာ ထွက်ပေါက်ရသလို ခံစားလိုက်ရသည်။

သည်ခဏမှာပင် ဧည့်ခန်းစာရေးစားပွဲပေါ်မှာ ဖန်တုံးကလေးဖြင့် ဖိထားသော စက္ကူခေါက်ကလေးကို တွေ့ လိုက်ရခြင်းဖြစ်သည်။ ဘုရား သည်အပြုံအမူမှာ ကျွန်တော်နှင့် လဲ့နွယ်တို့အကြားမှာ အဓိကဆက်သွယ်မှု ပင်ဖြစ်သည်။ မျက်နှာချင်းမဆိုင်မိဘဲ လွဲနေသောကာလတွင် ကျွန်တော့် အား မှာကြားစရာရှိသည်တို့ကို လဲ့နွယ်က သည်လိုစာရေးပြီး ချထားကာ မှာကြားရစ်လေ့ရှိသည်။

ကျွန်တော် စောစောက မျက်စိရှုန်းနေပြီး ယခုမှ မြင်ရခြင်းဖြစ်သည်။ သူမ ကျွန်တော့်အတွက် ဘာများမှာကြားခဲ့ပါလိမ့်။ စားပွဲဆီသို့ လျှောက် လာကာ

စာရွက်ကို ကောက်ယူလိုက်သည်။ ကိုကိုဒီနေ့ ရှုတင် ရှိလိမ့်မယ်လို့ လဲ့နွယ် မမျှော်လင့်ခဲ့ဘူး။ ခုမှပဲ ကုမ္ပဏီက အရေးကြီးတဲ့အခန်းကလေး ပြန်ရိုက်ချင်တယ်ဆိုပြီး လူ လွှတ်ခေါ်လို့ လိုက်သွားရတယ်။ ကိုကို ရုံးကပြန်လာချိန်အထိ လဲ့နွယ်ရောက်ချင်မှ ရောက်နိုင်မှာမို့ ဒီစာကို ရေးခဲ့ပါတယ်။

တကယ်လို့ ကိုကို စောစောပြန်ရောက်ခဲ့ရင် လဲ့နွယ် မှာကြား တဲ့ အောက်ပါအချက်တွေကို အတိအကျ လိုက်နာစေချင်ပါတယ်။ ကိုကိုစားဖို့သောက်ဖို့အတွက် အားလုံး ချက်ပြုတ်ထားခဲ့ပါတယ်။ ကြောင်အိမ်ထဲမှာ သီးသန့်ရှိပါတယ်။ ဒါပေမဲ့ အုပ်ဆောင်းနဲ့ အုပ်ထား တဲ့ အစားအစာတွေကို ယူမစားပါနဲ့၊ ထမင်းစားရင်လည်း စားပွဲပေါ် မှာ မစားပါနဲ့။ လဲ့နွယ် စားပွဲခင်းအသစ် ခင်းထားခဲ့ပါတယ်။ ကျေးဇူး ပြုပြီး ဖျက်ဆီးမပစ်ပါနဲ့။ ပန်းကန်တွေကိုလည်း နေရာရွှေ့မပစ်စေ ချင်ဘူး ကိုကို။

ဧည့်ခန်းရဲ့ အနေအထားတွေကိုလည်း ခြေရာလက်ရာ မပျက် စေချင်ဘူး။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိနေစေချင်တယ်။ လဲ့နွယ်အပင်ပန်းခံပြီးလုပ်ထားတာတွေကို စနစ်တကျ ရှိနေပါစေနော်။ သည်လိုပါ ကိုကို။ သည်နေ့ လဲ့နွယ် ပရိုဂျူဆာတစ်ဦးရဲ့ မိသားစုကို ထမင်းစားဖို့ ဖိတ်ထားတယ်။ သူတို့အတွက် အစား အစာကို ကြိုးစား ချက်ထားတယ်၊ သူတို့ အနည်းအပါးလည်း သောက်ကြလိမ့်မယ် ထင်ပါရဲ့။ ဒါကြောင့် သူတို့အတွက် Red Label နှစ်လုံးနဲ့ ဘီယာဘူးတချို့ ဆောင်ထားတယ်။ ကိုကို့အတွက် Amy Rum လက်ကျန်တစ်ပိုင်းရှိနေတယ် မဟုတ်လား။ ဒီနေ့တော့ အဲဒါနဲ့ ကျေနပ်တော့ကွာ။

လဲ့နွယ် သူတို့ရောက်လာချိန် မှန်းပြီး အိမ်ပြန်လာခဲ့မယ်။ လဲ့နွယ် မှာတာတွေ မမေ့နဲ့နော် ကိုကို။ ဒီလူတွေက လဲ့နွယ်နဲ့ စာချုပ်သစ် ချုပ်မယ့်လူတွေပါ။ ကိုကိုရဲ့

မြတ်စွာဘုရား

ကျွန်တော် ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိတော့သည်။ ကမ္ဘာလောကကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါသွားသည်ဟု ထင်သည်။ သွားပါပြီ သွားပါပြီဟုလည်း စိတ်ထဲမှ အော်နေမိသည်။ ကျွန်တော့်အထင်တွင် လဲ့နွယ်သည် အိမ်ကို သာမန်ပြင်ရိုးပြင်စင်အတိုင်း ပြင်ထားသည် ဟု ယူဆခဲ့သည်။ ထို့ကြောင့်လည်း သူငယ်ချင်းများကို စေတနာ ဗရပွဖြင့် ကျွေးခဲ့ခြင်းဖြစ်သည်။

အိမ်၏အခြေအနေကို ကြည့်ပါဦး။ ဗျတ်ဝိဗျတ္တဇာတ်ထဲက ကျောင်းစောင့်ထားခဲ့ရာ ကျောင်းကို ဇောက်ထိုးလှန်ထားသည်ဆိုသလိုမျိုး၊ အရာရာ ကျွမ်းသန္တာလန်နေတော့သည်။

လဲ့နွယ်ပြန်ရောက်လာလျှင် ကျွန်တော့်ကို တံမြက်စည်းနှင့် ကောင်း ကောင်းဆော်ဖို့ပင် ကောင်းနေတော့သည်။

အချိန်ကို ကြည့်လိုက်သည်။ ခြောက်နာရီကျော်ခဲ့ပါပြီ။ လဲ့နွယ်သည် လည်းကောင်း၊ ဧည့်သည်များသည်လည်းကောင်း၊ အချိန်မရွေး ရောက်လာ

နိုင်သည်။

ကျွန်တော်သည် ခြေမကိုင်မိ လက်မကိုင်မိ အနေအထားမျိုးဖြင့် စာရွက်ကိုကိုင်ကာ အတန်ကြာ ငိုင်နေမိသည်။ ပြီးမှ ကျွန်တော် သတိရလာပါသည်။

အရက်နှင့် စားသောက်ဖွယ်မှာ အချိန်မရွေး သွားဝယ်၍ ရသည်။ လဲ့နွယ်လက်ရာ မဟုတ်လည်း ဟိုတယ်စာပဲပေါ့၊ လုပ်သင့်သည်မှာ ပွစာကျဲနေသော အိမ်တွင်းမှ အရာများကို သန့်ရှင်းဖို့ပဲ ဖြစ်သည်။

ကြာကြာ ငိုင်မနေနိုင်ပါ။ စဉ်းစားမနေနိုင်တော့ပါ။ ပုဆိုးကြမ်း တစ်ထည်ကို ခါးမှာ ပတ်လိုက်သည်။ တံမြက်စည်းတစ်ချောင်းနှင့် ဂေါ်ပြားကို ဆွဲယူလိုက်သည်။

ပထမ ထမင်းစားခန်းထဲမှ စားကြွင်းစားကျန်များ၊ အရိုးများ၊ စီးကရက်တိုများ၊ ဆေးလိပ်ပြာများကို ရှင်းရမည်။ ပြီးမှ ဧည့်ခန်းသည်စဉ်မှာ ပင် အိမ်တံခါးပွင့်သွားသည်။

လဲ့နွယ်။

“ကိုကို ဘယ်လိုဖြစ်နေတာလဲဟင်”

သူမက ကြမ်းပြင်ပေါ်မှာ ကုန်းကုန်းကွကွဖြစ်နေသော ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာ ကြည့်ရင်း မေးလိုက်သည်။

ကျွန်တော်သည် ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသူတစ်ယောက်လိုဖြစ်သည်။ မျက်စိမျက်နှာ ပျက်နေပေလိမ့်မည်။

“ဟင် ကိုကို၊ ဘာတွေလျှောက်လုပ်နေတာလဲ၊ ခါးမှာ အဝတ်ပတ် လို့၊ လက်ထဲမှာလည်း တံမြက်စည်းကြီးနဲ့”

“နောက်တော့ ရှင်းပြပါ့မယ် လဲ့နွယ် ဒါထက် လဲ့နွယ်ရဲ့ ဧည့်သည် တွေက ဘယ်တော့လာမှာလဲဟင်”

“နောက်တစ်ပတ်”

“ဘာရယ် နောက်တစ်ပတ်၊ ဟုတ်လား၊ စာထဲမှာ ဒီနေ့လာမယ်လို့ ရေးထားပါလား”

ကျွန်တော်က မိမိနားကိုပင် မယုံကြည်နိုင်လောက်အောင်ရှိကာ မေးလိုက်မိသည်။

“ဟုတ်ပါတယ်၊ အစောပိုင်းကတော့ ဒီကနေ့ လာဖို့ပါပဲ။ ဒါပေမဲ့ လဲ့နွယ်စတူဒီယိုမှာ ရှိနေတုန်း ဖုန်းလာတယ်။ အရေးကြီးတဲ့ကိစ္စတစ်ခု အတွက် မန္တလေးကို ညရထားအမီ လိုက်ရမှာမို့ ဒီနေ့မလာဖြစ်တော့ဘူးတဲ့။ နောက်တစ်ပတ်စနေနေ့ကို ပြန်ချိန်းလိုက်တယ်လေ”

ကျွန်တော့်ရင်ဘတ်ထဲမှ ရန်ခုန်သံပုံမှန် ပြန်ဖြစ်သွားသည်။ အလုံးကြီးကျသွားသလို ခံစားလိုက်ရသည်။ ဘာစကားမျှ မပြောနိုင်လောက် အောင် ဝမ်းသာမှုဖြင့် မှင်တက်မိနေသည်။

လဲ့နွယ်သည် အိမ်ထဲသို့ ပိုမိုတိုးဝင်လိုက်သည်။

"နေစမ်းပါဦး ကိုကို၊ ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ လဲ့နွယ်ကို ဘာဖြစ်လို့ အရူးတစ်ယောက်လို ကြည့်နေရတာလဲ"

သူမ၏ အသံမှာ အတန်မာလာသည်။

စ လာချေပြီဟု ကျွန်တော်ထင်သည်။ သူမ ကျွန်တော့်ပခုံးပေါ်မှ ကျော်ကာ အိမ်အတွင်းပိုင်းကို လှမ်းမြင်သွားသည်။ ဖရိုဖရဲနှင့် ဗရပွဖြစ်နေသော ရှုခင်းကို မြင်လိုက်ရသည်။

သူမ စိတ်ပျက်သွားမည်။ စိတ်ဓာတ်ကျသွားမည်။ ပြီးလျှင် ကျွန်တော့်ကို ရန်တွေ့မည်။ စိတ်ဆိုးမည်။ စိတ်ကောက်မည်။ ကတောက်ကဆတ်ဖြစ် ကြမည်။ သည်အဖြစ်တွေကို ကျွန်တော် မျှော်လင့်ထားလိုက်သည်။

ကျွန်တော် မျှော်လင့်ခဲ့သည့်အတိုင်းပင် ဖြစ်ပါသည်။ သူမ ကျွန်တော့် ပခုံးမှ ကျော်ကာ အိမ်အတွင်းပိုင်းကို မြင်သွားသည်။

"ဘုရားရေ ဘယ်လိုဖြစ်ကုန်တာလဲ ကိုကို၊ ကြည့်စမ်း လဲ့နွယ်တစ်နေ့ လုံး ချွေးတလုံးလုံးနဲ့ လုပ်ထားသမျှ ကုန်ပါပြီ"

ကျွန်တော် ကြိုးစားပြီး ရယ်မောလိုက်ပါသည်။

"မကုန်ပါဘူး လဲ့နွယ်ရယ်၊ လဲ့နွယ် လုပ်ထားသမျှ ရေကန်အသင့် ကြာအသင့်ဆိုသလို ဖြစ်သွားခဲ့တာပါ"

ကျွန်တော် တံမြက်စည်းကို အခန်းထောင့်သို့ လှမ်းပစ်လိုက်သည်။ ကိုယ်ပေါ်မှာ ပတ်ထားသော ပုဆိုးပိုင်းကို ဖြုတ်လိုက်သည်။ လဲ့နွယ်၏ မျက်နှာသည် တွေတွေကလေး ဖြစ်သွားသည်။

"ကိုကို ဘာကိုဆိုလိုတာလဲဟင်"

ကျွန်တော် သူမ၏လက်ကိုဆွဲကာ ထမင်းစားခန်းသို့ ခေါ်ဆောင် လာခဲ့သည်။ "အခြေအနေတွေကတော့ မြင်ရတဲ့အတိုင်းပါပဲ၊ လဲ့နွယ်ပြင်ထားတာ တွေကို ကိုယ်ဖျက်ပစ်လိုက်တယ်၊ လဲ့နွယ်ဧည့်သည်တွေအတွက်ထားတဲ့ ပုလင်းတွေသောက်ပြီး ချက်ပြုတ်ထားတာတွေ စားပစ်လိုက်တယ်"

သူမထံမှ 'ကျွတ်'ခနဲ စိတ်ပျက်စွာ စုတ်သတ်လိုက်သံကို အရင် ကြားရသည်။

"ကိုကို လဲ့နွယ် မှာထားတာတွေ တစ်ခုမှ မလိုက်နာဘူးနော်၊ ပြီးတော့ ကြည့်စမ်းပါဦး၊ ဖြစ်ပျက်နေလိုက်တာ၊ ကိုကို့လိုလူကတော့ ဒီတစ်သက် ပြုပြင်လို့ ရတော့မှာ မဟုတ်ပါဘူး"

"ကိုယ် စာကို ရတာ နောက်ကျသွားခဲ့တယ် လဲ့နွယ် "ကိုကိုနဲ့အတူ ဧည့်သည်တွေပါလာခဲ့တယ်ပေါ့နော်"

"ဟုတ်တယ်"

" "ဘယ်သူတွေလဲ"

"လဲ့နွယ်သိရင် အံ့ဩမယ်၊ ဟောလီးဝုဒ်က တွမ်ခရုစ်ရယ်၊ ရှယ်ရွန် စတုံးရယ်၊ အင်ဂျလီနာဂျိုလီရယ်၊ ဘရက်ပစ်ရယ်၊ ဂျွန်ထရာဘိုလ်တာရယ် ကွာ

အိမ်ကို မလိုက်ခဲ့ပါနဲ့ ဆိုတာ ပြောလို့မရဘူး၊ ဒါနဲ့ ခေါ်ခဲ့ရတာ၊ ရှယ်ရှန်စတုံးနဲ့ အင်ဂျလီနာဂျိုလီက ဘီယာတွေ သောက်သွားတယ်၊ တွန်ခရုစ်က ဝီစကီကို နှိပ်သွားတယ်၊ ဂျွန်ထရာဘိုလ်တာကတော့ ဘာမှ မသောက်ပါဘူး၊ ပတ္တလားပဲ တီးသွားတယ်”

ကျွန်တော် အရွဲ့တိုက်ပြီးပြောလိုက်ခြင်း ဖြစ်ပါသည်။ ပေါက်တဲ့နဖူး မထူးတော့ပြီဆိုသည့်သဘောဖြင့် တွေ့ကရာပြောလိုက်ခြင်း ဖြစ်ပါသည်။ လဲ့နွယ်၏ မျက်နှာသည် အတန်တင်းမာသွားသည်။ မျက်ဝန်း တောက်တောက်ကလေးများဖြင့် ကျွန်တော့်ကိုယ်ကို ထွင်းဖောက်သွား မတတ် ကြည့်လိုက်သည်။

“အဲဒါကို မကျေနပ်လို့ ကွာရှင်းပြတ်စဲချင်ရင်လည်း အဆင်သင့်ပါပဲ လဲ့နွယ်”

လဲ့နွယ် မျက်နှာသည် တင်းနေရာမှ အတန်ပြေလျော့လာသည်။ သူမသည် ကျွန်တော့်ရင်ခွင်အတွင်း တိုးဝင်ကာ ရင်ဘတ်ကို လက် သီးဆုပ်ဖြင့် ထုလိုက်ရင်း-

“ဘာတွေလျှောက်ပြောနေတာလဲ ကိုကို၊ ကိုကိုတစ်ယောက်ဟာလေ တစ်ခါတလေမှာ အတော်ရယ်စရာပြောတတ်တယ်။ ဒီမှာရှင့် ဦးကိုကိုရဲ့၊ လဲ့နွယ် စတူဒီယိုက ပြန်ရောက်နေတာ ကြာပြီ။ ကိုကိုနဲ့ ညွှဲ့သည်တွေ အိမ်မှာရှိနေတာကိုလည်း သိတယ်၊ လဲ့နွယ် ကူးလာခဲ့ဦးမလို့ပဲ။ ဒါပေမဲ့ ကိုကိုတို့ ပျော်ရွှင်မှုကလေး ပျက်စီးသွားမှာစိုးလို့ မလာဘဲနေတာ။ ဒီလိုပဲ ပေါ့ ကိုကိုရယ်၊ လူဆိုတာ တစ်ခါတလေမှာ စိတ်လွတ်ကိုယ်လွတ် ပျော် လိုက်ရတာ အရသာပဲ။ ကိုကို့ကို လဲ့နွယ် နားလည်နိုင်ပါတယ်။ ခွင့်လည်း ခွင့်လွှတ်ပါတယ်”

ကျွန်တော်သည် လဲ့နွယ်၏စကားကို ဦးစွာ သဘောမပေါက်နိုင်ဘဲ အံ့အားသင့်နေမိသည်။ ပြီးမှ တစ်စထက်တစ်စ သဘောပေါက်လာကာ “လဲ့နွယ်ရယ်”ဆိုပြီး သူမ၏ကိုယ်ကို ကျွန်တော့်ရင်ခွင်အတွင်း ဂဏန်းလက်မနှင့် ညှပ်သွင်းသလို ဆွဲသွင်းလိုက်မိသည်။ မဆိုးလှပါ။ ကျွန်တော်တို့ချင်း ဆက်ရန်ရှိပါသေးသည်။

ကြို့တင်ပြောပြထားချင်သည်မှာ သည်အဖြစ်ကို လွန်ခဲ့သော ဆယ်နှစ်ကျော် (၁၉၆၀-၆၁)ခန့်က ဖြစ်ပျက်ခဲ့သည့် အဖြစ်တစ်ရပ်အနေနှင့် မှတ်ထင်ထားစေချင်ပါသည်။

ဆယ်စုနှစ်ဟူသော ကာလအပိုင်းအခြားတစ်ခုသည် တိုင်းပြည်တစ်ပြည်အတွက် သော်လည်းကောင်း၊ လူမျိုးတစ်မျိုးအတွက် သော်လည်းကောင်း၊ လူသားတစ်ယောက်အတွက်သော်လည်းကောင်း အပြောင်းအလဲ၊ အချိုးအကွေ့၊ အခြေအနေကို တစ်မျိုးတစ်ဖုံဖြစ်စေနိုင်ပါသည်။ သည်အဖြစ်ကို အခြေခံထားသော ကာလသည် မျက်မှောက်ကာလ နှင့် မတူပါ။ ကွဲလွဲပါသည်။ ခြားနားပါသည်။

ဥပမာ သည်အဖြစ်စတင်ရာ ဗိုလ်ချုပ်လမ်းတစ်ဝိုက် ဆူးလေဘုရား လမ်းတစ်ခိုနှင့် ရုပ်ရှင်ရုံဝန်းကျင်တို့မှာ ယနေ့အခြေအနေနှင့် မတူပါ။ ရုပ်ရှင်ရုံတို့၏အမည်သည် မူရင်းအမည်အတိုင်း ရှိနေပါသေးသည်။ ရုပ်ရှင်ရုံ အတွင်းသို့ဝင်၍ ဈေးရောင်းချခွင့် ရှိပါသည်။ ယောကျ်ား၊ မိန်းမ၊ ကလေး သူငယ်များ ရုံအတွင်းဝင်၍ မုန့်ပဲသရေစာများ ရောင်းကြပါသည်။ အားလပ်ချိန် ပေးလေ့ရှိသည်။ ယခုအခါလို လက်မှတ်မှောင်ခိုတို့ကား မသောင်းကျန်းကြသေးပါ။

ဉက္ကလာပ (တောင်/မြောက်) သာကေတ စသည်တို့မှာ တည်ပြီးစသာ ရှိပါသေးသည်။ အခြေတကျ မဖြစ်သေးပါ။

ထို့ကြောင့် သည်ဝတ္ထုကို ဖတ်မည်ဆိုလျှင် လွန်ခဲ့သော ဆယ်နှစ်ကျော်က အခြေအနေ၊ ထိုစဉ်က ခံစားမှုမျိုးနှင့် ဖတ်ရှုပါရန် အလေးအနက် တောင်းပန်ပါသည်။

စာရေးသူ

(၁)

အဖြစ်က သည်လို။

ကျွန်တော်သည် စစ်သားလူထွက်တစ်ယောက် ဖြစ်ပါသည်။ စစ်တပ် မှ ဆေးပင်စင်နှင့် နုတ်ထွက်ခဲ့ရပါသည်။ စစ်သားဝါ ခြောက်နှစ်၊ အသက် နှစ်ဆယ့်ခြောက်နှစ်တွင် ဖြစ်ပါသည်။

စစ်သားလူထွက်ဟူသည်မှာ ဘုန်းကြီးလူထွက်နှင့် များစွာခြားနားသော လူစားမျိုးမဟုတ်ပါ။ ပြင်ပလောကတွင် အတော်ကလေး ခွကျကျ နိုင်လှပါသည်။ အရာရာနှင့် အံမဝင်လှသေးပါ။ ခွင်မကျလှသေးပါ။

စစ်တပ်မှ နုတ်ထွက်ခဲ့ပြီးဖြစ်သော်လည်း ကျွန်တော့်လိုလူတစ် ယောက်မှာ အလုပ်အကိုင်မရှားလှပါ။

စစ်သားဆိုသော်လည်း ကျွန်တော်သည် သေနတ်ကို ဟုတ်တိပတ်တိ မကိုင်ခဲ့ရ။ တိုက်ပွဲများ မဆင်နွှဲခဲ့ရ။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော

စစ်တပ်မှာ ယန္တရားတပ်ဖြစ်ပါသည်။ သေနတ်အစား စပန်နာများ၊ ပလာယာများကို ကိုင်တွယ်ခဲ့ရသည်။ အမြောက် စိန်ပြောင်းသံများ၊ သေနတ်သံများအစား မော်တော်ကား အင်ဂျင်မြည်သံကို ကြားခဲ့ရသည်။ စစ်လေ့ကျင့်ခန်းများအစား ယန္တရားပြင်ဆင်နည်းများကို မှတ်သားခဲ့ရသည်။

ထို့ကြောင့် စစ်တပ်မှ နုတ်ထွက်ခဲ့ပြီးပြီဆိုသည်နှင့် တစ်ပြိုင်နက် အလုပ်သည် ကျွန်တော့်အတွက် အဆင်သင့် ရှိနေခဲ့ပြီဖြစ်ပါသည်။ မော်တော်ကားဝပ်ရှော့တစ်ခုတွင် အလုပ်ရရှိခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်၏အလုပ်ရုံမှာ တံတားကလေးလမ်းဝတွင် ရှိသည်။ မြောက်ဥက္ကလာပ မြို့သစ်အဝင်ဝတွင် ရှိသည်။ အဘယ်မျှ သိမ်ငယ်ညံ့ဖျင်းသောအလုပ်ဖြစ်စေကာမူ ဝါသနာပါသူ အဖို့ အလုပ်ကြီးအကိုင်ကြီး ဖြစ်နိုင်သည်ဆိုသောစကားရှိသည်။

လက်ထဲတွင် စပန်နာကိုင်ရင်း၊ ပလာယာကိုင်ရင်း ကားအောက်သို့ ဝင်ကာ ဝက်အူရစ်တို့ကို တင်းတန်တင်း၊ လျှော့တန်လျှော့ လုပ်ရသော အလုပ်၊ ကားစက်ကိုနှိုးကာ အင်ဂျင်မြည်သံကို နားစွင့်ထောင်ရင်း စက်သံ မှန် မမှန် စောင့်နားထောင်ရသောအလုပ်၊ ချိဟယ်၊ မဟယ်၊ သယ်ဟယ်၊ ပိုးဟယ်လုပ်ရသောအလုပ်မှာ ဘေးလူအမြင်တွင် ပင်ပန်းသည်။ အောက်တန်းကျသည်ဟု ထင်မှတ်ဖွယ်ရာဖြစ်သည်။

ဆီချေးမှာ အထပ်ထပ်ပေကျံကာ တစ္ဆေသရဲရုပ်ပေါက်အောင် လုပ်ရကိုင်ရသည်မှာ စင်စစ် မနှစ်သက်ဖွယ်အလုပ်ဟု ထင်စရာရှိသည်။ သို့သော် ကျွန်တော့်အနေနှင့်မူ သည်အလုပ်ကို နှစ်ခြိုက်ပါသည်။ အလုပ်၌ ပျော်ပိုက်ပါသည်။

ကျွန်တော်၏အလုပ်ရုံပိုင်ရှင်သည် လူကောင်းတစ်ယောက်ဖြစ်သည်။ သို့သော် သူက ခပ်ပေါ့ပေါ့နေတတ်သည်။ ရယ်ရွှန်းပတ်ရွှန်းလုပ်တတ်သည်။ အမှန်မှာ သူသည် လုပ်ငန်းကို ကောင်းစွာကျွမ်းကျင်သူမဟုတ်ပေ။

စက်အကြောင်း၊ အင်ဂျင်အကြောင်း များစွာနားလည်သူမဟုတ်ပေ။ အလုပ်ကို ကျွန်တော်နှင့် လွှဲထားကာ သူကိုယ်တိုင်မှာမူ ဟာဝါးပန်းရင်း၊ လေဖောရင်းနှင့် အချိန်ကုန်ခံနေတတ်သူဖြစ်သည်။ သို့သော် သည်လုပ်ငန်းမျိုး၌ ထိုသို့ ရုပ်ပြကောင်းသော၊ စကားပြောလည်ဝယ်သောသူ တစ်ယောက် ရှိသင့်သည်လည်း အမှန်ဖြစ်သည်။ များသောအားဖြင့် ကားစီးသော လူတန်းစားဟူသည်မှာ အမြောက်အပင့်၊ အရှိအကျိုးခံလိုသူ များပြားသည်။ ဘဝင်လေပင့်နေသူမျိုးများ ဖြစ်ကြသည်။ အလုပ်ဖြင့် သက်သေပြခြင်းထက် 'အာ'ကောင်းဖို့လည်း လိုသေးသည်။

ကျွန်တော်ကား အပြောထက် အလုပ်ကို လေးစားသူဖြစ်သည်။ လုပ်ငန်းတွင် ကျွန်တော်လိုလူမျိုးသည်လည်း ရှိထားထိုက်သည်အမှန်။

သို့ဖြင့် ကျွန်တော်နှင့် ကျွန်တော့်အလုပ်ရှင်တို့မှာ လုပ်ငန်းတွင် နှစ်ယောက်

လုံး မရှိမဖြစ်သော လူတန်းစားများဖြစ်ကာ ပလဲနံပသင့်နေကြသည်။ တိုင်းရက်သည့် ကမ္ဘလာမိုးရွာသည်နှင့် အခန့်သင့်ဖြစ်နေရသည်။

ကျွန်တော်သည် အမေနှင့်အတူမနေပေ။ စင်စစ် ကျွန်တော့်တွင် တွယ်တာရာဟူသည် အမေသာရှိသည်။ အမေ့တွင်လည်း တွယ်တာအားကိုးရာဟူ၍ ကျွန်တော်သာရှိသည်။ ဆိုကြ ပါစို့။ အမေတစ်ခု သားတစ်ခု။

အဖေသည် ကျွန်တော်ငယ်စဉ်ကပင် သေဆုံးခဲ့သည်။ ပြည်တွင်းစစ် ၏ သားကောင်ဖြစ်ခဲ့ရရှာသည်။ ကျွန်တော်တို့သည် ပြည်တွင်းစစ်ဘေး ရန်ဖြင့် မြစ်ဝကျွန်းပေါ်ဘက်မှ တက်လာကြရသူများဖြစ်သည်။

ကျွန်တော်သည် တပ်တွင်း၌ ရှိစဉ်ကပင် လခကို တစ်ဝက်ခွဲ၍ အမေ့ ထံ ပေးပို့လေ့ရှိသည်။ ယခုလည်း ထိုနည်းနှင်နှင်ပင်။ ကျွန်တော့်အတွက် အိမ်လခ၊ ထမင်းဖိုး၊ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးနုတ်ပြီး ပိုသမျှ အမေ့ကို ပေးထားသည်။ အမေသည် ငွေကို အကုန်အစင်သုံးမပစ်တတ်ပေ။ စုစု ဆောင်းဆောင်း ချွေချွေတာတာနေတတ်သည်။ ထို့ကြောင့် ငွေအနည်း အကျဉ်း စုမိထားသည်။ ထိုငွေဖြင့် သန်လျင်ဘက်ကမ်းတွင် ခြံကလေး တစ်ခြံ၊ အိမ်ကလေးတစ်လုံး ဝယ်ထားသည်။

ကျွန်တော် အမေနှင့်အတူမနေသည်မှာ အမေ့ကိုမချစ်၍ မဟုတ်ပေ။ ကျွန်တော် အလုပ်လုပ်ရသော နေရာနှင့် အမေနေသောနေရာမှာ ဝေးလံ ကွာလှမ်းသည်။ အသွားအပြန်နှင့်ပင် နေ့တစ်ဝက်ကုန်နေသည်။ ခရီးစရိတ် ကုန်ကျသည်။

ကျွန်တော်သည် ဆယ်မိနစ်မျှ လမ်းလျှောက်လျှင်ပင် ရောက်ရှိသွား နိုင်သော ရေကူးရပ်ကွက်၌ နေနေသည်။ ဦးဒေဝဆိုသော လက်သမား ဆရာကြီး၏အိမ်တွင် နေထိုင်သည်။

ဦးဒေဝနှင့် သူ၏ဇနီးတို့မှာလည်း လူကောင်းသူကောင်းများပင် ဖြစ်ကြပါသည်။ ကျွန်တော်သည် သူတို့နှင့်အတူ နံနက်စာရော၊ ညစာကိုပါ အတူတကွ စားသောက်ရသည်။ ဦးဒေဝ၏ဇနီး ဒေါ်သင်ထုံးသည် အချက် အပြုတ် ကောင်းသူဖြစ်သည်။ သူမ၏လက်ရာမှာ ကျွန်တော့်လျှာနှင့် အစပ်တည့်လှပေသည်။ သူတို့ဇနီးမောင်နှံမှာ သားမရှိ၊ သမီးမရှိနှင့် ထမင်းကြမ်း ယပ်ခတ်စားလောက်အောင် အေးသည်ဆိုသည့် လူစားမျိုးများဖြစ်ကြသည်။ ကျွန်တော်သည် လူတစ်မျိုးဖြစ်သည်။

အလုပ်လုပ်ပြီဆိုလျှင် အလုပ်တွင်သာ အာရုံဝင်စားတတ်သည်။ စိတ်ရောကိုယ်ပါ အလုပ်၌သာ မြှုပ်နှံထားတတ်သည်။

တစ်နေ့တာ အလုပ်ချိန် ကုန်ဆုံးပြီဆိုသည်နှင့်တစ်ပြိုင်နက်၊ ပက်လက်ကုလားထိုင်တွင်ထိုင်ကာ သတင်းစာသော်လည်းကောင်း ဖတ်၍နေ မည်။ ဆေးလိပ်တစ်လိပ်၊ ရေနွေးအိုးသည်ပင် ကျွန်တော်၏ အဖော်ကောင်း

ဖြစ်ချင်ဖြစ်နေတတ်သည်။ သို့မဟုတ် ဓာတ်ခဲသုံး ရေဒီယိုကလေးကိုဖွင့်ကာ သတင်းနှင့် သီချင်းကြီးများကို နားထောင်နေတတ်သည်။

ဤသည်ကလွဲလျှင်တော့ ကျွန်တော့်တွင် အခြားထူးထူးခြားခြား အပျင်းဖြေစရာဟူ၍ မရှိပါ။ ကျွန်တော်သည် အလကားနေရင်း ပျင်းရိနေ တတ်သူ တစ်ယောက်လည်းမဟုတ်ပါ။

သည်အသက်အရွယ်အထိ မိန်းမသားများနှင့် ကင်းကင်းရှင်းရှင်း ရှိနေပါသည်ဟုဆိုလျှင် ယုံချင်မှ ယုံမည်။ အကယ်ပင် ကျွန်တော်သည် သည်ကိစ္စဘက်က ကင်းရှင်းခဲ့သည်။ သန့်စင်ခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ကျွန်တော့်၌ အတွေ့ အကြုံမရှိခဲ့။ တမင်ရှောင်ကွင်းသည်ဟု မဆိုစေနိုင်ကာမူ စိတ်ဝင်စားခြင်းမရှိ၍ ကင်းကင်းရှင်းရှင်း ရှိနေခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

တပ်အတွင်းမှာ ရှိနေစဉ်ကပင် အဖော်အပေါင်းတို့က မည်သို့ ဆွယ်တရားဟောစေကာမူ ကျွန်တော် ရှောင်ကွင်းနိုင်ခဲ့သည်။ အမေကတော့ အိမ်ထောင်ရက်သား ချပေးချင်လှပြီဖြစ်သည်။ တစ်ခါက ဆွေရိပ်မျိုးရိပ်မကင်းသော မိန်းကလေးတစ်ယောက်ကို ခေါ်လာကာ ပြဖူးသည်။ အမေ့အနေနှင့် သဘောတူသည်ဟု ဆိုသည်။

သို့သော် ကျွန်တော်က ငြင်းပယ်လိုက်ပါသည်။ ယင်းသို့ငြင်းပယ် ခြင်းအတွက် လုံလောက်သောအကြောင်းပြချက်ကား ရှာမတွေ့ ပါ။ မိန်းကလေးမှာ ရိုးသားပြီး ရုပ်ရည်ကလည်း ရှက်ကြမ်းရေကျိုမျှသာ ဖြစ်သည်။ ကျွန်တော်က သူမအသက်မှာ ကျွန်တော့်ထက်ဝက်လောက်သာရှိ၍ မသင့်တော်ပါဟု အကြောင်းပြပြီး ငြင်းလိုက်သည်။

အမေသည် ကျွန်တော့်အတွက် နောက်ထပ်အိမ်ထောင်ဖက် ရှာနေ ဦးမည်ကား ယုံမှားဖွယ်မရှိပါ။

ထိုစဉ်က ဘဝသည် မည်သို့မည်ပုံရှိနေသည်ဖြစ်စေ။ ကျွန်တော် နှစ်ခြိုက်သောဘဝ၊ ကျွန်တော်ကျေနပ်သောဘဝ၊ ကျွန်တော် ကြည်နူးနှစ်သိမ့်သောဘဝ ဖြစ်ခဲ့သည်အမှန်။

ယခုသော်။

ယင်းသို့သော နှစ်ခြိုက်ဖွယ်၊ ကျေနပ်ဖွယ်၊ ကြည်နူးနှစ်သိမ့်ဖွယ် ဘဝသည် ပျောက်ကွယ်ခဲ့ရပြီဟု ထင်သည်။ ယင်းတို့အစား နာကြည်းဖွယ်၊ ဆွေးမြေ့ဖွယ်၊ တမ်းတဆွတ်ကျင်ဖွယ်တို့ကို လွှဲပြောင်းခံစားနေရသည်ဟု အောက်မေ့သည်။

ယင်းသို့ခံစားရစေရန် ဖန်တီးဖြစ်ပျက်ခဲ့ရသည့်အကြောင်းများကိုပြောမည်ဆိုလျှင် တစ်ညသောအခါမှ စရပေလိမ့်မည်။ ပုံပြင်များတွင် ဆိုလျှင်တော့ 'ရှေးရှေးတုန်းကတဲ့'နှင့် စကြသည်။ ကျွန်တော်၏အဖြစ်မှာ ပုံပြင်မဟုတ်ပါ။ ဒဏ္ဍာရီမဆန်ပါ။ ပြီး ကြာမြင့် မြေ့နှောင်းခြင်းလည်း မရှိသေးပါ။

"တစ်ညသောအခါတုန်းကတဲ့'နှင့်သာ စရပါမည်။ ဟုတ်ကဲ့၊

တစ်ညသောအခါတုန်းကပေါ့။

(၂)

တနင်္ဂနွေနေ့။

အလုပ်ရုံပိတ်ထားသည်။ အလုပ်အားလပ်နေသည်။ နံနက်စာထမင်းဝိုင်းတွင် ဒေါ်သင်းထုံက ကြေညာခဲ့သည်။ "တို့များ ဒီကနေ့ သမိုင်းက ညီမအိမ်သွားကြမလို့" ဒေါ်သင်းထုံ၏ ကြေညာချက်သည် ဆန်းကြယ်သည်။ သူမသည် အိမ်လည်လေ့မရှိ။ တခြားသို့သွားလာလေ့မရှိ။

သည်ကနေ့မှ ထူးထူးခြားခြား သည်စကားကို ပြောခဲ့ခြင်းဖြစ်သည်။ အိမ်မြဲသော မိန်းမတစ်ယောက်က အိမ်လည်စကားပြော၍လည်း ထူးခြားသည်ဟုဆိုရခြင်းဖြစ်သည်။ "မင်းကော ဘယ်မှမသွားဘူးလား"သူမက မေးသည်။

"ဟင့်အင်း မသွားပါဘူး"

"မင့်အမေ့ဘက်ကမ်းကိုကော မကူးတော့ဘူးလား"

အခါတိုင်းကဆိုလျှင် တနင်္ဂနွေနေ့များ၌ တစ်ခါတစ်ရံ ကျွန်တော် သန်လျင်ဘက်ကမ်းသို့ ကူးတတ်သည်။

"မကူးတော့ပါဘူး၊ အမေ တောကဆွေမျိုးတွေဆီ သွားဦးမယ်လို့ ကျန်ခဲ့တဲ့အပတ်က ပြောထားတယ်"

ဒေါ်သင်းထုံသည် ကျွန်တော့်မျက်နှာကို ကရုဏာသက်သလို စိုက်ကြည့်သည်။

"မင့်ဘဝကလည်းကွယ်...."

သူမက စကားကို တစ်ပိုင်းတစ်စနှင့် ဖြတ်ထားခဲ့သည်။ သူမ၏ မျက်နှာအနေအထားအရ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်ရသော အကြောင်းအရာတစ်ရပ်ရှိနေသည်ဟု ထင်မိသည်။

"ကျွန်တော့်ဘဝက ဘာဖြစ်လို့လဲဒေါ်ဒေါ်"

"ဩော်...ပျင်းရိခြောက်သွေ့ စရာ ကောင်းလှတယ်လို့ ပြောမလို့ ပါ။ မင်းအသက် ဘယ်လောက်ရှိပြီလဲ ဟင်"

"နှစ်ဆယ့်ခြောက်"

"ဒါပေမဲ့ အသက်ငါးဆယ် ခြောက်ဆယ်ကျနေတာပဲ။ အဘိုးကြီးအို လေးလိုပဲ။ မင်း ဘာပျော်စရာမှ မရှာတော့ဘူးလား

"ဘာရှာစရာလိုသေးလို့လဲ ဒေါ်ဒေါ်"

"ဒီအသက်အရွယ် ကောင်လေးမျိုးတွေ ကြည့်စမ်း၊ ဘယ်သူမှ မင်းလို အိမ်ကုပ်မနေဘူး။ ဘယ်သူမှ မင်းလို ငြိမ်ငြိမ်သက်သက်ကလေး မနေ ဘူး။ တနင်္ဂနွေလို နေ့မျိုးမှာဆိုရင် အားလုံး လမ်းပေါ်မှာချည်းပဲ။ ကန်တော် ကြီးတို့၊ တိရစ္ဆာန်ရုံတို့၊ ဘုရားတို့၊ ရုပ်ရှင်ရုံတို့မှာချည်းပဲ" သည်တွင် ဦးဒေဝက ဝင်ပြောသည်။

"မင့်လူက ဘုန်းကြီးလုပ်မယ့်လူကွဲ့။ သူက ပျော်စရာမရှာဘူး။ သမာဓိရအောင် အိမ်မှာချည်းကုပ်နေတာ"

"ပျော်စရာဆိုတာ စောစောက ဒေါ်ဒေါ်ပြောတဲ့နေရာမျိုးမှာ ရှိတတ်သလား"

"ခက်ပါဘိကွယ်၊ ငါတို့လည်း စစ်သားလူထွက် အတော်များများနဲ့ တွေ့ဖူးပါတယ်။ မင်းလောက် အ,တဲ့ န,တဲ့လူတော့ ရှာမှရှားဆိုသလိုပဲဟေ့။ မင်း ငါပြောတာမယုံရင် အဲဒီနေရာတွေ သွားကြည့်ပေ့ါ။ ပျော်စရာရှိ မရှိ သိလာလိမ့်မယ်"

ကျွန်တော်က ဒေါ်သင်းထုံ၏စကားကို ရယ်ပစ်လိုက်သည်။

"အလကားပြောတာပါ ဒေါ်ဒေါ်၊ ဒီနေရာတွေကို ကျွန်တော် ရောက်ဖူးပါတယ်။ လူတွေ ပျော်နေကြတာလည်း တွေ့ဖူးပါတယ်။ ဒါပေမဲ့ လူ တစ်ကိုယ် ဉာဉ်တစ်မျိုးဆိုသလိုပေါ့။ ကျွန်တော့်ဉာဉ်က လူတွေ ရှုပ်ရှုပ်ထွေး ထွေး ရှိတဲ့နေရာကို မကြိုက်ဘူး။ အဲဒီနေရာမျိုးကို ပျော်စရာထက် စိတ်ရှုပ် စရာလို့ ထင်တယ်။ ဒါကြောင့်ပါ"

"လူတွေပြောမယ်ဆိုလည်း ပြောစရာပဲ။ မင်းက လူတစ်မျိုးပဲ"

"ပြောမနေစမ်းပါနဲ့ မသင်းထုံရယ်၊ သူ့ဟာသူတော့ စိတ်ချမ်းသာ သလို နေစမ်းပါစေ"

စကားဝိုင်းမှာ ဦးဒေဝ၏ ဖျောင်းဖျမှုဖြင့် ပြီးစီးသွားသည်။ ဦးဒေဝနှင့် ဒေါ်သင်းထုံတို့ သမိုင်းသို့ထွက်သွားကြသည်။ အိမ်တွင် ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ရသည်။

သူတို့ထွက်သွားသောအခါ အိမ်မှာ ခြောက်ကပ်ကျန်ရစ်သည်။ တိတ်ဆိတ်ကျန်ရစ်သည်။

ထိုအခါ ကျွန်တော်သည် စောစောက ဒေါ်သင်းထုံပြောခဲ့သောစကား များကို ပြန်လည်တွေးတောလာမိပါသည်။ မိမိဘဝကို ဆန်းစစ်ခြင်း ပြုမိ လာပါသည်။

တကယ်ပဲ မိမိဘဝသည် ခြောက်သွေ့ ပျင်းရိဖွယ် ကောင်းနေလေပြီလား။

အဖြေကတော့ တကယ်ပဲ ခြောက်သွေ့ ပျင်းရိဖွယ်ကောင်းသည်ဟု ၍ ရသည်။

ကြည့်လေ၊ စကားပြောဖော်မရှိ၊ လုပ်စရာအလုပ်မရှိ။ စိတ်ဖြေဖျောက်ဖွယ် မရှိ။ အိမ်ပြတင်းပေါက်မှ လှမ်းကြည့်လေလျှင် လယ်ကွက်နှင့် ကန်စွန်းခင်း စိမ်းစိမ်းများသာရှိသည်။ မြောက်သို့လားသော် မြောက်ဥက္ကလာပ၊ တောင်သို့လားသော် တောင်ဥက္ကလာပ။ အသားတကျမရှိသေးသော မြို့သစ်မြို့မှာ သစ်ပင်ကြီးကြီးမားမားမရှိသေး။ တရိပ်ရိပ်တက်လာသော မိုးရိပ်များအောက်တွင် ပြားဝပ်လျက်။ တစ်နာရီခြားလောက်တစ်ခါ ဖြတ်သန်း သွားသော မြို့ပတ်ရထား၏ လှုပ်ရှားမှုသာ ရှိသည်။ ဤသည်ကလွဲလျှင်တော့ အရာရာသည် တိတ်လျက်၊

ဆိတ်လျက်၊ငြိမ်သက်လျက်။

အကယ်၍ ဒေါ်သင်းထုံကသာ စကားမစခဲ့လေလျှင် ကျွန်တော်သည် မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ဖြစ်လိမ့်မည်မထင်။ မိမိ၏ဘဝကို မိမိဘာသာ နားလည်နိုင်စွမ်း ရှိလိမ့်မည်မဟုတ်။

ဒေါ်သင်းထုံ၏စကားသည် ကျွန်တော်၏အာရုံကို လှုန့်နှိုးလိုက် သလို ဖြစ်သည်။ ကျွန်တော့်ကိုယ်ကျွန်တော် သနားကရုဏာသက်ဖွယ် လူ တစ်ယောက်ပါကလားဟု သိလာရစေသလို ဖြစ်သည်။

ဘာပဲပြောပြော ကိုယ့်ကိုယ်ကိုယ် သနားစရာလူတစ်ယောက် ဖြစ် နေရသည့်အဖြစ်ကိုတော့ မခံချင်မိ။ လူနုံ၊ လူအ တစ်ယောက် ဖြစ်နေသည် ဆိုခြင်းကို မကျေနပ်မိ။

ကောင်းပါပြီ။

သည်သို့ဆိုလျှင် ကျွန်တော် ဘာလုပ်ရမည်နည်း။

(၃)

ကျွန်တော် မြို့ထဲသို့ ရောက်လာသောအချိန်မှာ ငါးနာရီခွဲခဲ့ပါပြီ။ မြို့ပတ်ရထားမှဆင်းကာ ပန်းဆိုးတန်းဘက် ထွက်ပေါက်မှ ထွက်ခဲ့ ပါသည်။ လခထုတ်ရက်မဟုတ်ပါ။ လဆန်းရက် မဟုတ်ပါ။ ထို့ကြောင့် လူကြိတ်ကြိတ်တိုးမနေပါ။ ခပ်ကျဲကျဲပင် ဖြစ်သည်။ ကျွန်တော်သည် မြို့မရုံအောက်မှစ၍ လျှောက်ခဲ့သည်။

မြို့မရုံတွင် ပြနေသည့် ဇေယျကြီးပါသည့် ရုပ်ရှင်ကားမှာ လူနည်း နည်းသာ ရှိသည်။ သို့သော် ရွှေဂုံရုံမှ ရွှေဘနှင့် ကြည်ကြည်ဌေးတို့ပါဝင် သည့် ရုပ်ရှင်ကားမှာမူ လူကြိတ်ကြိတ်တိုးနေသည်။ ခုနစ်ဆယ့်ငါးပြားတန်း မှ ပရိသတ်မှာ ဆူညံအောင် အော်ဟစ်လျက်ရှိသည်။ လက်မှတ်ပေါက်ဝ တွင် ရန်ဖြစ်လျက်ရှိသည်။ ရုပ်ရှင်ပိုစတာထဲကလိုပင် ထိုးကြိတ် ကန် ကျောက်လျက်ရှိသည်။

ဆုထူးပန်၊ သွင်နှင့် ဘုရင့်ရုံများရှေ့မှ ကျွန်တော် ဖြတ်၍လျှောက် လာခဲ့သည်။ ရုပ်ရှင်ပိုစတာများ၊ ဓာတ်ပုံများကို ငေးစိုက်ကြည့်လာခဲ့သည်။ သို့ဖြင့် ကျွန်တော် ဆူးလေဘုရားလမ်းသို့ ရောက်လာသည်။ မိုး ကာလလည်း ဖြစ်၊ မိုးကလည်း အုံ့မှိုင်းနေသဖြင့် မှောင်ရိပ်သန်းစပြုလာသည်။ လမ်းမီးတို့ လင်းလက်လာသည်။

ရန်ကုန်မြို့၏ အသည်းနှလုံးရပ်ကွက်သည် နီယွန်မီးရောင်များဖြင့် တင့်တယ်စ ပြုလာပြန်လေပြီ။

ရာဇ်(ယခု ရဲရင့်)ရုံတွင် ကုလားကားပြနေသည်။ နာမည်ကို ကုလား နှင့် အင်္ဂလိပ်လို ရေးထားသောကြောင့် ကျွန်တော် မဖတ်တတ်။ သို့သော် ပိုစတာမှအရုပ်အရ ထိုကားတွင် နာမည်ကျော် ကုလားမင်းသမီး နာဂစ်ပါသည်။ ရန်ကုန်သူဆိုသော ကခြေသည် ဟယ်လင်လည်း ပါသည်။

နာဂစ်ကို ကျွန်တော် ပထမဆုံးကြည့်ဖူးသော ကုလားကား၌ စွဲလမ်းခဲ့ဖူးသည်။ စင်စစ် ကုလားကားဆို၍ ထိုတစ်ကားသာကြည့်ဖူးသည်လည်း အမှန်။ ထိုကုလားမသည် အငိုအလွမ်းနှင့် သီချင်းဆိုကောင်းလှပေသည်။ အကလည်း ကောင်းသည်ဟု ထင်သည်။

ဟယ်လင်ဆိုသူကိုကား သတင်းစာတွင် ပါသော ကြော်ငြာများအရ သိနေရခြင်းဖြစ်သည်။ ထိုမင်းသမီးပါလျှင် သတင်းစာများက ပရိသတ်ကို ဆွဲဆောင်သော သဘောအရ မြန်မာပြည်ပေါက် ကပြေသည့်မင်းသမီး ဟယ်လင်ပါဝင်သည်ဟု ကြော်ငြာတတ်ကြသည်။

ကျွန်တော်သည် ဆူးလေအဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ အဝိုင်းမြက်ခင်းပေါ်တွင် ကလေးငယ်တစ်သိုက် ပြေးလွှားဆော့ကစား နေကြသည်။ မိန်းမလုံးတစ်ယောက်သည် မုတ်ဆိတ်မွေး ထူလပျစ် ပေါက်နေသည့် ကုလားတစ်ယောက်နှင့် တိုးတီးတိုင်ပင်နေသည်။

ကျွန်တော်သည် ဂိုးဖလိပ်စီးကရက်တစ်ဘူး ဝယ်ယူခဲ့သည်။ ကျွန်တော်သည် စီးကရက်သမားမဟုတ်ပေ။ ဆေးပေါ့လိပ်သမားသာ ဖြစ်သည်။ ခြိုးဆေးလိပ်သည်သာ ကျွန်တော်၏လက်စွဲ ဖြစ်သည်။ သို့သော် သည် ကနေ့တော့ အရမ်းကျနေသည်။ စီးကရက်တွေ ဘာတွေနှင့် ဖြစ်နေသည်။ စင်စစ် စီးကရက်တစ်ဘူးဖိုးဆိုသည်မှာ ကျွန်တော့်အဖို့ ကြီးစွာသော စွန့်စား မှုတစ်ရပ် ဖြစ်သည်။

အမှန်မှာ ကျွန်တော်သည် စီးကရက်သောက်သင့်သူမဟုတ်ပေ။ စစ်တပ်မှ ထွက်ခဲ့ရသည်မှာ ကျွန်တော်၏အဆုတ်ကြောင့် ဖြစ်သည်။ အဆုတ် တွင် အစက်အပြောက်များ မြင်ရသည်ဟု ဆရာဝန်က မှတ်ချက်ချသည်။ ဓာတ်မှန်က ယင်းကို ဖော်ပြခဲ့သည်။ ဆိုးဆိုးရွားရွားကြီး မဟုတ်လှစေကာမူ ယင်းကိုပင် အခွင့်ကောင်းယူကာ ကျွန်တော် ဆေးပင်စင်ဖြင့် စစ်တပ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဆူးလေဘုရားဆီသို့ လှမ်းမျှော်ကြည့်မိသောအခါ ကြည်ညိုဖွယ်ရာ ရွှေရောင်ဝင်းလဲ့နေသော ဆူးလေစေတီကို ဖူးမြော်ရသည်။ မျဉ်းဖြောင့်တစ်ကြောင်းလို တည့်မတ်နေသော လမ်းတစ်လျှောက်တွင် ကားတို့ ဥဒဟို သွားလာနေသည်။ ပုရွက်ဆိတ်များ အစာသယ်သလို တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။

မကြာမီ ရုပ်ရှင်ရုံများ လွှတ်လိုက်သည်။ ရေပြည့်အိုးကို ရိုက်ခွဲလိုက် သလို လူတို့ လမ်းများပေါ်သို့ လျှံကျလာသည်။ ပုရွက်ကောင်များနှယ် အတိုးတိုး အဝှေ့ဝှေ့ အကျပ်ကျပ် အညပ်ညပ် ဖြစ်နေသည်။

ကုလားကားမှ ထွက်လာသော အမျိုးသမီးများ၏ မျက်လုံးများသည် ရဲနေသည်။ မျက်ရည်ကြည် ဝေ့လည်နေပါသည်။ ယင်းကားမှာ အလွမ်းကား တစ်ကားဖြစ်ပုံရပေသည်။ သေချာပါသည်။ နာဂစ်သည် အလွမ်းနိုင်သော

မင်းသမီးဖြစ်သည်။

ကျွန်တော်သည် အိမ်သို့ပြန်ရလျှင် ကောင်းလေမည်လား စဉ်းစားမိသည်။

ဒေါ်သင်းထုံပြောသလို ပျော်စရာကိုကား ရှာမတွေ့သေးပါ။ သို့သော်သည်ရှုခင်းမျိုးနှင့် မတွေ့ ရသည်မှာ ကြာပြီဖြစ်၍ စိတ်မှာမူ အပြောင်းအလဲ ရလာသည်ဟု ဆိုရလိမ့်မည်ထင်သည်။

အိမ်သို့ပြန်ရန် စောနေသေးသည်။ ပြန်လျှင်လည်း အိမ်တွင် အထီး တည်း ရှိရဦးမည်။ ယခုတော့ အထီးကျန်ဆန်ရမည့်အဖြစ်ကိုပင် ကြောက် လန့်လာတတ်ပါပကော။

ရုပ်ရှင်ကြည့်မည်ဆိုလျှင် ဖြစ်သည်။ ရုပ်ရှင်သိမ်းချိန်၌ မင်္ဂလာဒုံ နောက်ဆုံးရထားကို မီနိုင်သေးသည်။ ထိုရထားဖြင့် အိမ်သို့ပြန်နိုင်သည်။ ဘဝင်မြင့်သည် ဆိုချင်ဆို၊ ကျွန်တော်သည် ရုပ်ရှင်ဆိုလျှင် အင်္ဂလိပ် ကားကိုသာ ကြည့်တတ်လေ့ရှိသည်။ နားလည်၍ကား မဟုတ်ပါ၊ အင်္ဂလိပ် ကားက အခြားရုပ်ရှင်ကားများထက် ပသာဒပိုရှိသည် ထင်မိသောကြောင့် ဖြစ်သည်။

ဂလုပ် ရုပ်ရှင်ရုံဘက်သို့ ထွက်ခဲ့သည်။ ဂလုပ် (ယခု ဂုဏ်)ရုံတွင် အင်္ဂလိပ်ကားတစ်ကား ပြနေသည်။ ကြည့်ရသည်မှာ အချစ်ကား ဖြစ်ပုံရသည်။ ပိုစတာတွင် ထိုးခန်း ကြိတ်ခန်း မပါ။ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် နမ်းရှုပ်နေပုံသာ ပါသည်။

သည်လိုကားမျိုးကို ကျွန်တော် မကြိုက်၊ စကားတွေသာ တတွတ် တွတ် ပြောနေတတ်သည်။ ကိုယ်က နားမလည်တော့ အိပ်ငိုက်ရုံသာ ရှိသည်။

သို့သော် ထိုဇာတ်ကားမှာ လူကြိုက်အတော်များပုံရသည်။ ရုံရှေ့မှာ ကားတွေ တန်းစီနေသည်။ ဆင်ဝင်အောက်မှာ လူတွေ ပြည့်ကျပ်နေသည်။ ရုပ်ရှင်ကြည့် ပရိသတ်ကလည်း ဆိုက်တွေ၊ ဂိုက်တွေကောင်းလှသည်။ အဝတ်အစား ပြိုးပြိုးပြောင်ပြောင်နှင့် လူရည်သန့်တွေထဲက ဖြစ်ကြသည်။ အထက်တန်းလွှာတွေထဲကချည်း ဖြစ်ပုံရသည်။

သည်လို လူတွေအကြားမှာ ရောနှောကြည့်ရဖို့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ။

သို့ဖြင့် ထိုရုံမှ ဖဲကြဉ်ခဲ့သည်။

ကာလ်တန် (ယခု ယုဇန) ရုံဘက်သို့ လာခဲ့သည်။

ကွန်တီနင်တယ် (ယခု ပြည်သူ့မုန့်တိုက်)အောက်သို့ အရောက်တွင် မိုးစ၍ရွာလာပါသည်။ မိုးသည် ခြိမ်းသံမပေးဘဲ ရုတ်တရက် ရွာချခဲ့ခြင်း ဖြစ်သည်။ လူတို့သည် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ပြေးကြ၊ လွှားကြ နှင့် ဆူးလေဘုရားလမ်းတစ်ခိုနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်ဝိုက်မှာ ချက်ချင်းဆိုသလိုပင် ရှင်းလင်းသွားသည်။ လူတို့သည် ပေါ်တီကိုများ အောက်သို့ စုပြုံဝင်ရောက်လာကြသည်။

မိမိကိုယ်မိမိ ရုပ်ရှင်ကြည့်ရန် စိတ်ဆုံးဖြတ်ခဲ့မိသည်ကိုပင် ကျေနပ်

ရသေးတော့သည်။ သို့မဟုတ်ပါက ဘူတာရုံသို့အသွား လမ်းတစ်ဝက်မှာပင် မိုးမိနိုင်သည်။

ကွန်တီနင်တယ်ပေါ်တီကိုအောက်မှ ကာလ်တန်ပေါ်တီကိုအောက် သို့ မိုးရွာထဲမှပင် ဖြတ်ကူးခဲ့သည်။ ကာလ်တန်ရုံမှ ကားမှာ ဟာသကား တစ်ကားဖြစ်ပုံရသည်။ ပိုစတာ၌ မင်းသား၊ မင်းသမီးခေါင်းတို့မှာ လူရုပ် ပီသကာ ကိုယ်များမှာမူ ကာတွန်းရုပ်ကလေးများ ဖြစ်ကြသည်။ ဂျယ်ရီး လူးဝစ်ပါသောကားဟု ပြောသံကြားရသည်။

မည်သို့ဆိုစေ ထိုကားမျိုးသည်လည်း ကျွန်တော့်အဖို့ အဆင့်အတန်း မြင့်မားလွန်းနေသည်။ ရှိုင်ရယ် (ယခု တော်ဝင်)ရုံဘက်သို့ ကူးခဲ့သည်။ အဲ၊ တွေ့ပါပြီ။

ကျွန်တော့်စိတ်ကြိုက်ကားကို တွေ့ ရပြီ။ ကောင်းဘွိုင်ကား။ ပိုစတာ တွင် သေနတ်တွေ၊ မြင်းတွေ၊ လူနီရိုင်းတွေနှင့် ဒါမျိုးမှပေါ့။ သည်လိုကား မျိုးကျတော့ နားလည်ဖို့လည်း မလို၊ အင်္ဂလိပ်စာတတ်ဖို့လည်း မလို၊ လေး လေးနက်နက် တွေးခေါ်နေဖို့လည်း မလို။ ထိုးဟယ် ကြိတ်ဟယ်၊ ပစ်ဟယ် ခတ်ဟယ်၊ သတ်ဟယ် ဖြတ်ဟယ်နှင့်။

ကျွန်တော်သည် တစ်ကျပ်ခွဲတန်း လက်မှတ်တစ်စောင်ကို ဆုတ် လိုက်သည်။

ကားက တတိယပတ် ပြသောကားဖြစ်သည်။ လူ အနည်းအကျဉ်း သာ ရှိသည်။

ထို့ကြောင့် ရုံအတွင်းဝင်လာသောအခါ ကျွန်တော့်ခုံနေရာမှာ နောက် ဆုံးတန်းတွင် ဖြစ်နေကြောင်း တွေ့ ရသည်။

ရုပ်ရှင်ပြဖို့အချိန်မှာ များစွာလိုနေသေးသည်။ ရုံအတွင်း လူတို့ ဝင်မလာကြသေး။ ကျွန်တော်အပါအဝင် လေးငါးခြောက်ယောက်သာ ရှိသည်။ သို့သော် သဘောကောင်းသော ရုပ်ရှင်ရုံရှင်က ရုံအတွင်း တေးသံများဖွင့်ပေး ထားသည်။

ထိုအခိုက် ရုပ်ရှင်ရုံအတွင်း ဈေးရောင်းသူများ ဝင်လာကြသည်၊ အစသော် သူတို့သည် ပေါ်တီကိုအောက်တွင် လမ်းသွားလမ်းလာများကို ရောင်းနေကြသည်။ မြေပဲလှော်၊ မြေပဲဆားလှော်၊ ဖရုံစေ့လှော်၊ ကွာစိ၊ ရှောက် သီးဆေးပြား၊ ငါးမုန့်နှင့် ငွေချိုသီး စသည်တို့ကို ဗန်းကလေးများပိုက်လျက် ရောင်းချနေကြခြင်းဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် အပြိုင်အဆိုင် အော်ဟစ်ရောင်းချနေခြင်းဖြစ်၍ အသံများမှာ ညံညံစာစာ ဖြစ်နေသည်။

မိုးကြောင့် ရုံအပြင်ဘက်တွင် လမ်းသွား လမ်းလာ သိပ်မရှိတော့ပေ။ သူတို့သည် ရုံအတွင်း စုပြုံဝင်လာကြသည်။ ရုံအတွင်းက ပရိသတ် နှင့်စာလျှင် ဈေးသည်က ပိုမိုများပြားနေသည်အမှန်။ သူတို့၏ ညံစာသော အသံသည် ရုပ်ရှင်ရုံအတွင်းမှ တေးသံကိုပင် ဖုံးလွှမ်းပစ်လိုက်သည်။ သည်သို့သော တိုလီနပ်စ

ဈေးသည်များအတွင်း၀ယ် သူမကို ကျွန်တော် စတင်တွေ့ ရှိလိုက်ရသည်။

သူမသည် အများနည်းတူ ဈေးဗန်းကလေးပိုက်ကာ အသံညံစာစာ ဖြင့် အော်ဟစ်ရောင်းချနေသည်။ အဆင်မပီသတော့ပြီဖြစ်သော တူတယ် လုံချည် တစ်ပတ်ရစ်၊ နိုင်လွန်အင်္ကျီ လက်တိုနွမ်းနွမ်းကို ၀တ်ထားသည်။ နိုင်လွန်အင်္ကျီအောက်မှ ဘော်လီအင်္ကျီမှာ အ၀ါရောင်သန်းလောက် အောင် နွမ်းနေပြီဖြစ်သည်။ ကြယ်သီးများ ပြုတ်ထွက်ကာ တွယ်ချိတ်ဖြင့် ချိတ်ထားရသည်။ သူမကိုယ်နှင့်စာလျှင် အင်္ကျီက ကြီးနေပုံရသည်။ သူမကို သတိထားမိသည်မှာ အကြောင်းရှိသည်။

အများအားဖြင့် ဈေးသည်တို့မှာ ကလေးသူငယ်များဖြစ်ကြသည်။ ခြောက်နှစ်မှ ဆယ့်နှစ်နှစ်အတွင်း ရှိကြသည်။ သူမကား အသက်ဆယ့်ရှစ် နှစ်ခန့် ရှိပါပြီ။ ကလေးတို့အကြားတွင် လူကြီးတစ်ယောက် ရောက်နေသည် သို့ ဖြစ်သည်။ ပြီး .. သူမ၏ အတန်ငယ်မြင့်မားသောအရပ်ကြောင့် ကလန် ကလား ဖြစ်နေသည်။

နောက်...သူမ၏ရုပ်ရည်။

သူမ၏အသားမှာ အသား၀ါထဲကဖြစ်သည်။ သို့သော် နေလောင် ထားဟန်ဖြင့် နီညိုဘက်သို့ လုချင်နေသည်။ အရပ်မြင့်မားချင်သော်လည်း အရပ်နှင့်လိုက်ဖက်သော အသားစားများ မရှိလှပါ။ သွယ်သွယ်နွဲ့နွဲ့ထဲက ဖြစ်သည်။ ကြံဖန်ချီးကျူးချင်သည်ဆိုလျှင်တော့ ငါးရံ့ကိုယ်ဟု ဆိုရလိမ့်မည် ထင်ပါသည်။

သူမ၏ဆံပင်မှာ ကြေးနီရောင်သန်းနေသည်။ နေလောင်ကာ အုန်း ဆီ စသည်တို့ ကြာမြင့်စွာ ကင်းဝေခဲ့ဟန်ဖြင့် ဖွာရရာလွင့်နေသည်။ သို့သော် ဤသည်ကပင် ကပိုကရိုနှင့် လှနေသလို ရှိသည်။ ဆံပင်ကို ဖြစ်သလို ထုံးဖွဲ့ထားသည်။

မျက်နှာမှာ စက်ဝိုင်းတစ်ခုနီးပါးမျှ ဝိုင်းဝိုင်းစက်စက်ကလေး ဖြစ်သည်။ မေးမှာ ဘဲဥထိပ်ပိုင်းလို ကွက်တိကျစွာ လုံးချွန်းနေသည်။ နှာတံက မပေါ်လွင်လှပါ။ ပိပိကလေးဖြစ်သည်။ မျက်ခုံးသည် မို့မို့ အစ်အစ် ရှိသည်။ မျက်လုံးကလေးများကား အထူးတလည် ဝိုင်းစက်နေသည်။ သို့သော် ကြည်ကြည်လင်လင်မရှိလှဘဲ ဝေဝေရီရီ ဖြစ်နေသည်။ နီကျင်ကာ အရည်လဲ့နေသည်။ သန်းဝေပြီးစ မျက်လုံးမျိုး ဖြစ်နေသည်။ နှုတ်ခမ်းနှစ်လွှာသည် ထူထဲသည်။ ပြည့်ပြည့်ဖောင်းဖောင်းကလေး ဖြစ်သည်။ ဖူးဖူးကြွကြွကလေး ဖြစ်သည်။

သူမ၏ရုပ်သွင်တွင် ထိုနှုတ်ခမ်းကလေးများကို သဘောအကျဆုံး ဖြစ်သည်။ ပြုံးရယ်လိုက်လေလျှင် တကယ်လှမည့် နှုတ်ခမ်းမျိုးဟု မှတ်ယူ မိသည်။

သူမကို လှသည်ဟု ကျွန်တော်မဆိုရဲပါ။ တထစ်ချ မပြောရဲပါ။ သူတကာက အလှဟူသည်ကို မည်သည့်အရာဟု သတ်မှတ်ထား လေသနည်း။ ကျွန်တော် မတွေးတတ်ပါ။

မိန်းကလေးများ၏မျက်နှာကို လှလေမလားဟူသော စိတ်ထားနှင့် မကြည့်ဖူးခဲ့၍ ကျွန်တော့်တွင် သူမနှင့် နှိုင်းယှဉ်စရာအချက်ကို ရှာမရခဲ့ပါ။

တစ်ခုပဲရှိသည်။

မိတ်ဆွေ ပန်းချီဆရာတစ်ယောက်က ပြောဖူးသည်။

"မောင်ရင့်စိတ်ထဲမှာ သူ့ရုပ်ရည်နဲ့ပတ်သက်ပြီး လှုပ်ရှားမှုကလေး

တစ်ခုခုကို ခံစားလိုက်ရရင်၊ ကြည်နူးသာယာမှု ဝေဒနာတစ်ရပ်ရပ် ဖြစ်ပေါ်လာခဲ့ရင် သူဟာ မောင်ရင့်အတွက် လှနေလို့ပဲ မှတ်"

သူ့စကားသည် ယုံကြည်ဖွယ်ရာစကား ဟုတ်မဟုတ် ကျွန်တော် မပြောတတ်။ သို့သော် ကျွန်တော်တစ်ယောက်တည်းအဖို့ အလှ၏စံချိန်ကို ခိုင်းနှိုင်းစရာဖြစ်မည် ထင်သည်။

ယခု ကျွန်တော့်ရင်ထဲတွင် အမျိုးသမီးနှင့်ပတ်သက်သည့် လှုပ်ရှားမှုကလေးတစ်ခုကို ခံစားရသည်။ ထို့ကြောင့် ထိုမိန်းကလေးသည် ကျွန်တော်တစ်ယောက်တည်းအဖို့တော့ လှသည်ဟု ဆိုရတော့မည်ထင်သည်။

ရုပ်ရှင်ရုံအတွင်းမှ လူအချို့က ဈေးသည်တို့ထံမှ ကွာစိ၊ မြေပဲလှော် စသည်တို့ ဝယ်စားကြသည်။ တစ်ခဏအတွင်းမှာပင် ဝယ်မည့်သူ ကုန်သွားသည်။

အမျိုးသမီးသည် ရုံပေါက်ဝတွင် သွား၍ရပ်နေသည်။ လက်မှတ်စစ် နှင့် စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောသည်။ စကားပြောစဉ်အတွင်း သူမ၏ အကြည့်သည် ရုံတွင်းသို့ ရောက်နေသည်။ တစ်စုံတစ်ယောက်က ဝယ်ခြမ်း ရန် လှမ်းခေါ်လိုက်လေမလား အထင်နှင့် ဖြစ်ပုံရသည်။

သည်သို့ ကြည့်လိုက်သောအခါ တစ်ခါတစ်ရံ ကျွန်တော်နှင့် မျက်နှာ ချင်းဆိုင်လိုက်ရသည်။ မျက်လုံးချင်း ဆုံလိုက်ရသည်။ ထိုအခါ ကျွန်တော့် ရင်မှာ တုန်လှုပ်သွားသည်ဟု ထင်ပါသည်။

စောစောပိုင်းက သည်မျက်ဝန်းအစုံကို ကျွန်တော် သတိမပြုခဲ့ရိုး အမှန်။ ယခုမူ ယင်းမျက်လုံးများသည် တစ်ကိုယ်လုံးရှိ ကိုယ်အင်္ဂါအစိတ် အပိုင်းတို့အနက် အထူးခြားဆုံး၊ တန်ခိုးသတ္တိအရှိဆုံးဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လာရသည်။ သည်မျက်ဝန်းများသည် ဆွဲဆောင်ညှို့ငင်တတ်သော အင်အားရှိနေကြောင်း ကျွန်တော်တွေ့ရသည်။

ကော့ရရော့နှင့် ရှည်လျားသည့် မျက်တောင်တို့ အလယ်မှ ရွှန်းလဲ့ ဝန်းစက်သော မျက်ဝန်းသည် သည်လို နီကျင်မနေဘဲ နက်မှောင်နေမည် ဆိုပါက ကမ္ဘာပေါ်တွင် အလှဆုံးမျက်ဝန်းများ ဖြစ်နေပေလိမ့်မည်ဟု ကျွန်တော်ထင်မိသည်။

သူမနှင့် မျက်မှန်းတန်းမိသလို ဖြစ်လာသည်။

ထိုအခါ ကျွန်တော်က ခေါင်းညိတ်ခေါ်လိုက်ပါသည်။ အမျိုးသမီး သည် ကျွန်တော့်အပါးသို့ ဖျတ်ခနဲ ရောက်လာသည်။

"ဘာယူမလဲဟင်"

အသံက ကြည်ကြည်စူးစူးကလေး။

"ကွာစိလှော် တစ်ထုပ်"

သူမက ကွာစိလှော်ကို ဖြုတ်ပေးသည်။ ကျွန်တော်က ကျပ်တန် တစ်ရွက်

ထုတ်ပေးလိုက်သည်။ ငွေပြန်အမ်းနေစဉ် စကားမရှိ စကားရှာ၍ မေးမိသည်။

"ဒီရုပ်ရှင်ကား ဘယ့်နှယ်နေသလဲ ဟင်"

သူမက မျက်လွှာချထားသည်။ ငွေအကြွေ စေ့ မစေ့ ကြည့်နေသည်။ မော့မကြည့်ဘဲ အဖြေပေးသည်။

"ဇာတ်ကြမ်းကားပါပဲ....၊ ဒါပေမဲ့ ရှင် အိပ်ပျော်သွားလောက်အောင် လက်သီးတွေ အကြာကြီးထိုးနေပါလိမ့်မယ်"

သူမအနေနှင့် ရယ်စရာပြောသည်ဟု အစက ထင်သည်။ သို့ရာတွင် အကယ်စင်စစ်၌ ရယ်စရာမဟုတ်ကြောင်း တွေ့ ရသည်။ သူမ၏စကားကို သူမကိုယ်တိုင် မရယ်ခဲ့သောကြောင့် ဖြစ်သည်။

"ဒီရုံပိုင်ရှင်သာ အမိရဲ့စကားကို ကြားရရင် အမိကို သူ့ရုံထဲ ဈေး ဝင်ရောင်းဖို့ မပြောနဲ့ ရုံရှေ့မှာတောင် ရောင်းခွင့်ပြုမှာမဟုတ်ဘူး"

ကျွန်တော့်စကားကြောင့် သူမက ကျွန်တော့်မျက်နှာကို မော့ကြည့်သည်။ သူမ၏မျက်ဝန်းဝယ် စောစောက ကျွန်တော် မတွေ့ ဖူးသော အရိပ် သင်္ဃာန်တစ်ခု ပေါ်ပေါက်သွားသည်။ ကျွန်တော်၏စကားက ရင်းနှီးလွန်း ရာ ကျသွားလေသလား မပြောတတ်။

"ကျွန်မကို သူတို့က ကြော်ငြာခပေးတာမှ မဟုတ်တာ..၊ မဟုတ်က ဟုတ်က ကြော်ငြာမပေးနိုင်ပေါင်။ အဲ...ကြော်ငြာခသာ ပေးထားစမ်းပါ လား။ ကောင်းတဲ့အကြောင်းချည်း ထိုင်ပြောနေမှာပေါ့"

အမျိုးသမီးက ခပ်ဆတ်ဆတ် ပြောသည်။ တစ်ဆက်တည်းမှာပင် ညည်းညူသလို ဆိုသည်။

"ဒီကား ဘယ်တော့များမှ ရုံကဆင်းမယ်မသိဘူး။ ဒီတစ်ပတ် မဆင်းရင်တော့ ထမင်းငတ်ပေါက်ပဲ"

"ဘာဖြစ်လို့လဲ ဟင်"

"ရှင် မြင်တဲ့အတိုင်းပဲလေ၊ လူမှ မဝင်တော့တာ။ လူမဝင်တော့ ကျွန်မတို့လည်း ဈေးရောင်းလို့ မကောင်းတော့ဘူးပေါ့"

"လူဝင်တဲ့ရုံ သွားရောင်းပါလား"

"ရပါလိမ့်မယ် အားကြီးကြီး၊ သူ့ရုံနဲ့သူ ရှင့်။ တစ်ရုံနဲ့တစ်ရုံ ကူး ရောင်းလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ရုံထဲကို အလကားဝင်ရောင်းရတာ မဟုတ်ဘူး။ ဝင်ရောက်ခွင့် ရ အောင် ရုံရှင်ကို ငွေပေးထားရတယ်။ ကျွန်မတို့က ပေးရတာတော့ မဟုတ် ပါဘူး။ ဈေးဗန်းတွေ ထောင်ထားတဲ့လူက ပေးရတာပါ။ အဲဒီလို ထောင် ထားတဲ့လူက တစ်ရုံတစ်ယောက်ဆိုတော့ ဟိုဘက်ရုံက လူက ဒီဘက်ရုံက ဈေးသည်တွေ လာရောင်းတာ ဘယ်ခံနိုင်မလဲ၊ ဈေးသည်အချင်းချင်းက လည်း ဘယ်လက်ခံမလဲ"

"ဪ...ဪ၊ ဒီလိုလည်း ရှိသေးတာကိုး"

ရုံအတွင်း လူအချို့ဝင်ရောက်လာသည်။ အမျိုးသမီးသည် ထိုသူများထံ လျှောက်သွားသည်။

အမှန်ပြောရလျှင် သူစိမ်း မိန်းကလေးတစ်ယောက်နှင့် သည်မျှ စကားပြောဖြစ်ခြင်းမှာ ကျွန်တော့်အဖို့ သည်တစ်ခါက ပထမဖြစ်သည်။ သူမတို့တွင်လည်း သူမတို့ဘာသာ အခက်အခဲကလေးများ ရှိနေခြင်းကို ကျွန်တော် ရိပ်စားလာမိရသည်။

ရုံပေါက်ဝမှ သတိပေးခေါင်းလောင်းသံ ပေါ်လာသည်။ ရုပ်ရှင်ပြ တော့မည့်အကြောင်း သတိပေးခြင်းဖြစ်သည်။ ရုံအတွင်းသို့ လူအမြောက် အမြား ဝင်လာသည်။ အမျိုးသမီးသည် လူတို့ကြားတွင် ရောထွေးနေသည်။

ကျွန်တော့်ခုံတန်း အစွန်းဆုံးထိုင်ခုံသို့ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် လာထိုင်သည်။ အမျိုးသားမှာ သာမန်ရုပ်ရည်ထဲ ကပင် ဖြစ်သည်။ အမျိုးသမီးများကား ပေါင်ဒါများ ဖွေးနေအောင် ရိုက် ထားသည်။ နှုတ်ခမ်းနီကို တစ်ဘူးလုံးဆိုးခဲ့လေသလား ထင်ရသည်။ ရှေ့မှဖြတ်သွားသောအခါ အပေါစား ရေမွှေးနံ့ကို ရသည်။

ရုံအတွင်းမှ မီးများလင်းရာမှ မှိန်လာသည်။ မှိန်ရာမှ ပျောက်သွားသည်။

ရုပ်ရှင်စ၍ပြပေပြီ။

ဆေးလိပ်မသောက်ရ၊ မီးသတိထား စသော ဆလိုက်များနှင့် အလံ တော်ပေါ်လာကာ အလေးပြုရခြင်း စသည် ထုံးတမ်းစဉ်လာများအပြီးတွင် ပိတ်ကားပေါ်၌ အရုပ်များထင်လာသည်။ နမူနာကားပိုင်းများ ဖြစ်သည်။ လူကြမ်းက မင်းသမီးကို အတင်းအကျပ်ချုပ်နှောင် ဆွဲလွဲထားသည်။ မင်းသားက နောက်မှလိုက်လာသည်။ "မင်း ရှေ့ကို ခြေတစ်လှမ်းတိုးလာခဲ့ ရင်၊ မင့်ချစ်သူရဲ့ နီမောင်းတဲ့နှလုံးသားထဲကို ငါ့သေနတ်က ခဲတောင့် ပူပူ နွေးနွေးကလေးတွေ နစ်မြုပ်သွားတာ မင်းတွေ့ ရလိမ့်မယ်" စသည်ဖြင့် လူ ကြီးက အတော်ကြိုးစားပမ်းစား ရှာထားရဟန်တူသော စကားလုံးများဖြင့် ကြိမ်းမောင်းသည်ကို ပရိသတ်က သဘောကျနေသည်။

"အဲဒီကား ကောင်းမယ်၊ ရယ်ရတယ်လို့ ပြောသံကြားတယ်"

နံဘေးမှကပ်လျက် အသံကိုကြားလိုက်ရသည်။ တအံ့အသြလှည့် ကြည့်မိသည်။ စောစောက အမျိုးသမီးပင်ဖြစ်သည်။ ကျွန်တော့်အပါးသို့ မည်သည့်အချိန်က ရောက်နေခဲ့ကြောင်း မသိ။

သူမသည် ကျွန်တော်နှင့် တစ်ခုံကျော်တွင် ထိုင်နေသည်။ ပေါင် ပေါ်တွင် ဈေးဇန်းကလေး တင်ထားသည်။

"အမိကိုး၊ ရသမျှ အမြတ်ငွေကလေးကို ရုပ်ရှင်ကြည့်ပစ်ရင် ဘာနဲ့ သွားစားမလဲ"

ကျွန်တော်က ပိုမိုရင်းနှီးသော လေသံဖြင့် ပြောလိုက်သည်။ ကျွန်တော့်စကားကို သူမက ရယ်ပစ်လိုက်သည်။

“ကျွန်မပိုက်ဆံနဲ့ကျွန်မ ရုပ်ရှင်ဝင်ကြည့်တယ်လို့ ရှင့်ကို ဘယ်သူက ပြောသလဲ”

သူမကလည်း ရင်းနှီးသော လေသံဖြင့်ပင်။

“အမိ ရုံထဲကို ဘယ်လိုရောက်လာသလဲ ပြောပါဦး” “ရုံပေါက်စောင့်ကို ပြောဝင်လာတာပေါ့။ ။ ကားက လူမရှိတော့ သူကအလွယ်တကူဝင်ခွင့်ပေးတယ်။ လူများရင်တော့ ငေါက်ထုတ်တာပေါ့ရှင်” သူမ၏လက်ထဲတွင် ရေခဲမုန့်ခွက်ကလေးရှိသည်။ ရေခဲမုန့်ကို အငမ်းမရစားနေသည်။ ပလုတ်ပလောင်း သွပ်နေသည်။

“ဈေးပေါင်ကျိုးနဲ့ ရခဲ့တာလေ၊ မိုးအေးတော့ ရေခဲမုန့်က စားမယ့်လူ မရှိဘူး။ တစ်မတ်တန်ကို ဆယ့်ငါးပြားနဲ့ ရခဲ့တယ်” သူမက ပလုတ်ပလောင်းစားနေသည်ကို ဖုံးကွယ်လိုဟန်ဖြင့် အရှက် ပြေ ဆိုသည်။

သတင်းကားများ ပြနေသည်။ သတင်းကား ပြပြီးချိန်တွင် သူမ၏ လက်ထဲမှ ရေခဲမုန့်ခွက်ကလေးမှာ ပြောင်သလင်းခါနေပြီဖြစ်ပါသည်။

ကျွန်တော်တို့သည် စကားစ ရှာမရတော့ဘဲ တိတ်ဆိတ်သွားကြသည်။ ငြိမ်သက်သွားကြသည်။ ရုပ်ရှင်ကားဘက်သို့သာ လှည့်ကြည့်နေမိသည်။ ရုပ်ရှင်တွင် အာရုံဝင်စားလှသည်ကား မဟုတ်ပါ။

အမျိုးသမီး ရေခဲမုန့် အငမ်းမရစားပုံသည် အာရုံ၌ထင်လာသည်။ သူမကိုကြည့်ရသည်မှာ အလွန်အမင်း ဆာလောင်မွတ်သိပ်နေပုံရသည်။ “ငါးမုန့် တစ်ထုပ်ပေးပါ”

ကျွန်တော်က သူမဘက်သို့ လှည့်ပြောလိုက်သည်။ အိတ်အတွင်းမှ မတ်စေ့ နှစ်စေ့ကို ထုတ်ယူလိုက်သည်။ သူမက ငါးမုန့်ကို ကျွန်တော့်ဘက် သို့ ကမ်းပေးသည်။

“အမိအတွက် တစ်ထုပ်ယူပါ"

“ရှင်”

“ကိုယ့်ကို တစ်ထုပ်ပေးပါ၊ အမိ တစ်ထုပ်ယူပါ။ ကိုယ်က ဝယ်ကျွေးတာပါ”

သူမသည် ကျွန်တော့်ကို ထူးဆန်းသည်ထင်လေသလား မသိ။ မှောင်ထဲ၌ပင် အကဲခတ်သလို ကြည့်နေသည်။ ထိုအခါ ဆလိုက်ရောင်နှင့် သူမမျက်ဝန်းတို့ ရိုက်ဟပ်မိကာ သူမ၏မျက်ဝန်းတွင် အရောင်တဖျတ်ဖျတ် လက်နေသည်။

“စားပါ၊ ကိုယ်က စေတနာနဲ့ကျွေးတာပါ”

အမျိုးသမီးက ခေါင်းကို ရမ်းခါပြသည်။

“တော်ပါပြီ၊ မစားပါရစေနဲ့၊ ကျေးဇူးတင်ပါတယ်။ သူတို့ အဲဒီမုန့် တွေကို ဘယ်နည်းဘယ်ပုံ လုပ်ထားတယ်ဆိုတာ မြင်နေရတော့ စားရမှာ မသတီဘူး”

သူမ၏စကားကြောင့် ကျွန်တော်လည်း ငါးမုန့်ကို မစားဖြစ်တော့ချေ။

“ဒီဈေးဗန်းဟာ သူများတွေဆီက ယူရောင်းတာပေါ့နော်” “ဟုတ်တယ်၊

အရင်းပြန်ပေးရတယ်၊ အမြတ်က တစ်ကျပ်မှာ တစ်မတ်ရတယ်”

“တစ်နေ့ ဘယ်လောက်ရသလဲ ဟင်”

“ရုပ်ရှင်က လူဝင်တဲ့ကားဖြစ်ပြီး လေးပွဲလုံးရောင်းရရင် တစ်ဆယ် လောက်ရတယ်။ ကိုယ့်တွက် နှစ်ကျပ်ခွဲလောက်ကျန်တယ်” သူမက စကား ဖြတ်လိုက်ကာ “ဟော အားလပ်ချိန်ပေးတော့မယ်၊ လိုက်ရောင်းဦးမှ”ဆိုကာ ရုတ်တရက် ထရပ်လိုက်သည်။

သူမသည် အမှောင်အတွင်းမှာပင် အလောတကြီး လျှောက်သွားသည်။ ခုံတန်းလျားတို့အကြား၌ ပျောက်ကွယ်သွားသည်။

ကျွန်တော်သည် ငါးမုန့်ထုပ်ကိုကိုင်လျက် သည်အတိုင်း ကျန်ရစ် ခဲ့ရသည်။ စိတ်တွင် အားမလို အားမရ ဖြစ်နေမိသည်။ သူမနှင့် ဆက်လက်စကားပြောလိုသေးသည်။ သိလိုသမျှ မေးစမ်းလိုသေးသည်။ သို့ရာတွင် ယင်းအခွင့်အရေးကို အားလပ်ချိန်ပြီးသည်အထိ မရခဲ့။ အားလပ်ချိန်ပေးမှ မီးများ လင်းလက်လာချိန်တွင် သူမကို သုံးမတ် တန်း၌ တွေ့နေရသည်။ ရုပ်ရှင်ကြည့်သူများ သုံးမတ်တန်းတွင် အများဆုံး ဖြစ်ရာ ဈေးသည်များသည် ထိုနေရာ၌ စုပြုံနေသည်။ အားလပ်ချိန်ပေးပြီးသွားသည်။

သူမသည် ကျွန်တော့်အပါးသို့ ပြန်ရောက်မလာခဲ့သေး။ စောစော သူမထိုင်ခဲ့သော ထိုင်ခုံတွင် လူတစ်ယောက် လာထိုင်သည်။ ထိုသူသည် မူးနေပေသည်။ အရက်နံ့ နံစော်နေသည်။ ရုပ်ရှင်ပြ၍ ကားတစ်ပိုင်းမပြီးမီ တခူးခူးဟောက်လျက် အိပ်ပျော်သွားသည်။ စိတ်ပျက်လက်ပျက် ဖြစ်ရသည်။ ထိုသူနှင့်ဝေးအောင်ဆိုကာ တစ်ဖက်သို့ ရွှေ့ထိုင်လိုက်သည်။

အမျိုးသမီးနှင့် တွေ့လိုတွေ့ငြား လှည့်ပတ်ရှာမိသေးသည်။ မတွေ့ရ။ ရုပ်ရှင်ပိတ်ကားဘက်သို့ မျက်နှာမူရသည်။ ရုပ်ရှင်ကားမှာ စိတ်ဝင် စားဖွယ်ရာ မကောင်းလှ။ ဆေးရောင်စုံ၊ မြင်ကွင်းကျယ်ဖြစ်သည်မှအပ၊ တောတောင်ရေမြေ သဘာဝအလှမှအပ ဇာတ်ဆောင်တို့၏ အမူအယာက အစ၊ ဇာတ်လမ်းဇာတ်ကွက်ကအစ ချာလှသည်။ ညံ့လှသည်။

အမျိုးသမီး ပြောသလိုပင် ဖြစ်သည်။ လက်သီးထိုးခန်းများမှာ ပျင်းရိစရာ ကောင်းလောက်အောင် ရှည်လျားလွန်းလှသည်။ သေနတ်ပစ်ခန်း ကား မပါသေး။ ဟန်ရေးပြတုန်းပင် ရှိသေးသည်။

ကျွန်တော်နှင့် မနီးမဝေးတွင် စောစောက စုံတွဲရှိသည်။ သူတို့သည် ရုပ်ရှင်ကြည့်နေကြသည်ဟု ကျွန်တော်မထင်။ ရယ်သံများ၊ ညသံများ၊ တာသံ၊ ခရာသံများ ကြားနေရသည်။

“အလာလာ၊ အသားရှင့် အသား။ ကျောက်တုံးကျောက်ခဲ မဟုတ်ဘူး”

အမျိုးသမီး၏ ကျယ်လောင်သောအသံကြောင့် ရှေ့ခုံတန်းမှလူများ နောက်သို့လှည့်ကြည့်ကြသည်။ လှောင်ပြောင်ရယ်မောသံများ ပေါ်လာသည်။ ထိုစုံတွဲသည် ငြိမ်ကုပ်သွားသည်။

"ဟော့ ဒါ ရုပ်ရှင်ရုံကွ"

တစ်ယောက်က ထအော်သည်။ ရယ်မောသံများ၊ လှောင်ပြောင်သံများ မဆုံးတော့။

စုံတွဲသည် ထိုင်ရာမှထလိုက်သည်။ အပြင်သို့ထွက်သွားကြသည်။ ရုပ်ရှင်ပိတ်ကားဆီသို့ စူးစိုက်ကြည့်လိုက်သည်။ အာရုံဝင်စားခြင်း မရှိ။ ကျွန်တော်သည် ရုံအတွင်း အမျိုးသမီးကိုသာ လှည့်ပတ်ရှာဖွေကြည့် နေမိသည်။

ကျွန်တော့်နှာခေါင်းတွင် အနံ့တစ်ခုရနေသည်။ ယင်းအနံ့မှာ နေလောင်ထားသော အသား၊ ဆံပင်နှင့် ချွေးနံ့ဖြစ်သည်။ ယင်းအနံ့ကို စောစောပိုင်းက အမျိုးသမီး လာထိုင်စဉ်က ရခဲ့ဖူးသည်။ ထို့ကြောင့်လည်း လှည့်ပတ်ရှာဖွေနေမိခြင်း ဖြစ်သည်။

"ရှင် အလကား ရုပ်ရှင်ရုံထဲဝင်ပြီး ပိုက်ဆံဖြုန်းနေတာပဲ။ ရုပ်ရှင်ကြည့်စမ်းပါ"

ကျောဘက်ဆီမှ ခပ်ဝေါက်ဝေါက်ပြောလိုက်သောအသံကို ကြားရသည်။

ကျွန်တော်နှင့် မနီးမဝေးဆီမှပင် ဖြစ်သည်။ နောက်တည့်တည့်ဆီ မှပင် ဖြစ်သည်။

အသံကို ကျွန်တော် မှတ်မိသည်။ အသံက များစွာမကျယ်လောင် လှ။ လေသံမျှသောအသံ။

ကျွန်တော်က ကျောဘက်သို့ လှည့်ကြည့်လိုက်သည်။ အမျိုးသမီးကို တွေ့လိုက်ရသည်။ သူမသည် နံရံကို ကျောဖြင့်ကပ်လျက် ရပ်နေခဲ့သည်။ "ဘာလို့ အဲဒီမှာရပ်နေရတာလဲဟင်၊ လာထိုင်ကြည့်ပါလား"

ကျွန်တော်က ဖိတ်ခေါ်လိုက်သည်။ သူမက ကျွန်တော်နှင့် တစ်ခုံ ကျော်သို့ ဝင်ထိုင်လိုက်သည်။

"ဘယ်ပျောက်သွားလိုက်တာလဲ"

ကျွန်တော်က မေးလိုက်စဉ် ရုပ်ရှင်ထဲတွင် သေနတ်ပစ်ခန်းစပါလေတော့သည်။ လူနီရိုင်းတို့နှင့် လူဖြူတို့ တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲ ပစ်ကြပါလေတော့သည်။ ထို့ကြောင့် ထိုသေနတ်ပစ်ခန်းပြီးသည်အထိ သူမထံ မှ အဖြေကို စောင့်နားထောင်နေရသည်။

"ဈေးဗန်းသွားအပ်တာပါ"

သေသူတွေသေ၊ ပြေးသူတွေပြေးနှင့် တိုက်ပွဲခန်းပြီးသွားမှ သူမ၏ အဖြေကို ကျွန်တော်ရသည်။

"နောက်ပွဲ ဆက်မရောင်းတော့ဘူးလား"

"ဒီပွဲမှာတောင် လူဒီလောက်ပဲရှိတာ၊ နောက်ပွဲအတွက် မျှော်လင့် ချက် မရှိတော့ပါဘူး။ ကျွန်မက ပြန်ရတာဝေးတော့ ညဥ့်နက်ပွဲကို မရောင်း ဘဲ ပြန်တာများတယ်။ ဒီကနေ့က မနက် ကိုးနာရီခွဲပွဲလည်းရှိနေတော့ ဝင်ငွေကလည်း သိပ်မဆိုးခဲ့ပါဘူး"

လာပြန်ချေပြီ။ အခြားတိုက်ပွဲခန်း။ သည်တစ်ခါမှာတော့ ရထားလုံးများကို လူနီရိုင်းများက ဝိုင်းတိုက်ခန်းဖြစ်သည်။ စကားစပြတ်ရပြန်သည်။ ပိတ်ကားဆီသို့ အာရုံစူးစိုက်ထားရပြန်သည်။

အခြေအနေ ငြိမ်သက်သွားမှ စကားပြန်ဆက်ရသည်။ "ဒီကနေ့ နေ့တွက် ဘယ်လောက်ကိုက်သလဲဟင်"

ကျွန်တော့်အမေးမှာ တုံ့ပြန်မှုမရပါ။ အမျိုးသမီးသည် ခုံလက်တန်းတွင် ခေါင်းတင်ထားသည်။ ကိုယ်ကို စောင်းလှဲထားသည်။ ကျွန်တော့်အား မကြည့်ဘဲ ပြောသည်။

"ပေါင်တွေကို တောင့်နေတာပဲရှင်၊ တစ်နေ့လုံး မတ်တတ်ရပ်နေရတာကလား။ တစ်မိနစ်ရရ၊ နှစ်မိနစ်ရရ ကျွန်မ မှေးလိုက်ဦးမယ်။ ရုပ်ရှင်ပြီးခါနီးရင် နှိုးပါနော်"

ကျွန်တော်သည် ဘာပြန်ပြောရမည် မသိတော့ပေ။ အမျိုးသမီးမှာ တကယ်တမ်း ပင်ပန်းနေပုံရသည်။ တကယ်တမ်း နွမ်းနယ်နေပုံရသည်။ တွက်ကြည့်တော့လည်း နံနက်ကိုးနာရီမှ ညကိုးနာရီအထိ ဆယ့်နှစ်နာရီ၊ ဆယ့်နှစ်နာရီလုံးလုံး ပြေးဟယ်၊ လွှားဟယ်၊ အော်ဟယ်၊ ဟစ်ဟယ်နှင့် လှုပ်ရှားခဲ့ရသော မိန်းမသားတစ်ယောက်၏ဘဝမှာ ပင်ပန်းမည်ဆိုလျှင် ပင်ပန်းချင်စရာ ကောင်းလှပါသည်။ စာနာဖွယ်၊ ကရုဏာသက်ဖွယ် ကောင်းလှပါသည်။

ကျွန်တော်သည် သူမအား ဆက်လက်နှောင့်ယှက်ခြင်း မပြုလိုတော့ပါ။ ဒုက္ခမပေးလိုတော့ပါ။ ရုပ်ရှင်ပိတ်ကားဆီသို့သာ အာရုံစူးစိုက်ထားလိုက်သည်။ သို့သော် အာရုံသည် ရုပ်ရှင်၌ မကျက်စား။ စိတ်၌ မည်မည် ရရ မရှိ။

ကျွန်တော့်အာရုံတွင် အမျိုးသမီးသည်သာ ရောက်ရှိနေသည်။ သူမ၏ဘဝကို ဆန်းစစ်ကြည့်လိုစိတ်၊ စူးစမ်းလိုစိတ်များသာ ပေါ်ပေါက်နေသည်။ အဘယ်သို့သောဘဝအခြေအနေက သူမအား သည်သို့သောဘဝ သို့ တွန်းပို့ခဲ့လေသနည်း၊ စဉ်းစားနေမိသည်။

ပြီးလျှင် သူမအပေါ် ကျွန်တော် လေးစားစိတ်လည်း ဝင်နေမိသည်။ စောစောက ရုံးအတွင်း အတွဲနှင့်ဝင်လာသော အမျိုးသမီးနှင့်စာလျှင် သူမ သည် လေးစားဖွယ်ကောင်းသည်ဟု မှတ်ထင်မိသည်။ ငွေအရချောင်သော သွေးသား ရောင်းဝယ်သည့် လုပ်ငန်းထက် ကိုယ့်အားကိုယ်ကိုးကာ ရောင်း ဝယ်စားနေသူက ပို၍မြင့်မြတ်သည်ပင်။

အစသော် အမျိုးသမီးသည် မှိန်းရုံသာ မှိန်းနေလိမ့်မည်ထင်သည်။ အကယ်စင်စစ်မှာကား မှိန်းရုံသာမဟုတ်၊ သူမထံမှ အသက်ရှူသံပြင်းပြင်း မှန်မှန်ကလေးကို ကြားနေရခြင်းအားဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ သည်ဟု ကျွန်တော်သိရသည်။

သည်လိုနှင့် ရုပ်ရှင်ပြီးသွားခဲ့သည်။

ရုပ်ရှင်နှင့်ပတ်သက်၍ ကျွန်တော့်တွင် ဘာမျှပြောစရာမရှိပေ။ ဇာတ်လမ်းဇာတ်ကွက်နှင့် ပတ်သက်၍လည်းကောင်း၊ ဇာတ်ဆောင်နှင့် ပတ်သက်၍လည်းကောင်း ဘာတစ်ခုမျှ မည်မည်ရရ မရှိခဲ့ချေ။ ကျွန်တော်က အမျိုးသမီးကို လှုပ်နှိုးလိုက်သည်။

အမျိုးသမီးသည် ဆတ်ခနဲထလိုက်သည်။ ကျွန်တော့်ကို နှုတ်ဆက်စကားပင် မဆိုအားဘဲ ပိတ်ကားဆီသို့ ပြေးသွားသည်။ ထိုင်ခုံအောက်ခြေများကို ငုံ့ကြည့်နေသည်။ တစ်စုံတစ်ရာကို လိုက်လံရှာဖွေခြင်းပင် ဖြစ်မည်။ ခုံတန်းတစ်ခုပြီးတစ်ခုသို့ ပြောင်းရွှေ့ရှာဖွေနေခြင်း ဖြစ်သည်။ သူမနှယ်ပင် ချာတိတ်တချို့ ကလည်း လိုက်လံရှာဖွေနေသည်။

သူတို့သည် ရုပ်ရှင်ကြည့်သူများထံမှ ကျကျန်ရစ်ခဲ့မည်ဖြစ်သော ပစ္စည်းများကို ရှာဖွေနေကြခြင်းပင် ဖြစ်မည်။ ထီး၊ ဖိနပ်၊ ပိုက်ဆံအိတ်၊ လက်ကိုင်ပဝါ စသည်တို့ ကျန်ရစ်လျှင် အလစ်သုတ်တော့မည်သာ ဖြစ်သည်။ ကံစမ်းသဘောမျိုး ဖြစ်ကောင်းဖြစ်မည်။ အချောင်ရချင် ရမည်။ သူတို့သည် သည်ညအဖို့ ကံကောင်းကြဟန်မတူ၊ မည်သူမျှ ပိုက်ဆံ အိတ်သော်လည်းကောင်း၊ အခြားအရာသော်လည်းကောင်း ရှာတွေ့သည်ကို မမြင်ရ၊ တံမြက်လှည်းသမား ဝင်လာကာ သူတို့လူသိုက်ကို မောင်းထုတ် နေသည်။

ကျွန်တော်သည် တံခါးဝမှနေ၍ သူတို့အပြုအမူကို စောင့်ကြည့်နေမိခြင်းဖြစ်နေသည်။ လမ်းပိတ်ထားသလို ဖြစ်နေသည်။

"ဗျို့... ရှေ့ကလူ မြန်မြန်ထွက်ပါဗျ"

တစ်စုံတစ်ယောက်က လှမ်းအော်မှ သတိရကာ အပေါက်မှထွက်လိုက်သည်။ ရုံအပြင်သို့ရောက်ခဲ့သည်။

စီးကရက်ကို ထုတ်ယူမီးညှိကာ သူမထွက်အလာကို စောင့်မိသေးသည်။ အတော်ကြာသည်အထိ သူမထွက်လာသည်ကို မတွေ့ရ။ သူမ၏ အရိပ်အယောင်ကို မမြင်ရ။

သည်လိုနှင့် အဆုံးတွင် ရုပ်ရှင်ရုံပေါ်တီကိုအောက်မှ ထွက်လာခဲ့ပါသည်။

(၄)

မိုးတဖွဲဖွဲ ရွာနေသည့်ကြားမှ ဘူတာရုံဆီသို့ လျှောက်လာခဲ့သည်။ ကွန်တီနင်တယ်အောက်တွင် မိုးခိုနေလေသလား၊ အကွက်ကို ချောင်းနေလေသလား မသိရ။ အမျိုးသမီးသုံးလေးယောက်နှင့် ယောကျာ်းနှစ် ယောက်ကို တွေ့ ရသည်။ ဆူးလေဘုရားလမ်းသို့ ရောက်လာသည်။

စောစောက ရွာခဲ့သောမိုးကြောင့် နက်ကျောသော ကတ္တရာလမ်းပေါ် တွင် ရေကွက်၊ ရေအိုင်များ ဖြစ်ပေါ်နေသည်။ နီယွန်မီးရောင်သည် ရေအိုင် သို့ ကျရောက်ထင်ဟပ်နေသည်။ ကတ္တရာလမ်းများတွင် တွန့်ရရွန့်အဆင်းများ ဖြစ်ပေါ်နေသည်။ ကြော်ငြာဆိုင်းဘုတ်များမှာ နီ၊ ဝါ၊ ပြာ၊ စိမ်း မီးရောင်များ လင်းလက်နေသည်။ မီးလုံးများမှာ မျက်စပစ်သလို လှုပ်ရှားနေသည်။ ယင်းတို့တွင်

လမ်းဘေးရေအိုင်တွင် လာရောက်ထင်ဟပ်ကာ နီတစ်တန်၊ ဝါတစ်တန့်၊ ပြာတစ်လီ၊ စိမ်းတစ်ဝါ ဖြစ်နေသည်။

ရုပ်ရှင်ရုံများ ပြိန်မပြီမီဖြစ်၍ လူတို့သည် ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်။ ရုပ်ရှင်ရုံများရှေ့သို့ ကားများ ထိုးဆိုက်လာသည်။ အသက်နှစ်ဆယ်ထက်ကျော်သေးပုံမရသော မြန်မာမ လှလှကလေးနှင့် အတူ ဘာဘူကြီးတစ်ယောက် ကားပေါ်မှဆင်းကာ ရုပ်ရှင်ရုံအတွင်း ဝင် သွားသည်။

ခေတ်ပေါ်နိုင်လွန်ရောင်စုံတို့သည် မီးရောင်နှယ်ပင် ပြိုးပြက်နေသည်။ အရွယ်အစားစားဖြစ်သော မိန်းမသားတို့၏ ရယ်မောသံကို ကြားနေရသည်။ တံခါးပိတ်သံ၊ ဖွင့်သံ၊ မော်တော်ကား ဟွန်းသံ၊ စားသောက်ဆိုင်မှ လူလု ခေါ်သံ စသည့် အသံဗလံ ညံစီနေသည်။

ကိုယ်ယောင်ပြနေသော နှုတ်ခမ်းနီ ထူလဗျစ်၊ မိတ်ကပ်ဖွေးဖွေး၊ မျက်ခုံးမွေးနက်နက်နှင့် မိန်းကလေးအပါးသို့ မူးနေသောလူနှစ်ယောက်ကို တင်ဆောင်ထားသည့် ဆိုက်ကား တိုးကပ်သွားသည်။

ကျွန်တော်သည် ဆူးလေဘုရားလမ်းကိုဖြတ်၍ လျှောက်လာခဲ့သည်။ ရုပ်ရှင်ရုံများကို ဖြတ်ကျော်ခဲ့သည်။ ကျွန်တော်ကြည့်သော ရုပ်ရှင်မှာ ခြောက်နာရီခွဲပွဲဖြစ်သည်။ အနည်းဆုံး ကိုးနာရီဆယ့်ငါးလောက်တွင် ရုပ်ရှင်ပြီးမည် ထင်သည်။ ဘူတာရုံသို့ မိနစ်သုံးဆယ်အတွင်း ရောက်ရှိပါမှ နောက်ဆုံး ရထားကို မီပေလိမ့်မည်။

စောစောက အမျိုးသမီးကို ရပ်စောင့်နေမိသဖြင့် ဆယ့်ငါးမိနစ်ခန့် အချိန်ကုန်သွားခဲ့ရသည်။ ကျွန်တော့်တွင် ဆယ့်ငါးမိနစ်သာ ရှိတော့သည်။ ဘူတာရုံဘက်သို့ ခပ်သုတ်သုတ်လျှောက်ခဲ့ပါသည်။

ဘူတာရုံသို့ရောက်၍ လက်မှတ်ယူလိုက်သည်။ မီးရထားလမ်းများ ကို ဖြတ်ကျော်ထားသော စကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။ ရုပ်ရှင်ရုံများဘက်သို့ ကြည့်မိလျှင် နီယွန်မီးများ လင်းလက်နေသည်ကိုလည်း ကောင်း၊ လူများ၊ ကားများ၊ လူးလာဆန်ခတ် သွားလာနေသည်ကိုလည်း ကောင်း တွေ့ရသည်။ သိတင်းကျွတ်၊ တန်ဆောင်တိုင်တို့တွင် မီးစောင်းတန်းများ သွယ်တန်းကာ လူတို့ တိုးဝှေ့သွားလာနေသည်ကို အပေါ်စီးမှကြည့် မြင်ရသည်နှင့် တူနေသေးတော့သည်။

လူသံ၊ မော်တော်ကား အင်ဂျင်စက်မြည်သံ၊ မီးရထားရေနွေးငွေ့ မောင်းသံများ လှုပ်ရှားသံတို့ ညံစီနေသည်။

ယခုတိုင်အောင် ကျွန်တော့်အာရုံအတွင်းမှ အမျိုးသမီး တွယ်ခိုလိုက်ပါလာဆဲရှိသည်။ သူမ ဘယ်မှာနေပါလိမ့်၊ ဘယ်ကိုပြန်မှာပါလိမ့် စသည်ဖြင့် တွေးနေမိသည်။

နံပါတ်ခြောက်စကြံသို့ ဆင်းခဲ့သည်။ မင်္ဂလာဒုံဘက်သို့ ထွက်မည့် နောက်ဆုံးရထားသည် နံပါတ်ခြောက် ပလက်ဖောင်းမှ ထွက်မည်ဟု

ကျွန်တော်သိထားရသည်။

မင်္ဂလာဒုံ လော်ကယ်သည် ပလက်ဖောင်း၌ ကြိုတင်ရောက်နှင့်နေပြီဖြစ်သည်။ တွဲများ၌ လူသူကင်းရှင်းလှသည်။ အမှုးသမားအချို့နှင့် ကုလားလူမျိုးအချို့သာ ရှိကြသည်။ တွဲတစ်တွဲတွင်မူ တပ်မတော်သားအချို့ကိုတွေ့ရသည်။

ကျွန်တော်က လူအရှင်းဆုံး မီးရထားတွဲအတွင်း ဝင်ထိုင်လိုက်သည်။ ထိုင်ခုံတွင် အေးဆေးငြိမ်သက်စွာ ထိုင်မိသည့်အခါ ရုပ်ရှင်ရုံအတွင်း မှာတွေ့ခဲ့ရသော အမျိုးသမီးအကြောင်းကို ပြန်ပြောင်းစဉ်းစားနေမိသည်။ သူမ၏မျက်နှာကလေးကို မြင်ယောင်သည်။ အထူးသဖြင့် ကြည်လင်ချိုအေးသော အသံကလေးကို ကြားယောင်လာမိသည်။

မိန်းမသားတစ်ယောက်နှင့် ပတ်သက်၍ စိတ်လှုပ်ရှားခြင်းဖြစ်ရသည်မှာ သည်တစ်ကြိမ် ပထမဖြစ်သည်။ ပြီး အသက်နှစ်ဆယ်ဝန်းကျင်ရှိ အမျိုးသမီးတစ်ယောက်နှင့် အဆက်အဆံပြုမိသည်မှာလည်း သည်တစ်ကြိမ် ပထမဖြစ်ပါသည်။

ဘူတာရုံအတွင်း အသံချဲ့ စက်မှနေပြီး ရထား မိနစ်အနည်းငယ် အတွင်း ထွက်ခွာတော့မည်ကို ကြေညာသည်။ ကျွန်တော်က ရထားကို အမြန်ထွက်စေချင်လှသည်။ အိမ်သို့ပြန်ရောက်ချင်ပြီ။

ယခုလောက်ဆိုလျှင် ဦးဒေဝတို့ အိမ်သို့ပြန်ရောက်လောက်ပြီထင်သည်။ သူတို့သည် ကျွန်တော့်အတွက် စိုးရိမ်ကြောင့်ကြနေကြပေရော့မည်။ ကျွန်တော်သည် ယခုကဲ့သို့ တစ်ခါဖူးမျှ အိမ်ပြန်နောက်ကျတတ်ခြင်း မရှိပေ။ ညဥ့်နက်သန်းခေါင် အလည်မကျူးတတ်ပေ။ မီးရထားကို မြန်မြန်ထွက်စေချင်ခါမှ အထွက်နှေးနေသည်ထင်သည်။

စက္ကန့်၊ မိနစ်တို့ အဆင့်ဆင့်ရွေ့လျားပြောင်းလဲနေပုံမှာ နှေးကွေးလွန်းလှသည်ဟု ထင်သည်။ ကျွန်တော်က အလောတကြီး ရှိသည်ပင်ဖြစ်စေ၊ နှေးနှေးကွေးကွေး ရှိသည်ပင်ဖြစ်စေ မီးရထားက သူထွက်ချိန်တွင် ထွက်ပေသည်။ ဥဩသံကို ဦးစွာကြားရသည်။ ရေနွေးငွေ့ က တွန်းကန်လိုက်သဖြင့် ပေါ်ထွက်လာသော စူးစူးရှရှအသံ ပေါ်ထွက်လာသည်။

ရထားတွဲများသည် သိမ့်ခနဲ၊ ငြိမ့်ခနဲ ဖြစ်သွားသည်။ မီးရထား တွဲ ဆက်တို့ မြည်သံကြားရသည်။ မီးရထားကား ထွက်ပေပြီ။ မီးရထားက ရွေ့သွားသည် မထင်ရ။ ဘူတာရုံသံတိုင်များ၊ အင်္ဂတေပလက်ဖောင်းများက ရွေ့သွားသည်ဟု ထင်ရသည်။

ကျွန်တော်က ရထားပြတင်းမှ ခေါင်းပြူလျက် နောက်ဆုံးအကြိမ် အဖြစ် ရန်ကုန်ရှုခင်းကို ကြည့်မိသည်။

ယင်းအချိန်တွင်ပင် မမျှော်လင့်သော မြင်ကွင်းကို မြင်လိုက်ရသည်။ စကြံတံတားပေါ်မှ အပြေးအလွှားဆင်းလာသော မိန်းကလေးတစ်ယောက်။

အစသော် သူမကို မည်သူမည်ဝါဟု မသိ၊ အသေအချာကြည့်မိသောအခါ တွင်မှ ရုပ်ရှင်ရုံတွင်တွေ့ ခဲ့ရသော မိန်းကလေးဖြစ်ကြောင်း မှတ်မိလာသည်။ ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲခုန်သွားသည်၊ ဝမ်းသာမိသည်လား၊ ကျေနပ်မိသည်လားတော့ မပြောတတ်။

သူမသည် ရထားနှင့်ယှဉ်၍ ပြေးလာနေသည်။ ထွက်နေသော ရထားပေါ်သို့ ရုတ်တရက် ခုန်မတက်ဝံ့ဘဲ ဖြစ်နေပုံရသည်။ တဖြည်းဖြည်း ကျွန်တော်ရှိရာတွဲနှင့် နီးကပ်လာသည်။

ကျွန်တော်သည် ထိုင်ရာမှထကာ အတက်အဆင်း တံခါးပေါက်သို့ လာခဲ့သည်။ လက်တစ်ဖက်ကို တန်းတွင်ကိုင်ပြီး အခြားလက်တစ်ဖက်ကို သူမထံ ကမ်းပေးလိုက်သည်။

"ကိုယ့်လက်ကို လှမ်းဆွဲလိုက်"

ပါးစပ်မှလည်း အော်ဟစ် သတိပေးမိသည်။

သူမက ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်သည်။ ကျွန်တော်က သူမ၏လက်ကောက်ဝတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ ရထားပေါ်သို့ ဆွဲတင်လိုက်သည်။ မော်တော်ကားပစ္စည်းကဲ့သို့ အလေးအပင်များကို မနေ့ကျဖြစ်၍ပဲလား၊ သူမ၏ကိုယ်ခန္ဓာကပင် များစွာလေးလံခြင်း မရှိသောကြောင့်လားမသိ၊ သူမသည် ရထားတွဲပေါ်သို့ အလွယ်တကူ ရောက်ရှိလာသည်။

ကျွန်တော်တို့သည် ထိုင်ခုံလွတ်တစ်ခု၌ ဝင်ထိုင်လိုက်ကြသည်။ အမျိုးသမီးသည် မောနေရှာသည်၊ အသက်ကို ပြင်းပြစွာရှူရှိုက်နေသည်။ ရင်အုံမှာ နိမ့်ချည်၊ မြင့်ချည် ဖြစ်နေသည်။ နှာခေါင်းနှင့်သာမက ပါးစပ်ကပါ ရှူရှိုက်နေသည်။

"ကျေးဇူးတင်လိုက်တာရှင်" အနည်းငယ်မျှ အမောပြေပြီဆိုလျှင်ပင် သူမက ဆိုသည်။ "ဒီရထားသာ လွတ်သွားရင် ကျွန်မ ဘူတာပလက်ဖောင်းမှာ အိပ်ရတော့မှာ"

"အမိက ဘယ်ကိုပြန်မှာလဲ" ကျွန်တော်က သူမ၏ မိုးဖွဲမှုန်များကပ်ညိနေသော မျက်နှာကို စူး စိုက်ကြည့်ရင်းက မေးလိုက်သည်။

သူမထံမှ အဖြေကို ရုတ်တရက် မရပေ၊

ကျွန်တော့်အမေးကိုပင် ကြားမိဟန်မတူချေ။ မကြားချင်ယောင်ဆောင်နေသလား ထင်မိသည်။ သို့ရာတွင် အကယ်စင်စစ်၌ သူမသည် ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေသောကြောင့်ဖြစ်ကြောင်း တွေ့ ရသည်။

"ဩော်...ရှင်ပဲကိုး"

သူမထံမှ အာမေဋိတ်သံပါသော ရင်းနှီးကျွမ်းဝင်စွာ ပြောလိုက်သံကို ကြားရသည်။ သူမ၏မျက်နှာတွင် ပြုံးရိပ်သန်းသွားသည်။ မမျှော်လင့် ဘဲ ပြန်လည်ဆုံတွေ့ ရသည့်အတွက် အံ့ဩဟန်လည်း ပြသည်၊ ဝမ်းသာ ဟန်လည်း

ပြီသည်။

မီးရထားသည် အရှိန်ရခဲ့ပြီဖြစ်ပါသည်။ အပြေးနှုန်းမှာ မြန်ဆန်လာ ခဲ့ပြီ ဖြစ်ပါသည်။ စတော့ဂိတ်ဂုံးတံတားအောက်မှ ထွက်စပြုပြီဖြစ်ပါသည်။

"မင်းကို ရုပ်ရှင်ရုံအောက်က စောင့်နေမိသေးတယ်၊ မင်း ဘယ်ပျောက်သွားတာလဲ"

"ငွေအရှင်းကို စောင့်နေတာပါ၊ ဒါကြောင့် နောက်ကျသွားတာပေါ့။ ကျွန်မ ဆုထူးပန်ရုံရှေ့လောက်ကတည်းက ပြေးလာခဲ့ရတာ"

သူမ ပြေးလာခဲ့ရသောခရီးမှာ မနီးလှကြောင်း တွေးမိသည်။ အမျိုးသမီးသည် အတော်ချည်း ပင်ပန်းနွမ်းနယ်နေရှာကြောင်း တွေ့ ရသည်။ မျက်နှာကလေးမှာ ညှိုးငယ်နွမ်းနယ်နေရှာသည်။ ခြေပစ် လက်ပစ်ထိုင်နေသည်။ ခေါင်းကို နောက်သို့ပစ်ထားသည်။ ကျောမှီတွင် ကိုယ်ကို မှေးမှီထားသည်။

မျက်လုံးအစုံမှာ မှေးမှိတ်လုမတတ် ရှိသည်၊ ရီဝေသောမျက်လုံးအစုံ ဖြင့် ပြတင်းပေါက်မှတစ်ဆင့် တရိပ်ရိပ်ကျန်ခဲ့သော ရန်ကုန်ရှုခင်းကို ငေး ကြည့်နေခြင်းဖြစ်သည်။

ကျွန်တော်က စီးကရက်ဘူးကို ထုတ်ယူလိုက်သည်၊ သူမ၏လက်မောင်းကို တို့လိုက်သည်။

"စီးကရက်သောက်ပါလား"

သူမက ခေါင်းကိုရမ်းခါလိုက်သည်။ "ဟင့်အင်း၊ ကျွန်မ ဆေးလိပ်မသောက်တတ်ဘူး" ကျွန်တော်က မိမိအတွက် တစ်လိပ်နှိုက်ယူကာ မီးညှိရှိုက်ဖွာလိုက်သည်။

"ဒီလိုပဲလားဟင်"

"ဘာကိုလဲ"

"ဒီလိုပဲ မင်းတစ်ယောက်တည်း ဒီအချိန်မှာ ဒီရထားကိုစီးနေကျပဲလား"

"အင်း……"

"မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲ"

"ဒီရထားဟာ မိန်းကလေးတွေ အဖော်မပါဘဲ စီးဖို့မသင့်ဘူး"

"ကျွန်မ မကြောက်ပါဘူး၊ ကြောက်နေလို့လည်း မဖြစ်ဘူးလေ။ ဒါ မစီးရင် ဘာသွားစီးမလဲ၊ ရထားဆိုတော့ လသုံးလက်မှတ် လုပ်လို့ရတယ်။ ကားနဲ့ဆိုရင်တော့ စရိတ်နဲ့မခွဲမှာပဲ"

ကျွန်တော် စကားမဆက်မိတော့ပေ။

မီးရထားတွဲ၏ သည်မှာဘက်အခြမ်းတွင် ကျွန်တော်နှင့် သူမ နှစ်ယောက်တည်းသာ ရှိသည်။ အခြားတစ်ဖက်ခြမ်းတွင်မူ အရက်မူးကာ အိပ် ပျော်နေသော ကုလားတစ်ယောက် ရှိသည်။

တွဲထဲတွင် ဝါကျင့်ကျင့် မီးပွင့်ကလေး တစ်ပွင့်သာရှိသည်။

ထိုအလင်းရောင်ဖြင့် တစ်ယောက်ကိုတစ်ယောက် မြင်သာကြရခြင်းဖြစ်သည်။ ပုဇွန်တောင်ဘူတာသို့အရောက်၌ ရထားတွဲအတွင်း လူလေးယောက် တက်လာသည်။ သူတို့က ကျွန်တော်တို့ကို စောင်းငဲ့ကြည့်ကြသည်။ လင်မယားစုံတွဲဟု ထင်မှတ်ကြပုံရသည်။ မည်သို့သော အနှောင့်အယှက်မှမပေးဘဲ တွဲ၏ဟိုမှာဘက်အခြမ်းသို့ သွားထိုင်နေကြသည်။

သူတို့ကား ဖဲသမားများဖြစ်ပုံရသည်။ ဖဲအကြောင်း ပြောလာကြသည်။ သည်ကနေ့ဝိုင်းတွင် အတော်ကလေး ထိလာကြပုံရသည်၊ မကျေမနပ် ရှိနေကြသည်။ သူ့အပြစ်၊ ငါ့အပြစ်နှင့် တစ်ယောက်ကိုတစ်ယောက် အပြစ် ပုံချနေသည်။

မီးရထားသည် တလှုပ်လှုပ် တဂျုတ်ဂျုတ် ပြေးလွှားခုတ်မောင်းနေသည်။ မီးရထားအသံက ပျင်းရိစဖွယ် ကောင်းလှသည်။ အသားမကျ၊ မညီညာသေးသော လမ်းဖြစ်၍ မီးရထားတွဲမှာ ပုခက်ကဲ့သို့ ဟိုဘက်၊ သည် ဘက် ယိမ်းထိုးနေသည်။

ပြတင်းမှကြည့်လျှင်လည်း ရှုခင်းမှာ ပဝါဖြင့်ထွေးပိုက်ထားအပ်သည် သို့ မှိုင်းမှုန်နေသည်။ မိုးသည် ဖွဲနေရာမှ တဖြည်းဖြည်းသည်းလာခဲ့သည်။ အမျိုးသမီးသည် မျက်တောင်များမွေးစင်းလာသည်။ ငိုက်မျည်းလာသည်။ ယခုအခါ သူမ၏ကိုယ်ခန္ဓာမှာ အရိုးမဲ့သတ္တဝါတစ်ကောင်လို ပျော့ နွဲ့နေပေသည်။

သူမ၏ကိုယ်ခန္ဓာမှာ ကျွန်တော့်ဘက်သို့ ယိုင်လာသည်။ ပခုံးချင်း ထိမိနေသည်။ ကိုယ်ချင်း ပူးကပ်နေသည်။ သူမ၏ကိုယ်မှ နေလောင်ထားသော အနံ့၊ ချွေးနံ့များကို ရသည်။

ကျွန်တော်သည် အမျိုးသမီးကို စကားပြောလိုလျက်ရှိသည်။ မေးချင် မြန်းချင်နေသည်။ သို့ရာတွင် သူမအနေနှင့်ကား ကျွန်တော့်ကို ပြော စရာစကား ရှိတော့ဟန်မတူ။ သို့မဟုတ် စကားမပြောနိုင်လောက်အောင် ပင်ပန်းနွမ်းနယ်နေခြင်း ဖြစ်ကောင်းဖြစ်မည်။

မီးရထားသည် မလွှကုန်းဘူတာ၌ ဆိုက်ကပ်လိုက်သည်။ ရထား သည် ငြိမ့်ခနဲဖြစ်သွားသည်။ အမျိုးသမီးသည် ဆတ်ခနဲနိုးလာသည်၊ သူမ၏ မျက်လုံးမှာ မွေးမှိုတ်မိလုမတတ် ရှိသည်။ မျက်တောင်သည် စင်းနေဆဲ။ သူမသည် အိပ်ချင်မူးတူးအသံဖြင့် လေးလံတိုးညင်းစွာ ဆိုသည်။ “ကျွန်မ သိပ်ပင်ပန်းနေတယ်၊ သိပ်အိပ်ချင်နေတယ်” “ကိုယ်တွေ့ ပါတယ်”

“ကျွန်မ အိပ်တော့မယ်။ ပုရွက်ဆိတ်ကုန်းဘူတာကျရင် နှိုးပါနော်” သူမသည် သည်မျှသာပြောပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူမ မြောက်ဥက္ကလာပ မြို့သစ်၌နေကြောင်း ကျွန်တော်သိလိုက်ရသည်။ ကျွန်တော် ရေကူး၌ဆင်းမည့်အကြောင်း မပြောဖြစ်ခဲ့။ ရေကူးဘူတာ သည် ပုရွက်ဆိတ်ကုန်းဘူတာ၏ သည်မှာဘက်တွင်ရှိသည်။ သူမထက် ကျွန်တော် အရင်ဆင်းရပေလိမ့်မည်။ ကိစ္စမရှိ။ ရေကူးကျတော့ နှိုးလွှတ် လိုက်တာပေါ့။ ကျွန်တော် တွေးသည်။

သူမကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေချင်သည်။ သို့မှသာ ကုန်ခန်းခဲ့သော အင်အားတို့ ပြန်ပြည့်လာမည်။

သူမသည် ကျွန်တော့်ဘက်သို့ ယိုင်စောင်းနေသော ကိုယ်အနေ အထားကို မပြင်ခဲ့။ အသားချင်းထိတွေ့ နေမှုကို သူမ အရေးထားပုံမရ။ သည်တဒင်္ဂတွင် သူမအဖို့ အရေးအကြီးဆုံးမှာ အိပ်ပျော်သွားဖို့ပင် ဖြစ်ပုံရသည်။ ငိုက်မရှက်ဆိုသည့် သဘောပေပဲ။

ကျွန်တော်က သောက်လက်စ စီးကရက်ကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ အပြင်တွင် မိုးရွာနေဆဲ။ တိမ်သားတိမ်လိပ်တို့ တရိပ်ရိပ် တက်လာသည်။ လျှပ်စစ်လျှပ်ပန်းတို့ တဖျပ်ဖျပ် ပြိုးပြက်နေဆဲ။

အမျိုးသမီး၏ ကိုယ်ခန္ဓာသည် ကျွန်တော့်ဘက်သို့ အိသည်ထက် အိကျလာသည်။ ယိမ်းသည်ထက် ယိမ်းလာသည်။ ရထားက လှုပ်ခါလိုက်သောအခါ အသားချင်းပွတ်တိုက်လိုက်သလို ဖြစ်သည်။ အသားချင်း ပိုမို တင်းကျပ်စွာ ထိကပ်လာရသည်။

သူမကတော့ ဘာမျှသိမည်မဟုတ်။

အမျိုးသမီးတို့၏ ကိုယ်အင်္ဂါနှင့် တစ်ခါမျှ မထိတွေ့ဖူးခဲ့သော ကျွန်တော့်အဖို့မှာမူ ရင်မှာ ဗလောင်ဆူမတတ် ခံစားလာရသည်။ အာရုံသည် ရှိန်းရှိန်းမြမြနှင့်၊ သွေးခုန်နှုန်း မြန်ဆန်လာလျက် နှလုံးသားမှာ တထိတ်ထိတ် တိုးနေသည်။

သူမကိုယ်မှ ထွက်လာသော အနံ့အသက်မှာ ကျွန်တော့်အဖို့ ဆန်းကြယ်သော ရနံ့မျိုးဖြစ်နေသည်။ သူမ၏နှာခေါင်းမှထွက်လာသော ထွက်သက်လေနွေးနွေးသည် ကျွန်တော့်ပါးပြင်သို့ လာရောက်ရိုက်ခတ်မိလျက် ကလူ၏သို့ မြူ၏သို့ ဖြစ်နေသည်။

သူမ၏ကိုယ် ရှေ့သို့ငိုက်ကျသွားမည်စိုး၍ ကျွန်တော်က ကျောဘက်မှ သိုင်းကာ ပခုံးကို ဖက်ထားရသည်။ သည်တော့လည်း သူမသည် ကျွန်တော့်ရင်ခွင်အတွင်း လုံးလုံးလျားလျား ရောက်လာသလို ရှိနေတော့သည်။

သူမ၏မျက်နှာသည် ကျွန်တော့်မျက်နှာနှင့် နီးကပ်နေသည်။ အမှတ်မထင်ဆိုသလို သူမမျက်နှာကို ငုံ့၍ ငုံ့၍ ကြည့်မိသည်။ ဆံစများသည် လေတိုးလိုက်သောအခါ ဖွာရာရကျဲလွင့်ပြီး မျက်နှာကို ပိုက်ကွန်သဖွယ် လွှမ်းချုံပစ်လိုက်တတ်သည်။ ဆံစဖြင့် ထွေးပိုက်ထားသော သူမ၏မျက်နှာကလေးမှာ နုနယ်နေသည်။ သွေးရောင်ဖျော့တော့ကာ နွမ်းနယ်ဟန်သည် အထင်းသားပေါ်နေသည်။

မျက်လုံးများကို မှေးမှိတ်ထားသောကြောင့်ပဲ ထင်သည်။ သူမ၏ မျက်တောင်များသည် ပိုမိုကော့ဖြိုးကာ ပိုမိုရှည်လျားလာလေသလား ထင် ရသည်။

ထူထဲသော နှုတ်ခမ်းနှစ်လွှာသည် အနည်းငယ်ပွင့်ဟနေသည်။ နှာခေါင်းနှင့်သာမက ပါးစပ်ဖြင့်ပါ အသက်ရှူနေသောကြောင့် ပွင့်ဟနေရခြင်း

ဖြစ်သည်။ နှုတ်ခမ်းကလေးမှာ နှုတ်ခမ်းနီမရှိပါ။ ပင်ကိုအတိုင်းဖြစ်သည်။ အရေးကြောင်း စိတ်စိတ်ကလေးများမှာ ပန်းဖျော့ရောင် သွေးနေသည်။ ဖြူ ဖွေး ညီညာသော သွား ခိုင်ခိုင်ခန့်ခန့်ကလေးများကို မြင်နေရသည်။

လူတို့၏ အဇ္ဈတ္တသဏ္ဌာန်သည် မည်သည့်နည်းနှင့်မဆို မျက်နှာ တွင် ပေါ်လွင်နေတတ်သည်ဟု ဆိုသည်။

အဘယ်မျှ ဒေါသမာန်မာန ကြီးသူပင်ဖြစ်စေ၊ အဘယ်မျှ ကောက်ကျစ်စဉ်းလဲသူပင် ဖြစ်စေ၊ အဘယ်မျှ ခက်ထန်ကြမ်းကြုတ်သူပင်ဖြစ်စေ အိပ်နေသောကာလတွင်မူ အပြစ်ကင်းစင်သော မျက်နှာအနေအထားသာ လျှင် ရှိတတ်ကြသည်ဟု ကျွန်တော် ကြားဖူးသည်။

အိပ်ပျော်နေသောကာလတွင် လူတို့သည် ဒေါသ၊မောဟ၊မာန်မာန တရားတို့မှ ကင်းဝေးမေ့ပျောက် နေတတ်ကြသည်ဖြစ်၍ မျက်နှာသွင်ပြင် ကြည်လင်စင်ကြယ်ခြင်း ရှိလာရခြင်းဖြစ်သည်။

လူတို့၏ စိတ်တံခါးပေါက်မှာ မျက်စိနှစ်လုံးဖြစ်သည်။ စိတ်၏ ကြေးမုံပြင်ဟု ဆိုလျှင်လည်းရသည်။

အတွင်းစိတ်ထားကို အဘယ်မျှ ဖုံးကွယ်ထားသည်ဖြစ်စေ မျက်လုံးများတွင်မူ အကောင်းအဆိုး၊ အကြောင်းအကျိုးသည် ပေါ်လွင်နေတတ်မြဲဖြစ်သည်။

မျက်လုံးများကို မေးမှိတ်၍အိပ်ပျော်နေသော ကာလတွင်မူ စိတ်တံခါး ပေါက်ကို ပိတ်ထားလိုက်သည်ဖြစ်၍ မျက်နှာအနေအထားမှာ အဘယ်သို့လျှင် မကြည်လင် မစင်ကြယ်ဘဲ နေနိုင်တော့မည်နည်း။ ကျွန်တော့်ရင်ခွင်ထဲမှ မိန်းကလေး၏ ရုပ်သွင်မှာ ယင်းသဘောဖြင့် လည်း ကြည်လင်စင်ကြယ်ခြင်း ရှိသည်။ ပင်ပန်းနွမ်းနယ်မှုကြောင့် ညှိုး ဖျော့၍လည်းနေပြန်သည်။ ထို့ကြောင့် သနားညှာတာဖွယ်၊ ကရုဏာသက်ဖွယ် အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေသည်။

မျက်နှာမှသည် ကိုယ်ဆီသို့ ကြည့်မိသောအခါတွင်မူကား ကျွန်တော့် ရင်မှာ တုန်ခါသွားရသည်။ ပူနွေးသွားရသည်။ တထိတ်ထိတ် ခုန်သွားရသည်။

ပါးလွှာသော ဟံသာအေး နိုင်လွန် နွမ်းနွမ်းကလေးမှာ အရောင် အသွေး လွင့်နေပြီဖြစ်သည်။ လျှော်ဖွပ်ရန် အချိန်မပေး၍ဘဲလား၊ လဲလှယ် ရန်မရှိ၍ သည်တစ်ထည်တည်းကိုသာ ဒုံးခံ၍ဝတ်နေရ၍ပဲလားမသိ။ အင်္ကျီမှာ နွမ်းနယ်နေရုံမက ကြေးညှော်မကင်းလည်း ရှိချေသည်။

ဘော်လီ အင်္ကျီမှာ ညစ်ပေနေသည်။ အနားကွပ်များ၊ ချုပ်ရိုးနေရာ များမှာ သိသိသာသာ မည်းညစ်နေသည်။ ထိုအင်္ကျီဖြင့် သူမ၏ကိုယ်ကို စည်းနှောင်ထုပ်ရစ်ထားသည်။ အင်္ကျီက ပွသဖြင့် မလုံမလဲ။

သူမ၏အသားအရေမှာ မျက်နှာလို၊ လည်ပင်းလို၊ လက်မောင်းလို၊ အဝတ်လစ်လပ်သည့်နေရာမျိုးမှာ နေလျက်၍ ညိုရောင်ပြေးနေသော်လည်း

အဝတ်အောက်မှ အသားအရေမှာမူ ဝင်းဝါ၍နေသည်။ နိုင်လွန်၏ပါးလွှာ မှုသည် အသားကို ထွင်းဖောက်မြင်ရစေသည်။ ထို့ကြောင့် ဘော်လီအင်္ကျီ အစပ်၊ ကော်လာရိုးအောက်မှ ရင်ညွန့်ပိုင်းကို အတိုင်းသားမြင်ရသည်။ သည် အပိုင်းသည် အထူးတလည် ဝင်းဝါညက်မွတ်ကာ အကြောစိမ်းကလေးများ ယှက်နွယ်လျက်ရှိသည်ကို မြင်နေရသည်။

အသက်ရှူသွင်းလိုက်သောအခါ မောက်မို့လာသည်။ အသက်ရှူ ထုတ်လိုက်သောအခါ နိမ့်ရှိုင်းသွားတတ်သည်။ သူမ၏ရင်မှာ ကျွန်တော် စောစောက ထင်ခဲ့သလောက် ကြုံလှီခြင်းမရှိကြောင်း မြင်ရသည်။

သည်အပိုင်းကို မြင်ရခြင်းသည် ကျွန်တော့်အဖို့ မကောင်းဟုထင်သည်။ တက်ကြွရှိန်းမြသော အာရုံကို ခံစားရစေသည်။ တဒင်္ဂတွင် ကျွန် တော်သည် သူမ၏ပခုံးကလေးကို ဖျစ်ညှစ်လိုက်မိသည်။ သို့သော် ချက်ချင်းမှာပင် အသိပြန်ဝင်လာသည်။ ကျွန်တော်၏အပြုအမူမှာ ခိုးကြောင် ခိုးဝှက်နိုင်လျက် မသမာလွန်းရာကျနေလေမလားဟု အတွေးပေါက်လာသည်။ လက်ကို ပြန်လျှော့လိုက်မိပါသည်။

သူမ၏ခါးမှာ ကျစ်လျစ်သေးကျဉ်သည်။ ပေါင်တံများမှာ စင်းဖြောင့်သည်။ ခြေထောက်တွင် အပေါ်စား ရာဘာဖိနပ်စီးထားသည်။ ခြေချောင်း များမှာ ညစ်ပေနေသော်လည်း ရှည်မျောမျောကလေးများ ဖြစ်ကြသည်။ လှပသော ခြေသည်းခွံများ ရှိသည်။

ကျွန်တော်သည် စိတ်ကူးယဉ်ကြည့်လိုက်သည်။ စိတ်ကူးဖြင့် သူမကို ဆင်ကြည့်မိသည်။ နေပူစပ်ခါးသို့ မသွားစေရဘူးထား၊ သူမ၏အသား အရေသည် ပြန်လည်ဖြူဖွေး ဝင်းစိုလာမည်။ အရောင်လွင့်ကာ အဆင်ပျက် နေသော အဝတ်တို့အစား သစ်လွင်သောအဝတ်ကို ဝတ်ပေးလိုက်မည်ထား။ သူမ၏အလှသည် ကြွရွလာပေမည်။

တစ်ခါတစ်ခါ အမေ့ကို ကျွန်တော် သည်လိုပဲ စိတ်ကူးဖြင့် ဆင်ကြည့် မိတတ်သည်။

အမေသည် ငယ်စဉ်က အတော်ချောမောလှပခဲ့သည်ဟု ဆွေမျိုးများ က ဆိုကြသည်။ ယခုသော် စိတ်နှင့် ဇရာနှင့် ဆင်းရဲမှုက ထုထောင်းနှိပ်စက် သဖြင့် အမေ့ရုပ်ရည်သည် ကျနေပေပြီ။

အမေ့ကို အသက်နှစ်ဆယ်လောက် ပြန်ငယ်ကြည့်သည်။ အဝတ်အစား ဆင်ကြည့်သည်။ မျက်စိထဲဝယ် မြင်ယောင်လာသော အမေ့ရုပ်သွင် ကို ကျွန်တော် နှစ်ခြိုက်ကျေနပ်ခြင်း ဖြစ်မိသည်။

ယခုလည်း သည်သို့သာဖြစ်ပါသည်။ အမျိုးသမီး၏ ဖောင်းကြွ လှပလာမည့် ရုပ်သွင်ကိုမြင်ယောင်ကာ ကျွန်တော် ကျေနပ်ခြင်းဖြစ်ရသည်။ တာမွေဘူတာကို ကျော်လာသောအခါ မိုးက ပိုမိုသည်းထန်လာသည်။ အုန်းအင်းသရော ရွာချလာသည်။ မီးရထားက အရှိန်ဖြင့် သွားနေ သည်ဖြစ်၍

မိုးစက်များသည် ပြတင်းမှတစ်ဆင့် ဝင်လာသည်။

ပြတင်းပေါက်ကို ပိတ်ပစ်ရန်အတွက် သူမ၏ကျောမှ သိုင်းဖက်ထားသောလက်ကို နုတ်ယူရသည်။ လက်မှာ သူမကိုယ်နှင့် ထိုင်ခုံကျောမှီ အကြားမှာ ညပ်နေသည်။

အမျိုးသမီးသည် အင်၊ အာ စသည်ဖြင့် မြည်တမ်းရင်း အိပ်ရာမှ နိုးလာသည်။ ကျွန်တော်က တံခါးကို ထပိတ်ကာ နေရာမှာ ပြန်ထိုင်လိုက်သည်။

"ဘယ်ရောက်ပြီလဲဟင်"

အမျိုးသမီး မေးသည်။ "ဘောက်ထော် ဘူတာ" ကျွန်တော် ဖြေသည်။

"ဒါဖြင့် ကျွန်မ နောက်ထပ် မိနစ်နှစ်ဆယ်လောက်တော့ အိပ်နိုင်သေးတာပေါ့"

ပြောရင်းမှာပင် မျက်စိကို ပြန်မှိတ်လိုက်သည်။ တစ်ခဏချင်းမှာပင် အိပ်ပျော်သွားသည်။

သူမသည် ညပေါင်းများစွာ အိပ်ရေးပျက်ခဲ့ရပုံပေါ်သည်။ ထို့ကြောင့်ပင် သူမ၏မျက်ဝန်းများမှာ နီကျင်ကျင်ရှိနေရခြင်းဖြစ်မည်။

သူမကိုယ်တိုင်က ကျွန်တော့်ကို စိတ်ချလက်ချ ရှိနေခဲ့ပြီဖြစ်ဟန်တူသည်။ ကျွန်တော့်ဘက်သို့ ပို၍တိုးကပ်ကာ မှေးမှီထားသည်။ သို့ဖြစ်၍ ကျွန်တော်ကလည်း ရဲဝံ့စွာပင် သိုင်းဖက်ထားလိုက်သည်။ ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

မိုးအေးလာသဖြင့် ကျွန်တော်ကိုယ်တိုင်ကလည်း နွေးနွေးထွေးထွေး ရှိချင်သည်။ သူမကိုလည်း နွေးနွေးထွေးထွေး ရှိစေချင်သည်။ ထို့ကြောင့် တင်းကျပ်စွာဖက်ထားလိုက်သည်။ သူမ၏ကိုယ်သည် ကျွန်တော်၏ရင်ခွင် အတွင်းမှာ ရှိသည်။ ပေါင်သား၊ တင်သားများ ပူးကပ်နေသည်။ တွက်ကြည့်မည်ဆိုလျှင် သူမတစ်ကိုယ်လုံး ကျွန်တော့်ရင်ခွင်အတွင်း ရောက်ရှိနေသည့် နှယ် ဖြစ်သည်။

ကျွန်တော်သည် ကံကြမ္မာ၏ဆန်းကျယ်ပုံကို တွေးတောစဉ်းစားနေ မိသည်။ တစ်ကြိမ်တစ်ခါသာ မြင်ရဖူးသည့် မိန်းကလေးတစ်ယောက်ကို မိမိရင်ခွင်အတွင်း ရောက်ရှိနေရသည့်အဖြစ်ကို ကံကြောင့်ဟူ၍သာ ကျွန် တော် သတ္တုချမိသည်။ ထိုမှတစ်ပါးလည်း အခြားမစဉ်းစားတတ်။ သို့သော် ကျွန်တော့်တွင် နှစ်ခြိုက်နေမိသော အရာ ရှိသည်။ ၎င်းမှာ ယင်းသို့ အမျိုးသမီးကို ထွေးပိုက်လျက်ရှိသော အနေအထားဖြင့် သည်ထက် ရှည်ကြာသောခရီးကို သွားလိုခြင်းဖြစ်သည်။ သည်ထက်မက ဝေးဝေးလံလံ ရှည်ရှည်လျားလျား သွားရသည့်တိုင် ညည်းညူမိမည်မထင်ပါချေ။

(၅)

ဘူတာတစ်ခုသို့ မီးရထားထိုးဆိုက်လာသည်။ တာမွေဘူတာ ဖြစ် မည်ဟု ကျွန်တော်ထင်သည်။ ပုဇွန်တောင်ဘူတာမှ တက်လာသော ဖိသမား လေးဦးနှင့် အရက်မူးနေသော ကုလားကြီးပါသည် ဘူတာမှာ ဆင်းသွား ကြသည်။

မိုးက သည်းထန်ဆဲ။

ရထားတွဲခေါင်မိုးနှင့် တွဲနံရံများသို့ မိုးရေစက်များ လာရောက်ရိုက်ခတ်မိသည်။ 'ယင်းအသံသည် ရထားတွဲဆက်များ မြည်သံ၊ သံလမ်းနှင့် ရထားဘီးတို့ ပွတ်ကျိတ်မိရာမှ ပေါ်ထွက်လာသောအသံတို့ဖြင့် ဆူညံနေသည်။

ပြင်ပသို့ လှမ်းကြည့်မိသောအခါ လေဒဏ်၊ မိုးဒဏ်ကြောင့် ယိမ်းနွဲ့နေသော အုန်းပင်များ၊ ကုက္ကိုပင်များကို မြင်ရသည်။ အိမ်ကုပ်ကုပ်ကလေး အချို့တွင် မှိတ်တုတ်တုတ် မီးရောင်ကို မြင်ရသည်။ အများအားဖြင့်ကား မီးရောင်မမြင်ရတော့။ လူတို့ အိပ်စက်နေကြပြီထင်သည်။

အမျိုးသမီးသည် အိပ်ပျော်နေလေဆဲ။

ယခုမှ သတိပြုမိသည်မှာ ရထားတွဲ တစ်ခုလုံးဝယ် သူမနှင့် ကျွန် တော် နှစ်ယောက်တည်းသာ ကျန်ရှိရသည့်အဖြစ် ဖြစ်သည်။ ဆန့်ကျင်ဘက် လိင်နှစ်ဦးတည်း ရထားတွဲထဲဝယ် ရှိနေရသည့်အဖြစ်ကို ကျွန်တော် သတိ ထားလာမိသည်။

သူမသည် အဘယ်မျှ နှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်တော့ မသိ။

တစ်ခါတစ်ရံ ဟောက်သံကလေး ပေါ်လာသည်။ တစ်ခါတစ်ရံတွင်ကား ညည်းသံသဲ့သဲ့ကလေးကို ပြုတတ်သည်။

လေတိုက်လျက်ရှိသော်လည်း၊ မိုးရွာလျက်ရှိသော်လည်း၊ အေးမြလျက်ရှိသော်လည်း ကျွန်တော်တို့နှစ်ယောက်မှာ နွေးထွေးလျက်ရှိသည်။ အသားချင်းထိစပ်လျက်ရှိသော နေရာတွင် ပိုမိုနွေးနေသည်။ အမျိုးသမီး သည်မျှအထိ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်သည်မှာ နွေးနွေးထွေးထွေး ရှိနေသောကြောင့်ပင် ဖြစ်မည်ထင်ပါသည်။

ကျွန်တော်သည် သူမ၏မျက်နှာကလေးကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိသည်။ သူမသည် တကယ်တမ်း လှပသည့်မိန်းကလေး တစ်ယောက်ဖြစ်ကြောင်းကို ကျွန်တော် ဝန်ခံခဲ့မိပြီဖြစ်ပါသည်။

မှန်ပါသည်။

ကျွန်တော် နေထိုင်လျက်ရှိသော ရပ်ကွက်ရှိ မိန်းကလေးများမှာ သူမလောက် မလှပနိုင်။ အမေခေါ်လာသော မိန်းကလေးသည်လည်း သူမလောက် မလှပနိုင်။

တကယ်ပြောကြကြေးဆိုလျှင် ကျွန်တော့်ဘဝသည် လွတ်လပ်သည်။ မိခင်မုဆိုးမကိုပင် ထည့်တွက်ရန်မလို။ အမေကိုယ်တိုင်က ကျွန်တော့်ကို မိန်းမယူစေချင်လှပြီ။ သားအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း အမေသည် မြေးရူး ရူးနေသည်။ သူမကပင် 'ဒီမယ် သားရဲ့၊ သေးလွန်းရင် မလှ၊ ရွှေး လွန်းရင် မရတဲ့'ဟု ကျွန်တော့်ကို တရားချခဲ့သေးသည်။ မည်သည့်နည်းနှင့် မဆို မိန်းမယူစေချင်နေသည်။

ကျွန်တော်ကိုယ်တိုင်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်မို့

ရံဖန်ရံခါဆိုသလို အိမ်ထောင်ပြုလိုစိတ် ပေါ်ပေါက်တတ်သည်။ အကြိုက်မတွေ့၍ မဟုတ်စေကာမူ အနေမနီးစပ်မှုနှင့် အေးအေးဆေးဆေး နေတတ်မှုတို့ ကြောင့် မယူဖြစ်ခဲ့ခြင်းသာ ဖြစ်သည်။

ယခု ကျွန်တော် ထိတွေ့ နေရသော မိန်းကလေးမှာ ကျွန်တော့်အထင်၌ ရုပ်ရည်မဆိုး၊ ကိုယ်အင်္ဂါအချိုးအဆက်အရ အပျိုတစ်ယောက်ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိ။ ပြီး ကိုယ့်ဝမ်း ကိုယ်ကျောင်းနေသည်ကို မြင်ရခြင်းအား ဖြင့် ဘဝအမှီအတွယ် ကင်းမဲ့သူကလေးဖြစ်ကြောင်း သိသာသည်။ သည်သို့ဆိုလျှင် ..

ကျွန်တော့်ရင်သည် ပူနွေးလာရပြန်ပြီ၊ ရှိန်းမြလာရပြန်ပြီ။ သူမ၏မျက်နှာကို ငေးစိုက်ကြည့်နေရင်းမှပင် ကျွန်တော့်တွင် ပြင်းပြသော ဆန္ဒတစ်ရပ် ပေါ်ပေါက်လာသည်။ ချိုးနှိမ်မရလောက်အောင် ဖြစ်နေသည်။ ၎င်းမှာ အမျိုးသမီးကလေး၏ပါးပြင်ကလေးကို မွှေးကြူလိုက်ချင်သော ဆန္ဒပင်ဖြစ်သည်။

သည်မျှ မိုက်မဲသောအကြံအစည်မျိုး ဝင်လာသည်ကိုပင် မိမိကိုယ် မိမိ ဒေါသဖြစ်မိသည်။ သို့သော် အကယ်၍ ကျွန်တော့်အနေနှင့် သူမကို နမ်းခဲ့မည်ဆိုလျှင် သူမ သိရှိလိမ့်မည်မထင်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကြောင့် ကျွန်တော့်အပြုအမူကို သိမည်မဟုတ်၊ ရိပ်မိလိမ့်မည်မဟုတ်။ ကျွန်တော်မဟုတ်သော အခြားယောကျ်ားတစ်ယောက် ရှိလျှင်ကော။

ယင်းသို့ဆိုလျှင် အဓိပ္ပာယ်မှာ တစ်မျိုးတမည် ဖြစ်နေလိမ့်မည် ထင်သည်။ အမျိုးသမီးအတွက် စိတ်လေးပူပန်ဖွယ်ရာအဖြစ်မျိုးများ ပေါ်ပေါက် ချင် ပေါ်ပေါက်သွားပေလိမ့်မည်။

ကျွန်တော်သည် စိတ်ဆင်ရိုင်းကို ချွန်းအုပ်၍မရတော့နိုင်။ အမျိုး သမီး၏ခေါင်းကလေးကို နားထင်ဆီမှတွန်းကာ ကျွန်တော့်မျက်နှာဆီသို့ နီးကပ်လာစေလိုက်သည်။ ပါးကလေးကို ဖိနမ်းလိုက်မည် ပြုသည်။

သို့သော် ကျွန်တော့်အကြံအစည်မှာ မအောင်မြင်ပါ။ အလဟဿ သာ ဖြစ်ပါသည်။ အချည်းနှီးသာ ဖြစ်ပါသည်။

အမျိုးသမီးသည် ဆတ်ခနဲဖြစ်သွားသည်။ မျက်လုံးကလေးများ သည် ပွင့်လာသည်။ သူမ၏မျက်နှာနှင့် ကျွန်တော့်မျက်နှာတို့မှာ လက် တစ်လုံးစာသာ ကွာတော့သည်။ ထို့ကြောင့် မျက်လုံးဖွင့်ကြည့်သည်နှင့် တစ်ပြိုင်နက် သူမ၏မျက်နှာပေါ်မှာ စီးမိုးနေသည့် ကျွန်တော့်မျက်နှာကို နီးနီးကပ်ကပ်ကြီး တွေ့လိုက်ရပုံ ပေါ်သည်။ သူမသည် ရုတ်တရက် ဖျတ် ခနဲ လန့်သွားသည်။

ချက်ချင်းမှာပင် အခြေအနေကို နားလည်သွားဟန်ဖြင့် သူမက ပြုံးလိုက်သည်။ ပြီးလျှင် သူမ၏ကိုယ်မှာ ကျွန်တော့်ရင်ခွင်အတွင်း လုံးလုံး လျားလျား ရောက်ရှိနေသည်ကိုလည်း သတိပြုလိုက်မိပုံရသည်။

သူမက ကိုယ်ကို မတ်လိုက်သည်။ ရင်ခွင်အတွင်းမှ လူးလဲထလိုက်သည်။ သို့ဖြင့် သူမနှင့်ကျွန်တော်တို့ ဝေးကွာသွားသည်။

“ကျွန်မတို့ ဘယ်ရောက်နေပြီလဲ ဟင်”

မျက်စိများကို လက်ဖမိုးဖြင့် ပွတ်ရင်းမေးသည်။ သူမသည် အိပ်ချင်မပြေသေးကြောင်း ထင်ရှားသည်။ ပါးစပ်ကို လက်ဖြင့်ပိတ်ကာ ဝါးခန်းသမ်းလိုက်သည်။

"မိုးပက်လို့ တံခါးတွေပိတ်ထားတာနဲ့ ဘယ်နေရာရောက်နေမှန်း တောင်မသိတော့ဘူး"

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ "ကျွန်မအိပ်ပျော်တာ အတော်ကြာသွားသလား"

ကျွန်တော်က သူမကို ပြုံးပြလိုက်ပါသည်။

"ကြာမကြာတော့ မသိဘူး၊ မင်း ရန်ကုန်ဘူတာက ထွက်ကတည်းက အိပ်လိုက်လာတာပဲ"

အမျိုးသမီးသည် ပြန်ပြုံးပြသည်။ ကျွန်တော်ထင်သည့်အတိုင်းပင် ဖြစ်ပါသည်။ သူသည် ပြုံးလိုက်သောအခါ ပို၍လှလာသည်။ အိပ်လိုက်ရ ၍ပဲ ထင်သည်။ အားပြည့်လာဟန်ဖြင့် သူမ၏မျက်နှာကလေးမှာ လန်းဆန်း လာသည်။ ထို့ကြောင့် အပြုံးသည် တောက်ပရွှန်းလက်လာသည်။ "ရှင့်ကို ကျေးဇူးတင်ပါတယ်"

ကျွန်တော်က သူမကို နမ်းရန်ကြိုးစားမိခြင်းအတွက် နောင်တရလိုက်မိသည်။ သူမက ကျွန်တော့်ကို တကယ်တမ်း စိတ်ချယုံကြည်ဟန် ပေါ်ပေါက်လေလေ ကျွန်တော့်မှာ အနေရခက်လေလေ ဖြစ်သည်။

တံခါးရွက်ကို မ,လျက် ပြင်ပသို့ကြည့်မိသည်။ ရထားဝန်းကျင်တွင် မှောင်နေသည်။ မည်းနေသည်။

အတော်ကြီး ဝေးလံသောနေရာမှာသာ မီးရောင်အချို့ကို မြင်ရသည်။ ကျွန်တော့်စိတ်မှာ စနိုးစနောင့်ဖြစ်လာမိသည်။ မီးရောင်မှာ နီကျင်ကျင် လမ်းမီးရောင်များပင် ဖြစ်သည်။ သွယ်တန်းနေသည်။ ထိုမီးရောင်များ၏ သည်မှာဘက်တွင်ကား အပြန့်အပြောကျယ်လှသော လဟာပြင်ကြီးဖြစ်သည်။ ရေပြည့်နေသော လယ်ကွက်များဖြစ်သည်။ မြင်ကွင်းမှာ ကျွန်တော့်အဖို့ ဆန်းကြယ်နေသည်။

မီးရထားသည် စက်ရှိန်လျှော့လိုက်သည်။ နှေးကွေးသွားသည်။ ဘရိတ်သံများ ကြားရသည်။

"ဘူတာတစ်ခုပဲ၊ ဘာဘူတာလဲတော့ မသိဘူး"

ကျွန်တော်က ပြောလိုက်ကာ မထားသောတံခါးကို ချိတ်တွင် ချိတ်ထားလိုက်သည်။

အမှန်ပင် ရှေ့တွင် ဘူတာတစ်ခုရှိသည်။ ကုက္ကိုလ်ပင်များ တွေ့ရသည်။ ဘူတာပလက်ဖောင်းတစ်လျှောက် လျှပ်စစ်မီးတိုင်များ စီတန်းနေသည်။ ဘူတာရုံပြတင်းပေါက်များမှာ မီးရောင်တွေ့သည်။ သံလမ်းကို ဖြတ်ကျော်ထားသော ပေါင်းကူးတံတားရှိသည်။

ဘူတာအတွင်း မီးရထားဝင်လာသောအခါ ကျွန်တော်က ဆိုင်းဘုတ် ကို ဖတ်နိုင်ရန် ကြိုးစားသည်။ မှောင်နေသဖြင့် ရုတ်တရက် ဖတ်၍မရ။ ဖတ်၍ရလိုက်သော တဒင်္ဂတွင် ကျွန်တော်သည် တုန်လှုပ်သွားရသည်။ အံ့ဩ ထိတ်လန့်သွားရသည်။

ကျွန်တော်တွေ့ ရသည့် ဆိုင်းဘုတ်က

မင်္ဂလာဒုံ

အံ့ဩထိတ်လန့်ခြင်းကိုသာမက တွေဝေခြင်းကိုပါ တစ်ပြိုင်နက် ခံစားလိုက်ရသည်။

မင်္ဂလာဒုံဆိုတော့ ကျွန်တော်ဆင်းရမည့် ရေကူးဘူတာကိုသော်လည်း ကောင်း၊ အမျိုးသမီးဆင်းရမည့် ပုရွက်ဆိတ်ကုန်းဘူတာကိုသော်လည်း ကောင်း ကျော်ခဲ့လေပြီ၊ ဝေးခဲ့လေပြီ၊ လှမ်းခဲ့လေပြီ။

မည်သည့်နည်းဖြင့် သည်သို့ ကျော်လွန်ခဲ့လေသည်ကို စဉ်းစား၍ မရ။ တကယ်တမ်းတွင် ကျွန်တော်သည် ဘူတာစဉ်များကို မှတ်သားထားမိ ခဲ့ခြင်း မရှိ၊ အာရုံကလည်း အမျိုးသမီးထံတွင်သာ ရောက်နေသည်။ သည် နည်းဖြင့် ဘူတာစဉ်များကို အမှတ်မှားကာ သည်အထိ ကျော်လာခဲ့ခြင်းပင် ဖြစ်မည်ထင်ပါသည်။

"မင်္ဂလာဒုံ"

အမျိုးသမီးကလည်း ယင်းအမည်ကိုပင် အထိတ်တလန့်ရေရွတ်လိုက်သည်။ ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ "ရှင်က မင်္ဂလာဒုံမှာ နေတာလား "ဟင့်အင်း" အမျိုးသမီး၏မျက်နှာသည် တွေတွေကလေး ဖြစ်သွားသည်။ "ကျွန်မတို့ အများကြီးလွန်လာခဲ့ပြီပဲ" "ဟုတ်တယ်၊ ကိုယ့်အပြစ်ပါ၊ ကိုယ် သတိမထားမိလို့ဖြစ်ရတာပါ။ မိုးကလည်း ရွာနေတယ်မဟုတ်လား။ ရထားပေါ်မှာလည်း လူက နည်းတော့ အတက်အဆင်းမများကြဘူးမဟုတ်လား။ ပြီးတော့ တံခါးကလည်း ပိတ် ထားခဲ့တယ်မဟုတ်လား"

ကျွန်တော်က ပျာပျာသလဲ တောင်းပန်ရင်း အမျိုးသမီး၏မျက်နှာ ကို စူးစမ်းသလိုကြည့်နေမိသည်။ ကျွန်တော့်အပေါ် စိတ်ဆိုးသွားလေပြီ လား၊ ဒေါသဖြစ်သွားလေပြီလားနှင့်။

သို့သော် သူမ၏မျက်နှာတွင် တစ်စုံတစ်ရာ အပြောင်းအလဲဖြစ်ပေါ် မလာပါ။ စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း အရိပ်အယောင်ကို မမြင်ရပါ။ မည်သို့သော ထူးခြားဆန်းကြယ်သည့် ခံစားမှုကိုမှ ခံစားရဟန်မတူ။ ဘူတာ ရုံအတွင်းဆီသို့ ငေးကြောင်ကြောင်ကလေး စူးစိုက်ကြည့်နေသည်။ "ကိုယ် ဝမ်းနည်းပါတယ်"

ကျွန်တော်က ထပ်မံတောင်းပန်နေမိပြန်သည်။

အမျိုးသမီးသည် ကျွန်တော့်ဘက်သို့လှည့်ကြည့်လာသည်။ "ရှင်က ဘယ်ကိုပြန်မှာလဲဟင်"

သူမသည် အိပ်ချင်ပြေသွားဟန်တူသည်။ အသံသည် ပြတ်သား မာကျောလာသည်။

"ကိုယ်က ရေကူးဘူတာမှာ ဆင်းရမှာပါ။ ပထမ ကိုယ် ရည်မှန်းခဲ့တယ်လေ။ ရေကူးဘူတာကျရင် အမိကိုနှိုးမယ်၊ ကိုယ် ဆင်းနေခဲ့မယ်လို့ပေါ့။ အခုတော့"

မေးသာမေးသော်လည်း အမျိုးသမီးသည် ကျွန်တော့်စကားကို စူးစိုက်နားထောင်နေဟန်မတူ။ သူမက နှုတ်ခမ်းကိုကိုက်ကာ တွေတွေကလေး ရှိနေသည်။ ကျွန်တော်က စကားဆက်လိုက်သည်။

"အခုတော့ အပြန်ရခက်ပြီထင်တယ်၊ ရထား နောက်ထပ်သုံးလေးနာရီအတွင်း မရှိတော့ဘူးထင်တယ်"

"ရှင့်မှာ ခြေထောက်တွေရှိသားပဲ"

"ဟင် .. "

"ရှင့်မှာ ခြေထောက်တွေရှိသားပဲ၊ လမ်းလျှောက်ပြန်ပေါ့"

ကျွန်တော်၏မျက်နှာတွင် သူမအတွက် စိုးရိမ်ကြောင့်ကြလျက် ရှိ ရဟန်ကို သူမ ရိပ်မိဟန်ဖြင့် ပြုံးလိုက်သည်။

"ရှင်နဲ့ကျွန်မပေါ့၊ ကျွန်မတို့နှစ်ယောက် အတူတူ လမ်းလျှောက်ပြန်ကြတာပေါ့"

"ရှင်နဲ့ ကျွန်မ ဟုတ်လား"

ကျွန်တော် သူမ၏စကားကို ပဲ့တင်ထပ်လိုက်မိသည်။

သူမက ပိုမိုပြည့်ဝစွာ ပြုံးလိုက်ပြန်ရင်း "ကျွန်မအဖို့ကတော့ မဆန်း ပါဘူး။ အိပ်ပျော်ပြီး ဂိတ်ဆုံးအထိပါသွားရာက လမ်းလျှောက်ပြန်ရတာမျိုး တွေ ရှိုးနေပါပြီ"

သူမက ပေါ့ပါးစွာပြောနေခြင်းဖြစ်သည်။ ဘာကိုမျှ အရေးမထား ဟန်ဖြင့် သမ်းဝေလိုက်သည်။

"မိုးတွေရွာနေတယ်"

"ရွာပလေ့စေပေါ့"

"လေကလည်း တအားတိုက်နေတယ်"

"တိုက်ပလေ့စေပေါ့"

"မှောင်လည်း မှောင်နေတယ်လေ"

"မှောင်ပလေ့စေပေါ့"

"ခရီးက အဝေးကြီး"

"ဝေးပလေ့စေပေါ့"

ပြောရင်းမှာပင် သူမက သူမ၏အဖြေကို သဘောကျဟန်ဖြင့် လွတ်လပ်ပွင့်လင်းစွာ ရယ်မောလိုက်သည်။

(၆)

စိတ်တွင် သက်သာရာရလာသည်။

အမျိုးသမီးသည် ကျွန်တော့်အပေါ် စိတ်ဆိုးဟန်မပြ။ အပြစ်တင်လိုပုံ မပေါ်။ ဖြစ်နေကျ အဖြစ်မျိုးမို့ ခွင့်လွှတ်ပြီးသား ဖြစ်ပုံရသည်။ ကျွန်တော်တို့သည် ရထားတွဲပေါ်မှ ဆင်းခဲ့ကြသည်။ ကျွန်တော်တို့နှစ်ယောက်လုံးတွင်ပင် မိုးကို ကာကွယ်ရန် အဆောင်း အကာ မပါခဲ့ကြပေ။ ဘူတာရုံအမိုးအောက်သို့ နှစ်ယောက်အတူ ပြေးဝင် မိုးခိုကြရသည်။

ဘူတာရုံအတွင်းမှ လက်ဖက်ရည်ဆိုင်မှာ မသိမ်းသေးပါ။ လူသုံး လေးယောက်စာ ရှိနေသည်။ စာအုပ်ဆိုင်ကား နောက်ဆုံးဝင်လာသော ရထားကို စောင့်ပြီးနောက် စတင်သိမ်းဆည်းခြင်းပြုနေသည်။

လျှောက်ရမည့်ခရီးစဉ်ကို မှန်းဆကြည့်မိသောအခါ မနီးလှကြောင်း တွေ့ရသည်။ အနမ်းပင်ရွာဘက်တွင် သစ်တောအုပ်များဖြင့် မှောင်မည်း နေသည်။

ကျွန်တော့်အတွက်မူ ကိစ္စမရှိ၊ ယောကျ်ားတစ်ယောက်၊ စစ်သားလူ ထွက်တစ်ယောက်။ အပင်ပန်းခံနိုင်သည်။ အကြမ်းပတမ်းခံနိုင်သည်။

ပြီး မိန်းကလေးတစ်ယောက်။ မိမိ နှစ်သက်မြတ်နိုးနေသော မိန်းကလေးတစ်ယောက်နှင့် အတူသွားရမည်ဆိုသောအခါ ပို၍ပင် ကျေနပ်မိသည်။ လမ်းတွင် ပျင်းရိစရာမရှိ၊ ငြီးငွေ့ ဖွယ်ရာ မရှိ။ ကမ္ဘာအစွန်းသို့တိုင် သွားရမည်ဆိုပါကလည်း သွားမိမည်သာ။

ကျွန်တော် စိုးရိမ်နေမိသည်မှာ အမျိုးသမီးအတွက် ဖြစ်ပါသည်။ သူမသည် ဆယ့်နှစ်နာရီမျှ မရပ်မနား ဝမ်းစာရှာခဲ့ရသည်။ ပင်ပန်းနွမ်းနယ် ၍ နေရှာသည်။ အိပ်ရေးပျက်ခဲ့သည်။ ထို့ကြောင့်ပင် သည်ခရီးမှာ သူမ အတွက် ဝေးကွာလွန်းရာကျနေလေမလား တွေးတောစိတ်ပူမိသည်။ “မင်း လျှောက်နိုင်ပ့ါမလားဟင်”

ကျွန်တော် မေးမိသည်။

“ပြောပါပကော၊ ကျွန်မအဖို့ မဆန်းပါဘူးလို့၊ လျှောက်နေကျပါ”

သည်တော့လည်း ကျွန်တော့်တွင် ပြောစရာစကားမရှိတော့ပါပြီ။ “ဆာလိုက်တာရှင်”

သူမက သတိရလာသလို ဆိုသည်။

စင်စစ် ကျွန်တော်ကိုယ်တိုင်လည်း ဗိုက်ကို သတိရလာမိပြီ ဖြစ်ပါသည်။ ဆာလောင်မွတ်သိပ်မှုကို ခံစားနေရသည်ပင် ဖြစ်ပါသည်။ အပြန် အတွက် ရင်မောနေမိ၍ မေ့ပျောက်သလိုရှိနေရခြင်း ဖြစ်သည်။

“ကော်ဖီသောက်ကြရအောင်လားဟင်”သူမက စတင်ဖိတ်ခေါ်သည်။ ကျွန်တော်က ခပ်ဆိုင်းဆိုင်းဖြစ်နေသည်ကို ကြည့်ကာ ပြုံးလိုက်ရင်း ‘ကျွန်မက တိုက်မှာပါ'ဆိုသည်။

စင်စစ် ကျွန်တော့်အနေနှင့် ခပ်ဆိုင်းဆိုင်းဖြစ်နေရခြင်းမှာ စတင် ဖိတ်ခေါ်ခြင်းမပြုလိုက်မိသည်ကို စိတ်မကောင်းသည့်အတွက် ဖြစ်သည်။ ထိုသည်ကိုပင် သူမက အဓိပ္ပာယ်ကောက် လွဲသွားပုံရသည်။

ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်ခဲ့သည်။ ဆိုင်ထဲတွင် ကျွန်တော်တို့ထက်စောစွာ ရောက်ရှိနေသော အရပ် သား လူရွယ်သုံးယောက်နှင့် စစ်သားတစ်ယောက် ရှိနေသည်။

စစ်သားမှာ လေတပ်သားတစ်ယောက်ဖြစ်သည်။ သစ်လွင်သော လေတပ်ယူနီဖောင်းကို သေသပ်စွာဝတ်ထားသည်။ သူ့ကိုကြည့်ရသည်မှာ အသစ်တစ်ယောက်၊ သို့မဟုတ် ကျောင်းဆင်းပြီးစ လူရွယ်တစ်ယောက် ဖြစ်ပုံရသည်။ ယူနီဖောင်းကို ဝတ်ထားရသည့်အတွက် များစွာဂုဏ်ယူနေပုံ ရသည်။

စင်စစ် ဤသည်မှာလည်း မဆန်းလှပါ။ ကျွန်တော်တို့တုန်းကလည်း သည်သို့ပင်ဖြစ်သည်။ ယူနီဖောင်းအသစ်ကလေး ဝတ်ရစ ခြေတကြွကြွ နှင့် ဂုဏ်ယူမဆုံး ဖြစ်ခဲ့မိသည်။ ကြာမြင့်လာသော အခါကျမှ ငြီးငွေ့ လာ ရသည်မှာ ဓမ္မတာ၊ လူရွယ်၏ယူနီဖောင်းတွင် ဘာအရစ်မှမပါ၊ ဘာကြိုးမှ မပါ။ ထို့ကြောင့် သာမန်တပ်သားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။ ကျွန်တော်တို့ ဝင်လာသည်ကို စောစောကတည်းကပင် သူတို့က စောင့်ကြည့်နေခဲ့ကြသည်။ အထူးသဖြင့် အမျိုးသမီးကို ပိုမိုကြည့်ကြသည်။

စူးစူးစိုက်စိုက် နိုင်လှသည်။

သူတို့၏အကြည့်ကို ကျွန်တော် မနှစ်ခြိုက်လှပါ။ စိတ်အနှောင့် အယှက် ဖြစ်ရသည်။

အကယ်၍ သူတို့ကသာ အားကျသောအကြည့်ဖြင့် ကြည့်ခဲ့မည်ဆို လျှင် ကျွန်တော် များစွာဝမ်းမြောက်မိမည် ဖြစ်သည်။ မည်သူမဆို မိမိနံဘေး တွင် ပါသော မိန်းကလေး၏အလှကို ချီးကျူးသည့်ဟန်ဖြင့် ကြည့်လာမည် ဆိုလျှင် ဝမ်းမြောက်မိမည်အမှန်၊ ဂုဏ်ယူမိမည်အမှန်။ သူတို့အကြည့်တွင် အားကျမည့်ဟန် ပါလာမည်ဆိုလျှင် ပို၍ပင် ကျေနပ်မိပေလိမ့်မည်။

ယခုမူ သူတို့၏အကြည့်များက အမျိုးသမီးအား အထင်သေးဟန်

ပါနေသည်။ အပေါစားလေလားဟု စူးစမ်းမှုများ ပါဝင်နေသည်။ အမျိုးသမီးသည်လည်း သူတို့အားလုံးကို ကွက်ခနဲ တစ်ချက်ကြည့် လိုက်သည်။ အရပ်သားများကိုမူ သူမသည် ယေဘုယျမျှလောက်သာကြည့် ပြီး ယူနီဖောင်းဝတ် လေတပ်သားကိုမူ အတော်ကြီး စူးစိုက်စွာကြည့်လိုက် ကြောင်း မြင်ရသည်။

"ကော်ဖီနှစ်ခွက်"

ကျွန်တော်က စားပွဲတွင် ဝင်ထိုင်ရင်း မှာလိုက်သည်။

"မုန့်ပါချပါ"

အမျိုးသမီးက ဆိုလိုက်သည်။

ကျွန်တော်သည် မိမိကိုယ်ကိုယ် ထပ်၍အပြစ်တင်လိုက်မိပြန်သည်။ ကျွန်တော်သည် မိမိကိုယ်မိမိ များစွာ ကပ်စေးနှဲသူတစ်ယောက်ဟု မထင်။ သို့သော် ငွေကို ချင့်ချင့်ချိန်ချိန် သုံးတတ်သော အလေ့အကျင့်ကိုမူ အမေ့ ထံမှ အမွေဆက်ခံခဲ့ရသည်။ ငွေကုန်ကြေးကျဖြစ်ရမည့် ကိစ္စတိုင်းတွင်

လက်နေ့းနေတတ်သည်။

စားပွဲတွင် ဝင်ထိုင်လိုက်ကြသောအခါ ကျွန်တော်သည် အမျိုးသား တစ်စုကို ကျောပေးလျက်သား အနေအထားသို့ ရောက်သွားသည်။ အမျိုးသမီးမှာမူ မျက်နှာချင်းဆိုင်အနေအထားသို့ ရောက်ရှိသွားသည်။

သူမသည် ကျွန်တော့်ပခုံးမှကျော်ကာ ထိုလူစုကို အကဲခတ်သလို ကြည့်လျက်ရှိသည်။

အာရုံများစွာ စူးစိုက်ထားသလို မျက်လုံးကလေးမှာ မှေးကျဉ်းလျက် မျက်မှောင်ကြုတ်ထားသည်။ အထူးသဖြင့် သူမသည် လေတပ်ယူနီဖောင်း ဝတ်ထားသူကို စူးစိုက်လျက်ရှိသည်။ သိဟောင်းကျွမ်းဟောင်းတစ်ယောက် ကို ထပ်မံတွေ့ ရကာ ဇဝေဇဝါလည်း ခံစားနေရဟန်မျိုး ရှိသည်။ ကော်ဖီပန်းကန်နှင့် မုန့်များ လာချပေးသည်။ “ပူပူလေး သောက်လိုက်လေ၊ အချမ်းသက်သာတာပေါ့”

ကျွန်တော် ဆိုမိသည်။

ရထားတွဲမှ ဘူတာရုံအတွင်း ပြေးဝင်လာကြသောအခါ မိုးအနည်း ငယ် မိခဲ့ကြသည်။ အမျိုးသမီး၏ဆံပင်မှာ စိုရွှဲနေသည်။ ယခုအခါ ဆံပင် သည် ပွယောင်းမနေတော့ဘဲ ခေါင်းတွင် ချပ်ရပ်နေသည်။ မျက်နှာတွင် ရေစက်ရေပေါက်များ ကပ်ညိနေဆဲဖြစ်သည်။

သူမ၏နှုတ်ခမ်းကလေးများမှာ နီရဲမနေတော့ ပြာနေသည်။ ချမ်းဟန် ဖြင့် လက်မောင်းသားတွင် မွေးညင်းနုကလေးများ ထောင်နေသည်။ ကြက် သီးလုံးကလေးတွေ ထနေသည်။

အမျိုးသမီးသည် ကျွန်တော့်စကားကို ကြားဟန်မတူ။

သူမသည် ယခုတိုင် အခြားစားပွဲမှလူသိုက်ကို ကြည့်နေဆဲဖြစ်သည်။ သူမ၏မျက်လုံးများသည် တစ်နေရာတည်းမှာသာ ရပ်တည်နေသည်။ သူငယ်အိမ်သည် လှုပ်ရှားခြင်း ကင်းနေသည်။ အခါတိုင်းထက် ရှင်သန်ကာ တောက်တောက်ပပ ရှိနေသည်ကိုလည်း တွေ့ ရပါသည်။

ကျွန်တော်က နောက်သို့ သမင်လည်ပြန်ကြည့်မိသည်။ သည်မှာ ဘက်သို့ ကြည့်နေသော သူတို့နှင့် မျက်နှာချင်းဆိုင်မိသည်။ မျက်လုံးချင်း ဆုံမိသည်။ အထူးသဖြင့် လေတပ်သားနှင့် ဖြစ်သည်။

သူ၏မျက်နှာသွင်ပြင်ကို ကျွန်တော် မနှစ်ခြိုက်၊ မချိုမချဉ်နှင့်။ သို့သော် သူကား ငယ်ရွယ်ချောမောသောသူ တစ်ယောက်ကား ဖြစ်လေသည်။ သူတို့အနေနှင့် အမျိုးသမီးနှင့် ကျွန်တော့်ကို လင်မယားထင်သွား ပါစေဟု စိတ်ထဲမှ ကျိတ်၍ဆုတောင်းနေမိသည်။

ကျွန်တော့်ဆုတောင်း မပြည့်ဝခဲ့သည်မှာ သူတို့ပြောစကားများအရ ထင်ရှားနေသည်။

“ဒီအသက်အရွယ်ကလေးနဲ့ ပျက်စီးနေတာ ဝမ်းနည်းစရာပဲဗျာ”

“ဟုတ်ပါရဲ့၊ ရုပ်ကလေးက သနရုပ်ပနဲ့”

“ပျက်စီးခါစနဲ့ တူပါတယ်။ သိပ်အဆိုးကြီးထဲကတော့ ဟုတ်ဟန် မတူပါဘူး”

သူတို့၏မှတ်ချက်သည် ကျွန်တော့်နှလုံးသားကို နာကျင်သွားစေသည်။ ရင်ကို ဆို့နင့်သွားစေသည်။

သို့သော် သူတို့ကို ကျွန်တော် အဘယ်သို့ အပြစ်တင်ရက်ပါမည်နည်း။

အချိန်က အကာလ။

နေရာက ဘူတာရုံ။

သည်တော့လည်း သူတို့အနေနှင့် သည်သို့သော ကောက်ချက်က လွဲ၍ တခြားကောက်ချက်ကို မည်သို့လျှင် ပေးပါမည်နည်း။

“အဓိကတရားခံကတော့ စစ်ပါပဲဗျာ။ ကျွန်တော်တို့တိုင်းပြည်မှာ စစ်ဒဏ် အမျိုးမျိုးခံစားရတော့ ဒီလိုအမျိုးသမီးတွေ အများကြီး ပေါက်ဖွား လာရဖို့

ဖြစ်လာရတာပေါ့။ စစ်ဟာ တခြားဟာတွေကိုသာမက လူတွေရဲ့ အကျင့်စာရိတ္တကိုပါ အများကြီး ဖျက်ဆီးသွားခဲ့တာပဲ”

သူတို့လူသိုက်တွင် အသက်အကြီးဆုံး ဖြစ်ဟန်တူသောသူက မှတ်ချက်ချလိုက်သည်။

သူ၏စကားသည် ကျွန်တော့်နှလုံးသားကို ထိခိုက်သွားစေသည်။ ကျွန်တော့်အဖြစ်ကို ပြန်လည်သတိရလာစေသည်။ ကျွန်တော်ကိုယ်တိုင်က လည်း စစ်၏သားကောင်ပင် မဟုတ်ပါလော။

မည်သို့ပင်ဆိုစေ ကျွန်တော့်စိတ်မှာ ကျဉ်းကျပ်လာသည်။ သည်နေ ရာမှ အမြန်ဆုံးထွက်ခွာသွားချင်သည်။ ဆက်၍ ထိုင်နေမိပါက သူတို့နှင့် ရန်သတ္တရုပြုချင်စိတ် ပေါ်ပေါက်လာနိုင်သည်။

အမှန်တော့ အမျိုးသမီးကို သူတို့ထက် ကျွန်တော်သိသည်။ အမျိုး သမီးမှာ သူတို့ထင်သည့်အစားထဲက မဟုတ်နိုင်ဟု အတပ်တွေးမိသည်။ သူမ၏ တစ်ဝမ်းတစ်ခါးအတွက် ရုပ်ရှင်ရုံတွင် တိုလီနပ်စ ရောင်းနေခဲ့သည် မဟုတ်လား။ အကယ်၍ မကောင်းသောအသက်မွေးမှုကို ပြုနေသူသာ ဆိုပါက သူမကို ရုပ်ရှင်ရုံထဲတွင် တွေ့ ရလိမ့်မည်မဟုတ်။ ရုပ်ရှင်ရုံ ပေါ်တီကိုအောက်၊ သို့မဟုတ် ကွန်တီနင်တယ်အောက်တို့တွင်သာ တွေ့ ရနိုင်မည် ဖြစ်သည်။

တောရမ်းမယ်ဖွဲ့ ပြောတတ်သူတို့ရှေ့တွင် ကြာရှည်မနေချင်။ အချိန်ကလည်း လင့်လာပြီမဟုတ်လား။

အမျိုးသမီးသည် ကော်ဖီကို လက်စသတ်လိုက်သည်။ မုန့်မှာခဲ့သော်

လည်း သူမရော ကျွန်တော်ပါ မစားဖြစ်ခဲ့ကြ။

ကျွန်တော်က စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်သည်။ မီးခိုးများကို မှုတ်ထုတ်ခြင်းနှင့်အတူ မေးလိုက်မိသည်။

“ပြန်ကြတော့မယ်မဟုတ်လားဟင်”

ပြန်ကြရအောင်ဟု ပိုင်ပိုင်နိုင်နိုင် မပြောမိဘဲ သွေးတိုးစမ်းသလို 'ပြန်ကြတော့မယ်မဟုတ်လား'ဟု မေးမိသည့်အတွက် မိမိကိုယ်မိမိ ဒေါသဖြစ်မိသည်။ သူမနှင့် ကျွန်တော်တို့ များစွာမရင်းနှီးသည့်အကြောင်းက ယင်းစကား ကြောင့် ပေါ်လွင်သွားရသည်။

သူမက နေရာမှထလိုက်သည်။ ဘော်လီအင်္ကျီအိတ်အတွင်းမှ မတ် စေ့ နှစ်စေ့ကို စားပွဲပေါ်သို့ ချလိုက်သည်။

“နေပါစေ၊ ကိုယ်ပေးလိုက်ပါမယ်”

ကျွန်တော်က ကျပ်တန်တစ်ရွက်ကို ထုတ်ယူကာ စားပွဲထိုးကောင် လေးကို လှမ်းပေးလိုက်သည်။

အမျိုးသမီးက ကန့်ကွက်တားမြစ်ခြင်းမပြု။ မတ်စေ့နှစ်စေ့ကို ကောက်ယူကာ အင်္ကျီအိတ်အတွင်း ပြန်ထည့်ထားလိုက်သည်။ ပြောမည့် သာပြောရသည်။ သူမအနေနှင့် ငွေဝါးမှုးဆိုသည်မှာပင် အလဟဿ အကုန်

မခံနိုင်ကြောင်း ထင်ရှားနေသည်။

ထိုင်ရာမှ ထလိုက်ကြသည်။ ဆိုင်အတွင်းမှ ထွက်ခဲ့ကြသည်။ နောက်သို့ ပြန်လှည့်ကြည့်သောအခါ စားပွဲမှလူများက အမျိုးသမီး၏ နောက်ကျောပိုင်းကို ငေးစိုက်ကြည့်နေကြကြောင်း တွေ့လိုက်ရပါသည်။

(၇)

မိုးရွာနေလေဆဲ။

ပို၍ပင် သည်းထန်နေလေသလား ထင်ရသည်။ ဘူတာရုံ တံစက်မြိတ်အောက်မှ ထွက်လိုက်ပြီဆိုသည်နှင့်တစ်ပြိုင် နက် မိုးစက်မိုးပေါက်များသည် ကိုယ်ပေါ်သို့ကျလာသည်။ ချက်ချင်းမှာပင် ဆံပင်နှင့် အင်္ကျီများမှာ စွတ်စိုသွားသည်။ အစသော် ကျွန်တော်တို့နှစ်ယောက် ခပ်ခွာခွာလျှောက်ခဲ့ကြသည်။ ဘူတာရုံပလက်ဖောင်းဆုံးလေမှ တစ်ယောက်နှင့်တစ်ယောက် နီးကပ်လာ ကြသည်။

ကျွန်တော်တို့ လျှောက်ရမည့် တူရူခရီးသည် မိုးအမှောင်နှင့် ညဥ့်အမှောင်တို့အောက်တွင် ပျောက်ကွယ်နေသည်။ အနမ်းပင်ရွာသည် သစ်ပင်များ၊ ဝါးပင်များဖြင့် မှောင်ပိန်းနေသည်။

မင်္ဂလာဒုံတောင်ကုန်း မိုးမိုးအောက်မှ လေယာဉ်လမ်းပြမီးဆလိုက် စိမ်းသည်သာ တစ်ခါတစ်ခါ ပေါ်လာတတ်သည်။ ကျွန်တော်တို့သည် နက်ရှိုင်းသော အမှောင်အတွင်း တိုးဝင်ခဲ့ကြသည်။ မှောင်လိုက်သမှ မည်းနေသည်။ လမ်းကိုပင် မမြင်သာ။ ခြေကို စမ်း၍ချနေရသည်။

"ကိုယ်တို့ ဒီအတိုင်း ဆက်သွားလို့ဖြစ်ပါ့မလားဟင်"

ကျွန်တော်က စိုးရိမ်မကင်းသလို မေးမိသည်။

"ဘာဖြစ်လို့လဲဟင်"

"သိပ်မှောင်နေလို့ပါ"

အမျိုးသမီးက ကျွန်တော့်ဘက်သို့ တိုးကပ်လာသည်။ "ဘာလဲ ရှင်က ကြောက်နေလို့လား"

သည်အမေးကို မေးစဉ် သူမသည် ကျွန်တော့်မျက်နှာကို အမှောင်ထဲ မှပင် စူးစိုက်ကြည့်နေလိမ့်မည်ထင်သည်။

"ကိုယ့်အတွက်က ကိစ္စမရှိပါဘူး၊ ကိုယ်က ယောကျ်ားပါ။ မင်းများ ကြောက်နေမလားလို့"

"ကျွန်မက မကြောက်ဘူးဆိုရင်ကော"

ကျွန်တော်က သက်ပြင်းရှိုက်လိုက်မိသည်။

"မင်းမှာ ဘာကြောင့် ဒီလိုသတ္တိတွေ ရှိနေရတာလဲဟင်" ကျွန်တော့်အမေးကို အမျိုးသမီးက အသံလွင်လွင်ကလေးဖြင့် ရယ်မောပစ်လိုက်သည်။

"ကျွန်မစကားက သိပ်များကြီးကျယ်နေမလားမသိဘူး၊ ဒီလိုသတ္တိ တွေကို

ဘဝကပေးခဲ့တာပေါ့။ ဘဝရပ်တည်ရေးအတွက် ဘာမဆို စွန့်စား လာရတယ်၊ ရင်ဆိုင်လာရတယ်။ ဒီလိုနည်းနဲ့ သတ္တိဆိုတာ အလိုလိုရှိလာ ရတယ်။ ဒါပါပဲ”

ကျွန်တော် နှစ်ခြိုက်သော၊ မြတ်နိုးသောမိန်းကလေးတွင် ယင်းသို့သော အတွေးအခေါ်မျိုးရှိသည်ကို တွေ့ ရသောအခါ ကျွန်တော် ဝမ်းသာမိသည်။

“ကိုင်း...ရှင်ဘာပြောဦးမလဲ”

“ဆက်ပြီးလျှောက်ကြစို့လို့ပဲ ပြောချင်ပါတယ်ကွယ်” ကျွန်တော်တို့သည် ရယ်မောလိုက်ကြသည်။

ဆက်လက်လျှောက်ခဲ့ကြသည်။ အမှောင်အတွင်းသို့ ပိုမိုတိုးဝင်ခဲ့ ကြသည်။ မိုးစက်မိုးပေါက်တို့သည် ဆံပင်အတွင်းမှ မျက်နှာသို့ စီးကျလာသည်။ ယခုအခါ တစ်ကိုယ်လုံး မိုးစွတ်စိုခဲ့ပါပြီ။ တစ်ကိုယ်လုံး အေးမြလျက် ရှိရပါပြီ။

လျှပ်စီး လင်းပြက်လိုက်သောအခါမှလွဲလျှင် အရာရာတိုင်းသည် အမှောင်နှင့်မည်းမည်း ဖြစ်နေသည်။ လျှပ်စီးလင်းပြက်လိုက်လျှင်ကား နေ့ခင်းတမျှ လင်းထင်းလာတတ်သည်။ ထိုအခါတွင်မှ လမ်းကို ကျွန်တော်တို့ မှန်းဆ၍ရကြသည်။ သို့မဟုတ်လျှင်ကား ဇလီဖားတုံးကို နင်းမိရဖို့ မလွယ်။ ခြေသည် ဇလီဖားတုံးနှင့် ကင်းကွာကာ ကျောက်ခဲများကို နင်းမိ ရတတ်သည်။

မီးရထားသံလမ်းပေါ်မှ လျှောက်ရန်စိတ်ကူးပေါက်မိသည်။

သံလမ်းပေါ်သို့ တက်လိုက်သည် ဟန်ချက်မညီသဖြင့် မကြာခဏ ချော်ကျသည်။ အမျိုးသမီးကလည်း ကျွန်တော့်လိုပင် သံလမ်းပေါ်မှ တက်

လျှောက်ရန် ကြိုးစားသည်။ မကြာခဏ ချော်ကျနေကြောင်း တွေ့ ရသည်။ “ကိုယ့်လက်ကို လှမ်းဆွဲလိုက်” ကျွန်တော်က အမျိုးသမီးဘက်သို့ လက်ကမ်းပေးရင်းက ပြောလိုက်သည်။

သူမက လက်ကို တော်တော်နှင့်လှမ်းမကိုင်ပေ။

“ဘာလုပ်ဖို့လဲဟင်”

မကျေနပ်နိုင်သလို မေးသည်။

“ဟန်ချက်ညီသွားအောင်ပါ၊ တစ်ယောက်နဲ့တစ်ယောက် ထိန်းနိုင်အောင်ပါ”

ထိုအခါကျမှ အမျိုးသမီးက သဘောပေါက်သွားသလို ကျွန်တော့် လက်ကို လှမ်းကိုင်လိုက်သည်။

ငယ်ငယ်တုန်းကလိုပင် ဖြစ်ပါသည်။ ငယ်စဉ်က ကျွန်တော်တို့ သည်လိုပဲ မီးရထားသံလမ်းပေါ်မှာ တစ်ယောက်လက်ကို တစ်ယောက်ဆုပ် ကိုင်ရင်း လျှောက်ခဲ့ကြဖူးသည်။ တစ်ယောက်က ယိမ်းယိုင်သွားလျှင် တစ် ယောက်က ထိန်းကိုင်စတမ်း။

မီးရထားသံလမ်းများက ဖြောင့်တန်းနေကြသည်။ မျက်စိတစ်ဆုံး ဖြစ်သည်။ တမျှော်တခေါ်ကြီးဖြစ်သည်။

မျဉ်းပြိုင်နှစ်ကြောင်း မဆုံကောင်းဟု ဆိုစမှတ်ပြုထားကြသည်။ သို့သော်

သူတို့တွင် ဆုံမှတ်ဟူသည်ကား ရှိသည်။ မျက်စိတစ်ဆုံးကြည့်လျှင် တစ်နေရာတွင် ဆုံသည်ဟုထင်ရသည်။ စင်စစ် တကယ်တမ်း ဆုံမိကြသည် ကား မဟုတ်ပါ။ ဆုံသည်ဟုထင်ရခြင်းသာ ဖြစ်သည်။

ကျွန်တော်နှင့် အမျိုးသမီးတို့သည် မျဉ်းပြိုင်အတိုင်း လျှောက်နေကြ ခြင်း ဖြစ်သည်။

မျဉ်းပြိုင်နှစ်ကြောင်း မဆုံကောင်းဆိုသည့်အတိုင်း ဆုံမှ ဆုံကြပါလေ မည်လားဟု စဉ်းစားမိသေးသည်။ သို့သော် လက်ချင်းတွဲထားကြသည်ဖြစ် ၍ ဆုံမိသည်ဟုပင် ဆိုရလိမ့်မည်ထင်ပါသည်။

မျဉ်းပြိုင်နှစ်ကြောင်း၏ ဆုံမှတ်သည် ရှေ့သို့တိုးသွားလေလေ ဝေးကွာသွားလေလေ ဖြစ်သည်။ စင်စစ် ဆုံမှတ်ရှိနေသည်ဆိုခြင်းကပင် စိတ်ကူးယဉ်အထင်သာ ဖြစ်သည်။ ဝိုးတဝါးအတွေးသာ ဖြစ်သည်။ ကျွန်တော်နှင့် အမျိုးသမီးတို့သည် ယခုအခါ မျဉ်းပြိုင်အတိုင်း လျှောက်ခဲ့ကြသည်။ ဆုံမှတ်တစ်ခုတွင် ဆုံနေကြသည်။ သို့သော် ကြာလေ လေ ဆုံမှတ်သည် ဝေးကွာသွားလေလေ ဖြစ်သည်ဆိုခြင်းကို ထိုစဉ်က မစဉ်းစားမိဘဲရှိခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်သည် လေတပ်ဘူတာသို့ ရောက်လာကြသည်။ ဘူတာရုံဆိုသော်လည်း မည်ကာမတ္တမျှသာ ဖြစ်သည်။ သက်ငယ်မိုး ထရံကာတဲကလေးတစ်လုံးမျှသာ ဖြစ်သည်။ ထိုတဲကလေးအတွင်းဝယ် လူမရှိ။ ၎င်း၏ရှေ့နောက်ဝဲယာတွင်လည်း လူအရိပ်အယောင်ကို မမြင်ရ။ ပကတိမှောင်မည်းခြင်းသာ။ ပကတိ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ။ အမျိုးသမီးသည် စိတ်ဓာတ်ကျပုံမရ၊ ကြောက်ရွံ့ပုံ မပြ။

“ပျော်စရာအကောင်းသားနော်”

သူမက ဆိုသည်။

ကျွန်တော်က ဘာမျှပြန်မပြောမိ။

“ကျွန်မလေ အခု မိုးရွာထဲမှာ လမ်းလျှောက်ရတာကို ပျော်တယ်။ မိုးက ကျွန်မရဲ့ကိုယ်ကို စွတ်စိုလာတာ၊ မိုးရေစက်တွေက မျက်နှာကို ရိုက် ခတ်လာတာ နှစ်ခြိုက်မိတယ်”

ကျွန်တော်က လျှပ်လက်သည့်အခါတိုင်း သူမကို စောင်းငဲ့ကြည့် လိုက်မိသည်။ ဘေးတိုက်အနေအထားအရ တွေ့ ရသော သူမ၏မျက်နှာကို တိတ်တခိုး စူးစိုက်ကြည့်မိသည်။

သူမ၏မျက်နှာကလေးမှာ ရွှင်နေပါသည်။ ကြည်လင်နေပါသည်။ စိုးစဉ်းမျှ စိုးရိမ်ထိတ်လန့်ပုံမပြ၊ အဘယ်ကြောင့် သည်မျှအထိ တည် ငြိမ်ကြောင်း ကျွန်တော်မတွေးတတ်။

“မင်းမှာ နောက်ဆံတင်းရမယ့်သူ မရှိဘူးလား”

“ဘာလဲ နောက်ဆံတင်းရမယ့်သူဆိုတာ”

“ဩော်...အိမ်ကမျှော်နေမယ့်သူ မရှိဘူးလားလို့ မေးတာပါ'

"ရှိတာပေါ့၊ ဒါပေမဲ့ ကျွန်မအဖို့ အိမ်ပြန်နောက်ကျတယ်ဆိုတာ ရိုးနေပါပြီ"

"စောစောကပြောသလို ရထားပေါ်မှာ အိပ်ပျော်ပြီးပါသွားတာ အကြိမ်ကြိမ်ပဲလား"

"ဒါပေါ့၊ မရေမတွက်နိုင်အောင်ပဲပေါ့"

ကျွန်တော်တို့သည် တိတ်ဆိတ်သွားကြကာ လမ်းကိုသာ တွင်တွင်လျှောက်လာခဲ့ကြသည်။ အမျိုးသမီးအနေနှင့် ဘာတွေတွေးနေမည်မသိပါ။ ကျွန်တော်ကမူ သည်ကနေ့ည သူမကို အိမ်သို့အရောက်လိုက်ပို့ပေးမည်။ နာမည်မေးမည်။ လိပ်စာမှတ်ထားမည်။ မနက်ဖြန်၊ သို့မဟုတ် နောက်ရက် များတွင် သူမထံသို့သွားမည်၊ စသည်ဖြင့် တွေးနေမိပါသည်။ "ရှင့်မှာရော "

"ဟင် "

"ရှင့်မှာရော နောက်ပိုင်းက ပူမယ့်လူ မရှိဘူးလား၊ မျှော်နေမယ့်လူ မရှိဘူးလား"

"မရှိပါဘူး၊ ကိုယ်က တစ်ကောင်ကြွက်ပါ၊ အထီးကျန်ပါ"

"စိတ်တောင်မကောင်းဘူး"

"ဘာကိုလဲကွယ်"

"ဒီအသက်အရွယ်အထိ တစ်ကောင်ကြွက်ဖြစ်နေတာကိုပေါ့၊ အထီးကျန်ဖြစ်နေတာကိုပေါ့ "

"ကိုယ်ကတော့ ဒီအတွက် ဝမ်းမနည်းမိပါဘူး၊ နောင်တ မရမိပါဘူး၊ စိတ်မကောင်းစရာလို့ မထင်ပါဘူး"

"ရှင့်အရွယ်ဟာ သားနဲ့မယားနဲ့ ဖြစ်ရမယ့်အရွယ်ပဲ"

"ကံဆိုးလှစွာနဲ့ အဲဒီလိုဖြစ်မနေခဲ့ဘူးဆိုပါတော့"

"ဒါပေမဲ့ ဒါကို ကံဆိုးတယ်လို့ ပြောလို့တော့မရပါဘူး၊ ပြောချင်း ပြောရင် ကံကောင်းတယ်လို့သာ ပြောရမှာပါ"

"ဘာကြောင့်လဲကွယ်"

"စဉ်းစားကြည့်ပေါ့ရှင်ရယ်၊ သမုဒ္ဒရာဝမ်းတစ်ထွာမို့သာ တော်တော့ တယ်။ ဝမ်းတစ်တောင်ဆိုရင် ခက်မယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ဝမ်းတစ်ထွာအတွက် ရုန်းရကန်ရ ရင်ဆိုင်ရတာ မလွယ်ဘူးမဟုတ်လား" "မင့်အသက် ဘယ်လောက်ရှိပြီလဲဟင်"

"ရှင်...၊ ကျွန်မအသက် နှစ်ဆယ်ပါ၊ ဘာဖြစ်လို့လဲ"

"မင်းကို ကိုယ်က ဆယ့်ရှစ်နှစ်လောက်ပဲ ရှိမယ်ထင်ထားတာ။ မင်းက ကိုယ်ထင်ထားတာထက် ကြီးနေတယ်။ ဒါကြောင့်လည်း ဒီလိုတွေးတွေး ခေါ်ခေါ် ပြောတတ်တာနေမှာပါပဲ"

မိုးသည် တစ်ကိုယ်လုံးကို နေရာမလပ် စွတ်စိုခဲ့ပြီဖြစ်ပါသည်။ အမျိုး သမီးကိုယ်တိုင်မှာလည်း သည်သို့သာ ဖြစ်သည်။ အဝတ်များမှာ ကိုယ်တွင် ကပ်ကာ ချပ်ရပ်နေသည်။

လေတပ်ဘူတာမှ ထွက်ခဲ့ကြသောအခါ ပိုမိုမှောင်မိုက်ခြင်းနှင့် ကြုံရသည်။ မီးရထားလမ်း၏ သည်မှာဘက်တွင် တမျှော်တခေါ်ကြီးဖြစ်သော လယ်ကွင်းပြင်၊ အခြားတစ်ဖက်မှာကား အနမ်းပင်ရွာ။

အနမ်းပင်ရွာသည် စိမ်းညို့သော သစ်ပင်၊ ဝါးပင်များဖြင့် ညို့မှောင်နေသည်။ ရွာကလေးသည် မိုးအေးအေးအောက်၌ နှစ်ခြိုက်စွာ အိပ်မောကျနေဟန်ရှိသည်။

အနမ်းပင်ရွာမှ ကျော်ခဲ့သည်။ သည်တစ်ကျော၌ ဝါးရုံပင်တို့သည် တောအုပ်တစ်ခုပမာ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေသည်။ အပြိုင်း ပြိုင်း အရိုင်းရိုင်းဖြစ်နေသည်။

လေတိုးဝင်လာသောအခါ ဝါးကိုင်းတို့သည် မကောင်းဆိုးရွားတို့လက်ကြီးများ ဖြန့်ကားကာ ဆွဲကိုင်ဖမ်းဆီးလိုက်တော့မည့်နှယ် ရှိလာသည်။ သစ်ရွက်ချင်းရိုက်ခတ်သံ၊ သစ်ကိုင်းချင်း ပွတ်ကျိတ်သံတို့က တစ္ဆေ၊ သရဲတို့ တဟီးဟီး တဟဲဟဲ ရယ်မောခြောက်လှန့်လိုက်သလို ဖြစ်နေသည်။ ဝန်းကျင်အခြေအနေကြောင့် ကျွန်တော်တို့ နှုတ်ဆိတ်နေမိကြသည်။

သည်နေရာတွင် အမျိုးသမီးအဖို့ မည်သို့ရှိနေသည်မပြောတတ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ကျောထဲမှာ စိမ့်တက်လာမိသည်။ ချောက်ချား စိတ်ဖြစ်ပေါ်လာမိသည်။ သည်နေရာမှ မြန်မြန်လွန်မြောက်ချင်သည်။ သည်ကလွန်လျှင် ရှေ့တွင် ဥက္ကလာဘူတာရှိမည်။ ထိုနေရာသို့ ရောက် လျှင်ကား လူသူတွေ့နိုင်ကောင်း၏ ထင်မိပါသည်။ ကျွန်တော်တို့ လက်ချင်းတွဲထားရသည်မှာ ကြာပြီဖြစ်သည်။ လက်များ ညောင်းညာလာသည်။ လက်တွဲဖြုတ်လိုက်ကြသည်။ ဇလီဖားတုံးများကို နင်း၍ လျှောက်လာသောအခါ လူချင်းပိုမိုနီးကပ်နေကြသည်။ အသားချင်း မတော်တဆ ထိကပ်မိကြသည်။ ပေါင်သားချင်း၊ ပခုံး ချင်း၊ လက်မောင်းချင်း ပွတ်တိုက်မိကြသည်။

ကျွန်တော့်ရင်မှာ ပူနွေးခြင်း၊ ရှိန်းမြခြင်း၊ အာရုံများ ပေါ်ပေါက်လာရပြန်ပြီ။ စိတ်ဆင်ရိုင်းသည် တိုးဝှေ့လာပြန်ပြီ၊ ရင်မှာ ဖိုသလိုလိုနှင့်။ ထိုအခိုက် ဝါးရုံအတွင်း လေပြင်းတစ်ချက် တိုးဝှေ့တိုက်ခတ်လိုက်သည်။ သစ်ရွက်ချင်းရိုက်ခတ်သံ တရှီးရှီးမြည်သွားသည်။ ညသည် ယင်း အသံမှတစ်ပါး တိတ်ဆိတ်နေရာ ယင်းအသံသည်ပင် အကျယ်လောင်ဆုံး ဖြစ်သွားရသည်။

အသံကြောင့် အမျိုးသမီးသည် ကျွန်တော့်ဘက်သို့ ပိုမိုတိုးကပ်လိုက်သည်။ ကျွန်တော်သည် အမှတ်မထင်ပင် သူမ၏ကိုယ်ကို သိုင်းဖက်လိုက်မိသည်။ ခါးကို ဖက်လိုက်မိသည်ဟု စိတ်က ထင်သော်လည်း စင်စစ်တွင် ခါးကိုမမိ။ ရှည်လျားသော ကျွန်တော်၏အရပ်ကြောင့်လည်းကောင်း၊ သူမ ၏ ကိုယ်က ကျွန်တော့်ဘက်သို့ ယိုင်ကျလာ၍လည်းကောင်း၊ သူမ၏ကိုယ် ခန္ဓာအစိတ်အပိုင်းတစ်ခု လှည့်ဖက်မိလျက်သား ဖြစ်နေသည်။ ရေစိုကာ အကျီ်စနှင့်ကပ်လျက် ချပ်ရပ်နေသော မာတင်းမို့မောက်နေသည့်အရာ ဖြစ်သည်။ သေးကွေးသော်လည်း

တင်းတင်းမာမာပင် ရှိနေသည်။ ကျွန်တော် သည် ရုတ်ချည်းမှာပင် လက်ကိုပြန်ရုပ်လိုက်မိသည်။

ကျွန်တော့်ရင်ထဲတွင် လှုပ်ခါသွားသည်။ မျက်နှာမှာ ထူပူရှိန်းဖိန်း သွားသည်ဟု ထင်သည်။

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက် ကြောင်း တွေ့ရသည်။

"မင်း ကြောက်သွားသလား"

အရှက်ပြေရယ်မောလျက် ကျွန်တော်မေးမိသည်။

"မကြောက်ပါဘူး၊ ကြောက်လို့မဟုတ်ပါဘူး။ ရှင့်ဘက်ကို တိုးလာတာက ခြေခေါက်သွားလို့ပါ "

သူမ၏အဖြေ မှန် မမှန် မသိပါ။ သူမ၏အသံကလေးမှာ တုန်ယင် နေသည်ကိုမူ ကျွန်တော် သတိထားမိသည်။ သူမက ကျွန်တော့်အပြုအမူကို သတိမပြုသလို ဆက်လက်လျှောက်သွားသည်။

ဝါးရုံတောကို ကျော်လာခဲ့သည်၊ တောရိပ်မှ လွန်မြောက်လာခဲ့သည်။ ဝဲယာနှစ်ဖက်လုံးတွင် လဟာပြင်ချည်း ဖြစ်နေသည်။ တမျှော်တခေါ် ဝေး လံသော လယ်ကွင်းပြင်များချည်း ဖြစ်နေသည်။ တစ်ဖက်သောကွင်းပြင်၏ အစပ်သည်ကား မင်္ဂလာဒုံလေယာဉ်ကွင်း ကုန်းမြင့်ဖြစ်ပေသည်။

သည်နေရာတွင် ဖားအော်သံ၊ ခရုစုတ်သံကဲ့သို့သော ပိုးမွှားကောင် များ၏ အော်သံကို ကြားလာရသည်။ အသံများမှာ ကျွန်တော်တို့နှင့် နီးကပ် လာလျှင် တိတ်သွားသည်။ ဝေးသွားလျှင် ပြန်အော်လာပြန်လာသည်။

ရှေ့မှာ ရေနုတ်မြောင်းတစ်ခုရှိသည်။ မီးရထားသံလမ်းက ရေနုတ် မြောင်းကို ဖြတ်ကျော်ထားသည်။ အောက်တွင် ရေစီးနေသော စမ်းချောင်း ငယ်တစ်ခု ရှိသည်။ ရေနုတ်မြောင်း၏ ဝဲယာ၌ သင်္ချိုင်းအုတ်ဂူသဏ္ဌာန် အင်္ဂတေအုတ်ခုံလေးနှစ်ခု ရှိနေသည်။ တံတားပေါင်ပင် ဖြစ်သည်။ "ဒီမှာ ထိုင်ကြရအောင်လားဟင်"

အမျိုးသမီးက ပြောပြောဆိုဆိုမှာပင် အင်္ဂတေအုတ်ခုံပေါ်သို့ ထိုင်ချ လိုက်သည်။ ခြေပစ်လက်ပစ် ထိုင်ချလိုက်ခြင်းဖြစ်သည်။ သူမ၏ လှုပ်ရှား မှုကိုကြည့်လျက် မောပန်းနွမ်းနယ်လာပြီဖြစ်ကြောင်း အကဲခတ်မိသည်။ "သိပ်ပင်ပန်းနေပြီလားကွယ်"

ကျွန်တော်က သူမရှေ့မှာရပ်လျက် ကရုဏာသက်စွာ မေးလိုက်မိသည်။

"ပင်ပန်းတာထက် ဆာတာကဆိုးတာပါ။ ဗိုက်ထဲမှာ မနက်ရှစ်နာရီ ကတည်းကစပြီး အခုထိ ရေခဲမုန့်တစ်ခွက်နဲ့ ကော်ဖီတစ်ခွက်တည်း ရှိသေး တယ်"

ကျွန်တော် နောင်တရမိပြန်ပေပြီ။ စောစောက မုန့်စားဖို့ မတိုက်တွန်း ခဲ့မိသည်ကို မိမိကိုယ်မိမိ ဒေါသဖြစ်နေမိသည်။

"အစကတည်းက ပြောတယ်မဟုတ်လား၊ သိပ်ပင်ပန်းနေလိမ့်မယ် လို့

သတိပေးခဲ့တယ်မဟုတ်လား"

"ပင်ပန်းမယ်ဆိုတာကိုတော့ သိတာပေါ့၊ ဒါပေမဲ့ ဒီလိုမှမပြန်ရင် အိမ်ကို ဘယ်လိုလုပ်ပြန်ရောက်မလဲ။ မင်္ဂလာဒုံမှာဆိုရင်ကော ဘယ်နေရာမှာသွားအိပ်မလဲ၊ ပြောပါဦး"

သူမသည် ပြောပြောဆိုဆိုမှာပင် 'ခြေထောက်တွေ ညောင်းလိုက်တာ ရှင်'ဆိုပြီး အင်္ဂတေအခုတ်ခုံပေါ်သို့ လှဲချလိုက်သည်။ ကျောဖြင့် အိပ်ချလိုက်ခြင်းဖြစ်သည်။

ကျွန်တော်က သူမ သည်သို့လှဲချလိုက်ခြင်းကို မနှစ်ခြိုက်မိပေ။ ပထမအချက်မှာ သည်နေရာကို မကြိုက်နိုင်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ယင်းသို့အိပ်ချလိုက်ခြင်းဖြင့် အသုဘအခမ်းအနားတစ်ခုကို မြင်ယောင်လာမိခြင်းကြောင့် ဖြစ်သည်။ သည်နေရာကို မနှစ်ခြိုက်မိခြင်းမှာ သည်ရေနုတ်မြောင်းက နာမည် ကြီး။ လွန်ခဲ့သော တစ်လခန့်က သည်ရေနုတ်မြောင်းအတွင်းမှ လူတစ် ယောက်၏အလောင်းတစ်လောင်းကို ဆယ်ယူရရှိခဲ့ဖူးသည်။ ရေကူး၊ တံတား ကလေး၊ ပုရွက်ဆိတ်ကုန်းနှင့် ဥက္ကလာမှ အများသူငါတို့ အလောင်းကို ဝိုင်းကြည့်ခဲ့ကြဖူးသည်။

သည်စဉ်က သေဆုံးသူမှာ လေတပ်သားတစ်ယောက် ဖြစ်သည်။ သူ့ကိုယ်၌ ဓားဒဏ်ရာအချို့ကို ရှာတွေ့ ရခြင်းအားဖြင့် သူသည် ရေနစ်သေဆုံးခဲ့ခြင်းမဟုတ်ကြောင်း သိသာသည်။ အသတ်ခံရခြင်းဟု ရဲတို့က ကောက် ချက်ချခဲ့သည်။ ထိုအမှုနှင့် စပ်လျဉ်း၍ တရားခံကိုကား ယနေ့တိုင် ရှာမတွေ့ ခဲ့ကြချေ။ ပြီးလျှင် အရှေ့ဘက်မှ ဥက္ကလာပသင်္ချိုင်းကို လှမ်းမြင်နေရသည်။ လှည့်ပြက်လိုက်လျှင် သင်္ချိုင်းဇရပ်နှင့် မှတ်တိုင်ကျိုးကျဲကို မြင်ရသည်။

သည်နေရာမှာ နားမနေစေချင်၊ နားခြင်း နားမည်ဆိုလျှင် ရှေ့တွင် ရေးရေးမျှ မြင်နေရပြီဖြစ်သော ဥက္ကလာဘူတာ၌ နားချင်သည်။ စင်စစ် ကျွန်တော်တို့သည် ဥက္ကလာမြို့သစ်အစပ်သို့ ရောက်နေပြီဖြစ်သည်။ ရထား လမ်းနှင့် ကွာလှမ်းလှသော အိမ်များကြောင့် လူအနေနှင့် ဝေးနေရသည်ဟု ထင်ရခြင်းဖြစ်သည်။ သည်နေရာမှနေ၍ ဥက္ကလာပမြို့သစ်၏ လမ်းအသွယ် သွယ်တွင် ထွန်းညှိထားသော လမ်းမီးများကို မြင်နေရပြီဖြစ်သည်။

အမျိုးသမီး၏ဆံပင်သည် ပြေလျော့လျက်ရှိရချေပြီ။ အင်္ဂတေအခင်း

ပေါ်မှာ ပြန့်ကျဲနေသည်။ သူမက ပက်လက်အနေအထားဖြင့် အိပ်နေရာမှပါးစပ်ကိုဟကာ မိုးပေါက်များကို ခံယူနေသည်။ မိုးရေကို မျိုချနေသည်။ ကျွန်တော်က သူမအပါးတွင် ထိုင်ချလိုက်သည်။ "အဲဒီလိုလှဲနေတော့ မိုးတွေပိုစိုကုန်မှာပေါ့ကွယ်"

"စိုကုန်အောင် တမင်လုပ်နေတာပဲဟာ"

ဘေးသို့ချထားသော သူမ၏လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

လက်ဖျားကလေးများမှာ ရေခဲတမျှ အေးစက်ပြီး ပဲကြီးခွံလို တွန့် နေကြောင်း တွေ့ရသည်။ လက်ဖျားကလေးကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင် ကာ ပူနွေးလာလေမလားအထင်နှင့် ဆုပ်နယ်ပေးမိသည်။

ကျွန်တော်သည် အမှောင်ထဲမှာပင် သူမ၏မျက်နှာကလေးကို ညှာတာစွာ၊ ကြင်နာစွာ စူးစိုက်ကြည့်နေမိသည်။ ထိုအခိုက် ရုတ်တရက် လျှပ်ပြက်လိုက်သည်။ တဒင်္ဂဟန်မျှသော အလင်းရောင်ကလေး ထွက်ပေါ်လာ ခိုက် ကျွန်တော်တို့ တစ်ယောက်မျက်နှာကို တစ်ယောက် ဖျတ်ခနဲမြင်လိုက် ကြရသည်။

ကျွန်တော်ကသာ သူမကို စူးစိုက်ကြည့်နေသည်မဟုတ်သေး။ သူမ ကိုယ်၌ကလည်း ကျွန်တော့်ကိုပင် စူးစိုက်ကြည့်နေသည်။ အကြည့်ချင်း ဆိုင်သည်။ မျက်လုံးချင်းဆုံမိသည်။ သူမ၏မျက်နှာသည် လျှပ်ရောင်၌ ဝင်းပလျက်ရှိသည်။ မျက်ဝန်းအစုံမှာ ရွှန်းလက်လျက်ရှိသည်။

"ထပါကွယ်၊ မိုးအေးတာနဲ့ အင်္ကျီတေပြားက အေးတာနဲ့ရောပြီး အအေးပတ်နေလိမ့်မယ်"

ကျွန်တော်က ညင်သာပျော့ပျောင်းစွာ ဆိုလိုက်သည်။ ထိုင်ရာမှ ထလျက် သူမကို ဆွဲထူမိသည်။

အမျိုးသမီးက အလိုက်သင့်ပါမလာပါ၊ ရင်ကလေးသာ မောက်ကြွ လာသည်။ မေးကလေးသာ မော့ပါလာသည်။

"ကျွန်မ စိတ်ချမ်းသာသလို နေစမ်းပါရစေရှင်၊ အခုမှပဲ တစ်နေ့လုံး တင်းတောင့်နေသမျှ အကြောအချဉ်တွေ လျော့သွားတော့တယ် ထင်မိတယ်" "အဆုတ်ကို အအေးပတ်လိမ့်မယ်"

"ပတ်ပေလေ့စေပေါ့"

"ဖျားမှာမကြောက်ဘူးလား"

"ဖျားပေလေ့စေပေါ့"

"ခက်တော့တာပဲကွယ်"

အမျိုးသမီးသည် ခေါင်းမာသူပါကလားဟု ကျွန်တော် သိလာရသည်။ သူမကို မည်သို့ဖျောင်းဖျရမည်မသိနိုင်သလို ရှိရသည်။

"သိပ်ညဥ့်နက်နေပြီထင်တယ်၊ ခရီးဆက်ကြဦးစို့လား" "နားပါရစေဦးရှင်၊ ကျွန်မက မလောဘဲ ဘာလို့ ရှင်ကလောနေရတာ လဲ၊ ခြေသလုံးကြွက်သားတွေ တင်းတောင့်နေတာပဲ"

"ကိုယ့်အတွက်က ကိစ္စမရှိပါဘူး၊ မင်းအတွက်ပြောနေတာပါ။ မင်း ကို အိမ်က မျှော်လှရော့မယ်"

"ကျွန်မဒေါ်ဒေါ်က ကာလနဂါးနဲ့ ဆွေမျိုးတော်တယ်၊ သိပ်ပြီး အအိပ် စုံမက်တယ်။ တစ်ညလုံးမှာ တစ်ရေးပဲနိုးတယ်။ အခုလောက်ဆို သူ အိပ်လို့ သိုးနေရောပေါ့"

"မင်းမှာ မိဘတွေ မရှိဘူးလားဟင်"

ကျွန်တော့်စကားကြောင့် အမျိုးသမီး၏ကိုယ်မှာ ဆတ်ခနဲဖြစ်သွားသည်။ ကျွန်တော်၏လက်ထဲမှ သူမလက်ကလေးမှာ တုန်သွားကြောင်း သတိထားမိသည်။

"ဘာဖြစ်သွားတာလဲဟင်"

ကျွန်တော့်အမေးကို မဖြေ။

လှျပ်ပြိုက်လိုက်သည်။ သူမ၏မျက်နှာကို လျှပ်ရောင်ဖြင့် မြင်ရသည်။

ယခုအခါ သူမ၏မျက်နှာမှာ တည်တည်ကလေးဖြစ်နေသည်။ ကြောင်ပျင်းတစ်ကောင်၏ မျက်ဝန်းများနှယ် သူမ၏မျက်ဝန်းများမှာ ဝေါင်း စင်းစင်းဖြစ်နေသည်။

ကျွန်တော်သည် ဘာပြောရမည်မသိတတ်သလို ရှိရသည်။

အတော်ကြီးကြာအောင် တိတ်ဆိတ်နေပြီးမှ သူမ၏အသံကို ကြားရသည်။

"ကျွန်မမှာသာ မိဘတွေရှိနေခဲ့ရင် ဒီလိုအခြေအနေမျိုးနဲ့ ရှင် ကျွန်မ ကို တွေ့ ရလိမ့်မယ်မဟုတ်ဘူး"

သူမ၏အသံတွင် နာကြည်းဟန်ပါနေသည်။ မာကျောခက်ထန်နေသလို ရှိသည်။

"သူတို့ မရှိရှာကြတော့ဘူးပေါ့နော်" "အင်း"

ကျွန်တော်က စုပ်သပ် ညည်းညူမိမတတ် ဖြစ်ရသည်။

"ကျွန်မ ငယ်ငယ်လေးကတည်းက ဆုံးခဲ့တာပါ၊ နှစ်ယောက်လုံး ပြိုင်တူဆုံးခဲ့တာ"

"ဘယ်လိုဖြစ်ပြီး ဆုံးခဲ့တာလဲဟင်"

"အိမ်ခေါင်မိုးတည့်တည့်ပေါ်ကို ဗုံးကျခဲ့တာပေါ့၊ စစ်အတွင်းတုန်းကပေါ့"

"တော်တော်ကံဆိုးရှာတဲ့အဖြစ်ပဲ"

"အဲဒါကိုပြောရရင် ချက်ချင်းလက်ငင်း ခံစားရသလိုပဲ၊ မနေ့တစ်နေ့ က ဖြစ်ပျက်ခဲ့သလို ရင်ထဲမှာ နာနေရတယ်။ နင့်နေရတယ်။ အို ကျွန်မပါ အဲဒီဗုံးကျတဲ့အထဲ ပါသွားရင် သိပ်ကောင်းမှာပဲ"

သူမ၏ရင်မှာ နိမ့်ချည် ကြွချည် ဖြစ်နေသည်။ အသက်ကို ပြင်းစွာ ရှူရှိုက်နေသည်သို့ ဖြစ်သည်။ ရင်မှာ ဒေါသဂယက်ထန်နေသလား အောက်မေ့ရသည်။

"အဲဒီလိုဖြစ်ချိန်က ကျွန်မငယ်ငယ်ကလေးပဲ ရှိသေးတယ်။ လေးငါး နှစ် သမီးပဲရှိသေးတယ်။ အိမ်နဲ့ ခပ်လှမ်းလှမ်းမှာ ကလေးတစ်သိုက်နဲ့ ကစားနေတယ်။ ဒီအချိန်မှာ မြေကြီးတုန်လောက်အောင် လေယာဉ်ပျံကြီး တွေနဲ့ နိမ့်နိမ့်ကလေးပျံလာတယ်။ ကျွန်မလည်း ကြောက်ကြောက်လန့်လန့် နဲ့ မြေကြီးပေါ်မှာ ပြားပြားဝပ်ဝပ်နေမိတယ်။ ဒီမှာ ဝုန်းခနဲ ဝုန်းခနဲ အသံ ကြီးတွေ ကြားရတယ်။ မီးတောက်ကြီးတွေ ထလာတယ်။ လေယာဉ်ပျံ တွေ ပျောက်သွားတော့ ကျွန်မ အိမ်ဘက်ကိုပြေးခဲ့တယ်။ ကျွန်မတို့အိမ်ဟာ အရာလောက်ပဲရှိတော့တယ်။ မီးတွေလောင်နေတယ်။ အိမ်ခေါင်တည့်တည့် ကို

ဖုံးကျခဲ့တာပါပဲ။ အဲဒီအထဲမှာ ဖေဖေရော၊ မေမေရော၊ ကိုကိုရော၊ မမပါ ပါသွားတယ်”

သူမ၏အသံမှာ နာကြည်းမှုများ ဖြာဝေပါဝင်နေသည်။ ပြီးလျှင် ဆို့နင့်ကြေကွဲသံလည်း ပါနေသည်။

“ကျွန်မ...ကျွန်မ သူတို့ရဲ့ အရိုးအသားကိုတောင် ရှာမတွေ့ ရတော့ ပါဘူး ရှင်ရယ်”

ကျွန်တော်သည် သူမ၏လက်ဖမိုးကလေးကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ရင်တွင် ယင်းလက်ကို ပွေ့ ဖက်ထားမိသည်။

သူမထံမှ နာကြည်းခံပြင်းရခြင်း၊ ကြေကွဲဆို့နင့်ရခြင်းတို့သည် ကျွန်တော့်ထံ ကူးလူးပျံ့နှံ့လာရသည်သို့ ရှိသည်။ ကျွန်တော်ကိုယ်တိုင် ဆို့ဆို့နင့်နင့် ကြေကြေကွဲကွဲကြီး ဖြစ်လာမိသည်။

သူမက စကားဆက်ခဲ့ပါသည်။

“ကျွန်မဟာ လောကထဲမှာ တစ်ကောင်ကြွက်ဘဝနဲ့ ယောင်လည် လည် ကျန်ရစ်ခဲ့ရတယ်။ အဒေါ်လို့ဆိုပေမဲ့ အခု ကျွန်မနဲ့အတူနေတဲ့သူဟာ အဒေါ်အရင်းမဟုတ်ပါဘူး။ ဆွေမျိုးနီးစပ်တောင် မတော်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ကျေးဇူး ကျွန်မအပေါ်မှာ အများကြီးရှိခဲ့ပါတယ်။ ကျွန်မကို သူက ကောက်ယူကျွေးမွေးခဲ့လို့ ဒီအထိ အသက်ရှင်လာရတာပေါ့”

ကျွန်တော်က သူမအပါးမှာ ထိုင်လိုက်သည်။ အသားချင်းထိစပ် လျက်ဖြစ်ပါသည်။

“မင်းနဲ့ကိုယ်ဟာ ဘဝတူတွေပါပဲကွယ်၊ မင်းကို ကိုယ်ချင်းစာမိပါ တယ်။ ကိုယ့်အဖေဟာလည်း တိုက်ပွဲအကြားမှာ ညပ်ပြီး သေနတ်မှန်သေခဲ့ ရတယ်။ ဒါပေမဲ့ မင်းထက် ကိုယ့်မှာ ကံကောင်းတာရှိတယ်။ ကိုယ်က ယောကျ်ားကလေး အမေကျန်ခဲ့သေးတယ်”

“စစ်ဆိုရင် ကျွန်မမုန်းတယ်၊ ဒါကြောင့် စစ်ကားတွေပြတဲ့အခါ ကျွန်မ ဘယ်တော့မှ ဈေးဝင်မရောင်းဘူး”

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ထားသလို စကားသံတိတ်သွားကြသည်။ ငြိမ်သက်နေမိကြသည်။ လျှပ်ပြက်သည့်အခါ တွင်သာ မြင်ရသည့်အခွင့်အရေးကို စောင့်ပြီး တစ်ယောက်မျက်နှာကို တစ် ယောက် မမှိတ်မသုန် စိုက်ကြည့်နေမိကြသည်။

“မင်း ရုပ်ရှင်ရုံမှာ ဈေးရောင်းတာ ကြာပြီလားဟင်”

အာရုံကို လွှဲပြောင်းလိုသည်နှင့် မေးမိသည်။

“မကြာလှသေးပါဘူး၊ သုံးလေး ငါးလပဲ ရှိပါသေးတယ်။ ဒါပေမဲ့

မကြာခင် ကျွန်မ စွန့်လွှတ်တော့မယ်လို့ စိတ်ကူးမိတယ်“

“ဘာကြောင့်လဲကွယ်”

“ဒီအလုပ်က သိပ်ပင်ပန်းတယ်၊ နေရတဲ့နေရာက ဝေးလံတော့ ပို

ဆိုးတာပေါ့”

ကျွန်တော်ကိုယ်တိုင်ကလည်း သူမကို သည်အလုပ်မလုပ်ဖို့ တိုက်တွန်းချင်နေသည်။ သည်အချိန်တွင် အကယ်၍ ကျွန်တော်သာ နှုတ်လျှာ သွက်ပါက သူမအား ချစ်ရေးဆိုရန် အကောင်းဆုံးဖြစ်မည်ထင်သည်။ သည်မျှ ပင်ပန်းနေသည်ကို မကြည့်ရက်ပါ။ ဘဝတစ်လျှောက်လုံးအတွက် တာဝန်ယူချင်ပါသည်ဆိုသော စကားမျိုးကို ပြောဖို့ အကောင်းဆုံးအချိန်ဖြစ်သည်။

သို့သော် ကျွန်တော် နှုတ်မရဲခဲ့။

သူမက လဲလျောင်းရာမှ ထလိုက်သည်။ ကျွန်တော်နှင့် ယှဉ်၍ထိုင်လိုက်သည်။ ကျွန်တော် ယခုတိုင် သူမ၏လက်ကို လွှတ်မပေးခဲ့သေး။ သူမကလည်း ရုန်းကန်ခြင်းမပြု။ ဆုပ်ကိုင်ကာ ရင်တွင်အပ်ထားသည်ကို ငြင်းပယ်ခြင်းမပြု။

“ကဲ…ကျွန်မအကြောင်းတော့ ရှင်သိနေပြီ၊ ရှင့်အကြောင်း ပြော စမ်းပါဦး”

“ကိုယ့်အကြောင်းက ပြောစရာဘာမှမရှိပါဘူး”

“ဘာပဲဖြစ်ဖြစ်ပေါ့ရှင်“

“ကိုယ်ဟာ မိခင်မုဆိုးမကို လုပ်ကျွေးနေတယ်၊ ဝပ်ရှော့တစ်ခုမှာ အလုပ်လုပ်နေတယ်၊ ရေကူးမှာနေတယ်။ ဒါပါပဲကွယ်"

“ဒါဆို ရှင့်အကြောင်း ကျွန်မ အကုန်သိသွားရပြီပေါ့၊ ဟုတ်စ” သူမက ပြောရင်း ရယ်မောလိုက်သည်။

သူမ ပြန်လည်ရယ်မောလာနိုင်သည့်အတွက် ကျွန်တော် ဝမ်းသာမိပါသည်။

“ရှင်က လူဆန်းတစ်ယောက်ပဲ”

“လူတွေက အဲဒီလိုချည်း ပြောတတ်ကြတယ်၊ ဆိုစမ်းပါဦး၊ ကိုယ့် မှာ ဘာတွေများ အဆန်းတကျယ်ဖြစ်နေလို့လဲ”

“ဘာဖြစ်နေသလဲတော့ မသိဘူး၊ ဆန်းတော့ဆန်းတာ အမှန်ပဲ။

ရှင့်ရုပ်သွင်ဟာ တည်ကြည်တယ်၊ အေးဆေးငြိမ်သက်တယ်၊ ရိုးသားဖြောင့်စင်းတဲ့ပုံ ပေါ်လွင်နေတယ်။ ရှင့်မျက်လုံးတွေမှာ အကြင်နာတရားကိန်း အောင်းနေတယ်။ ရှင့်မျက်လုံးတွေကို ကျွန်မ နှစ်ခြိုက်မိတယ်”

ကျွန်တော်၏ တစ်သက်တာတွင် ပထမဆုံးအကြိမ်အဖြစ် ရုပ်ရည်နှင့်ပတ်သက်ပြီး အချီးကျူးခံရခြင်းဖြစ်သည်။ သူမ၏ ချီးကျူးပုံမှာ တိုက်ရိုက်ကျလွန်းသဖြင့် ကျွန်တော် ရှက်သွားမိသည်။ အနေရခက်သွားမိသည်။ ပြီးလျှင် စောစောပိုင်းက သူမအပေါ် ကျူးလွန်ရန် ကြံစည်ခဲ့မိသော အကြံအစည်နှင့်ပတ်သက်၍ စိတ်၌ မလုံမလဲဖြစ်နေမိပါသည်။

“ကိုယ်ဟာ မင်းထင်သလောက် ရိုးသားတဲ့လူတစ်ယောက်၊ အေးဆေးတည်ငြိမ်တဲ့ လူတစ်ယောက် မဟုတ်ခဲ့ပါဘူး”

“ဘာဖြစ်လို့လဲဟင်”

“ကိုယ် ပွင့်ပွင့်လင်းလင်းပြောမယ် မိန်းကလေး၊ အမိကို လမ်းမှာ တုန်းက ကိုယ် ခိုးနမ်းဖို့ကြိုးစားမိသေးတယ်။ ဒါပေမဲ့ မင်းနိုးလာတာနဲ့ နမ်းတော့

မနမ်းဖြစ်ခဲ့ပါဘူးကွယ်”

“ရှင် အခုလိုဖွင့်ပြောတာကိုက ရိုးသားကြောင်း ဖော်ပြနေတာပဲပေါ့။ အဲဒီအချိန်တုန်းက ရှင် ကျွန်မကို နမ်းခဲ့မယ်ဆိုရင်လည်း ကျွန်မ ဘာမှသိမှာ မဟုတ်ပါဘူး”

လျှပ်ပြက်လိုက်ပြန်သည်။ လျှပ်ရောင်ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် မြင်သာရန် ကြိုးစားမိကြပြန်သည်။ အမျိုးသမီး၏မျက်နှာမှာ ရွှင်ပျနေပြန်လေပြီ။ မျက်ဝန်းကလေးများမှာ အရောင်ရွှန်းလဲ့နေပြန်ပြီ။ သူမ ၏ နှုတ်ခမ်းဖူးဖူးကလေးများမှာ ပြာနေသည်ဟု အောက်မေ့သည်။ တဆတ် ဆတ် တုန်နေလေသလား ထင်ရသည်။ စင်စစ် မိုးစွတ်စိုထား၍လည်း ကောင်း၊ လေတိုးနေသဖြင့်လည်းကောင်း ခိုက်ခိုက်တုန်မတတ် ချမ်းနေမိ ကြပြီဖြစ်သည်။

“မင်းမှာ ချစ်သူရှိသလားဟင်”

ကျွန်တော်၏အမေး၊ သူမက ခေါင်းခါ၍ အဖြေပေးသည်။ “ရှင့်မှာကော”

အကယ်၍ လှောင်ပြောင်သရော်လိုသော သဘောနှင့် ရယ်မောပစ်ခဲ့မည်ဆိုလျှင်လည်း ကျွန်တော် စိတ်ဆိုးနိုင်မည်မထင်ပါ။

အဖြစ်ကိုကလည်း ရယ်မောစရာ မဟုတ်ပါလား။

သည်လိုအချိန်၊ သည်လိုနေရာမျိုး၌ သည်စကားမျိုးပြောနေမိခြင်း မှာ ရူးသွပ်နေသူဟု ထင်စရာမကောင်းပေဘူးလား”

“ရှင်က စကားပြောလည်း ကောင်းတယ်။ ရှင့်အသံမှာ ကရုဏာ ရသပါတယ်”

“ကိုယ် တကယ်ပြောနေတာပါကွယ်၊ မင်းကို စိတ်ကူးနဲ့ အဝတ်အစား ကောင်းကောင်းကလေးတွေ ဆင်ပေးနေမိတယ်။ စိတ်ကူးနဲ့ မင်းရဲ့အလှကို မှန်းဆကြည့်နေမိတယ်။ မင်းရဲ့အလှဟာ ပေါ်လွင်ထင်ရှားနိုင်တဲ့ အလှမျိုး ပါ”

“ကျွန်မကို လှတယ်လို့အပြောခံရတာ ဒီတစ်ခါ ပထမပဲ” “မင်း တကယ်လှပါတယ်၊ ကိုယ့်အဖို့တော့ တကယ်ပဲလှနေပါတယ်ကွယ်”

အမျိုးသမီးသည် တသိမ့်သိမ့်ရယ်လိုက်သည်။ သူမသည် ကျွန်တော့် ဘက်သို့ တိုးကပ်လိုက်သည်။ သူမနှင့် ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း ထိစပ်လုမတတ်ဖြစ်သွားသည်။ တစ်ယောက် မျက်နှာကို တစ်ယောက် ထွက်သက်လေချင်း ရိုက်ခတ်လျက်ရှိသည်။ “ဒီမယ်၊ ရှင် နမ်းဖူးသလားဟင်”

“ဟင့်အင်း…”

“ရှင့်မှာ ဆန္ဒရှိမယ်ဆိုရင် ကျွန်မကို နမ်းနိုင်ပါတယ်”

သူမက မျက်နှာကလေးကို ထိုးပေးသည်။ မျက်လုံးကလေးများမှာ မှေးလျက်၊ မျက်တောင်များမှာ ကော့စင်းလျက်၊ နှုတ်ခမ်းနှစ်လွှာမှာ ဟဟ ကလေးဖွင့်လျက်၊ သူမ၏အသွင်မှာ အကြည်အသာ ခွင့်ပြုသည့်ဟန်။ ကျွန်တော်သည် သူမကို နမ်းလိုက်ချင်သည်။ ပါးပြင်ကို မွှေးကြူ လိုက်ချင်သည်။

နှုတ်ခမ်းကလေးများကို ငုံခဲလိုက်ချင်သည်။

သို့သော် လက်တွေ့တွင်ကား ကျွန်တော်သည် တုံ့ဆိုင်းလျက် ရှိရသည်။ မဝံ့မရဲဖြစ်လျက် ရှိရသည်။ ကျွန်တော်ကား တကယ်တမ်း သတ္တိမဲ့ သူပါတကား။

အမျိုးသမီးက မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။ ကျွန်တော့်မျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။ ကျွန်တော့်ကို အထင်သေးသွားလေပြီ လားဟု စိတ်ထဲတွင် စိုးရိမ်လိုက်မိသည်။

သူမက ခစ်ခနဲ ရယ်လိုက်သည်။ "အရိုင်းပဲ၊ တကယ့်အရိုင်းသက်သက်ပဲ"

တစ်ကိုယ်တည်းပြောသလို ရေရွတ်လိုက်သည်။ သူမ၏လက်များသည် ကျွန်တော့်ပခုံးပေါ်သို့ ကျရောက်လာသည်။ ကျွန်တော့်လည်ကုပ်စပ် ဆံပင်အကြားသို့ လက်ဆယ်ချောင်းကို ထိုးသွင်း လိုက်သည်။ လည်ကုပ်ကို နှိမ်ယူလိုက်သည်။ သူမနှင့် ကျွန်တော့်မျက်နှာ မှာ အလွန်အမင်းနီးကပ်လျက်ရှိရသည်။ သူမ၏ကိုယ်သည် ကျွန်တော့် ရင်ခွင်အတွင်း ရောက်နေသည်။ ကျစ်လျစ်တင်းမာသော သူမ၏ရင်သည် ကျွန်တော့်ရင်နှင့် ထိတွေ့ ပူးကပ်လာသည်။

မျက်တောင်ကလေးများကို ကော့စင်းလိုက်ပြန်သည်။ မျက်လုံး ကလေးများကို မှေးလိုက်ပြန်သည်။ နှုတ်ခမ်းလွှာများက ဟဟကလေးနှင့် တရွရွလှုပ်နေသည်။

သူမက လည်ကုပ်ကို ပိုမိုနှိမ်ယူလိုက်သည်။

နှုတ်ခမ်းသားချင်း ထိတွေ့ မိကြသည်။ သူမ၏နှုတ်ခမ်းမှာ အေးစက် နေသည်။ တဆတ်ဆတ်တုန်နေသည်။ ကျွန်တော့်နှုတ်ခမ်းမှာလည်း တဆတ်ဆတ်တုန်မိတော့မတတ် ရှိသည်။ ကျွန်တော့်နှလုံးသွေးသည် ပေါက်ကွဲတော့မတတ် အခုန်မြန်နေသည်။ ရင်ထဲမှာ နွေးနေသည်၊ ရှိန်းနေသည်၊ အို ချိုမြလိုက်သည့်အနမ်း။

အမျိုးသမီးတွင် အတွေ့အကြုံရှိသည်ဟု ကျွန်တော်ထင်သည်။ သူမ သည် ကျင်လည်နေသည်၊ တတ်ကျွမ်းနေသည်။

အတန်ကြာမှ လည်ကုပ်မှ လက်လျှော့သွားသည်။ မျက်နှာချင်း ကွာ သွားသည်။ ကိုယ်ချင်းခွာလိုက်သည်။

ရုတ်တရက် စကားမပြောမိကြပါ။ ကျွန်တော့်အနေနှင့် ဘာပြောရ မှန်းလည်း မသိပါ။ သူမ၏မျက်နှာကိုသာ စူးစိုက်ကြည့်ရမည်ကိုပင် ဝန် လေးနေမိသလို ရှိသည်။

အမျိုးသမီးသည် မျက်နှာကလေးကို မော့လိုက်သည်။ အသက်ကို ပြင်းစွာရှူလိုက်သည်။ မျက်နှာသို့ လာရောက်ရိုက်ခတ်သော မိုးစက်ကလေး များကို ကြည်ဖြူစွာ ခံယူနေသည်။

သူမက ကျွန်တော့်ကိုမကြည့်ဘဲ မေးသည်။

"ဒီအရွယ်အထိ ချစ်သူမရှိလောက်အောင် ရှင်က ဘယ်တွေရောက်

နေသလဲဟင်”

“ကိုယ်က စစ်တပ်ထဲရောက်နေခဲ့တယ်”

“ဘာ”

သူမသည် ကျွန်တော့်ဘက်သို့ ဆတ်ခနဲလှည့်လိုက်သည်။ ‘ဘာ’ ဆိုသော သူမ၏အသံမှာ အတော်ကြီး ကျယ်လောင်သွားသည်။ သူမ၏ ကိုယ်သည် စန့်သွားသည်၊ မာမာတောင့်တောင့် ဖြစ်သွားသည်။ “ရှင်က စစ်သားလား”

“ဟိုတုန်းကပါ၊ အခုတော့ မဟုတ်တော့ပါဘူး။ ပင်စင်ယူခဲ့ပါပြီ။ အငြိမ်းစားယူခဲ့ပါပြီ”

“ရှင် လေတပ်ထဲကို ဝင်ခဲ့သလားဟင်”

သူမသည် တစ်စုံတစ်ရာအတွက် စိတ်အနှောင့်အယှက်ဖြစ်နေရသလို ရှိသည်။ အသံမှာ အလိုမကျနိုင်သောအသံမျိုး။ ဝေါက်ဆတ်ဆတ် မာကျော ကျောနှင့်။

“ကိုယ် လေတပ်ထဲမဝင်ဖူးပါဘူး၊ ကိုယ် အမှုထမ်းဖူးတဲ့ တပ်က ယန္တရားတပ်ပါ။ အင်ဂျင်နီယာတပ်ပါ။ စက်ပစ္စည်းတွေပြုပြင်ရတယ်။ အထူး သဖြင့် မော်တော်ကားအင်ဂျင်တွေပေါ့။ ကိုယ်အခု ရပ်တည်နေတာ အဲဒီက တတ်လာတဲ့ ပညာတွေနဲ့ပေါ့”

ကျွန်တော်က ဖြည်းညင်းစွာပင် ရှင်းပြရသည်။

အမျိုးသမီး၏ကိုယ်မှာ ပြန်လည်ပျော့ပျောင်းသွားသည်။ သူမက သက်ပြင်းရှိုက်လိုက်သည်။

“ကောင်းတယ်၊ အဲဒီလိုတပ်မျိုးမှာ အမှုထမ်းတာ ရှင် မှန်တယ်။ ကျွန်မတော့ ရှင် လေတပ်မှာ အမှုမထမ်းဖူးတာ ဝမ်းသာတယ်။ ရှင့်လို ကြင်နာတတ်တဲ့လူဟာ လေတပ်မှာ အမှုမထမ်းသင့်ဘူး”

သူမ၏စကားကို ကျွန်တော် အံ့အားသင့်ရသည်။

သူမသည် မင်္ဂလာဒုံဘူတာရုံမှာတုန်းက လေတပ်သားအား စူးစိုက် ကြည့်ခဲ့သည်။ ထိုသူကို တွေ့ရသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်ရပုံ ပေါ်ခဲ့သည်။

သူမသည် လေတပ်သားတစ်ယောက်ယောက်နှင့် တစ်စုံတစ်ရာ ဖြစ် ခဲ့ဖူးလေသလား၊ ငြိစွန်းခဲ့ဖူးလေသလား၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ် တွေ့ ခဲ့ရလေသလား၊ ရန်သတ္တရုဖြစ်ဖူးခဲ့လေသလား မစဉ်းစားတတ်ပါချေ။

မည်သို့ဆိုစေ ကျွန်တော်သည် သူမ မနှစ်ခြိုက်သည့်အလုပ်ကို မလုပ်မိခဲ့သည့်အတွက် ဝမ်းသာနေမိသေးသည်။ သို့တိုင်အောင် သူမ အဘယ်ကြောင့် လေတပ်ကို ရွံမုန်းနေရကြောင်းကိုကား သိချင်နေမိသည်။ စူးစမ်းစပ်စုလိုစိတ် ပေါ်လာသည်။

“ဒီမယ်၊ မင်း ဘာကြောင့် လေတပ်ကိုမနှစ်ခြိုက်ရတာလဲဟင်”

“သူတို့ပေါ့၊ ကျွန်မအိမ်ကို ဗုံးချခဲ့တာ”

သူမ၏အဖြေက ရယ်ချင်စရာကောင်းလှသည်။ ကလေးတစ်ယောက် က သူမနှစ်ခြိုက်သည်ကို မနှစ်ခြိုက်သလို ပွင့်ပွင့်လင်းလင်း ပြောလိုက်ပုံ နှင့် တူလှသည်။

သို့သော် သူမက မာကျောသော လေသံ၊ ခက်ထန်သောဟန်ဖြင့် ပြောခဲ့ခြင်းဖြစ်ရာ မရယ်မိအောင် သတိထားထိန်းချုပ်နေလိုက်ရသည်။

"ရှင့်ကို ကျွန်မပြောပြပြီးပြီပဲ၊ သူတို့ရဲ့ ဗုံးဒဏ်ကြောင့် ကျွန်မရဲ့ တစ်မိသားလုံး အသက်ဆုံးရှုံးခဲ့ရတယ်လို့လေ"

ကျွန်တော်က သူမ၏လက်ဖမိုးကလေးကို နှစ်သိမ့်မှုပေးသည့်အနေ နှင့် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။

"ဒီမယ်...နားထောင်စမ်းကွယ်၊ ဒါက ဒီလိုပါ။ မင်းတို့ရဲ့အိမ်ပေါ် ကို ဗုံးကြဲချခဲ့တဲ့ လေတပ်ဆိုတာက အင်္ဂလိပ်၊ အမေရိကန်၊ ဒါမှမဟုတ် ဂျပန်လေယာဉ်တွေဖြစ်မှာပါ။ လူမျိုးကွဲတွေဖြစ်မှာပါ။ ဒီတုန်းက စစ်ဖြစ်နေ တယ်မဟုတ်လား။ သူနိုင် ကိုယ်နိုင် ချကြမှာပဲမဟုတ်လား။ နယ်ချဲ့စစ်ဆို တော့ ဘယ်သူ့အသက်ကိုမှ ပဓာနထားမှာမဟုတ်ဘူး။ တန်ဖိုးမထားကြ ဘူး။ ဒီအချိန်က မင်းရဲ့မိသားစုမှမဟုတ်ပါဘူး၊ ကမ္ဘာအရပ်ရပ်က မိသားစုပေါင်း မြောက်မြားစွာ အသက်ဆုံးရှုံးခံခဲ့ရတယ်။ စစ်ရဲ့သားကောင်တွေ ဖြစ်ခဲ့ရတယ်။ အသက်သွေးတွေ အများကြီးစတေးခဲ့ရတယ်။ ဒီအဖြစ်တွေ ဟာ ကြာခဲ့ပြီပဲ၊ ဝေးခဲ့ပြီပဲ၊ အခြေအနေတွေ ပြောင်းခဲ့ပြီပဲ။ မင်းတွေ့ခဲ့တဲ့ လေတပ်ဆိုတာကလည်း အင်္ဂလိပ်၊ အမေရိကန်၊ ဒါမှမဟုတ် ဂျပန်လေတပ် တွေ ဖြစ်မှာပါ။ အခုဟာက ကိုယ့်အမျိုးသားအချင်းချင်းပါ။ ကိုယ့်တိုင်းပြည် ကို ကာကွယ်မှုပေးနေတဲ့ လေတပ်ပါ။ သူတို့ဟာ မင်းရဲ့အိမ်ကို ဗုံးကြဲ ချတဲ့သူတွေ ဘယ်နည်းနဲ့မှမဖြစ်နိုင်တာ သေချာတယ်။ ဒီဘက်ခေတ် လေ တပ်ကိုတော့ မင်း မုန်းဖို့မသင့်ဘူး။ နောက်တစ်ခုက ကိုယ့်အတွေ့ အကြုံ အရ ပြောရမယ်ဆိုရင် လေတပ်သားတိုင်း လေယာဉ်မမောင်းကြရဘူး။ လေ တပ်သားတိုင်း ဗုံးမကြဲရဘူး။ တချို့က ကောင်းကင်ဓာတ်ပုံ၊ တချို့ က အင် ဂျင်စက်ပြင်၊ တချို့ ကျတော့ ရွှေ့ပြောင်းသယ်ယူရေး၊ ဒီလိုခွဲခြားထားတာ ရှိပါသေးတယ်"

ကျွန်တော်က တတ်နိုင်သမျှ နှစ်သိမ့်ဖျောင်းဖျမိသည်။

"အို...ရှင်ဘာပဲပြောပြော ကျွန်မအဖို့တော့ သူတို့အားလုံးဟာ အတူတူပဲ။ ကျွန်မ သူတို့ကိုမုန်းမိတဲ့နေရာမှာလည်း အတူတူပဲ"

ရော်၊ ခက်ပဲခက်ရချည်ရဲ့ဟု စိတ်ထဲမှ ညည်းလိုက်မိသည်။ အတော် ခေါင်းမာချင်တဲ့ မိန်းကလေးပါလား။ တစ်ယူသန်ချင်သည်၊ ဇွတ်တရွတ် နိုင်ချင်ပုံရသည်။

ကျွန်တော်က သူမ၏ကိုယ်ကို ပခုံးမှနေ၍ဖက်လိုက်သည်။ မိမိဘက် သို့ ဆွဲလှည့်လိုက်သည်။

"ဒါက အဓိကမဟုတ်ပါဘူးကွယ်၊ ကိုယ်ပြောတာနားထောင်စမ်း။ မိုးက

သိပ်ရှာနေတယ်၊ ညဥ့်လည်းနက်လှပြီ။ အမိရော ကိုယ်ပါ သိပ်အေး နေကြပြီ။ ကိုယ်တို့ ပြန်ကြပါစို့နော်။ အမိရဲ့ အိမ်အရောက် ကိုယ်လိုက်ပို့ ပေးမယ်"

အမျိုးသမီးသည် သတိပြန်ဝင်လာသူလိုဖြစ်သည်။ သူမက ကိုယ်ကို ဆတ်ခနဲရုန်းလိုက်သည်။

"ဟင့်အင်း၊ ကျွန်မအိမ်ကို ဘယ်သူမှလိုက်ပို့ပေးစရာမလိုပါဘူး"

"တစ်ယောက်တည်းပြန်မှာလားဟင်"

"ဒါပေါ့၊ ရှင်လည်း တစ်ယောက်တည်းပဲ ကိုယ့်အိမ်ကိုယ် ပြန်တော့ပေါ့"

"ဒါဖြင့် လာ .. သွားကြစို့" "ရှင်ပြန်နှင့်"

"ဟင်..."

"ရှင်ပြန်နှင့်၊ ကျွန်မကို ဒီမှာထားခဲ့"

"အို... မဟုတ်တာပဲကွယ်၊ မင်းကို ဒီမှာတစ်ယောက်တည်း ဘယ်လိုလုပ်ထားခဲ့နိုင်မလဲ"

"ဖြစ်ပါတယ်၊ ကျွန်မဘာသာ ကျွန်မပြန်မှာပေါ့"

"ကိုယ် မင်းရဲ့ အိမ်အထိ မလိုက်ခဲ့ပါဘူး။ ပုရွက်ဆိတ်ကုန်းဘူတာ အထိ ကိုယ်တို့ လျှောက်သွားကြတာပေါ့"

"ကျွန်မ မပြန်သေးဘူး"

ကျွန်တော်က သူမအား မသိနားမလည်နိုင်ခြင်းအပြည့်ဖြင့် စိုက်ကြည့်နေမိသည်။

သူမ ခေါင်းမာလာပြန်ပြီဆိုခြင်းကို သိသည်။ အဘယ်မျှ ခေါင်းမာတတ်သော မိန်းကလေးအမျိုးအစားဟူသည်ကိုလည်း သဘောပေါက်သည်။ စိုးရိမ်ကြောင့်ကြမကင်း ဖြစ်လာမိသည်။

ကျွန်တော်က သူမ၏လက်မောင်းအိုးကလေးကို ဆုပ်ကိုင်လိုက်သည်။

"ထပါကွယ်"

သူမက ကျွန်တော့်လက်ကို ခါပစ်လိုက်သည်။

"ကျွန်မပြောပြီးပြီ၊ ရှင့်ဟာရှင်ပြန်နှင့်၊ ကျွန်မဟာကျွန်မ ဒီမှာနေခဲ့ဦးမယ်"

"မတော်ပါဘူး၊ မင်းကို ကိုယ် ဘယ်လိုနည်းနဲ့မှ မထားခဲ့ရက်နိုင်ဘူး" "ကျွန်မ ပြောပါရစေ၊ ရှင်ဟာ နှစ်ခြိုက်စရာကောင်းတဲ့လူတစ်ယောက် လို့ ကျွန်မ ပြောခဲ့ပြီနော်။ အခုအချိန်အထိ ရှင့်ကို ကျွန်မ နှစ်ခြိုက်နေမိသေး တယ်။ ဆက်ပြီးနှစ်ခြိုက်ခံချင်တယ်ဆိုရင် ကျွန်မပြောသလိုလုပ်ပါ" "ကိုယ် ဘာလုပ်ရမှာလဲ"

"ကျွန်မကို ထားခဲ့ပါ၊ ရှင့်ဟာရှင်ပြန်ပါ"

သူမသည် ကျွန်တော့်အတွက် အဆန်းတကြယ်ရှိလာခဲ့ရပြီ ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် မည်သို့မျှ ဖျောင်းဖျ၍မရနိုင်တော့ပြီဆိုခြင်းကို သူမ၏ ခိုင်ကျည်လေးနက်သောလေသံကြောင့် ရိပ်စားလာမိရပြီ ဖြစ်ပါသည်။

"အမိရဲ့ ဆန္ဒက ဒါပဲလားဟင်"

"ဒါပဲ၊ ကျွန်မကို ဘယ်လိုမှ နောက်ဆံမတင်းဘဲ ရှင့်လမ်းရှင်သွား ပါ၊ ရှင့်အိမ် ရှင်ပြန်ပါ။ ဖြစ်နိုင်မယ်ဆိုရင် ကျောခိုင်းပြီးပြီဆိုတာနဲ့ တစ်ပြိုင် နက် ကျွန်မဘက်ကို လှည့်တောင်မကြည့်စေချင်ဘူး"

"ဒီအထိတောင်မှပဲလားကွယ်"

"အိပ်မက်တစ်ခုလိုပေါ့ရှင်၊ ရှင်နဲ့ကျွန်မ တွေ့ကြတာကို အိပ်မက်ထဲ မှာ တွေ့ တာလိုပဲ သဘောထားလိုက်ပေါ့။ ရှင်က ယောကျ်ားပဲ၊ ရှင့်မှာ မာ ကျောတဲ့ နှလုံးသားတွေရှိရမှာပေါ့။ အိမ်ရောက်အောင်ပြန်၊ ပူနွေးတဲ့အိပ်ရာ ထဲဝင်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်၊ မနက်ဖြန်ကျတော့ အိပ်ရာကထ၊ အစားစား၊ အလုပ်ဆင်း။ ခါတိုင်း နေနေကျအတိုင်း နေလိုက်ပေါ့။ ဒါဆိုရင် ရှင် ကျွန်မ ကို မေ့သွားမှာပါ"

သူမက ပေါ့ပါးစွာပြောနေသော်လည်း ကျွန်တော့်ရင်ထဲမှာ လေးလံနေသည်။ ပြည့်သိပ်နေသည်။

"မင်းကကောကွယ်၊ မင်းကကော"

"ကျွန်မလည်း ဒီအတိုင်းပဲပေါ့"

"မေ့ပစ်လိုက်မှာပဲ ဆိုပါတော့"

"ဒါဟာ အကောင်းဆုံးဖြစ်မှာပါ၊ ဒီထက်ကိုကော ဘာများ မျှော်လင့် ရဦးမှာလဲဟင်"

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ သန္နိဋ္ဌာန်ချလိုက်ပါသည်။ "ကောင်းပါပြီလေ၊ အမိဖြစ်စေချင်တဲ့အတိုင်းပဲ ဖြစ်ရပါစေ့မယ်" ကျွန်တော်က သည်စကားကို တင်းမာစွာဆိုလိုက်သည်။ ပြီးမှ တိုးတိတ်စွာ ဆိုလိုက်မိပါသည်။ 'ကိုယ်သွားတော့မယ်"

ကျွန်တော်က သူမအပါးမှ ခွာလိုက်သည်။ ကျောခိုင်းလိုက်သည်။

တူရူသို့ လျှောက်ခဲ့သည်။ "ဒီမှာ"ခြေလှမ်းသုံးလေးလှမ်းလောက်အရောက်တွင် ကျောဘက်ဆီမှ သူမ၏အသံကို ကြားရသည်။ ခြေလှမ်းတုံ့သွားရသည်။ နောက်သို့လှည့်ကြည့် မိသည်။

အမျိုးသမီးက ကျွန်တော့်ကို ကြည့်နေသည်။ "ရှင့်အနေနဲ့ မကျေနပ်သေးဘူးဆိုရင် ကျွန်မကို ထပ်နမ်းနိုင်ပါသေးတယ်"

ကျွန်တော်က ဘာမျှပြန်မပြော။ ဆက်၍လျှောက်ခဲ့ပါသည်။

(၈)

သူမပြောသလိုပင် ဖြစ်ပါသည်။ သူမ၏လိုအင်ဆန္ဒအတိုင်းပင် ဖြစ်ပါသည်။

သူမကို ထားခဲ့သည်။

အထီးတည်းပါပင်။ မိုးသည်းသည်းတွင်ပင်။

အမှောင်မည်းမည်းတွင်ပင်။

အိပ်မက်အတွင်း ခွဲခွာခဲ့ရသလိုပင် ဖြစ်သည်။ အိပ်မက်ထဲမှာ လမ်း လျှောက်ရသလိုပင် ဖြစ်သည်။ ကျွန်တော့်ရင်မှာ လွတ်ဟာပေါ့ပါးနေသည်။

ကျွန်တော်သည် နောက်သို့ တစ်ချက်ကလေးမျှ လှည့်မကြည့်ပါ။ ခေါင်းငိုက်စိုက်ချကာ ဇလီဖားတုံးများကို ရေတွက်လာသလိုကြည့်ရင်း လျှောက်ခဲ့ပါသည်။

တစ်ကိုယ်လုံး ခိုက်ခိုက်တုန်မတတ် အေးနေသည်။ သွားချင်းရိုက်ခတ်မိတော့မတတ် ရှိသည်။

မည်သို့ပင်ဆိုစေ သူမ၏အကြောင်းကို မတွေးဘဲကား နေနိုင်သည်မဟုတ်။ မစဉ်းစားဘဲ နေနိုင်သည်မဟုတ်။ သူမသည် ကျွန်တော့်ရင်ဝယ် ပဟေဠိတစ်ပုဒ်နှယ် ငြိတွယ်ကပ်ပါလာသည်။

ဘယ်လိုအမျိုးအစားပါလိမ့်။ ဘယ်လိုဟာကလေးပါလိမ့် စသည်ဖြင့်။

စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရ ခက်သည်ဟုဆိုသည်။ လူတကာအနက် သူမသည် အကဲခတ်ရအခက်ဆုံး ဖြစ်မည်ထင်သည်။

သူမ အဘယ်ကြောင့် စိတ်ပြောင်းသွားပါလိမ့်။ အဘယ်ကြောင့် သည်လိုနေရာမျိုးမှာ ချန်နေရစ်ခဲ့ပါလိမ့်။ အကြောက်တရားဟူသည် သူမ တွင် မရှိတော့ပြီလား။ အကယ်၍ ရုပ်ရှင်ရုံမှာ တွေ့ခဲ့ခြင်းမျိုးမဟုတ်ပါက ဥစ္စာစောင့်လော၊ နာနာဘာဝလောဟု တွေးတောစဉ်းစားဖို့သာ ရှိတော့သည်။

ကျွန်တော်သည် ဥက္ကလာဘူတာ၊ ပုရွက်ဆိတ်ကုန်းဘူတာ၊ တံတားလေးဘူတာ စသည်တို့ကို အမှတ်မထင်ပင် ဖြတ်ကျော်လာခဲ့မိသည်။ အဆုံးတွင်ကား ကျွန်တော်ရောက်လိုလျက်ရှိသော ရေကူးဘူတာသို့ ရောက်လာခဲ့သည်။

အိမ်တံခါးကို အကြိမ်ကြိမ်ခေါက်လျက် ဦးဒေဝအား နှိုးရသည်။ တစ်ကြိမ်တစ်ခါမျှ ယခုလို အိမ်ပြန်နောက်ကျခြင်း မရှိခဲ့သဖြင့် တံခါးခေါက်ရသည်မှာပင် စိတ်မှာ စနိုးစနောင့်ရှိရသည်။ မဝံ့မရဲဖြစ်နေရသည်။ ဦးဒေဝနိုးလာသည်။ တံခါးလာဖွင့်ပေးသည်။

“အမယ်လေး မောင်တင်ထွန်းရယ်၊ မသွားတော့လည်း မသွား၊ သွားမယ့်သွားတော့လည်း စူဠလိပ် ရေထဲလွှတ်လိုက်တဲ့အတိုင်းပါပဲလား”

သူက ရင်သပ်ရှုမောနေသည်။ အံ့ဩဟန်ဖြင့် ပြောလိုက်သည်။ “တို့များဖြင့် တစ်ခါမှ အိမ်ပြန်နောက်မကျဖူးဘဲ နောက်ကျနေလို့ စိတ်ပူလိုက်ရတာ။ မင်း ဘယ်တွေလျှောက်သွားနေသလဲဟင်”

“ဒေါ်ဒေါ်ပြောသလို ပျော်စရာသွားရှာတာပေါ့၊ ရုပ်ရှင်ရုံတို့ ဘာတို့ကို ရောက်ခဲ့တာပေါ့”

“ဒါပေမဲ့ နောက်ကျလိုက်တာကွယ်၊ အခု ဘယ်အချိန်ရှိပြီထင်သလဲ” ဦးဒေဝက လက်မှနာရီကို ငုံ့ကြည့်သည်။ “အလို ဆယ့်နှစ်နာရီတောင် ထိုးခါနီးနေပါပကော”

ကျွန်တော်သည် သူနှင့်ဆက်၍ စကားမပြောလိုတော့ပါ။ ဆက်လက်မဆွေးနွေးလိုတော့ပါ။ အိပ်ခန်းရှိရာသို့သာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

ဒေါ်သင်းထုံ၏ စိုးရိမ်မကင်းမေးသံကို ကြားရသည်။

"သူပြန်လာပြီလားဟင်၊ ဘာဖြစ်လို့ နောက်ကျနေရတာတဲ့လဲ။ ဘာ ဖြစ်လို့ ဒီလောက် ညဥ့်နက်နေရတာတဲ့လဲ"

"အမှန်တော့ မင်းရဲ့အပြစ်ပဲ မသင်းထုံ၊ မင်းပါးစပ် အငြိမ်မနေလို့၊ ဆပ်ဆော့လို့ အခုလိုဖြစ်ရတာ "

သူတို့ဇနီးမောင်နှံကို ဒုက္ခပေးသလိုဖြစ်ရသည့်အတွက် ကျွန်တော် စိတ်မကောင်းပါ။ စတင်တွေ့ရှိသည့်ကာလမှ ယနေ့အထိ ကျွန်တော်နှင့် ပတ်သက်၍ သူတို့ သည်တစ်ကြိမ်သာ အပူရဆုံးဖြစ်သည်။

မိုးရေစိုသောအဝတ်များကို ချွတ်လိုက်သည်။ အဝတ်ခြောက်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။ နွေးထွေးသောအိပ်ရာပေါ်သို့ လှဲချလိုက်သည်။ ပင်ပန်းနွမ်းနယ်ရသမျှ လွင့်ပျောက်သွားသလို ခံစားရသည်။

မျက်စိကို မှေးမှိတ်ထားမိသော်လည်း အိပ်၍ကားမပျော်ပါ။ အမျိုးသမီးသည် စိတ်အတွေးသို့ ရောက်လာသည်။

ယခုအချိန်ဆိုလျှင် သူမ မည်သို့မည်ပုံ ရှိနေပြီနည်း။ သူမအား ချန်ထားခဲ့သည့်နေရာမှာပဲလား။ ကျွန်တော့်လို အိပ်ရာထဲရောက်နေပြီလား မပြောတတ်။ ရောက်ချင်းရောက်လျှင် အိပ်ရာထဲသို့ သူမ အရင်ပြန်ရောက် ရနိုင်သည်။ သူမ၏အိမ်သည် ကျွန်တော်၏အိမ်ထက် နီးနိုင်သည်။

သူမနှင့်ပတ်သက်၍ သတိအရမိဆုံးမှာ ချိုမြိန်အနမ်း ဖြစ်သည်။ တစ်သက်တွင် ပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်ကို နမ်းဖူးခြင်း ဖြစ်သည်။ ယင်းအတွေ့အထိသည် ယခုတိုင် ရင်ကိုပူနွေးရှိန်းမြနေစေနိုင် ဆဲ။

မိုးလင်းပိုင်းကျမှပင် ကျွန်တော် အိပ်ပျော်သွားသည်။ အိပ်မက်ကိုလည်း သူမက ကြီးစိုးဆဲ။

(၉)

နောက်တစ်နေ့နံနက် ထမင်းဝိုင်းမှာ သိသိသာသာ တိတ်ဆိတ်နေ လေသည်။ကျွန်တော်တို့သုံးဦးသား စကားမပြောမိဘဲ ရှိကြသည်။ ကျွန်တော် သည် ယမန်နေ့ညက အဖြစ်အပျက်ကို ဦးဒေဝတို့အား ပြောမပြလိုဘဲ ရှိခဲ့သည်။ တတ်နိုင်သမျှ နှုတ်ဆိတ်၍နေချင်သည်။ ကျွန်တော်၏မျက်နှာအနေ အထားကိုကြည့်ကာ သူတို့ကလည်း မေးမလာတော့ပေ။

သို့တိုင်အောင် ယမန်နေ့ညက ကျွန်တော် အိမ်ပြန်နောက်ကျရခြင်း နှင့် စပ်လျဥ်း၍ သူတို့စိတ်မှာ ထူးခြားဆန်းကြယ်နေသည်ကား အမှန်ပါပင်။ ကျွန်တော်၏ ထူးခြားသောအမူအရာကို အကဲခတ်သလို ကြည့်နေကြသည် အမှန်ပင်။

"ဒီကနေ့ညကော သွားစရာရှိသေးသလားဟင်"

ဒေါ်သင်းထုံ မေးသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ညစာတော့ ပြန်စားမယ်မဟုတ်လား"

"မစားတော့ဘူး ဒေါ်ဒေါ်၊ သူငယ်ချင်းတစ်ယောက်နဲ့ အတူစားဖို့ ချိန်းထားလို့"

ဒေါ်သင်းထုံ၏မျက်နှာတွင် အလိုမကျနိုင်သလို ဖြစ်သွားသည်။ ဦးဒေဝကမူ မျက်မှန်ပေါ်မှကျော်ကြည့်ကာ ချက်ချင်းမျက်လွှာချသွားသည်။ သူက တစ်ခွန်း တစ်ပါဒမျှ ဝင်မပြော။

"မင်း ဒီလိုအိမ်ပြန်နောက်ကျနေမယ်ဆိုရင်တော့ မင်းအတွက် သော့ တစ်ချောင်း ပေးထားမှဖြစ်မယ်ထင်တယ်"

ဒေါ်သင်းထုံက ဆိုသည်။

ကျွန်တော်က အိုမင်းမစွမ်းရှိသူတို့ကို ဒုက္ခပေးရသည့်အတွက် စိတ် မကောင်းလှပါ။

သို့ရာတွင် ကျွန်တော့်စိတ်၌ ယမန်နေ့က တွေ့ ရသော အမျိုးသမီးကို စွဲလမ်းနေမိသည်။ ထပ်မံတွေ့ ဆုံလိုလျက် ရှိနေသည်။ ထိုဆန္ဒက ပြင်းပြ လျက်ရှိနေသည်။

အလုပ်ရှိရာသို့ ထွက်လာခဲ့သည်။

သည်ကနေ့ အလုပ်များသောနေ့ဖြစ်သည်။ အလုပ်တစ်ခုပြီးတစ်ခု ဆက်နေသည်။ အခါတိုင်းကဆိုလျှင်တော့ အလုပ်များခြင်းကို ကျွန်တော် နှစ်ခြိုက်လေ့ရှိသည်။ သဘောကျလေ့ရှိသည်။ အိုဗာတိုင်များများဆင်းရလျှင် ငွေများများရသည်မဟုတ်ပါလား။

သည်ကနေ့အဖို့မှာမူ အလုပ်များခြင်းကို သဘောမကျနိုင်အောင် ရှိသည်။ မနှစ်ခြိုက်နိုင်ဘဲ ရှိသည်။ အလုပ်တွင် အမှားမှားအယွင်းယွင်း အချွတ်ချွတ်အချော်ချော် ရှိရသည်။

မြို့ထဲသို့ ရောက်လိုစိတ်စောနေမိသည်။ အမျိုးသမီးနှင့် တွေ့ ချင်စိတ် ပြင်းပြနေမိသည်။

ညနေ လေးနာရီခွဲတွင် အလုပ်ရှင်ရောက်လာသည်။

"မောင်ရင်တော့ အိုဗာတိုင်ဆင်းရဦးမှာပဲ၊ ဆရာဝန်ရဲ့ ဖော့စ်ဝက်ဂင် ဒီည ခုနစ်နာရီ ရပါစေမယ်လို့ ကတိပေးလိုက်မိတယ်။ ဘယ့်နှယ်လဲ ရမယ် မဟုတ်လား"

ကျွန်တော်သည် ခေါင်းကြီးသွားမိသည်။ စိတ်ထဲမှ မချင့်မရဲ ဖြစ်သွားမိသည်။

ပုံမှန်အလုပ်ပိတ်ချိန်မှာ ညနေ ငါးနာရီဖြစ်သည်။ သို့သော် ကျွန်တော်တို့ ခြောက်နာရီ၊ ခုနစ်နာရီတော့ အမြဲလိုလို နေရတတ်သည်။

သည်ကနေ့မှာတော့ ကျွန်တော် ငါးနာရီခွဲတွင် အလုပ်သိမ်းချင်သည်။ ခြောက်နာရီတွင် မြို့ထဲသို့ ထွက်ခွာချင်သည်။ သို့မှသာ ခြောက်နာရီ ခွဲ၌ အမျိုးသမီးနှင့် တွေ့ဆုံနိုင်ခွင့်ရမည်ဖြစ်ပါသည်။ ကျွန်တော်က အလုပ်ရှင်အား ပြောပြမိသည်။

"ခုနစ်နာရီမှာတော့ ပြီးအောင်လုပ်ပေးပါမယ်။ ဒါပေမဲ့ အခုအချိန် ကစပြီး ကျွန်တော့်ကို တစ်နာရီလောက် အခွင့်ပေးပါ။ မြို့ထဲမှာ ဝယ်စရာ ကလေးတစ်ခု ရှိနေလို့ပါ။ အတော်ကြာ ဆိုင်တွေပိတ်သွားရင် ဝယ်လို့မရဘဲ နေမှာစိုးလို့ပါ"

အလုပ်ရှင်က အခွင့်ပြုပါသည်။ သူသည် ကျွန်တော့်ကို ယုံကြည် စိတ်ချသူဖြစ်သည်။ သို့ဖြင့် ကျွန်တော်သည် ကိုယ်တွင် ပေကျံနေသော ဆီချေးများ၊ စက်ဆီများကို အမြန်ဆုံးဆေးကြောသုတ်သင်လိုက်သည်။

မကြာမီ မြို့ထဲ သို့သွားသော မော်တော်ကားမှတ်တိုင်သို့ ကျွန်တော်ရောက်ရှိလာသည်။ မြို့ထဲသို့ရောက်သောအခါ ငါးနာရီကျော်ရုံမျှသာ ရှိနေသေးသည်။ ရုပ်ရှင်ရုံတစ်ဝိုက်တွင် လူရှင်းနေသည်။ ပြနေသောရုပ်ရှင်က မပြီး သေး။ နောက်ပွဲအတွက် လက်မှတ်မရောင်းသေး။ ထို့ကြောင့် ဈေးသည်တို့ လည်း ရှိမနေသေးချေ။

အချိန်ဖြုန်းသည့်အနေနှင့် ကျွန်တော် ဈေးဆိုင်များဘက်သို့ လျှောက် ခဲ့သည်။ ရှိုးကေ့စ်များ၊ ဆိုင်းဘုတ်များကို လိုက်လံငေးမောနေမိသည်။ သို့ဖြင့် ဆိုင်တစ်ဆိုင်ရှေ့သို့ ကျွန်တော်ရောက်လာသည်။ ထိုဆိုင် မှာ ငွေထည်၊ ဘော်ထည်နှင့် နာရီပစ္စည်းများ ရောင်းချသောဆိုင်ဖြစ်သည်။ ထိုဆိုင်သို့ ဦးဒေဝနှင့် နာရီဆံချည်တိုင်ကျိုးစဉ်က ကျွန်တော် ရောက်ဖူးခဲ့သည်။

ကျွန်တော်က အပြင်ဘက်တွင်ထားရှိသော ရှိုးကေ့စ်အတွင်း ငွေထည် နှင့် ဘော်ထည်ပစ္စည်းများကို ငေးကြည့်နေမိသည်။ မိန်းမအသုံးအဆောင် ဖြစ်သော လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ကြယ်သီး စသည်ဖြင့် စုံလင် လှသည်။ အသွေးအရောင်အမျိုးမျိုး၊ ပုံစံအထွေထွေဖြစ်သည်။ မြန်မာဟန်၊ ယိုးဒယားဟန် ထုလုပ်ထားသည်။ သည်ပစ္စည်းတို့မှာ အသွေးအရောင်လှပသော်လည်း၊ ပုံစံဆန်းကြယ်သော်လည်း အဖိုးထိုက် အဖိုးတန်တွေထဲက မဟုတ်ပေ။ ကလေးကစားစရာ များလို ဈေးချိုလှပေသည်။

သည်အတွင်း ကျွန်တော့်အကြည့်ကို ဆွဲဆောင်ခဲ့သောပစ္စည်းတစ်ခု ကို တွေ့ရသည်။ ငွေဆွဲကြိုးကလေး တစ်ကုံးဖြစ်သည်။ ဖြူလွှသော ငွေဆွဲ ကြိုး၏အဆုံးတွင် ဆွဲသီးပြားကလေးရှိသည်။ ဆွဲသီးပြားမှာ ပတ္တမြားရောင် ဖြစ်သည်။ အနီရောင်ဖြစ်သည်။ အသည်းပုံဖြစ်သည်။ ကျွန်တော်သည် ဆိုင်အတွင်းသို့ ဝင်လာခဲ့သည်။ အရောင်းကောင်တာ၌ရပ်ကာ ရှိုးကေ့စ်ထဲက ဆွဲကြိုးမျိုးအလိုရှိကြောင်း ပြောသည်။ ဈေးမေး ကြည့်မိသည်။ ဈေးမှာ ချိုသာလှပါသည်။ သို့တိုင်အောင် ကျွန်တော်ကဈေးလျှော့ရန် နှစ်ကြိမ်လောက်ဆစ်မိသေးသည်။ သူမ မလျှော့နိုင်ပါဆိုသည်။ "ကောင်းပြီလေ၊ အဲဒါကို ကျွန်တော်ယူမယ်"

ဈေးရောင်းသူက ဆွဲကြိုးကလေးကို တကယ့်အဖိုးထိုက် အဖိုးတန် ပစ္စည်းတစ်ခုပမာ သေချာစွာကိုင်တွယ်လျက် စက္ကူဘူးလှလှကလေးအတွင်း ထည့်ပေးသည်။

ကျွန်တော်က စက္ကူဘူးကိုယူကာ ငွေချေလိုက်ပါသည်။ ရုပ်ရှင်ရုံများဘက်သို့ ထွက်လာခဲ့သည်။ မီးရထားရုံးနာရီတွင် ကြည့် မြင်ရသော နာရီအရ ခြောက်နာရီထိုးခဲ့ပြီဖြစ်ကြောင်း တွေ့ ရသည်။

အလုပ်ရှင်ထံ အခွင့်တောင်းခံခဲ့သော တစ်နာရီကား ပြည့်ခဲ့ပါပြီ။

အလုပ်အတွက် နောက်ဆံတင်းမိသေးသည်။ အလုပ်တွင် ပထမဆုံးအကြိမ် အဖြစ် ပျက်ကွက်ရတော့မည်ဖြစ်သည်။

ကိစ္စတော့မရှိ၊ အလုပ်ရှင်သည် သဘောကောင်းသူဖြစ်သည်။ ကျွန်တော့်ကို အားကိုးနေရသူဖြစ်သည်။ ထို့ကြောင့် တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်တန်ကောင်း၏ ထင်မိပါသည်။

ကျွန်တော်သည် ရှိုင်ရယ်ရုံဘက်သို့ ရောက်လာသည်။ ယမန်နေ့ က ကြည့်ခဲ့သောကားပင်ဖြစ်သည်။ ကျွန်တော့်ရင်မှာ တထိတ်ထိတ် ခုန်နေသည်။ အမျိုးသမီးနှင့်တွေ့ ရမည်၊ စကားပြောရမည်။ ပြီးလျှင် သူမအား လက်ဆောင်ပေးရမည်။ ကျွန်တော့်ကို မှတ်မိတန်ကောင်း၏ အောက်မေ့သည်။

အခြားရုပ်ရှင်ရုံများတွင် လူတိုးနေသော်လည်း သည်ရုံမှာ လူရှင်း လျက်ပင် ရှိနေသည်။ ဈေးသည်ခပ်ကျဲကျဲပင် ရှိနေသည်။

ကျွန်တော်က အမျိုးသမီးကို လူအများအပြားမှာ ရှာဖွေကြည့်မိသည်။ လူကျဲကျဲသာရှိ၍ ရှာဖွေရန် မခဲယဉ်း၊ သူမ၏အသွင်ကလည်း ထင်းနေတတ် သည်မဟုတ်လား။ အသံက ညံ့ညံ့စာစာရှိသည်မဟုတ်လား။

ဈေးသည်တစ်သိုက်ကြားတွင် အမျိုးသမီးကို ရှာဖွေမတွေ့ ပါ၊ အရိပ် အယောင်မျှ မမြင်ရပါ။

ဈေးသည်ကလေးများသည် ယမန်နေ့အတိုင်းကလိုပင် ရှိနေကြသည်။ ယမန်နေ့ကလိုပင် သူတို့၏ပစ္စည်းကလေးများကို အော်ဟစ်ရောင်းချနေကြသည်။ အမျိုးသမီးသည် ရုံအတွင်း၌ရှိနေလေသလားမသိ၊ ရုံအတွင်းဘက် သို့ စောင်းငဲ့ကြည့်မိသည်။ ရုပ်ရှင်ရုံတံခါးပေါက်များကို လေဝင်သာစေရန် ဖွင့်ပေးထားသည်။ အားလုံး ဟာလာဟင်းလင်း ဖွင့်ပေးထားခြင်းဖြစ်သည်။ ရုံအတွင်းသို့ လူဝင်ခွင့်လည်း မပေးသေးချေ။ ထို့ကြောင့် ရုံအတွင်းမှာ လူ မရှိ၊ တံမြက်လှည်းသမားတစ်ယောက်သာ အမှိုက်များကို သယ်ထုတ်နေသည်။

ကျွန်တော်သည် ရုပ်ရှင်ရုံပေါ်တီကိုအောက်၌ ရပ်နေလိုက်သည်။ ပိုစတာများ၊ ဓာတ်ပုံများကို ကြည့်နေမိသည်။ ယင်းသို့ ကြည့်နေရင်းကြား မှလည်း အမျိုးသမီးကို လှည့်ပတ်ရှာဖွေနေမိသည်။

သည်ပုံစံဖြင့် အတော်ကြီးကြာသွားသည်။ မျက်စိကို အနားမပေး၊ ဈေးသည်မှန်သမျှကို လိုက်ကြည့်နေမိသည်။ တွေ့ လိုမြင်လိုသူကား မတွေ့ရ။

အချိန်သည် တစ်စထက်တစ်စ ကုန်သွားသည်။ ခြောက်နာရီခွဲခဲ့ပေပြီ။ သတိပေးခေါင်းလောင်းသံ ပေါ်လာသည်။ လူအတော်များများပင် ရုပ်ရှင်ရုံအတွင်း ဝင်သွားကြပြီ။ ပေါ်တီကိုအောက်တွင် လူသူကင်းရှင်းစ ပြုလာပြီ။ ကျွန်တော်သာ

အထိးတည်းကျန်ရစ်ရတော့မည်ကဲ့သို့ ဖြစ်လာသည်။

ရုပ်ရှင်ပြခဲ့ပါပြီ၊ ဈေးသည်အချို့ သိမ်းကြလေပြီ။ ကျွန်တော်သည် ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့သလို ဖြစ်လာမိသည်။

သို့ဖြင့် ကျွန်တော်သည် ဈေးသည်တစ်ယောက်ထံ လျှောက်လာခဲ့သည်။

"ဘာယူမလဲ အစ်ကို၊ ကွာစိ၊ ရှောက်သီးဆေးပြား၊ မြေပဲဆားလှော်၊ ငါးမုန့်၊ ငွေးသီး ကြိုက်ရာယူပါ"

သူက ဈေးဝယ်မည်အထင်နှင့် ဆိုသည်။

"ဘာမှမယူပါဘူး၊ မေးချင်တာကလေးတစ်ခုရှိလို့ပါ။ မိန်းကလေး တစ်ယောက်အကြောင်း စုံစမ်းချင်လို့ပါ"

"ဘယ်ကမိန်းကလေးလဲဟင်၊ ဘယ်သူတဲ့လဲ"

ကျွန်တော်သည် အမျိုးသမီး၏အမည်ကို ပြောပြနိုင်ခြင်းမရှိခဲ့ပါ။ ယမန်နေ့ညက သူမ၏အမည်ကို မမေးမိခဲ့ခြင်းကို နောင်တရမိသည်။ သို့သော် သူမ၏ပုံသဏ္ဍာန်ကိုကား ပြောပြနိုင်ခဲ့ပါသည်။

ဈေးသည်ကလေးက ကျွန်တော့်စကားကို မျက်တောင်ပုတ်ခတ်ရင်း နားထောင်သည်။

"သူ့အရိပ်အယောင်ကိုတောင် ဒီကနေ့ မတွေ့ရသေးဘူး"

သူက ဆိုသည်။

"ဒါဖြင့် သူ မလာဘူးပေါ့နော်"

"ဟုတ်တယ်၊ သူက မမှန်ပါဘူး၊ လာချင်တဲ့အခါမှ လာတာပါ" ကျွန်တော်သည် စိတ်ပျက်အားလျော့သွားရသည်။

"သူ့ကို ဘာဖြစ်လို့ လူတွေလာလာမေးနေရသလဲမသိဘူး"

"ဟင်... "

"သူ့ကိုလာမေးတာ အစ်ကိုတစ်ယောက်တည်းမဟုတ်ဘူး၊ ဒီတစ်ခါ တည်းမဟုတ်ဘူး၊ ပုလိပ်တွေကလည်း လာမေးသေးတယ်"

"ပုလိပ်တွေ .. "

"ဟုတ်တယ်၊ ပုလိပ်တွေက ရုံမန်နေဂျာဆီမှာ သူနဲ့ပတ်သက်ပြီး မေးလားစမ်းလား လုပ်သေးတယ်။ သူ တစ်ခုခုဖြစ်ခဲ့တာတော့ အမှန်ပဲ။ ဘာဖြစ်သလဲသာ မသိတာ"

ကျွန်တော့်ရင်မှာ ခုန်လာသည်၊ တင်းကျပ်လာသည်၊ ချောက်ချား လာရသလို ရှိသည်။

"သူ .. သူ ဘာဖြစ်လို့လဲဟင်"

"ပြောပြီကော၊ ဘာဖြစ်တယ်ဆိုတာ မသိပါဘူးလို့၊ ကျုပ်တို့ရုံက မန်နေဂျာတောင် ဌာနကို ပါသွားသေးတယ်။ အခုထိ ပြန်မလာသေးဘူး" သူက ရုတ်တရက် စကားဖြတ်ကာ အသစ်ရောက်ရှိလာသော ရုပ် ရှင်ကြည့်သူများဘက်သို့ လျှောက်သွားသည်။

"ကွာစိလှော်၊ မြေပဲဆားလှော် ကျွတ်ကျွတ်ကလေးတွေနော်။ ရုံထဲ မှာ အပျင်းပြေစားကြဖို့ ဝယ်သွားကြဦး"

ရုပ်ရှင်ကြည့်သူများက သူ့ကို စောင်းငဲ့၍ပင်မကြည့်ဘဲ ရုံအတွင်း

ဝင်သွားသောအခါမှ သူက ကျွန်တော့်ဘက်သို့ လှည့်လာသည်။ "သူက အစ်ကို့မိတ်ဆွေလား"

"ဆိုပါတော့"

"သူ့အကြောင်းပြောရမှာက တစ်မျိုးကြီးပဲ၊ ဆန်းသလိုလိုပဲ"

"ဘာဖြစ်လို့လဲဟင်"

"သူက တစ်မျိုးမို့ပါ၊ ဒီမှာ ဈေးရောင်းပေမဲ့ ဘယ်သူ့ကိုမှ အသိ အကျွမ်းမလုပ်ဘူး။ ဘယ်သူနဲ့မှ မရောဘူး။ သူ့ဟာသူ တွေးနေ ငေးနေ တတ်တယ်။ ဒီအကြောင်း အစ်ကိုအသိဖြစ်မှာပေါ့"

ကျွန်တော် ဘာမှပြန်မပြောတော့ပါ။ သူ့အပါးမှ ခွာခဲ့သည်။ ရုပ်ရှင် ရုံအောက်မှ ထွက်ခဲ့သည်။ ကျွန်တော့်ရင်ထဲမှာ ဟာနေသည်။ နာနေသည်။ ထူးခြားဆန်းကြယ်ခြင်းနှင့်အတူ ကြေကွဲနာကြည်းခြင်းကိုပါ ခံစားနေရသည်။

ကျွန်တော့်အမျိုးသမီးတွင် တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့သည်မှာကား ထင်ရှားနေပါပြီ။ ကြမ္မာဆိုးနှင့် တိုးခဲ့လေပြီထင်ပါသည်။ ရဲများက သူမနှင့် ပတ်သက်၍ မေးလားစမ်းလား လုပ်လာပြီဆိုကတည်းက ယင်းအချက်ကို ထင်ရှားစေလေသည်။

ကျွန်တော်က မိမိကိုယ်ကိုယ်သာ အပြစ်တင်နေမိသည်။

အကယ်၍သာ ညက သူမအား တစ်ယောက်တည်းထားမပစ်ခဲ့လေ လျှင် လျစ်လျူရှုမထားခဲ့လေလျှင် သည်သို့ဖြစ်ချင်မှ ဖြစ်မည်ဟုထင်နေမိသည်။

သူမ၏အိမ်သို့ လိုက်ပါပို့ဆောင်ကာ သိကျွမ်းရင်းနှီးခွင့်ကို ယူသင့် ပါလျက် ကျွန်တော်က မိုက်မဲလှစွာဖြင့် နောက်တစ်နေ့တွင် တွေ့ဆုံရမည့် အခွင့်အရေးကိုသာ မျှော်လင့်ခဲ့မိသည်။

ရဲဌာနသို့လိုက်သွားလျက် အမျိုးသမီးနှင့်ပတ်သက်၍ မေးမြန်းရ လျှင် ကောင်းလေမည်လား စဉ်းစားမိသေးသည်။ စင်စစ် ဤသည်ကလည်း မိုက်မဲသောအကြံသာ ဖြစ်သည်။

အကယ်၍ ယင်းသို့ စူးစမ်းခဲ့လေလျှင် ရဲတို့က ကျွန်တော့်ကို စစ်လား မေးလား လုပ်လာပေလိမ့်မည်။ ကျွန်တော် ဖြေနိုင်မည်မဟုတ်။ ကျွန်တော်

သည် အမျိုးသမီးနှင့်ပတ်သက်၍ ဘာတစ်ခုမျှ တိတိကျကျမသိ၊ ရေရေရာ ရာ မသိ။

အဆုံးမှာတော့ ကျွန်တော်သည် အလုပ်ရုံဆီသို့ အောင်မြင်စွာ ပြန်လည်ဆုတ်ခွာလာခဲ့ပါတော့သည်။

ဆရာဝန်၏ ဖော့စ်ဝက်ဂင်ကားမှာ ခုနစ်နာရီခွဲတွင် ပြီးစီးသွားခဲ့ပါသည်။ စင်စစ် ကားမှာ ဘာမျှဖြစ်ခဲ့သည်မဟုတ်။ ကာဘရေတာတွင် ချေး ပိတ်ကာ

စက်မမှန်ခြင်းသာဖြစ်သည်။ ဖြုတ်ဆေးပေးရုံနှင့် ကိစ္စပြီးသွားသည်။ နာရီဝက်နောက်ကျခဲ့သည်မှအပ ကျွန်တော့်အလုပ် မပျက်ခဲ့။ ကတိ တည်ခဲ့သည်။ ပိုင်ရှင်က ကျေးဇူးတင်သည်။

အလုပ်ကို ဆက်လက်လုပ်ကိုင်ရန် စိတ်မဝင်စားမိတော့။ ထို့ကြောင့် လက်ကို ဆေးကြောသန့်စင်လိုက်သည်။

အလုပ်ရုံပိုင်ရှင်သည် ပက်လက်ကုလားထိုင်၌ ထိုင်နေသည်။ သတင်းစာတစ်စောင် ဖတ်နေသည်။ သတင်းစာမှာ မနက်ကတည်းက အလုပ်ရုံသို့ရောက်နေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် ညနေပိုင်း အလုပ်စောပြီးစေရန် စိတ်စော၍ အလုပ်လုပ်နေခဲ့သောကြောင့် သတင်းစာကို ကိုင် ၍ မကြည့်မိခဲ့ပေ။

"စိတ်မကောင်းစရာပဲဟေ့၊ ကိုယ်တို့ တစ်နေ့က ပြင်ပေးလိုက်တဲ့ ဖိယက်ကားအပြာကလေး ရှိတယ်မဟုတ်လား။ အရာရှိတစ်ယောက်ရဲ့ကား လေ"

သူက ကျွန်တော့်ကိုလှမ်းမေးသည်။ "အင်း...ဘာဖြစ်လို့လဲ" ကျွန်တော်က စိတ်မပါဘဲ ပြန်မေးလိုက်ရသည်။

"အဲဒီကားပေါ့ကွ၊ သမိုင်းလမ်းဆုံမှာ စစ်ကားတစ်စီးနဲ့ မျက်နှာချင်း ဆိုင်တိုက်မိလို့တဲ့၊ ကားပျက်စီးသွားသတဲ့။ ဒရိုင်ဘာသေသွားသတဲ့။ ဒီအထဲမှာ ရေးထားတယ်"

"သိပ်ဆိုးတဲ့အဖြစ်ပဲ" ကျွန်တော်က အလေးအနက် ဂရုမထားပါဘဲလျက် ဆိုလိုက်မိသည်။

ကျွန်တော်က သူ့အပါးမှ ခွာမည်ပြုလိုက်သည်။ သယက အမေးတစ်ခုမေးလိုက်သဖြင့် ခြေလှမ်းတုံ့သွားရသည်။

"ဒါထက် မင်းလိုချင်တဲ့ပစ္စည်းဆိုတာ ရခဲ့ရဲ့လား"

"ရခဲ့ပါတယ်"

ကျွန်တော်က ခပ်ပြတ်ပြတ်ဖြေလိုက်သည်။ သူက သတင်းစာကို ပြန်ဖတ်သည်။ ကျွန်တော့်ဘက်သို့မကြည့်ဘဲ ဆိုနေသည်။

"သတင်းစာထဲမလဲ တစ်နေ့တစ်နေ့ သေတာ ကျေတာတွေ၊ သတ် တာ ဖြတ်တာတွေချည်းပါပဲကလား"ညည်းသလို ဆိုသည်။ "ဒီမှာကြည့်ပါ ဦး၊ ညတုန်းက လေတပ်သားတစ်ယောက် သေပြန်ပြီတဲ့" "ဘာလဲ၊ လေယာဉ်ပျံပျက်ကျလို့လား"

"ဘယ်ကလာ လေယာဉ်ပျံပျက်ကျရမှာလဲ၊ သတင်းစာမှာ အကြောင်း စုံ ပါနေတဲ့ဥစ္စာ။ လေတပ်သားဟာ ဓားဒဏ်ရာကြီးနဲ့ မင်္ဂလာဒုံဘူတာအထိ လျှောက်လာသေးသတဲ့။ တယ်လီဖုန်းတိုင်မှာ တယ်လီဖုန်းဆက်မယ်လုပ်မှ လဲကျသွားသတဲ့။ ဒါနဲ့ လူတွေက ဆေးရုံကိုပို့လိုက်သတဲ့။ ဆေးရုံကျမှ ဆုံးတာပါ"

ကျွန်တော့်ရင်မှာ ခုန်လာသည်။ နှလုံးသားသည် တဖျတ်ဖျတ် တုန် နေသည်။ တစ်ကိုယ်လုံး ဆတ်ဆတ်ခါနေလေသလား ထင်ရသည်။ အလုပ်ရုံရှင်က ဆက်ပြောသည်။

"တာဝန်အရ လေယာဉ်ပျက်ကျလို့ သေသွားရတယ်ဆိုရင် တော်သေးတာပေါ့။ ဂုဏ်ယူစရာပေါ့။ အခုဟာက မိန်းမကိစ္စကြောင့်တဲ့ကွ" ကျွန်တော့်မျက်စိဝယ် ညကအဖြစ်တို့ ပေါ်ပေါက်လာသည်။

မင်္ဂလာဒုံ။ လေတပ်သား။

အမျိုးသမီး။

အိမ်ခေါင်တည့်တည့် ဗုံးကျခြင်း။

သူက သတင်းစာကို ပိတ်လိုက်သည်။

"မင်း သောက်ဦးမလားဟေ့၊ မနေ့ကလက်ကျန်ကလေး ရှိသေး တယ်"

ကျွန်တော်က သူ့ကို ခေါင်းခါပြလိုက်သည်။ သူသည် ငွေမြိုးမြိုးမြက်မြက်ရသည့်နေ့များတွင် ယခုလို လောကွတ်လုပ်လေ့ရှိသည်။ "တော်ပြီ၊ မသောက်တော့ပါဘူး။ ကျွန်တော်သွားတော့မယ်"

ကျွန်တော့်အသံသည် အလိုလို ခြောက်ကပ်ဆို့နင့်လေသည်။ ကျွန်တော်သည် အလုပ်ရုံအတွင်းမှ ထွက်ခဲ့သည်။ တံတားကလေး လမ်းအတိုင်း လျှောက်လာခဲ့သည်။ စာအုပ်ဆိုင်တစ်ဆိုင်ဝင်သည်။ မနက်က ရောင်းမကုန်သဖြင့် ကျန်နေသော သတင်းစာတစ်စောင်ကို တစ်ဝက်ဈေး ဖြင့် ဝယ်ယူလိုက်သည်။

သတင်းစာတစ်စောင်၏ အဖုံးတွင် အလုပ်ရုံရှင်ပြောပြသောသတင်း ကို ဖော်ပြထားသည်။

သတင်းမှာ 'စကု'ဆိုသော အထူးသတင်းဖြစ်သည်။ စက်ရုပ်သတင်း ဖြစ်သည်။

ယမန်နေ့ညက လေတပ်သားတစ်ယောက်နှင့် မိတ်ဆွေအချို့ မင်္ဂလာဒုံဘူတာတွင် လက်ဖက်ရည်သောက်နေကြသည်။ ယင်းအချိန်တွင် နောက်ဆုံးရထားဆိုက်လာကာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ရထားပေါ်မှဆင်းလာကာ လက်ဖက်ရည်သောက်ကြသည်။ နောက်ပိုင်းတွင် နှစ်ယောက်သား ရထားလမ်းအတိုင်း ခြေလျင်လျှောက်ပြန်ကြသည်။

အတန်ကြာသောအခါ လေတပ်သားသည် လေတပ်ဘူတာဘက်သို့ ခြေလျင်လျှောက်လာသည်။ လမ်းတွင် သူ စောစောကတွေ့ ရသော မိန်းကလေးနှင့် ဆုံရသည်ဟုဆိုသည်။ မိန်းကလေးတွင် အဖော်မပါတော့။ လေတပ်သားက သူမကို မကောင်းသောမိန်းမဟု ထင်သည်။ တစ်ယောက်နှင့် တစ်ယောက် အပေးအယူလုပ်ကြည့်ရာ အသာတကြည်ရခဲ့သည်။ အမျိုး သမီးက သူ့ကို ရေနုတ်မြောင်းဘက်သို့ ခေါ်သွားသည်။ မကြာမီမှာပင် လေတပ်သားသည် ဓားဒဏ်ရာများဖြင့် ဘူတာရုံဘက်သို့ ပြန်ပြေးလာသည်။ ရဲထံဖုန်းဆက်ဖို့ကြိုးစားသည်။ သည်လိုဖြင့် ဆေးရုံသို့ရောက်လာကာ သေဆုံးသွားသည်။

သူ၏သေတမ်းစစ်ချက်အရ ရဲက အမျိုးသမီးကို ရှာဖွေနေသည်။ ထိုညက အမျိုးသမီးနှင့်အတူပါလာသည်ဆိုသောသူကို ရဲက စိတ်ဝင်စားသည်။ အကယ်၍

ထိုသူအနေနှင့် တာဝန်သိစွာ ရဲကိုလာရောက် ကူညီမယ်ဆိုလျှင် လူသတ်သမားအမျိုးသမီးကို ဖမ်းဆီးရနိုင်ဖွယ်ရှိသည် ဟု ဆိုသည်။

ကျွန်တော်သည် သတင်းစာကို ဆက်၍မဖတ်တော့။ လွှင့်မပစ်မိရန် ပင် မနည်းကြိုးစားနေရသည်။ ကျွန်တော့်ရင်မှာ ပြင်းစွာတုန်လှုပ်လျက်ရှိနေရပါသည်။

(၁၀)

နောက်တစ်နေ့နံနက်တွင် ဒေါ်သင်းထုံသည် ကျွန်တော့်အတွက် ကော်ဖီလာပို့ပေးရင်း အိပ်ရာမှနှိုးခဲ့သည်။

ညက တစ်ညလုံးလိုလို တွေးတောဟယ်၊ စဉ်းစားဟယ်နှင့် ရှိခဲ့သည်။ အလူးလူး အလှိမ့်လှိမ့်နှင့် ရှိခဲ့သည်။ အိပ်မပျော်နိုင်ခဲ့။ မိုးလင်းပိုင်းတွင်မှ အိပ်ပျော်သွားခဲ့သည်။ ထို့ကြောင့် အတော်ကြီးနေမြင့်မှ နိုးသည်။

ဒေါ်သင်းထုံက ကော်ဖီခွက်နှင့်အတူ သတင်းစာကိုပါ စားပွဲပေါ်သို့ တင်ထားခဲ့သည်။

အိပ်ရာထနောက်ကျသဖြင့် သတင်းစာကို မီရခြင်းဖြစ်သည်။ အခါ တိုင်းကဆိုလျှင်မူ သတင်းစာရောက်မလာမီ ကျွန်တော် အလုပ်ရုံသို့ ထွက် ခဲ့မြဲဖြစ်သည်။

သတင်းစာမှာ ခေါက်လျက်သားရှိသည်။ ခေါက်လျက်သားအနေ အထားဖြင့်ပင် သတင်းကို ကျွန်တော်တွေ့နေရသည်။ သည်သတင်းကို လူတို့ အတော်စိတ်ဝင်စားနေကြသည်ထင်ပါ၏။ မျက်နှာဖုံးတွင်တင်ထားသည်။ ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့် ဖော်ပြထားသည်၊

လေတပ်သား၏ သတင်းပင်ဖြစ်သည်။ ယခုတော့ ရဲ၏ ကြိုးပမ်းမှုဖြင့် သူမကို ဖမ်းမိခဲ့ပေပြီ။ သူမကလည်း သတ်ခဲ့ကြောင်း တရားသူကြီး ရှေ့မှောက်၌ ဝန်ခံခဲ့လေပြီ။ လေတပ်သားကို မြို့ဆွယ်ခေါ်ယူလာကာ သတ် ဖြတ်ခဲ့သည်ဟု ဝန်ခံခဲ့ပြီ။

သို့သော် သူမနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များစွာ ရှိနေသည်။ ရန်သူမဟုတ်ပါဘဲ၊ အငြိုးအတေးမရှိပါဘဲ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ သူမက အဘယ်ကြောင့် သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံရန် ငြင်းဆိုခဲ့သည်။

သူမကိုကြည့်ရသည်မှာ စိတ်အနေအထားမမှန်ဟု ရဲက ယူဆသည်။ ထို့ကြောင့် စိတ္တဇဗေဒပါရဂူများထံ ပြသရန် စိတ်ရောဂါကုဆေးရုံသို့ ပို့ထား သည်ဟု သတင်းစာက ဆိုသည်။ ကျွန်တော်သည် သတင်းစာမှာ မျက်နှာလွှဲလိုက်သည်။

မကြည့်လိုတော့ပါ။ မသိလိုတော့ပါ။

မကြည့်ဝံ့တော့ပါ။ မသိဝံ့တော့ပါ။

စားပွဲပေါ်တွင် ယမန်နေ့က ဝယ်ယူခဲ့သော ဆွဲကြိုးရှိသည်။ စက္ကူ ဘူးကလေးမှာ ကျွန်တော့်အမြင်သို့ ရောက်နေသည်။ ကျွန်တော့်မြင်ကွင်းမှာ ရှိနေသည်။

ကျွန်တော်သည် စက္ကူဘူးကိုကောက်ယူလိုက်သည်။ အဖုံးကိုဖွင့်

လိုက်သည်။ ဂွမ်းစအကြားမှ ငွေဆွဲကြိုးကလေးကို ထုတ်ယူလိုက်သည်။ လက်ညှိုးထိပ်တွင် ချိတ်ဆွဲထားလိုက်သည်။

ဆွဲကြိုးကလေးသည် အရှိန်ဖြင့် လှုပ်ရမ်းနေသည်။ သိမ့်ခါနေသည်။ ဆွဲကြိုးထိပ်မှ အသည်းပုံကလေးမှာလည်း ဟိုမှသည်မှ၊ ဘယ်မှသည် ညာ၊ ညာမှသည် ဘယ်သို့ ယိမ်းထိုးကာ လှုပ်ခါသိမ့်ရမ်းနေသည်။ သည်နည်းနှင်နှင်လို့သာ ဆိုချင်ပါသည်။

ကိုယ့်နှလုံးသားမှာလည်း အခါခါ လှုပ်ခါသိမ့်ရမ်းနေရပါပကော လားကွယ်။

။

(၁)

နေအလင်းရောင် ပျောက်ကွယ်သွားခဲ့သည်မှာ အတော်လေးပင် ကြာခဲ့ပါပြီ။ ဆောင်းအခါမို့ နေအဝင်လည်း စောသည်။ အချိန်မှာ ည ၇ နာရီရှိခဲ့ပါပြီ။ ဝေါဘူတာသို့ ရထားမဝင်မီကတည်းက နေလုံးပျောက်ကွယ်သွားခဲ့သည်။ နေအလင်းရောင် ပျောက်ကွယ်သွားခဲ့သည်နှင့်အမျှ မြူခြည်တို့က လည်း ရစ်သိုင်းဝိုင်းဖွဲ့လာသည်။ ထိုအခါ ပတ်ဝန်းကျင်မှာ အိပ်မက်ဆန် စွာ မှုန်ရီဝိုးဝါးဖြစ်လာလေတော့သည်။ ဝန်းကျင်သည် မစံပယ်အတွက် ဘာမှမထူးခြားနိုင်တော့။ ဘာမှ ကြည့်ရှုဖွယ်မရှိတော့။ ပတ်ဝန်းကျင်သည် မစံပယ်အတွက် စိတ်ပျက် စရာသာ ဖြစ်လာရချေသည်။

မစံပယ်သည် ပြင်ပလောကကို စိတ်ပျက်စွာ မျက်နှာလွှဲလိုက်သည်။ ရထားပေါ်မှာ ခရီးရှည်ထိုင်လာရသဖြင့် တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲနေသည်။ အညောင်းအညာပြေ လမ်းလျှောက်ရန်မှာလည်း အခြေအနေက မလွယ်ကူ။ ရထားက ကျပ်လွန်းလှသည်။ လူသူများပြားလွန်းလှသည်။ ခရီးသွားရသည်မှာ မလွယ်ကူ။ ဆင်းရဲပင်ပန်းလှသည်ဆိုသည်ကို ယခုမှ မစံပယ်ကိုယ်တိုင်ကိုယ်ကျ နားလည်ခံစားလာခဲ့ရခြင်းဖြစ်သည်။

ရထားပေါ်မှာ ခုံတန်းစေ့ လူပြည့်ကျပ်နေရုံသာမက နှစ်ယောက် ထိုင်ခုံကို သုံးလေးယောက်ကျပ်ညပ်စွာ ထိုင်နေရသည်။ သည့်အပြင် လူ သွားလမ်း ထိုင်ခုံကြားမှာလည်း လူတွေအပြည့်၊ ပစ္စည်းတွေ တောင်ပုံ ရာပုံနှင့် စိတ်ပျက်စရာကောင်းလှသည်။ အသက်ရှူကျပ်စရာပင် ဖြစ်ပါသည်။ မစံပယ်အဖို့ ထိတွေ့သမျှ အတွေ့အကြုံသည် အစိမ်းသက်သက်သာ ဖြစ်နေတော့သည်။ ခရီးမထွက်စဖူး ထွက်လာခဲ့မိသဖြင့်လည်း ကူးသန်းသွားလာနေသူများထက် ပို၍စိတ်ပျက်နေရသည်။

မစံပယ်အနေနှင့် စိတ်ပျက်မည်ဆိုလည်း ပျက်လောက်ပါသည်။ မစံပယ် သည်သို့ ခရီးရှည်ထွက်ခဲ့ဖူးသည်မှာ သည်တစ်ကြိမ်သာ ဖြစ်သည်။ သည်တစ်ကြိမ်မှာ အစပထမသာဖြစ်သည်။ ပြီးတော့ သည်ခရီး ရှည်ကြီးမှာ အဖော်မပါ တစ်ကိုယ်တည်းဆိုတော့လည်း အားငယ်မိသည် အမှန်ပင်။ မိပစ်ဖပစ် ထွက်ခဲ့ရသည်ဖြစ်၍ နောက်ဆံလည်း တင်းရသေးသည်။ လွမ်းဆွေးတသရသောဝေဒနာကို ခံစားရသည်။မိမိဘဝရှေ့ရေးအတွက် စွန့်စားရသည်ဆိုသော်လည်း ရင်ကတော့ အလေးသား။ ဘာရယ်ကြောင့်ဟု မသေချာသော်လည်း စိတ်ထဲမှာ တုန် လှုပ်သလို ခံစားနေရသည်။

ဩော် မျက်နှာစိမ်းများအလယ် ကိုယ်ရောက်လာရပြီမဟုတ်လား။ မြို့နှင့်ဆိုလျှင် များစွာအလှမ်းကွာခဲ့ပါပြီ။ မစံပယ်သည် လှုပ်ရှားဆူညံ လာသော အသံများကြောင့် မှေးစင်းထားသော မျက်ဝန်းအစုံကို ဖွင့်လိုက် မိသည်။

ရှေ့ရေး နောင်ရေး အတွေးတွေကို ဖြတ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိသည်။ တွဲအတွင်းမှလူများကို ကြည့်လိုက်မိသည်။ ရထားတွဲထဲမှ ခရီးသည်များ လှုပ်လှုပ်ရှားရှားဖြစ်လာပြန်သည်။ ထသူကထ ကိုယ့်ပစ္စည်းကိုယ် ဆွဲသူကဆွဲ အထုပ်အပိုးပြင်သူက လည်း ပြင်နှင့်။ ဘူတာတစ်ခုခုသို့ရောက်တော့မည်ဟုတော့ ထင်သည်။ ဘယ်ဘူတာရောက်သည်ကိုတော့ မစံပယ်မသိပါ။ သည်လမ်းနှင့် မစံပယ် မကျွမ်းပါ။

"ပဲခူးဘူတာရောက်တော့မယ်လေ။ ပဲခူးလွန်ရင်တော့ လမ်းက ဘူတာတွေ မရပ်တော့ဘူး ရန်ကုန်ဘူတာကြီးအထိ သွားတော့မယ်။ ရထားက ဒီကနေ့တော့ သိပ်ကိုနောက်ကျတယ်။ ဘာဖြစ်သလဲမသိဘူး" မစံပယ်၏နံဘေးမှ အဒေါ်ကြီးက ပြောသည်။

ထိုအဒေါ်ကြီးကတော့ သည်လမ်းကို ကျွမ်းကျင်နေပုံရသည်။ မစံပယ်နှင့်လည်း ပြောရင်းဆိုရင်း အထိုက်အသင့် ရင်းနှီးနေကြပြီဟု ဆိုနိုင်ပါသည်။ တစ်လမ်းလုံး သူနှင့်သာ မစံပယ်စကားပြောဖြစ်သည်။ ထိုအဒေါ်ကြီးက ဖော်ဖော်ရွေရွေရှိသည်။ ရည်ရည်မွန်မွန်ရှိသည်ဟုတော့ မဆိုနိုင်ပါ။ သူမသည် အများသူငါလို မှောင်ခိုကုန်ကူးနေသူဖြစ်နိုင်သည်။ သံရောင်ပေါက်စပြုနေသော ဆံပင်ရှိသည်။ မျက်နှာတွင် အရေးအကြောင်းများ ပေါ်နေစပြုနေသည်။ သူက စကားရောနှောဆက်ဆံလာသဖြင့် မစံပယ်ကလည်း သူ့ကိုပြောရဲဆိုရဲခြင်းဖြစ်သည်။ ထိုအဒေါ်ကြီး၏အမည်မှာ ဒေါ်ငြိမ်းတင်ဟု သိထားရသည်။ ကျောက်မြောင်းဆိုလား၊ ကျောက်ကုန်းဆိုလား အဲသည်မှာနေသည်ဟု တော့ ပြောသည်။ မစံပယ် အသေအချာမမှတ်မိတော့။

ဒေါ်ငြိမ်းတင် နုပျိုစဉ်အခါက အတော်လှမည်ဟုလည်း ထင်ရသည်။ ယခုတော့ အလှအပများကို ဆင်းရဲခြင်းက စုပ်ယူဝါးမျိုသွားပြီ ထင်ရသည်။ ကိုယ်မှာတော့ အတော်လေးဝနေသည်။ ပါးစုံကြီးနှစ်ဖက်က မို့ဖောင်းနေသည်။ မျက်လုံးမျက်ဖန် လှနေသေးသည်။ အသက်ငါးဆယ် နီးပါးလောက် ရှိပြီဖြစ်သော်လည်း မျက်လုံးတွေက တောက်ပသေးသည်။ ဒေါ်ငြိမ်းတင်က ဖော်ဖော်ရွေရွေ ရောရောနှောနှောရှိသဖြင့် မစံပယ်က လည်း ဒေါ်ငြိမ်းတင်ကို မငြိုးမပယ် ဆက်ဆံနေရသည်။

လမ်းတွင် စားသောက်စရာဝယ်လျှင် ဒေါ်ငြိမ်းတင်က မစံပယ် အတွက်ပါ ဝယ်ပြီး အတင်းကျွေးသည်။ ရောက်ခဲ့သည့်မြို့အကြောင်း လည်း ပြောပြတတ်သည်။ သူ့အကြောင်း၊ သူ့မိသားစုအကြောင်း ဖောက် သည်ချသည်။ သူမသည် မော်လမြိုင်သို့ မကြာခဏရောက်တတ်ကြောင်း၊ မော်လမြိုင်တွင် သူ့ယောက်ျားဘက်မှအမျိုးတွေရှိကြောင်း၊ ဒေါ်ငြိမ်းတင်က တော့ မြစ်ဝကျွန်းပေါ်သူဖြစ်ကြောင်း မော်လမြိုင်သား ယောက်ျားနှင့် အကြောင်းပါသဖြင့် မော်လမြိုင်မှာ ကိုယ့်ရပ်ကိုယ့်ရွာလို ရင်းနှီးနေပြီ ဖြစ်ကြောင်း၊

ကုန်ကူးသန်းရောင်းဝယ်နေကြောင်း ပြောပြသည်။

သည်အခါ မစံပယ်မှာလည်း သူမအကြောင်းကို ပြောပြမိသည်။ သူမဘဝအစမှသည် ယခုခရီးအတွက် ထွက်လာရသည့် ရည်ရွယ်ချက် အထိတိုင်အောင်ပင် ဖြစ်သည်။

မစံပယ်သည် ပေါက်တောရွာဇာတိဖြစ်ကြောင်း၊ မိဘများမှာ ဆင်းရဲကြောင်း၊ သူမထက်အငယ် မောင်ငယ်၊ ညီမငယ်တွေလည်း ရှိသေး ကြောင်း၊ ဆွေမျိုးတွေက ဝိုင်းဝန်းထောက်ပံ့သဖြင့် မစံပယ်သည် တက္ကသိုလ်ဝင်တန်းကိုတော့ အောင်အောင်သင်ခဲ့ရကြောင်း၊ ရန်ကုန်တွင် ရှိသော သူငယ်ချင်းတစ်ယောက်က အလုပ်ရှာပေးမည်၊ လုပ်သားများ ကောလိပ်တက်နိုင်အောင် ကူညီမည်ဆိုသောကြောင့် သူ့ထံလာခဲ့ခြင်းဖြစ် ကြောင်း၊ အလုပ်ရလျှင် မိဘတွေကိုလည်း ထောက်ပံ့၊ တက္ကသိုလ်ပညာ ကိုလည်း ဆက်ပြီးသင်ယူမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြမိသည်။ သည်အခါ ဒေါ်ငြိမ်းတင်က-

“ကောင်းပါတယ်ကွယ်၊ သားသမီးတစ်ယောက်အနေနဲ့ မိဘကို ကူညီချင်လို့ စွန့်စားတယ်ဆိုတာ ကောင်းမွန်မြင့်မြတ်ပါတယ်။ ပညာရေး ကို စိတ်ဝင်စားပြီး ပညာကို ဆက်ရှာချင်တဲ့စိတ်ရှိတာလည်း ကန့်ကွက် စရာမရှိပါဘူး။ ဒါပေမဲ့ မစံပယ်လို ရိုးသားပြီး လှပသိမ်မွေ့တဲ့မိန်းကလေး တစ်ယောက်အနေနဲ့ ရန်ကုန်မြို့မှာ အထိန်းအကြောင်းမဲ့နေတာတော့ မသင့်ဘူးလို့ထင်တာပဲ။ မစံပယ်အနေနဲ့ ကိုယ့်မိဘထံမှာပဲ ဥမကွဲသိုက် မပျက် နေသင့်တယ်လို့ အဒေါ်ကတော့ ထင်မိပါတယ်။ ဒါလောက်ပညာ နဲ့ဆို မစံပယ်တို့ဆီကတောင် ပိုပြီးအလုပ်ရှာလို့လွယ်ဦးမယ်။ အလုပ်ဆို တာက ဘယ်မှာမဆို ရှာရင်ရနိုင်ပါတယ်။ ရန်ကုန်မှာ အလုပ်ပေါတယ် ဆိုပေမယ့် ပညာတတ်တဲ့လူတွေကလည်း ပေါတယ်။ ကိုယ်လိုသူလို လူ တွေက တစ်ပုံကြီး။ ပြီးတော့ ရန်ကုန်ဟာ သိပ်ရှုပ်တယ်။ မစံပယ်လို မျက်နှာစိမ်းတစ်ယောက်အဖို့ ပိုပြီးရှုပ်ထွေးနေလိမ့်မယ်။ အဒေါ်ပြောချင်တာကတော့ကွယ် မစံပယ် အနေမတတ်ရင် ပျက်စီးသွားနိုင်တယ်။

ရန်ကုန်မှာ အတုအပ အမော်အကြွားတွေ များလွန်းတယ်။ အဲသည် အတုအပ အမော်အကြွားတွေနောက် ကောက်ကောက်ပါသွားမယ်ဆိုရင် ပျက်စီးသွားနိုင်တယ်။ ဟိုကျတော့ မစံပယ်လည်း ဟိုကလူတွေလို ဝတ် ချင်စားချင် မော်ချင်ကြွားချင်တဲ့စိတ်တွေ ဝင်လာလိမ့်မယ်။ ကိုယ့်မှာ ကျောထောက်နောက်ခံမရှိဘဲ ဝတ်ချင်စားချင်တဲ့စိတ်တွေ ဝင်လာရင် မစံပယ် ပျက်စီးသွားမှာပဲ” မစံပယ်သည် ဒေါ်ငြိမ်းတင်ပြောသောစကားအချို့ကို သဘော မတွေ့သော်လည်း ဘာမှပြန်မပြောဖြစ်။ တစ်ဖက်ကလည်း စေတနာရိုး နှင့် သတိပေးဟန်လည်းဖြစ်သဖြင့် ငြိမ်နေလိုက်ရသည်။

ဒေါ်ငြိမ်းတင်ပြောသည့်စကားတွေထဲမှာ မစံပယ်မနှစ်သက်နိုင် ဆုံးမှာ

'ဟိုရောက်ရင် ဟိုကဟာတွေလိုပဲ မစံပယ် ဝတ်ချင်စားချင် မော်ချင်ကြွားချင်တဲ့စိတ်တွေ ဝင်လာလိမ့်မယ်ဆိုသည့်စကားပင် ဖြစ်သည်။ ဒါတွေကို မစံပယ် မမက်ပါ။

မစံပယ်၏အဓိကရည်ရွယ်ချက်မှာ မိမိဝင်ငွေနှင့် မိမိကိုယ်ကိုယ် ထိန်းကျောင်းပြီး ပညာကို ဆုံးခန်းတိုင်သည်အထိ သင်ကြားသွားဖို့သာ ဖြစ်သည်။ နောက် 'အတုအပတွေနောက် မစံပယ် ကောက်ကောက်ပါသွားရင် မစံပယ် ပျက်စီးသွားနိုင်တယ်'ဆိုသည့်စကား။ သည်စကားကိုလည်း မစံပယ် သဘောမကျနိုင်ပါ။

မစံပယ်သည် အတုအပ အမော်အကြွားတွေနောက် ကောက်ကောက်ပါသွားမည့်သူမဟုတ်။ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်သည်ဟု ယုံ ကြည်သည်။ ထိုယုံကြည်ချက်ကြောင့်လည်း အထီးတည်း စွန့်စားထွက် ခွာလာခဲ့ခြင်းဖြစ်သည်။ ပြီးတော့ 'ကိုယ်ကောင်းရင် ခေါင်းမရှော့'ဟု သဘောထားသည်။

သို့တစေ၊

ဒေါ်ငြိမ်းတင် နောက်ဆုံးပြောခဲ့သော 'ရန်ကုန်ဟာ သိပ်ရှုပ်ထွေးတယ်။

သိပ်လည်းကြောက်ဖို့ကောင်းတယ်'ဆိုသောစကားအတွက်တော့မစံပယ် ရင်ခုန်မိသည်။ ကျောစိမ့်သည်။ မစံပယ်သည် ရွာကလေး၏ ပြင်ပမှ ဆယ်တန်းကျောင်းရှိသော တောင်စွန်းမြို့သို့သာ ရောက်ဖူးသူ ဖြစ်သည်။ ရန်ကုန်သည် တကယ်ပင်ရှုပ်ထွေးနေသလား။ တကယ်ပဲ ကြောက် စရာကောင်းနေသလား။ ဘာတွေက ရှုပ်ထွေးပြီး ဘာတွေက ကြောက်စရာ ကောင်းနေတာလဲ။ ဤသည်တို့ကိုတော့ မစံပယ် မတွေးတတ်၊ အသိရ လည်း ခက်နေရသည်။

သူငယ်ချင်းဖြစ်သူ အေးမာကလည်း ဒါတွေကို မပြောပြဖူးခဲ့။ အေးမာ အပြောထဲမှာတော့ ရန်ကုန်မှာ နှစ်သက်ဖွယ်အတိသာ။ မိမိ၏ ရည်မှန်းချက်ကို အောင်မြင်စွာရှာဖွေနိုင်သော အရပ်ဒေသတစ်ခုသာ။

(၂)

ရထားသည် ပဲခူးဘူတာသို့ ရောက်လာသဖြင့် ငြိမ့်ခနဲ ထိုးရပ် သွားသည်။ သည်အခါ ရထားပေါ်မှလူအများအပြား ဆင်းသွားကြသည်။ မှောင်ခိုကုန်သည် အများအပြားဆင်းသွားကြခြင်းဖြစ်သည်။ တက်သူ တွေကလည်း တက်လာကြသည်။ သည်ဘူတာမှာ ဆင်းသူတက်သူတွေ အများဆုံးဖြစ်လိမ့်မည်ဟု ထင်သည်။

မစံပယ် ရထားပြတင်းပေါက်မှနေ၍ ဘူတာရုံကို အကဲခတ်နေမိသည်။ ပဲခူးဘူတာရုံသည် မစံပယ်တွေ့ ခဲ့ရသော လမ်းခုလတ်မှ ဘူတာရုံ တွေထက် ခမ်းနားသည်ဟု ထင်ပါသည်။ အဆောက်အအုံကလည်း ကြီးမားသည်။

ပဲခူးသည် ရန်ကုန်နှင့်နီးစပ်သည့်မြို့ဖြစ်သည်။ အတော်စည်ကားသည့် မြို့ဖြစ်သည်။

ပဲခူးမှတက်လာသောလူတွေကလည်း သားသားနားနား ရှိသည်။ တောက်တောက်ပြောင်ပြောင်ရှိသည်ဟု မစံပယ်ထင်မိလေသည်။

မည်သို့ပင်ဖြစ်စေ သူတို့နှင့်ယှဉ်လိုက်လျှင် မစံပယ်မှာ ညှိုးမှိန်နေ သလို ဖြစ်နေသည်။ မစံပယ်ဝတ်ထားသည့် ထဘီက ပါတိတ်ဆိုသော် လည်း အတော်ကလေး ဟောင်းနွမ်းနေပြီဖြစ်သည်။ အလျှူလည်း ဒါ၊မင်္ဂလာဆောင်လည်း ဒါ၊ ဒါသာဝတ်ခဲ့ရသည်က များခဲ့သည်။ အဖြူရောင် တက်ထရွန်အင်္ကျီက ဆေးသားအတော်ကျနေပြီ။ ရေသီနားနှင့် ချုပ်ရိုးများ၌ ဝါ၍နေပေပြီ။

ရွာကိုလာစဉ်က အေးမာပြောခဲ့သောစကားကို အမှတ်ရလာသည်။ “စံပယ်ရယ် ညည်း ရွာကိုသိပ်ခင်မနေစမ်းပါနဲ့။ ကြည့်စမ်း ညည်း ကျောင်းနေရတာကိုက ဘယ်လောက်ပင်ပန်းလဲ။ သွားလိုက်ရတာ ကျောင်း ရောက်အောင် တစ်နေ့အသွားသုံးလေးမိုင်၊ အပြန်သုံးလေးမိုင်။ ညည်း ဖွဲကောင်းလို့ ပညာတတ်တာတော့ ဝမ်းသာစရာပဲ။ ဒါပေမဲ့ ညည်းတစ် ယောက်တည်း အောင်ရုံနဲ့မပြီးသေးဘူး။ ညည်းရဲ့ မောင်နဲ့ ညီမလေးတွေ ရှိသေးတယ်။ သူတို့အောင်ဖို့လည်း လိုအပ်တယ်။ ဒါမှ ညည်းတို့ဘဝ ပြေလည်မှာ။ ဒီတော့ ညည်းဘာမှစိတ်ကူးမလွဲနဲ့ ဆယ်တန်းအောင်တာ နဲ့ ရန်ကုန်လာပြီး ငါနဲ့အတူတူနေ။ အလုပ်ရဖို့အတွက် ငါတာဝန်ယူပေး့ မယ်။ ငါ့မှာ အဆက်အသွယ်အများကြီးရှိတယ်။ ဒီလိုနဲ့ တို့ဘဝ တည်ဆောက် ယူရမှာပဲ”

အေးမာ၏စကားမှာ ဟုတ်ကောင်းဟုတ်လိမ့်မည်ဟု ထင်ပါသည်။ အေးမာ ရန်ကုန်တက်သွားသည်မှာ နှစ်များစွာ မကြာသေး။ အေးမာဘဝက အစစပြောင်းလဲနေခဲ့ပြီ။ ရွာကိုလာတိုင်း အဝတ် အစား အကောင်းလေးတွေကို တွေ့ ရသည်။ အဆန်းအပြားလေးများကို မြင်ရသည်။ လက်ဝတ်လက်စားအချို့ကိုပင် တွေ့ နေရပေပြီ။

မိခင်ဆုံးပါးသွားသောအခါ ဖခင်ကို ဆက်လက်ထောက်ပံ့နေနိုင် ခဲ့သည်။ သူမက မိတဆိုး၊ အေးမာက ဖတဆိုး။ ဘဝတူဟုပြောရမည် ထင်သည်။

အစက အေးမာ၏အဖေသည် အေးမာ ရန်ကုန်သို့သွားနေသည်ကို သဘောမတူ။ ငွေလေးကြေးလေး ထောက်ပံ့လာသောအခါ သဘောတူ လာသည်။ တစ်ခုကောင်းသည်မှာ အေးမာအဖို့က ရန်ကုန်မှာ လူခံရှိသည်။ သူမ၏အဒေါ်ရင်းရှိသည်။ အဒေါ်၏ခင်ပွန်းမှာ ပေါက်ရောက်သော လူကြီးလူကောင်းတစ်ယောက်ဟု မစံပယ်တို့ သိထားရသည်။ မစံပယ် ရန်ကုန်သွားမည်ဆိုတော့ အမေကပါ သဘောမတူပါ။

မစံပယ်က ရန်ကုန်သွားပြီးအလုပ်လုပ်လျှင် အမေတို့ဘဝ မည်သို့ပြောင်း လဲလာနိုင်သည်ကိုပြောတော့ အမေက သဘောတူခဲ့ခြင်းဖြစ်သည်။

မစံပယ်တွင် မောင်ငယ်သုံးယောက်နှင့် ညီမငယ်နှစ်ယောက် ရှိသည်။ သူတို့စားရေးနေရေး ပညာရေးအတွက် အမေ့လုပ်စာနှင့် မလုံ လောက်။ အမေ့မှာလည်း မြေမဲ့ယာမဲ့မို့ ကျပန်းလုပ်ရသည်။ သို့ပေမဲ့

ဝင်ငွေမဖြစ်မြောက်လှသဖြင့် ဆင်းရဲမြဲသာ။ ထို့ကြောင့် မစံပယ် စွန့်စား ခဲ့ခြင်း ဖြစ်ပါသည်။

အတန်ကြာတော့ ရထားသည် ပဲခူးဘူတာမှ စထွက်သည်။ မစံပယ် သက်ပြင်းချလိုက်မိသည်။ အေးမာပြောစကားအရ မစံပယ်တို့ရှေ့ရေးက အဆင်ပြေကောင်း ပြေလိမ့်မည်ဟု ယုံကြည်ရသော်လည်း မစံပယ်မှာ နောက်ဆံတင်းပြီး မိခင်နှင့် မောင်ငယ်၊ ညီမငယ်တွေကို လွမ်းဆွတ်နေရ သေးသည်။

မိမိသားချင်းတွေနှင့် ရွာကို သည်လိုခွဲဖူးသည်လည်း မဟုတ်။ ချဉ်စူးသောအနံ့အသက်တစ်ခုကြောင့် မစံပယ် မျက်လုံးဖွင့်ကြည့်မိသည်။ မိမိတို့ရှေ့တူရူရှိ ခုံတန်းတွင်ဝင်ထိုင်လာသူ တစ်ယောက်ကို တွေ့ ရသည်။ အသက် ၄၅ နှစ်ခန့်။ ဂင်တိုတိုနှင့် ဆံပင်များ ဖြူဖွေးနေသည်။ ဘဲမြီးပုံ တိုတိုညှပ်ထားသည်။ အသားမှာ မန်ကျည်းသီးမှည့်ရောင်ပေါက် နေသည်။ ကျောက်ပေါက်မာသဲ့သဲ့ရှိသည်။ နှာခေါင်းတိုကာ အထက်သို့ လန်နေသည်။

အရုပ်ဆိုးအကျည်းတန်လှသော မျက်နှာထားတွင် အဆိုးရွားဆုံး ကား မျက်ဝန်းများပင်ဖြစ်သည်။ ရီဝေနေသည်။ သွေးနီကြောတို့ ယှက် သမ်းနေသည်။ သူငယ်အိမ်မှာ သေးသေးကလေး။ ဂနာမငြိမ်။

အရက်နံ့ထောင်းထောင်းထနေသည်။ ချွေးနံ့ထဲမှာပင် အရက်နံ့ ပါနေရသည်။ မစံပယ် သူနှင့်မျက်လုံးချင်းမဆုံမိစေရန်၊ အကြည့်ချင်း မဆုံမိစေရန် ကြိုးစားလွှဲဖယ်နေရသည်။ ထိုင်ခုံနောက်ကို ခေါင်းမှီကာ မျက်လုံးကလေးများကို မှေးမှိတ်ထားလိုက်မိသည်။

(၃)

"တောက် .. တော်တော့်ကို ရက်စက်တဲ့အဖြစ်ပဲဗျာ"မကျေမနပ် တက်ခေါက်သံတစ်ချက်နှင့်အတူ ရုတ်တရက် ကျယ် ကျယ်လောင်လောင် ပြောလာသော စကားသံတို့ကြောင့် မစံပယ်သည် မျက်လုံးကိုမှိတ်ထားရာမှ ဖွင့်ကြည့်လိုက်မိသည်။

အသံရှင်သည် မစံပယ်ထိုင်ခုံရှေ့ လူနှစ်ယောက်အနက်မှ တစ်ယောက်သောသူပင်ဖြစ်ပါသည်။ သူသည် သတင်းစာတစ်စောင်ကို ကိုင် ထားသည်။ သူ့မျက်နှာ တင်းမာနေသည်။

ထို့နောက် သူကပင် သတင်းစာကို သူ့ဘေးမှလူဘက် ထိုးပြလိုက်သည်။

"ကြည့်စမ်းပါဦးဗျာ၊ လူမမည်ကလေးတွေကိုဖမ်းပြီး တောင်းရမ်း စားခိုင်းသတဲ့။ လူတွေကိုပြန်ပေးဆွဲတာလည်း မကောင်းတာတော့ အမှန် ပဲ။ ဒါပေမဲ့ လူမမည်ကလေးတွေကို ဒီလိုဖမ်းပြီး လုပ်ခိုင်းတာကတော့ ယုတ်ညံ့လွန်းလှပါတယ်။ ဒါပေမဲ့ အဲဒီဂိုဏ်းကို ရဲနဲ့စုံထောက်ဘက်က တော့ ဖမ်းမိထားပါပြီ"

"အေးဗျာ ဟုတ်ပါရဲ့ ၊ ဒီလူစားတွေကို အစိုးရကလည်း ထိုက်ထိုက်

တန်တန် အပြစ်ပေးသင့်တယ်ထင်တာပဲ”

ပထမလူစကားကို နောက်ကလူကလည်း ထောက်ခံပြီး သတင်းစာ ကို ကြည့်နေသည်။

မစံပယ် ကြားရသောသတင်းကြောင့် ရင်ခုန်သွားရသည်။ ကြောက် လည်း ကြောက်သွားသည်။ လူမမည်တွေကို ဖမ်းဆီးသည့်အထိ အတင့်ရဲ စွာ ယုတ်မာသူများကိုလည်း စိတ်ထဲမှာ စက်ဆုပ်သွားရသည်။ အေးမာ ပေးလိုက်သောစာထဲမှ စကားအချို့ကို သတိရလိုက်မိသည်။

“ရန်ကုန်လာရင် မစံပယ် တစ်ခုသတိထားနော်။ လမ်းမှာ ယောက်ျားသူစိမ်းတွေနဲ့ မရောပါနဲ့။ သူတို့ကလာရောရင်လည်း တည် တည်သာနေ။ မရောမိဖို့ အတတ်နိုင်ဆုံးရှောင်။ ညည်းက ရိုးရိုးဆိုတော့ ညည်းကို အကြံအဖန်ထင်ပြီး မ,နေဦးမယ်။ ယောက်ျားတွေတင်မကဘူး မိန်းမခပ်ကြီးကြီး၊ ဒါမှမဟုတ် ခပ်လည်လည်တွေကိုလည်း သတိထား။

သူတို့က မှောင်ခိုကုန်ကူးရုံတင်မဟုတ်ဘူး လူကုန်လည်းကူးတတ်တယ်”

အေးမာ စာထဲက အကြံအဖန်ဆိုသည်ကို နားမလည်သော်လည်း၊ မိမိဝန်းကျင်မှ လူအများကို စကားပြောဖို့ စိတ်မကူးတော့။ ရောနှောဖို့ မကြိုးစားတော့။ အထူးသဖြင့် ဒေါ်ငြိမ်းတင်နှင့် အမူးသမားကြီး။ ဒေါ်ငြိမ်းတင်ကို လှည့်ကြည့်လိုက်တော့ အခြားသူ ပြောစကား ကို စိတ်မဝင်စားသလို အိပ်ငိုက်နေကြောင်း တွေ့ ရသည်။

တွဲထဲမှာ လူအပြည့်ရှိနေသည်။ မစံပယ်ရှေ့မှ လူနှစ်ယောက်ပြောသောစကားကို စိတ်ဝင်စားကြပုံရသည်။ မစံပယ်နှင့် ရွယ်တူမိန်းကလေး တွေလည်း ရှိနေသည်ကို သတိထားမိသောအခါ အကြောက်ပြေသလို ခံစားရသည်။ မိမိကိုယ်မိမိ ကြောက်တတ်ရန်ကောဟူသော အတွေးနှင့် လည်း အပြစ်တင်လိုက်မိသည်။

“ဒီအတိုင်းဆို ကိုယ့်သားသမီးတွေအတွက်တောင် စိုးရိမ်စရာကြီး ပါလားဗျ။ သက်ဆိုင်ရာက အပုတပြင်း စုံစမ်းပြီး ဖြိုခွဲပစ်နိုင်ပါစေလို့ ဆုတောင်းရတာပဲ။ လူမမည်ကလေးတွေမှ မဟုတ်ပါဘူးဗျာ၊ အရွယ် ရောက်နေတဲ့ ကိုယ့်သားသမီးတွေဆိုလည်း အိမ်ကထွက်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် စိတ်ပူကြရတာပါပဲ။ မသမာသူနဲ့ မတွေ့တောင် ကား အန္တရာယ်ကင်းပါ့မလား၊ အနည်းဆုံး မျဉ်းဝါကြားက ကူးရဲ့လားဆိုတာ တွေးပူရတာပဲ။ ရန်ကုန်ဆိုတာ ဒီလိုမျိုးဗျ ”

ထိုလူနှစ်ယောက်သည် ရထားမီးမှောင် မှိန်မှိန်အောက်တွင် သတင်းစာကို ခေါင်းချင်းဆိုင်ကာကြည့်ရင်း မှုခင်းသတင်းများကို ဆက် ပြောနေပြန်သည်။ မစံပယ်သည် စိတ်ညစ်ညူးဖွယ် မှုခင်းများကို ကြိုးစားမေ့လျော့ ကာ ရထားပြတင်းပေါက်မှနေ၍ အပြင်ဘက်အမှောင်ထုဆီသို့ လှည့်ကြည့် နေလိုက်မိသည်။

ရထားတွဲရှည်ကြီးသည် အမှောင်ထုကို ဖြတ်ကာ တသိမ့်သိမ့် တငြိမ့်ငြိမ့် လှုပ်ခါလျက် ပြေးလွှားနေချေသည်။

(၄)

အချိန်တန်တော့လည်း ရန်ကုန်ကို ရောက်လာရချေပြီ။ ရထားသည် လျော့ပါးသော အရှိန်ဖြင့် ဘူတာကြီးအတွင်းရှိ စင်္ကြံ ဘေးသို့ ငြိမ့်ခနဲ ထိုးရပ်သွားသည်။ ရထားရပ်သွားသည်နှင့် ရထားပေါက်အသီးသီးမှ လူများ ရေပြည့်အိုးကို ခွဲလိုက်သကဲ့သို့ လျှံကျလာသည်။ ရောက်လာသူနှင့် ကြိုဆိုသူတို့ ရောထွေးကာ ခဏအတွင်းမှာပင် စင်္ကြံပလက်ဖောင်းပေါ်၌ လူများ ပြည့် နှက်ပြိန့်ကျဲသွားလေတော့သည်။

မစံပယ်သည် ရထားပေါ်မှ ရုတ်တရက်မဆင်းသေးဘဲ ပြတင်း ပေါက်မှ ခေါင်းပြူကာ အေးမာကို ရှာဖွေနေမိသည်။ အေးမာက ဘူတာမှ ဆက်ဆက်စောင့်ကြိုနေမည်ဟု အချိန်းအချက်ပြုခဲ့သည်။

ခရီးသည်များ ပလက်ဖောင်းပေါ်တွင် ပြိန့်ကျဲနေသဖြင့် ရှာရသည် မှာ မလွယ်ကူလှ။ လှုပ်ရှားနေသော လူတွေကို ကြည့်ရသည်မှာလည်း မျက်စိနောက်စရာ ဖြစ်နေသည်။ ခေါင်းထဲမှာ မူးနောက်လာသည်။ ရီဝေ လာသည်။ အေးမာနှင့် ရုတ်တရက်မဆုံရခြင်းက နွမ်းနယ်မှုကို ပိုမိုစေသည်။

မစံပယ်နှင့်အတူ နေထိုင်ခဲ့သော ဒေါ်ငြိမ်းတင်ဆိုသည့် အဒေါ်ကြီး မှာလည်း ရထားပေါ်မှ မဆင်းနိုင်သေး။ သူမတွင် ပစ္စည်းပစ္စယ အများ အပြား ပါသည်။ အခြားသူများ ကိုယ်စီကိုယ်င ဆင်းသွားသောအခါ မစံပယ်အား...

“မိန်းကလေး မဆင်းသေးဘူးလား”မေးလာသည်။

“ဟုတ်ကဲ့ လာကြိုတဲ့လူ မတွေ့ သေးလို့” “လာကြိုမှာ သေချာတယ်နော်” “အို...သူ ဆက်ဆက်လာကြိုမှာပါ” မစံပယ်က ခိုင်မာစွာပြောသည်။ “ဒါဆိုလည်း ပြီးတာပါပဲအေ၊ လာကြိုတဲ့သူမရှိလဲ အိမ်မှာလိုက် ပြီး တည်းခိုလို့ရတယ်ဆိုတဲ့အကြောင်း ပြောမလို့ပါ ” အင်း ဒီလိုနဲ့စတာပဲဟု မစံပယ် တွေးသည်။ ရင်းနှီးအောင် ပေါင်း၊ အိမ်သို့ခေါ်၊ နောက်ဆုံး ဘာတွေဖြစ်လာမည်ဟု မည်သူက အာမခံနိုင်ပါမည်နည်း။

ဒေါ်ငြိမ်းတင်က အရက်မူးသမားကြီးအား...

“ဒီမှာရှင့် ကိုအဘ ကျုပ်ကိုအနည်းအပါးကူပြီး ပစ္စည်းလေးဘာ လေး ချပေးပါလား။ ကူညီရာလည်းကျတယ်၊ ရှင်လည်း အရက်ဖိုးရတာ ပေါ့”ဆိုလိုက်သည်။

အရက်မူးသမားကြီးနှင့် အပေးအယူတည့်သွားသည်။ သည်အတိုင်းထိုင်နေ၍ မဖြစ်သည်နှင့် မစံပယ် တွဲအောက်သို့ ဆင်းခဲ့သည်။

လူရှင်းစပြုပြီ။ မစံပယ်သည် အခြေအနေကို အတော်စိတ်ပျက်လာသည်။

သူမနှင့် အလွန်စိမ်းသောပတ်ဝန်းကျင်တွင် တစ်ယောက်တည်း ယောင်လည်လည်အဖြစ်မျိုး ရောက်နေရကြောင်း တွေးမိသဖြင့် အားငယ်

လာရသည်။

အသေအချာချိန်းထားပါလျက် အချိန်မီရောက်မလာသော အေးမာ ကို စိတ်ဆိုးချင်လာသည်။ စာထဲမှာ သူလာကြိုမှ လာတတ်မည်ဆိုသည်ကိုလည်း ရေးထားပြီးသား။ အေးမာကပင် မြို့မှ ဘယ်နေ့ထွက်မည့်ရထားနှင့်လိုက်ဟု စီစဉ် ပေးခဲ့ခြင်းဖြစ်သည်။ သူ့အစီအစဉ်အတိုင်း လိုက်ခဲ့ရပြီး သူကတော့ ရောက်မလာ။ တွေ့လျှင်တော့ ရန်တွေ့လိုက်ဦးမည်ဟု စိတ်ကူးထားသည်။ မည်သို့ပင်ဖြစ်စေ အေးမာရောက်လာလိမ့်မည်ဟု မစံပယ် ယုံကြည်မျှော်လင့်ထားသည်။

ထိန်လင်းလှသော ဘူတာရုံမီးရောင်အောက်တွင် တစ်ဦးတစ် ယောက်ကို ရှာဖွေရသည်မှာ မခဲယဉ်းပါ။ ဘူတာရုံပတ်ဝန်းကျင်ရှိ လူ အားလုံးကို မြင်သာနေသည်။ ဘယ်သူဘယ်ဝါဟု အဝေးကပင် ခွဲခြားသိ နိုင်သည်။

တွေ့ရသည့်လူအားလုံးမှာ မစံပယ်အတွက် မျက်နှာစိမ်းများပင် ဖြစ်သည်။ အကြောင်းမထူး။ တွေ့ မည်ဆိုပါက ရထားဆိုက်သည့် စင်္ကြံ မှာပဲ တွေ့နိုင်သည်။ စင်္ကြံပလက်ဖောင်းပေါ်မှာ လူရှင်းနေပါပြီ။ ထို့အတူ မစံပယ် တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေသည်မှာလည်း အများ၏ အမြင်၌ ထင်ရှားလာသည်။ မိမိကိုယ်မိမိ ယောင်လည်လည်ဖြစ်နေရပြီ ကိုလည်း ကိုယ်တိုင်သိသာလာသည်။ ထို့ကြောင့် ဘူတာရုံ၏ ပင်မ အဆောင်ဘက်သို့ ကူးခဲ့သည်။

သည်အခါ မစံပယ်သည် အားငယ်စိတ်ဖြင့် ဝမ်းနည်းလာရသည်။ မျက်ရည်များပင် စို့ချင်လာသည်။

ညောင်းလျှင် ထိုင်လိုက်။ ဟိုသည်လျှောက်လိုက်နှင့် မစံပယ် ဂနာမငြိမ်လည်း ဖြစ်နေရပါပြီ။

"ခင်ဗျား ဘယ်သူ့ကိုစောင့်နေတာလဲဟင်"

နောက်မှမေးလိုက်သည့်အသံကို ကြားလိုက်ရသဖြင့် မစံပယ်သည် ရုတ်တရက် လန့်ဖျပ်သွားရသည်။ နောက်သို့လှည့်ကြည့်လိုက်သည်။ မေးသူကိုမြင်လိုက်တော့မှ စိတ်မှာသက်သာရာရသွားသည်။ မေးသူမှာ လက်မှတ်စစ်ဝတ်စုံနှင့် ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ "ဘာလဲ လာကြိုမယ့်သူမလာသေးလို့လား" "ဟုတ်ပါတယ်၊ ကျွန်မရဲ့ အစ်မ အခုထိမလာသေးလို့ပါ" မစံပယ်သည် အသံကိုထိန်းကာ ဖြေလိုက်သည်။ "အချိန်သိပ်မရှိတော့ဘူး ၉နာရီကျော်နေပြီ။ လာကြိုမယ်ဆိုရင် ရောက်သင့်နေတာကြာပြီပေါ့။ နောက်ထပ်ဆယ်မိနစ်လောက် စောင့်ကြည့် လို့မှ ရောက်မလာရင် သုံးဘီးငှားပြီး လိုက်သွားပေတော့။ ဒီထက်နောက် ကျရင် သိပ်မကောင်းတော့ဘူး။ အိမ်လိပ်စာတွေဘာတွေကိုတော့ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မမှာ အိမ်လိပ်စာတော့ ရှိပါတယ်"

"ဒီလိုဆို ကျွန်တော်ပြောသလိုလုပ်ဗျာ၊ မိန်းကလေးတစ်ယောက်တည်း၊ နောက် ဘူတာမှာ ယောင်လည်လည်ဖြစ်နေရင် မကောင်းဘူး။ ဒီမှာက လူစုံရှိတယ်"

"ဟုတ် .. ဟုတ်ကဲ့၊ ကျွန်မ လိုက်သွားပါ့မယ်"

မစံပယ်၏စကားအဆုံးတွင် လက်မှတ်စစ်လူရွယ်သည် မစံပယ် ၏အနီးမှ ပြန်လည်ထွက်ခွာသွားသည်။

ပို၍စိတ်ညစ်လာရသည်။ ပို၍စိတ်သောကရောက်လာရသည်။ အေးမာလာလိမ့်မည်ဟူသော ယုံကြည်မှုကလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာရလေတော့သည်။ အားငယ်ခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းနည်း ခြင်း စသည်တို့သာ လွှမ်းမိုးလာရလေတော့သည်။

သို့ပေမဲ့ စောစောက လက်မှတ်စစ်လူရွယ်ပြောသလို ဆယ်မိနစ် လောက်တော့ စောင့်ကြည့်ဦးမည်ဟု စိတ်ကူးမိသည်။ မျှော်လင့်ချက်ကား သိပ်မထားမိတော့။ တစ်စုံတစ်ခုသော အမှားအယွင်းရှိနေပြီထင်သည်။

လက်မှတ်စစ်က မစံပယ်ကို အငှားကားစီးသွားဟု လွယ်လွယ် ကလေး ပြောခဲ့သော်လည်း အငှားကားဆိုသည်ကိုပင် ဘယ်လိုငှားရမည် မသိ။ ဘယ်မှာငှားရမည်မသိ။ မစံပယ် တကယ့်အခက်နှင့် ကြုံနေရတော့သည်။

သည်စဉ် လူတစ်ယောက် မစံပယ်ထံသို့ လျှောက်လာသည်။ သူ့ ကို မစံပယ် စောစောကပင် ဂရုပြုခဲ့မိသည်။ သူသည် မစံပယ် လက်မှတ် စစ်နှင့် စကားပြောနေစဉ်ကတည်းက ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေသည်။ သူသည် အသက်သုံးဆယ်လောက်ရှိပြီထင်ရသည်။ အသားညို ညို အရပ်ရှည်ရှည်သွယ်သွယ်။ မျက်နှာမှာ ဝက်ခြံဗရပျစ်နှင့်။ သူ့ပုံကြည့်ရသည်ကတော့ အကဲမရဟု ထင်သည်။ သူသည်

ဘောင်းဘီရှည်နှင့် သားရေဂျာကင်ကို ဝတ်ထားသည်။

သူသည် မစံပယ်ထံ တိုက်ရိုက်ပင်လျှောက်လာသည်။ ဘူတာရုံ မှာ လူရှင်းနေသည်ဟု ဆိုနိုင်သော်လည်း လူလုံးဝပြတ်နေသည်တော့ မဟုတ်ပါ။ အချို့မှာ ပလက်ဖောင်းပေါ်တွင် ရှိနေကြသေးသည်။ ဒေါ်ငြိမ်း တင်နှင့် အရက်သမားကြီးကိုလည်း ခပ်လှမ်းလှမ်းတွင် တွေ့ရသည်။ ပစ္စည်းပစ္စယများ သယ်ယူ၍မပြီးသေး။ လှမ်းလှမ်းတွင်လည်း အလုပ် သမားအချို့နှင့်မီးရထားအမှုထမ်းအချို့ ရှိနေသဖြင့် သူနှင့် ရင်ဆိုင်နေရ မည်ကို မကြောက်မိ။

"ညီမက ဘယ်ကိုပြန်မှာလဲဟင်"

မစံပယ်ထံ လျှောက်လာသူက အနီးသို့ရောက်သည်နှင့် မေးလိုက်သည်။ မရဲသော်လည်း ပြေးခဲစေဟူသည့်သဘောဖြင့် သူ့ကို ခပ်တင်းတင်း မော့ကြည့်လိုက်သည်။

ကြည့်ပုံက စူးစူးရဲရဲ။ ပြုံးနေသော်လည်း သူ့အပြုံးက ကောက် ကျစ်သည့်အပြုံး။

"ဟင် ဘယ်သွားမလို့လဲ၊ ဘယ်ပြန်မှာလဲ"

ထိုသူက ထပ်မေးသော်လည်း မစံပယ် ဘာမှပြန်မပြော။ အေးမာ

၏စာထဲမှာပါသည်။ သူစိမ်းတွေနှင့် မရောနှင့်ဆိုသည့်စကားကိုလည်း သတိရသည်။

"ညီမ ဘယ်သွားသွား အစ်ကိုကြီးလိုက်ပို့ပေးပါ့မယ်။ တို့ညီမက နယ်ကနဲ့တူတယ်။ အစ်ကိုကြီးကို မကြောက်ပါနဲ့။ အကောင်းကူညီမှာပါ။ အစ်ကိုကြီးနာမည်က ကိုသက်ဆွေဦးလို့ခေါ်တယ်။ အစ်ကိုကြီးဟာ လူကောင်းတစ်ယောက်ပါ "

သူက ထပ်ပြောလာပြန်တော့ မစံပယ်သည် မျက်နှာကို တစ်ဖက် သို့ လွှဲထားလိုက်မိသည်။ တင်းထားသော်လည်း စိုးရွံ့ကြောက်စိတ် ကြောင့် ရင်ကတော့ခုန်နေသည်။

သူနှင့် အရောမဝင်လိုသည့်သဘောနှင့် မျက်နှာလွှဲထားသော်လည်း သူက နောက်မဆုတ်။

"ဒီမှာ အစ်ကိုကြီးက မင်းအတွက် အကောင်းစေတနာနဲ့ ပြောနေ တာ။ တကယ်စေတနာနဲ့ပြောနေတာပါ။ ဒီအချိန်မှာ မင်းအတွက် အကူ အညီကလည်း လိုနေတယ်မဟုတ်လား"

"မလိုပါဘူး"

"မလိုပါဘူး"ဟူသောစကားကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။ "တယ်ခက်တာပဲ၊ အကောင်းကူညီမယ့်သူကို ဘယ်လိုများထင်နေ တယ်မသိဘူး ဒီမှာ"

ထိုသူက စိတ်မရှည်သလို မစံပယ်ပခုံးကို ပုတ်လိုက်သည်။

"ရှင် ကျွန်မအနားကို ကပ်မလာနဲ့"

မစံပယ်က သူ့ကို ဖျတ်ခနဲကြည့်ကာပြောလိုက်သည်။ ပြောသာပြောလိုက်ရသည်။ သည်အချိန်မှာ သူ့ကို မစံပယ်ကြောက်ရွံ့နေရပြီ။

ထိုစဉ် လူရွယ်တစ်ဦး မစံပယ်တို့အနီးသို့ အပြေးအလွှားရောက် လာသည်။ ပြီးလျှင်

"ဒါက ဘာသဘောလဲကွ၊ မင်းက မိန်းကလေးတစ်ယောက်တည်း ဆိုပြီး စော်ကားချင်လို့လား"

နောက်ရောက်လာသော လူရွယ်က မစံပယ်ရှေ့တွင် ရောက်နှင့်နေသူကို ခါးသီးစွာကြည့်ပြီး ပြောလိုက်သည်။ သူတို့နှစ်ယောက်အသက်မှာ မတိမ်းမယိမ်းလောက် ရှိပုံရသည်။ နောက်ရောက်လာသောလူရွယ်က ပိန်ပိန်သွယ်သွယ်နှင့် အတော်လေး ချောသူပင်ဖြစ်သည်။ အသားဖြူဖြူ ၊ နှာတံပေါ်ပေါ်နှင့် မျက်လုံးမျက်ဖန် ကောင်းသည်။ သေသေသပ်သပ်လည်း ဝတ်ဆင်ထားသည်။ တက်ထရက် တိုက်ပုံနှင့် တက်ထရက်လုံချည်ကို ဝတ်ထားသည်။

"မင်း သူ့ကို မနှောင့်ယှက်နဲ့"

တိုက်ပုံနှင့် လူရွယ်က ထပ်ပြောလိုက်သည်။

"ကျွန်တော် နှောင့်ယှက်နေလို့လားဗျ၊ သူ့ကို အကောင်းကူညီ မလို့"

“ဘာအကောင်းလဲ၊ မင်းဘာကောင်ဆိုတာ ငါသိတယ်။ မင်း မြန်မြန်ထွက်သွားစမ်းကွာ။ ငါ အခုချက်ချင်း အချုပ်ထဲဆွဲသွင်းလိုက်ရမလား”
“ခင်ဗျားက ဘာမို့လဲ”

“ငါက သတင်းထောက်ကွ၊ ငါ့နာမည် သောင်းဝင်းထွန်းတဲ့ မှတ်ထား ”

ဘောင်းဘီနှင့်လူရှယ်သည် ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်သည်။

ပြီးမှ တစ်ချက်တွေသွားသလို ငြိမ်သက်သွားပြီး ဘာမှဆက်မပြော ဘဲ နေရာမှ ချာခနဲလှည့်ထွက်သွားသည်။

သည်တော့မှ မစံပယ် သက်ပြင်းချလိုက်မိသည်။ တိုက်ပုံနှင့် လူ ရှယ်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။ သည်အခါ တိုက်ပုံနှင့် လူရှယ်က ပြုံးလိုက်သည်။ သူပြုံးလိုက် တော့ ပို၍ချောလာသည်ဟု မစံပယ်ထင်မိသည်။

“ညီမ တစ်ယောက်တည်းလား ဟင် အဖော်မပါဘူးလား”

“ဟုတ်ကဲ့”

သူ့ကိုတော့ အားကိုးတကြီးရှိသွားမိသည်မို့ သွက်လက်စွာ ပြန်ပြောလိုက်မိသည်။ ကျေးဇူးလည်း တင်နေရပြီဖြစ်သည်။

“အစ်ကို့နာမည် သောင်းဝင်းထွန်းပါ။ ခုနကကောင်တွေက ဒီနေရာမှာလာပြီး အကြံအဖန်လုပ်နေတဲ့လူတွေထဲက တစ်ယောက်ပေါ့။ ညီမကို ကြည့်ရတာ ခရီးသည်နဲ့တူတယ်။ လာကြိုတဲ့သူနဲ့ မတွေ့ လို့များ စောင့်နေတာလား”

“ဟုတ်ပါတယ် အစ်ကိုရယ်၊ ကျွန်မအစ်မက လာကြိုမယ်ဆိုပြီး ခုထိမလာသေးလို့ပါ။ ဒါကြောင့် စောင့်နေရတာပါ”

“ညီမက နယ်ကပေါ့နော်”

“ဟုတ်ပါတယ် အစ်ကို၊ ရန်ကုန်ကို ပထမဆုံးရောက်ဖူးတာပါ” “နာမည်က ဘယ်လိုခေါ်လဲ”

“မစံပယ်ပါ”

ကိုသောင်းဝင်းထွန်းဆိုသူကိုတော့ မစံပယ် လိုက်လိုက်လျော လျော ပြောနေမိသည်။ သူ့ကိုတော့ ယုံကြည်ကိုးစားခဲ့ပြီ မဟုတ်ပါလား။ ကျေးဇူးရှင်ဟုလည်း မှတ်ယူလိုက်ပြီမဟုတ်ပါလား။ သူ စကားပြောပုံ ကလည်း သိမ်သိမ်မွေ့ မွေ့ ရှိသည်ဟု ထင်ပါသည်။

“ညီမအစ်မက ဘယ်မှာနေသလဲဟင် လိပ်စာသိရင် အစ်ကိုလိုက် ပို့ပေးပါ့မယ်။

တကယ်လို့ အစ်ကို့ကိုယုံတယ်ဆိုရင်ပေါ့လေ”

ကိုသောင်းဝင်းထွန်း၏ ပြောစကားကို မစံပယ် စဉ်းစားရသည်။ သူနှင့် လိုက်ရကောင်းနိုး၊ နေခဲ့ရကောင်းနိုး စဉ်းစားစရာဖြစ်လာသည်။ အခြေအနေအရ အေးမာလာမည်ဟု မထင်နိုင်တော့။ အေးမာ မလာလျှင် အခြားအကူအညီရှိမည်မထင်။

"ဘယ်လိုလဲ ညီမ၊ အစ်ကို့ကို မယုံဘူးပေါ့ ဟုတ်လား။ ဒီလိုဆို ရင် အစ်ကိုသွားတော့မယ်"

"မဟုတ်ဘူး အစ်ကိုရယ်၊ အစ်ကို့ကိုယုံပါတယ်။ သိပ်အားနာစရာ ဖြစ်နေမလားလို့ပါ"

"မလိုပါဘူး ညီမရယ်၊ အစ်ကိုက လူတစ်ဖက်သားကို အမြဲကူညီချင်စိတ်ရှိပါတယ်။ သူများအခက်အခဲ ကူညီရမှာမျိုးကို ဝမ်းလည်းသာ တယ်။ ကဲ ညီမမှာ တခြားဘာပစ္စည်းများပါသေးလဲ"

"ဘာမှမပါပါဘူး၊ ဒီအိတ်တစ်လုံးပါပဲ။ ညီမဘာသာ လွယ်ခဲ့ပါ့ မယ် အစ်ကို"

"ဒါဖြင့် အစ်ကို့ကားရှိတဲ့နေရာကို သွားကြစို့"

ကားဆီသို့ ရောက်လာခဲ့သည်။

"ညီမ သွားချင်တဲ့နေရာက"

"ကမာရွတ်က ငုရွှေဝါ ဘော်ဒါဆောင်ပါ"

"ဟုတ်ပြီ၊ သွားကြစို့"

ကိုသောင်းဝင်းထွန်းမောင်းလာသော အော်စတင်ကားလေးသည် ဆူးလေဘုရားလမ်းအတိုင်း ပြေးလွှားလျက်ရှိသည်။ သည့်နောက် ဟိုချိုးသည်ကွေ့နှင့် ရောက်ခဲ့သည့်လမ်းတွေက များလာသည်။ တွေ့ရသည့် အဆောက်အအုံတွေကလည်း များပြားလာခဲ့သည်။

တွေ့သမျှအရာတွေက မစံပယ်အတွက် အသစ်အဆန်းတွေချည်း။ အံ့ဖွယ်အရာတွေချည်း ဖြစ်နေတော့သည်။

မစံပယ်သည် ကိုသောင်းဝင်းထွန်း၏ နံဘေးမှနေ၍ ပတ်ဝန်းကျင် ကို ငေးမောကြည့်ရှုရင်း ပျော်ရွှင်လာသလိုလို၊ ဆွတ်ပျံ့ကြည်နူးလာသလို လိုလည်း ခံစားလာရသည်။ ရန်ကုန်မြို့ကြီးကို မစံပယ် ရောက်ခဲ့ပြီ။ ရန်ကုန်မြို့ကြီးမှာ မစံပယ် နေရတော့မည်ဟူသောအသိက မစံပယ် အတွက် ဝမ်းသာဂုဏ်ယူစရာလည်း ဖြစ်ခဲ့သည်။

မစံပယ်သည် ကိုသောင်းဝင်းထွန်းအား ယုံကြည်လေးစားစွာဖြင့် သူမ ရန်ကုန်မရောက်ဖူးသေးကြောင်း၊ စာအုပ်များတွင် ဖတ်ဖူးကြောင်း၊ ရုပ်ရှင်ထဲတွင် ကြည့်ဖူးကြောင်း စာအုပ်နှင့် ရုပ်ရှင်ထဲကအတိုင်းဆိုလျှင် နေချင်စရာကောင်းကြောင်းများကို ရိုးသားပွင့်လင်းစွာပြောပြမိသည်။ ကိုသောင်းဝင်းထွန်းက မြို့အနှံ့ ရောက်ရပါစေမည်ဟု ကတိပေးသည်။

သည်အခါ ရုပ်ချောသလောက် သဘောကောင်းလွန်းသော ကိုသောင်းဝင်းထွန်းအား အကြွင်းမဲ့ယုံကြည်ရသည် သာမကသေး လေးလည်း လေးစားရသည်။ သူနှင့်ပတ်သက်၍ မစံပယ်ရင်ထဲမှာ ခံစားမှု အသစ်အဆန်းလေးတွေကိုပင် ခံစားလာရသည်။

ကားသည် အောင်ဆန်းကွင်းဘေးမှပတ်ကာ တက်လာသည်။ "အဲဒါ

သမ္မတဟိုတယ်လို့ခေါ်တယ်။ အစ်ကိုတို့ တစ်ခုခုသွားစား ကြရအောင်လား”

“ဟင့်အင်း ကျွန်မ မဆာဘူး အစ်ကို”

ကိုသောင်းဝင်းထွန်းသည် ကားကို ဆက်မောင်းခဲ့သည်။ မစံပယ် သည် ကိုသောင်းဝင်းထွန်း၏ဘေးမှ ငြိမ်သက်စွာလိုက်ပါခဲ့သည်။ သည် အချိန်မှာ မစံပယ်သည် အေးမာထံရောက်ချင်စိတ် စောနေပြီဖြစ်သည်။ ကားသည် လှူရှင်းသောလမ်းပေါ်သို့ ရောက်ခဲ့သည်။

ကိုသောင်းဝင်းထွန်းသည် ကားကို ဂရုတစိုက်မောင်းနေဟန်ဖြင့် မောင်းလျက်ရှိသည်။ သူ့မျက်လုံးအစုံက ထူးထူးခြားခြား တောက်ပြောင် နေသည်။ တစ်စုံတစ်ရာကို ထူးထူးခြားခြား စိတ်ဝင်စားနေပုံမျိုးပင် ဖြစ်သည်။

တစ်ချိန်တွင် ကားသည် ကျယ်ပြန့်သောကန်ကြီးတစ်ခုဘေးသို့ ရောက်လာခဲ့သည်။

“အဲဒါ ကန်တော်ကြီးဆိုတာလားဟင်” မစံပယ်က မေးလိုက်သည်။ “မဟုတ်ဘူး အင်းယားလို့ခေါ်တယ်” “ကျွန်မတို့ ဘယ်ကိုသွားနေကြတာလဲ” “မကြောက်ပါနဲ့ကွယ်၊ ကိုယ့်အိမ်ကိုသွားနေတာပါ” “အို ကျွန်မသွားချင်တာက အဲဒီကိုမဟုတ်ဘူး၊ ငုရွှေဝါအဆောင် လေ အစ်ကိုရဲ့”

ကိုသောင်းဝင်းထွန်းက မစံပယ်အား စောင်းငဲ့ကြည့်လာသည်။

အ,လွန်းဟန်သော သဘောဖြင့် ကြည့်လာသောအကြည့်ဖြစ်သည်။ သည်အခိုက် ဥသြသံကို ကြားလိုက်ရခြင်းဖြစ်သည်။ ရဲဝါယာလက် မော်တော်ကားတစ်စီးသည် စက်ကုန်မောင်းကာ မီးများဖွင့်လျက် ကိုသောင်းဝင်းထွန်း၏ကားနောက်မှ ဘွားခနဲပေါ်လာသည်။

ကိုသောင်းဝင်းထွန်းသည် သူ့ကားကို စက်ကုန်တင်ကြည့်ပါသေးသည်။

သို့သော် ဝါယာလက်ကားက သူ့ကားရှေ့မှ ကျော်တက်ပြီး ရှေ့မှ ပိတ်ရပ်လိုက်သည်။

မစံပယ်အဖို့တော့ အိပ်မက်နှယ်ဖြစ်သည်။

အဖြစ်ဆန်းများကို မြင်နေရသည်။

ကားပေါ်မှ အရာရှိတစ်ဦးနှင့် ရဲသားအချို့ ဆင်းလာသည်။ ကိုသောင်းဝင်းထွန်းသည် မျက်နှာပျက်နေသည်။

“ဟေ့ သောင်းဝင်းထွန်း၊ မင်း ဒီအချိုး ချိုးတာကြာပြီ။ ကျန်ခဲ့တဲ့အ ပတ်ကပဲ မင်းကိုငါ သတိပေးပြီးပြီ။ ဒီတစ်ခါတော့ သည်းမခံနိုင်တော့ ဘူး မောင်။ ကဲ ကားပေါ်ကဆင်း” အရာရှိက အမိန့်သံပါပါဖြင့်ပြောပြီး မစံပယ်ဘက်သို့ လှည့်၍-

“ကဲ မိန်းကလေးလည်း ဆင်းလေ”မစံပယ် ကားပေါ်မှဆင်းလိုက်ရသည်။

“အမယ်လေး မိန်းကလေးရယ် ကိုယ်ကျိုးနည်းကုန်ပြီလားလို့ အဒေါ်မှာ ပူလိုက်ရတာ။

လက်မတင်ကလေးပါလားကွယ်”

ဒေါ်ငြိမ်းတင် ကားပေါ်မှဆင်းလာသည်ကို မစံပယ်မြင်လိုက်ရသည်။ သူမနောက်မှာတော့ ပဲခူးဘူတာမှတက်လာသော အရက်သမား ကြီး။ “ကျွန်မ ဘာတွေဖြစ်ခဲ့သလဲ အဒေါ်၊ အခုကော ဘာတွေဖြစ်နေ တာလဲ”

“ဘာတွေဖြစ်နေသလဲဆိုတော့ ဒီသောင်းဝင်းထွန်းတို့ သက်ဆွေတို့ဆိုတာက တောကနေ မသိနိုးနိုးနဲ့ ရောက်လာတဲ့မိန်းကလေးတွေကို ခုလိုပဲ လှည့်ဖြားပြီး ဖျက်ဆီးနေကျကွယ့်။ တစ်ယောက်က လှည့်ဖြားမယ့် ပုံပြတယ်။ တစ်ယောက်က ဝင်ကယ်တယ်။ ကယ်တင်ရှင်နောက်ကို မိန်းကလေး ပါသွားလေ့ရှိတယ်။ မိန်းကလေးအနားမှာ ဒီကောင်တွေ တရစ်ဝဲဝဲလုပ်နေကတည်းက အဒေါ်လှမ်းမြင် နေရတာ၊ ကုန်တွေသိမ်းလို့ မပြီးသေးလို့ ကြည့်နေရတာ။ အဲကုန်တွေ သိမ်းလည်းပြီးရော မိန်းကလေး လည်း မရှိတော့ဘူး။ ဒါနဲ့ ဒီကဦးကြီးကို ရဲစခန်းလွှတ် အကြောင်းကြားပြီးအဒေါ်တို့ နောက်ကလိုက်ခဲ့ရတာပါပဲကွယ်” မစံပယ်၏ရင်ထဲမှာ နင့်လာသည်။ မျက်ဝန်းတွင် မျက်ရည်ရစ်ဝဲလာသည်။ ဆင်းရဲနွမ်းပါးခြင်း၊ အကျည်းတန်အရုပ်ဆိုးခြင်းအပေါ် အခြေပြု၍ အဓ္ဓတ္တသဏ္ဍာန်ကို မခန့်မှန်းနိုင်ဘဲ အထင်သေးစိတ် မွေးခဲ့မိသည့် မိမိကိုယ်ကိုယ်မိမိ ပြန်၍ဒေါသဖြစ်မိသည်။

“သြော် အဒေါ်ရယ်၊ ဦးရယ်၊ ကျွန်မ ဘာပြောရတော့မှာလဲရှင်” သည်သို့ပင် ဖြစ်ပါသည်။

ညဥ့်အခါ ကားမောင်းသွားကြည့်ပါ။

ကားရှေ့မီးရောင်အောက်တွင် နွေညသစ်ပင်တို့သည် မျက်စိကို လှည့်စားတတ်ကြပါသည်။

အပွေးရင့်သော်လည်း အရွက်နုသည်။

အရွက်ရင့်သော်လည်း အပွေးနုတတ်ကြပါသည်။

မိုးဝေဂျာနယ်၊ မတ်လ ၁၉၈၃။

တိရစ္ဆာန်ရုံသို့သွား၍ မျောက်များနှင့်ကစားခြင်း

မိုးနှောင်းကာလ ရန်ကုန်။ မိုးလည်း မမည်တော့၊ ဆောင်းလည်း မပီပြင်သေး။ နှောင်းတစ်မိုး တစ်ဖြိုက်ရွာလိုက်သည်။ မိုးရွာသည်နှင့် မတူဘဲ နှင်းထုထုပိန်းပိန်း ကျသလိုရှိသည်။ သည်ကာလ ရန်ကုန်မြို့၏ ကတ္တရာလမ်းများ၊ ပလက်ဖောင်းများမှာ စိတ်ပျက်စရာကောင်းလောက်အောင် ညစ်ပတ်ပေကျံနေတတ်သည်။

မိုးက နေပူထား၍ ပွနေသောမြေမှုန့်များကို အရည်ဖျော်ပေးလိုက် သလို ရှိသည်။ လူတွေက နင်းသည်၊ ကားတွေက နင်းသည်။ သို့ဖြင့် ဗွက်အသေးစားကလေးများ ထလာသည်။ နိုင်လွန်ကတ္တရာလမ်းပေါ်မှာ ကားဘီးရာများ ထင်ကျန်ရစ်သည်။ ကွန်ကရစ်ပလက်ဖောင်းပေါ်မှာ လူ ခြေရာတွေ ထင်ကျန်ရစ်သည်။

အကယ်၍ မိုးသည်းစွာရွာလိုက်လျှင်တော့ ရွှံ့ဗွက်အိုင်ငယ်များ ရေစီးနောက် ပါသွားပေလိမ့်မည်။ ယခုမူ အကျည်းတန်လောက်အောင် နေရာအနှံ့အပြား၌ ဗွက်ထနေတော့သည်။

ကျွန်တော်သည် ဆူးလေစေတီတော် တောင်ဘက်မုခ်နှင့် မျက်စောင်းထိုးရှိ မဟာဗန္ဓုလပန်းခြံမှတ်တိုင်တွင် လွန်ခဲ့သော ဆယ်မိနစ်ခန့် ကတည်းက ရောက်နေသည်။ တတိယမြောက် ဒူးယားစီးကရက်ကို စတင် မီးညှိသည်။

ဆူးလေစေတီမှ ရွှေရောင်အဝင်းအလဲ့ကို ဖူးမြော်ပြီးခဲ့ပြီ။ မြို့တော် ခန်းမဆီသို့လည်း မကြာခဏ လှမ်းကြည့်ကာ အင်္ဂတေ ကနုတ်ပန်းများ ကို ကျက်မှတ်နေမိသလိုရှိသည်။

မျက်နှာချင်းဆိုင်ရှိ မဟာဗန္ဓုလပန်းခြံမှ သစ်ပင်များမှာ စိမ်းညိုရွက် ဆင်ထားသည်။ ဖားလျားဝေနေသည်။ မိုးရေသောက်ချိုးထား၍ အရွက်များ သန့်စင်စွာ စိမ်းနေသည်။

မိုးရွာနေသော်လည်း တစ်ဖက်တွင် နေရောင်က ပါးလျားသော တိမ်သားထုထဲမှ ထွက်ပေါ်ထွန်းလင်းနေသည်။ အပြာရောင်ကောင်းကင်၌ မီးခိုးရောင်တိမ်မျှင်တန်းများ ငါးကြင်းကွက်လို ဖြတ်ပြေးနေသည်။ မိုးရွာနေသလို နေသာနေသည်။ သစ်ပင်သစ်ရွက်တို့မှာ မိုးရေသောက်ချိုး နေရသလို နေရောင်၏ ထိတွေ့ မှုကိုလည်း ခံစားနေရသည်။ ထို့ကြောင့် အရွက်များ ရွှန်းလက်နေသည်။ တစ်မိုးတွင်းလုံး မိုးရေသောက်ချိုးခံရ သည့်အပင်များ ခြေရင်းမှ မြက်ခင်းမှာ အလွန်သန်မာနေသည်။ အလွန် စိမ်းမြနေသည်။ မိုးရေစက်များ၊ သစ်ကိုင်းသစ်ခက်အကြားမှ ယိုကျလာ သလို နေရောင်ပြောက်တိပြောက်ကျားကလည်း ထိနမ်းလျက်ရှိသည်။

စိမ်းညိုသော သစ်ပင်များအထက်တွင် အင်္ဂတေတိုင်ဖြူဖြူက ကောင်းကင်သို့ မိုးမိုးမတ်မတ် ထိုးတက်နေသည်။ လွတ်လပ်ရေးကျောက်တိုင်သည်

မိုးပြာပြာထဲက တိမ်ငါးကြင်းကွက်ကို ထိလုဘနန်း အောက်မေ့ ရသည်။

ပြီးတော့ ပန်းခြံတစ်ဖက်မှ ဗဟိုတရားရုံးချုပ် နီကြွန်ကြွန်အုတ်များ၊ အလူမီနီယံ အရောင်လက်နေသည့် မျှော်စင်အုပ်ဆောင်းများ။

ဘားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်မှ ခရစ်ယာန်ဘုရားရှိခိုး ကျောင်း စုလစ်မွန်းချွန်မှာ သွယ်နွဲ့သည်။ တနင်္ဂနွေလို နေ့မျိုးမှာ ချိုသာသော ခေါင်းလောင်းသံ ကြားရလိမ့်မည်ထင်သည်။ သို့သော် သည် ကနေ့ တနင်္ဂနွေနေ့ မဟုတ်။

ကုန်သည်လမ်းဘက်ဆီမှ အဆောက်အအုံအမိုးများပေါ်တွင် တယ်လီဖေးရှင်းတိုင်အချို့ကို တွေ့ ရသည်။ ထိုနေရာမှ ပြတင်းမှန်တစ်ခု သို့ နေရောင်ကျရောက်ပြီး ရောင်ပြန်အချို့ ပေါ်လာသည်။

ရန်ကုန်မြစ်ကို ဖြတ်ကျော်တိုက်ခတ်လာသောလေသည် ဆားငန်နံ့ သင်းနေသည်လားမသိ။ ရုတ်တရက်တွင် ကျွန်တော့်စိတ်၌ ရွှင်ပျလာမိသည်။ ခြေထောက်များအတွင်းသို့ အင်အားများ စုစည်းဝင်ရောက်လာသလို ရှိသည်။ မိမိ ကိုယ်မိမိ မြွက်ရိုင်းတောအတွင်းမှ နံ့ကောင်တစ်ကောင်လို ခံစားလာရသည်။ အကယ်၍ မိမိမှာ ဆန္ဒရှိမည်ဆိုလျှင် သည်နေရာမှ မြို့တော်ခန်းမ ဆင်ဝင်ပေါ်သို့ လှမ်း၍ခုန်နိုင်လိမ့်မည်ဟု အထင်ရှိသည်။

ပါးစပ်ဟထားသောကာလ၌ မိုးစက်အချို့ လျှာပေါ်သို့ ကျလာသည်။ သန့်စင်သောရေစက်ကလေးများ၊ ယင်းတဒင်္ဂ၌ စိတ်တွင် အလိုလို သတိရလာသောသီချင်းတစ်ပုဒ် ရှိသည်။ စတီရီယိုအဆိုကျော်တစ်ဦး၏ ‘မောင်ငိုမယ် မိုးသည်းထဲမှာ'သို့သော် မိုးက သဲသဲမဲမဲရွာနေသည်မဟုတ်။

မိမိအပါးမှာပင် လူများဖြတ်သွားသည်။ ကားများဖြတ်သွားသည်။ ဘတ်စ်ကားအချို့ မှတ်တိုင်မှာလာရပ်သည်။ လူတွေပြွတ်သိပ်ကျပ်ညပ် နေသည့်အကြားမှ တိုး၍တက်ကြသည်။ ပြီးလျှင် ကားသည် အင်ဂျင်မြည်သံ ကျယ်ကျယ်လောင်လောင်နှင့် အားကုန်ရုန်းထွက်သွားသည်။

ကားများ ရိုက်ခနဲ ရိုက်ခနဲ ပြေးသွားသည်။ လူအချို့ လမ်းကို ဖြတ်ကူးသွားသည်။ တောဘုရားဖူးတစ်သိုက် ဦးပဉ္စင်းတစ်ပါး ဦးဆောင် ကာ လမ်းကိုဖြတ်ကူးသည်။ သူတို့ ကြောက်လန့်နေကြသည်။ ကျီးကြည့် ကြောင်ကြည့်နှင့်။

ဦးပဉ္စင်းကလေးမှာ ဝင့်ဝါသောအသွင်မရှိ။ ဒါယကာ၊ ဒါယိကာ မတို့အတွက် စိုးရိမ်ပူပန်ဟန်ကိုသာ မြင်ရသည်။ လောလောဆယ် ရိတ် ထားဟန်တူသော ဦးပြည်းမှာ စိမ်းမြနေပြီး မျက်နှာမှာ ကရုဏာသက်စရာ ကောင်းနေသည်။

သည်အကြား အသက်ငါးဆယ်အရွယ် ဒါယိကာမကြီးတစ်ဦးမှာ အရှိန်ပြင်းစွာ မောင်းနှင်လာသောကားနှင့် ဝင်တိုးမိမလိုရှိသည်။ ကားသမားက ကြိမ်းမောင်းသွားသည်။ ဦးပဉ္စင်းကလေး၏ မျက်နှာမှာ ပို၍

ကရုဏာသက်စရာကောင်းလာသည်ဟု ကျွန်တော်ထင်သည်။

ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီး ပထမဆုံးအကြိမ် ကသိကအောက် ခံစားရသောဝေဒနာမှာ ကားတွေ ပိုမိုများပြား ကျပ်ညပ်လာ ပြီး အရှိန်နှုန်း ပိုမိုမြင့်မားလာခြင်းဖြစ်သည်။ သည်အကြားမှ ကျွန်တော် အဘယ်ကြောင့် ပျော်လာနိုင်သနည်း။

သည်ကနေ့ နွယ်မာထွန်းနှင့် ချိန်းဆိုထားသည်ကို သတိရနေမိသည်။

နွယ်မာထွန်း။

သူမသည် အရောင်းဆိုင်တစ်ဆိုင်မှ စာရင်းကိုင်ဖြစ်သည်။ စာရင်းကိုင်ဆိုသော်လည်း အောက်တန်းစားရေးလစာကိုသာ ရသည်။ နေ့စား လရှင်းဖြစ်သည်ဆိုခြင်းကို ကျွန်တော်သိထားသည်။ အကြောင်းမူ ကျွန်တော့်အစ်မသည် နွယ်မာထွန်းနှင့် ကျောင်းနေဘက်။ နွယ်မာထွန်း အကြောင်း ကောင်းစွာသိသည်။ က,မှ အ,အထိ ပြောပြနိုင်သည်။

ကျွန်တော်သည် အငယ်တန်းအရာရှိတစ်ယောက်ဖြစ်သည်။ ဘူမိဗေဒ အရာရှိဖြစ်သည်။

သတ္တုတွင်းဌာနလက်အောက်မှာ အလုပ်လုပ်ရသည်။ နမ္မတူဘော်တွင်း၌ တာဝန်ထမ်းဆောင်ရသည်။ ရန်ကုန်သို့ ခွင့်နှင့် ခေတ္တပြန်လာသည်။

ကျွန်တော်သည် ရန်ကုန်နှင့် နှစ်အတန်ကြာ ခွဲခွာနေခဲ့ရာမှ ပြန် လည်တွေ့ဆုံရခြင်းဖြစ်သည်။ ကျွန်တော့်တွင် ကားများ များပြားကျပ် ညပ်လာသော ဝေဒနာ၊ကားအရှိန်များ မြင့်မားလာသောဝေဒနာနှင့် ဘတ်စ်ကား မစီးတတ်သောဝေဒနာများ ခံစားနေရသည်။

ထိုအတွင်း တယ်လီဖီးရှင်းဝေဒနာ၊ စတီရီယိုတေး အဖျားဝေဒနာ များလည်း ရှိနေသည်ကို ဝန်ခံရမည်။ထား။

နွယ်မာထွန်းကို အလင်းရောင်သိပ်မရှိသော အမှောင်ဖြိုးဖျတွင် ကျွန်တော် စတင်ဆုံဆည်းခဲ့ရခြင်းဖြစ်သည်။

ထိုနေ့က ကျွန်တော့်အစ်မ၏အိမ်တွင် တယ်လီဖီးရှင်းပြသည်။ မြန်မာရုပ်ရှင်ကားတစ်ကားဖြစ်သည်။ အဟောင်းထဲမှ အဟောင်းကား တစ်ကား။

တိုက်ခန်းက ကျဉ်းသည်။ လူကများသည်။ ဧည့်ခန်းကြမ်းပြင်တွင် ဖျာခင်းထိုင်၍ကြည့်ကြသည်။ သည်စဉ် ကျွန်တော့်နှာခေါင်းဝ၌ သင်းပျံ့သော ရနံ့ကိုရသည်။ ချွေးနံ့နှင့်ရောနေသော မိတ်ကပ်နံ့ဖြစ်သည်။

ထိုအခါကျမှ မိမိနံဘေး၌ မိန်းကလေးတစ်ယောက်ရှိနေသည်ကို သတိပြုမိသည်။ အသားချင်းထိနေသည်။ လက်မောင်းအိုးချင်း ပွတ်တိုက် နေသည်။ ပေါင်ချင်းပူးကပ်နေသည်။

သူမဘက်သို့ လှည့်စောင်းကြည့်သောအခါ မျက်နှာကို ဘေးတစောင်းအနေအထားအရ တွေ့ရသည်။ ဘေးတစောင်းအမြင်တွင် သူမ ၏ မျက်နှာ လှပသည်ကို သတိထားမိသည်။

ရုပ်ရှင်ထဲမှ ရယ်စရာမောစရာ ပါလာလျှင် သူမသည် အရယ်ညှို့ သလို ကျွန်တော့်ဘက်သို့ လှည့်ကြည့်ပြီး ရယ်လေ့ရှိရာမှ မျက်လုံးချင်း ဆုံကြသည်။

သူမသည် အရယ်သန်သူဖြစ်သည်။ ရံခါ ကျွန်တော့်ပခုံးနှင့်တိုက် ၍ ပွင့်လင်းလွတ်လပ်စွာ ရယ်သည်။ အလိုလိုနေရင်း ရင်းနှီးလာသလို ရှိသည်။ တမင်တကာလိုလို မတော်တဆလိုလိုနှင့် ကျွန်တော့်လက်တစ် ဖက်သည် သူမ၏လက်ဖမိုးပေါ်သို့ ရောက်သွားသည်။ သူမ ဖယ်ရှားခြင်း မပြု။ ရုပ်ရှင်တွင် နစ်မျောနေသည်လော မသိ။

တယ်လီဖီးရှင်း ပြပြီးသွားတော့ အစ်မက သူမနှင့်မိတ်ဆက်ပေးသည်။ သူမ အတန်ကြီးရင့်နေသည်။ အစ်မနှင့် ရွယ်တူကျောင်းနေဘက် ဆိုတော့လည်း ကျွန်တော့်ထက် အနည်းဆုံး နှစ်နှစ်တော့ကြီးပေမည်။

တနင်္လာနေ့တွင် သူမ၏အလုပ်ဌာနသို့ ရောက်သည်။ ကောင်တာ မှန်ခြား၍ စကားပြောရသည်။ သူမ ငွေတွေရေတွက်ရင်း ညှော်ခံရခြင်းဖြစ်သည်။ အေးအေးဆေးဆေး စကားပြောချင်သည်ဟု ဆိုသည်။ သို့ဖြင့် ဗုဒ္ဓဟူးနေ့ကို ချိန်းသည်။ ယနေ့ ဗုဒ္ဓဟူးနေ့။

ကျွန်တော် ပျော်နေသည်။

ကျွန်တော့်တွင် စိုးရိမ်ကြောင့်ကြမှုတစ်ခုတော့ ရှိနေသည်။ လက် ထဲတွင် ငွေအနည်းအပါး မရှိနေခြင်းဖြစ်သည်။ အငယ်တန်းအရာရှိလစာ မှာ မိမိတစ်ကိုယ်အတွက်ပင် လောက်လှသည်မဟုတ်။ ထမင်းလခ၊ အိမ်လခ၊ အဝတ်အစားဖိုး၊ စာအုပ်နှင့် ရုပ်ရှင်ဖိုး စသည်ဖြင့် တစ်ခါတစ်ရံ မိသားစုအတွက် အရေးပေါ်ထောက်ပံ့ခြင်းမျိုး ရှိသေးသည်။ မိသားစုထဲတွင် အစ်မ အကြီးဆုံးတစ်ယောက်သာ ညွှန်ကြားရေး မှူးချုပ်ကတော်ဖြစ်ပြီး အနေအစားချောင်လည်သည်။

နွယ်မာထွန်းနှင့် ချိန်းထားသော်လည်း ဘယ်ကိုသွား၍ ဘယ်မှာ နားရမည်ကို ယခုအချိန်အထိ ကျွန်တော် မဆုံးဖြတ်နိုင်သေး။ ရုပ်ရှင်ကြည့် ရကောင်းမလား၊ သူမ ရုပ်ရှင်ကြိုက်သည်ကို စနေနေ့ကတည်းက ကျွန် တော် သိပြီးဖြစ်သည်။ သို့သော် လူတွေနှင့် မွန်းကျပ်နေသည့် ရုပ်ရှင်ရုံ အတွင်း သူမကို ခေါ်မသွားချင်။

စားသောက်ဆိုင်တစ်ခုခု။

ရန်ကုန်တွင် ကားများ ပေါများ၍ အရှိန်အဟုန်မြင့်မားသလို စားသောက်ဆိုင်တွေပေါများပြီး ဈေးနှုန်းမြင့်မားနေသည်ကို ကျွန်တော်သိနေသည်။ ပန်းခြံမှာထိုင်ဝံ့သည်အထိတော့ နွယ်မာထွန်းမှာ သတ္တိရှိနိုင်မည် မထင်။

သည်စဉ် နွယ်မာထွန်း ရောက်လာသည်။

သူမသည် ကျွန်တော့်တူရှုမှ လျှောက်လာခြင်းဖြစ်သည်။ ပန်းခြံ စည်းရိုးကို သီ၍လျှောက်လာသည်ကို ခပ်လှမ်းလှမ်းကတည်းက တွေ့ရသည်။

မိုးတဖွဲဖွဲအကြားမှ ခေါက်ထီးအကျားကလေးကို ဖွင့်ဆောင်းလာသည့်

နွယ်မာထွန်း၏ခြေလှမ်းမှာ ကျွန်တော့်အတွက် ကုဋေတစ်သန်းများ တန်လေမလား။

သည်ခဏမှာပင် ကျွန်တော်၏ ပျော်ရွှင်ခြင်းများ လွင့်ပျောက်သွား သလို ခံစားရသည်။ ချိန်းဆိုမိခြင်းမှာ မှားလေပြီဟု ကျွန်တော် သဘော ပေါက်လာသည်။ နွယ်မာထွန်းသည် ကျွန်တော်လိုလူစားမျိုးအတွက် မဟုတ်ကြောင်း ရိပ်စားမိလာသည်။

ကြည့်။

သူမသည် သစ်လွင်လှပနေသည်။

ခေါက်ထီးကလေးမှာ အတော်တန်ဖိုးရှိနေပုံပေါ်သည်။ ကိုယ်ပေါ် မှာ ဝတ်လာသည်က အဝတ်သစ်များ၊ အနီရောင် အပျိုစင်ဗိုက်ဖုံးအင်္ကျီဆိုလားမသိ။ အစ အတော်ကုန်မယ့်အင်္ကျီမျိုး၊ ထဘီမှာ အနက်ခံတွင် အနီပွင့်တွေပါသော ဖော့ရှုန်တစ်မျိုး။ သဲကြိုးအနီပါသော ခုံမြင့်ဖိနပ်။ ဖိနပ်ခွာမှာ ခဲတံလိုချွန်နေသည်။

ဆံပင်မှာ လှိုင်းထနေသည်။ လေဒီဒိုင်ယာနာဆံပင်ပုံစံလောက် မတိုသော်လည်း ကုပ်ဝဲ။ နောက်ကျောဘက်တွင် ဖဲပြားအနီစနှင့် ချည် နှောင်ထားသည်။ လက်ထဲမှာ အညိုရောင်လက်ပွေ့အိတ်။

မျက်နှာတွင်လည်း ချက်ချင်း ပွဲနေပွဲထိုင်သွားတော့မလို ပြင်ထားသည်။ ဆေးဆိုးပန်းရိုက်မျက်နှာ။ မိတ်ကပ်ထူထူ၊ အိုင်းလိုင်နာတွေ၊ ရှဲဒိုး တွေနှင့်။ မျက်ခုံက စိမ်းဖန့်ဖန့်၊ နှုတ်ခမ်းများက နီစွေးနေသည်။ မိန်းကလေးများ၏ နှုတ်ခမ်းမှာ ဒီရေအတက်အကျလို ဖျော့ရာမှ ရင့်လာကြ ပြန်ပေပြီ။

သူမသည် များစွာတောင့်တင်းသည်တော့မဟုတ်။ သို့သော် ကျွမ်းကျင်စွာ ချုပ်လုပ်ထားသော အဝတ်များကြောင့် ထုပ်ထုပ်ထည်ထည် ရှိ နေသလိုပင်။ လမ်းလျှောက်လာပုံကိုကလည်း တမင်လေ့ကျင့်ထားသလို ဖြစ်သည်။ ကနွဲ့ကလျ။

လူအချို့က သမင်လည်ပြန်ကြည့်သွားကြသည်။ သူမ၏အလုပ် ဌာနရှိရာ ပန်းဆိုးတန်းမှ သည်အထိ ခြေကျင်လျှောက်လာရခြင်း ဖြစ်သည်။ လမ်းတွင် လူဘယ်နှယောက်က သမင်လည်ပြန် လှည့်ကြည့်ကြ လေသနည်း။

သူမသည် လမ်းကိုဖြတ်ကူးပြီးနောက် ကျွန်တော့်အပါးသို့ ရောက် လာသည်။ ထိုအခါ ရေမွှေးနှင့် မိတ်ကပ်နံ့များ အပါးမှာပျံ့နေသည်။ "ရောက်နေတာ ကြာပြီလားဟင်"

မေးမည့်မေးသော်လည်း ကြာပြီဖြစ်ကြောင်း ကြို၍သိနေသလို ရှိသည်။ ထို့ကြောင့် အဖြေမပေးလိုက်တော့ပါ။

လက်ကိုင်ပဝါထုတ်၍ လည်ပင်းကိုတို့လိုက်ပြီး...

"မိုကလည်း ဒီကနေ့မှ တမှောင့်ပဲနော်။ ကိုင်း ဘယ်သွားမလဲ"

လာချေပြီဟု ကျွန်တော်တွေးသည်။

စောစောကအင်အားတွေ ဘယ်ရောက်ကုန်ပါလိမ့်။ မြက်ပင်စိမ်းစိမ်းတွေအကြားမှ နံ့ကောင်လို သည်က ခုန်လိုက်လျှင် မြို့တော်ခန်းမ ဆင်ဝင်ပေါ်ရောက်မှာပဲဆိုသော အတွေးများ။

သူမအပါးတွင် ရပ်နေရသည်ကိုပင် မိမိကိုယ်ကိုယ် သိမ်ငယ်လာ သလို ခံစားရသည်။ ကျွန်တော့်ကိုယ်တွင် ဝတ်ထားသော စစ်စိမ်းရောင် နိုင်လွန်ဂျာကင်အပါးကလေးမှာ မိုးရေစွတ်စိုကာ တွန့်ကြေနေသည်။ ဆံပင်တွင် မိုးရေစက်များ ကပ်ငြိနေသည်။ ဂျင်းဘောင်းဘီနှင့် ဝေါ့ကင်း ရှူး တစ်ပတ်ရစ်စီးထားသည်။

သို့သော် ကျွန်တော့်အဝတ်အစားအတွက် သူမ၏စိတ်တွင် အနှောင့်အယှက်ဖြစ်မိဟန်မတူပါ။

မည်သည့်မိန်းကလေးမှလည်း မိမိ ယောကျ်ားကလေးအဖော်၏ အဝတ်အတွက် စိတ်အနှောင့်အယှက် သိပ် မဖြစ်သည်ကို တွေ့ ရသည်။

"ရုပ်ရှင်ကြည့်မလား ဟင်...၊ သမ္ဘတက ကားတစ်ကားတော့ ကြည့်ဖို့ကျန်နေသေးတယ်"

ကျွန်တော့်ဆိတ်ငြိမ်မှုကို စိတ်မရှည်သလို သူမက ဆိုသည်။

"တစ်ခါတလေ တွေ့ရတာ ဂိုဒေါင်လိုဟာမျိုးထဲ ဝင်မနေချင်ဘူး။

ရုပ်ရှင်လည်းပြီးရော တာ့တာဆိုပြီး နှုတ်ဆက်ပြန်ကြရော"

"ဒါဖြင့် ဗိုလ်ချုပ်ဈေးဖြစ်ဖြစ်၊ စကော့ဈေးဖြစ်ဖြစ် လျှောက်မလား" ကျွန်တော် တိတ်ဆိတ်နေမိဆဲ။

သည်နေရာမှာတော့ အစ်မကို ကျေးဇူးတင်ရမည်။

ကျွန်တော် နွယ်မာထွန်းနှင့် ချိန်းထားကြောင်း အစ်မကို ပြောပြ မိခဲ့သည်။ ထိုအခါ အစ်မက...

"စကော့ဈေးတို့၊ စိန်ဂွန်းဈေးတို့ဘက်တော့ ခြေဦးမလှည့်လေနဲ့ မောင်။ သူတို့က သိပ်ပါးစပ်ရဲတာ။ တော်ကြာ တစ်ရာ့ငါးဆယ်တန် နှုတ်ခမ်းနီဘူးတို့၊ ခြောက်ရာတန် ရေမွှေးပုလင်းတို့ ဝယ်ပေးခိုင်းရင် ငါ့မောင် လူလယ်ကောင်မှာ ဒုက္ခများနေလိမ့်မယ်"

ကျွန်တော် အစ်မ၏စကားများကို ဆက်၍စဉ်းစားနေမိသည်။

နွယ်မာထွန်းအကြောင်းဖြစ်သည်။ သူမ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရ ခဲ့သည်။ မိဘများက ချောင်ချောင်လည်လည်မဟုတ်။ အရာရှိတစ်ဦးနှင့်လက်ထပ်သည်။ ယောကျ်ားကလေးဘက်က သဘောမတူ။ နှစ်နှစ်အကြာ အရာရှိ ကားတိုက်မှုတစ်ခုတွင် သေဆုံးသည်။ နွယ်မာထွန်းတွင် သမီး ကလေးတစ်ယောက် ရှိသည်။ ယောကျ်ားကလေး မိဘများက သိမ်းသွားသည်။ သူမ အတိတ်ကို မစဉ်းစားတော့။ မိမိဘဝကို မိမိကျောင်းသည်။ သူမ၏လစာမှာ သိပ်မကောင်း။ သို့သော် အများနည်းတူ ဝတ်နိုင်စား နိုင်သည်။

"ကဲပါ ဘယ်ကိုသွားမလဲ၊ အစကတည်းက ကြိုပြီးစဉ်းစား မထားဘူးလား။ လူတွေက ကြည့်လှပြီ၊ မှန်သာဆို ပေါက်ထွက်သွားတာ ကြာလှပြီ"

စိတ်မရှည်နိုင်မှုဖြင့် မာဆတ်နေသော သူမ၏လေသံကြောင့် အတွေးပြတ်ရသည်။

"ဒီအချိန် အင်းယားလိပ်တို့၊ ကရဝိက်တို့၊ ဒါမှမဟုတ် ကန်တော်ကြီးဟိုတယ်တို့မှာတော့ ဘီယာရနိုင်မှာပဲ။ သူ ဘီယာသောက်ပေါ့။ မာထွန်း မစ်ဂရေးတစ်ပွဲစားမယ်။ မနက်စာ မစားခဲ့ဘူးလေ"

"ကိုယ် ဘီယာမသောက်တတ်ဘူး"

"တခြား တစ်ခုခု"

"အရက်ကို မသောက်တာ""ဘုရားရေ၊ ရှင့်လို အရာရှိပေါက်စတစ်ယောက် အရက်မသောက် တတ်ဘူးဆိုတာ အံ့သြစရာပဲ။ တချို့ဆို အရာရှိမဖြစ်ခင်ကတည်းက ပညာ စုံနေတာ။ မသောက်တတ်ရင်လည်း သင်ထား။ ဒါမပါရင် အရာရှိလောက မှာ မျက်နှာသိပ်ငယ်တယ်"

သူမ သွန်သင်နေသည်။ သည်သွန်သင်မှုက သူမ၏အရွယ်ကြီးရင့်မှုကို သတိရစေသည်။ ကွယ်လွန်သူ ခင်ပွန်းသည်ထံမှရခဲ့သော ဩဝါဒများလေလားမသိ။ အရက်သမားတိုင်းတွင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ဆင်ခြေရှိတတ်မြဲ။ပြီး ကျွန်တော့်ကို အရာရှိတစ်ယောက်အနေဖြင့် အထင်ကြီးထားကြောင်း သိသာစေသည်။ ဘယ်လိုအရာရှိမျိုးဖြစ်သည်ဆိုခြင်းကို သိ မထားခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။

"ကိုင်း..." ,သူမက စိတ်မရှည်တော့သလို ခါးထောက်ပြီးမေးလိုက်သည်။ နီရဲသော အောက်နှုတ်ခမ်းထောင့်ကလေးကို ကိုက်ထားသည်။ မျက်လုံးများက ဘယ်လိုလဲဟူသောအကြည့်ဖြင့် ဝေသီနေသည်။

ဘယ်သွားရမည်ကို မသိမဟုတ်၊ သိပါသည်။

အကောင်းဆုံးက ပထမန်ပါတ်အနီမဟုတ်သော ပရိုက်ဗိတ်တက္ကစီ ကားသန့်သန့်ငှားရမည်။ ဖယ်မလီယာ၊ သို့မဟုတ် မာဇဒါဆီဒင်။ ကော်ရိုလာ သို့မဟုတ် ဆန်နီ။ ပြီးတော့ စကော့ဈေး၊ သို့မဟုတ် စိန်ဂျွန်းဈေး။ ခြောက်ရာတန် ရှယ်နယ်ရေမွှေးမဟုတ်တောင် အင်္ကျီစတစ်စ၊ သို့မဟုတ် လုံချည်တစ်ထည် သို့မဟုတ်။

ပြီးတော့ ဈေးထဲမှာ လျှောက်ရတာ ပင်ပန်းလို့ဆိုပြီး ကန်တော် ကြီး၊ ကရဝိက်၊ သို့မဟုတ် အင်းယားလိတ်၊ သို့မဟုတ် တစ်ဆိုင်ဆိုင်သို့ သွား၊ နံနက်စာစား၊ အအေးသောက်။

ပြီးတော့...ပြီးတော့ နောက်ပိုင်းတွင် မျှော်လင့်စရာတွေ အများကြီး။ "တိရစ္ဆာန်ရုံကို သွားရအောင်" ဘာရယ်မဟုတ်၊ နှုတ်က လွှတ်ခနဲထွက်သွားသည်။

"ဘာ... "

ခါးမှာထောက်ထားသောလက် ပြေကျသွားသည်။ ကိုက်ထားသေ နှုတ်ခမ်းပါးကလေး ဆတ်ခနဲ လွတ်သွားသည်။

မျက်နှာတွင် အံ့အားသင့်ခြင်း။တင်းမာခြင်း။

"ကိုယ်...ကိုယ်...တိရစ္ဆာန်ရုံကို မရောက်တာကြာပြီမို့ပါ" လှောင်ပြောင်လိုခြင်း၊ ရယ်မောလိုခြင်း၊ ပြီးတော့ အထင်သေးခြင်း အရိပ်များ

မျက်ဝန်းတွင် ယှက်ဖြာသွားသည်။

"အလုပ်လက်မဲ့ ကောင်လေးတစ်ယောက်၊ လမ်းဘေးဈေးသည် ကလေးတစ်ယောက် ချိန်းတွေ့ ပုံမျိုးပေါ့ ဟုတ်လား"

သူမ၏နှုတ်ခမ်းမှာ သိသိသာသာ ရယ်မောချင်သော အရိပ်အရောင်ကို တွေ့ရသည်။ မျက်ဝန်းတွင် စိတ်ပျက်ခြင်းတွဲခိုနေသည်။ ကိုယ်ကို ဆတ်ခနဲမတ်လိုက်ကာ

"ကျေးဇူးပါပဲတဲ့။ မာထွန်း အိမ်ပဲပြန်တာ ကောင်းမှာပါ"

ကျွန်တော် ငြိမ်နေလိုက်သည်။

စိတ်ထဲမှာတော့ သူမကို ပြန်လွှတ်လိုက်ရမှာ အားနာသလို ရှိနေသည်။ သို့သော် မတတ်နိုင်ပါ။ နောက်ပိုင်းတွင် မျက်နှာပူစရာများ ရှိချင် ရှိလာနိုင်သည်။ ကြာကြာတော့ ပူရမည်မဟုတ်။ သည်တနင်္ဂနွေတွင် ကျွန်တော် နမ္မတူပြန်မှာဖြစ်သည်။

သူမ ထွက်သွားလိမ့်မည်ထင်သည်။ ထွက်မသွားဘဲ ရပ်နေသဖြင့် အံ့အားသင့်မိသည်။ သူမကိုယ်တိုင် ကျွန်တော့်ကို လက်လွှတ်လိုက်ရမှာ နှမြောနေသေးကြောင်း တွေ့ ရသည်။

ကျွန်တော့်ကို တဒင်္ဂအတွက်သာ တွက်ထားပုံမရ။ အနာဂတ် အတွက် မျှော်လင့်ချက်ထားကောင်း ထားနေလိမ့်မည်ထင်သည်။ "ကောင်းပြီလေ"သက်ပြင်းရှိုက်ရင်းဆိုသည်။ "တခြားကိုမသွား ချင်ဘူးဆိုလဲ သွားပေါ့"

သို့ဖြင့် အလွတ်မောင်းလာသော လေးဘီးအငှားကားတစ်စီးကို လက်ပြတားဆီးလိုက်သည်။ တိရစ္ဆာန်ရုံသို့ ပို့ပေးဖို့ပြောလိုက်သည်။

လမ်းတွင် ရေဒီယိုမှ မကြာခဏကြားရသော သီချင်းတစ်ပုဒ်ကို ကျွန်တော် သတိရနေသည်။ " ပြားခြောက်ဆယ် ပိုက်ဆံအကြွေ ပေးလိုက် စမ်းပါ သားတို့အမေ"ကိုမင်းနောင်၏ အသံဖြစ်သည်။ ပြားခြောက်ဆယ် ခေတ်သည် သီချင်းထဲမှာသာ ကျန်ရစ်ခဲ့လေပြီ။

နွယ်မာထွန်း စိတ်မပါလှကြောင်း လေးလံနေသော ခြေလှမ်းများအရ သိသာသည်။ တိရစ္ဆာန်ရုံသို့ဝင်ရန် နှောင့်နှေးနေသည်။ သို့သော် ကျွန်တော် လက်မှတ်နှစ်စောင် ဆုတ်လိုက်သည်။ အပေါက်ဝမှာ တွေ့ရသော ဈေးသည်ကလေးတစ်ဦးထံမှ ပဲကြီးလှော်နှစ်ထုပ် ဝယ်လိုက်သည်။ တစ်ထုပ်ကို သူမထံ ကမ်းပေးလိုက်သောအခါ

"ဒါက ဘာလုပ်ရမှာလဲ" "မျောက်တွေကျွေးဖို့ပါ"

"ရှင့်ဘာသာပဲကျွေး၊ မာထွန်း အဲဒီသတ္တဝါတွေကို အော့နှလုံး နာလွန်းလို့"

ကျွန်တော် အရှက်ပြေပြောမိသည်။

"ကိုယ့်မှာ ရာထူးအတွက် မျောက်တွေကို အစာကျွေးရမယ့် ယတြာ ရှိနေလို့ပါ"

တိရစ္ဆာန်ရုံထဲတွင် လူကျဲကျဲမျှရှိသည်။ ကျဲကျဲဆိုသည်မှာ ရှိသည် ဆိုရုံကလေးမျှ ရှိနေခြင်းဖြစ်သည်။ မိုးကြောင့် ဖြစ်ကောင်းဖြစ်မည်။ အားလပ်ရက်မဟုတ်သောကြောင့် ဖြစ်ကောင်းဖြစ်မည်။ အတွဲအချို့ကို ကြိုးကြား ကြိုးကြား ဟိုနေရာ သည်နေရာ တွေ့ ရသည်။ အံ့သြစရာ ကောင်းသည်မှာ အားလုံး ထီးကိုယ်စီနှင့် ဖြစ်သည်။

နွယ်မာထွန်းက ကျွန်တော့်ကို သူမထီးရိပ်အောက်သို့ မခေါ်ပါ။ ကျွန်တော်တွင်လည်း ဝင်ရန် စိတ်ကူးမရှိ။ ယခုအခါ ဆံပင်ထဲမှ ရေစက် အချို့ မျက်နှာကို ဖြတ်သန်းစီးဆင်းလာသည်။

တကယ်တွင်လည်း တိရစ္ဆာန်ရုံသို့ မရောက်ခဲ့သည်မှာ ကြာပြီ။

ဘယ်နေရာ ဘာရှိမှန်း ကောင်းကောင်းမမှတ်မိချင်တော့။

ကျောက်လှေကားထစ်များအတိုင်း တက်ခဲ့သည်။

တစ်နေရာတွင် ခြံခတ်ထားသော နွားကဲ့သို့ သတ္တဝါများ တွေ့ ရသည်။

"တိရစ္ဆာန်ရုံမှာ နွားတွေလည်း ထားတာပဲလား။ မာထွန်းတို့ နွားတွေကို ပိုက်ဆံပေးပြီး လာကြည့်ကြတာလား"

နွယ်မာထွန်းမှာ အော်ဟစ်ရယ်မောတော့မလို ရှိသည်။

"ရိုးရိုးနွားမဟုတ်ဘူး၊ နွားနောက်တဲ့။ စာရေးထားတာ မတွေ့ဘူး လား။ အောက်ပိုင်းမှာမရှိဘူး၊ ချင်းတောင်ဘက်မှာ ရှိတာ"

"နွားတော့ နွားပါပဲ"

ကျွန်တော် ဆက်၍အငြင်းမပွား။ ကျောက်လှေကားထစ်ကလေးများအတိုင်း ပြေးတက်ခဲ့သည်။

တိရစ္ဆာန်ရုံထဲရောက်မှ ကျွန်တော် ကျားများကို ကြည့်ချင်လာသည်။ ခြင်္သေ့များကို ကြည့်ချင်လာသည်။ ထို့ကြောင့် ကျားရုံသို့ မှန်း၍ လာသည်။

ကျား၏ဖျတ်လတ်ခြင်းကို သဘောကျသည်။ ခြင်္သေ့၏ ရဲရင့် ခြင်းကို နှစ်ခြိုက်ရင်းစွဲရှိသည်။

ကျားလှောင်အိမ်တွင် ကျားနှစ်ကောင်ကို တွေ့ ရသည်။ သို့သော် ကျွန်တော် မျှော်လင့်ထားသလို ဖျတ်လတ်ခြင်းမရှိ။ တစ်ကောင်နှင့်တစ် ကောင် ဆန့်ကျင်ဘက် လဲလျောင်းနေသည်။ မိုးခိုနေကြပုံရသည်။ ကျွန် တော်တို့ နှစ်ယောက်ကို တောက်ပြောင်သောမျက်လုံးများဖြင့် လှမ်းကြည့်သည်။ နွယ်မာထွန်း၏ နီရဲသောဝတ်စုံကြောင့်ပဲလား မသိ။

မည်သို့ပင်ဆိုစေ သူတို့၏ ကတ္တီပါလို အနက်နှင့် အဝါကျား အမွေးများကား ကျက်သရေရှိသည်။ သူတို့၏ စင်းဖြောင့်သောကိုယ်ဟန်မှာ ကြည့်၍ကောင်းသည်။ ငြိမ်နေသော်လည်း အမြီးကား တဘုတ်ဘုတ်။ ခြင်္သေ့လှောင်အိမ်ဘက်ဆီမှ ဟိန်းသံများ ကြားရသည်။ လူအချို့ ပြေးသွားသည်ကို တွေ့ ရသည်။ ခြင်္သေ့များကို အစာကျွေးချိန်ထင်သည်။ ကျွန်တော်က နွယ်မာထွန်းကို လှမ်းပြောလိုက်သည်။

"မြန်မြန်လာ၊ ကိုယ်တို့ ခြသေ့်အစာကျွေးတာ မြင်ဖူးရအောင်" သည်တစ်ကြိမ်မှာ သူမ ကျွန်တော့်စကားကို နားထောင်ခြင်းဖြစ်သည်။ ကျွန်တော့်နောက်မှ အပြေးလိုက်လာသည်။

သူမ ခြေချော်သွားသည်။ အော်ဟစ်သံ ကြားလိုက်ရသည်။ ကျွန်တော် စိုးရိမ်စွာနောက်သို့လှည့်ကြည့်မိသည်။ သူမ ဖိနပ်ကလေးကို ကုန်းကြည့်နေသည်။

"မာထွန်း ဖိနပ်ခွာကျိုးသွားပြီ"

ငိုတော့မည့်နှယ် ရှိသည်။ ပြုံတော့မည့်မိုးကဲ့သို့ ဖြစ်သည်။ နှမြောမိပုံရသည်။ ဖိနပ်ကို တယုတယ ကောက်ကိုင်သည်။ ခွာမှာ ကျိုးသွားခြင်းမဟုတ်ပါ။ လက်သန်းတစ်ဆစ်ခန့် ပဲ့သွားခြင်းဖြစ်သည်။ "ကိုယ်က တခြားတစ်ခုခုဖြစ်လိမ့်မယ်ထင်တာ၊ ခွာက သစ်သားပဲ"

သူမ ဒေါသဖြင့် မော့ကြည့်သည်။

"ဒါ ချယ်ရီသားအစစ်ရှင့်။ ဒီနေ့ ပြဿဒါးနေ့များလားမသိဘူး။ ဘာတစ်ခုမှ အဆင်မပြေဘူး။ ရုံးက နေ့ဝက်ခွင့်ယူတော့လည်း အရာရှိနဲ့ စကားများရသေးတယ်"

ခြသေ့်အသံများ ပို၍ကြားရသည်။ ထို့ကြောင့် သူမ၏နောက်ပိုင်း ညည်းတွားသံကို မကြားရတော့။

သည်မှအထွက်တွင် မိုးအနည်းငယ်သည်းလာသည်။ နွယ်မာထွန်းသည် ကျွန်တော့်ကို ထီးမိုးပေးသည်။ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင် လာသည်။

ဤသည်မှာ ထိုနေ့အဖို့ ကျွန်တော် ပထမဆုံးနှင့် နောက်ဆုံးရသော အခွင့်အရေးဖြစ်သည်။

သည်နောက် မိုးစဲသွားသည်။

"ဆင်ရုံကို သွားမလား"

ကျွန်တော် မေးသောအခါ ခပ်ပြတ်ပြတ်ဖြေသည်။

"သဘောပဲ"

ဆင်ရုံသို့ ရောက်လာသည်။

ကျွန်တော်က ကြံအချို့ကို ဝယ်သည်။

"ကျွေးကြည့်ပါလား"

နွယ်မာထွန်း သိပ်စိတ်ပါပုံမပြ။ သို့သော် ကျွန်တော့်လက်မှ ကြံ ကိုယူပြီး ရှေ့သို့ မဝံ့မရဲတိုးသည်။ ဆင်က နှာမောင်းဖြင့် ကြံကိုလှမ်းယူကာ ကြီးမားသောပါးစပ်ထဲသို့ ခွံ့ လိုက်သည်။

နွယ်မာထွန်း အံ့ဩဝမ်းသာသောဟန်ကို ဖုံးဖိမထားနိုင်သလို အော်လိုက်သည်။

"ဟယ်...စားတယ်တော့်၊ စားတယ်တော့်"

ကျွန်တော် စိတ်ချမ်းသာသွားမိသည်။ နွယ်မာထွန်းသည် တစ်စထက်တစ်စ တိရစ္ဆာန်ရုံတွင် ပျော်လာပြီဟု အောက်မေ့သည်။

သို့သော် များမကြာမီမှာပင် စိတ်ပျက်လက်ပျက် ဖြစ်ရသည်။ နွယ်မာထွန်းသည် သူမ၏လက်မှ အကျိအချွဲကဲ့သို့သော အရာများကို တွေ့လိုက်ရကာ...

"အို...ကြည့်ပါဦး၊ မာထွန်းလက်တွေ ပေကုန်ပြီ"

ပြောပြောဆိုဆို ကျွန်တော့်မိုးကာအင်္ကျီကို လှမ်းသုတ်လိုက်သည်။ ကျွန်တော်တို့ ရေမြင်းများထားရာသို့ ရောက်လာသည်။

ရေမြင်းများသည် ကုန်းပေါ်တွင်မရှိ။ သူတို့၏အိမ်ဟုခေါ်ရမည့် ရေကန်ငယ်ထဲတွင်သာ ရှိသည်။ သူတို့ ပေါ်လာနိုးဖြင့် စောင့်ကြည့်နေသောသူ အချို့ရှိသည်။ ကန်စွန်းရွက်သည်က အစောင့်စားဆုံးဖြစ်သည်။ ကန်စွန်းရွက်ကို ပြ၍ လာကြွ လာကြွ ခေါ်နေသည်။ အစာဝနေ၍လား မသိ။ တက်မလာကြ။ ရေထဲငုပ်နေသောကြောင့် မကြား၍လည်း ဖြစ် ကောင်းဖြစ်မည်။

ကျွန်တော်တို့ အတန်ကြာစောင့်ကြည့်နေသည်။ "ဒါပါပဲ၊ သွားကြပါစို့"

နွယ်မာထွန်းက ဆိုသည်။

ကျွန်တော်သည် သံပိုက်လုံးတန်းကိုကိုင်လျက် အောက်ဘက်သို့ ငုံ့ကြည့်သည်။ ရေထဲမှာ ဝဲများထလာသည်။ ရေမြင်း၏ခေါင်း ပေါ်လာသည်။ အစသော် နားရွက်များသာဖြစ်သည်။ ထို့နောက် မျက်စိ၊ နှာခေါင်း စသည်တို့ ထင်ရှားလာသည်။ သူ ရေပေါ်သို့ဖော်ပြီး အသက်ရှူသည်။ နှာ မှုတ်လိုက်သောအခါ ရေမှုန်များ လွင့်သွားသည်။ နှာရှုံ့ ပြင်းလှချေသည်။ ရေထဲတွင် အသက်အောင့်ထားပြီးမှ တအားရှူထုတ်လိုက်သလို ဖြစ်သည်။ သနားစရာကောင်းသော သတ္တဝါဖြစ်သည်။ သူ၏ လေးလံသောကိုယ်လုံးကို မနိုင်ရင်ကာ သယ်မထားရပုံမျိုးဖြင့် ရေထဲမှတက်လာသည်။ ကြီးမားသောပါးစပ်မှာ ခွဲကြောင်းကြီးလို ဖြစ်သည်။ ပါးစပ်ပြဲပြဲ ဟနိုင်သည်။ ဝါကျင်သောသွားများမှာ ကြီးမားပြီး ယိုင်ကျဲကျဲဖြစ်သည်။ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။

"သူတက်လာပြီ၊ သူတက်လာပြီ"

နောက်သို့ လှည့်ကြည့်သောအခါ နွယ်မာထွန်း မရှိတော့။ ခပ်လှမ်းလှမ်းသို့ ရောက်နေသည်။ ကျွန်တော့်ကိုထားခဲ့ပြီး ထွက်သွားခြင်းဖြစ်သည်။ ကျွန်တော် သူမနောက်မှ လိုက်ခဲ့ပါသည်။ အစသော် ကျွန်တော့်တွင် ဖျံများဘက်သို့သွားရန် စိတ်ကူးရှိသည်။ ဖျံများ အစာတောင်းပုံမှာ ကြည့်မဝနိုင်။ သို့သော် စိတ်ကူးကို ဖျက်လိုက်သည်။

နွယ်မာထွန်းနှင့် ယှဉ်မိသောအခါ တိရစ္ဆာန်ရုံပေါက်ဝသို့ ဦးတည်လိုက်သည်။ ကျွန်တော့်အကြံကို နွယ်မာထွန်း ရိပ်မိဟန်တူသည်။ "ဘယ်သွားမလဲဟင်"

"ပြန်ကြရအောင်"

"မျောက်တွေဆီမသွားတော့ဘူးလား၊ ရှင့်မှာ မျောက်တွေကို

အစာကျွေးရမယ်လို့ ယတြာရှိတယ်ဆို”

“ထားလိုက်ပါတော့၊ နောက်တစ်ခါပေါ့”

သူမ၏ ပါးနပ်လျှင်မြန်သောမျက်ဝန်းများ ကျွန်တော့်မျက်နှာပေါ် သို့ ရောက်လာသည်။

သူမ လမ်းလျှောက်ခြင်းကို ရပ်လိုက်သည်။

ပြုံးလိုက်သည်။

“ဘယ်လိုဖြစ်သွားတာလဲ၊ မာထွန်းကို စိတ်ဆိုးသလားဟင်”“ကိုယ့်ကို တစ်ယောက်တည်းထားပြီး ထွက်သွားတယ်လေ” ဆွဲဆောင်မှုရှိသောအသံဖြင့် သူမ ရယ်လိုက်သည်။

“ကဲပါ၊ သိပ်လည်းစိတ်မတိုချင်စမ်းပါနဲ့။ မျောက်တွေဘက် သွားရအောင်”

ကျွန်တော်တို့ မျောက်ရုံဘက်သို့ ထွက်ခဲ့သည်။

“မာထွန်း ညက ရှင့်အကြောင်းတွေ တွေးနေတယ်”

“ဘာတွေတွေးသလဲ”

“ဘာရယ်လို့တော့ မဟုတ်ဘူး၊ ရှင့်အကြောင်းတော့ ရှင့်အကြောင်း ပဲ။ ဒါထက် နမ္ဘတူဟာ သိပ်သာယာတယ်နော်”

“ရောက်ဖူးသလား”

“သူများပြောပြတာပါ၊ တစ်ခေါက်လောက်တော့ ရောက်ဖူးချင်သား” နွယ်မာထွန်း၏အသံမှာ အချိုသာဆုံးဖြစ်နေသည်။

သို့ဖြင့် ကျွန်တော်တို့ မျောက်များကိုထားရှိသော လှောင်ချိုင့်သို့ ရောက်လာသည်။

မျောက်ကား ကမ္ဘာပေါ်တွင် စည်းလွတ်ကမ်းလွတ် အနိုင်ဆုံး သတ္တဝါဖြစ်သည်။ အငြိမ်မနေတတ်၊ ခုန်ပျံဆော့ကစားနေရင်းဖြင့် သူတို့၏ သက်တမ်း ကုန်ဆုံးသွားလေ့ရှိသည်ထင်သည်။ သူတို့တွင် အလွန်သနားစရာကောင်းသော မျက်နှာရှိသည်။ သို့သော် သနားစရာမကောင်း ဆုံး သတ္တဝါထဲတွင် သူတို့ပါသည်။

လှောင်အိမ်ထဲတွင် မျောက်အတော်များများရှိသည်။ သူတို့အတွက် မော်တော်ကားတာယာ ဒန်းလုပ်ပေးထားသည်။ တက်စရာ၊ ချက်စရာ သစ်ပင်သစ်ကိုင်းများ ထောင်ပေးထားသည်။ သည့်အကြားမှ သံတိုင်များ ကိုင်ပြီး ဆော့ကစားနေသော မျောက်များရှိသေးသည်။ တိရစ္ဆာန်များစွာ အနက် အမြီးကို သူတို့ ကောင်းစွာအသုံးချတတ်သည်။

ခွေးခေါင်းနှင့်တူသော ခေါင်းရှိသည့် မျောက်မကြီးတစ်ကောင်၏

ရင်ခွင်ထဲတွင် လက်သီးဆုပ်သာသာ မျောက်ကလေးရှိသည်။ မိခင်ကို တစ်သားတည်းနေအောင် ဖက်တွယ်ထားသည်။ သူ၏ ပြုံးကြောင်သော မျက်လုံးကလေးများဖြင့် လူတို့ကို မယုံသင်္ကာသလို လိုက်ကြည့်နေသည်။ ပွတ်တိုက်လွန်း၍ ပြောင်ချောနေသော သစ်ကိုင်းကြားမှာ မျောက် နှစ်ကောင်

တစ်ကောင်နှင့်တစ်ကောင် သတ်ပုတ်နေသည်။ မျောက်တစ် ကောင်မှာ တာယာဒန်းကို အဆမတန်လွဲကာ လူများကို မာန်ဖီနေသည်။ နွယ်မာထွန်းသည် မျောက်များကို ဟန်ဆောင်ထားသော စိတ်ဝင် စားမှုဖြင့် ကြည့်နေသည်။ ကျွန်တော်၏စကားကို သူမ ယုံကြည်ခဲ့ပေသည်။ မိန်းမသားပီပီ ယတြာ စသည်တို့ကို အလေးအနက်ထားပုံရသည်။

မျောက်လှောင်ချိုင့်ရှေ့တွင် ကျောင်းသားအရွယ် လူငယ်တစ်သိုက် ရှိသည်။ သူတို့က မျောက်များကို စနေကြသည်။ ကျောက်စရစ်ခဲလုံး ကလေးများဖြင့် ပေါက်သည်။ မျောက်များကလည်း ပြန်ပေါက်သည်။ သံတိုင်အကြားသို့ ထိုးသွင်းလိုက်သော ပေတံတစ်ချောင်းမှာ မျောက် တစ်ကောင်လက်သို့ ပါသွားသည်။

ကျွန်တော်သည် ပဲကြီးလှော်ထုပ် ပလတ်စတစ်အိတ်ကို ဖောက်ကာ အထုပ်လိုက် လှောင်ချိုင့်အတွင်း ပစ်ပေးလိုက်သည်။ မျောက်တစ် ကောင် လာကောက်သည်။ အထုပ်ကို ပို၍ဖွင့်ကာ ပဲကြီးလှော်များ လက် တစ်ဆုပ်စာယူသည်။ ထို့နောက် ကျွန်တော်တို့မျက်နှာများဆီသို့ လှမ်း ပေါက်သည်။ ကလေးများကို ထိသည်။

“ဘယ်လိုလဲ ဒီမျောက်တွေက ပဲကြီးလှော်မစားဘူးလား”

နွယ်မာထွန်း အံ့အားသင့်သလို မေးသည်။ ယတြာအတွက်ဖြစ် ၍ မစားမှာပူပုံရသည်။

အခြားတစ်ကောင်က အထုပ်ကိုလုယူသည်။ ပဲကြီးလှော်ကို ကျကျ နန အခွံနွာ၍စားသည်။

“ဒီကောင်က အပါးပဲ”

နွယ်မာထွန်း ရယ်၍ပြောသည်။ “မာထွန်းကိုလည်း တစ်ထုပ်ပေးလေ”

ပဲကြီးလှော်ကို ပလတ်စတစ်အိတ်ဖောက်လျက် အတွင်းသို့ ပစ်ပေးသည်။ ကုသိုလ်မျှယူချင်ဟန်တူသည်။ကလေးများက မျောက်များ အစာစားပြီး ငြိမ်နေသည်ကို သဘော ကျဟန်မပြ။ အမျိုးမျိုး စကြသည်။ ကလေးတစ်ယောက်က ရာဘာပူ ဖောင်းတွင် ရေထည့်ယူလာကာ သံတိုင်များအကြားမှ ပစ်သွင်းလိုက်သည်။ မျောက်တစ်ကောင် လာကောက်သည်။ သူ၏လက်ထဲတွင် ပူဖောင်းကွဲသွားသည်။ မျောက်သည် ဒေါသဖြစ်သွားဟန်တူသည်။ ကြမ်း ပေါ်မှရေကို လက်ဖြင့်ရှပ်တိုက်ကာ လူများဘက်သို့ ပက်လိုက်သည်။

ဆိုးသည်မှာ ရေသည် ညစ်ပတ်နေသည်။ ပိုဆိုးသည်မှာ အကြီး အကျယ် အလှပြင်ထားသော နွယ်မာထွန်း၏မျက်နှာကို ထိမှန်သွားခြင်း ဖြစ်သည်။ ရွှံ့စက်များ မျက်နှာနှင့် အဝတ်များအပေါ်မှာ အစက်အပြောက် ထင်သွားသည်။

ကလေးများဝိုင်းရယ်ကြသည်။ တကယ်ပဲ မိုးပြိုခဲ့ချေပြီ။ နွယ်မာထွန်း ဗလုံးဗထွေး အော်ဟစ်လိုက်သည်။

ကျွန်တော် ရုက်ကြောက်အားနာစွာ နွယ်မာထွန်းအပါးသို့ ကပ်လာခဲ့သည်။ လက်ကိုင်ပဝါဖြင့် ရွှံ့စက်များကို သုတ်ပေးဖို့ဖြစ်သည်။

“သွား…သွား..၊ ကျွန်မအနား မလာနဲ့၊ ကျွန်မအသားကို မထိနဲ့” တအားကျုံးအော်လိုက်၍ ခြေလှမ်းတုံ့ရသည်။

“ရှင့် သောက်တိရစ္ဆာန်ရုံမှာ ရှင့်သောက်မျောက်တွေနဲ့ နေခဲ့တော့”

နွယ်မာထွန်း ငိုရင်းပြောကာ ကိုယ်ကိုချာခနဲလှည့်လိုက်သည်။ အပါးမှ ပြေးထွက်သွားသည်။ လူလတ်တန်းစား မိန်းမလည်တစ်ယောက်၏ စရိုက်ပီပြင်လာခြင်းဖြစ်သည်။

ကျွန်တော် သူမနောက်မှ လိုက်ခဲ့သည်။ သူမသည် ဂိတ်ဝမှ တိုး ထွက်ပြီး ပျောက်ကွယ်သွားသည်။

တိရစ္ဆာန်ရုံမှထွက်ပြီး ကန်တော်ကြီးဘက်သို့ ကျွန်တော် လျှောက်လာသောအခါ ကောင်းကင်တွင် သက်တံတစ်စင်း ထွန်းနေသည်ကို တွေ့ရပါသည်။ နီဝါပြာ လိမ္မော်ခရမ်းအရောင်များ ယှက်သန်းကာ ကန်တော် ကြီးရေပြင်၌ အရိပ်ထင်နေသည်။

ကျွန်တော်၊ သို့မဟုတ် နွယ်မာထွန်းတို့၏ စိတ်ကူးယဉ်အိပ်မက် မှာ ပျက်ပြယ်သွားပေပြီ။

ကျွန်တော့်အပေါ် နွယ်မာထွန်း အကြီးအကျယ်စိတ်ပျက်သွားမည် ကား ကျိန်တွယ်ပြောစရာမလိုအောင် သေချာသည်။ မှန်ပါသည်။

နမ္မတူသို့မပြန်မီ တစ်ရက် စနေနေ့တွင် ကျွန်တော် စားသောက်ဆိုင်တစ်ဆိုင်၌ ညစာစားနေသည်။ များမကြာမီ လူတစ်သိုက် စားသောက်ဆိုင်ထဲသို့ ဆူညံစွာဝင်လာသည်။ သူတို့ ကျွန်တော်နှင့် ကပ်လျက် အခြားအခန်းတစ်ခု၌ စတည်းချသည်။ သည်လူစုထဲတွင် နွယ်မာထွန်းပါသည် ကို အသံအရ၊ ပြောစကားများအရ သိနေသည်။

ရှေ့ပိုင်းတွင် ရယ်စရာ မောစရာ ထွေရာလေးပါးပြောနေရာမှ တစ်ယောက်က ဖောက်ပေးသည်။

“ဘယ်လိုလဲဟေ့ နွယ်မာထွန်း၊ မင့်ဘူမိဗေဒအရာရှိ ပြန်သွားပြီ လား ”

သည်အခါ နွယ်မာထွန်း၏ ခါးသီးနာကြည်းသောအသံကို ကြားရသည်။

“အလကားလူပါရှင်၊ စိတ်မှန့်ရဲ့လားမသိဘူး။ သူနဲ့ချစ်ရတာ အေးတိအေးစက်နဲ့ စိတ်ပျက်စရာကြီး”

ကျွန်တော် သည်ဘက်ခန်းမှ ပြုံးနေမိသည်။ ။

မိုးဝေဂျာနယ်၊ ဇန်နဝါရီလ ၁၉၈၄။

နှင်းမြူဝေဆဲ လသာဆဲဝယ်

(တစ်)

မြို့မှ ထွက်ခွာသွားစဉ်ကလည်း ဘာမျှမဟုတ်။ မြို့သို့ပြန်ဝင်လာသောအခါတွင်လည်း မိမိကိုယ်မိမိ ဘာမျှမထင်။

သို့စင်လျက် ကျောင်းအုပ်ဆရာမကြီးက ညစာတည်ခင်းကျွေးမွေးသည်။ မြို့တွင် ရာထူးဌာနန္တရ ကြီးကြီး ရယူထားကြသည့် သူငယ်ချင်းများက ညှော်ဝတ်ပျူငှာရှိကြသည်ဆိုသောသတင်းကြောင့် ကြီးကျယ်နေသည်။ ထည်ဝါနေသည်။ ခမ်းနားနေသည်။

မြို့ကလည်း ခပ်သေးသေး၊ လူဦးရေကလည်း ခပ်နည်းနည်းမို့ အပ်ကျသည့်သတင်းကအစ လူတကာနားသို့ ပေါက်ကြားလွယ်သည်။ ညှော်စိမ်းတစ်ယောက်ရောက်လာပြီဆိုလျှင်လည်း သိသာပေါ်လွင်နေသည်။

ဤသည်မှာ ယခုမှမဟုတ်၊ ကျွန်တော်တို့မြို့တွင် ရှိစဉ်ကတည်းကဖြစ်သည်။

ဆယ်နှစ်ကျော်က အမူအကျင့်သည် ယခုတိုင် မပြောင်းလဲသေး ပါတကား။

ကျွန်တော် မြို့သို့ပြန်လာခြင်းမှာ ကြွားဝင့်ရန် မဟုတ်၊ ယူရန် မဟုတ်ပါ။

ကျွန်တော်၏ ဦးလေးတစ်ယောက်ဆုံးသည်၊ ဈာပနအခမ်းအနား ကို မမီလိုက်သော်လည်း ကျန်ရစ်သူ မုဆိုးမအဒေါ်အတွက် နှစ်သိမ့်စကားပြောရန် တာဝန်ရှိသည်ဟု ထင်သည်။ ထိုက်သင့်သလောက် ငွေကြေး ကူညီရန် သင့်သည်ဟုထင်သည်။

ထို့ကြောင့် မြို့သို့ ကျွန်တော်ပြန်ရောက်လာသည်။ ဆယ်နှစ် အတွင်း ပထမအကြိမ်အဖြစ်နှင့် ဖြစ်ပါသည်။

မြို့မှာ ကျွန်တော်၏ ဇာတိချက်မြှုပ်မဟုတ်ပါ။ မြို့တွင် ကျွန်တော် ၏ အဒေါ်မှတစ်ပါး အခြားသွေးရင်းသားရင်းများ မရှိကြတော့ပါ။ အဒေါ် ဆိုသည်ကပင် ဦးလေးဝမ်းကွဲနှင့်စပ်၍ တော်ရသော အဒေါ်ဝမ်းကွဲဖြစ်သည်။

သို့သော် မြို့မှာ ကျွန်တော် ခုနစ်နှစ်မျှ နားခိုဖူးပါသည်။ ဦးလေး ၏အိမ်မှာ ကျောင်းတက်ခဲ့ဖူးပါသည်။

ကျောင်းမှာရှိစဉ်ကလည်း ဘာမျှမဟုတ်။ ကျွန်တော်သည် ဆင်းရဲသားမိသားစုကို မှီခိုကာ ကျောင်းတက်ခဲ့ရသဖြင့် နွမ်းပါးသည်။ စာကို လည်း အသင့်အတင့်သာ လိုက်နိုင်သည်။ ထို့ကြောင့် ထင်ပေါ်သော ကျောင်းသားတစ်ယောက် မဟုတ်ခဲ့။

တစ်ခုပဲရှိသည်။

ကျောင်းတွင်နေစဉ်ကပင် ကျွန်တော်၏ စာတိုပေစတို့သည် မဂ္ဂဇင်း၊ ဂျာနယ်အချို့၌ ကြိုးကြားပါဝင်နေခဲ့သည်။ နံရံကပ်စာစောင်၏ စာတည်းဖြစ်သည်။ စာကြည့်တိုက်မှူးဖြစ်သည်။

သည်မျှသာပါပဲ။

ထို့နောက် ဆယ်တန်းအောင်ကာ ကျောင်းမှထွက်သည်။

တက္ကသိုလ်တွင် လအနည်းငယ်ကျင်လည်ပြီးနောက် မျက်စိလည် လမ်းမှားကာ စာပေနယ်သို့ ရောက်သွားပါသည်။ ကဗျာ၊ ဝတ္ထုရေးသားပါသည်။

"ပုညဦး"ဆိုသောအမည်မှာ စာပေနယ်၌ အလတ်တန်းစားမျှသာ ရှိသော ကလောင်အမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မြို့သို့ရောက်လာသောအခါ ကြီးကျယ်စရာ ဘာမျှမရှိ။ မိမိကိုယ်မိမိ ကြီးကျယ်စရာဟု မထင်။ သည်အကြားက ကြီးကျယ်နေခြင်းဖြစ်သည်။

အဒေါ်က ပြောသည်။

"ငါတော့ ဒီလောက်တောင်မထင်ပါဘူး ပုညရယ်။ နင့်ဦးလေး အသုဘ စည်လိုက်တာမပြောပါနဲ့တော့။ နောက်မှ နင့်မျက်နှာကြောင့် သိရတော့တာပဲ။ တီချာကြီးလည်း လိုက်ပို့တယ်။ ကုန်သွယ်ရေး ၁ က မန်နေဂျာကိုမြင့်ဟန်တို့၊ စခန်းမှူးကိုထွန်းဝေတို့၊ လမ်းဗိုလ်ကြီးဦးဦးခင် တို့ လိုက်ပို့တယ်ဆိုတော့လည်း ဒီအသုဘက မစည်ဘဲဘယ်ရှိတော့မလဲ လေ "

တီချာကြီးဆိုသည်မှာ မြို့မှာ သမာဓိအရှည်ကြာဆုံး ကျောင်းအုပ် ဆရာမကြီးကို ရည်ညွှန်းခြင်းဖြစ်သည်။ အငြိမ်းစားယူခဲ့သည်မှာ လပိုင်း မျှသာရှိသေးသည်။ နှစ်နှစ်ဆယ်ကျော် ကျောင်းအုပ်လုပ်လာသဖြင့် မြို့ မှာ သူမ၏တပည့်တပန်းမဖြစ်ခဲ့သူ မရှိသလောက်ဖြစ်သည်။

မန်နေဂျာကိုမြင့်ဟန်။ စခန်းမှူးထွန်းဝေ၊ ဆောက်လုပ်ရေးအင်ဂျင် နီယာ ဦးခင်တို့မှာ ကျွန်တော်နှင့် တစ်နှစ်တည်းသမားများဖြစ်ကြသည်။ မက်ထရစ်ဆိုသော တံတိုင်းကြီးကို ကျော်ပြီးမှ အသီးသီး အသက အသက ကွဲကွာသွားကြခြင်းဖြစ်သည်။

မြို့မှာဆိုလျှင်တော့ သူတို့အတိုင်းအတာနှင့်သူ ကြီးကျယ်နေကြ မည်သာ ဖြစ်သည်။

"တီချာကြီးက မင်းရောက်မလာတာကို အပြစ်တင်နေသေးတယ်"

"စာပေဟောပြောပွဲအတွက် နယ်ကိုရောက်နေလို့ပါ။ သတင်းကြား ကြားချင်း ကျွန်တော်ရောက်လာတာပဲ"

"ငါလည်း ဒီလိုပဲထင်ပါတယ်၊ မင်းတီချာကြီးကို သွားတွေ့ လိုက်ဦး"

ဆရာမကြီးနှင့် တွေ့ ရသောအခါ ငယ်ငယ်က ခံစားမှုအတိုင်းပင် ဖြစ်သည်။ ချစ်ကြောက်ရိုသေဆိုသလိုပင်ဖြစ်သည်။ ကျွန်တော် အထီး တည်း မသွားရဲ။ အဖော်အဖြစ် မြင့်ဟန်တို့၊ ထွန်းဝေတို့၊ ဦးခင်တို့ကိုပါ ခေါ်ရသည်။

ဆရာမကြီးက အစီအစဉ် ချက်ချင်းလုပ်ကာ ကျွန်တော်တို့ကို ညစာကျွေးသည်။

ကျွန်တော်တို့နှင့် ဗုဒ္ဓစာပေအကြောင်း ဆွေးနွေးသည်။ ဆွေးနွေးသည်ဆိုရာ၌ ဆရာမကြီးက ပြောခြင်းသာဖြစ်ပြီး ကျွန်တော်တို့မှာ နား

ထောင်ရုံသက်သက်။

လိုအပ်သောစာအုပ်များကို ရှာဖွေပေးရန် ကျွန်တော့်ကို ခိုင်းသည်။ ကျွန်တော် ကတိပြုရသည်။

ဆရာမကြီးအိမ်မှ ထွက်ခွာတော့ ည ကိုးနာရီ။

ဆရာမကြီးသည် ခြံတံခါးပေါက်သို့ အရောက်လိုက်ပို့ရင်း ..

"ဟော့ကောင် ပုည၊ မင်းစာကလေး ပေကလေး အေးအေးဆေးဆေး ရေးချင်ရင် တီချာ့ဆီမှာ တစ်လတန်သည် နှစ်လတန်သည် လာရေး။ မြင်တဲ့အတိုင်းပဲ။ ငါ့ခြံက တိတ်ဆိတ်တယ်၊ အေးချမ်းတယ်။ စားရေးသောက်ရေး ငါအကုန်တာဝန်ယူတယ်"

"ဟုတ်ကဲ့ပါ တီချာ"

ဝန်ခံလိုက်ရသော်လည်း ဘယ်အခါမှာမှ ရေးဖြစ်မည်မဟုတ်သည် ကို ကျွန်တော်အသိ။

ကြောက်ရမည့်သူတစ်ယောက်၏ မျက်မှောက်တွင် ကျွန်တော်၏ လူငယ်အကြိုက်၊ နှုတ်ခမ်းနီအကြိုက်။ ဗုံမဟုတ် ပတ်မဟုတ် စာတွေကို ဘယ်လိုရေးနိုင်မှာလေလဲ။

"ငါကတော့ ကျောင်းကိုရောက်လာသမျှ ဆရာ၊ ဆရာမအသစ်တွေ ကို ပုညဦးဆိုတာ ငါ့ကျောင်းကထွက်သွားတာ၊ ငါ့တပည့်လို့ အမြဲတမ်း ကြွားနေရတာဟေ့"

ထွက်ခွာခါနီး နောက်ဆုံးကြားရသောစကား။

မျက်နှာမှာ ပူရှိန်းလာသည်။

"တီချာကြီး ကြွားတယ်ဆိုရင်လည်း ကြွားချင်စရာပဲ၊ တို့ကျောင်း တို့တက်ချ်မှာတော့ ထွန်းထွန်းပေါက်ပေါက်ဆိုလို့ မင်းတစ်ယောက် ပဲ ရှိတာကလား"

ထွန်းဝေက ဝင်ပြောသည်။

"သွားစမ်းပါကွာ၊ အချင်းချင်းတွေ လုပ်မနေစမ်းပါနဲ့"

အဲသည်ညက ကျွန်တော်တို့ အရက်မသောက်ဖြစ်တော့ပါ။ မူလက စီစဉ်ထားသော ဦးခင်အိမ်မှာ ဝီစကီပုလင်းများကို အသိမ်းခိုင်းလိုက်ရသည်။ ထမင်းတဝစားပြီးပြီမို့ သောက်ချင်စိတ်မရှိ။ အိပ်ရာသို့ စော၍ ဝင်ဖြစ်သည်။

ဆရာမကြီး၏ ကျေးဇူးဟုပင် ဆိုရပါလိမ့်မည်။

(နှစ်)

သတင်းကို စဖြန့်သူမှာ ရီရီထွေးဟု နောက်တော့သိရသည်။ ရီရီထွေးသည် အထက်တန်းပြဆရာမဖြစ်သည်။ ကျွန်တော်တို့ နေခဲ့သော ကျောင်းမှာပင်ဖြစ်သည်။ သူမက မြိတ်ဘက်မှ ပြောင်းလာသူ ဖြစ်သည်။ လောလောဆယ်တွင် ဆရာမကြီးအိမ်မှာပင်နေသည်။

ကျွန်တော်တို့အား ဆရာမကြီးက ညစာစားရန် ဖိတ်ပြီး ချက်ကြွေ

ပြုံတက်ကြသည့်အထဲတွင် သူမ ပါသည်။ အသားဖြူဖြူ ခပ်ချောချော မိန်းကလေးတစ်ဦးနှင့် သူမ၏လက်ရာဟုဆိုသော ပုစွန်ငါးပိ၊ ငါးပိ ထောင်း စပ်ရှိန်းရှိန်းကို သတိအထားမိသား။ အစကတော့ ဆရာမကြီး၏ ဆွေမျိုးသားချင်းထဲက ကျောင်းသူတစ်ဦးဦးဖြစ်မည်ဟုသာ ထင်သည်။

နောက်တစ်နေ့ ကျွန်တော် ကျောင်းမှ ငယ်ဆရာများကို သွား ရောက်နှုတ်ဆက်သောအခါ ကျောင်းမှာ ရီရီထွေးရှိနေသည်။ သူမ၏ လက်ထောက်ချမှုကြောင့် ဆရာ၊ ဆရာမကလေးတွေ၏အကြည့်ရဲရဲစူးစူး ကို ထိတွေ့ ခံစားရသည်။ ကျောင်းသူကျောင်းသားများက အခန်းပြတင်းဝမှာ ပြုံတစ်ပြုံတစ်နှင့်။

နောက်တော့ ကျောင်းအုပ်ဆရာကြီးအသစ်က ရုံးခန်းသို့ဖိတ်ကာ လက်ဖက်ရည်တိုက်သည်။

ဆရာကြီးက အသက်ငယ်ငယ်ပင်ရှိသေးသည်။ ကျွန်တော်နှင့် မတိမ်းမယိမ်း။

“ဆရာ ဒီကျောင်းမှာနေဖူးတယ်ဆိုတာ ကျွန်တော် ကျောင်းအုပ်အဖြစ် ဝင်ဝင်ချင်းမှာပဲ သိခဲ့ရပါတယ်။ ဆရာနေဖူးတဲ့ကျောင်းမှာ အလုပ် ဝင်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်ဆရာ”

စာပေသမားဖြစ်သော ဆရာကြီးကိုယ်တိုင်က လေးလေးစားစား ဆိုလာသည်။ သည်တော့မှ မိမိကိုယ်မိမိ ကြီးကျယ်နေကြောင်း သိရသည်။

ဟာ ဆယ်နှစ်အထက်ကျော်က ပုညဦးမဟုတ်တော့ပါလား။ သို့သော်လည်း ထိုအဖြစ်ကပင် လူကို အနေကျုံ့စေသည်။ လွတ် လပ်မှုကို ထိပါးစေသည်။

ကျွန်တော်ဆိုသည်ကလည်း မြို့သို့ပြန်ရောက်လာခဲ့ပြီဆိုသော အခါ ငယ်ကပေါင်းခဲ့သော သူငယ်ချင်းများနှင့် ပြန်၍ဆုံရပြီဆိုသောအခါ ငယ်ခြေကလေးတွေ ပြန်ပေါ်လာချင်သည်။

မြို့၏ အနောက်ဘက်တွင် တပင်ရွှေထီးထန်းတောဟုခေါ်သော ထန်းတောရှိသည်။ တပင်ရွှေထီးမင်းတရားကြီး သောက်သုံးခဲ့သည့် ထန်း တောဟု အဆိုရှိသည်။ ဟုတ် မဟုတ် မသိပါ။

တပင်ရွှေထီးထန်းတောသို့ အလွမ်းပြေသွားချင်သည်။ ခေါင်း ပေါင်းဖြူ ဖော့လုံးနှင့် နန်းသုံးတော်ဝင်ထန်းရည် သောက်သုံးချင်သည်။ ပြီးလျှင် နန်းတော်ရှေ့ ဆရာတင်၏ သီချင်းများ ဆိုချင်၊ ကချင်သည်။ သည်ငယ်ကျင့်တွေကို မိမိကိုယ်မိမိ ကြီးကျယ်နေသည်ဟု ထင်ရသော ကာလ၌ နှမြောစွာစွန့်လွှတ်လိုက်ရသည်။

ရန်ကုန်စာပေအသိုင်းအဝိုင်းမှာ ဘာမျှမဟုတ်သောပုညဦး။

လွယ်အိတ်တစ်လုံး၊ ထီးတစ်စင်းဖြင့် တချောင်းချောင်း တကုတ် ကုတ် လမ်းလျှောက်နေသော ပုညဦး။

သည်မှာကတော့ တစ်မြို့လုံးက ဂုဏ်ယူဝင့်ကြွားနေသည့် နိုင်ငံ ကျော် စာရေးဆရာ အဓိပတိ။

(သုံး)

ဈေးသို့မူ မရောက် ရောက်အောင် သွားရသည်။ ဈေးသို့သွားမိခြင်းအတွက်လည်း ကြည်မာသွယ်နှင့် ပြန်တွေ့ရ အောင် ဖန်တီးမိသလို ရှိခဲ့ရသည်။

အခင်မင်ဆုံးသူငယ်ချင်း စမ်းထွေးသီက ဈေးမှာ အထည်ဆိုင် ထွက်နေသည်။

ထွန်းဝေ၏ဇနီး နန်းဝေ ဈေးရောက်တော့ စမ်းထွေးသီအား ကျွန်တော်ရောက်နေကြောင်း ပြောပြသည်။ သူမအားလာတွေ့ ဖို့ စမ်းထွေးသီ က မှာသည်ဟုဆိုသည်။

ကျောင်းမှာ နံရံကပ်စာစောင်လုပ်တော့ လင်းလက်တောက်ပပြီး အလားအလာရှိသည့် ကလောင်တစ်ချောင်းကို ကျွန်တော်တို့ ရှာတွေ့ ခဲ့သည်။ စမ်းထွေးသီဖြစ်သည်။ ကဗျာ အရေးကောင်းသည်၊ ဝတ္ထုအရေး ကောင်းသည်။

ဂျာနယ်၊ မဂ္ဂဇင်းများသို့ ကဗျာများ၊ ဝတ္ထုများ ရေးပို့ရန် ကျွန်တော် တိုက်တွန်းခဲ့သည်။ သို့သော် ဆယ်တန်းကျသည့်နှစ်မှာပဲ အဒေါ်က ယောကျ်ားပေးစားလိုက်သည်။ စမ်းထွေးသီသည် အိမ်ထောင်ရှင်ဘဝနှင့် မှေးမှိန်သွားခဲ့ရသည်။

"ခမျာလည်း မုဆိုးမဖြစ်နေတယ်။ ကိုယ့်ဝမ်းကိုယ် ကျောင်းနေရရှာ တယ်။ သွားတွေ့ပြီး အားပေးစကားပြောဖို့ကောင်းတယ် အစ်ကိုပုညရယ်" နန်းဝေ၏ တိုက်တွန်းမှုကြောင့်လည်း စမ်းထွေးသီထံ ရောက်ဖြစ်သည်။

ဈေးစည်စ နံနက်ပိုင်းတွင်ပင် ဖြစ်ပါသည်။

သည်နေရာသို့လာလျှင် သည်အဖြစ်နှင့် တိုးရမည်ကို မျှော်လင့် ပြီးသားဖြစ်သည်။

စမ်းထွေးသီးကလည်း ငယ်ကျင့်မပျောက်နိုင်သေး။

လူချင်းတွေ့ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဈေးဆိုင်ပေါ်က ခုန်ဆင်းသည်။ ဖက်လှဲတကင်း တရင်းတနှီး နှုတ်ဆက်သည်သာမကသေး ဒါ ငါ့သူငယ်ချင်း နာမည်ကျော်စာရေးဆရာလေးဘာလေး စသည်ဖြင့် ဆိုင် နီးနားချင်းများသာမက ဈေးဝယ်သူတွေပါ ခြေလှမ်းတုံ့အောင် အော်ကြီး ဟစ်ကျယ် ကြေညာလိုက်လေတော့သည်။

"တိုးတိုးပြောစမ်းပါဟာ"

ကျွန်တော် ကန့်ကွက်စကားဆိုရသည်။

"မတိုးနိုင်ဘူး တော်ရေ့၊ ဖြစ်နိုင်ရင် တစ်ဈေးလုံးကြားအောင် အော်ပြီးကြားလိုက်ချင်တာ"

"နင်အခု အော်ပြောနေတာကိုက တစ်မြို့လုံးကြားရလောက်နေပြီ"

သူငယ်ချင်းအချင်းချင်း နင်တစ်လုံး ငါတစ်လုံး ပြောနေရသည်ကို က လျာအရသာတွေ့ နေမိသည်။

သည့်အတွင်းမှာပင် ရင်းနှီးသိကျွမ်းသော မျက်ဝန်းတစ်စုံကို လူအုပ်ကြားမှာ တွေ့ ရသည်။

ပြာရည်လဲ့ရွှန်းသော မျက်ဝန်းတစ်စုံ။

ရှည်လျားကော့သွယ်သော မျက်တောင်များ ဝန်းစက်ရာအလယ် မှ မျက်နှာကို စူးစိုက်ကြည့်လိုက်မိသည်။

ဖွေးနုသော အသားပေါ်မှာ ဆေးရေးထားသလို ထင်းနေသောမျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းဖူးလွှလွှကလေးများ။

"ကြည်မာ"

စကားလုံးသည် လည်ချောင်းကို တိုးဝှေ့သွားသည်။

မျက်ဝန်းအစုံသည် ပိုမိုရွှန်းလက်လာသည်။

"ကြည်မာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ကိုဦး၊ မှတ်မိသားပဲ။ တို့က ကိုဦး မမှတ်မိဘူးဆို ရင် နှုတ်မဆက်တော့ဘူးလို့"

"ဩော် ကြည်မာရယ်"

လူအုပ်အကြားမှ တိုးထွက်လာသည်။

"ကြည်မာသွယ်က နင်လာမယ်ဆိုတာ သိကတည်းက ဆိုင်မှာ လာစောင့်နေတာ"

စမ်းထွေးသီက ဆိုသည်။ တစ်ဆက်တည်းမှာလည်း "ကဲ ပုည သူငယ်ချင်းတွေဆုံတုန်း မုန့်ဟင်းခါးသုပ်စားရအောင် ငါက ကျွေးမှာပါ "

ဈေးအလယ်ကောင်မှာပင် ဖြစ်ပါသည်။ လူတွေ အများအပြားကြား မှာပင်ဖြစ်သည်။

စမ်းထွေးသီ၏ဆိုင်မှာပင် ငယ်စဉ်က ကျွန်တော်ကြိုက်ခဲ့သည့် ဒေါ်ဖော့မုန့်ဟင်းခါးသုပ် မှာစားကြသည်။ ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ခဲ့ကြသည်။

"ကိုဦး တို့အိမ်ကို လာမလည်တော့ဘူးလားဟင်"

ကြည်မာသွယ်၏အမေး။

"လာလည်ချင်တာပေါ့"

"ဘယ်သူကမှ လာမလည်ရဘူး မတားပါဘူးနော်။ ကိုတွတ်က လည်း ကိုဦးကို တွေ့ ချင်နေတာပါ"

"ကိုယ်လည်း ကိုတွတ်နဲ့တွေ့ ချင်ပါတယ်"

ကိုတွတ်မှာ ကြည်မာသွယ်၏ခင်ပွန်းဖြစ်သည်။ ကျွန်တော်၏ အစ်ကိုရင်းချာသဖွယ် ခင်မင်ရသော သူငယ်ချင်းပင်ဖြစ်သည်။

"ညနေ လာပါလား၊ ကိုတွတ်ကလည်း သောက်တတ်နေပါပြီ။ တို့ အမြည်းကောင်းကောင်း လုပ်ထားပေးမယ်လေ"

"ညနေမှာ ထွန်းဝေတို့နဲ့ချိန်းထားတာရှိတယ်"

"ပြီးရင်လာခဲ့ပေါ့၊ အိမ်မှာ အစာပိတ်သောက်ပေါ့။ ညစာလည်း အိမ်မှာပဲစားနော်။ တစ်ခါတလေ ကိုတွတ်တို့ တစ်ညလုံး စကားတပြော ပြောနဲ့ မိုးလင်းအထိ သောက်ကြတာပါပဲ"

"ကောင်းပြီလေ၊ ကိုယ်လာခဲ့ပါ့မယ်"

ကျွန်တော် ကတိပေးလိုက်သည်။

"အရက်တွေ သိပ်မသောက်ပါနဲ့ဟယ်၊ ငါ့ယောကျ်ားလို သေချင်း ဆိုးနဲ့ သေမှာစိုးလို့ပါ"

စမ်းထွေးသီ၏စကားကြောင့် ရယ်ရသေးသည်။

(လေး)

ညသည် ရက်ရက်စက်စက် လှနေသည်။ဆောင်းအစ ညတစ်ညပင်ဖြစ်သည်။ နှင်းမြူတို့လည်း ကျစပြုပြီ လဝန်းသည် တြိဂံ ဦးချွန်ရှိသော ထင်းရှူးပင်ရိပ်မှာ ချိတ်တွဲနေ သလို ဖြစ်သည်။ ကွင်းအစပ်မှ တောအရေမှာ လရောင်ဆမ်းထားသော ကြောင့် စိမ်းမြနေသည်။ သစ်ပင်များ၏အခြေမှာ နှင်းမြူ အငွေ့တန်းကို တွေ့ ရသည်။

ရှေ့မှာ ကုန်းမြင့်ဆင်ခြေလျှော။တောင်ခါးပန်းတစ်နေရာမှာ ရေနံ့ဝနေသော အိမ်မည်းမည်းကြီး ရှိသည်။ ပြတင်းပေါက် မီးရောင်များကြောင့် နှစ်ထပ်အိမ်တစ်လုံးဖြစ် ကြောင်း သိသာသည်။ အခြားဝေးလံသောနေရာတွင်လည်း အိမ်တစ်လုံးစ နှစ်လုံးစ တွေ့ရသည်။

ခေါင်မိုးသွပ်ဖြူဖြူများပေါ်မှာ လရောင်ထင်ဟပ်ကျဆင်းနေသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း အပြည့်အဝရှိသော လှုကုံထံရပ်ကွက်။ ဆက်သွယ်ထားသော မြေနီလမ်းကလေးများမှာ လရောင်အောက် တွင် ကောက်ကွေးတွန့်လိမ်နေသည်။

ကျွန်တော်သည် ဆယ်နှစ်အထက်ကျော်ကာလကို ပြန်လည်တမ်း တနေမိသည်။

သည်စဉ်ကလည်း ယခုလို မြူနှင်းဝေဆောင်းညများတွင် သည် ရပ်ကွက်၏အလှကို ခံစားထိတွေ့ခဲ့ဖူးသည်။

မှတ်မှတ်ရရပြောရလျှင် ဒီဇင်ဘာလ ၂၄ ရက် ခရစ္စမတ် အကြို ညလေးတစ်ည။ကျွန်တော်သည် မိတ်ဆွေသစ်များ၏ ဖိတ်ခေါ်သြဝတ်ပြုမှုကို ခံယူပြီး သည်လမ်းကလေးမှ ကျေနပ်စွာပြန်လာခဲ့ဖူးသည်။မိတ်ဆွေသစ်များမှာ ကိုတာ၊ ကိုတွတ်၊ ကိုတူးဆိုသော ညီအစ်ကို သုံးယောက်ဖြစ်သည်။ သူတို့၏ဖခင်မှာ မကြာမီကမှ အငြိမ်းစားယူခဲ့သော ခရိုင်ဝန်ဖြစ်သည်။

မြို့တွင် သရဲခြောက်သည်ဟု နာမည်ကြီးသောအိမ်ကြီးတစ်အိမ် ကို ဝယ်ယူလိုက်သဖြင့် သူတို့မိသားစုသတင်းမှာ နေ့ချင်းညချင်း ကျော် စောသွားသည်။

တစ်ချိန်က သစ်တောဘက်မှ အရာရှိတစ်ဦးသည် တိတ်ဆိတ်ငြိမ် သက်သော မြို့စွန်တွင် သစ်သားနှစ်ထပ်အိမ်ကြီးတစ်ဆောင်ကို စိတ်တိုင်း ကျ

ဆောက်လုပ်ခဲ့သည်။ ပန်းဆွဲတွေ၊ စိန်တောင်တွေ ပါသောကြောင့် အိမ်ကြီးတစ်အိမ်ထက် ဇရပ်ကြီးတစ်ဆောင်နှင့် တူနေသည်။

အိမ်ဆောက်ပြီး များမကြာမီမှာပင် ယင်းအရာရှိသည် မိန်းကလေး တစ်ဦးနှင့် လက်ထပ်ကာ ပြောင်းရွှေ့နေထိုင်သည်။ လများမကြာမီမှာပင် အရာရှိ ခရီးထွက်နေစဉ် အိမ်မှာ ဓားပြတိုက်ခံရသည်။ အရာရှိ၏ဇနီး အသစ်စက်စက်မှာ အသတ်ခံလိုက်ရသည်။ အရာရှိလည်း စိတ်နာကာ အိမ်ကို သော့ခတ်လျက်ထွက်သွားခဲ့သည်။ သည်ကစ၍ လူမနေဘဲ အိမ်မှာ တစ္ဆေခြောက်သည်ဟု ကျော်စောခဲ့သည်။

ကျွန်တော်တို့ ကလေးဘဝက အိမ်ရှေ့ဖြတ်၍ မလျှောက်ရဲ။ လျှောက်ရပြီဆိုလျှင်လည်း ရတတ်သမျှ ဂါထာမန္တန်များ ရွတ်ကာ သုတ် ခြေတင်ရမြဲပင်။ယခု အငြိမ်းစားခရိုင်ဝန်က ယင်းအိမ်ကြီးကို ဝယ်ယူသည်။ ပြန် လည်ပြုပြင်ဆင်ပြီး နေထိုင်သည်။

ကိုတာ၊ ကိုတွတ်၊ ကိုတူးတို့ ညီအစ်ကိုမှာ ကျွန်တော်တို့ကျောင်း သို့ ရောက်လာသည်။ ကျွန်တော်နှင့် အခင်မင်အရင်းနှီးဆုံး သူငယ်ချင်းများဖြစ်လာသည်။ ကျောင်း၌ သီးခြားနာမည်များ ရှိသည်။ သို့သော် အိမ်ကခေါ်သလို သူတို့ငယ်နာမည်များသာ ကျောင်းတွင် တွင်သည်။

သူတို့နှင့်ပတ်သက်၍ သူတို့အိမ်သို့ ရောက်ရသည်။ တစ္ဆေခြောက် သည်ဟု သတင်းကြီးသော သူတို့အိမ်မှာ ကျွန်တော်၏ စားအိမ်သောက် အိမ်။ စာမေးပွဲရာသီ၌ ထိုအိမ်မှာပင် စာကျက်နေကျ။ သည်မှာ ကြည်မာသွယ်အကြောင်း ပြောရဦးမည်။ စင်စစ် ကျွန်တော့်နာမည်မှာ ပုည။ ကိုတွတ်၊ ကိုတာ၊ ကိုတူးတို့နှင့် ရင်းနှီးပြီး ကြည်မာသွယ်ပါ ပါလာသောအခါ အားလုံးက ကျွန်တော့်ကို ကိုဦးဟု အမည်သညာပေးခဲ့သည်။ ကျွန်တော် စာရေးသောအခါ ထိုဦး ကို ကလောင်အမည်၌ တိုးဖြည့်ခဲ့သည်။

ကြည်မာသွယ်သည် ကိုတွတ်တို့ခြံနှင့် ကပ်လျက်ခြံမှာနေသည်။ ခရစ္စမတ်အကြိုညမှာ ကိုတွတ်၏ မိတ်ဆက်ပေးမှုဖြင့် ကျွန်တော် နှင့် ခင်မင်ရင်းနှီးလာသည်။ သူမသည် ကျွန်တော်တို့နှင့် အတန်းတူသော် လည်း ကျောင်းနေဖက်ကား မဟုတ်ပါ။ မြို့တွင်ရှိသော အထက်တန်းကျောင်း နှစ်ကျောင်းအနက်မှ အခြားကျောင်းတွင် သူမ နေသည်။ ကိုတွတ်တို့နည်းတူ ကြည်မာသွယ်ကို ကျွန်တော်ခင်သည်။ သူမ ကလည်း ခင်မင်ခဲ့သည်။ တက္ကသိုလ်နေ့ရက်များတုန်းက သူမသည် ကျွန်တော်၏ ညှဉ်းဖတ် ဖြစ်ခဲ့သည်။ ငွေပြတ်လပ်သောကာလ၌ သူမ၏မုန့်ဖိုးကို ကျွန်တော် ဝေမျှ ယူခဲ့ဖူးသည်။

ကျွန်တော် စာမူခကလေးဘာလေးရသောအခါ စားသောက်ဆိုင် သို့ သူမကိုခေါ်သွားဖူးသည်။ ရုပ်ရှင်ပြဖူးသည်။ ကျောင်းပြီးသောအခါ သူမမြို့ သို့ ပြန်သည်။ ကျွန်တော့်ထံ စာ အစောင်စောင်ရေးဖူးသည်။ စာတစ်စောင်မှ မပြန်ဖြစ်။ နောက်ဆုံး သူမရေးခဲ့သောစာကလေးကို အမှတ်ရမိပါသေးသည်။

ကိုဦး
သိပ်ရက်စက်တာပဲကွယ်။
တို့စာရေးတာ ဆယ်စောင်ရှိပြီ။
ဒါ နောက်ဆုံးရေးတာပဲ။
ဒီစာကိုမပြန်ရင် နောက် ဘယ်တော့မှ
စာမရေးတော့ဘူး။
အနှိပ်စက်ခံ
ကြည်မာ

သည်မျှ အရေးကြီးသောစာကိုပင် ကျွန်တော် မပြန်ဖြစ်။ ထို့နောက် ကြည်မာသွယ့်ထံမှ စာကိုမရတော့ပါ။ တစ်နှစ်ခွဲလောက်အကြာတွင် သူမနှင့် ကိုတွတ်တို့ လက်ထပ်သည့် သတင်းကို ကျွန်တော်ကြားရသည်။

ယခုတော့လည်း အရာရာသည် ဝေးလံကွာလှမ်းနေခဲ့ပါပြီ။ မှုန်ဝါးလွင့်ပြယ်နေခဲ့ပါပြီ။

သို့ပေမယ့် ကြည်မာသွယ်၏ ဖိတ်ခေါ်မှုကို မငြင်းပယ်ချင်။

ကိုတွတ်နှင့်လည်း ဆုံဆည်းချင်သည်။

ကိုတွတ်က ခင်မင်ချင်စရာကောင်းသည်။

သူ့တွင် မာနမရှိ၊ ရည်မှန်းချက် ကြီးကြီးမားမားလည်း မရှိ။ အပူအပင် အကြောင့်အကြလည်း မရှိခဲ့သူမို့ ဘဝဆိုသည်မှာ ပျော်စရာချည်းသာဖြစ်သည်ဟု အထင်ရှိသည်။

ကျောင်းနေချိန် နေသည်။ အလုပ်လုပ်ချိန် လုပ်သည်။ လက်ထပ်ချိန် လက်ထပ်သည်။ ပင်စင်ယူချိန် ယူမည်။ သေချိန်တန် သေမည်။ ဒါပါပဲ။ သူ လူ့ဘဝထဲသို့ ရောက်လာသည်မှာ သည်အတွက် ကြောင့်သာဖြစ်သည်။ တခြားဘာအတွက်မှမဟုတ်။

တစ်ခါတလေတော့လည်း သူ့လို “ပျော်သလိုသာနေ ကိုယ့်လူရေ” ဆိုသောဘဝမျိုးကို အတောင့်တမိသား။

ကျွန်တော်သည် လိုက်ပို့ပေးသော ထွန်းဝေ၏ကားကို သည်ရပ်ကွက်အစပ်မှာပင် ပြန်လွှတ်လိုက်ပါသည်။ အကြောင်းမှု ငယ်စဉ်က ည ကလေးများကို အမှတ်ရမိသောကြောင့် ဖြစ်သည်။ လရောင်ကို ခံစားချင်၍ဖြစ်သည်။ နှင်းမြူကို ခံစားချင်၍ဖြစ်သည်။

“ကျွန်တော် ဘယ်အချိန်လာကြိုရမလဲ ဆရာ”

ဒရိုင်ဘာက မေးခဲ့ပါသေးသည်။

“နောက်နှစ်နာရီလောက် ကြာရင် လာခေါ်ပေါ့ဗျာ”

စင်စစ် ထွန်းဝေတို့ ဦးခင်တို့ပါ လိုက်ဖို့ဖြစ်သည်။ ထွန်းဝေက အရေးပေါ်မှုခင်းတစ်ခုကြောင့် မလိုက်နိုင်။ ဦးခင်ကတော့ ဇနီး တတိယ ကလေး မီးဖွားနေ၍။

စောစောပိုင်းက ကျွန်တော်တို့ အတော်ပင်သောက်ဖြစ်ထားသည်။ ယမန်နေ့ညက မဖွင့်ခဲ့ရသည့် ဝီစကီအပါအဝင် နောက်ထပ်ရမ်တစ်လုံး။ ခေါင်းမှာ မူးရိပ်မူးရီရှိနေသော်လည်း လေအေးကြောင့် အာရုံမှာ လန်းဆန်းလာသည်ထင်သည်။ ပြင်ပလေနှင့် ထိတွေ့ရသောကြောင့် ခေါင်းမှာ ကြည်လင်စပြုလာသည်။

ရက်ရက်စက်စက် လှသော ညကြောင့် လမ်းလျှောက်လာရသည် ကိုလည်း ကျေနပ်မိသည်လေ။လမ်းမှာ ယာဉ်အသွားအလာမရှိ။ လူအသွားအလာမရှိ။ ပကတိ ကျွန်တော် အထီးတည်း။ကျွန်တော်သည် ဆင်ခြေလျှောဖြစ်နေသော တောင်နှာမောင်း၏ လမ်းအတိုင်း ဆက်လက်တက်ရောက်လာသည်။ ထိုနေရာမှာ ငယ်စဉ်က ဆိုလျှင် အပေါ်မှ စက်ဘီးဖြင့် လျှော့ချ၍အကောင်းဆုံးနေရာဖြစ်သည်။ အဲ .. အတက်တွင်မူ စက်ဘီးပေါ်မှဆင်းပြီး ချွေးပြန်အောင်တွန်းတက်ရလေ့ရှိသည်။ တော်ရုံတန်ရုံကားပင် ထိုအတက်ကို မတက်နိုင်။ ဂီယာ အကြီးသုံးပြီး အားကုန်တက်ရလေ့ရှိသည့်အတက်။

ခြံပေါက်ဝသို့ရောက်သောအခါ ကျွန်တော် အနည်းငယ်မော နေသည်။ အေးစိမ့်နေသည့်အကြားမှ ချွေးပြန်ချင်နေသည်။ ထူးခြားသလိုတော့ရှိသည်။

ခြံတံခါးပေါက်မှာ အသင့်ဖွင့်ထားသည်။ အိမ်ဆီသို့လှမ်းကြည့်သောအခါ ဧည့်ခန်းတွင် မီးရောင်ဖြာဝေစွာ တွေ့ရသည်။ အပေါ်ထပ်မှာ မူ အိပ်ခန်းတစ်ခန်းတွင်သာ မီးအလင်းရောင်ရှိသည်။အိမ်တွင် လူရိပ်လူရောင်မတွေ့ရ။သည်အိမ်မှာ ကိုတွတ်နှင့် ကြည်မာသွယ် နှစ်ယောက်တည်းရှိနေ သည်ဆိုသော သတင်းစကားကို စောစောပိုင်း ဝိုင်းကကြားခဲ့ရသည်။ အခြားသူတို့ အသီးသီးအသကအသက အိမ်မှထွက်ခွာသွားကြပေပြီ။ မိဘများ ဆုံးပါးပြီးနောက် အမွေဆိုင်အိမ်ဖြစ်နေသည်။ မကြာမီ ရောင်းချ၍ အမွေခံရန် စီစဉ်ပြီးဖြစ်သည်ဟု ဦးခင်က ပြောသည်။

“ခက်တာက အိမ်ကြီးက တစ္ဆေခြောက်တယ်ဆိုပြီး ဘယ်သူမှ မဝယ်ရဲတာပဲကွ” “အလကားပါကွာ၊ တို့များလည်း အဲဒီမှာ နှစ်အကြာကြီး ကိုတွတ်နဲ့အတူအိပ်၊ အတူစားနေလာတာပဲ။ တစ်ခါမှ တစ္ဆေအကြောင်း မကြားဖူးပါဘူး”ထွန်းဝေက ဝင်၍ကန့်ကွက်သည်။

ဆင်ဝင်နှင့်နီးလာသောအခါ ကရမက်ပန်းရနံ့ရသည်။ ဆင်ဝင် တွင် ကြိုက်တူရွေးတန်းများရိုက်ပြီး ကရမက်ချုံ တင်ထားသည်။ အေးမြသောဆောင်းကာလတွင် ကရမက်ပန်းတို့ ပွင့်လန်းမွှေးမြံ။ ဆင်ဝင်မှာ မီးထွန်းမထားပါ။အရိပ်ကျပြီး မှောင်နေသည်။ ထို့ကြောင့် ကျွန်တော် တံခါးပေါက်သို့ စမ်း၍သွားရသည်။ကြီးမားသော ကျွန်းသားတံခါးကြီးများတွင် ကြေးလက်ကိုင်ကွင်းများ ရှိနေသည်ကို ကျွန်တော် အမှတ်ရသည်။ ဘီလူးခေါင်းပုံဖြစ်သည်။ ကြေးလက်ကိုင်ကွင်းကိုကိုင်ကာ တံခါးရွက်ကို

ရိုက်လိုက်သည်။ ဤသည်မှာပင် လူခေါ်ခေါင်းလောင်းဖြစ်သည်။

သောက်လက်စစီးကရက်ကို ဆက်၍ဖွာရင်း တံ့ပြန်သံကို ကျွန် တော် မျှော်လင့်နေမိသည်။ သို့သော် အိမ်အတွင်းမှာ ဘာသံမှမကြားရဘဲ ထူးထူးခြားခြားကြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။

တံခါးရွက်ကို တွန်းကြည့်မိသည်။ တံခါးရွက်သည် အသံမြည်ပြီး ပွင့်သွားသည်။ အတွင်းမှ မင်းတုပ်ကိုထိုးမထား။ ခပ်ဟဟစေ့ထားခြင်း သာ ဖြစ်သည်။ဧည့်ခန်းအတွင်း ကျွန်တော်ဝင်လိုက်သည်။ လေလုံနေသဖြင့် အခန်းမှာ နွေးထွေးနေသည်။

ဧည့်ခန်းအတွင်းမှာလည်း လူအရိပ်အရောင်မရှိ။

ကိုတွတ်မရှိ၊ ကြည်မာသွယ် မရှိ။

“ကိုတွတ်၊ ကြည်မာ”

ကျွန်တော် ခေါ်ကြည့်သည်။

တုံ့ပြန်သံမကြားရ။ တစ်အိမ်လုံး အပ်ကျသံကို ကြားရလောက် အောင် တိတ်ဆိတ်နေရာ မိမိအသံသည်ပင် အခန်းနံရံများနှင့် ရိုက်ဟပ် မိပြီး ပဲ့တင်သံပမာ။ မိမိထံပြန်လာသည်ဟု ထင်မှတ်မိသည်။

သည်မှာ ကျွန်တော်သတိပြုမိသောအရာတစ်ခု ရှိလာသည်။ အခန်းထဲရှိ ပရိဘောဂဖရိုဖရဲနှင့် ပြိုလဲနေခြင်းဖြစ်သည်။ ခန်းဆီးစတို့ စုတ်ပြဲနေသည်။ ရှုန်းရင်းဆန်ခတ်ဖြစ်ထားသည့်အလားအလာကို တွေ့ ရသည်။

အို... အလို၊ တစ်နေရာမှာ သွေးကွက်တစ်ကွက်။

ကျွန်တော် ထိုနေရာသို့ တိုးသွားသည်။ သွေးမှာ သည်နေရာတစ်ကွက်တည်းမဟုတ်ပါ။ ဟိုတစ်ကွက်သည်တစ်ကွက် တွေ့ ရစပြုသည်။ပြီး သွေးစက်တို့သည် ပွတ်လုံးလက်ရန်းပါသည့် ကျွန်းသား လှေကားကြီးဆီသို့ ဦးတည်သွားသည်။ လှေကားခုံမှာလည်း သွေးစက် ခြေရာ။

သည်အခိုက် အိမ်ပေါ်ထပ်မှ ဒိုင်းခနဲလဲပြိုကျသံတစ်ခု ကြားရသည်။ ။ ကြက်သီးမြမြထရသည်။

ကျွန်တော် ခေါင်းနပန်းကြီးသွားသည်

ဘာတွေဖြစ်နေသလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော် တစ္ဆေအခြောက်ခံရခြင်းလား။ နှစ်ပင့်ရွှေဒင်္ကြာလုစဉ်က အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်ရခြင်းလား။

သည်အိမ်မှာ စားပြဲသတ်သဖြင့် အိမ်ရှင်၏ဇနီးသည် ဆုံးပါးဖူး သည်မဟုတ်လား။ ယခုလည်း ကိုတွတ်ကော၊ ကြည်မာသွယ်ပါ အသတ် ခံခဲ့ရပြီလား။

ကျွန်တော် ထိုင်နေရာမှ ထရပ်လိုက်သည်။ အားမွေးသည်၊ သတ္တိမွေးသည်။

သွေးစက်စွန်းထင်းနေသော လှေကားကြီးအတိုင်း တက်ခဲ့သည်။

လှေကားခုံများမှာ ခြေနင်းလိုက်တိုင်း အသံမြည်လာသည်။

အိမ်ပေါ်ထပ်မှ အိပ်ခန်းများ အနေအထားကို ကျွန်တော် မှတ်မိ ပါသည်။ လှေကားထိပ်မှနေကာ စင်္ကြံလမ်းသွယ်တန်းထားပြီး တစ်ဖက် တစ်ချက်၌ အိပ်ခန်းအစီအရီရှိသည်။ကျွန်တော် စင်္ကြံလမ်းအတိုင်း လျှောက်ခဲ့သည်။ သွေးစက်ကို တွေ့ ရဆဲ။ စင်္ကြံလမ်းမှာ အတန်တော့ မှောင်နေသည်။ သို့သော် အခန်းတစ်ခန်း မှ မီးရောင်က စင်္ကြံလမ်းပေါ်မှာ ကန့်လန့်ဖြတ်ကျနေသည်။

ကျွန်တော်သည် မီးရောင်ထွက်ပေါ်လာရာ အခန်းသို့ လာခဲ့သည်။ အခန်းတံခါးမှာ ခပ်ဟဟကလေးပွင့်နေကာ ထိုနေရာမှ မီးရောင် တိုး ထွက်နေခြင်းပင်ဖြစ်သည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

အလို...ဘုရား...။

အခန်းအလယ်တွင် လူတစ်ယောက် မှောက်ခုံကြီး လဲကျလျက်ရှိသည်။ ကျောတွင် ဆင်စွယ်ရောင်ဓားရိုးတန်းလန်း။

သည်ဓားကိုလည်း ကျွန်တော်မှတ်မိသည်။ ကိုတွတ်တို့ဖေဖေ တောလိုက်သွားလျှင် ကိုင်နေကျ။ ကျွန်တော့်မျက်စိများ ပြာဝေသွားသည်။ ရင်သည်လည်း နှလုံးပေါက်ထွက်မတတ် ခုန်နေသည်။

လဲကျနေသူမှာ ကိုတွတ်။

ကျွန်တော် မရဲတရဲနှင့်ပင် ရှေ့သို့တိုးလာသည်။ ကိုတွတ်၏အပါး တွင် မုဆိုးဒူးထောက် ထိုင်လိုက်သည်။ မျက်နှာကို အသေအချာကြည့်မိ တော့ သွေးဆုတ်ဖြူရော်နေသည်။ မျက်ဖြူလန်နေသည်။လက်ကောက်ဝတ်ယူလှမ်း၍ ဆုပ်လိုက်တော့ ရေခဲတမျှ အေးစက် နေ၍ ထိတ်လန့်တကြား လွှတ်ချလိုက်မိသည်။ အိမ်မြှောင်စုပ်ထိုးသံက ကျွန်တော့်ကို ထခုန်မိမတတ် တုန်လှုပ် ချောက်ချားသွားစေသည်။

ကြည်မာ၊ ကြည်မာသွယ် ဘယ်မှာပါလိမ့်။

ကျွန်တော့်တွင် စိုးရိမ်စိတ် လွန်ကဲလာသည်။ ကိုတွတ်၏အခန်း ထဲမှ ပြေးထွက်လာသည်။ အိမ်ခန်းအားလုံးကို လိုက်ဖွင့်ကြည့်သည်။ အားလုံးအတွင်းမှ မင်းတုပ်ချထားပုံရသည်။ သို့မဟုတ် သော့ခတ်ထားပုံ ရသည်။

ကျွန်တော်သည် ကမူးရှူးထိုးနှင့်ပင် အိမ်ပေါ်ထပ်မှ ပြန်ဆင်းပြေးလာခဲ့မိသည်။ ဧည့်ခန်းသို့ရောက်သည်။ အခန်းတစ်နေရာ၌ ကျွန်တော် တယ်လီဖုန်းကို တွေ့ ရသည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟယ်လို...အော်ပရေတာ၊ ဟယ်လို အော်ပရေတာ’ မြို့မှ ဆက်သွယ်ရေးစနစ်မှာ ခလုတ်ခုံ အော်ပရေတာမှတစ်ဆင့် ဖြစ်သည်ကို ကျွန်တော် မမေ့သေး။

“ဟယ်လို...အော်ပရေတာ၊ မြို့မရဲစခန်း ပေးပါ”

ကျွန်တော် အသံညှို၍ခေါ်သည်။ သို့သော် တစ်ဖက်မှပြန်ထူးသံ မကြားရ။

မကြားရရုံသာမဟုတ်။ လုံးဝပင် တိတ်ဆိတ်နေသည်။

ထိုအခါကျမှ စကားပြောကြေးနန်းကြိုးကို လှီးဖြတ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ စကားပြောခွက်ကို ပစ်ချလိုက်သည်။

တံခါးပေါက်ဆီသို့ ပြေးလာခဲ့သည်။ ဆင်ခြေလျှော လမ်းအတိုင်း ပြေးဆင်းလာခဲ့သောအခါ ကျွန်တော့် တွင် ဆောင်းည၏အလှမရှိ။ ရွှန်းလက်သောလမရှိ၊ မွှေးပျံ့သော ကရမက် ပန်းရနံ့မရှိ၊ အေးမြသော နှင်းမြူ၏အတွေ့ အထိမရှိ။ ညသည် ပကတိအကျည်းတန်နေဘိ၏။

(ငါး)

"ဟုတ်ပါ့မလား ပုညရာ၊ မင်း မူးမူးရူးရူးနဲ့များ မဟုတ်မဟတ်တွေ ထင်နေတာလား"မောလာရသည့်အကြားမှ ထွန်းဝေက အပြစ်တင်လာသောအခါ ကျွန်တော်၏ဒေါသတရားသည် ပေါက်ကွဲရတော့မတတ် ဖြစ်လာသည်။ "အို...ကိုယ်က ကလေးမှမဟုတ်တာ၊ ကိုယ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ရတာ"

"ငါ ဖုန်းဆက်ကြည့်ပါဦးမယ်ကွာ"

သူသည် တယ်လီဖုန်းကိုကောက်ကိုင်ပြီး အော်ပရေတာအား အလို ရှိသောနံပါတ် တောင်းလိုက်သည်။

သို့သော် အချိန် ကြာမြင့်နေသည်။ ခေါ်သောနံပါတ်ကို မရ။

"ကျွန်တော် မြို့မရဲစခန်းက စခန်းမှူးထွန်းဝေပါ။ အရေးသိပ်ကြီး တယ်။ အဲဒီနံပါတ်ကို ရအောင်ခေါ်ပေးပါ"

ထွန်းဝေက စိတ်မရှည်နိုင်သလိုဆိုသည်။

ကျွန်တော်က သူ့ကို ငါမပြောဘူးလားဆိုသည့်အကြည့်ဖြင့် ကြည့် နေမိသည်။

ထွန်းဝေမှာ တယ်လီဖုန်းနှင့် အချိန်အတော်ကြာအောင် အလုပ်ရှုပ်နေသည်။ ကျွန်တော့်ပြောစကားကို ယုံကြည်ချင်စပြုလာပေပြီ။သို့သော် မကြာမီမှာပင် သူ အဆက်အသွယ်ရသွားသည်။ "ဟယ်လို ကြည်မာလား၊ ဒီမှာ ကြည်မာ မင်းတို့အိမ်မှာ တစ်ခုခုများ ဖြစ်သလား၊ ဟုတ်လား၊ တို့ လာခဲ့မယ်"

"ဘာတဲ့လဲ ထွန်းဝေ" ကျွန်တော် စိတ်မရှည်နိုင်စွာ မေးမိသည်။ "ကြည်မာကိုယ်တိုင်ပြောနေတာပဲ၊ ဘာမှမဖြစ်ဘူးဆိုပါလား။ မင်းကိုယ်တိုင် လာဆက်ကြည့်လေ"

ကျွန်တော် စကားပြောခွက်ကို လက်ပြောင်းယူလိုက်သည်။

"ဟယ်လို"

"ဟယ်လို"

အသံက ကြည်မာ့အသံ။

"ကြည်မာ ကိုယ်အခုပဲ ကြည်မာတို့အိမ်ရောက်ခဲ့တယ်"

"နောက်မနေစမ်းပါနဲ့ ကိုဦးရယ်၊ ကြည်မာတို့ ကိုဦးကို တမျှော် မျှော်နဲ့ အမြည်းတွေတောင် အေးကုန်တော့မယ်"

"မဟုတ်ဘူး ကြည်မာ၊ ကိုယ် .. ကိုယ်"

"ကိုတွတ်ကလည်း ဒေါသဖြစ်နေတယ်၊ မင့်လူ မလာတော့ဘူး ထင်တယ်လို့ ပြောနေတယ်"

"ကိုတွတ်"

"ဟုတ်တယ်၊ ကိုတွတ်နဲ့စကားပြောဦးလေ"

"ဟယ်လို ပုည "

"ကိုတွတ်"

"ဟုတ်ပါတယ်"

"ခင်ဗျား"

"ခင်ဗျားတွေဘာတွေလုပ်မနေနဲ့။ ဘယ်အချိန်မှလာမှာလဲဗျ။ ငါ့ကို ကြည်မာက မင်းလာမှသောက်ရမယ်ဆိုပြီး အမိန့်ချထားလို့ လေတပျို့ပျို့ နဲ့ စောင့်နေရတာ"

"ခင်ဗျား တကယ်ဘာမှမဖြစ်ဘူးလား"

"ဘာဖြစ်ရမှာလဲ၊ စကားကြောရှည်မနေနဲ့ကွာ၊ လာမှဖြင့် အမြန် လာ" ကျွန်တော် စကားခွက်ကို အသာပင်ပြန်ချထားလိုက်မိသည်။ သို့ဖြင့်နောက်တစ်ကြိမ် သည်နေရာသို့ ပြန်လာသောအခါ ကျွန်တော့်ခေါင်းထဲမှာ မရှင်း၊ အတွေးထဲမှာလည်း နောက်ကျိနေသည်။ "ငါ့မျက်စိနဲ့ တပ်တပ်အပ်အပ်မြင်ရတာပါကွာ"ဘေးမှ ကားမောင်းနေသော ထွန်းဝေကို မကျေမချမ်းပြောမိသည်။ "မင်း ကိုတွတ်တို့အိမ်အစားတ ခြားတစ်အိမ်အိမ်ထဲများ ဝင်သွား မိသလားကွာ "

"မဟုတ်ပါဘူး၊ ဒီအနားမှာ အိမ်တွေက စိပ်နေတာမှမဟုတ်တာ။ ကိုတွတ်တို့အိမ်နဲ့ မှားဝင်ရအောင်ကလည်း သူတို့လိုအိမ်မျိုးက ဒီအနီး အနားမှာ တစ်အိမ်ပဲရှိတာ""အေးလေ၊ ရောက်တော့မှ သဲသဲကွဲကွဲသိရတော့မှာပေါ့"

ကျွန်တော်တို့ ပွင့်နေသောခြံတံခါးမှနေကာ ဆင်ဝင်အောက်အထိ ကားမောင်းဝင်လာသည်။ တံခါးဝမှ ကိုတွတ်နှင့်ကြည်မာက ပြုံးရွှင်စွာ ကြိုနေသည်။

"နာမည်ကျော်စာရေးဆရာကြီး ငယ်သူငယ်ချင်းတွေကို မမေ့ဘဲ အခုလို အိမ်တိုင်ရာရောက် ကြွရောက်လာတာ ဝမ်းသာဂုဏ်ယူမိပါ တယ်ရှင်" ကြည်မာသွယ်၏ ဆီးကြိုနှုတ်ဆက်မှု။ ညှော်ခန်းကို ကျွန်တော်ကြည့်သည်။ ပရိဘောဂတို့ အနေအထားမပျက်။ ခန်းဆီးတို့မှာလည်း သင့်လျော် စွာပင် ရှိနေသည်။သွေးကွက်မရှိ။ သွေးစက်မရှိ။ ထိုညက ကျွန်တော် မူးအောင်သောက်ဖြစ်သည်။

(ခြောက်)

နောက်နေ့ ကျွန်တော် မြို့မှပြန်ပါသည်။အပြန်ခရီးမှာလည်း ကြီးကျယ်ခမ်းနားနေပြန်သည်။ ဆရာမကြီးကိုယ်တိုင် ဘူတာဆင်းလာပြီး

မြို့မှထွက်ကုန်ပစ္စည်း ခြင်းတစ်ခြင်း လက်ဆောင်ပေးသည်။ စခန်းမှူးထွန်းဝေက ဘူတာအထိ ကားဖြင့်လိုက်ပို့သည်။ လမ်းဗိုလ်ကြီးဦးခင်က ဘူတာရုံပိုင်နှင့် မိတ်ဆက် ပေးကာ ရုံပိုင်ကြီး၏အခန်းမှာပင် လက်ဖက်ရည်ပွဲ ပြင်ဆင်တည်ခင်းခြင်းခံခဲ့ရသေးသည်။

မြို့ငယ်ကလေးတစ်မြို့မှာတော့ အမှန်ပင် ကျွန်တော် ကြီးကျယ်လျက်ရှိပါသည်။

သို့သော်လည်း ကျွန်တော့်စိတ်တွင် မပျော်ပိုက်နိုင်ခဲ့ပါ။ မကျေနပ်နိုင်ခဲ့ပါ။

နှင်းမြူဝေ့လည်နေသော ဆောင်းအစည‌တစ်ညအတွက် ကျွန်တော် ခြောက်အိပ်မက်ပမာ ခံစားနေရသည်။

ရန်ကုန်ရောက်ပြီးနောက် ယင်းအဖြစ်ကို တစ်စထက်တစ်စ မေ့လျော့စပြုလာသည်။ စာရေးဖို့ကိစ္စ၊ ထုတ်ဝေရေးကိစ္စ စသော စာပေကိစ္စ များအကြားတွင် ကျွန်တော် နစ်မြုပ်နေခဲ့ပါသည်။ မနေ့က စာတစ်စောင်ရသည်။

ကြည်မာသွယ်ထံမှဖြစ်သည်။

ကိုဦး

ကြည်မာတို့ အစအနောက်သန်မိတဲ့အတွက် ခွင့်လွှတ်ပါ။
ကိုဦး မြို့ကိုရောက်လာပြီး ကြီးကျယ်ခမ်းနားနေတယ်ဆိုတာ
ကြည်မာကော ကိုတွတ်ပါ သိပါတယ်။
ကိုဦးနဲ့ပတ်သက်ပြီး အမှတ်တရကိစ္စလေးတစ်ရပ်
ကြည်မာတို့နဲ့ ပတ်သက်ပြီး အသည်းအသက်မှာ
မမေ့ပျောက်စတမ်း ဖန် တီးချင်တယ်။ ဒါနဲ့ပဲ ကိုဦးကို
ဖိတ်ခေါ်ခဲ့တယ်။
ကြည်မာတို့က ရယ်စရာမောစရာ ဖြစ်ရုံသက်သက်ပါ။
ကိုဦးက လျှို့ဝှက်သည်းဖို ဝတ္ထုတွေရေးပြီး တကယ်အသည်း
ကြောင်တာကိုး။
ကြည်မာတို့ဟာ ငယ်စဉ်က ကျောင်းမှာ ကပွဲက တစ်ခန်း ရပ်
ပြဇာတ်တွေမှာပါနေကျ။ သရုပ်ဆောင်ကောင်းတွေလည်း
ဖြစ်ခဲ့တယ်ဆိုတာ
အမှတ်ရခဲ့ရင် ပြဿနာဒီလောက်မကြီးကျယ် နိုင်ပါဘူး။
ကိုတွတ်နဲ့တိုင်ပင်ပြီး ညွှေ့ခန်းကို ဖရိုဖရဲဖြစ်အောင်လုပ်၊
ခန်းဆီးစတွေဆုတ်။
ပြီးတော့ ခရမ်းချဉ်သီးဆော့နဲ့ သွေးစက်တွေဖန်တီးခဲ့တာပါ။
ကိုဦးနဲ့ ကိုထွန်းဝေရဲ့ ရဲစခန်းကိုပြန်ပြေးတော့
အဲဒါတွေသုတ်သင်ရှင်းလင်းပြီး နေသားတကျပြန်ထား၊
ကိုဦးတို့ကို ညွှေ့ဝတ်ကျေပွန်စွာနဲ့ ပြုစု။
အဖြစ်ကတော့ ဒါပါပဲ။

ခွင့်လွှတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ကိုဦး။
အနှိပ်စက်ခံ
ကြည်မာ

စာက သည်မှာဆုံးသည်။ အနှိပ်စက်ခံရသူမှာ ကျွန်တော်ကိုယ်တိုင်ဖြစ်ပါလျက် ကြည်မာ သွယ်က သူမကိုယ်သူမ အနှိပ်စက်ခံဟု စာအဆုံးမှာ ရေးခဲ့သည်။ လွန်ခဲ့သောဆယ်နှစ်ကစာများကို ပြန်ဖတ်ရပါဦးမည်။

မိုးဝေဂျာနယ်၊ ဒီဇင်ဘာလ ၁၉၈၄။

"ခင်ဗျားရဲ့ဇနီး ကာလီဗာဆိုင်က ဝယ်လာတယ်ဆိုတဲ့ လည်ဆွဲကို အရင် စစ်ဆေးကြည့်ပါဦး"ကျွန်တော် ရဲစခန်းသို့ရောက်မဆိုက်မှာပင် စုံထောက်နှစ်ယောက် အနက်မှ အသက်ခပ်ကြီးကြီး စုံထောက်အရာရှိက ဆီးကြိုပြောလိုက်သည်။ သူသည် ဇရုတ်ကောင်းခတ်ထားသော ဟင်းချိုကိုသောက်လျက် ရှိပြီး အသက်ရှူရာ၌ တရှူးရှူး တရှားရှား ဖြစ်နေသည်။ အသက်ခပ်ငယ်ငယ် စုံထောက်မှာကား မိုးကာအင်္ကျီအိတ်အတွင်း လက်နှိုက်ထားပြီး စကားတစ်စုံတစ်ရာမဆိုပါ။ သူ့နည်းတူ ကျွန်တော်သည်လည်း နှုတ်ဆိတ် နေမိသည်။

ကျွန်တော်တို့ အတွင်းပိုင်းသို့ဝင်လာပြီး စားပွဲတစ်လုံး၌ ထိုင်လိုက်ကြသည်။ ကျွန်တော်၏မျက်နှာပြင်ပေါ်တွင် လိုအပ်သည်ထက် ပို၍ပြုံးချို မှာ ကျွန်တော် စိုးရိမ်နေမိသည်။ ကျွန်တော့်နှုတ်ခမ်းမှာ ခြောက်သွေ့ နေသည်။ တစ်ချိန်လုံးလိုလိုပင် ကျွန်တော့်ရင်ထဲ၌ ပြောစရာစကားများဖြင့် ပြည့်နေသလို ခံစားရသည်။

"ကျုပ်တို့ တာဝန်နဲ့ဝတ္တရားအလျောက် လုပ်ရတယ်ဆိုတာကို တော့ သဘောပေါက်စေချင်တယ်လေ"

တစ်စုံတစ်ရာကို လမ်းပေါ်မှ ကောက်ရပါက ရဲစခန်းသို့ယူသွား သင့်သည်။ အကယ်၍ ယင်းအရာမှာ အဖိုးတန်ပစ္စည်းတစ်ခု ဖြစ်ခဲ့ပါလျှင် ဆုငွေရဖို့သေချာသည်။

ဘာပဲဖြစ်ဖြစ် ဆုငွေအတွက် မဟုတ်ခဲ့လျှင်လည်း သည်အတိုင်းပင် ပြုကျင့်သင့်သည်မဟုတ်ပါလော။ သို့တိုင်အောင် တစ်ပတ်လုံးလိုလိုပင် ကျွန်တော်သည် ဆုငွေဆိုသောစကားအတွက် နား၊ မျက်စိ ဖွင့်ထားခဲ့မိ သည်အမှန်။

ထို့နောက် စုံထောက်အရာရှိငယ်သည် သူ့မိုးကာအင်္ကျီအိတ် အတွင်းမှ လည်ဆွဲရတနာကို ထုတ်ယူပြီး စားပွဲပေါ်သို့တင်လိုက်သည်။ "ခင်ဗျား ဒါကို မှတ်မိတယ်မဟုတ်လား မစ္စတာဒရေတန်" သူက မေးလိုက်ပါသည်။ ရုတ်တရက်မှာပင် ကျွန်တော်မှတ်မိလိုက်သည်။

"ဒါပါပဲ၊ စနေနေ့က ကျွန်တော် ကောက်ရခဲ့တယ်ဆိုတာ ဒါပါပဲ" ကျွန်တော် ပြန်ပြောလိုက်သည်။

ဘယ်နေရာမှာလဲ၊ ဘယ်အချိန်မှာလဲ စသည်ဖြင့် သူတို့က အတိ အကျမေးသည်။ ကျွန်တော် ပြောပြလိုက်သည်။

"ဒါကို ဘယ်သူပိုင်တယ်ဆိုတာ ခင်ဗျားသိသလား" "ကျုပ်သိခဲ့ရင် ပိုင်ရှင်ဆီ ယူသွားမှာပေါ့"

သည်အမေးမှာ မိုက်မဲရာကျသည်ဟု ကျွန်တော်ထင်သည်။ ဒုတိယ မေးခွန်းမှာ ပို၍ပင်မိုက်မဲရာကျသည်။

"ဒါကို ခင်ဗျား မပိုင်ဘူးပေါ့နော်"

အရာရှိငယ်၏အမေး။

"ခင်ဗျားရဲ့ဇနီးသည်ကော "

အရာရှိကြီး၏အမေး။

"သေသေချာချာကိုမပိုင်တာပေါ့ဗျာ၊ ဒါကို လမ်းကကောက်ရခဲ့ပါတယ်လို့ ခင်ဗျားတို့ကို ပြောပြပြီးပြီကော"

အရာရှိငယ်က ထပ်မေးသည်။

"မစ္စက်ဖေဗာကိုကော ခင်ဗျားသိသလား"

"ဟင့်အင်း၊ ဘာဆိုင်လို့ သူ့ကိုကျုပ်က သိရမှာတုန်း" "ခင်ဗျားဟာ ပြတင်းပေါက်တွေ သန့်ရှင်းတဲ့ အလုပ်သမားမဟုတ်လား။ မစ္စဖေဗာက အမှတ်ဆယ့်ခုနှစ် လန်စက်တန်လမ်းမှာနေတယ်။ အဲဒီဘက်မှာ ခင်ဗျား အလုပ်လုပ်ဖူးတယ်မဟုတ်လား"

"ဟင့်အင်း မလုပ်ဖူးပါဘူး။ ကျုပ်လုပ်တာ နှစ်ဆယ့်လေး၊ ငါး ဆယ့်တစ် အဆုံးပိုင်းမှာပဲ။ ဘာကြောင့်မေးတာလဲ" "ခင်ဗျားက ဒါကို အလက်စတန်လမ်းနဲ့ ပရိုမင်းနိတ်လမ်းဆုံက ထောင့်တစ်ထောင့်မှာတွေ့ တယ်လို့ ပြောခဲ့တယ်နော်၊ စနေနေ့ကလေ"

"ဟုတ်တယ်၊ ကျုပ်ပြောခဲ့တယ်"

"အရင်စစ်ဆေးကြည့်ပါဦး၊ ကျုပ်တို့တစ်တွေ တခြားခိုးရာပါ ပစ္စည်းတွေအားလုံးကို စစ်ဆေးကြည့်ပြီးပါပြီ"

ခပ်ကြီးကြီးအရာရှိက ပြောလိုက်သည်။ အရာရှိငယ်က သူ၏ စကားကို သဘောတူသလို ခေါင်းညိတ်သည်။ ပြီး အပြင်သို့ထွက်သွားသည်။

ကျွန်တော်သည် အစိမ်းပုပ်ရောင်ပြတင်းပေါင်များကို ကျော်၍ ပြင်ပသို့ ငေးကြည့်နေမိသည်။ ထိုအခိုက်မှာပင် နီးလ်၏စကားသံနှင့် ခြေသံကို စင်္ကြံလမ်းဆီမှ ကြားလိုက်ရသည်။ သူမ၏အသံ နီးကပ်လာချိန် တွင် ကျွန်တော်သည် အလုံးစုံကို အမှတ်ရနိုင်ရန် တွေးသည်။ သို့သော် အချိန်များများစားစားကား မကျန်ရှိတော့ပါ။

ကျွန်တော် သတိရမိသောအရာတစ်ခုမှာ ဇန်နဝါရီလ ၁၁ ရက်နေ့၊

စနေနေ့။

မိုးသည်းစွာရွာနေသည်။

ပြီးတော့ ဘောလုံးပွဲ။ ကျွန်တော်တို့သည် ဟုပ္ပလေရိန်းဂျားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် နိုင်လိုက်သည်။

စနေနေ့တိုင်း သည်ရာသီမှာဆိုလျှင်ဖြင့် ကျွန်တော်သည် စောစီး စွာ အလုပ်သိမ်းမြဲ။ ညစာအတွက် အိမ်သို့ပြန်လာသည်။ ပလူရှိုင်း ရောက်လာသည်။ ပလူရှိုင်းအက်အပ်ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေ သူနှင့် အတူ အပြင်သို့ထွက်ကြမြဲ။

သူနှင့်ကျွန်တော် ရိုဇာအသင်း၌ ဝင်၍ကစားခဲ့ကြသည်မှာ နှစ်နှစ်ခန့် ရှိခဲ့ပါပြီ။

အပြင်သို့သွားသောအခါ နီးလ်သည် တစ်ခါတစ်ရံ လိုက်ပါလာလေ့ရှိသည်။ သို့သော် သူမက ပလူရှိုင်းကို သဘောမကျလှ။ မုန်းသည်ဟု ပင် ပြော၍ရသည်။

ကျွန်တော်နှင့် သူမတို့ တွေ့ စဦးကဖြစ်သည်။ ပလူရှိုင်းက သူမကို သွားပြောသည်။ ကျွန်တော့်တွင် ဇနီးရှိသည်။ ကလေးနှစ်ယောက်ရှိသည်။ ထို့ကြောင့် အိမ်ထောင်အပြိုကွဲခံလိမ့်မည်မဟုတ် စသည်ဖြင့်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ ချစ်သူငယ်ချင်း တစ်ပတ်ခန့်ကတောက်ကဆတ်ဖြစ်ကြရသည်။ နောက်မှ ကျီစယ်ခြင်းဖြစ်ကြောင်း သိသွားသည်။ ပလူရှိုင်းက သည်လိုလူစား။ နီးလ်သည် သူ့အား ယင်းကိစ္စ အတွက် မျက်ခဲ့သည်။

"မုသားပြောတတ်တဲ့ယောက်ျားတွေကို ကျွန်မ သိပ်မုန်းတာပဲ" နီးလ် ပြောခဲ့သည်။

လူတွေ ရယ်စရာပြောမှာကို သူမ စိုးရိမ်လေ့ရှိသည်။ အကြောင်းမူ ရယ်စရာကို အမှန်တကယ်ဟု သူမ ယူဆမိတတ်သောကြောင့် ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း စနေနေ့က ကျွန်တော် အိမ်သို့ပြန်လာခဲ့သည်။ ကျွန်တော့်အိမ်နှင့် လမ်းသင့်ရာ ပရိမင်းနိတ်ရပ်ကွက်ကိုဖြတ်ပြီး အလက်စတန်လမ်းအတိုင်းဖြစ်သည်။

သည်မှာ သည်သို့ဖြစ်ခဲ့သည်။

လည်ဆွဲတစ်ကုံး။ ပုလဲလည်ဆွဲဖြစ်သည်။ အလယ်တွင် ကြီးမားသော ပုလဲကြီးသုံးလုံးပါရှိသည်။ ဘေးမှာ အရန်ပုလဲများပါရှိသည်။ အမှိုက်ပုံထဲတွင်ရှိနေသည်။

ကျွန်တော် ပရိမင်းနိတ်အထက်ဘက်ကော အောက်ဘက်သို့ပါ ကြည့်မိသည်။

ရာသီဥတုမှာ ဆိုးရွားနေသည်။ ပင်လယ်ဘက်မှ အစပျိုးလာသော မိုးမှာ အလွန်သည်းနေသည်။ လှိုင်းလုံးများ တလိမ့်လိမ့်ပြေးလာသလို ဖြစ်သည်။

ကျွန်တော့်မြင်ကွင်းထဲတွင် လှုပ်ရှားသောအရာဟူ၍ အဝေးပြေးလမ်းအတိုင်း ဖြတ်မောင်းသွားသောကားတစ်စီး။ မိုးရေထွက်ချိုးရင်း အဝေးသို့ပြေးသွားကြသည့် ကလေးသုံးလေးယောက်။ ပြီးတော့ စင်ရော်များ။

ဤသည်တို့သာ ရှိသည်။ ကျွန်တော် အမှိုက်ပုံးအတွင်း ထပ်၍ကြည့်မိသည်။ လည်ဆွဲမှာ ရှိနေဆဲဖြစ်သည်။ ကျွန်တော်သည် စက်ဘီးကို လမ်းမီးတိုင်၌သွားထောင်ထားလိုက်ပြီး အမှိုက်ပုံးဆီသို့ပြန်လာကာ လည်ဆွဲကိုကောက်ယူလိုက်သည်။ပုလဲများမှာ မာကျောပြီး စွတ်စိုနေသည်။ ဆန်လုံးညိုများလို ဖြစ်သည်။

ကျွန်တော်သည် ယင်းမှာ ပေကျံနေသည့် အညစ်အကြေးများကို

သုတ်သင်လိုက်သည်။ ထို့နောက် ဝန်းကျင်ကိုထပ်၍ကြည့်သည်။

ရှင်းလင်းတိတ်ဆိတ်မြဲ။

အကယ်၍ အိမ်ပြတင်းတံခါး တစ်ချပ်ချပ်ပွင့်လာပြီး တစ်စုံတစ်ယောက်ကိုသာတွေ့ ရပါက 'တစ်ခုခုများပျောက်ခဲ့ကြသလားဗျို့ 'ဟု အော်မေးမိမည်မှာ အမှန်။

သို့သော် မည်သူ့ကိုမှ မတွေ့ ခဲ့ရပါ။ အိမ်တံခါးများ ပိတ်ထားမြဲ။ သည်လိုပစ္စည်းမျိုးကို ကောက်ယူရရှိသည့်အတွက် ကျွန်တော့် စိတ်တွင် ကသိကအောက်ခံစားရသည်။ အလုပ်လုပ်နေစဉ်အတွင်း သည်သို့သောပစ္စည်းမျိုးကို တွေ့ ရလေ့ရှိသည်။ ငွေများ၊ လက်ပတ်နာရီများ၊ လက်ဝတ်ရတနာများ။ ပိုင်ရှင်တို့က မှန်တင်ခုံ စသည်တို့တွင် ပစ်စလက်ခတ်ထားတတ်လေ့ရှိသည်။ ထားသူအဖို့ ကိစ္စမရှိ။ အကယ်၍ ပျောက်ဆုံးသွားပါက သူတို့ပြောတတ်လေ့ရှိသည့်စကားမှာ “မှန်တွေလာသုတ်ပေး တဲ့ အလုပ်သမားပဲဖြစ်မှာပါ” ယင်းသို့

ယိုးစွပ်ခံရခြင်းမှာ ခါးသီးဖွယ် အတွေ့အကြုံဖြစ်သည်။

ထားပါ။

ယခုတော့ ကျွန်တော် လည်ဆွဲကို အင်္ကျီအိတ်ထဲသို့ ကောက်ထည့်ခဲ့မိချေပြီ။ စက်ဘီးထောင်ထားရာသို့ လာသည်။ စက်ဘီးကို နင်း၍ထွက်ခဲ့သည်။

မိုးမှာ ပို၍သည်းလာသည်။

“သည်မိုးမျိုးပေါ့၊ ဘောလုံးပွဲကိုဖျက်ဆီးပစ်တတ်တာ”ကျွန်တော့် စိတ်တွင် ယင်းအတွေးသာရှိသည်။

အိမ်တွင် ပလူရှိုင်းရောက်နှင့်နေသည်။ သူ ကျွန်တော့်ကို စောင့်နေခဲ့ရသည်အမှန်ပါပင်။ ဆိုးရွားသောရာသီဥတုကို ကျွန်တော့်နှယ်ပင် ကျိန်ဆဲနေသည်။

လည်ဆွဲရတနာအကြောင်းကို ကျွန်တော် မေ့လျော့သွားမိချေသည်။ ကျွန်တော်က ဇနီးသည်အား နမ်း၍နှုတ်ဆက်လိုက်သောအခါ ပလူရှိုင်းက အော်၍ပြောသည်။

“ဒီမှာ ကျုပ် လူပျိုဆိုတာလည်း သတိရကြပါဦး”

“မောင် ဒီကနေ့ နောက်ကျတယ်”

ကျွန်တော့်ဇနီးသည်က ပြောလေ့ရှိသောစကားဖြင့် ဆီးကြိုနှုတ်ဆက်လိုက်သည်။

“ဒီပုံစံနဲ့ဆိုရင် ရှင်တို့နှစ်ယောက်လုံး ဘောလုံးကစားဖို့ လေ့မကျင့်ခဲ့ကြသေးဘူးနဲ့တူတယ်။ ဟုတ်တယ်မဟုတ်လားဟင်”

ပလူရှိုင်းအတွက် အကွက်ရသွားသည်။

“အစစ်ပဲ၊ သူ့ဆံပင်ပုံစံကိုကြည့်ပါလား၊ ပုံမပျက်ဘူး။ ဒါထက် ဂျာမန်ဆံထောက်နဲ့ သူနဲ့ ကြည့်လို့မကောင်းဘူး။ ဘယ်လိုသဘောရသလဲ နီးလ်”

နီးလ်သည် ပလူရှိုင်း ပေါက်တတ်ကရပြောမည်ကို စိုးရိမ်နေဟန်ရှိသည်။

ပလူရှိုင်းက

"မောင်ရင် ဘယ်တွေလျှောက်သွားနေသလဲ။ တီးလမ်းကို ရောက်သွားပြန်ပြီပေါ့လေ။ အမှတ် ၂၇ က ရှေ့ဝါကလေးဆီကိုပဲဖြစ်ရမယ်လို့ ကိုယ်လောင်းရဲတယ်။ ဒါကြောင့် သူ့မျက်နှာ ပြုံးဖြဲဖြဲဖြစ်လာတာ ကြည့် ပါလား"

"ဒီကနေ့မနက် ကိုယ် လန်စက်တန်းလန်းမှာ အလုပ်လုပ်တယ်"

ကျွန်တော်က ပြောလိုက်သည်။

"ကျွန်မက မောင်တို့နှစ်ယောက် ရိပ်သာဘက်သွားတယ်ထင်တာ" ဇနီးသည်က ပြောသည်။ သူမ၏အညိုရောင်မျက်ဝန်းများမှာ သံသယဖြင့် ပြည့်နေသည်။

"ကိုယ် မနေ့က ရိပ်သာမှာအလုပ်လုပ်ခဲ့ပြီးပြီလေကွာ"

ကျွန်တော်တို့ လက်ထပ်ခဲ့ကြသည်မှာ နှစ်နှစ်ရှိခဲ့ပါပြီ။ သည်နည်းသည်ပုံစံဖြင့် သူမ ကျွန်တော့်ကိုချစ်ခဲ့သည်ဆိုပါတော့။ ကျွန်တော်ဘာ လုပ်လုပ် သူမ သိနေသည်ဟုအ ထင်ရှိသည်။ ကျွန်တော်အလုပ်သွားတိုင်း သူမကို ခေါ်သွားချင်သည်။ သူမ၏သံသယများကို ချေဖျက်ချင်၍ ဖြစ် ပါသည်။

သူမကို ကျွန်တော်ချစ်ပါသည်။ သို့သော် သူမ၏သံသယစိတ်လွန်ကဲမှုကိုတော့ ကျွန်တော်မုန်းမိသည်။ သူမနှင့် သံသယကွဲကွာနေသောကာလမှာ ကျွန်တော် အပျော်ဆုံးအချိန်ဖြစ်သည်။

"ဘောလုံးပွဲကို လိုက်ခဲ့ပါလား နီးလ်"

ပလူရှိုင်းက ဖိတ်ခေါ်သည်။

"ရှီထဲ ရေထဲမှာလုပ်နေမယ့်အစား အိမ်ပေါ်မှာတစ်ခုခုလုပ်ပြီး နေခဲ့ပါရစေရှင်"

နီးလ်က ပြန်ပြောသည်။

"ဘာတွေ အလုပ်များနေလို့လဲ နီးလ်ရယ်"

"မီးပူတိုက်ရဦးမယ်ရှင့်၊ ရှင့်အလှည့်ကျရင်လည်း ရှင့်မိန်းမက ခုလို ပဲ ကိုယ့်ယောက်ျားအပြင်သွားတဲ့အချိန်မှာ အိမ်အလုပ်တွေလုပ်ရင်း ကျန် ခဲ့ရဦးမှာ"

"ပလူရှိုင်းကိုယူတဲ့ မိန်းကလေး ဒူးနဲ့မျက်ရည်မသုတ်ရပါစေနဲ့လို့ ကိုယ်တော့ ဆုတောင်းပါတယ်ကွာ"

ကျွန်တော် ဝင်ပြောလိုက်သည်။ အမေပြောတတ်လေ့ရှိသော စကားအတိုင်း ပြောမိခြင်းဖြစ်သည်။

"ဒါကတော့ ကံကြမ္မာရဲ့ စီမံရာပါပဲရှင်"

နီးလ်က အလေးအနက်ပြောနေသည်။

သို့ဖြင့် ကျွန်တော်သည် အဝတ်အစားလဲကာ ပလူရှိုင်းနှင့်အတူ ထွက်ခဲ့သည်။

ကျွန်တော်သည် စစ်တပ်မှ နုတ်ထွက်ခဲ့ပြီးနောက် ပြတင်းမှန်များ

သန့်စင်ပေးရသောအလုပ်ကို ဝင်လုပ်ခဲ့သည်။ ပလူရှိုင်းက သည်အလုပ် လုပ်ရန် ဆွယ်တရားဟောခဲ့သည်။ သူက အိမ်ရှင်မတိုင်းလိုလိုပင် သူတို့ အိမ်မှ ပြတင်းမှန်များ သုတ်ပေးဖို့အော်ခေါ်နေကြသည်ဟု ပြောခဲ့သည်။

"ဒီမြို့မှာရှိတဲ့ မှန်တံခါးတွေ လိုက်ရေကြည့်၊ မြို့မှာနေတဲ့ လူဦးရေ ထက်တောင် များသေးတယ်ဆိုတာ မောင်ရင် တွေ့ ရလိမ့်မယ်။ ပြတင်း တံခါးတိုင်းက ကယ်ပါယူပါ တစာစာဖြစ်နေတယ်။ တစ်စုံတစ်ယောက်က သူတို့ကို ကူညီမှဖြစ်တော့မယ်"

သို့သော် ယင်းလုပ်ငန်းကို ပလူရှိုင်းစွန့်လွှတ်ခဲ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ပြီ။ သူသည် စက်ရုံတစ်ရုံ၌ ဝင်လုပ်နေသည်။ "ဒါပေမဲ့ မပူပါနဲ့၊ အိမ်ရှင်မတွေ မောင်ရင့်အပါးမှာ ဝိုင်းဝိုင်းလည် နေမှာပါ။ အဲ သူတို့အိမ်က ခန်းဆီးစနဲ့ လက်သုတ်သွားမလား၊ ကော်ဇော တွေပေါ်မှာ ရေပုံးမှောက်ခဲ့မလားနဲ့ပေါ့။ ပြီးတော့ တစ်စုံတစ်ယောက်ကို အော်ခေါ်ပြီး ဗီရိုတွေ၊ အံဆွဲတွေကို သော့ခတ်ခိုင်းလိမ့်မယ်။ အိမ်ထဲကို သူခိုးတစ်ယောက်ဝင်လာတာကျနေတာပဲ။ ဒါဟာ ပြတင်းမှန် သန့်စင်ရေး သမားရဲ့ဘဝပဲ"

သို့သော် သည်အလုပ်ကိုပင် ကျွန်တော်လုပ်ခဲ့သည်။ သည်အလုပ် သည်ပင် ကျွန်တော်၏အသက်မွေးဝမ်းကျောင်းမှု ဖြစ်လာသည်။ ယခု တော့ ကျွန်တော့်တွင်လည်း ထိုက်သင့်သလောက် ဖောက်သည်များ ရနေ ခဲ့ပါပြီ။ သည်မှာတွင်ပင် နီးလ်နှင့် ဇာတ်လမ်းစခဲ့သည်။

"ပြတင်းမှန်ကတစ်ဆင့် လဝန်းကိုမြင်ရတာ ကုသိုလ်ကံနည်းတာပဲ" ဤသည်မှာ ကျွန်တော်က နီးလ်အကြောင်းပြောပြစဉ် ပလူရှိုင်းက မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

နီးလ်၏ဘဝမှာလည်း ယင်းသို့သာဖြစ်သည်။

သည်စဉ်က သူမသည် ရိပ်သာရှိ အိမ်တစ်အိမ်၏ နောက်ဖေး အိပ်ခန်းကျဉ်းကလေးတစ်ခုအတွင်း၌ ရှိနေခဲ့သည်။ ကျွန်တော် အိမ်အပြင် ဘက်မှနေ၍ လှေကားထောင်ပြီး တက်လာခိုက် သူမသည် မိမိမျက်နှာနှင့် လိုက်ဖက်မည့် နားကပ်များကို ရွေးချယ်နေသည်။

သူမတွင် နီကြင်သော ဆံပင်ရှိသည်။ အပေါ်သို့ပင့်လှန်၍ ဖြီးထားသည်။ လျှပ်စစ်မီးရောင်အောက်ဝယ် ယင်းဆံပင်များမှာ ကြေးနီရောင် ပေါက်နေသည်။

သူမ၏ မျက်နှာမှာ ဝိုင်းသည်။ ပြည့်သည်။ တည်ငြိမ်သည်။ အသားရောင်မှာ ဖြူသည်။ နီးလ်၏မျက်ဝန်းများမှာ 'တောင့်တမှု'တစ်စုံ တစ်ခု ရှိနေသည်ဟု ကျွန်တော့်အစ်မက မှတ်ချက်ချဖူးသည်။ မျက်ဝန်းများမှာ အညိုရောင်ဖြစ်သည်။

အစ်မကဲ့သို့ မှတ်ချက်မချမိသော်လည်း ယင်းမျက်ဝန်းများနှင့် ပတ်သက်၍ ကျွန်တော့်မှာ တစ်စုံတစ်ရာ ခံစားမှုရှိခဲ့လေသည်ကား အမှန်။ ကျွန်တော်၏ မှန်တိုက်သော သားရေပြား၏အသံကြောင့် သူမ ကျွန်တော့်ကိုမြင်သွားသည့်ခဏ၌

ကျွန်တော်သည် လှေကားပေါ်မှ လိမ့် ကျမလို ဖြစ်ခဲ့ရသည်။

သူမနားရွက်ဆီမှလက်ကို ဆတ်ခနဲရုပ်လိုက်ရာ ရေမွှေးပုလင်းကို တိုက်မိပြီး ရေမွှေးများ ဖိတ်စဉ်ကုန်သည်။ သည်ခဏမှာပင် သူမသည် ဒူးဖြင့် အံဆွဲတစ်ခုကို ပိတ်လိုက်သည်။

ပလူရှိုင်းသည် အလုပ်လုပ်နေရင်း အိတ်ထဲမှာအသင့်ဆောင်ထား သည့် ဘီးကိုထုတ်ကာ မကြာခဏခေါင်းဖြီးလေ့ရှိသည်။ ထို့နောက် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုသည်။ အဆက်မပြတ်ဖြစ်သည်။ တစ်နေ ကုန်ပင် ဖြစ်သည်။ ဤသည်မှာလည်း အလုပ်အတွက် ကြော်ငြာနည်းတစ် ရပ်ပင် ဖြစ်သည်။

ကျွန်တော်ကတော့ သည်သို့မဟုတ်။ အလုပ်ကိုဦးစားပေး၍ လုပ်သည်။ မှန်ချပ်များကို နမူနာအဖြစ် သန့်စင်ပေးပြီးနောက် 'အိမ်ကြီးရှင်မ ကို ပြောပေးပါခင်ဗျာ။ ဒါ ပြတင်းမှန်သန့်ရှင်းရေးသမားရဲ့ လက်ရာလို့"

သည်နည်းဖြင့် ကျွန်တော် နီးလ်၏အိမ်သို့ ရောက်ခဲ့သည်။ သူမ၏ အခန်းထဲသို့ လှေကားထောင်၍တက်ခဲ့သည်။

သူမက ကျွန်တော့်ကို ငုံ့ကြည့်ရင်း စိတ်အနှောင့်အယှက်ဖြစ်နေပုံ ရသည်။ ကျွန်တော် မှန်သန့်စင်သည့် သားရေပြားဖြင့် အလုပ်လုပ်နေသည် ကို စောင့်ကြည့်လျက်ရှိသည်။

ထို့နောက် သူမပြောခဲ့သော စကားမှာ...

"ရှင်ပြန်သွားတဲ့အခါ ပြတင်းပေါက်ကို ပိတ်ပေးသွားပါ။ ကျွန်မ အဒေါ် မာရီက သူ့ပြတင်းမှန်တွေကို တိုက်ချွတ်ပေးသွားတဲ့အတွက်တော့ စိတ်မဆိုးတန်ကောင်းပါဘူး"

သည်မှာ နီးလ်က "ကျွန်မအဒေါ် မာရီ'ဟု ပြောခဲ့ပါသည်။

အိမ်ပိုင်ရှင်မိန်းမကြီး၏အမည်မှာ 'မစ္စက်မာရီဖြစ်သည်။ ချမ်းသာ ကြွယ်ဝသော ဂုဏ်သရေရှိအမျိုးသမီးကြီးတစ်ဦး။ သူမ၏အိမ်တွင် စာအုပ်များနှင့် ပြည့်နှက်နေသည်။ ကျွန်တော့်တစ်သက်တာ၌ အိမ်တစ်အိမ်တွင် သည်မျှများပြားသော စာအုပ်များကို မတွေ့ စဖူး။ အထက်တန်းစားလေသံ ဖြင့် စကားပြောတတ်သည်။

နီးလ်က 'ကျွန်မအဒေါ်မာရီ'ဟု ဆိုခဲ့သဖြင့် ကျွန်တော် ထင်ယောင် ထင်မှားဖြစ်ခဲ့မိသည်။ စင်စစ်တွင်မူ နီးလ်မှာ စာအုပ်ဝါသနာရှင် မိန်းမ ကြီး၏ တူမ မဟုတ်ကြောင်း နောင်အခါကျမှ သိခဲ့ရသည်။ ရှိပါစေလေတော့။

ကံကြမ္မာဟူသည်မှာ ရယ်ဖွယ်ကောင်းသည်။ ရံခါ သူဖြစ်ချင်သည် တို့ ဆက်တိုက်ဖြစ်သွားတတ်သည်။

ရိပ်သာဝန်းကျင်ရှိ အိမ်များတွင် တစ်နှစ်တာမျှ အလုပ်လုပ်နေစဉ် အတွင်း နီးလ်နှင့် တစ်ကြိမ်တစ်ခါမျှ မျက်နှာချင်းမဆိုင်ဖြစ်ခဲ့။ မျက်လုံး ချင်း မဆုံဖြစ်ခဲ့။ ယခုတစ်ခါ ဆုံမိကြပြီဆိုပြန်တော့ အစဉ်အဆက်ဆို သလို ဆုံဖြစ်လာသည်။

ကျွန်တော်တို့ ချစ်သူဘဝ ကျရောက်ခဲ့သည်။

ကျွန်တော် မေးခဲ့မိသည်။ ကျွန်တော်နှင့် နီးလ်တို့ ချစ်နေကြသည့်အကြောင်း အဘွားကြီးသိသွားလျှင် မဆူပေဘူးလားဟူ၍။ နီးလ်က ပြန်ဖြေသည်။

"ဟင့်အင်း၊ သူဆူမှာမဟုတ်ပါဘူး။ သူက ကျွန်မရဲ့အဒေါ်လည်းမဟုတ်ပါဘူး။ ကျွန်မအဒေါ်က မန်ချက်စတာမှာ။ ဒီမှာ ကျွန်မက အိမ်ဖော်ပဲ" ကျွန်တော်သည် ရှုပ်ထွေးသောအတွေးကို တွေးမိသည့်အတွက် မိမိကိုယ်ကိုယ်သာ အပြစ်ဆိုမိသည်။ နီးလ်သည် လမ်းကို အထက်မှသည် အောက်အထိကြည့်သည်။ တစ်စုံတစ်ယောက်ကို ရှာဖွေနေသလို ဖြစ်သည်။

"ကျွန်မ သူ့ကိုပြောပြီးပါပြီ။ သူ စိတ်မဆိုးပါဘူး" "ဘယ်သူလဲ၊ မင်းလုပ်နေတဲ့ အလုပ်ရှင်ကိုလား"

"မဟုတ်ဘူး၊ ကျွန်မရဲ့အဒေါ် မေရီကို၊ မန်ချက်စတာက မေရီလေ။ ကျွန်မ သူ့ကို အကုန်လုံးဖွင့်ပြောလိုက်တယ်"

ကျွန်တော်က သူမအား အပြင်သို့လိုက်ခဲ့ဖို့ ခေါ်သောအခါ နီးလ် မှာ စိတ်ပြောင်းသွားသည်။ သည်အပြုအမူကို သူမ၏ မန်ချက်စတာမှ အဒေါ်မေရီကော အလုပ်ရှင် မစ္စက်မာရီကပါ သဘောတူလိမ့်မည်မဟုတ် ဟု ဆိုသည်။

အစပိုင်းရက်များက သည်အတိုင်းသာဖြစ်သည်။ မန်ချက်စတာ မှာရှိသော နီးလ်၏ အဒေါ်သည် နီးလ်စိတ်ထင်တိုင်း ဘာတစ်ခုမျှ လုပ်ခွင့် မပြု။ သည်အကြား အိမ်ရှင်မစ္စက်မာရီက ရှိသေးသည်။

ကျွန်တော် တစ်စုံတစ်ခုပြောဆိုသောအခါ သူမ၏အဒေါ်နှစ် ယောက်နှင့် ပထမ တိုင်ပင်ရသေးသည်။ ပြီးမှ အဆုံးအဖြတ်ကျလာလေ့ ရှိသည်။ နီးလ်မှာ ဟိုငဲ့ရ သည်ငဲ့ရနှင့်။

သူမ၏အသက်ကို ကျွန်တော် စစ်ကြောမကြည့်ခဲ့ပါ။ အမြင်အား ဖြင့် သူမသည် အရုပ်ပုပုပျပ်ပျပ် တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ ကြော့ ကြော့မော့မော့ရှိသည်။ ရံခါ ကျောင်းသူကလေးတစ်ယောက်လို ညင်ညင် သာသာ လှုပ်ရှားလေ့ရှိသည်။ ရံခါတွင်မူ သူမမှာ အသိရခက်သော မိန်းမ ကြီးတစ်ယောက်လို ဖြစ်သည်။ သူမ ပြုံးသောအခါ နှုတ်ခမ်းထောင့်ကွေး တွင် မယုံသင်္ကာရှိမှုတွဲခိုနေတတ်သည်။ ထိုအခါ သူမ၏အသက်မှာ သုံးဆယ်ဝန်းကျင်ဟု ထင်ရတတ်သည်။ သူမကိုယ်တိုင်ကလည်း နာရီနှင့် အမျှ ပြောင်းလဲတတ်ပါသည်ဟု ဝန်ခံသည်။

အဆုံးတွင်မူ သူမသည် ကျွန်တော်နှင့် ရုပ်ရှင်လိုက်ကြည့်ရန် သဘောတူလိုက်သည်။ သို့သော် မစ္စက်မာရီထံ ဦးစွာအခွင့်တောင်းရဦးမည်ဖြစ်ပါသည်။

မစ္စက်မာရီမှာ သင်္ဘောကြီးတစ်စင်းနှင့်တူသည်ဟု ကျွန်တော် မှတ်ချက်ချမိသည်။ ထမင်းစားခန်းထဲတွင် ကြာရှည်စွာ ထိုင်လေ့ရှိသည်။

ပက်လက်ကုလားထိုင်မှာဆိုလျှင် ကျောက်ချထားသလို မြဲနေတတ်သည်။ မစ္စက်မာရီက ကျွန်တော့်အကြောင်း စေ့ငုသည်။ ကျွန်တော့်မိဘ၊ ကျွန်တော့်အမေ၊ ကျွန်တော့်အလုပ်အကိုင် စသည်ဖြင့် ဖြစ်သည်။

နီးလ်သည် လိမ္မာသော မိန်းကလေးဖြစ်သည်။ စကားနည်းသည်။ ထို့ကြောင့် အပြင်ထွက်၍ လည်ပတ်ဖို့သင့်ပါမည်လားဟု သူမ ထင်နေ ကြောင်း ပြောပြသည်။

"နီးလ်ဟာ မိဘမဲ့တစ်ယောက်ပါပဲ။ ဒါကို မောင်ရင်သိပြီးရောပေါ့။ သူ့ကို သူ့အဒေါ်က ကြီးပြင်းတဲ့အထိ မွေးလာခဲ့တယ်။ ဂရုတစိုက်နဲ့ ဗိုင်း ကောင်းကျောက်ဖိ မွေးခဲ့တာပါ။ မန်ချက်စတာကအဒေါ်လေ" အမျိုးသမီးကြီးက ဆိုသည်။

သို့သော် နီးလ်အား အပြင်ထွက်လည်ခွင့်ပေးလိုက်သည်။ ကျွန် တော်၏ သိက္ခာတရားကို လေးစား၍ ဖြစ်ကောင်းဖြစ်မည်။

နီးလ်နှင့်အတူ အပြင်သို့ထွက်လာခဲ့သောအခါ ကျွန်တော်တို့အပါး မှာ အဒေါ်မေရီ ပါပါလာဖို့သည်သို့ စိတ်မှာခံစားရသည်။ ရုပ်ရှင်ရုံအတွင်း ဝင်ထိုင်သောအခါတွင်လည်း အနီးအပါးမှ ထိုင်ခုံတွင် သူမရှိနေသလို ခံစားရသည်။

ရုပ်ရှင်ပြီးသောအခါ ဆိုင်တစ်ဆိုင်သို့ ဝင်ကြသည်။ နီးလ်သည် ကိုယ်ရုံအင်္ကျီကိုချွတ်လိုက်သည်။ ထိုအခါ သူမမှာ လက်ဝတ်ရတနာများ ရှိနေသည်ကို တွေ့ ရသည်။

"အဒေါ်မေရီက ဆင်ထားတာလား"

ကျွန်တော် မေးမိသည်။

"ဒါပေါ့၊ အဒေါ်မေရီ ဆင်ထားတာပေါ့' "

သူမက ဂုဏ်ယူသလိုဆိုသည်။ သူမ၏လေသံမှာ ညင်သာပျော့ပါးသည်။ ရှေ့ခရီးကို ကျွန်တော် မည်သို့လျှောက်လှမ်းမည့်အကြောင်း ပြတ် ပြတ်ထင်ထင် မြင်မိသည်။

သူမအဒေါ်နှင့် ကင်းကွာသောအရာဟူ၍ မရှိသလောက်ဖြစ်သည်။ စကားပြောလျှင် သည်အကြောင်းပါမြဲ။

သူမသည် အိမ်ကြီးအိမ်ကောင်းနှင့်နေသည်။ အိမ်ရှေ့မှာ ဘဲဥပုံ မြက်ခင်းရှိသည်။ ခြံဝိုင်းအတွင်းမှာပင် ဆွေတော်မျိုးတော်၏ သင်္ချိုင်းမြေ ရှိသည်။ စသည်ဖြင့် နီးလ်က ပြောသည်။

"ခြံရဲ့အဆုံးမှာ ဒီအိုဒါ ရှိတယ်"

"ဘာလဲဟင် ဒီအိုဒါဆိုတာ"

"သစ်ပင်တစ်မျိုးပါပဲ၊ အနံ့အသက်ဆိုးတွေကို ပျောက်စေတယ်။ နွေရာသီမှာဆို အဒေါ်ဟာ အဲဒီအပင်အောက်မှာ ကွပ်ပျစ်အခင်းခိုင်းပြီး ကျွန်မကို ပြင်သစ်ဘာသာသင်ပေးတယ်"

ထို့ကြောင့် နီးလ်သည် ပညာတတ်တစ်ယောက်ဖြစ်ကြောင်း သိ

သာစေသည်။

သို့သော် သင်တွေးသလိုပင် ကျွန်တော် တွေးနေမိပါသည်။

အကယ်၍ နီးလ်၏အဒေါ်သာ သူမပြောသလို ချမ်းသာကြွယ်ဝသည်။ အထက်တန်းစားဖြစ်သည်ဆိုပါလျှင် နီးလ်ကဲ့သို့ ပညာတတ်တစ် ယောက် အဘယ်ကြောင့် အိမ်ဖော်မိန်းကလေး ဖြစ်လာရလေသနည်း။ လက်လုပ်လက်စား လူတန်းစားဖြစ်လာရလေသနည်း။

သည်အကြောင်းကို ကျွန်တော် မစပ်စုဘဲမနေနိုင်ခဲ့။

"မှန်ပါတယ်၊ မေးမယ်ဆိုလည်း မေးလောက်စရာပါပဲ။ ကျွန်မတို့ မှာ အဖြစ်ဆိုးတွေရှိခဲ့တယ်"

"ဒုက္ခသုက္ခထဲကို နီးလ် ကျရောက်ခဲ့တယ်ဆိုပါတော့"

"အမှန်ပါပဲ၊ သူ့ယောက်ျားကြောင့်ပါ"

အဒေါ်မေရီတွင် ယောက်ျားရှိသည်။ လက်ထပ်ခဲ့သည်ဟု နားလည် ရသည်။ သူမ လက်ထပ်ခဲ့သည်မှာ နှစ်နှစ်မျှသာရှိသေးကြောင်း သိရသည်။ "အသက်အရွယ် ခပ်ကြီးကြီးမုဆိုးဖိုတစ်ယောက်ပါပဲ" နီးလ်က မှတ်ချက်ချသည်။

"ဘယ်လိုအဖြစ်ဆိုးတွေလဲ နီးလ်ရယ်"ဟု ကျွန်တော်မေးသောအခါ "အိုရှင် ဒါတွေက ကိုယ်ရေးကိုယ်တာကိစ္စတွေပါ"

နီးလ်သည် ဒေါသဖြစ်လာသလို လက်ကိုဇွေ့ယမ်းလိုက်သည်။ ထိုခဏ၌ ကျွန်တော် သူမ၏လက်များကို မြင်တွေ့ လိုက်ရသည်။ ကျွန်တော့်စိတ်၌ ထင်ထားမိသည်မှာ သူမတွင် ပြည့်တင်းသန်မာသော လက်များရှိလိမ့်မည်ဟူ၍ပင်။ သို့သော် သူမ၏လက်မှာ သေးငယ်၍ တုတ် တိုသည်။

ကျွန်တော် သူမ၏လက်များကို စိုက်ကြည့်နေကြောင်းတွေ့ ရသည့် အခါ လက်များကို ရုတ်တရက် ဝှက်လိုက်သည်။ လက်ချောင်းများကို လက်သီးဆုပ်အဖြစ် ကွေးပစ်လိုက်သည်။

သူမတွင် အောက်တန်းကျသော အကျင့်ဆိုးရှိကြောင်း ကျွန်တော် မြင်လိုက်ရပါပြီ။ လက်သည်းများကို သွားဖြင့် ကိုက်ထားတတ်ခြင်းမျိုး ဖြစ်သည်။

သူမအား အိမ်သို့ခေါ်လာပြီး အမေ၊ အစ်မတို့နှင့် ဆုံပေးမိသော အခါ ယင်းအကြောင်းကို ကျွန်တော်သတိရနေသည်။

"အဒေါ်မေရီရဲ့ အမွေတွေအကြောင်းတွေပြီး တစ်နေကုန် အိပ်ရာ ထဲ လှဲနေမယ့် မိန်းမမျိုးပါလား "

ကျွန်တော့်အစ်မက မှတ်ချက်ချသည်။ သူတို့က နီးလ်၏အထက် တန်းလွှာဆန်သော လေယူလေသိမ်းကို မနှစ်ခြိုက်ကြပေ။

ကျွန်တော်က အခင်မင်ဆုံးဖြစ်သော ပလူရှိုင်းအား နီးလ် အကြောင်း၊ သူမ၏အဒေါ် မေရီအကြောင်း ပြောပြကာ သူ၏ထင်မြင်ချက် ကို မေးကြည့်မိသည်။"နီးလ်မှာ အကြောင်းတစ်စုံတစ်ခု ရှိမယ်လို့ မောင်ရင်ထင်သလား၊ အဲဒါကို လျှို့ဝှက်တဲ့အနေနဲ့ မစ္စက်မာရီဆီမှာ

အလုပ်ဝင်လုပ်ရင်း လျှိုနေ တယ်လို့ မထင်မိဘူးလား”“အင်း ဖြစ်နိုင်တာတစ်ခုကတော့ သူ့အဒေါ်ရဲ့ယောကျ်ား မုဆိုးဖို ကြောင့်နေမှာပါပဲ”

“ဘာကိုဆိုလိုတာလဲ ဟင်”

“သူ့အဒေါ်ဟာ အသက်ကြီးကြီး အရုပ်ဆိုးဆိုး မိန်းမကြီးတစ် ယောက်ဖြစ်ကောင်းဖြစ်လိမ့်မယ် ဂျင်”

သည်အကြောင်း ကျွန်တော် နီးလ်အားမေးသောအခါ “တခြားအကြောင်းတော့ မရှိပါဘူး။ သူက အဒေါ်အနေနဲ့ ကျွန်မ ကို ကျွေးမွေးပေးကမ်းနေတာ မနာလိုဘူး။ သူ့မှာ သားနှစ်ယောက်လည်း ပါလာတယ်လေ။ ဒီအခြေအနေကို သည်းမခံနိုင်လို့ ကျွန်မ အဒေါ်ဆီက ထွက်လာခဲ့တာပဲ”

“အဲ့ဒီမုဆိုးဖိုရဲ့နာမည်က ဘာလဲ”

“မောင် ဘာလုပ်ဖို့မေးတာလဲ၊ ကိုယ့်ဒုက္ခကိုယ် မရှာချင်စမ်းပါနဲ့” “ဘာကြောင့် ကိုယ့်ဒုက္ခ ကိုယ်ရှာရမှာလဲ”

“မသိနိုင်ဘူးလေ၊ နာမည်တွေဘာတွေမေးပြီး တစ်နေ့သူ့ကိုသွား တွေ့ ၊ ခိုက်ရန်ဒေါသဖြစ်၊ အို ကျွန်မ နောက် ဒီအကြောင်းမပြောတော့ဘူး” “ကောင်းပြီ ဒါဆိုရင် နောက်နောင် အဒေါ်မေရီရဲ့အကြောင်း ကိုယ် မကြားပါရစေနဲ့။ ကိုယ်နဲ့မင်းအကြောင်းပဲ ကြားပါရစေ။ ကိုယ်တို့ လက် ထပ်ကြရအောင်နော်”

သည်စဉ်က နီးလ်၏မျက်နှာတွင် ကျွန်တော်သည် သူမထံမှ တစ်စုံ တစ်ရာကို လုယူသွားသလို ခံစားနေရကြောင်း တွေ့ ရသည်။ သူမသည် ထိုင်ရာမှ ထရပ်လိုက်သည်။ ကျွန်တော့်ရှေ့မှ လျှောက်သွားသည်။ လမ်းမှာ မှောင်နေသည်။ သူမစကားတစ်ခွန်းမျှ မဆိုခဲ့လေတော့။ သူမအား ထွေး ပွေ့လိုက်သောအခါ ကျွန်တော်၏လက်များကို ဖယ်ရှားပစ်သည်။

နောက်တစ်နေ့ နံနက်ရှစ်နာရီခန့်တွင် သူမ ကျွန်တော်တို့အိမ်ရှေ့ သို့ ရောက်လာသည်။ ကျွန်တော်က ခြံတံခါးပေါက်ဝတွင် သူမကို ထွက် ၍ကြိုသည်။

သူမသည် ကျွန်တော့်ရင်ခွင်ထဲသို့ ပြေးဝင်လာသည်။ ကျွန်တော့် ကိုယ်ကို ဖက်ထားသည်။ သူမ ငိုကြွေးလျက်ရှိသည်။

ကျွန်တော်က သူမကို့အိမ်အတွင်းခေါ်လာပြီး ဧည့်ခန်းတွင် ထိုင် ခိုင်းသည်။ စိတ်အေးအေးထားဖို့ပြောသည်။

“သူ သေပြီ၊ အဒေါ်မေရီလေ။ သူ အသက်ရှင်နေတယ်လို့ မောင့်ကို ညာပြီးပြောခဲ့တာပါ။ သူ မနှစ်ကဆုံးခဲ့တာပဲ။ ကျွန်မအနေနဲ့ သူဆုံးပြီ ဆိုတာကို လက်မခံချင်ဘူး။ သူ ရှိနေသေးတယ်လို့ပဲ ထင်ထားချင်တယ်။

ကျွန်တော်က သူမကို နှစ်သိမ့်ရပါသည်။

သူ ကျွန်မကို လူလားမြောက်အောင် ပြုစုပျိုးထောင်ခဲ့တာပါ။ သူ သေခဲ့ ပါပြီ။ ငွေတွေရော၊ ပစ္စည်းတွေကိုပါ သူ့ယောကျ်ားလက်ထဲ ထည့်ထား ခဲ့တယ်။ ကျွန်မမှာ အမေလည်းသေပြီ၊ အဒေါ်မေရီလည်းသေပြီ။ ကျွန်မ

ဘယ်လိုခံစားရမလဲဆိုတာ မောင် နားလည်နိုင်မှာပါ”

“ကိုယ်ရှိနေပြီပဲကွယ်၊ အားလုံးကို မေ့ထားလိုက်တော့နော်”

သူမ ကျွန်တော့်လက်မောင်းများအကြားမှာ အားရအောင်ငိုသည်။ ထို့နောက် ပလူရှိုင်းရောက်လာသည်။ ကျွန်တော့်အဖေနှင့် အမေတို့ ရောက်လာသည်။ သည်အခါတွင်မူ နီးလ်မှာ ရယ်မောနိုင်စွမ်း ရှိနေခဲ့ ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ အဒေါ်မေရီအကြောင်းကို ဇာတ်ကြောင်းပြန်ကြသည်။ ထိုအခါ ပလူရှိုင်းက

“နောက်ထပ် မိန်းမငယ်ငယ်လိုချင်လို့ မုဆိုးဖိုကြီးက အဒေါ်မေရီ ကို သတ်လိုက်တာပဲဖြစ်ရမယ်”

ထိုအခါ အမေက ပလူရှိုင်းကို ဝင်၍ဟန့်တားသည်။ “တိတ်တိတ်နေစမ်း ပလူရှိုင်း။ မိန်းကလေးခမျာ သိပ်ပြီးစိတ်ဓာတ် ကျနေရှာတယ် “စိတ်မပူပါနဲ့ အမေရဲ့၊ ကျွန်တော်က အဒေါ်မေရီကို သဘောကျ နေတာပါ ” ထို့နောက် နီးလ်ဘက်သို့လှည့်၍ “ဒီမယ် နီးလ်၊ အခုအခါက စပြီး တို့အားလုံးကို မင်းရဲ့အဒေါ်မေရီလို သဘောထားနိုင်ပါတယ်”ဟု ပြောလိုက်သည်။

အဖြစ်မှာ သည်မျှသာဖြစ်ပါသည်။ အဒေါ်မေရီ နောက်တွင်ကျန်ခဲ့ပါပြီ။ သူမ၏ခင်ပွန်း မုဆိုးဖို ဘယ်သို့ ရွှေ့ပြောင်းသွားသည်၊ ဘာတွေလုပ်နေသည်ဆိုခြင်းကို ကျွန်တော်တို့ မစဉ်းစားကြတော့။

နီးလ်နှင့် ကျွန်တော်တို့ လက်ထပ်လိုက်ကြသည်။ ကိုယ့်ဘဝနှင့်ကိုယ်။ ကိုယ့်အကြောင်းနှင့်ကိုယ်။

စနေနေ့ညနေပိုင်း။

ကျွန်တော် လည်ဆွဲကိုကောက်ရခဲ့ပြီးနောက် မိုးတိတ်သွားသည်။ အားကစားကွင်းသို့ ရောက်သွားသောအခါ ကျွန်တော်တို့တွင် အခြေအတင်ငြင်းခုံစရာ အများအပြားရလာသည်။ ၎င်းမှာ မည်သို့မည်ပုံ ကစားကြမည်ဆိုခြင်းနှင့် ပတ်သက်သည်။ ပွဲကြည့်ပရိသတ်မှာ ထင်သည် ထက် များနေသည်။

စတင်ကစားကြသောအခါတွင်လည်း မည်သည့်ဘက်ကို အားပေး ရကောင်းမှန်းမသိ ဖြစ်နေသည်။ အခြေအနေကို ကြည့်ပါဦး။

ကွင်းမှာ ချော်နေသည်။ ကြံ့ခိုင်သောလူရွယ်အချို့ပင် အလိုလိုနေ ရင်း တဘိုင်းဘိုင်းလဲကျနေသည်။ ဘော်လုံးကို ကန်လိုက်ပြီဆိုပါစို့။ ကန် ပြီးသည်နှင့် တစ်ပြိုင်နက် မြေပေါ်မှာ ပက်လက်လန်လဲကျ ကျန်ရစ်သည်။ ပရိသတ်မှာ ရယ်မော၍မဆုံး။

ပလူရှိုင်းနှင့် အခြားကစားသမားသုံးယောက်မှာ ဟုပ္ပလေဂိုးစည်း အတွင်း အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်သွားကြသည်။ ဟုပ္ပလေဂိုးသမား ထွက်လာသည်။ သူသည် ဦးစွာ ပလူရှိုင်းနှင့် ရင်ဆိုင်တိုးမိလေသည်။

သူတို့ ခေါင်းချင်းဆိုင်မိကြသည်။ သစ်သားနှစ်စ ရိုက်ခတ်သံလို အသံမျိုးကို ကွင်း၏နောက်ဆုံးတန်းကပင် ကြားရသည်။ ပလူရှိုင်းမှာ လဲကျကျန်ခဲ့ပြီး အတန်ကြာသတိမေ့နေသည်။

ဤသည်မှာ ပွဲပြီးသည်နှင့်တစ်ပြိုင်နက် အဘယ့်ကြောင့် အိမ်သို့ ပြန်မရောက်ဘဲ ဆရာဝန်ထံ ရောက်ခဲ့ရသောအကြောင်းဖြစ်သည်။ ပလူ ရှိုင်းသည် အခါတိုင်းကလို အိမ်သို့လိုက်ပါလာကာ ကော်ဖီသောက်ရင်း ဘောလုံးပွဲအကြောင်း အားပါးတရ ဇာတ်ကြောင်းမပြန်နိုင်ခဲ့သည့် အကြောင်း ဖြစ်သည်။

အိမ်သို့ ကျွန်တော် အထီးတည်းပင် ပြန်လာခဲ့သည်။

နီးလ်မှာ ပြောင်းလဲလျက်ရှိပါသည်။

မီးပူတိုက်၍ ပြီးခဲ့ပြီး အပြာရောင်ဝတ်စုံကို ဝတ်ထားသည်။ ဆံပင် ကိုလည်း အကျအနထုံးဖွဲ့ထားသည်။

ကျွန်တော်ဆိုလိုသည်မှာ သည်အပြောင်းအလဲများ မဟုတ်ပါ။

သူမသိပ်ပြီး ရယ်မောလေ့မရှိခဲ့။ ယခုမူ ရယ်မောပြီး ကျွန်တော့် အပါးသို့ ကပ်လာသည်။ ချစ်စဖွယ်မျက်နှာပေးရှိသည်။ ကျွန်တော်က ကံဆိုးသူ ပလူရှိုင်းအကြောင်း ပြောပြစဉ်မှာပင် သူမ၏မျက်နှာမှာ ဝမ်း နည်းသောအရိပ်အယောင်ကို မတွေ့ရ။ သူမ အငြိမ်အသက်လည်း မနေ။ ကျွန်တော် လက်ဖက်ရည်သောက်ရန် စားပွဲ၌ ဝင်ထိုင်လိုက်သောအခါ ကျွန်တော့်အား ကြောင်ကလေးတစ်ကောင်လို ပွတ်သီးပွတ်သပ်လုပ်နေသည်။

ကျွန်တော်က ဘောလုံးပွဲအကြောင်း ပြောပြနေစဉ်မှာလည်း သူမ သည် ဝင်၍နှောင့်ယှက်သည်။ ပန်းကန်တွေ ဟိုရွှေ့သည်ရွှေ့လုပ်သည်။ ပြီးမှ "ကန်တော့နော်၊ မောင့်ကို ကျွန်မချစ်ပါတယ်"ပြောတတ်မြဲ။ ကျွန်တော် ဘောလုံးပွဲအကြောင်း ဆက်ပြောသည်။ သူမက ကြား ဖြတ်ပြီး

"မောင် တစ်ခုခုကို မေ့နေတယ်မဟုတ်လားဟင်"

သူမ ပြုံးနေသည်။ ပြည့်ပြည့်ဝဝကြီး ပြုံးနေခြင်းဖြစ်သည်။ မျက်ဝန်းများကပါ ပြုံးနေသည်ထင်ရသည်။ သည်အပြုံးမျိုးကို သူမမျက်နှာ၌ ယခင်က မမြင်ရတတ်။ သူမသည် အစဉ်သဖြင့် လျော့ရဲရဲသာပြုံးတတ်မြဲ။ "ကိုယ် စက်ဘီးကို မေ့ထားရစ်ခဲ့မိပြန်ပြီလား"

ကျွန်တော့်တွင် သွားလေရာ စက်ဘီးမေ့ထားရစ်သော အကျင့်ရှိသည်။

"စဉ်းစားပါဦးလေ"

သူမက ပြောသည်။

အပြုံးသည် ပျောက်လွင့်သွားပေပြီ။

"စဉ်းစားလို့မရဘူး ဟုတ်လား"

သူမ၏အသံက မာလာသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားခြင်းဖြစ်သည်။ အိပ်ခန်းအတွင်း သို့ ဝင်သွားသည်။

သူမ ပြန်ထွက်အလာကို စောင့်သည်။ ပြန်ထွက်မလာသောအခါ

ကျွန်တော်က လှမ်းအော်လိုက်မိသည်။

"ကိုယ့်ကို လက်ဖက်ရည်ထပ်ပေးပါဦးကွာ"

သူမထံမှ အဖြေမရ။ ကျွန်တော်သည် ကုလားထိုင်ကို တွန်းထုတ် ပြီး ထိုင်ရာမှထလိုက်သည်။ အိပ်ခန်းအတွင်း ဝင်လိုက်လာခဲ့သည်။

အခန်းအလယ်တွင် သူမ တောင့်တောင့်ကြီးရပ်နေသည်။ ကျွန် တော့်ကို ကျောပေးရပ်နေသည်။ လက်နှစ်ဖက်ကို ဘေးမှာချထားသည်။

သူမ ဘာတွေးနေသည်ကို ကျွန်တော် မသိနိုင်ပါ။ လက်ထပ်ပြီး နောက် မကြာခဏဆိုသလိုပင် သူမကို သည်အနေအထားနှင့် တွေ့ ရတတ်သည်။ စိတ်တိုင်းမကျသည့်အခါများတွင် သည်အပြုအမူမျိုးကို ပြုမူတတ် လေ့ရှိသည်။ ထိုအခါမျိုးတွင် ကျွန်တော် အကြီးအကျယ်စိတ်ပျက်ရ တတ်သည်။သို့ပေမဲ့ သည်တစ်ကြိမ်တွင်မူကား ထိုသို့မဟုတ်ပါ။သူမ သည်ဘက်သို့ လှည့်လိုက်သောအခါ မျက်နှာမှာ ပြုံးနေ ကြောင်း တွေ့ ရပါသည်။သူမသည် ပုလဲလည်ဆွဲကို ဝတ်ဆင်ထားလျက်ရှိချေသည်။မိန်းမများ အဝတ်သစ် အစားသစ် တစ်စုံတစ်ရာ ဝတ်ဆင်ရပြီဆိုသောအခါ သူတို့အသွင်အပြင်မှာ ကြီးကျယ်ပြီး အင်အားရှိနေသလို ထင် ရသည်။ အရာရာကို လွှမ်းမိုးထားသလို ထင်ရသည်။ အသက်ဆယ်နှစ် ထက်မနည်း ပို၍ကြီးနေသယောင် ထင်ရသည်။ဤသည်ကို ကျွန်တော် မနှစ်ခြိုက်နိုင်ပါ။

ပုလဲလည်ဆွဲသည် နီးလ်၏လည်ပင်း၌ ထင်းနေသည်။

သူမနှင့်လက်ထပ်ပြီးနောက် ကျွန်တော် ဘာတစ်ခုမျှ မဆင်နိုင်ခဲ့ သည်ကို သတိရသည်။ ငွေပိုငွေလျှံ မခံနိုင်၍ ဖြစ်သည်။ ကျွန်တော် ချမ်း သာချင်သည်။ သူမအလိုရှိသမျှကို ပံ့ပေးလိုက်ချင်သည်။ သို့သော် ကျွန် တော့်တွင် ဆန္ဒသာရှိပြီး လက်တွေ့ မပါနိုင်ခဲ့။

ငွေတွေပုံပေးပြီး ရွှေဆိုင်၌ ကြိုက်ရာဝယ်ပေတော့ဟု ခွင့်ပြုချင်သည်။ လိုက်ပါမသွားလို။ ကျွန်တော်ကိုယ်တိုင်ကား ယင်းဆိုင်မျိုးကို ကျွန်တော် မုန်းတီးသည်။

သူမသည် ကျွန်တော့်ထံလျှောက်လာသည်။ သူမ၏မျက်ဝန်းများမှာ မျက်ရည်ကြည်ဖြင့် တောက်ပနေသည်ဟု ထင်သည်။ ထင်သည်ဟု သာ ကျွန်တော်ပြောပါသည်။ တကယ်ဟုမဆိုလိုပါ။"ကျွန်မကို မောင် မညာနဲ့နော်။ မောင်သိတဲ့အတိုင်း ညာတာကို ကျွန်မ မုန်းတယ်။ လည်ဆွဲဟာ မောင့်အိတ်ထဲကထွက်ကျလာတာပဲ။ မောင့်အင်္ကျီအိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ကျွန်မ မသိပါဘူး။ အင်္ကျီကို ဆွဲယူလိုက်ချိန်မှာ သူ့အလိုလိုထွက်ကျလာတာ။ ဟောဒီအိပ်ရာပေါ်ကို ပေါ့" သူမက အိပ်ရာကိုပြသည်။ ပုလဲလည်ဆွဲ ထွက်ကျခဲ့သည်ဆိုသောနေရာတွင် အမှိုက်သရိုက်အနည်းငယ် ကျန်နေသေးသည်။

အလိုလိုထွက်ကျလာသည်ဆိုသောစကားကို မယုံကြည်လှပါ။ လက်ထပ်ပြီးနောက် အိတ်များကိုနှိုက်၍ ရှာဖွေတတ်ကြသည်မှာတော့

ဇနီးသည်တိုင်းတွင် ရှိသည့်အကျင့်ပင်ဖြစ်သည်။ကျွန်တော်ပြောလိုက်ပါသည်။"ဒီမှာ နီးလ်၊ ဒါဟာ နီးလ်အတွက် ကိုယ့်ရဲ့လက်ဆောင်မဟုတ် ဘူး။ ကိုယ် ဒါကိုဝယ်လာတာမဟုတ်ဘူး။ ဒါကို ကိုယ် အလက်စတန် လမ်းထောင့်က အမှိုက်ပုံးထဲမှာ တွေ့ ခဲ့ရတာ။ အိမ်ကို ထမင်းစားပြန်တုန်း ကပေါ့။ ဒါကို မင်းအတွက်လို့ ထင်နေသလားဟင်'

"ကျွန်မအတွက်လို့ မထင်ရင် ဘယ်သူ့အတွက်လို့ ထင်ရမှာလဲ ဟင်။ လမ်းပေါ်က ကောက်ရတာဟုတ်စ"

"ဒါဟာ ဘယ်သူ့အတွက်မှ မဟုတ်ဘူး၊ ဘယ်သူ့ပစ္စည်းဆိုတာ လည်း မသိရသေးဘူး။ ကိုယ်တို့ ဒါကို ရဲစခန်းသွားပြီးရင် ကောင်းမယ် ထင်တယ်"

"ရဲစခန်း ဟုတ်လား"

နီးလ်က ထိတ်လန့်တကြား ရေရွတ်လိုက်သည်။"ဟုတ်တယ်၊ တစ်ယောက်ယောက် ကျွတ်ကျခဲ့တာဖြစ်မယ်"

သူမ၏မျက်နှာထားမှာ တင်းမာလာသည်။"ရှင် အလက်စတန်းလမ်းကို မရောက်ခဲ့ပါဘူး၊ ပလူရှိုင်းကို ရှင်ဟီး လမ်းကို ရောက်ခဲ့တဲ့အကြောင်းပြောတာ ကျွန်မအကြားသားပဲ" "ကိုယ်မပြောပါဘူး၊ ပလူရှိုင်းက ပြောခဲ့တာပါ" "ဟင့်အင်း၊ ကျွန်မကို အမှန်အတိုင်းပြောစမ်းပါ၊ ရှင့်ကိုကြည့်ရတာတစ်စုံတစ်ခုကို ဖုံးကွယ်နေချင်သလိုပဲ။ ဘယ်နေရာက ကောက်ရခဲ့ တာလဲ" "စိတ် အေးအေးထားစမ်း နီးလ်၊ ကိုယ်ပြောခဲ့ပြီကော။ ဒါကို ကိုယ် အလက်စတန်လမ်းထောင့်မှာရှိတဲ့ အမှိုက်ပုံးထဲက ရခဲ့တာပါလို့" "ဒါဖြင့် ဒီအကြောင်း ဘာလို့စောစောက ကျွန်မကို ပြောမပြခဲ့ သလဲ၊အိတ်ထဲမှာ ဘာလို့ဝှက်ထားခဲ့ရတာလဲ"

"ကိုယ်ဝှက်ထားတာ မဟုတ်ပါဘူး၊ ကိုယ် အိတ်ထဲကောက်ထည့် ထားခဲ့မိတာပဲ"

"မဟုတ်ဘူး၊ မှန်မှန်ကန်ကန်ပြောစမ်းပါရှင်" နီးလ် အော်လိုက်သည်။

"ကိုယ် အမှန်အတိုင်းပြောနေတာပါ၊ အဲဒါကို ပြန်ပေးဖို့ပိုင်ရှင်ကို လိုက်ရှာမလို့ပဲ။ ဒါပေမဲ့ သတိမေ့သွားတယ်။ ပိုင်ရှင်က အခုဆို နှမြော လို့ ငိုနေလောက်ပြီလို့ထင်တယ်။ ကိုယ် ဒီလိုထင်တယ် နီးလ်။ ကလေး တစ်ယောက်ယောက်ဟာ တန်ဖိုးမသိဘဲ ဒါကိုကစားဖို့ ယူလာပါလိမ့် မယ်။ အဲဒီနောက် ကလေးရဲ့ထုံးစံအတိုင်း အမှိုက်ပုံထဲမှာ ပစ်ထားခဲ့လိမ့် မယ်"

"ဟုတ်ရဲ့လား ဂျင်ရယ်၊ ရှင် ကိုယ်တိုင် ကောင်မလေးတစ်ယောက် ယောက်ဆီက ယူခဲ့တာလား၊ ဒါမှမဟုတ် ကောင်မလေးတစ်ယောက် ယောက်ကို လက်ဆောင်ပေးဖို့ ဝယ်လာတာကော မဖြစ်နိုင်ဘူးလား။ ဒါ ကြောင့် ရှင် ဝှက်ထားခဲ့တာမဟုတ်လား"

ယခုအခါ သူမ၏အသံမှာ ငိုသံပါလာသည်။

လည်ဆွဲကိုဖြုတ်ယူကာ အိပ်ရာပေါ်သို့ ပစ်တင်လိုက်သည်။

သူမ၏ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။ ခေါင်းအုံးကို ဖက်ကာ ငိုချလိုက်သည်။ သူမ၏ အစိမ်းရောင်အဝတ်မှာ လိပ်တက်နေသည်။ ထိုအခါ အကျည်းတန်သောခြေချောင်းများကို မြင်ရသည်။

ကျွန်တော့်အမေသည်လည်း သည်လိုပင် အိပ်ရာထက်မှာ ကိုယ်ကို ပစ်လှဲပြီး ငိုဖူးသည်။ ကျွန်တော့်အမေငိုသည်ကိုလည်း တွေ့ ရဖူးသည်။ ကျွန်တော့်အမေငိုစဉ်က ကျွန်တော် ငယ်ငယ်ကလေးပင်ရှိပါသေးသည်။ အဖေနှင့် အဆင်မပြေသော ကာလမှာဖြစ်သည်။ အမေက သူမစိတ်တိုင်းမကျသည့်အခါ ငိုလေ့ရှိသည်။

သူတို့သာ ငိုကြသည်။ ကျွန်တော့်ဇနီး သည်သို့ငိုရလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ခဲ့။ သည်အဖြစ်မျိုး မြင်တွေ့ ရလိမ့်မည်ဟု ကျွန် တော် မထင်ခဲ့။

ကျွန်တော့်စိတ်ထဲမှာ ပြောနေမိသည်။

“ဒါ ချမ်းသာကြွယ်ဝတဲ့ အဒေါ်နဲ့နေတဲ့ မိန်းကလေး။ သူ့အဒေါ်က ဒီအိုဒိုအပင်အောက်မှာ ကွပ်ပျစ်ခင်းခိုင်းပြီး ပြင်သစ်ဘာသာသင်ပေးခံရတဲ့ မိန်းမ။ သည်မိန်းမမျိုးလည်း သာမန်ပညာမဲ့မိန်းမတွေလို ငိုတာပါပဲ ကလား” ကျွန်တော်သည် ဘောလုံးပွဲကစားစဉ်ကကဲ့သို့ပင် အချိန်များ အမြန်ဆုံးကုန်ဆုံးသွားစေလိုလှသည်။ ပလူရှိုင်းရောက်လာစေလိုလှသည်။ “ကိုယ့်လက်ဖက်ရည်တွေ အေးကုန်ပြီထင်တယ်”

ကျွန်တော်က စကားမရှိ စကားရှာ၍ ဆိုလိုက်သည်။

သူမ ထထိုင်သည်။ ထို့နောက် မီးဖိုခန်းဆီသို့ လျှောက်သွားသည်။ လက်ဖက်ရည်အိုးကို ယူလာသည်။

ကျွန်တော့်ရှေ့ရှိ ပန်းကန်အတွင်း လောင်းထည့်ပေးပြီး ကျွန်တော့် ရှေ့မှာ ထိုင်လိုက်သည်။ လည်ဆွဲကို ဝတ်စားမထားသည့်အတွက် သူမ ကို ကျွန်တော် နှစ်ခြိုက်မိပါသည်။ သို့သော် သူမ၏ဝိုင်းစက်သောမျက်နှာ မှာ တင်းမာနေသည်။ အသားရောင်မှာ အနီဘက်သို့လုနေသည်။ သူမနှုတ် ခမ်းမှာ စေ့စပ်တင်းကျပ်နေသည်။ လည်ဆွဲကို ကောက်ယူပြီး သူမ၏ ပန်းကန်အနီးမှာ ချထားသည်။“ကိုင်း ပြောပါဦး”“ပလူရှိုင်းဟာ မတော်တဆ ထိခိုက်မိတယ်။ ခေါင်းကွဲသွားတယ်။ ခေါင်းချင်းဆိုင်ပြီးတိုက်မိတဲ့အသံကို အဝေးကြီးကတောင် ကြားရတယ်”

“အဲဒါကို ရှင် ပြောပြပြီးပါပြီ”

ပြောပြပြီးပြီဖြစ်ကြောင်း ကျွန်တော်လည်း အမှတ်ရသည်။

“ပြီးတော့ ဘာတွေထပ်ညာဦးမလဲ၊ အဝေးကြီးက ကြားရအောင် ညာပေတော့။ ကိုင်း ဆက်စမ်းပါ။ ပလူရှိုင်းသေပြီလား။ သူသေရင်လည်း ကျွန်မကတော့ ဝမ်းနည်းလိမ့်မယ်မဟုတ်ဘူး”“ဒုက္ခပါလား နီးလ်ရယ်” “ပလူရှိုင်း ညည်းသလို ဒုက္ခပါလား နီးလ်ရယ်’လို့ မညည်းစမ်းပါ နဲ့ရှင်။ ဒါ ဘယ်သူ့အတွက်လဲ၊ ဘယ်သူ့အတွက်ဝယ်လာခဲ့တာလဲ။ သူ့ နာမည် ဘာလဲ၊

ကျွန်မကို အမှန်အတိုင်းပြောပြစမ်းပါရှင်”

“ကိုယ်ပြောပြခဲ့ပြီးပြီကော”

သူမ အတန်ကြာ တိတ်ဆိတ်နေသည်။ အဝေးသို့ငေးနေသည်။ ပြီးမှ “အဒေါ်မေရီကတော့ရှင်နဲ့ပတ်သက်ပြီး သတိအပေးခဲ့သား” “တော်စမ်းပါ၊ မင်းရဲ့အဒေါ်မေရီက ကိုယ့်ကို တစ်ခါမှမြင်ဖူးခဲ့တာ မဟုတ်ဘူး။ ပြီးတော့ သူက သေလည်းသေဆုံးခဲ့ပြီမဟုတ်လား “သူမသေခင်က ပြောခဲ့တာပေါ့” "သည်မှာ အဒေါ်မေရီသည် ကျွန်တော်တို့ဘဝများအတွင်း ထပ်မံဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ မေ့ပျောက်ထားရာမှ ပြန်လည်အစဖော်လာခြင်းဖြစ်သည်။ အမေက ပြောဖူးသည်။ ရံခါသေဆုံးခဲ့ပြီးဖြစ်သော သူတို့ ပြန်လည်ရှင်သန်လာတတ်သည်တဲ့။ လူနှင့်ပတ် သက်၍ အစွန်းအစပြောမိဆိုမိခြင်းများကို ရည်ညွှန်းလိုဟန်တူသည်။

ကျွန်တော့်အဖို့မှာကား အဒေါ်မေရီသည် ငြီးငွေ့ဖွယ်ဖြစ်နေခဲ့ပြီ။ ဝန်တိုချင်စရာ ကောင်းနေသည်။

နီးလ်၏အသံ ထွက်ပေါ်လာသည်။ သည်အခါ ပျော့ပျော့ပျောင်း ပျောင်း ဖြစ်သည်။

“ဒီမှာ ဂျင်၊ ကျေးဇူးပြုပြီး ပြောစမ်းပါ။ ဒါ ဘယ်သူ့အတွက် ဝယ် လာခဲ့တာလဲ၊ ပြီးတော့ ရှင် ဘာလို့မနက်က အီးလမ်းကို သွားခဲ့တာလဲ”

ထို့ကြောင့် ကျွန်တော်တို့ လမ်စက်တန်လမ်းအကြောင်း ပြန် ကောက်ကြံရပြန်ပါသည်။ ပရိုမင်းနိတ်ရပ်ကွက်အကြောင်း အလက်စတန် လမ်းထောင့်အကြောင်း..

“ရှင် ဒါကို ကာလီဗာရတနာဆိုင်က ဝယ်လာတာမဟုတ်လား”

“ပထဝီပြန်သင်ဦး နီးလ်၊ ကိုယ် ကာလီဗာဆိုင်အနားတောင် မရောက်ခဲ့ဘူးဆိုတာ”

“ပြန်ကိုသင်ရဦးမယ်၊ ကျွန်မက အိမ်ထဲက တစ်ဖဝါးမှမခွာမိဘဲ ကိုး”

သူမ ရှိုက်နေသည်။

“ကျွန်မ ဒါတွေပဲလုပ်နေခဲ့မိတယ်။ အိမ်ထဲမှာထိုင်ပြီး တစ်နေ့ တစ်နေ့ ရှင် ဘယ်သွားတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာကိုပဲ မေးနေ မိတယ်။ ရှင်ကတော့ ပလူရှိုင်းလို မိန်းကလေးတစ်ယောက်ပြီးတစ်ယောက် လျှောက်တွဲနေတယ်ပေါ့လေ”

“မင်း သက်သက်ဝန်တိုမစ္ဆရိယဖြစ်နေတာပဲ”

“ဟုတ်တယ်၊ ကျွန်မ ဝန်တိုမစ္ဆရိယဖြစ်နေတယ်။ အဲဒီလိုဖြစ်ဖို့ အကြောင်းတွေကလည်း ရှိနေတာကိုး”

သူမ အော်ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏အသံမှာ ဒေါသကြီးသော ယောကျ်ားတစ်ယောက်၏အသံမျိုးဖြစ်နေသည်။

“ဒီမှာကြည့်စမ်း၊ နီးလ်”

ကျွန်တော်က လှမ်းပြောလိုက်သော်လည်း နီးလ်သည် ကျွန်တော့် ကို

မကြည့်။ အကြည့်ကို တခြားသို့လွှဲဖယ်ထားသည်။ ထို့နောက် တိုးတိတ်စွာ စကားဆိုနေသည်။ လည်ဆွဲကိုပြောနေခြင်းဖြစ်သည်။

" ဩော် .. မင်းကို ဂျင်က အမှိုက်ပုံးထဲက ကောက်ရခဲ့တာကိုး။ သနားစရာပါလားကွယ်။ ဒီလိုအဖိုးတန်ရတနာတစ်ခုကို လွှင့်ပစ်ရက်သူ လည်း ရှိသေးသကိုး"

ကျွန်တော် အခိုက်အတန့်တွင် ဘာမျှမပြောတတ်တော့ပါ။ နီးလ်က

"ဒီမှာကြည့်စမ်းပါဦး၊ သူ့ရဲ့ ချိတ်တွေကိုက တစ်ရာမက တန်ဖိုးရှိပုံရတယ် "

"ယူသွားစမ်းပါကွာ"

"ဟုတ်ကဲ့၊ ကျွန်မ ယူသွားမှာပါပဲ"

ကျွန်တော်သည် သူမနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"နီးလ်"

သူမ ကျွန်တော့်ကိုမော့ကြည့်သည်။ "လည်ဆွဲကို ဝတ်ကြည့်စမ်းပါဦး မိန်းမရယ်၊ မင်းနဲ့သိပ်လိုက် တယ်" ကျွန်တော့်အသံမှာ ကြေကွဲဟန်ပါနေသည်။

"မဝတ်ချင်ပါဘူး၊ ကိုယ့်ဥစ္စာမှမဟုတ်ဘဲနဲ့" "ဝတ်ကြည့်ပါ၊ မင်း ဝတ်ကြည့်ပြီးပြီပဲ။ ကိုယ်ကြည့်ပါရစေ။ နောက်ထပ်တစ်ကြိမ် ထပ်ကြည့်ပါရစေ"

ကျွန်တော် ခြောက်သွေ့ စွာရယ်မောလိုက်မိသည်။

"ဒါဟာ မင်းအတွက်ပါပဲ"

သူမ ရယ်စရာစကားများကို မနှစ်ခြိုက်ကြောင်း ကျွန်တော် ပြော ခဲ့ပြီးပါပြီ။ သူမ၏ မျက်ခုံးများ ပင့်တက်သွားသည်။ ကျွန်တော့်အနီးသို့ တိုးကပ်ကာ စေ့စေ့စပ်စပ်ကြည့်ရင်း-

"ဂျင်"ခပ်တိုးတိုးခေါ်သည်။

"ဒါကို ရှင် လမ်းပေါ်ကကောက်ရခဲ့တာဟုတ်ရဲ့လား။ ကျွန်မကို အမှန်အတိုင်းပြောစမ်းပါ။ ကျွန်မ ဘယ်သူ့မှလျှောက်မပြောပါဘူး"

"မင်းက ဘာကိုဆိုလိုတာလဲဟင်"

"ရှင် ဖောက်ထွင်းပြီးခိုးခဲ့တာများလား"

သူမက ကျွန်တော့်နားအနီးသို့ကပ်ကာ တိုးညင်းစွာပြောခဲ့ခြင်း ဖြစ်ငြားလည်း ကျွန်တော့်နားအတွင်းဝယ် သူမ၏အသံမှာ ကျယ်လောင် နေသည်။ ခါးသီးနေသည်။ တုန်လှုပ်ရပါသည်။

ပြီးလျှင် သူမက ကျွန်တော့်မျက်နှာပေါ်မှာ တစ်စုံတစ်ရာ သဲလွန်စ ပေါ်လာနိုးနှင့် စောင့်ဆိုင်းကြည့်နေသည်။ ကျွန်တော်တို့အကြားမှာ ကြာ မြင့်စွာ တိတ်ဆိတ်နေသည်။

ကျွန်တော်သည် လည်ဆွဲကို လှမ်းယူလိုက်သည်။

"ကိုယ် ဒီလည်ဆွဲကိုယူပြီး ရဲစခန်းသွားမယ်။ ကိုယ် သူခိုးမဟုတ် တဲ့အကြောင်း ကြေညာရမယ်"

သူမသည် လည်ဆွဲကို ဖျတ်ခနဲပြန်လုသည်။ ကြောင်တစ်ကောင် ၏ လျှင်မြန်မှုမျိုးဖြင့် ဖြစ်သည်။ ထို့နောက် ကျွန်တော်နှင့် ခပ်လှမ်းလှမ်း တွင် သွားရပ်နေသည်။

"ဘာလဲ ရှင်က ဆုငွေလိုချင်လို့လား"

သူမ၏မျက်ဝန်းများမှာ အရောင်တောက်နေသည်။ သားကောင်ကို မြင်ရသော ကြောင်တစ်ကောင်၏မျက်ဝန်းများ။

ကျွန်တော်ကလည်း လည်ဆွဲကိုလုသည်။ သူမကလည်း ပြန်လုသည်။ သို့ဖြင့် လည်ဆွဲသည် အပိုင်းပိုင်းပြတ်သွားသည်။ ပုလဲများထည့် ထားသော အိမ်ကလေးအတွင်းမှ ထွက်ကျသည်။ ကြမ်းခင်းကော်ဇောပေါ် မှာ ပြန့်ကျဲသွားသည်။

ကျွန်တော်တို့နှစ်ယောက်၏အဖြစ်မှာ စစ်အတွင်းတုန်းက လူမရှိသော လမ်းအတွင်း ဖောက်ထွင်း ဝိဇ္ဇာအချင်းချင်း ဆုံမိကြပုံမျိုးဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် လုယက်ကာ စားမာန်ခုတ်နေပုံမျိုးဖြစ်သည်။ နီးလ်သည် ကြမ်းပြင်ပေါ်တွင် ထိုင်လျက်သားရှိနေသည်။ ကျွန် တော်က အံဆွဲတွေအနီးမှာ ရှိနေသည်။ လူချင်းပူးကာ ဒူးချင်းထိနေသည်။ သည်အနေအထားဖြင့် ပလူရှိုင်းသည် ကျွန်တော်တို့နှစ်ယောက်ကို တွေ့သွားသည်။ သူ၏နဖူးတွင် ပတ်တီးစည်းထားသည်။ ကောက်ကွေ့သော သူ၏ဆံပင်အစပ်မှာ ဖြစ်ပါသည်။ ဟုပ္ပလီ ဂိုးသမားနှင့် ထိခိုက်မိ သည့် နေရာမှာဖြစ်သည်။

"ဝင်မလာခဲ့နဲ့"

နီးလ်က လှမ်းအော်သည်။

"ဒီအိမ်မှာ ထူးထူးဆန်းဆန်း တစ်ခုမဟုတ် တစ်ခုဖြစ်နေကျပါပဲလား"

ပလူရှိုင်းက မှတ်ချက်ချသည်။

"ရပ်နေပါဦး"

ကျွန်တော်တို့နှစ်ယောက်ကပင် လှမ်း၍တောင်းပန်ကြသည်။ "ဘုရားရေ ဘာတွေဖြစ်နေကြတာလဲ"

နီးလ်က အဖြစ်အပျက်ကို ပြောပြသည်။ ပလူရှိုင်းသည် ကျွန်တော် တို့နှစ်ယောက်အကြားတွင် လာရပ်သည်။

"ကောက်ရတယ် ဟုတ်လား၊ ဒီအကြောင်းကို ဂျင်က သူ့အချစ်ဆုံး သူငယ်ချင်းကိုတောင် ဖွင့်မပြောပါလား"

"ချိတ်ကလေးကို တွေ့ သလား"

နီးလ်က လှမ်းမေးသည်။ "ဟင့်အင်း နီးလ်ကော"

"ကျွန်မလည်း မတွေ့ဘူး" နီးလ်သည် ကြမ်းပြင်ပေါ်တွင် ပြန်ထိုင်ချပြီး ပုလဲများကို ပန်းကန် ပြားတစ်ချပ်အတွင်း ကောက်ထည့်နေသည်။

"ပြတင်းသန့်စင်ရေးသမားတွေရဲ့ ဇာတ်လမ်းတွေထဲမှာတော့ အဆန်းဆုံးဇာတ်လမ်းပဲ ဂျင်။ ပုလဲလည်ဆွဲကို အမှိုက်ပုံးထဲက ကောက်ရ တယ်

ဟုတ်လား”

ပလူရှိုင်းက ဆက်ပြောသည်။

“ဒီမှာ တိတ်တိတ်နေပြီး ကူရှာပေးပါဦး” နီးလ်က ပလူရှိုင်းကို လှမ်းအော်သည်။ ပလူရှိုင်းသည် ကြမ်းပြင်ပေါ်သို့ထိုင်ချလိုက်သည်။ “စိတ်ရှည်မှပေါ့ အမိရယ်၊ ဂျင် မင်းအဘိုးအိုချာလီကို အမှတ်ရ တယ်မဟုတ်လား ဟင်။ သူက ကနေရီငှက်ကလေးတွေလို လေချွန် ကောင်းတယ်လေကွာ။ ဟီးလမ်းအမှတ် နှစ်ဆယ့်ခုနစ်ကို သိတယ်မဟုတ် လား။ မင်းသိပါတယ်။ အဲဒီမှာ အဘိုးအိုချာလီ အလုပ်လုပ်နေတုန်းက ပေါ့။ ပထမထပ်မှာတုန်းက သူ လေကလေးတချွန်ချွန်နဲ့ပါပဲ။ ဒုတိယထပ်၊ တတိယထပ်၊ သူ အသက်ရှူမြန်လာတယ်။ လေချွန်တာ ရပ်သွားတယ်။ ဘာကြောင့်လဲ သိလား။ ပြတင်းပေါက်က လှမ်းမြင်လိုက်ရတဲ့ စိန်လက် စွပ်ကြောင့်ပေါ့။ အဲဒါကို သူ လှမ်းဆွဲလိုက်တယ်။ သူ မမီခဲ့ပါဘူး။ သူ ဘာဖြစ်သွားတယ်ထင်သလဲ ဂျင်။ သူ လှေကားနဲ့အတူ ပြုတ်ကျသွားခဲ့ တယ်။ ဆေးရုံမှာ သုံးပတ်ကြာနေပြီးတော့”

“ရှာစမ်းပါဦးကွာ”ကျွန်တော်က ပလူရှိုင်းကို လှမ်းငေါက်လိုက်ပြီး “ချိတ်ကိုရှာ တွေ့လား နီးလ်”

“ကျွန်မ ရှာနေတာပဲ”

“ကိုယ် အလုပ်လုပ်တဲ့အခါမှာ အမြဲသီချင်းဆိုနေခဲ့တာပဲ။ ဘယ်တော့မှ ရပ်နားတယ်လို့မရှိခဲ့ဘူး။ အလုပ်နားတော့မှ သီချင်းဆိုရပ်တယ်။ ကိုယ် သီချင်းဆိုသရွေ့ ဘယ်သူကမှ ကိုယ် တစ်စုံတစ်ခုကို တိတ်တဆိတ် ကြံနေတယ်လို့ မထင်မိအောင်ပေါ့ကွာ”

“ဟောသည်မှာ ချိတ်ကလေးတွေ့ပြီ”နီးလ်က ချိတ်ကလေးကို ပန်းကန်ပေါ်ကောက်တင်လိုက်သည်။ ပန်းကန်မှာ ပုလဲများဖြင့် ပြည့်မောက်နေသည်။

သည်နောက်မှာတော့ ကျွန်တော်တို့ လည်ဆွဲနှင့်ပတ်သက်၍ အချိန်ကြာမြင့်စွာ ဆွေးနွေးကြသည်။ တိုင်ပင်ကြသည်။ ကျွန်တော့်အလို အားဖြင့် လည်ဆွဲကို ရဲစခန်းသို့ယူသွားပြီး ပေးအပ်ထားလိုချင်သည်။ ပိုင်ရှင်ကို ကြေညာ၍ ခေါ်ယူချင်သည်။ သည်မျှတန်ဖိုးရှိသော ရတနာ ပစ္စည်းကို အိမ်တွင်မထားချင်။ ကာလီဇာတွင် သွား၍အပ်ထားလျှင် ရနိုင်သော်လည်း ကာလီဇာမှာ တနင်္လာနေ့အထိ ဖွင့်လိမ့်ဦးမည်မဟုတ်။ ကျွန်တော်တို့သည် ရဲစခန်းသို့လည်း မသွားဖြစ်။

ဒါပေမဲ့ ပလူရှိုင်းက သက်သေအဖြစ် ရှိနေပြီပဲ။ သူက ကောက်ရ ခဲ့တဲ့အကြောင်း သက်သေခံပါလိမ့်မယ်။ မတော်တဆ ပြုတ်သွားတဲ့ အကြောင်း ပြောပါလိမ့်မယ်။

နီးလ်က ဆိုသည်။

“ကောင်းပါပြီ။ ဒါပေမဲ့ မင်းတို့ ဆုတွေဘာတွေရလာခဲ့ရင် ဘာ လုပ်မလဲ၊

ကိုယ့်အတွက် ဘယ်လိုစဉ်းစားမလဲ”

“ဆယ်ပေါင်ပေးမယ်လေ”

နီးလ်က ပြောလိုက်သည်။

“ပေါင်နှစ်ဆယ်မှဖြစ်မယ်။ ပထမအရစ်အဖြစ် ဆိုင်ကယ်တစ်စီး ဝယ်ပေးရမယ်။ လန်ဒန်ကို ခဏလောက်သွားလိုက်ချင်သေးသဗျ”

“အင်း၊ အဒေါ်မေရီဆီကိုလည်း ပေါင်တစ်ရာလောက်တော့ ပို့ဦးမှ” ဘယ်လိုလဲ ဂျင်၊ နီးလ်ရဲ့ အဒေါ်မေရီကို ပြန်ပြီးလက်ခံထားလိုက် ပြီလား။ ဒါနဲ့ အဒေါ်မေရီက ချမ်းသာတယ်ဆို။ တုမ အမွေစားကပို့တဲ့ငွေ ကို လက်ခံပါ့မလား”

နီးလ်သည် ပလူရိုင်းကို လှမ်းကြည့်သည်။ မုန်းတီးခြင်းအရိပ် အရောင်ကို မျက်ဝန်း၌တွေ့ ရသည်။ ပလူရှိုင်းခေါင်းတွင် ဒဏ်ရာရခဲ့သည့်

အတွက် သူမ ဝမ်းမြောက်နေလိမ့်မည်ဟု ကျွန်တော်ထင်သည်။ သို့သော် နီးလ်က ရယ်လိုက်သည်။ အူလှိုက်အသည်းလှိုက်ပင် ဖြစ်သည်။

ပြီးမှ “မဟုတ်မဟတ်တွေ လျှောက်မပြောနဲ့နော်”ဆိုလိုက်သည်။ တနင်္လာနေ့တွင် နီးလ် ကာလီဗာသို့သွားသည်။ လည်ဆွဲကို ပြန်လည်ပြုပြင်ဖို့ဖြစ်ပါသည်။

“ထိုင်ပါ မစ္စက်ဒရေတန်”

အသက်ခပ်ကြီးကြီး စုံထောက်အရာရှိကြီးက နီးလ်အား ပြောလိုက် ခြင်းဖြစ်သည်။ အသက်ငယ်ငယ်စုံထောက်သည်လည်း အပြင်သို့ထွက် သွားရာမှ ပြန်ဝင်လာသည်။ သူ၏လက်ထဲ၌ လက်ဖက်ရည်နှစ်ခွက် ပါ လာခဲ့သည်။

ကျွန်တော်ရှိနေရာသို့ နီးလ် ရောက်လာသည်။ နီးလ်ရောက်လာသောအခါ ကျွန်တော်၏ ပင်ကိုအနေအထားမှာ ပျောက်ဆုံးခဲ့ရလေပြီထင်သည်။ ကျွန်တော် ဘယ်သူလဲ၊ ကျွန်တော် ဘာလဲ၊ ကျွန်တော် ဘာလုပ်ရ မှာလဲ။ အရာရာသည် စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးလာသည်။ အရက်မူး ဝေနေသလို ဖြစ်သည်။

နီးလ်က လက်ဖက်ရည်ပန်းကန်ကို အဝေးသို့တွန်းပို့လိုက်သည်။ “အဖြစ်ကတော့ စိတ်မကောင်းစရာပါပဲ၊ အခုကလေးတင်ပဲ မင်းရဲ့ ခင်ပွန်းကို ကျုပ်တို့မေးခဲ့တယ်။ မင်း ကာလီဗာဆိုင်မှာ ပြန်ပြင်ဖို့ပေးထား တဲ့ ပုလဲလည်ဆွဲနဲ့ပတ်သက်လို့ပါပဲ”

အသက်ကြီးကြီး စုံထောက်ကပြောသည်။

“အဲဒါ မတော်တဆပြုတ်သွားတယ်”

ကျွန်တော်က ဝင်ပြောရာ စုံထောက်အရာရှိက လက်ပြတားဆီး လိုက်ပြီး...

“နေပါဦး သားရယ်”သူက နီးလ်ဘက်သို့မျက်နှာမူလိုက်သည်။ “ကိုင်း ပြောပါဦး၊ လည်ဆွဲဟာ မင်းရဲ့ပစ္စည်းပါ။ မင်းအပိုင်ပါဆိုတဲ့ အကြောင်း။ မစ္စတာကာလီဗာရှေ့မှာ မင်းပြောခဲ့သလိုပေါ့။ “ဒါ ကျွန်မ အပိုင်ပါ'ဆိုတဲ့ လေသံမျိုးနဲ့ပေါ့"

သူမအခန်းတွင်း လျှောက်ဝင်လာစဉ်က ကျွန်တော်သည် ကုလားထိုင်မှ

တစ်ဝက်တစ်ပျက် ထလုနီးပါး ဖြစ်နေခဲ့သည်။ သူမ၏မျက်ဝန်း များနှင့် ဆုံတွေ့ဖို့ကြိုးစားခဲ့သည်။ သို့ရာတွင် နီးလ်သည် အခန်းအတွင်း သို့ ခပ်တည်တည်ပင်ဝင်လာခဲ့သည်။ ကျွန်တော့်ကို လှမ်းမကြည့်ခဲ့။ မည်သူ့ကိုမျှလည်း ကြည့်မနေခဲ့။ ကျွန်တော်ကိုယ်တိုင်သည်ပင် သူစိမ်း ပြင်ပြင် ဖြစ်နေခဲ့သည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ထိုင်မိသည့်တိုင်လည်း ကျွန်တော့် ကို လှမ်းမကြည့်ခဲ့ချေ။ သူမသည် တစ်ဖက်သို့ မျက်နှာလွှဲနေသည်။ ယခုလည်း သည်အတိုင်းပင်ဖြစ်သည်။

သူမထံမှ တင်းမာသောလေသံကို ကြားရသည်။ "အဲဒီအတိုင်း အမှန်ပါပဲ"

ကျွန်တော့်ပါးစပ်မှာ အဟောင်းသားပွင့်သွားရသည်ထင်သည်။ "ဒါပေမဲ့ နေပါဦး"စုံထောက်အရာရှိငယ်က ဝင်ပြောသည်။ သူက ကျွန်တော့်ကို စူးစိုက်စွာကြည့်လိုက်ကာ "ဒါထက် ခင်ဗျားရဲ့ ခင်ပွန်းက ပြောတော့ သူ ဒါကို အလက်စတန်နဲ့ ပရိုမင်းနိတ်လမ်းထောင့်က ကောက် ရခဲ့တာပါဆို"

နီးလ်သည် စုံထောက်အရာရှိငယ်ကိုသော်လည်းကောင်း၊ ကျွန် တော့်ကိုသော်လည်းကောင်း လှမ်းကြည့်သည်။ ယခင်က ကျွန်တော့်စိတ် တွင် သူမသည် မိန်းကလေးနှစ်ယောက်ဖြစ်သည်ဟု အထင်ရှိသည်။ တစ် ယောက်နှင့်တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် မိန်းကလေးနှစ် ယောက်။ ယခုအခါတွင်မူ မိန်းမကြီးတစ်ယောက်အသွင်သာ မြင်နေမိ တော့သည်။ တည်ငြိမ် ဣန္ဒြေရသော မိန်းမကြီးတစ်ယောက်။ ဆင်ခြင်တုံ တရားနှင့် ပြည့်ဝသော အသံရှင်မိန်းမကြီးတစ်ယောက်။

"သူ ညာပြောခဲ့တာပါ"

နီးလ်က စုံထောက်အရာရှိအား ပြန်ပြောလိုက်ခြင်းဖြစ်သည်။ "နီးလ်"

ကျွန်တော် လှမ်း၍တားဆီးလိုက်မိသည်။ နီးလ်သည် ကျွန်တော့် တစ်သက်တာ၌ သည်လေသံ ဟန်ပန်မျိုး တစ်ကြိမ်တစ်ခါမျှ မသုံးစွဲစဖူး ဖြစ်ချေသည်။

"အဲဒါ ကျွန်မရဲ့ အပိုင်ပါ" ကျွန်တော့်ဘက်သို့ လှမ်းကြည့်ပြီး "ဒါ ကို သူလည်းအသိသားနဲ့ဥစ္စာ။ မစ္စတာကာလီဇာကိုယ်တိုင်လည်း သိပါ တယ်လေ။ ကျွန်မက သူ့ကို ဒါ ဘယ်လောက်တန်မလဲလို့ မေးခဲ့ဖူးတယ်။ သူ အရင်ကလည်း ပြန်ပြီးပြင်ပေးခဲ့ဖူးပါတယ်။ သူ ဒါကို ကောင်းကောင်း မှတ်မိတာပေါ့။ ကျွန်မတို့မိသားစုထဲမှာ ဒါ ရှိနေခဲ့တာ ကြာပြီပဲ။ အဲဒါကို ပထမဆုံးပိုင်ခဲ့သူက ကျွန်မရဲ့အဒေါ် အဒေါ်မေရီပါပဲ။ ဒါကို သူသိပါ တယ်။ ဒီနောက်မှာ ကျွန်မ ဆက်ပြီးပိုင်ခဲ့တယ်။ ကျွန်မအဒေါ်ဆုံးပြီး နောက်တစ်နှစ်မှာ ယူလာခဲ့တာပါပဲ။ မယုံရင် ကျွန်မဦးလေးကို လှမ်းပြီး မေးကြည့်နိုင်ပါတယ်။ ဒစ်ကင်းတဲ့ သင်းအုပ်ဆရာပါ။ မန်ချက်စတာမှာ နေပါတယ်"

"နီးလ်ရယ်"

ကျွန်တော် ညည်းလိုက်မိပြန်သည်။

"သင်းအုပ်ဆရာဒစ်ကင်းရဲ့ လိပ်စာက ဘယ်လိုပါလဲ" အသက်ခပ်ကြီးကြီးစုံထောက်မေးလိုက်သည်။ "ရှင့်ဘာသာရှာကြည့်ပေါ့၊ ရှင် သိပ်ဉာဏ်များတဲ့ စုံထောက်စုတ် "

နီးလ်သာ တစ်ယောက်တည်းဖြစ်ခဲ့ပါသည်ဆိုလျှင် သူမကို ယခင် က ကျွန်တော်တောင် မမြင်ဖူးခဲ့ပါဟု မှတ်ချက်ချရမလို ရှိနေသည်။ သူမ ၏ လေးထောင့်ကျသောမျက်နှာမှာ နီရဲနေသည်။ လှုပ်ရှားနေသော မျက်ဝန်းများမှာ စားသွားလို ထက်နေသည်ဟု ထင်ရသည်။

"ကောင်းပြီလေ၊ ဒါပေမဲ့ ဘာပဲပြောပြော ဒီလည်ဆွဲကတော့ မစ္စက်ဖဇာရဲ့ ပျောက်သွားတဲ့လည်ဆွဲနဲ့ တစ်ထေရာတည်းတူနေတော့တာပဲ"

စုံထောက်အငယ်က သက်ပြင်းရှိုက်ရင်းဆိုသည်။ ,, "ဘယ်သူတွေဘာပြောပြော၊ အခုဥစ္စာကတော့ ကျွန်မရဲ့လည်ဆွဲ အစစ်အမှန်ပဲ။ အဲ ရှင်တို့ကို ကျွန်မပြောခဲ့သလို ကျွန်မအဒေါ် အဒေါ်မေရီ က ပေးခဲ့တာပဲ။ သူ ဘာမဆို ကျွန်မလိုချင်တာမှန်သမျှ ပေးနေကျပဲ" "ဟုတ်လား၊ တခြားပစ္စည်းတွေကကော" စုံထောက်က အံ့အားသင့်သလို ဆိုသည်။

"ဒါက ကျွန်မကိစ္စပါ"

အသက်ခပ်ကြီးကြီးစုံထောက်သည် နီးလ်ကို ကရုဏာသက်သလို ကြည့်လိုက်သည်။

"ဒီမှာ မစ္စက်ဒရေတန်၊ မင်းမှာ အဒေါ်ဆိုတာ မရှိခဲ့ပါဘူး။ ဘယ်တုန်းကမှ မရှိခဲ့ဘူးမဟုတ်လား။ မင်းရဲ့အဖေနဲ့ အမေဟာ လန်ဒန်မှာနေခဲ့ တယ်။ ကျုပ်ပြောတာ မှန်တယ်နော်"

"သူတို့ ဆုံးခဲ့ပြီ"ကျွန်တော် ဝင်ပြောသည်။ "စစ်အတွင်းတုန်းကပါ ပဲ၊ အဲဒါနဲ့ ဘယ်လိုပတ်သက်ပါသလဲ။ နီးလ် ဒီနောက် ဘာဖြစ်ခဲ့သလဲ" နီးလ်သည် ကျွန်တော့်ကို ပထမဆုံးအကြိမ် သတိပြုမိသလို လှမ်း ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းများနှင့် ကျွန်တော့်မျက်ဝန်းတို့ ပထမ ဆုံးအကြိမ် ဆုံမိခြင်းဖြစ်တော့သည်။

သူမ၏အသွင်သဏ္ဌာန်မှာ သုံးမျိုးသုံးစား ပြောင်းသွားသည်။ ပထမ သူမ၏မျက်နှာအနေအထား၊ ဒုတိယ အသွေးအရောင်၊ တတိယ မှေးမှိန်ဖျော့တော့သွားသော မျက်ဝန်းများ၊ တင်းမာနေသော မျက်နှာထား သည် အတန်လျော့ပါးသွားသည်။ နီရဲသောအသွေးအရောင်မှာ ဖြူဖျော့ လာသည်။ မျက်ဝန်းများသည် သိမ်မွေ့ ညှံ့သက်သွားကြသည်။ ကျွန်တော်တို့ တစ်ဦး၏လျှို့ဝှက်ချက်ကို တစ်ဦးဖော်ထုတ်နိုင် အောင်ကြိုးစားနေကြသကဲ့သို့ ရှိသည်။

သူမက တီးတိုးသံတစ်ဝက် ညည်းညူသံတစ်ဝက်နှင့် ဆိုသည်။ "ရှင်တို့ လူညစ်တွေပဲ၊ ဒီအကြောင်းတွေကို ပလူရှိုင်းက ရှင့်ကို ပြောပြခဲ့တာမဟုတ်လား။ သူ့ကို ကျွန်မပြောပြဖူးတဲ့အတိုင်း ပြန်ပြောပြ ခဲ့တာမဟုတ်လား"

ထို့နောက် သူမ ရုတ်တရက် ထရပ်ကာ အော်ဟစ်ပြောဆိုလိုက်ပါသည်။

"ဒီပစ္စည်းကို မစ္စက်ဖေဗာဆီက ပလူရှိုင်းခိုးခဲ့တာပါ။ ပလူရှိုင်းကို အရေးယူပါ။ ကျွန်မယောက်ျား သက်သေရှိပါတယ်"

သူ အော်ဟစ်ပြောဆိုပြီး ထွက်သွားဖို့ကြိုးစားသည်။ သို့သော် စုံထောက်အရာရှိငယ်က သူမရှေ့မှ ပိတ်၍ရပ်လိုက်လေသည်။

ယခုအခါ ကျွန်တော် ပြတင်းမှန်သန့်စင်ရေးလုပ်ငန်း မလုပ်တော့ ပါ။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့သည်။ နောက်ပိုင်းပြောစရာ အများအပြားကျန်ပါသေးသည်။

နီးလ်သည် ထောင်သုံးလကျသွားခဲ့သည်။

သူမ ရူးသွပ်သွားမတတ် ခံစားခဲ့ရရှာသည်။ သို့သော် ရုံးတော်တွင် မူ သူမမှာ ရူးသွပ်သူတစ်ယောက်နှင့် တူမနေခဲ့ပါ။ သူမသည် ကျွန်တော်၊ ပလူရှိုင်း၊ စုံထောက်အရာရှိများ၊ မစ္စဖေဗာ၊ မစ္စတာကာလီဗာနှင့် လူအား လုံးကိုပင် လူလိမ်များဟု စွပ်စွဲသွားခဲ့သည်။ ကမ္ဘာပေါ်တွင် အရိုးဖြောင့် ဆုံး လူနှစ်ယောက်သာရှိသည်။ ၎င်းတို့မှာလည်း သူမကိုယ်တိုင်နှင့် သူမ ၏အဒေါ် အဒေါ်မေရီသာ ဖြစ်ကြောင်း ပြောခဲ့သည်။

ရုံးတော်သို့ရောက်မှ ကျွန်တော်သိရသည်မှာ သူမသည် သူမ၏ အဒေါ်မေရီဇာတ်ထုပ်ကို ယခင်ကလည်း နှစ်ကြိမ်တိုင် ကပြခဲ့ဖူးခြင်းပင် ဖြစ်သည်။ တစ်ကြိမ်က ဒက်ဖို့တွင်ဖြစ်ပြီး အခြားတစ်ကြိမ်ကမူ အခြားသောတစ်နေရာဖြစ်သော ဘရစ္စတိုတွင်ဖြစ်သည်။

"သူ့အဒေါ် သူ့ဘေးကိုရောက်လာတယ်။ သူ့အရွယ်လောက်ပဲ"ဟု ပလူရှိုင်းက ရုံးတော်မှ သူမ၏ပြစ်မှုအမိန့်ကို ဖတ်ကြားနေစဉ်ကာလ၌ ကျွန်တော့်ကိုလှမ်းပြောသည်။

ကျွန်တော် နီးလ်အား နောက်ဆုံးတွေ့ လိုက်ရသည်မှာ အမျိုးသမီး ထောင်ကြပ်နှစ်ဦးနှင့်အတူ ထောင်ဖူးဝသို့အဝင်မှာဖြစ်သည်။

သူမသည် ကျွန်တော့်ကို စောင့်ငဲ့၍မျှမကြည့်ပါ။ ဤသည်ကို ကျွန်တော် မယုံနိုင်အောင်ဖြစ်နေမိသည်။ ယခုတိုင်အောင်လည်း မယုံ ကြည်နိုင်အောင်ပင် ရှိနေခဲ့ရပါသည်။

သူမအား ကျွန်တော် ပထမဆုံးတွေ့ ခဲ့ရစဉ်ကအကြောင်းကို အမှတ် ရမိသည်။ အိပ်ခန်းပြတင်းပေါက်မှန်မှတစ်ဆင့်ဖြစ်သည်။ သည့်စဉ်က သူမမျက်နှာနှင့် လိုက်ဖက်သည် မလိုက်ဖက်သည် ရွေးချယ်ဝတ်လျက်ရှိသော နားကပ်များမှာ သူမအပိုင်များမဟုတ်နိုင်။ မစ္စမာရီ၏နားကပ်များ သာ ဖြစ်ရပေလိမ့်မည်။

ကျွန်တော့်တွင် ပြောစရာအကြောင်းတစ်ခုသာ ရှိပါတော့သည်။

ဇန်နဝါရီဆယ့်တစ်ရက်နေ့က ကျွန်တော်တို့ ဟုပ္ပလီအသင်းကို အနိုင်ရလိုက်သည်။ သုံးဂိုး ဂိုးမရှိနှင့်ဖြစ်သည်။ ဟုတ်ကဲ့ .. သည့်မျှသာပါပဲ။ ||

မိုးဝေကျာနယ်၊ ၁၉၈၄။

(တစ်)

ပြန်တွေးလျှင် မနေ့တစ်နေ့ကလိုပဲ ရင်မှာပူနွေးဆဲ ရှိပါသေးတယ် နွယ်။

(နှစ်)

ကျွန်တော်သည် အမှတ်သညာကြီးမားတတ်သူတစ်ယောက်ကား မဟုတ်ပါ။

မေ့လွယ်ပျောက်လွယ်သည်မဟုတ်သော်လည်း သိပ်အကျိုး ကျေးဇူးရှိအံ့ မထင်သည့်အရာများကို ခေါင်းထဲတွင် ကြာရှည်သိုဝှက် မထားလိုပါ။ တတ်အားသမျှ ဖျောက်ဖျက်ပစ်တတ်လေ့ရှိသည်။

ဥပမာဆိုပါတော့။ တယ်လီဖုန်းနံပါတ်တစ်ခု။ မကြာခဏ ဆက် သွယ်ရန် မလိုတော့ဘူးဆိုလျှင် မေ့ပစ်လိုက်သည်။ မကြာခဏ ဆက်သွယ်ရန် လိုအပ်သော နံပါတ်ကိုသာ အလွတ်ကျက်မှတ်ထားသည်။ ခေါင်းထဲတွင် ရှုပ်ထွေးနေမှာစိုးသောကြောင့် ဖြစ်ပါသည်။

အလုပ်ကိစ္စ၊ အပေါင်းအသင်း၊ ဆွေရေးမျိုးရေး။ သည်အတိုင်းသာ ဖြစ်သည်။ ပြီးပြီးပျောက်ပျောက် ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ပြန်၍စလိုသောအခါ ရာဇဝင်ကြောင်းကို ပြောပေဦး။

သို့သော်လည်း ဘယ်လိုမှ မေ့ပျောက်၍မရနိုင်သော ကိစ္စများ ခေါင်းထဲမှ အမြဲတေလိုတည်နေသည့်အဖြစ်ကို ဝန်ခံရမည်။ နှစ်ပဋိစ္ဆေဒ ကြာသည့်တိုင် မေ့ပျောက်၍မရနိုင်သောအဖြစ်များ။

ဥပမာအားဖြင့် ငယ်စဉ်က အပြင်းဖျားဖူးသည်။ နာလန်ထစမှာ ငန်းသားစားလိုသည့် ချင်ခြင်းတပ်သည်။ အဘွားဖြစ်သူက မန်ဒါလီတစ် ကောင် ဝယ်ပြီးချက်ကာ တစ်အိုးလုံးအပ်ထားသည်။ ကုန်အောင်စားနိုင် သည်ကား မဟုတ်ပါ။ မကြာမီ ဝအီပြီး အဘွားကို အိုးလိုက်ပြန်အပ်သည်။ နောင်အခါ မန်ဒါလီမြင်တိုင်း ငယ်စဉ်က ရယ်စရာအဖြစ်ကို သတိရသည်။ ဥပမာအားဖြင့် ကျွန်တော်သည် အကောက်ခွန်ရုံးတွင် ခုနစ်နှစ်တိုင် အမှုထမ်းဖူးသူဖြစ်သည်။ အကောက်ခွန်နှင့် စပ်လျဉ်းလာသောအခါ မနေ့ တစ်နေ့ကလို ရင်ခုန်ပူနွေးခဲ့ရခြင်းများ ရှိသည်။

ရုံးမှ နုတ်ထွက်ခဲ့သည်မှာ အနှစ် နှစ်ဆယ်နီးပါးပင် ရှိခဲ့ပါပြီ။ ညအိပ်နေရင်း မနက် ရုံးတက်ရမည်ဟု စိတ်စောနေမိခြင်းမျိုး၊ ရုံးနောက် ကျ၍ မင်နီအတားခံရသည်ကို အိပ်မက်လို ပြန်လည်ခံစားရခြင်းမျိုးကို ယနေ့တိုင် ခံစားနေရဆဲဖြစ်သည်။

နမ္မတူဘော်တွင်းသို့ စာပေဟောပြောပွဲကိစ္စနှင့် ရောက်သွားသော အခါ ပုဂ္ဂိုလ်တစ်ဦးကို တွေ့ ဖူးသည်။ သူသည် နှစ်ပေါင်းများစွာ ဘော် တွင်းရုံးဌာနမှာ အမှုထမ်းရာမှ သက်ပြည့်ပင်စင် ယူထားသည်။ သို့သော် လည်း နံနက်ပိုင်း ဥသြဆွဲသည့်အခါတိုင်း အိပ်ရာမှထသည်။ ကိုယ်လက် သုတ်သင်သည်။

အဝတ်အစားလဲလှယ်ဝတ်ဆင်သည်။ ထို့နောက် ရုံးဌာန သို့ အချိန်မှန်ရောက်သွားသည်။ ရုံးမှလူများ ဝိုင်းဝန်းရယ်မောလေမှ မိမိ အငြိမ်းစားယူပြီးသည့်အဖြစ်ကို သတိရပြီး အိမ်ပြန်လာလေ့ရှိသည်ဟု ဆိုသည်။ တစ်နေ့မဟုတ်ပါ၊ နှစ်နေ့မဟုတ်ပါ။ နေ့ပေါင်း လပေါင်းများစွာ ပင် ဖြစ်သည်။

ကျွန်တော် ရုံး၌ အမှုထမ်းစဉ်က အိန္ဒိယတိုင်းရင်းသားများ ပြည် တော်ပြန်ချိန်နှင့် တိုက်ဆိုင်နေသည်။ မိုဟာမဒီသင်္ဘောရှိရာ ဆိပ်ကမ်းသို့ ဆင်းရဖူးသည်။ လေဆိပ်၌ တာဝန်ထမ်းဆောင်ရဖူးသည်။ ယင်းအခါများ တွင် အိပ်ရာမှ စော၍ထရလေ့ရှိသည်။ အခါတိုင်း ရှစ်နာရီခွဲ အိမ်မှထွက် နေကျဆိုလျှင် ခြောက်နာရီ ခြောက်နာရီခွဲ ထွက်ရလေ့ရှိသည်။ အအိပ် ပုပ်သော၊ သို့မဟုတ် ညပိုင်း ညဉ့်နက်ခံကာ စာရေး စာဖတ်လေ့ရှိသော ကျွန်တော့်အဖို့ အိပ်ရာစောထရခြင်းမှာ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာဖြစ်သည်။

ယခုတိုင် ရံခါ သင်္ဘောဆိပ်ဆင်းရမလိုလို၊ လေဆိပ်သွားရမလိုလို နှင့် အိပ်ရာမှ စောစောထမိသော အကျင့်ကြီးပါနေသည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က ထုံးဖိုမြို့သို့ ရောက်ပါသည်။ စာပေဟောပြောပွဲကိစ္စနှင့်ပင် ဖြစ်သည်။ ထုံးဖိုမြို့ကား ပဲခူးတိုင်းအတွင်းမှာ ရှိသည်။ ရောဝတီကမ်းနဖူးမှာ တည်ရှိသည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ ၏ မွေးဇာတိဖြစ်သည်။

ထုံးဖိုဆိပ်ကမ်းမှ လှမ်းကြည့်သောအခါ ရောဝတီမြစ်ထဲသို့ ကြွက် လျှာစွန်းသဖွယ် ထိုးထွက်နေသော ကျောက်တန်းတစ်သွယ်ကို တွေ့ရသည်။ ‘အကောက်တောင်’ ဟုခေါ်ပါသည်။ ရှေးမြန်မာမင်းများလက်ထက်က သည်နေရာမှနေ၍ ဝင်လာသော လှေသင်္ဘောများကို အခွန်အကောက် များ ကောက်လေ့ရှိသောနေရာ ဖြစ်သည်ဟု သိရသည်။

အကောက်ခွန်နှင့်ပတ်သက်၍ သံယောဇဉ်မကုန်သော ကျွန်တော် က အကောက်တောင်သို့ လိုက်ပို့ပေးရန် မြို့ခံများကို တောင်းပန်သည်။ သို့သော် အစီအစဉ်များ ကျပ်နေသောကြောင့် ပို့မပေးနိုင်ဟုဆိုပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ဆရာဦးရန်အောင်၊ ဆရာတင်မိုး၊ ဆရာအီ ကြာကွေးတို့ ပါသည်။ အားလုံး ကဗျာနှင့် လက်ပွန်းတတီးရင်းနှီးသူ ချည်း။ ဆရာအီကြာကွေးကား ခေတ်ပြို ကျော်ထွန်းအမည်နှင့် ကဗျာရေးခဲ့ သူ။

ထုံးဖိုအထကတွင် မှတ်တမ်းစာအုပ်တစ်အုပ် ထားရှိသည်။ ရန်ကုန် မှ ရောက်လာလေသမျှ စာရေးဆရာများ၏ လက်ရေးနှင့် မှတ်တမ်းများ စုဆောင်းထားသည်။ သည်တွင် ဆရာဦးရန်အောင်၊ ဆရာတင်မိုးနှင့် ကျွန်တော်တို့ ကဗျာများရေးသည်။ ဘာကြောင့်မှန်းမသိ၊ ဆရာအီကြာ ကွေးကား ကဗျာမရေး။ ဆရာဦးရန်အောင်က ‘သောက်ဖျင်း’ဟု အဘိဃာ စကပြုသည်။ ကဗျာအားလုံးကိုကား မမှတ်မိတော့ပါ။

ဆရာတင်မိုးက...

ထုံးဖို

ပြုံးချိုတဲ့မြို့ကလေး .. ဟု စကားနှင့်သည်။ ကျွန်တော်က ယင်းကိုနင်းကာ...

ထုံးဖို

အပြုံးချိုသာပေမယ့် အကောက်တောင်၊ မရောက်ပေါင် တစ်ခါလွဲရတယ်၊ 'သည်း'နာဖို့ကောင်း .. ဟု ရေးခဲ့ပါသည်။ သည်ကဗျာကလေးကိုပင် ဆရာမဒေါ်ခင်ဆွေဦးက သူမ၏ "မက် မစ်ရှင်"(ထင်ပါသည်) ဝတ္ထု၌ ပြန်သုံးသည်။ ဘာကြောင့်မှန်းတော့ မသိ။ ရေးသူ၏အမည်ကို မဖော်ပြခဲ့ပါ။ ဩော်...စိတ် .. စိတ်။

ရံခါ အမှတ်တရရှိသည်တို့ကို မေ့လွယ်လျက်၊ ရံခါ အမှတ်တရ မရှိသင့်တော့ပြီဖြစ်သော အရာတို့ကို သတိရဆဲရှိတတ်သည်။

(သုံး)

"ချက်စ်" မင်းရှုံးပြီ၊ ဘီယာတိုက်ပေတော့ဟု သန်းဌေးအောင်က စစ်တုရင်ဝိုင်းမှ ထခုန်၍ ဆိုလိုက်သည်။

အနက်ကွက်နှစ်ကွက်ပေါ်မှာ ဘုရင်နှင့် ဘုရင်မရှိသည်။ တစ်ကွက် ကျော် မျက်နှာချင်းဆိုင် တည်ရှိနေခြင်းဖြစ်သည်။ မှန်ကူကွက်လို အဖြူ ကွက်မှနေ၍ သူကမြင်းနှင့် ချက်လိုက်ခြင်းဖြစ်သည်။ "ခွချက်"။

ဘုရင် နေရာရွှေ့ရမည်။ "ကာဆယ်ရင်း"ခွင့်ရတော့မဟုတ်။ ပို၍ ဆိုးသည်မှာ "နယ်"တစ်လုံးကိုစားရန် ပြင်ထားသော "ဘုရင်မ"မှာ အကျ ခံလိုက်ရတော့မည်။

ချက်စ်ကစားလျှင် မြင်းကိုအကြောက်ဆုံး ခွချက်ခံရမှာအကြောက် ဆုံး။ သတိထားနေရင်းမှ အစာမက်ကာ အချက်ခံလိုက်ရခြင်းဖြစ်၍ စိတ် မှာ မကျေနပ်လှ။

"ဟေ့ကောင်...ပုညဦး၊ စဉ်းစားမနေနဲ့တော့၊ ကာဆယ် ရင်းခွင့် လည်း မရတော့ဘူး။ ဘုရင်မလည်းကျပြီ။ မင်း ဘယ်လိုမှမနိုင်နိုင်တော့ ဘူး။ လက်ဖြတ်ကြေး လောင်းဦးမလား"

အပါးမှ မြင့်လွင်စောကလည်း ဝင်ပြောသည်။

ချွေးပြန်လာသော မျက်နှာကို လက်ကိုင်ပဝါဖြင့် ဖိသုတ်လိုက်ရသည်။ "ကောင်းပြီလေ၊ ရှုံးဆင်းရင် ဘယ်သွားမလဲ၊ အိုရီယင့်လား ဟိုက်စွမ်လား..." "ကလပ်ပဲသွားပေ့ါ၊ ငါက ဘိလိယက်လည်း ထိုးချင်သေးတယ်" "တို့က ဒိုင်အဖြစ်နဲ့ လိုက်သောက်မယ်" ထိုနေ့က လစာဝက်ကုန်ခဲ့သည့်အဖြစ်ကို မမေ့သေး။

(လေး)

"ဖြေနိုင်ရဲ့လား ဟင်၊ တို့တော့ မထင်ပါဘူး။ အက်ဆေးမှာ ခံလိုက်ရတယ်။ My Native Town ကို Past Tense နဲ့ သွားရေးမိတာ စာမေးပွဲခန်းထဲက ထွက်မှပဲ အဲဒါကို သတိရမိတာ"

ကျစ်ဆံမြီးကျစ်ပြီး အဖျားတွင် အဝါရောင်ဖဲပြားဖြင့် စည်းထားသော ဆံနွယ်သည် ပြည့်တင်းလုံးဝန်းသော တင်သားကလေးပေါ်တွင် ပြေးလွှားနေသည်။

ရှည်သွယ်သော ကိုယ်ဟန်မှာ ရုတ်ချည်းအကြည့်တွင် အရပ်မြင့်မားမည် ထင်ရသော်လည်း ယှဉ်၍ လျှောက်သောအခါ ပခုံး စွန်းမှ ကျော်ရုံကလေးသာရှိသည်။ သို့သော် သူ့အလုံးနှင့် သူ့အရပ် လိုက် ဖက်လှပါသည်။ ပြေပြစ်လှပါသည်။

ပြတင်းပေါက်တွင် ရပ်နေသည်။ ရန်ကုန်မြစ်ကို ဖြတ်ကျော်တိုက်ခတ်လာသောလေတွင် ဆားနံ့သင်းသလိုပင်။

ပင်လယ်ကူးသင်္ဘော၏ မြင့်မားသောကရိန်းတိုင်များနောက်မှာ ဒလဘက်ကမ်းမှ အိမ်ခြေများ၊ စိမ်းစိုစိုတောအုပ်များ၊ ရန်ကုန်မြစ်ရေ သည် ဒီအကျလည်း စိမ်းပြာပြာ။

"ကိုယ်လည်း အင်္ဂလိပ်စာမှာသာ ဖြေနိုင်တာပါ။ အထွေထွေဗဟု သုတမှာတော့ လိမ့်မယ်ထင်တာပဲ"

"ဒီလောက်စာတွေဖတ်ထားသားနဲ့ဟယ်..."

"ကိုယ်ဖတ်တဲ့စာတွေက တစ်မျိုးလေ၊ သိတယ်မဟုတ်လား" "ဘာပဲပြောပြော သူ အောင်မှာပါ၊ သူက တော်တယ်မဟုတ်လား"

"အဲဒီလို အထင်ကြီးတဲ့လူလည်း

ရှိထားဦးမှ"

"တို့ သူ့ကို အမြဲအထင်ကြီးပါတယ်။ ကဲ... သွားမယ်၊ ညနေ ဘတ်စ်ကားမှတ်တိုင်ကို လိုက်မပို့နဲ့တော့နော်။ အိမ်က လာကြိုလိမ့်မယ်" "ကောင်းပါပြီ"

ဆိုက်လာသော ဓာတ်လှေကားအတွင်း ဝင်လိုက်သည်။ မကြာမီ နှစ်ချို့ဟောင်းနွမ်းလှသော ဓာတ်လှေကားကြီး တဂျုံးဂျုံး တဒိုင်းဒိုင်းမြည် ရင်း နိမ့်ဆင်းသွားသည်။

ပခုံးကို ရုတ်တရက် ဆုပ်ကိုင်ခံလိုက်ရ၍ ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားမိသည်။

"မကွယ်မထောက် မှန်ရာကိုလျှောက်တင်စမ်း၊ ဒါ ဘယ်သူလဲ" သန်းဋ္ဌေးအောင်ဖြစ်သည်။

ရယ်ကျဲကျဲမျက်နှာနှင့်...

"ချို့နွယ်ဝင်းတောင် မင်းက မသိဘူးလား""တို့များရုံးကပဲလား"

"ဒါပေါ့"

"သိတဲ့အတိုင်းပဲလေ၊ ကိုယ်က ဝနေစံတောသား။ ရန်ကုန်ပြန် ရောက်တာ ဘာမှမကြာသေးတော့ မသိနိုင်ဘူး။ သူ သိပ်လှတာပဲ၊ မိတ် ဆက်ပေးကွာ၊ ကျေးဇူးမမေ့ပါဘူး"

"ရပါတယ်၊ သည်ညနေ ဘီယာဝိုင်းကို မောင်ရင်တာဝန်ယူပေါ့"

(ငါး)

သည်က သန်းဋ္ဌေးအောင်၊ သည်က ချို့နွယ်ဝင်း စသော ပဋိသန္ဓာရ

စကားများနောက်ဝယ် ရင်းနှီးကျွမ်းဝင်သောအပြုံးများကို မြင်ရသည်။ "တွေ့ ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ပုညဦးရဲ့ အချစ်ဆုံး သူငယ်ချင်းပါ။ ပုညဦးကိုခင်သလို ကျွန်တော့်ကို ခင်နိုင်ပါတယ်" "နွယ်လည်း ဝမ်းသာပါတယ်။ ပြီးတော့ နွယ်က ခင်လည်းခင် တတ်ပါတယ် .."

သည်လိုနှင့် စခဲ့ခြင်းဖြစ်သည်။

စားသောက်ဆိုင်တွေမှာ အအေးဆိုင်တွေမှာ သုံးယောက်သား မျက်နှာချင်းဆိုင်နေသည်ကို အစဉ်တွေ နိုင်ပါသည်။ ရုပ်ရှင်ရုံတစ်ဝိုက်၊ ဆူးလေဘုရားလမ်းတစ်ခိုမှာ ကျွန်တော်တို့ ခြေများခဲ့ကြသည်။

ကျွန်တော်တို့သုံးယောက်ဆိုသည်မှာ ကျွန်တော်၊ သန်းဋ္ဌေးအောင် နှင့် ချိုနွယ်ဝင်း။ သည်မှာ သည်သုံးယောက်အကြောင်း ပြောရဦးမည်။

ပထမ ကျွန်တော်။ ဆယ်တန်းကို ရန်ကုန်နှင့် မိုင်ငါးဆယ်ကျော် ဝေးလံသော မြို့ကလေးတစ်မြို့မှ အောင်လာသည်။ တက္ကသိုလ်တက်လိုသော ဆန္ဒရှိသည်။ သို့သော် အခြေအနေမပေး၊ ကျောထောက်နောက်ခံ မရှိ။

သည်လိုနှင့် ငယ်သူငယ်ချင်းဖြစ်သော သန်းဋ္ဌေးအောင်က "လုပ် မနေနဲ့ အလုပ်တစ်ခုခုဝင်လုပ်၊ သက်ကြီးတက္ကသိုလ်တက်" ဆိုကာ ရုံးမှာ လျှောက်လွှာတင်ပေးသည်။

အင်တာဗျူးဖြေသည့်နေ့က စိတ်ဓာတ်ကျပြီး အိပ်နေရာ သူကိုယ် တိုင် လာနှိုးခေါ်ခဲ့သည်။ ပြောရလျှင်တော့ မိမိ၏ကျေးဇူးရှင်ပင်ဖြစ်သည်။ သူ၏ စောင်မမှုဖြင့် အလုပ်ရသည်။

ရန်ကုန်ကို ရောက်စက သူနှင့်အတူနေကာ သူကျွေးသောထမင်း ကို စားခဲ့ရသည်။

သန်းဋ္ဌေးအောင်၏မိဘက ချမ်းသာသည်။ အလုပ်လုပ်သည်မှာ ဝါသနာပါသောကြောင့် ဖြစ်သည်။ သူက ကျွန်တော့်ထက် အလျင်ရုံးသို့ ရောက်နှင့်နေသူဖြစ်သည်။

ချိုနွယ်ဝင်းသည် ကျွန်တော်နှင့် တစ်ချိန်တည်းလောက်မှာ ရုံးသို့ ရောက်လာသည်။ နယ်မှပင်ဖြစ်သည်။ ဦးလေးတစ်ယောက်အိမ်မှာနေ၍ ရုံးတက်သည်။ ကျွန်တော်ကဲ့သို့ပင် တစ်ဖက်မှ ရုံးတွင်လုပ်ရင်း တစ်ဖက် မှ သက်ကြီးတက္ကသိုလ်တက်ရန် ကြိုးစားနေသည်။

သည်အချိန်မှာ ကျွန်တော် မဂ္ဂဇင်းများတွင် ဝတ္ထုများစရေးသည်။ ကျောင်းစာကိုကား လက်လျှော့ထားလိုက်ပါပြီ။ ရုံးတွင်း ရာထူးစာမေးပွဲ ကို ချိုနွယ်ဝင်း၏တိုက်တွန်းမှုဖြင့် ဝင်၍ဖြေသည်။

ချိုနွယ်ဝင်းသည် အလှဖြင့်ကျော်ဇောမှုရှိသည်။ ရုံးသွား ရုံးပြန်လိုက်သူများရှိသည်။

အစကတော့ ဘတ်စ်ကားမှတ်တိုင်သို့ အကြိုအပို့ကို ချိုနွယ်ဝင်း၏ တောင်းဆိုမှုဖြင့် တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ရုံးမှသည် ဘတ်စ်ကားမှတ်တိုင်အထိ ခြေကျင်လျှောက်လာခဲ့ကြရာ ဘားလမ်းဘက်ခြမ်းမှနေ၍ မဟာဗန္ဓုလပန်းခြံကို ဖြတ်သန်းရမြဲဖြစ်သည်။

မိုးအခါ မိုးရနံ့နှင့်အတူ မိုးရေသောက်ချိုးကာ စိမ်းစိုသောသစ်ပင် များကို မြင်ရမြဲ။ တော၏ မီးလျှံဟု တင်စားသော စိန်ပန်းပင်မှ စိန်ပန်း ပွင့်ရဲရဲများကို တွေ့ရမြဲ။ နွေနှင့် နီးလာသောကာလတွင် ငုဝါပန်းတွေ အဆုပ်လိုက်အခိုင်လိုက် ပင်လုံးကျွတ်အောင်ပွင့်သော အကိုင်းအခက်တို့ အောက်မှ ဖြတ်၍လျှောက်တတ်မြဲ။

ရံခါ မှတ်တိုင်မှာ လူများလျှင် ကျွန်တော်တို့မြက်ခင်းများ၌ ထိုင်နားတတ်ကြသည်။ ခုံတန်းလျားလေးတွေမှာ ထိုင်ရင်း စကားစမြည်ပြော ကြသည်။

သည်လိုနှင့် ရင်းနှီးမှုကို ကျော်လွန်လာခြင်းဖြစ်သည်။

သံယောဇဉ်ကို ဖွင့်လှစ်မိသည်။ ချစ်သူများအဖြစ် ရောက်ရှိလာသည်။

အခက်အခဲဟူ၍ တစ်ခုပဲရှိသည်။ ကျွန်တော်က ပြင်ပလောကကို အာရုံစိုက်ခိုက် ချိုနွယ်ဝင်းက ရုံးတွင် စာမေးပွဲကို ကြိုးစား၍ဖြေစေချင်သည်။ ဖြစ်နိုင်လျှင် သက်ကြီးတက္ကသိုလ် ဆက်တက်စေလိုသည်။

"တူနှစ်ကိုယ် တဲအိုပျက်မှာနေရနေရ ရွှေဘုံပေါ်မှာ စံရ စံရ၊ ချစ် တာပဓာနဆိုတာ သီချင်းထဲမှာပဲကောင်းတာ မောင်။ ချိုနွယ်က ဆင်းရဲ တဲ့အသိုင်းအဝိုင်းကလာတော့ ဆင်းရဲခြင်းရဲ့ ခါးသီးတဲ့အရသာကို သိ တယ်။ ချစ်ပြီး ဗိုက်မှောက်နေရုံနဲ့ မပြီးဘူးဆိုတာ နားလည်တယ်။ ချိုနွယ် တို့ ကိုယ့်ဘဝကို ကိုယ် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးစားကြရ မယ်"ချိုနွယ်ဝင်း ပြောလေ့ရှိသော စကား။

သည်အကြားမှနေ၍ နယ်မှသန်းဌေးအောင်ပြန်ရောက်လာသည်။ ချိုနွယ်ဝင်းနှင့်ဆုံသည်။ ပြဿနာ စလာခြင်းပင်ဖြစ်သည်။

တစ်နေ့မှာ ချိုနွယ်ဝင်းပြောသည်။

"ကိုသန်းဌေးအောင်ကြီး မကောင်းဘူး..."

"ဘာဖြစ်လို့လဲ နွယ်"

"ချိုနွယ့်ကို ရည်းစားစာပေးတယ်"

"ဒီတော့..."

"ဒီတော့ ဘာဖြစ်ရမှာလဲ ချိုနွယ် သူ့ကို ရယ်စရာလုပ်ပစ်ခဲ့တာ ပေါ့" ရင်ထဲမှာ မကောင်းလှ။ ဘာမှတော့ မပြောဖြစ်။

အတွဲအဆက်ကလည်း မပျက်သေး။

လူတွေက မေးလာကြသည်။ ဘယ်သူက ဘယ်သူနှင့်လဲ။ ချိုနွယ်ဝင်းနှင့်ကြိုက်တာ ဘယ်သူလဲ၊ မိမိလား၊ သန်းဌေးအောင်လား။ ပုံခိုင်းကတော့ ခပ်ရိုင်းရိုင်းပင် ဖြစ်သည်။

မြည်းတစ်ကောင်နှင့် သားအဖနှစ်ယောက် ပုံပြင်ဖြစ်သည်။

သားအဖနှစ်ယောက် ဈေးမှ မြည်းတစ်ကောင်ဝယ်လာပြီး မည်သူ မျှမစီးဘဲ

ပြန်လာသောအခါ စီးစရာပါလျက် မစီးဟု လူတို့ အပြစ်ပြော ကြသည်။ သားကိုတင်၍စီးသောအခါ အဖကို မထောက်မညှာ သားက စီးရကောင်းလားဆိုသည်။ အဖကိုတင်၍စီးပြန်သောအခါ စာနာစိတ် မရှိ၊ သားကို ပေးမစီးရကောင်းလား ဆိုပြန်သည်။ သည်လိုနှင့် သားအဖနှစ် ယောက် မြည်းကို တုတ်လျှိုထမ်းကြသည်။ ချောင်းကူးတံတားတစ်ခုသို့ အရောက်တွင် မြည်းက ရုန်းကန်သဖြင့် ရေထဲကျကာ မြည်းကို အဆုံးရှုံး ခံလိုက်ရသည်။

သည်လိုပဲဖြစ်သည်။

ကျွန်တော် ရုံးမှနုတ်ထွက်တော့မည်ဆိုသောစကားကို သန်းဗွေး အောင် ကြားသွားသည်။ ကျွန်တော့်ထံ ပေါက်ချလာသည်။ “မင်း အစက ဘာလို့မပြောတာလဲ”

“ဘာကိုလဲ သန်းဗွေးအောင်"

“မင်းနဲ့ချို့နွယ် ချစ်နေတဲ့အကြောင်းကိုပေါ့”

“ပြောစရာမလိုဘူးထင်လို့ မပြောတာပဲ”

“ခုလို ရုံးကထွက်မယ်ဘာမယ်ဆိုတော့ ဘယ်ကောင်းမလဲ သူငယ်ချင်းရယ်”

“မဆိုင်ပါဘူးကွာ၊ ငါ ရုံးကထွက်မယ်ဆိုတာက ငါ ဝါသနာပါတဲ့ စာပေနယ်ကို ခြေစုံပစ်ဝင်တော့မယ်ဆိုတဲ့သဘောပါ။ ချို့နွယ်နဲ့ မဆိုင်ပါ ဘူး”

“ငါသိပါတယ်ကွာ၊ ငါ ချို့နွယ့်ကို ချစ်ရေးဆိုတယ်၊ သည်အတွက် မင်း နောက်ဆုတ်သွားတယ်။ ငါ့ကို မျက်နှာချင်းမဆိုင်ချင်လို့ မင်း ရုံးက ထွက်မှာမဟုတ်လား။ ငါ့ကျေးဇူး မင်းအပေါ် ရှိတယ်ဆိုပြီး စွန့်လွှတ်အနစ် နာခံတဲ့သဘောပဲ မဟုတ်လား”“မဟုတ်ဘူး သန်းဗွေးအောင်၊ မင်း အထင်တွေမှားနေပြီ”

“မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ မင်း ရုံးကမထွက်ပါနဲ့။ ငါ့ကို နယ်ပြောင်းပေးဖို့ စာတင်ပြီးပါပြီ။ ဖြစ်ချင်းဖြစ်ရင် စွန့်လွှတ်အနစ်နာခံ သူဟာ ငါပဲဖြစ်ရမှာပေါ့။ ငါက ဒုတိယလူလေ။ မင်းတို့ချင်းချစ်နေတာ ကို မသိလို့ ကြားဝင်လာတာပါ။ ပြီးတော့ ချို့နွယ်ဝင်းက ပြတ်သားရင် လည်း အကောင်းသား၊ ခုတော့... ”

“ခုတော့ ဘာဖြစ်သလဲ သန်းဗွေးအောင်”

“သူက ငါ့အချစ်ကိုလည်း လက်ခံလိုက်တယ်လေ”

ရင်ထဲမှာ နင့်သည်။ နားထဲမှာ ခါးသီးသလို ရှိသည်။

သို့ပေမဲ့ ဘာမှတော့မပြောဖြစ်။ ပြောစရာလည်း လိုအံ့ မထင် တော့ပါချေ။ သန်းဗွေးအောင်သည် ရာထူးအရ ရုပ်ရည်အရ၊ မိဘအသိုင်း အဝိုင်းအရ မိန်းကလေးအတော်များများ၏ ညဥ့်လယ်အိပ်မက်လို ကြီးစိုး နိုင်စွမ်းသူပေပဲ။

“မင်း တစ်ခုတော့သိထား ပုညဦး၊ ငါက မိန်းကလေးတစ်ယောက် ရဲ့အချစ်ထက် သူငယ်ချင်းတစ်ယောက်ရဲ့အချစ်ကို ပိုပြီးတန်ဖိုးထား တယ်။ မိန်းကလေးတစ်ယောက်ကို စွန့်လွှတ်နိုင်ပေမယ့် သူငယ်ချင်းတစ် ယောက်ကို

မစွန့်လွှတ်နိုင်ဘူး၊ ဒါပဲ…”

“အဖြစ်ကတော့ သိပ်မဆန်းပါဘူးကွာ၊ ငါတို့ ချက်စ်ထိုးကြသလို ပေါ့။ တစ်ခါတစ်ခါမှာတော့ သတိထားနေရင်းကနေ မြင်းနဲ့ ခွချက်စ် ခံ ရတာမျိုး ရှိတတ်သလိုပဲ။ ချိုနွယ်ဝင်းက ငါတို့သူငယ်ချင်းနှစ်ယောက်ကို ခွချက်စ် ချက်ခဲ့တာပါ။ တို့သူငယ်ချင်းနှစ်ယောက် ခွချက်စ်ခံရတာပါ။ တစ်ကောင်မဟုတ် တစ်ကောင်စားမယ်ဆိုတဲ့သဘောပါပဲ။ ဒါကို နား လည်ကြရင် ပြီးတာပါပဲကွာ”

ထိုနေ့ညက ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် အရက်မူးအောင် သောက်သည်။ ပြီးတော့ “မိန်းမဆိုတာ ဆောင်းလေပမာညီ” စသော သီချင်းများ အော်ဟစ်ဆိုခဲ့မိသည်ကို သတိရသည်။

(ခြောက်)

ဦးသန်းဋ္ဌေးအောင် အသက် (၂၆) နှစ်

ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အမှတ် (…)နေ ဦးထွန်းအောင်၊ ဒေါ်မမ တို့၏ သား၊ အကောက်တော်ရုံး၊ ကာကွယ်ရေးအရာရှိ ဦးသန်းဋ္ဌေးအောင် သည် မောင်တောမြို့၌ တာဝန်ထမ်းရင်း ရုတ်တရက်

မျက်ဝန်းများ ဝေဝါးလာသည်။ ရင်ထဲမှ လှိုက်လှဲလာသည်။ သတင်းစာကို ဆက်၍မဖတ်နိုင်။ လက်ထဲမှာ ကြေမွသွားသည့်တိုင် ကျစ် ကျစ်ပါအောင် ဆုပ်ထားမိသည်။

အချစ်ဆုံးသူငယ်ချင်းတစ်ယောက် မိန်းကလေးတစ်ယောက်၏ အချစ်ထက် သူငယ်ချင်း၏အချစ်ကို ပိုပြီးတန်ဖိုးထားပါသည်ဆိုသူ။ မိန်းကလေးတစ်ယောက်ကို စွန့်လွှတ်နိုင်ပေမဲ့ သူငယ်ချင်းကို မစွန့်လွှတ် နိုင်ပါဆိုသူ။

ယခု အရာအားလုံးကို စွန့်လွှတ်သွားသည်။ ကျောခိုင်းသွားသည်။ အံကို တင်းတင်းကျိတ်မိသည်။ တက်ခေါက်မိသည်။ ထိုနေ့က ကျွန်တော်ငိုလေသည်။

သည်အချိန်တွင် ကျွန်တော် ရုံးမှနုတ်ထွက်ခဲ့ပြီးဖြစ်သည်။ မကြာ မတင်မှာပင် ချိုနွယ်ဝင်းလည်း ရုံးမှထွက်ကာ မြို့သို့ပြန်ပြီး မိဘသဘော တူသည့် စက်သူဋ္ဌေးတစ်ယောက်နှင့် လက်ထပ်လိုက်သည်ဟု ကြားလိုက် ရသည်။

ယခင်ကလို နိစ္စဓူဝ မဟုတ်သော်လည်း ရံခါ ကျွန်တော် ဘားလမ်းဘက်ခြမ်းမှ မဟာဗန္ဓုလပန်းခြံကို သီ၍လျှောက်ဖြစ်သည်။ ငုဝါပန်းတွေ ဝါဝါထိန်အောင်ပွင့်သော ကာလမျိုး၌ ကျွန်တော် ချိုနွယ်ဝင်းကို သတိရသည်။ သန်းဋ္ဌေးအောင်ကို လွမ်းသည်။

ငြော်…စိတ်…စိတ်။…

ကတောက်ကတက်နှင့် ယောက်ယက်ခတ်နိုင်လွန်းစွတကား…၊

အဋ္ဌမအကြိမ်မြောက် အကောက်ခွန်နှစ်လည်မဂ္ဂဇင်း၊ ဒီဇင်ဘာလ ၁၉၈၆။

(တစ်)

ကပြင်တွင် ထိုင်ကာ ပျံ့လွင့်လာသော စကားပြောသံများ၊ ရယ်သံများကိုနားစွင့်နေမိသည်။ ယခုအခါ သူတို့ သီချင်းမဆိုကြတော့ပါ။ သဘောမှာတော့ မကြာ မီ သူတို့ ဝိုင်းသိမ်းကြတော့မည်။ ပေါက်မြောက်သူတို့လည်း ပေါက် မြောက်ကုန်ကြပြီထင်သည်။ အချို့လည်း သဲပြင်ပေါ်တွင် ပိုးလိုးပက်လက် လဲတန်လောက်ပြီ။

သူတို့ နေမဝင်ခင်ကတည်းက သောက်နေခဲ့ကြခြင်းဖြစ်သည်။ ဘာသောက်သလဲ မမေးနှင့်ဆိုသလို ဖြစ်သည်။ သည်ကလူတွေ အသောက် ကလည်း ခပ်ကြမ်းကြမ်း။ ပေါက်မြောက်လာပြီဆိုလျှင် စကားပြောကလည်း ခပ်ရမ်းရမ်း။

သူတို့ကို အိမ်သို့ခေါ်မလာပါစေနှင့်ဟူ၍သာ ဆုတောင်းရတော့သည်။

သူတို့အသိုက်ထဲက ကိုမာဒင်ကြီးမှာ ပိုးစိုးပက်စက် ပြောတတ်လေ့ ရှိသည်။ ပြီး အေးမာနှင့်ဆိုသည်က ငယ်နိုင်။

သူသာပါလာခဲ့လျှင် ဘယ်လောက်များ စလိုက်၊ နောက်လိုက်လေ မည်မသိ။ အေးမာမျက်နှာကို ဘယ်လိုထားရမည်မသိ၊ ကိုမာဒင်ကြီးကို မှီကာ နောက်က တာဘူးတို့၊ ထွေးတင်တို့က နင်းလိုက်လာမည်မှာလည်းသေချာသည်။ သူတို့ကလည်း သည်အကွက် ချောင်းနေကြသည်ပင် မဟုတ်ပါလား။

အေးမာက အမည်နှင့် လိုက်ဖက်စွာ တင်းနိုင်လွန်း၍သာ။

တခြားမကြည့်နှင့်။ ဦးလေးကျော်စိန်၏သားများ ရှင်ပြုတုန်းက ကွမ်းတောင်ကိုင်လာသော အေးမာကို သူတို့ စဖူးသည်။ အေးမာကလည်း သည်နေ့မှာမှ လူလူသူသူဝတ်စားထားဖူးခြင်းဖြစ်သည်။ သူတို့နှစ်ယောက် ဘေးကလိုက်လာပြီး စကြတော့ အေးမာက သိပ်စဉ်းစားနေသည်မဟုတ်။ ကွမ်းတောင်နှင့် ကောက်ပေါက်ကာ ရှင်လောင်းလှည့်ပွဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ဖူးသည်။

သူတို့က ကြေမည်မဟုတ်။ ယခုလို ရေများရေနိုင်၊ မီးများ မီးနိုင် ကာလမျိုး၊ ရင်ထဲမှာ ပါစကတေဇောဓာတ်ကလေးကလည်း ရှိနေသည့် ကာလမျိုးဆိုလျှင် အေးမာ မချောင်။

ရှေ့တူရှုမှာ အပြန့်ကျယ်သော သောင်ပြင်ကြီးသာဖြစ်သည်။ မျက်စိတစ်ဆုံးနှင့် တမျှော်တခေါ်ကြီးဖြစ်သည်။ ရေကဆုတ်နေပြီ။ ရေကျ ရက်လည်း ဖြစ်သည်။ လလည်းမိုက်နေသည်။ ထို့ကြောင့် သောင်ပြင် သည် ခဲပုပ်ရောင်ဖြင့် အပြန့်ကျယ်စွာ တည်ရှိနေသည်။ ဝေးလံသောနေရာ မှ ရေပြင်မှာ သောင်နှင့်ရောကာ ညစ်ပုပ်ပုပ်ဖြစ်နေသည်။

သည်အထက်မှ ကောင်းကင်မှာတော့ မိုးလေကင်းစင်ကာ ပြာလွင်

လှပါသည်။ အပြာရောင် ကတ္တီပါ ကော်ဇော။ ကြယ်ကလေးတွေက လင်းလက်လှသည်။ ကတ္တီပါကော်ဇောပေါ်မှာ ကျဲပြန့်နေသည့် စိန်ပွင့်များ။ ခုနစ်စင်ကြယ် အမြီးထောင်နေလေပြီလား။ ခပ်လှမ်းလှမ်းမှ ကြယ် ပွင့်မှာ မောင်ရင်ဆိုင်းထမ်းဆိုလေသည်လားမသိ။

ငယ်စဉ်က ပိုက်ချရင်း ပိုက်မျှောရင်း ကြယ်များအကြောင်း အဖေ က ပြောပြဖူးသည်။ မိုးကောင်းကင်က ကြယ်များမှာ ရေလုပ်သားတို့ အတွက် အသက်သခင်လည်းဖြစ်သည်။ သူတို့ကိုကြည့်ကာ အိမ်ပြန်လမ်း ရှာတတ်ဖို့ဆိုသည်က အဋ္ဌာရသတစ်ရပ်ပင်ဖြစ်သည်။

သို့ပေမဲ့ အမှတ်သညာနည်းသော အေးမာ မေ့ထားခဲ့မိချေပြီဖြစ်သည်။ ပြောရလျှင်တော့ သည်တစ်ညလို ကောင်းကင်ပြာကြီးကို မော့မကြည့်ဖြစ်ခဲ့သည်မှာလည်း ကြာပြီပဲလေ။ သည်တစ်ညလို အထီးကျန် ဆန်စွာ စောင့်စားရင်း ကြယ်တွေ ရေတွက်နေခဲ့ဖူးသည်လည်း မဟုတ်ခဲ့။ သူတို့ အုန်းတောအစပ်မှာ စတည်းချနေကြခြင်းဖြစ်သည်။ စောစောက တဟုန်းဟုန်းတောက်နေခဲ့သော အုန်းလက်ခြောက်မီးဖိုလည်း ယခုတော့ ငွေ့ငွေ့ သာကျန်တော့သည်။ သူတို့ယူသွားခဲ့သော ပလတ် စတစ် ဂါလန်ဝင်ပုံးထဲက အရက်လည်း အကပ်အသပ်သာ ကျန်တော့မည် ထင်သည်။

သူ သိပ်မသောက်ဖြစ်ပါစေနှင့် ဆုတောင်းရသည်။

အေးမာသည် မည်သည့်အရက်သမားကိုမဆို မုန်းသည်။ အဖေ ကိုယ်တိုင် အရက်သောက်သည်ကိုပင် မုန်းတီးတတ်သော အေးမာ။

ဆံပင်ပွရောင်းကာ၊ မျက်ဝန်းနီရဲကာ၊ ဇက်ကျိုးပြီး အာလေးလျှာ လေးနှင့် အရက်သမားများကို မြင်ရလျှင် လောကတွင် မုန်းစရာအကောင်း ဆုံးဟု အေးမာ ထင်မြဲ။

သို့ပေမဲ့ သည်တစ်ညမှာတော့ ခွင့်လွှတ်ရမှာပါပဲလေ။ သည်တစ်ညမှာပဲပေါ့။

အိမ်ကလေး၏ ထောင့်တစ်နေရာမှာ ရေနံဆီမှန်အိမ် ရှိနေသည် ကို သတိရသည်။ မှန်အိမ်ကို ထွန်းရန် အေးမာအား မထုတ်ခဲ့။ သို့ဖြစ်၍ လည်း တစ်စထက် တစ်စ မှောင်လာသည်နှင့်အမျှ အိမ်ထဲတွင် ဘာကို မျှ မမြင်သာအောင် ရှိလာသည်။

သို့ပေမဲ့ သည်အိမ်ကလေးမှာ မိမိ၏ပိုင်ဆိုင်မှုထဲတွင် ပထမ ဆုံးသော အရာဖြစ်သည်ဟူသော အသိဖြင့် အလွန်အမင်းရင်းနှီးကျွမ်းဝင် သလို ခံစားရသည်။ အိမ်အတွင်းရှိ ပစ္စည်းပစ္စယတို့မှာလည်း မိမိ၏ ရင်ငွေ့နှင့်အပ်၍ ဖန်တီးထားသည့်ပမာ နွေးထွေးလှသည်။ အိမ်ကလေး မှာ သစ်လွင်လှပါသည်။ အသစ်စက်စက်ဖြစ်သည်။ ဘယ်အထိ သစ်သလဲ ဆိုလျှင် ခေါင်မိုးဆီမှ ဓနိနံ့၊ စလူနံ့ပင် မပျောက်သေး။ ဝါးနံ့၊ သစ်နံ့ပင် မပျောက်သေး။

အဖေ၏ မင်္ဂလာလက်ဖွဲ့အိမ်။ စင်စစ် တဲသာသာပင်ဖြစ်သည်။ ဓနိမိုး၊

ဝါးထရံကာ ဖြစ်သည်။

မျောတိုင်ထူကြမ်းခင်းဖြစ်သည်။ သည့်အိမ်ကလေးမှပင် ဘဝတစ်ခု စရချေတော့မည်။

ရံခါတွင်တော့ မိမိမှာ စွန့်လွှတ်အပစ်ပယ်ခံရခြင်းလေလားဟု အေးမာတွေးမိသေးသည်။ အိမ်ကလေးကိုလည်း လောကနှင့် သီးခြား ကင်းလွတ်သောနေရာလေးလား ထင်မှားမိသေးသည်။ သို့သော် မိမိ အထီးတည်းမဟုတ်။ အပါးတွင် သူပါလာဦးမှာပဲဟူသော အတွေးဖြင့် အားတက်လာမိသလိုလည်း ရှိသည်။

အဖေက ပြောခဲ့သည်။

"ဘဝတစ်ခုပါပဲ။ အေးတို့များလည်း ဒီလိုပဲ ဘဝတစ်ခုကို စခဲ့ကြတာပါပဲ"

မှန်ပါသည်။

မနက်ဖြန်ဆိုလျှင် အေးမာသည် အခါတိုင်းက အေးမာ ဟုတ်တော့ မည်မဟုတ်။

အိမ်ခွဲပေးမည်ဟု အဖေ့ပါးစပ်မှ စကားသံကို ကြားရစက ရက်စက်လေသလား ထင်သေးသည်အမှန်။ မိမိကို အထီးကျန်ပစ်ပယ်လိုက်ခြင်း လေလားဟု အားငယ်စိတ်ဖြင့် တွေးမိသေးသည်။

သို့ပေမဲ့ အဖေသည် အေးမာအတွက် အသက်တစ်လျှောက်လုံး ကောင်းခဲ့သည်။ အေးမာ ခြောက်နှစ်အရွယ်လောက်မှာ အမေဆုံးသည်။ သည်ကစ၍ တစ်လျှောက်လုံး အဖေသည် အေးမာကို မိခင်နှယ်လည်း ပြုစုခဲ့သည်။ ဖခင်နှယ်လည်း ပျိုးထောင်ခဲ့သည်။

အဖေ၏ စေတနာကို သံသယဝင်စရာအကြောင်းကား မရှိပါ။ အဖေသည် အေးမာကို တစ်ကြိမ်သာလျှင် ရိုက်ဖူးသည်။ အေးမာ ဆယ့်နှစ်နှစ်အရွယ်လောက်က ဖြစ်မည်။

အေးမာကလည်း အေးမာပါပဲ။

ရွာသည် ပင်လယ်နှင့် ဆက်စပ်နေသလို မြေနုသောင်နှင့် လယ်ကွင်းများနှင့်လည်း ဆက်စပ်မှုရှိသည်။ တစ်ဖက်က ရေလုပ်ငန်းလုပ်သလို တစ်ဖက်တွင်လည်း ကိုင်းလုပ်ငန်း၊ လယ်လုပ်ငန်းများရှိသည်။ ယခုလို ဆောင်းကုန်စရာသီတွင် မြေနုသောင်များမှ ဖရဲကိုင်းများပေါ်သည်။ စင်စစ် ဖရဲသီးဆိုသည်မှာလည်း မက်မောလောက်ဖွယ် အစားအစာမဟုတ်ခဲ့။ သို့စင်လျက် အေးမာသည် ဒေါ်စောတင်တို့ ဖရဲကိုင်းမှ ဖရဲသီးများ ခိုးစားဖူးသည်။ သူငယ်ချင်းတွေနှင့်စုပြီး အပျော်သဘော ခိုးမိခဲ့ကြ ခြင်းဖြစ်သည်။ ဒေါ်စောတင် သိသွားကာ အဖေ့ကိုတိုင်သည်။ အဖေသည် နွားရိုက်ကြိမ်ဖြင့် အေးမာအား အိပ်ရာထဲလဲအောင် နာနာကြည်းကြည်း ရိုက်နှက်ခဲ့ဖူးသည်။

သည်တစ်ကြိမ်ပါပဲ။

နောက်တော့ အေးမာသည် အဖေ၏ လက်ကတုံးတောင်ဝှေး ဖြစ်

လာသည်။ ဆယ့်သုံးနှစ်အရွယ်လောက်မှာ ကျောင်းကထွက်ပြီး အဖေ့ လှေနှင့် လိုက်ခဲ့ရသည်။ ပိုက်ချရာ ပိုက်မျှောရာသို့ သားယောကျ်ားကလေး ပမာ အဖေ့ကိုကူခဲ့ရသည်။

လှေနှင့်မလိုက်ရသည်မှာ ငါးနှစ်သာရှိသေးသည်။ အဖေက အေးမာကို အိမ်တွင်နေစေခဲ့သည်။ သည်ကာလတွင်လည်း အေးမာသည် အိမ်အလုပ်များကို ကျုံးလုပ်ခဲ့ရသည်သာဖြစ်သည်။

အမှန်စင်စစ် အေးမာဆုံးရှုံးခဲ့ခြင်းမဟုတ်ပါ။ အဖေသာ ဆုံးရှုံးရခြင်းဖြစ်သည်။ အစစအရာရာ အားကိုးအားထားပြုရသော သမီးကြီးကို စွန့်လွှတ်လိုက်ရခြင်းဖြစ်သည်။ ပြောရလျှင်တော့ လက်ရုံးတစ်ဖက် ပြုတ် ရခြင်း။

သို့သော် သည်အဖြစ်ကို ဖန်တီးသူက အဖေပဲမဟုတ်လား။ အဖေက သူ့ကို စပြီးလက်ခံခဲ့ခြင်း မဟုတ်လား။

အဖေ ရွေးပေးသော သူ။

အဖေ ရှာပေးသော သူ။

သူ အိမ်မှာ ဆယ့်ခုနှစ်လလုံးလုံး နေလာပေမယ့် အေးမာကတော့ သူနှင့် တစ်မိနစ်ပြည့်အောင်ပင် မျက်နှာချင်းဆိုင်၍ စကားပြောဖူးခဲ့သည် မဟုတ်။

သည်ညမှာမှ မျက်နှာချင်းဆိုင်ရမှာပါပဲ။

သည်ညမှာမှ မှန်အိမ်ကို မထွန်းဖြစ်ခဲ့သည့်အတွက် နောင်တ မရမိပါ။

သည်ညတော့ နေပါစေတော့လေ။ မနက်ဖြန်မှ။

(နှစ်)

နှုတ်ဆက်သံများကို ကြားရသည်။ သူတို့ ခွဲခွာကြတော့မှာလား။ အချိန်ကျရောက်လာပြီလား။ အေးမာ၏ ရင်ထဲမှာ နွေးထွေးတုန်ယင်သွားသည်။ အိမ်တိုင်ကို လက်ဖြင့် ခပ်ဖိဖိ ဆုပ်ကိုင်လိုက်မိသည်။ ထိုအခါ လက်ဖဝါးမှာ ချွေးဖြင့် စေးထန်းနေကြောင်း တွေ့ ရသည်။ သည်အခိုက် တစ်စုံတစ်ယောက်က သီချင်းကောက်ဆိုလိုက်သည်။ ရုတ်တရက် ခွဲခွာဖြစ်ကြဦးမည် မထင်သေး။ သီချင်းဆိုလိုက်သူမှာ ထွေးတင်ပဲ ဖြစ်မည်။ သူ၏အသံဝါဝါကို မှတ်မိနေသည်။ သူက ဂျီအကျချင် သား။ ဘယ်အထိ အရစ်ရှည်နေဦးမည်မသိ။

ပြီး ထွေးတင်က အေးမာကို အလိုရှိနေသူလည်း ဖြစ်သည်။ ယခု တော့ မထင်မှတ်ဘဲ အခြားသူတစ်ဦးက အောင်ဘာလေ မဲပေါက်သွားသည်။ ထိုအတွက် ခံပြင်းပြင်းနှင့် ဂျီတိုက်နိုင်သည်။

ထွေးတင်နှင့် သူတို့ ပဋိပက္ခမဖြစ်နိုင်သည်ကိုတော့ အေးမာ စိတ်ချထားသည်။ သူက အေးဆေးသူပဲ၊ တည်ငြိမ်သူပဲ။ သည်းခံနိုင်စွမ်း ရှိ ပါလိမ့်မည်။

တစ်ရွာတည်းသားဖြစ်၍ ငုံ့ခံနေလိုက်လျှင်လည်း ပြီးသွားမှာပင် ဖြစ်သည်။ ထွေးတင်က စိတ်ရင်းဆိုးလှသည်တော့ မဟုတ်။ တစ်ဖက်က ငြိမ်ခံနေလျှင် ပြီးစတမ်း။ ကိုမာဒင်ပါနေတော့ ဝိုင်းကိုထိန်းနိုင်မှာလည်း အမှန်ပင်ဖြစ်သည်။

စိုးရိမ်စရာတစ်ခုသာရှိသည်။

သိပ်ညဥ့်နက်သွားမှာနှင့် သူ သိပ်အမူးလွန်သွားမှာဖြစ်သည်။ ပထမဆုံးအကြိမ် ရင်းနှီးခွင့်ရမည့် ညအကြောင်းကို သူလည်း သဘောပေါက်မှာပါလေဟု တွေးရသည်။ တွေးမည့်သာ တွေးရသည်။ သည် အတွေးကြောင့် အေးမာ အသက်ရှူမှားသွားသည်။ ပခုံးကို လက်ဖြင့် သိုင်းရစ်ဖက်ရင်း အမှောင်ထဲမှာ အထီးတည်းလည်း ပြုံးမိပြန်သည်။

ငါ ဘာတွေလျှောက်တွေးနေတာလဲ။ မိမိကိုယ်ကိုယ် အပြစ်ဆို သလို ရင်ထဲက ရေရွတ်နေမိပြန်သည်။

ဘာပဲပြောပြောလေ၊ ခုအချိန်အထိကတော့ သူသည် သူစိမ်းသာ ဖြစ်သည်။ အခြား လူတစ်ယောက်သာပဲ ဖြစ်သည်။ ကြည့် ခုချိန်ထိ အေးမာ သူ့အကြောင်းကို ကောင်းကောင်းမသိသေး။ သူ ဘယ်ကလာသည် မသိသေး။ သူ့မိဘဆွေမျိုးအကြောင်းဆိုလျှင် ဝေလာဝေးပါပဲ။

သူ ရွာသို့ ရောက်လာစကလို အစစအရာရာသည် ပဟေဠိဆန်ဆဲ။ ရယ်စရာတော့ အကောင်းလေသား။

သူ့ကို ရွာသို့ အဖေခေါ်လာစဉ်က တစ်နေ့သောအခါ သူနှင့်လက် ထပ်ရလိမ့်မည်ဟု အေးမာ အိပ်မက်ပင်မမြင်မက်စဖူး။

အဖေ မြို့မှပြန်လာတော့ အဖေနှင့်အတူ ကောင်လေးတစ်ယောက် ပါလာသည်။ မြို့မှ ကိုစံဖေက သူ့မိတ်ဆွေတစ်ယောက် ရွာသို့လိုက်လည် ချင်၍ ခေါ်သွားပါဆိုသောကြောင့် ခေါ်လာခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

ရွာက ကလေးတွေ သူ့ကို ပိုးဟပ်ဖြူဟုခေါ်သည်မှာ ဆန်းလှသည် တော့ မဟုတ်ပါ။ တကယ်ပဲ သူသည် ပိုးဟပ်ဖြူ ကလေးလိုဖြစ်သည်။ ဖြူဖြူသေးသေးကလေး ဖြစ်သည်။

အိမ်တွင်းပုန်း မိန်းကလေးတစ်ယောက်လို သူ့အသားမှာ ဖြူနုနေသည်။ သွေးကြောစိမ်းစိမ်းတို့ ပေါ်မတတ် ဖြူသည်မျိုး။ သူ၏ကိုယ်ဟန် မှာ ပါးလျားလှသည်။ ကြွက်သားလို အသားစိုင်ဟူ၍ မရှိတော့ပြီ ထင်ရသည်။ အရွယ်မရောက်သေးသော မိန်းကလေးပေါက်စ တစ်ယောက်လို စင်းဖြောင့်နေသည်။

သူ၏ဆံပင်မှာ လည်ကုပ်ထောက်မတတ်ရှည်သည်။ ဆံပင် အရောင်ကလည်း တစ်မျိုးပါပဲ။ မည်းနက်သည်မဟုတ်ဘဲ ကြေးညိုရောင် လို ညိုဝါဝါ။ လှိုင်းတွန့်ကလေးတွေပင် ပါလိုက်သေးသည်။ နံနက်ခင်း နေရောင်အောက်မှာဆိုလျှင်တော့ အလွန်ကြည့်၍လှသည်။ ပျားရည်တွေစီးမျောနေသလိုဖြစ်သည်။ သည်ဆံပင်မျိုး မိန်းကလေးတစ်ယောက်မှာ သာ ရှိနေခဲ့လျှင် အဘယ်မျှကောင်းလေမလဲ အေးမာတွေးမိသေးသည်။

ရှည်မျောမျောနှင့် မေးရိုးသွယ်လျသော မျက်နှာကလေးရှိသည်။ မျက်လုံးများက ကော်ပတ်ရုပ်မျက်လုံး။ စင်းဖြောင့်သောနှာတံရှိသည်။ ပါးလျားစေ့စပ်သော နှုတ်ခမ်းရှိသည်။ တစ်ပတ်နွမ်း ‘ကင်ဇို’အင်္ကျီနှင့်

ကျပ်ထုပ်နေသော ဂျင်းဘောင်းဘီပြာ ဝတ်ထားသည်။ အင်္ကျီက ပွနေ သဖြင့် ရယ်စရာပင်ကောင်းနေသေးတော့သည်။

သူ့ကို မြင်စမှာပင် ထွေးတင်တို့လို ကာလသားအုပ်စုက အခြောက် ဟု ဝိုင်းဝန်းကင်ပွန်းတပ်လိုက်ကြတော့သည်။

စကားပြောလျှင်လည်း စောင့်နားထောင်ရသည်။ လေသံမျှသာ ဖြစ်သည်။ ရယ်မောသည်ကို တွေ့ ရခဲသည်။ အလွန်ဆုံးပြုံးရုံသာ။

အားမရစရာကောင်းလှသည်။

ရေဆိုလျှင်လည်း ကြောက်လိုက်သည်မှာ လွန်ပါရော။ ပင်လယ် ဆိုလျှင် မြင်သည်နှင့် လန့်နေပုံရသည်။ ရံခါမလွဲသာ၍ ရေထဲဆင်းရလျှင် ဝါးတစ်ရိုက်ထက်ကျော်ပြီးသွားဝံ့သည် မဟုတ်။

ဘာပဲပြောပြော သူနှင့်စာလျှင် အေးမာကမှ သန်မာသေးသည်။ ကြံ့ခိုင်တမ်းသေးသည်။ တောင့်တင်းသေးသည်။

အေးမာတို့က ဆားငန်နံ့ဖြင့် ပြည့်ဝသော ပင်လယ်ကမ်းစပ်မှာ နေလာတာမဟုတ်လား။ အပြိန့်ကျယ်သော သောင်ပြင်ပေါ်မှာ ကျွဲရိုင်းတွေ လို ပြေးလွှားဆော့ကစားလာတာ မဟုတ်လား။ ရေဆိုလျှင်လည်း ငါးများ နှင့် အပြိုင်ရင်ဆိုင်ကူးခတ်လာသူ မဟုတ်လား။ ပြီး အဖေနှင့်အတူ လှေ လိုက်ဖူးသည်။ ပိုက်မျှောဖူးသည်။ ပိုက်ချဖူးသည်။ သည်တော့ လှော်တက် ကိုင်သော အေးမာ၏လက်မောင်းများသည် ယောက်ျားတစ်ယောက်၏ လက်မောင်းလို တုတ်ခိုင်သည်။ သန်မာသည်။

လေစား၊ နေစား၊ ရေစားထားသောကြောင့် အေးမာ၏အသားမှာ ညိုပြီးကြမ်းရှနေသည်။ ကိုယ်ဟန်က ပြည့်တင်းသည်။ သန်မာထွားကျိုင်းသော ယောက်ျားကလေးတစ်ယောက်လိုပါပဲ။

အေးမာက အလှအပတွေဘာတွေကိုလည်း စိတ်ဝင်စားခဲ့သည်မဟုတ်။ အလှူအတန်းနှင့် ပွဲလမ်းသဘင်ရှိပြီဆိုသောအခါကျမှ သနပ်ခါး၊ မိတ်ကပ်လူးမိသူ။ ထို့ကြောင့်လည်း အသားနှင့် သနပ်ခါး၊ မိတ်ကပ် ပုလဲ နံ့ပ မသင့်လှ။ သီးခြားစီ ကွဲနေတတ်သည်။ ဒါကြောင့်ပဲ ထွေးတင်တို့၊ တာတူးတို့ နောက်ချင်၊ စချင်စရာဖြစ်လာသည် ထင်သည်။

သို့ပေမဲ့ အေးမာတွင် အခြားမိန်းကလေးတွေလို ကျဉ်းသောခါး ရှိသည်။ သူ့နေရာနှင့်သူ လိုက်ဖက်သော အမို့အရမ်းများရှိသည်။ ပခုံး က ကျယ်ပြန့်တုတ်ခိုင်ကာ လက်မောင်းအိုးများ ပြည့်တင်းတာကလွဲလျှင် အေးမာတွင် စင်းဖြောင့်သော ပေါင်တံများရှိသည်။ လုံးကျစ်သော တင် နှင့် လှပသော ခြေချောင်း၊ လက်ချောင်းကလေးများ ရှိသည်။

အေးမာတွင် မည်းနက်သန်မာသော ဆံပင်ရှိသည်။ သူ့လိုဖျော့ တော့ ကောက်ကွေးမနေပါဘူး။ စင်းစင်းဖြောင့်ဖြောင့်နှင့် သန်မာပုံမျိုး။ မျက်ခုံးထူထူ။ မျက်တောင်များ ရှည်လျားကော့ရွှန်းသည်လည်း အမှန်။ မျက်ဝန်းနက်နက်ကတော့

မိန်းကလေးများအကြားတွင် ကျော်စောမှုရ လောက်အောင် ရှုန်းပသည်။ အထူးသဖြင့် သည်မျက်ဝန်းများဖြင့် ပခုံး ပေါ်မှကျော်ကာ သမင်လည်ပြန် ကြည့်လာလျှင် အေးမာ အစွမ်းကုန်လှ လာတတ်သည်။

ရောက်စက သူ့ကို သူစိမ်းတစ်ယောက်အနေနှင့် စိတ်ဝင်စားတာ လောက်ကလွဲပြီး ရင်ထဲမှာ ဘယ်လိုလှုပ်ရှားမှုမှ မရှိခဲ့သည်အမှန်။ သူက လည်း အေးမာကို စိတ်ဝင်စားဟန် ပြခဲ့သည်မဟုတ်။

ဘာကြောင့်ရယ်တော့မသိ။

သူ ရွာသို့ရောက်လာပြီးနောက် မြို့ သို့မပြန်တော့ချေ။ သုံးလလောက် အိမ်တွင် သောင်တင်နေသည်။

သူသည် ရွာကိုစိတ်ဝင်စားသူဖြစ်သည်။ ရွာကို ဆိုသည်မှာ ရွာ၏ လူနေမှုစရိုက်ကို ဖြစ်သည်။ လွတ်လပ်သည်။ ပွင့်လင်းသည်။ ကြောင့်ကြ ကင်းသည် စသော ရွာ၏ လူနေမှုစနစ်သည် သူ့အဖို့ အသစ်အဆန်း ဖြစ်နေပုံရသည်။

သူသည် ပင်လယ်ကိုကြောက်သော်လည်း စိတ်ဝင်စားသူကား ဖြစ်လေသည်။ ရေပြင်နှင့် ကောင်းကင်တို့ ထိစပ်နေသော မိုးကုပ်စက်ဝိုင်း၏ ဟိုမှာဘက်တွင် ဘာတွေရှိနေလေမလဲဟု စူးစမ်းသော မျက်လုံး ကလေးများဖြင့် ငေးကြည့်နေတတ်သည်။

ပိုက်မျှောခြင်း၊ ပိုက်ချခြင်းနှင့် စန္ဒားများ၊ ငါးများအကြောင်းကို သိချင်သူဖြစ်သည်။ အဖေ့ထံတွင် မကြာခဏ မေးမြန်းနေသံ ကြားရသည်။ အေးမာတို့ရွာသို့ သည်သို့ ရေမနီး ကမ်းဝေးမှ ဧည့်သည်များ မကြာခဏရောက်လာတတ်သည်လည်း အမှန်။ အချို့ဆိုလျှင် တောင်ပေါ် ဒေသမှ ဖြစ်သည်။ အေးမာတို့အနေဖြင့် နိစ္စဓူဝ မြင်နေကျဖြစ်ပြီး ဘာမျှ အဆန်းတကြယ်မဟုတ်သော ပင်လယ်ကို သူတို့ အံ့ဩကြသည်။ ဆန်း ကြယ်သည်ဟု ထင်တတ်ကြသည်။

ထို့ကြောင့် ရယ်စရာကောင်းသည်ဟု ပြောရခြင်းဖြစ်သည်။ တစ်နေ့မှာတော့ သူနှင့်အဖေတို့ပြောစကားကို အေးမာ သဲ့သဲ့ကြား ခဲ့ရသည်။ ထိုအခါ အံ့ဩရသူမှာ အေးမာ။

“မောင်ရင် ပင်လယ်ကိုလိုက်ချင်တယ်ဆိုရင်တော့ ပထမ ရေကူး တတ်အောင်သင်၊ ဒုတိယ လှေလှော်တတ်အောင်သင်၊ နောက်ပိုင်း ပိုက် မျှော ပိုက်ချတာတွေတော့ ငါသင်ပေးမှာပေါ့ကွာ”

သည်အထိ သူ ပင်လယ်သို့ အပျော်တမ်းလိုက်လိုခြင်းပဲဟု အေးမာ သူ ထင်ခဲ့သည်။ ပင်လယ်နှင့် ထိတွေ့ ရအောင်၊ ပင်လယ်ကို စူးစမ်းရအောင် အဖေနှင့်လိုက်မည် စိတ်ကူးခြင်းပဲတွေးခဲ့သည်။

ရေကူးသင်နေသော သူ့ကိုကြည့်ကာ အေးမာတို့ ရယ်မောခဲ့ရသေးသည်မဟုတ်လား။ စင်စစ် ရေကူးသင်သည်ဆိုရာ၌လည်း ရေမကြောက် သူမှ ရေကူးအတတ်မြန်သည်။ တတ်လွယ်သည်။ သူက ရေအလွန်

ကြောက်သည်။ ရေထဲက ပိုးကောင်မွှားကောင်များကို ကြောက်သည်။ ငါးမန်း၊ ငါးလိပ်နှင့် မိကျောင်းများကို ကြောက်သည်။ သူနှင့် ခင်မင်နေ ကြပြီဖြစ်သော ရွာမှ ကောင်လေးများက သူ့ကို ရေနက်ရာဆီသို့ ဆွဲခေါ် သွားလျှင် သူ၏မျက်နှာမှာ ဆီးရွက်လောက်သာ ရှိရှာတော့သည်။

နံနက်ပိုင်းနှင့် ညနေပိုင်းများ၌ သူသည် သောင်ပြင်တစ်လျှောက်၌ လျှောက်ပြေးနေတတ်မြဲ။ သည်အထိ သူ၏ခန္ဓာကိုယ် တောင့်တင်းမလာ သေးသည်မှာ တစ်မျိုးတော့ ရယ်စရာကောင်းသည်ဟု အေးမာ ထင်သည်။

အိမ်တွင် သူ့အတွက် အိပ်ရာတစ်ခု ပုံမှန်ရှိလာသည်။ ထမင်းဝိုင်းတွင်လည်း အိမ်သားတစ်ယောက်လို ဝင်၍စားလာသည်။

အိမ်မှာက ကလေးအများသား။ အစ်ကိုနှင့် မောင်အချို့ အိမ်ခွဲဆင်း သွားကြသည့်တိုင် အေးမာတို့ မောင်နှမတစ်သိုက်ချည်း ခြောက်ယောက် ရှိသည်။ မိန်းကလေးထဲမှာ အေးမာက အကြီးဆုံး။ ကလေးတွေနှင့် တည့်အောင်ပေါင်းနိုင်သည်မှာတော့ သူ၏အရည်အချင်းပဲဖြစ်မည်။

အေးမာနှင့်ကတော့ မေးထူးခေါ်ပြောပင် မရှိ။ တစ်ယောက်နှင့် တစ်ယောက် မျက်လုံးချင်းဆိုင်ကာ စေ့စေ့ကြည့်ဖူးသည်ပင် မရှိ။ သူကိုယ် တိုင်ကလည်း အေးမာကို သည်အိမ်မှာ ရှိနေသည်ဟု အသိအမှတ်ပြုမထား ပုံမျိုးနှင့် သူစိမ်းဆန်ဆန်ဆက်ဆံမြဲ။

သည်အကြား တစ်နေ့မှာတော့ သူဖျားသည်။ သေကောင်ပေါင်းလဲ ဖျားခြင်းဖြစ်သည်။ ဖျားပြီးနောက် နာလန်ထလာတော့လည်း အားနည်း နေသည်။

သည်မှာ အဖေက သူ့အား ဆိတ်နို့ကျိုတိုက်စေရာမှ အနီးကပ် ဆက်ဆံဖူးခြင်းဖြစ်သည်။

ရွာမှာ ဆိတ်များများစားစား ရှိသည်လည်းမဟုတ်ပါ။ အေးမာတို့ ထံမှာသာ ဆိတ်မသားအမိရှိသည်။ ဒါသည်ပင် ကံအားလျော်စွာဟု ပြော ရလိမ့်မည်ထင်သည်။ ရွာမှာနေသော အိန္ဒိယလူမျိုးတစ်ဦးသည် ဆိတ်တစ် အုပ် မွေးဖူးသည်။ သူအပြီးပြန်တော့မည်ဆိုသောအခါ အချို့ကို ရောင်း ပစ်သည်။ မိသားစုတစ်စုသာကျန်သည်။ အဖေက သူ့အားကူညီသောအား ဖြင့် ဝယ်ထားလိုက်ခြင်းဖြစ်သည်။ အေးမာ၏ ပြုစုမှုအောက်တွင် ထားရှိသည်။

ဆိတ်နို့ကို ညှီသည်ဆိုပြီး ရွာမှလူများ မသောက်ကြချေ။ သူသာ ဘုမသိဘမသိ သောက်ခြင်းဖြစ်သည်။

သူ့ထံ ဆိတ်နို့ပို့သည်ဆိုရာတွင်လည်း ရင်းရင်းနှီးနှီးပုံစံမဟုတ်ပါ။ ကျက်အောင်ကျိုထားသော ဆိတ်နို့ကို ဇလုံတွင်ထည့်ကာ ဖွန်းဖျား တွင် ဆားပုံကာ အိပ်ရာဘေးသို့သွားပို့ပေးခြင်းဖြစ်သည်။

သူ့မျက်နှာကိုလည်း မကြည့်ခဲ့။ စကားတစ်ခွန်းမျှလည်း မပြောခဲ့။

ဤသည်ကိုတော့ သည်ညမှာပင် အေးမာ ကျိန်တွယ်၍ ပြောနိုင်ပါသည်။ သည်နောက်မှာတော့ သူသည် အိမ်သားတစ်ယောက်လို ဖြစ်လာသည်။

အဖေ၏ခြေသည်းလက်သည်းလို ဖြစ်လာသည်။ ပိုက်ထိုးရာ၊ လှေဖာရာမှာလည်း သူပါလာသည်။ ပိုက်ချရာ၊ ပိုက်မျှောရာသို့လည်း သူ လိုက်ပါသွားတတ်သည်။

ဆန်းလှသည်တော့ မဟုတ်ပါ။

အိမ်မှာ သားယောကျ်ားကလေး ကင်းကွာနေသည်မှာ ကြာပြီပဲ။ အစ်ကိုတွေ၊ မောင်တွေ အရွယ်ရောက် မိန်းမရပြီး အိမ်ကခွဲဆင်းကုန် ကတည်းက အဖေသည် တစ်ယောက်တည်း လှုပ်ရှားရုန်းကန်လာခဲ့ရသည်။ အေးမာပင် အဖေနှင့်အတူ သားယောကျ်ားကလေးလို ရုန်းကန်ခဲ့ ရသေးသည်မဟုတ်လား။ ယခုတော့ အဖေ့မှာ သားအစားရသည်နှင့်မခြား ဖြစ်လာသည်။

သူ ရေကူးတတ်ခဲ့ပါပြီ။ လှေလှော်တတ်ခဲ့ပါပြီ။ ရေခပ်၊ ထင်းခွဲသော နေရာမှာလည်း ပါဝင်လာသည်။

အတန်တောင့်တင်းလာသည်ဟုလည်း ပြောရမည်။ ခန္ဓာကိုယ် အစိတ်အပိုင်းများ တောင့်တင်းလာသည်မျိုး မဟုတ်။ စိတ်ဓာတ်တောင့် တင်းလာခြင်းကို ဆိုလိုသည်။ သူ ရေမကြောက်တော့ပါ။ ရေထဲက အကောင်အလှောင်တွေကို မကြောက်တော့ပါ။

သူ၏ဆံပင်သည် အညိုရောင်ဖျော့လာသည်။ နေလောင်ကာ နီကြွန်သောဆံပင်မျိုး ဖြစ်လာသည်။ ပြောင်းဖူးမွေးလို ခပ်ကြမ်းကြမ်း။ လှိုင်းတွန့်ကလေးများလည်း စင်းဖြောင့်ကုန်ကြပြီ။

သူ၏ ဖြူစင်သောအသားမှာလည်း ညိုလာသည်။ ညိုညစ်ညစ် ဖြစ်လာခြင်းဖြစ်သည်။ မြို့ကပါလာသော အဝတ်များလည်း ဆားငန်ရည် ဖြင့် ဆွေးရိကုန်ကြပြီ။ သူသည် လုံချည်တိုတို ဝတ်ကာ အပေါ်ပိုင်းအဝတ် ဗလာဖြင့် နေတတ်လေ့ရှိလာသည်။

ရယ်စရာကောင်းသည်မှာတော့ အသံကျယ်ကျယ်ဖြင့် စကားပြော တတ်လာခြင်း ဖြစ်သည်။

ရောက်စက မြို့နှင့် လူကြုံလျှင် သူ စာအုပ်စာတမ်းကလေးများ မှာလေ့ရှိသည်။ ရံခါ ညဉ့်နက်သည့်တိုင် ဗလာစာအုပ်၌ စာများရေးနေ တတ်လေ့ရှိသည်။ ယခုတော့ စာလည်းမဖတ်ဖြစ်တော့ချေ။ စာရေးနေ သည်ကိုလည်း တွေ့ ရလေ့မရှိတော့ချေ။

သည်လိုနှင့် ဆယ့်ခုနှစ်လအကြာတွင် အဖေ့ထံမှ ထူးခြားသော စကားကို အေးမာ ကြားခဲ့ရသည်။

“သမီးတွေထဲမှာ အေးမာက အကျည်းတန်ဆုံးကွ။ မင်း ငါ့ကို ကျေးဇူးဆပ်ချင်ရင်တော့ ငါ့သမီးကို အသက်ထက်ဆုံး လုပ်ကျွေးပေ တော့” သည်စကားကို နားစွန်နားဖျား ကြားလိုက်ရသော အေးမာ၏ ကိုယ် မှာ တုန်လှုပ်နေသည်။ အဖေ ဘယ်လိုပြောလိုက်တာပါလိမ့် အောက်မေ့ မိသေးသည်။

သို့မဟုတ် ရယ်စရာစကားကို ဆိုလိုက်လေသလား။

အေးမာ သည်စကားကို မသိချင်ယောင်ဆောင်နေခဲ့သည်။

သူ့ကို လည်း အခါတိုင်းကလိုပင် ဣန္ဒြေမပျက် ဆက်ဆံနေခဲ့သည်။ သို့ပေမယ့် ပြောတော့ ပြောရဦးမည်။ သူ့ကို မိမိ၏ကျော်ကြားသောပခုံးအထက်မှ သမင်လည်ပြန်အကြည့်နှင့် တိတ်တခိုးအကဲခတ်သလို ကြည့်မိခဲ့သည် တော့ အမှန်။

ညီမဖြစ်သူ စိုးမာက ပြောသည်။

"အစ်မရေ အစ်မကို အဖေက အစ်ကိုဝင်းနောင်နဲ့ ပေးစားမလို့တဲ့တော်"

"ဟယ် သွားစမ်း၊ ဒီကောင်မလေး မဟုတ်တရုတ်တွေ လာပြောမနေနဲ့"

"ဩော်…ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လားဆိုတာလို ဖြစ်နေပြီ။

ဟိုမှာဖြင့် ခေါင်းအုံးတွေ၊ စောင်တွေတောင် ဝယ်ပြီးနေပြီ"

သည်အခါ ရင်မှာ နွေးထွေးတုန်လှုပ်ရသည်ကို အေးမာဝန်ခံရမည်။

"အိမ်ခွဲပေးမယ်တဲ့။ ကမ်းနားမှာ အိမ်တစ်လုံးဆောက်ပေးမယ်။ လှေတစ်စင်း၊ ပိုက်တစ်ဖုံ လက်ဖွဲ့မယ်တဲ့"

သည်စကားများကိုလည်း အေးမာ မသိကျိုးကျွန်ပင် ပြုနေလိုက်သည်။

ရှောင်ကွင်းစရာအကြောင်းလည်း မမြင်ပါ။ အေးမာမှာ အခြား တွယ်တာစရာလည်းမရှိ။ ရှိစေဦး၊ အဖေ့စကားကို ပယ်ရှား၍လည်း ရနိုင် မည်မထင်။ အဖေကလည်း မကောင်းဘဲနှင့် စီမံမည်မဟုတ်။ အသက် အရွယ်အရကော၊ အတွေ့ အကြုံအရပါ ရင့်ကျက်နေခဲ့ပြီဖြစ်သော အဖေသည် မိမိ၏သမီး ကောင်းစားရေးကိုသာ ရွေးရှုမည်ဖြစ်ကြောင်း သံသယ ဝင်စရာမလိုပါ။

သည်လိုနှင့် သည်တစ်ညသို့ ရောက်လာခြင်းဖြစ်သည်။

လူကြီးအချို့ကို ဖိတ်ကြားကျွေးမွေးကာ အကျဉ်းရုံးလက်ထပ်ပေး ခဲ့သည်။ လူငယ်များအတွက်ကိုမူ သူ့ကိုပဲ လွှဲလိုက်သည်။ ပုဆိုးတန်းတင် ဖြစ်ပြီဟု ပြော၍ရသည်။ သူနှင့် ကြာရှည်သူစိမ်းဆန်နေတော့မည် မဟုတ်ချေ။

မကြာမီ သူရောက်လာမည်။

အေးမာ၏ ရင်ထဲမှာ ထူးဆန်းသောခံစားချက်နှစ်ရပ် အပြိုင်အဆိုင် ဖြစ်ပေါ်နေသည်။

တစ်ခုမှာ ဝမ်းမြောက်သည်လား၊ ဝမ်းနည်းသည်လား မသိရသောခံစားမှု။

အခြားတစ်ခုမှာတော့ ရင်ခုန်နွေးခြင်း။

(သုံး)

သီချင်းသံများကို မကြားရတော့ချေ။အုန်းခြံစပ်မှ မီးဖိုတွင်လည်း မီးခိုးငွေ့ငွေ့ ကိုမျှ မတွေ့ ရတော့ချေ။ ခနိုနံ့၊ စလူနံ့၊ သစ်နံ့၊ ဝါးနံ့ဖြင့် ပျံ့မွှေးနေသော အိမ်ကလေးထဲ တွင် အမှောင်ရိပ်လည်း သိပ်သည်းလာသည်။ သူ၏ခြေသံကို မကြားရ သော်လည်း သူရောက်လာသည်ကို အေးမာမှာ အနံ့အသက်အရ သိနေသည်။ သူ အပါးမှာလာရပ်သည်ကို ခံစားသိဖြင့် အေးမာသိသည်။ ဆန်း တော့လည်း အဆန်းသား။ သူကလည်း မှောင်ထဲမှာ အေးမာရှိနေသည့်နေရာကိုဘယ်လိုများ သိနေခဲ့ပါလိမ့်။

အေးမာသည် မိမိရင်ခုန်သံကို မိမိဘာသာ ပြန်ကြားနေရသည်။ လက်ဖဝါးတွင် ချွေးပို၍ရွဲလာသည်။ ပါးပြင်မှာလည်း မီးကျီးခဲကို တင်ထားသလိုပါပဲလေ။

"ညီမ မအိပ်သေးဘူးနော်"

သူ့ထံမှ အသံကို ကြားရသည်။

မိမိအား တိုက်ရိုက်ပြောလာသည့် ပထမဆုံးစကား။ အေးမာမှာမူ တိတ်ဆိတ်နေသည်။ ဘာပြန်ပြောရလေမည်လည်း မသိ။'အင်း' ဆိုရကောင်းမလား။ 'ဟုတ်ကဲ့'ပြောရလေမလား။

သူ အပါးမှာ ထိုင်ချလိုက်သည်။ နွေးသောအသားချင်း ထိမိသည်။ အေးမာ၏ ကိုယ်မှာ တုန်သွားသည်။ မွေးညင်းကလေးများပင် ထောင်သွားလေသလား မသိ။ ဤသည်ကို သူ ရိပ်မိသွားပြီး အမှောင်ထဲမှာ ခြောက်ကပ်စွာ ရယ်လိုက်သည်။

"မှန်အိမ်မထွန်းဘူးလား" "ဟင့်အင်း .. "

"ဘာလို့လဲ၊ ဘာလို့ အမှောင်ထဲမှာ ထိုင်နေရတာလဲ"

ဘာမှပြန်မပြောဖြစ်။

"မှန်အိမ် ဘယ်နားမှာလဲ၊ အစ်ကိုထွန်းလိုက်မယ်လေ"

"ဟင့်အင်း နေပါစေ"

သည်အခါမှ သူသည် အေးမာရှက်နေမည်ကို နားလည်စွာဖြင့် ခပ်အုပ်အုပ်ရယ်လိုက်ပြန်သည်။

ဘာကြောင့်ရယ်တော့ မသိပါဘူး။ အေးမာ၏မျက်ဝန်းတွင် မျက်ရည်စွတ်စိုလာသည်။ လျင်မြန်စွာဖြင့် မျက်ဝန်းတွင် ပြည့်လျှမ်းကာ ပါး ပြင်သို့ လိမ့်လျှော၍လာသည်။

သူ အေးမာကို ညင်ညင်သာသာပင် သိုင်းဖက်သည်။ အေးမာ ငိုနေသည်ကို သူ သိသွားသည်။ "ဘာလို့ ငိုတာလဲဟင်"

သူ ချောက်ချားသွားသလို မေးသည်။အေးမာလည်း မဖြေတတ်ချေ။ ဘာကြောင့် ရှုးနှမ်းသလို ငိုလိုက် မိကြောင်း မသိချေ။

"အစ်ကို့ကို မချစ်လို့လားဟင်"

"အို...မဟုတ်ပါဘူး"

"ဒါဖြင့် မငိုနဲ့နော်၊ ညီမကို အစ်ကိုချစ်တယ်ဆိုတာ ညီမသိတယ် မဟုတ်လားဟင်"

အေးမာထံမှ အဖြေမရ။

"ညီမကို အစ်ကိုချစ်တယ်၊ အဲဒါကို ယုံထားနော်။ ညီမကကော အစ်ကို့ကို မချစ်ဘူးလားဟင်"

"မသိဘူး"

"ရှက်မနေပါနဲ့။ ညီမ အစ်ကို့ကိုချစ်ပါတယ်၊ ချစ်လို့ပဲ အစ်ကို့ အတွက်

ဆိတ်နို့ကျွေးပေးတာမဟုတ်လားဟင်။ ပြီးတော့ ပခုံးပေါ်က ကျော် ပြီး ခိုးခိုးကြည့်တယ်လေ”

“ကြည့်စမ်း၊ ဒါကို အစ်ကို ဘယ်တုန်းကသိနေသလဲ”

“ကြာပြီပေါ့၊ အစ်ကိုက ညီမကို အလစ်ချောင်းနေတာ” “လည်တယ်”

သူ၏ပွေ့ဖက်ခြင်းမှာ တင်းကျပ်လာသည်။ အနမ်းသည် ပါးနှင့် လည်တိုင်ဆီသို့ ရောက်လာသည်။

ပြီးမှ သူသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ရှိုက်လိုက်သည်။

“အိပ်မက်ပဲ၊ ဟုတ်တယ် တကယ့်ကို အိပ်မက်လိုပါပဲ ညီမရယ်။ အစ်ကို မမျှော်လင့်ခဲ့ဘူး၊ ညီမကို လက်ထပ်ရလိမ့်မယ်ဆိုတာ။ ပင်လယ် ကမ်းနားက ရွာကလေးမှာ အခြေချရမယ်ဆိုတာ။ ဒါပေမဲ့ ယုံနော်၊ ညီမကို အစ်ကို တကယ်ချစ်တယ်။ အသက်ထက်ဆုံး ပေါင်းမယ်”

အဆင့်တစ်ဆင့်ကို ကျော်လွှားနိုင်ခဲ့ပြီဟု အေးမာထင်သည်။ သည်မျှ အလွယ်တကူ ကျော်လွှားနိုင်မည်ဟုမထင်ခဲ့သောအဆင့်။ သူစိမ်းတစ် ယောက်သာ ဖြစ်နေသေးသော သူနှင့် သည်မျှလောက် ရင်းနှီးနိုင်လိမ့်မည် ဟု အေးမာ မမျှော်လင့်ခဲ့။

သူ၏ လိုက်လျောညီထွေပြောတတ်သော စကားများကြောင့်လည်း ဖြစ်မည်။ သို့မဟုတ် သူနှင့် ဆယ့်ခုနှစ်လတိုင် သူစိမ်းဆန်စွာ နေလာသော်လည်း အသည်းနှလုံးများက တိတ်တခိုး ရင်းနှီးနေသောကြောင့် လည်း ဖြစ်နိုင်သည်။

“အစ်ကို ဒီရွာကိုရောက်လာပြီး ညီမကို စတွေ့ကတည်းက ဒီရွာ မှာ အစ်ကို အခြေစိုက်သင့်တယ်ဆိုတာ သိလာတယ်။ စစချင်းတော့ မဟုတ်ဘူးပေါ့လေ။ သောက်ရေတွင်းမှာ ညီမ ရေငင်ရင်း ရေပုံးတွင်းထဲ ကျတုန်းကအဖြစ်ကို မှတ်မိလား”

“ဟင့်အင်း”

“လုံးဝကို မမှတ်မိတော့ဘူးလား”

“လုံးဝပဲ၊ ဘယ်တုန်းကလဲ”

“အစ်ကို ရောက်လာပြီး တစ်လအကြာလောက်မှာ”

“ကြာပြီပဲ၊ ဘယ်မှတ်မိတော့မလဲ”

“အဲဒီမှာ ရေပုံးချိတ်ကို အစ်ကို အိမ်ပြန်ယူပေးရတယ်။ ညီမ ရေပုံး ကို ပြန်ဆယ်နိုင်ခဲ့တယ်။ ညီမဟာ ရေတွင်းထဲမှာ ဆုံးတော့မယ့်ပုံးကို ဆယ်နိုင်သလို အစ်ကို့ဘဝကို ဆယ်တင်နိုင်လိမ့်မယ်လို့ အစ်ကို အဲဒီ ကတည်းက ထင်ခဲ့တာ”

“အစ်ကို့ဘဝက ဘာဖြစ်နေလို့လဲဟင်”

“လမ်းစပျောက်နေတဲ့ဘဝလေ၊ ပန်းတိုင်မဲ့ဘဝ၊ ညီမတို့နဲ့တွေ့ မှ အစ်ကို ဘဝပန်းတိုင်ကို မြင်လာရတာ”

“ဒီလောက်လည်းမဟုတ်ပါဘူးအစ်ကိုရယ်၊ ညီမက အစ်ကို့ အတွက် ပူနေတာ”

"ဘာကိုလဲဟင်"

"ညီမက သိပ်အကျည်းတန်တယ်မဟုတ်လား"

"ဘယ်သူကပြောသလဲ"

"အဖေကိုယ်တိုင်ကပြောတာ ညီမနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ" "ညီမကို ကျီစားပြီးပြောတာပါ။ တကယ်တော့ ညီမက ညီအစ်မ တွေထဲမှာ အလှဆုံး "

"မပိုပါနဲ့ အစ်ကိုရယ်၊ ညီမ မလှပါဘူး" "မပိုပါဘူး၊ အလှဆိုတာ အရေပြားပေါ်မှာတင်ရှိတာမဟုတ်ဘူး။ အသည်းနှလုံးမှာလည်း ရှိတယ်။ ကျန်းမာသန်စွမ်းမှုနဲ့ ရိုးသားမှုတွေ အပေါ်မှာလည်း ရှိတယ်။ အစ်ကိုသဘောကျတာက အဲဒါ"

"အစ်ကို စကားပြောဒီလောက်ကောင်းမှန်း အစက ညီမ မသိဘူး" "ဘယ်သိမလဲ၊ ညီမက အစ်ကို့ကို အမြဲတမ်းရှောင်လွှဲနေတာကိုး" "မိန်းကလေးလေ"

"နားလည်ပါတယ်၊ ဒါကြောင့် ခွင့်လည်းလွှတ်တယ်။ ရင်ထဲက တော့ သိနေသလိုပဲ"

"ဘာကိုလဲ"

"အစ်ကို့ကို ညီမ ချစ်တယ်ဆိုတာ"

"လိပ်လိုပဲ၊ ကိုယ့်ဘက် ကိုယ်ယက်ပြီးပြော"

"ပြောစမ်းပါ"

"ဘာကိုလဲ"

"အစ်ကို့ကိုချစ်တယ်လို့"

"ဟင့်အင်း"

"မချစ်ဘူးပေါ့"

"မသိဘူး၊ သွား"

"ညီမ အစ်ကို့ကို ချစ်ပါတယ်ကွာ"

"သိရင်ပြီးတာပဲ"

"ပါးစပ်ကပြောတာတော့ ကြားချင်တာပေါ့"

"လိုသေးလို့လားအစ်ကိုရယ်၊ ဒီအချိန်ကျမှ"

"ညီမ ချစ်ပါတယ်၊ အစ်ကို့ကို ညီမချစ်တာ သေချာတယ်နော်" သူသည် ကလေးငယ်တစ်ယောက် မုန့်တောင်းသလို တစာစာ ရေရွတ်သည်။ ဖက်ပွေ့ခြင်း တင်းကျပ်ကာ အနမ်းတို့လည်း ကြမ်းတမ်း လာသည်။

"ညီမနဲ့အစ်ကို တခြားသူတွေမဟုတ်တော့ဘူးနော်" "ဒါဖြင့် ဘာလဲ"

"ဇနီးမောင်နှံလေ၊ အဲဒီထက် နုနုပြောရရင် အကြင်လင်မယားပေါ့။ တစ်သက်လုံး မခွဲတမ်း ဒီကမ်းဘေးကလေးမှာပဲနေမယ်။ သားသမီးတွေ အများကြီးမွေးမယ်။ ဒီလိုနဲ့ ကြီးလာရင် အလှဆုံးသမီးအတွက် စိတ်ချရတဲ့ သမက်ကိုရှာမယ်"

"တော်ပါ အစ်ကိုရယ်၊ ညီမ နားရှက်တယ်"

"သြော်...ညီမ"

"ဘာလဲဟင်"

"ညီမကို လက်ထပ်ချင်တဲ့အကြောင်း ညီမအဖေကို ဖွင့်ပြောရတော့မယ်ဆိုတော့ အစ်ကိုဆိုတာ ကြောက်လို့ဒူးတုန်နေတာပဲ"

"ဘာကြောင့်လဲဟင်"

"သူ အစ်ကို့ကို သတ်ပစ်လိမ့်မယ်ထင်ထားတာ၊ ဒါပေမဲ့ တော်ပါသေးရဲ့"

"ဘာတော်သေးတာလဲ"

"သတ်မပစ်ဘဲ ပေးစားလိုက်လို့လေ" နှစ်ဦးသား ပွင့်လင်းလွတ်လပ်စွာပင် ရယ်မောလိုက်မိကြသည်။ ရယ်သံသည် ပင်လယ်ဘက်ဆီသို့ လွင့်ပျံ့သွားသည်။ ဒီရေသည် မြင့်တက်လာလေပြီထင်သည်။ အဝေးမှ လှိုင်းပုတ်သံများကို ကြားရစပြုလာလေသည်။

(လေး)

ကြမ်းကြားမှလေအေးစိမ့်သင်လာသည်။ ဆားငန်နံ့သင်းသော ပင်လယ်လေပင်ဖြစ်သည်။ သို့သော် ဆားငန်နံ့ကို သစ်စိမ်း၊ ဝါးစိမ်းတို့ အနံ့က ဖုံးကွယ်ထားသည်။ သည့်ထက်ပို၍ ခံစားရသည့်အနံ့က ကော်နံ့၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်မှအစ အစစမှာ အသစ်ကျပ်ချွတ်ဖြစ်သည်။ ကော်ဖြင့် မာတင်းနေသည်။ ကော်နံ့ရနေသည်။

အေးမာသည် ကိုယ်ကိုစောင်းလျက် သူ့ရင်ဘတ်ကို ဖက်ထားသည်။ မကြီးမားလှသော်လည်း ကျစ်လျစ်သည့် ရင်ခွင်။ နွေးထွေးပြီးရင်ခုန်သံကလည်း လက်မောင်းသားကို တိုးနေသည်။

သူ့ပါးစပ်မှ အရက်နံ့ကား မပျောက်တတ်သေးချေ။ မူးအောင်သောက်မလာသည့်အတွက် ကျေးဇူးတင်ရသေးသည်။ မိတ်ဆွေများ စိတ်ကျေနပ်လောက်အောင် စတိလောက်သာ သောက်ခဲ့ဟန်တူသည်။ အရက် နံ့သည် ကိုယ်သင်းနံ့နှင့် ရောနေသည်။

အဝေးဆီမှ အုန်းပင်လေတိုးသံ၊ လှိုင်းပုတ်သံများကို ကြားနေရသည်ကလွဲလျှင် ညသည် တိတ်ဆိတ်နေသည်ဟု ထင်ရသည်။ အခြား တစ်ပါးသော အသံဗလံများကို မကြားရသည်ကား အမှန်ပင်ဖြစ်သည်။

သူ၏ဆံပင်သည် အေးမာ၏ပါးပြင်ကို ထိကပ်ကာ ဆံဖုတ်များက စူးစူးကလေး စူးရှနေသည်။ အသက်ရှူလိုက်သောအခါ သူ၏ရင်အုပ်သည် မြင့်မောက်လာသည်။ ထွက်သက်လေ နွေးနွေးသည် အေးမာ၏ ပါးပြင်ကို တိုးဝှေ့သွားတတ်သည်။

အမှောင်ထဲသို့ စူးစိုက်ကြည့်နေသော်လည်း မျက်စိက အလိုလို ကြောင်နေသည်။

စောစောကမူ သူသည် စကားအတော်ပြောခဲ့သည်။ ယခုတော့

ထူးထူးခြားခြား တိတ်ဆိတ်နေသည်။

အေးမာတွင်တော့ စကားပြောစရာ သိပ်မရှိပါ။ သူပြောသလို ကျယ်ပြန့်သော လောကကြီးအကြောင်းကို အေးမာ မပြောတတ်။ သူ ဝါသနာပါသည်ဆိုသော တေးကဗျာများ၊ ဝတ္ထုစာပေများအကြောင်းကို အေးမာ ဘာမျှမသိ။ အေးမာသိသည်မှာတော့ အဖေ့ထံမှ သူ့ကို လက် ဆောင်ရခဲ့ခြင်းသာပဲ ဖြစ်သည်။ အမှန်တွင်လည်း တကယ်တမ်း ရခဲ့သည့် လက်ဆောင်မွန်။ သည်လက်ဆောင်မွန်ကို ရခဲ့သည့်အတွက် အဖေ့ကို ကျေးဇူးတင်သည်။

သည်လိုပဲ. အေးမာ ငယ်စဉ်က အဖေသည် မြို့မှပြန်လာတိုင်း အေးမာအတွက် လက်ဆောင်ကလေးများ ယူလာပေးတတ်မြဲ။ ကော်ပတ်ရုပ်ကလေးများ၊ ပလတ်စတစ်အရုပ်ကလေးများ။ သည်စဉ်ကလည်း အေးမာ ပျော်ပါသည်။ အဖေ့ကို ကျေးဇူးတင်သည်။ သည်တစ်ခါနှင့်တော့ မတူဘူးပေါ့လေ။ ဟိုစဉ်ကတော့ ခဏကစားပြီး ရိုးသွားလျှင် လွှင့်ပစ်ရုံပဲကျန်သည်။ သည်လက်ဆောင်မွန်ကတော့ ဘဝတစ်လျှောက်လုံး တွယ် တာမြတ်နိုးရမည့်အရာ။

"ညီမ အိပ်မပျော်ဘူးလားဟင်"

"ဟုတ်တယ်၊ မျက်စိတွေ ကြောင်နေတယ်"

"အစ်ကိုလည်း အိပ်လို့မရဘူး"

"အစ်ကို ကြိုးစားအိပ်လေ၊ မနက်လည်း အဖေ့လှေနဲ့ လိုက်ရဦးမှာ မဟုတ်လား"

"အစ်ကို မအိပ်ချင်ဘူး၊ ညီမ မအိပ်ချင်ရင် စကားတွေပြောရ အောင်"

"အစ်ကို အများကြီးပြောခဲ့ပြီပဲ"

"ဒါပေမဲ့ ပြောစရာတွေ ကျန်သေးတယ်ကွ၊ အစ်ကိုမေးမယ်။ အစ်ကို့အကြောင်း ညီမ ဘာသိသလဲ"

အေးမာ မဖြေဖြစ်။

"ဘာမှမသိဘူးမဟုတ်လား၊ သိအောင်လည်း မကြိုးစားချင်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ အစ်ကို့အကြောင်းတွေ ညီမကိုယ်စား အဖေသိထား ရင် ပြီးတာပဲလေ"

"ညီမတို့သားအဖ သိပ်ချစ်ကြတာပဲနော်""ဒါပေမဲ့ အဖေလေ ညီမကို တစ်ခါက အိပ်ရာထဲလဲအောင် ကျွဲရိုက် နွားရိုက် ရိုက်ဖူးတယ်"

"ဟုတ်လား၊ ဘာကြောင့်လဲ"

"သူများကိုင်းထဲက ဖရဲသီးကို ခိုးစားလို့"

သူ ရယ်မောလိုက်သည်။

"ဒီအပြစ်ကလေးကြောင့်နဲ့များကွယ်"

"ဒါပေမဲ့ ဒီအပြစ်အတွက် ညီမ တစ်သက်လုံးခံစားသွားရမှာပဲ။ ဘယ်တော့မှ မေ့ပျောက်နိုင်တော့မှာမဟုတ်ဘူး"

“မေ့ထားလိုက်စမ်းပါ၊ အသေးအဖွဲ့ကလေးပါ။ အစ်ကိုလည်း ခိုးဖူးတယ်”

“အင်း...ဆိုစမ်းပါဦး”

“တခြားသူရဲ့ ပစ္စည်းတော့ မဟုတ်ပါဘူး။ အဒေါ်ပစ္စည်းတွေ။ ညီမ လို အသေးအဖွဲ့လည်း မဟုတ်ဘူး။ နာရီ၊ ရေဒီယို၊ ကက်ဆက်ကနေ စိန်လက်ကောက်အထိ"

“တော်ပါတော့ အစ်ကိုရယ်၊ မပြောပါနဲ့တော့ ”

“ညီမ အစ်ကို့အကြောင်း မသိချင်ဘူးလားဟင်”

“သိတော့သိချင်တာပေါ့၊ ဒါပေမဲ့ အခုလို အဆိုးတွေအကြောင်းမဟုတ်ဘူး။ ကြားခြင်းကြားရရင် ကောင်းတာပဲ ကြားချင်တာ” “အစ်ကိုက သိပ်လူကောင်းမဟုတ်ဘူး။ အဲ... ညီမတို့ရွာကို မရောက်မီအထိပေါ့လေ။ ဒီနေ့ညမတိုင်မီအထိလို့လည်း ပြောလို့ရပါ တယ်။ အစ်ကိုတို့မှာ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ ငယ်စဉ်ကတည်းက မိဘတွေဆုံးသွားလို့ အဒေါ်ကခေါ်ပြီး ပြုစုစောင့်ရှောက်ထားတယ်။ အဒေါ် က ကောင်းပါတယ်။ ကျောင်းထားပေးတယ်၊ အဝတ်အစားကအစ အစစ လိုလေသေးမရှိဘူး။ ကိုကိုက လိမ္မာတယ်၊ ပညာတတ်ဖြစ်သွားတယ်။ ခုလည်း ရာထူးရာခံနဲ့ တည်တည်တံ့တံ့ပါပဲ။ ဆိုးတာက အစ်ကို။ အပေါင်းအသင်းစုံတယ်၊ အပျော်စုံတယ်။ မဟုတ်တဲ့ဘက်မှာ သွားထူးချွန် ပြီး မဟုတ်တာမှန်သမျှ လုပ်ခဲ့ဖူးတယ်။ ဒီအခါ ငွေလိုလာတယ်။ လိုတဲ့ ငွေကို ခိုးယူပြီးဖြည့်ခဲ့တာပဲ။ အရက်၊ မူးယစ်ဆေး၊ လောင်းကစား။ အစ်ကို နဲ့ အကျွမ်းမဝင်တာ ဘာမှမရှိဘူး။ နောက်တော့ အဒေါ်ကိုယ်တိုင်က မကြည်ဖြူတော့ဘူး၊ အိမ်ကနှင်ချတယ်။ အစ်ကို့အတွက် ဘဝရပ်တည်ဖို့ ခက်ခဲလာပြီး ဒုက္ခအမျိုးမျိုးရောက်ခဲ့တယ်။ ထမင်းနပ်မမှန်တာတောင် ရှိပြီး ဒီကိုရောက်လာတယ်။ ဒီမှာ ညီမနဲ့တွေ့ ရတာပဲ”

“တော်ပြီ အစ်ကိုရယ်၊ ဒီလောက်သိရင် ညီမအဖို့ လုံလောက်ပါပြီ။ အစ်ကို အခု ပြုပြင်လိုက်ပြီမဟုတ်လား။ ညီမတို့ဆီကို ရောက်လာပြီး ကတည်းက အဆိုးတွေမရှိတော့ဘူးမဟုတ်လား”

အေးမာ သူ့ခေါင်းကို ရင်ဆီသို့ဆွဲယူထွေးပိုက်ထားရင်းက တောင်းပန်လိုက်သည်။ သူ ခဏတော့ငြိမ်နေသည်။ ပြီးမှ “ညီမ”

“အစ်ကို”

“လူတစ်ယောက်ဟာ ရည်မှန်းချက် ကြီးကြီးမားမားမရှိတော့ဘူး။ ရှိတဲ့တိုင်လည်း ကိုယ့်ဘက်က ဘယ်လိုမှ မစွမ်းဆောင်နိုင်တော့ဘူးဆိုတဲ့ အခါမှာ ဘာအရေးကြီးဆုံးလဲ သိလား”

“ညီမ ဉာဏ်မမီဘူး၊ မသိဘူး”

“သင့်လျော်တဲ့စားဝတ်နေရေးနဲ့ ဘဝအာမခံချက်တစ်ခုခုအပေါ်မှာ ဖောက်ချလိုက်ဖို့ပဲ ကျန်တော့တာပေါ့။ ဒါဟာလည်း လူ့ဘဝပေါ့။ အစ်ကို အဲဒီလို နားလည်လာတယ်”

“တော်ပြီ အစ်ကိုရယ်၊ ညီမက ဘာမှသိပ်သိတာမဟုတ်ဘူး။ အစ်ကို့စကားတွေကိုလည်း နားမလည်ဘူး။ ညီမကတော့ အစ်ကိုနဲ့ အသက်ထက်ဆုံး အေးအတူပူအမျှ နေသွားဖို့ပဲ နားလည်တယ်”

“ညီမဟာ ကမ္ဘာပေါ်မှာ မိန်းမအဆန်ဆုံးမိန်းမတစ်ယောက်ပဲ။ ညီမကို အစ်ကို လေးစားပါတယ်။ ဒီညဟာ အစ်ကို့ရဲ့အဆိုးဘဝကို ခဝါချတဲ့ ညပဲ။ မနက်ဖြန်ဆို အစ်ကို့ကို စိတ်သစ်လူသစ် ဘဝသစ်မှာ ညီမနဲ့အတူ တွေ့ကြရမှာပဲ”

“ညီမ တောင့်တမိတာလည်း ဒါပါပဲအစ်ကို၊ ညီမ အဖြစ်ချင်ဆုံး အခြေအနေဟာ ဒါပါပဲ”

နိုးလာတော့ အရုဏ်ကျင်းခဲ့ပါပြီ။ အရှေ့ဘက်ကောင်းကင်ဆီမှ အလင်းရောင်များ ဝင်လာသည်ကို ထရံကြိုထရံကြားမှ မြင်ရသည်။ ကဲလားတံခါးကို ဖွင့်လိုက်သည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူ့ကို အလင်းရောင်ဖြင့် တွေ့လိုက်ရသည်။

အေးမာသည် သူ၏မျက်နှာကို နှစ်သက်မြတ်နိုးစွာ စူးစိုက်ကြည့်မိသည်။ ညက သူပြောခဲ့သောစကားအလုံးစုံကို မမှတ်မိတော့ပါ။ သို့သော် ခြုံ၍နားလည်ရမည်ဆိုလျှင်တော့ သူ အေးမာတို့၏ ပင်လယ်ကမ်းမှာပင် အသက်ထက်ဆုံး နေသွားမည်။ အေးမာကို အသက်ထက်ဆုံး ချစ်မြတ်နိုးသွားမည်။ သည်သို့သာ နားလည်ရသည်။

သူ၏ ဝန်ခံကတိစကားသည် ပြတ်သားကြည်လင်သည်။ သူ၏ မျက်နှာကို မမြင်သာသည့်တိုင် သူ၏အသံအရ မျက်နှာထားသည်လည်း ပြတ်သားကြည်လင်နေမည်ထင်သည်။

အိမ်ဘေးဆီမှ ခြေသံအချို့ကြားရသည်။ ပင်လယ်သို့ထွက်ရန် သောင်ကိုဖြတ်၍ လှေဆီသို့ဆင်းသွားသောအသံများပင် ဖြစ်မည်။ မကြာမီ သူ့ကို နှိုးရပေလိမ့်မည်။

သူနိုးလာပြီး အေးမာကို နမ်းရှုပ်နှုတ်ဆက်ကာ လှေဆီသို့ သွားပေလိမ့်မည်။

ထိုအခါ ထွန်းသစ်စ အရုဏ်အောက်တွင် သူသည် နေလုလင် ကဲ့သို့ အသွင်တင့်တယ်နေလေမလား အေးမာတွင် အတွေးရောက်မိသည်။ ။

(လက်ခုပ်ကုန်းမှ မိတ်ဆွေများသို့)

ပြီး။

https://t.me/TheBookR